လမကုင်ကျူးရင့်

တစ်ဆင့်ချင်းချစ်တယ်



ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ — ဒေါ်ဝါဝါထွေး(မြ-၀၂၁၇၄)
ပတ္တမြားသိုက်စာပေ
အမှတ်(၈၆)၊ ဥက္ကာ(၃)လမ်း၊ (၈)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်း ပုံနှိပ် — ဦးကျင်ရင်(မြ-၀၀၃၂၇)
ရွှေခြသေ့ပုံနှိပ်တိုက်
အမှတ်(၁၇၉)၊ ၃၁ လမ်း၊ (၁၁)ရပ်ကွက်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း — ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ။

အုပ်ရေ — ၅၀၀အုပ်

တန်ဖိုး — ၃၀၀၀ကျပ်

ဖြန့်ချိရေး — မိုးသောက်စာပေ
အမှတ်(၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၅၁၆၃၇၆၄၊ ၀၉၅၀၀၉၉၀၄၄

ထုတ်ဝေသည့်စာ ကတ်တလောက်အညွှန်း(CTP)

တစ်ဆင့်ချင်းချစ်တယ် / လရောင်ကျူးရင့်- ရန်ကုန်
ပတ္တမြားသိုက်စာပေ
စာမျက်နှာ၊ ၁၃၂စင်တီ× ၂၀.၅
(၁) တစ်ဆင့်ချင်းချစ်တယ်



အခန်း(၁)

"သိုက်ရယ်..အစတုန်းကတော့ သူဌေးနဲ့လက်ထပ်ရတော့မယ်ဆိုပြီး ခင်ဗျမ်းသာအားရကြီး.."

"ခုမှသူ့အကြောင်းတွေ သိလာရတာလေ..ဒါတောင်စေ့စပ်ပွဲပဲရှိသေး ဘူး.."

"အေးလေ..စေ့စပ်ပွဲမို့လို့လည်း တိုတိုထွာထွာကအစ အပိုကုန်မခံ ချင်လို့ဖြစ်မှာပေါ့.."

"ဟဲ့..ယောကျ်ားကြီးတစ်ယောက်ဖြစ်ပြီး ဒီလောက်အမြင်ကျဉ်းရသ လား သူလိုချင်နေတဲ့မိန်းမက ရုပ်ရှင်မင်းသမီးဆိုတာ သူမေ့နေသလား.."

"တိုးတိုးပြောပါဟယ်..သူ့အမေတွေကြားသွားဦးမယ်.."

အပြင်မှာလူကြီးတွေက စေ့စပ်ပွဲအတွက် စီစဉ်နေကြသည်။ သိုက် ဆန်းလိုမှ သည်းမခံနိုင်သည့်စကားတွေမို့ ပြန်လည်းမပြောသာသည့်အ ဖြစ်ကနေ အိမ်ထဲဝင်လာခဲ့ရတာဖြစ်၏။

သူ့မှာမိဘရှိနေသေးသည်။ ကိုယ့်မှာမိဘမရှိ။ သူကကိုယ့်ထက်အ ရွယ်ကြီးချမ်းသာသည်။ ကိုယ့်မှာရှိတာက အောင်မြင်မှုတစ်ခုသာ။ တ ကယ်ဆို ဒီလိုမိန်းကလေးတစ်ယောက်အပေါ်မှာ သူပိုပြီးနားလည်ပေးသင့်

တာ မဟုတ်ဘူး..ငါ့ကို စေ့စပ်ပွဲကို အကျဉ်းချုံးမည်ဆိုတာက စဉ်းစားသည်။ ဒီအတိုင်းဆိုရင်တော့ ကိုယ်တိုင်မလာဘဲ မန်နေဂျာကိုလွှတ်၏။ ဆိုလိုသည်ကား ဖီလင်ဒေါင်းခဲ့ရတာဖြစ်သည်။

နင်ပဲစဉ်းစားကြည့်ဦး...ငါခုထိ ရှောပင်မထွက်ရသေးဘူး၊ စေ့စပ်ပွဲရက်ကို ထပ်ကပ်နေတယ်..ဘယ်နေ့ရှော့ပင်ထွက်မလဲမမေးဘဲနဲ့ သူတို့ချည်းပဲ သေချာနေတယ်.."

"ရှော့ပင်ထွက်ဖို့ကို သူစီစဉ်ပေးခဲ့တာပဲ..မသွားခဲ့တာက နင်ပဲလေ.."

"ရှိစီ..နင်ငါပြောသမျှ ဘာဖြစ်လို့အကန်တွေချည်း ပြန်လွှတ်နေတာလဲ.."

"နင်ဒေါပွနေတာကို သနားလို့ပါသိုက်ရယ်.."

"ငါမှမကျေနပ်တာ.."

"ဩော်..တိုးတိုးပြောပါဆိုမှ တော်ကြာ တစ်ခါတည်းလက်ထပ်ပွဲမလုပ်ရလို့ ဖောင်းပွနှုန်းမြင့်နေတယ်ထင်တော့မှာပဲ.."

ဒါကိုလည်း ရှိစီပြောမှသတိရ၏။ လူကြီးချင်းဆုံမိကြပြီး တစ်ခါတည်းလက်ထပ်ပေးဖို့ စီစဉ်ခဲ့ကြသည်။ သူမကလည်း ခေါင်းညိတ်ခဲ့သည်။ ဒါပေမယ့် စေ့စပ်ထားရုံပဲလုပ်ဖို့ အရေးဆိုခဲ့တာ ဒီလူ.. ။

"တောက်.."

ဒေါသက တရစ်ရစ်တက်လာသည်။ ထို့ကြောင့် တက်ခေါက်မိရင်း...

"လူကဖြင့် ခွေးပစ်တဲ့တုတ်လောက်နဲ့ မပြောလိုက်ချင်ဘူး.."

"နင်မြင်ဖူးသွားပြီလား.."

"ဟင့်အင်း.."

ရှိစီပြုံးစိစိဖြစ်သွားတော့ သိုက်ကမျက်စောင်းထိုးသည်။

"အန်တီလေးနဲ့မှ အရပ်တူလို့ပြောနေတာ နင်မကြားဘူးလား.."

မကျိန်နှားလုပ်ကောက်မေးလိုက်တုန်းက အန်တီလေးပြောတာ အားတက်ဖွယ်ပါ.. ။

"အရပ်ကတော့ ငါ့လောက်ပဲ..ယောကျ်ားအားဖြင့် နည်းနည်းလေးမရှည်ပေမယ့် ငါ့လောက်ဆို မဆိုးပါဘူးသိုက်ရယ်.."တဲ့.. ။

လူကြီးတွေအတွက် အရပ်အနိမ့်အမြင့်တွေက အဓိကမကျပေမယ့် သူမကိုယ်တိုင်က ငါးပေခြောက်ရှိနေသည်။ တွဲလျှောက်လို့မှ အမြင့်မ

တော်နိုင်သည့်လူကို ဘာကြောင့်ခေါ်ချင်ရတာလဲ..၊ ကိုယ်လိုသမျှဖြည့်ဆည်းပေးနိုင်သည့် သူဌေးကြီးဆိုသည့်ဂုဏ်ရှိနိုင်ကြောင့် မဟုတ်ဘူးလား...။ ဒီးတော့ ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီအသစ် ထူထောင်ထားတဲ့သူ။ ပြီးတော့ လူကြီးချင်းကမိတ်ဆွေတွေဖြစ်နေတာမို့ မိဘသဘောတူ လက်ထပ်ပေးသည့်ကိစ္စမှာ ကိုယ်လိုချင်တဲ့အောင်မြင်မှုတွေကို ခဏဘေးချိတ်ပြီး ခေါင်းညိတ်ခဲ့တာ.. ။

ဒါတွေကို သင်းနားမလည်ဘူးလား... ။

"သိုက်ရေ..ဟဲ့ ခဏထွက်ဦးလေ.."

သူငယ်ချင်းနဲ့ပေါက်ကွဲညည်းညူနေတုန်း ဒေါတင်တင်လတ်အခန်းဆင်ဝင်လာသည်။ သူမကသိုက်ရဲ့တစ်ဦးတည်းသော သွေးသားရင်းအဒေါ်ဖြစ်ကာ ဒီအဒေါ်က မိဘအုပ်ထိန်းသူလည်းဖြစ်သလို သူငယ်ချင်းလိုလည်း ရင်းနှီးနေကာ.. ။

"ဘာလို့ထွက်ရမှာလဲအန်တီလေးရယ်..သူတို့ဘာသာ သူတို့တွက်ခွက် တိုင်းထွာနေတာ သူတို့ကိစ္စသူတို့လုပ်ပေ့စေ.."

"ဒီလိုဘယ်ဟုတ်မလဲအေ..သူတို့ဘာသာတွက်ချက်တာက သူတို့ပဲအကုန်အကျခံမှာလေ၊ စေ့စပ်မှာက ညည်းကို.."

"မစေ့စပ်ချင်တော့ဘူး.."

"အောင်မယ်လေး...တိုးတိုးပြောစမ်းပါအေ၊ လူကြီးမိဘစီစဉ်ပေးနေတာကို ကလေးကစားတယ်များ မှတ်နေသလား.."

တိုးတိုးပြောပါဆိုပြီး သိုက်ရဲ့ဘေးမှာ သူမပဲဝင်ထိုင်လိုက်၍ အပြင်ကိုလည်း လှမ်းမျှော်ကြည့်သေးသည်။ ပြီးမှ.. ။

"အေးတို့က တော်ရုံချမ်းသာတယ်မှတ်လို့လား.."

"သူ့သားချမ်းသာတာပါ.."

"ဘာပဲဖြစ်ဖြစ် မိဘအုပ်ထိန်းမှုအောက်မှာရှိနေသေးတာ မိဘရဲ့ပိုင်ဆိုင်မှုပဲ.."

"ဟုတ်သားပဲသိုက်ရယ်..နင်ကလည်း၊ ကဲပါ..နောက်မှကိုယ့်အချင်းချင်း လွတ်လွတ်လပ်လပ်ပြောလို့ရတယ်..ဧည့်သည်တွေကို ထွက်တွေ့လိုက်ပါဦး.."

သိုက်မျက်နှာ ချဉ်စပ်စပ်နှင့် အပြင်ကိုပါလာ၏။ ဒေါအေးချမ်းမေတို့

ကတော့ သိုက်ကိုမြင်တာနဲ့ ပြုံးပြနေကြ၏။ မင်းသမီးတစ်ယောက်ဖြစ်သည့်ပြင် သိုက်ကမပြင်မဆင်ဘဲလည်း လှနေတာမို့ ချွေးမချောလေးအဖြစ် ဂုဏ်ယူနေကြလေသည်။

"သမီးလေးက အသားအရေလေးလည်းကောင်း..မျက်နှာလေးကလည်းလှ တကယ်ဆိုဒီ့ထက်နာမည်ကြီးရမှာ.."

"ဟုတ်တာပေါ့အေးရယ်..ခုခေတ်ကလည်း သိတဲ့အတိုင်းပဲလေ၊ အနုပညာလောကဆို ပိုဆိုးတာပေါ့..မင်းသမီးဖြစ်ဖို့လွယ်တယ် နိုင်ငံကျော်ဖို့ ခက်တယ်.."

"ဟုတ်တယ်..ဟုတ်တယ်.."

တူမကိုခေါ်ထုတ်လာပေမယ့် စကားလက်ဆုံပြန်ခင်းတော့လည်း သူတို့ချင်းပဲဖြစ်လျက်.. ၊

"တော်နေတတ်နေတိုင်းလည်း ပရိသတ်ရှေ့ရောက်ဖို့က ပွဲထုတ်ပေးတဲ့သူရှိမှ ထွက်ခွင့်ရတော့လည်း မင်းသမီးတစ်ယောက်အတွက် လိုအပ်ချက်တွေ ပြည့်စုံနေမှလေ..အရည်အချင်းလိုသလို လှပတင့်တယ်ဖို့ကလည်း အဓိကကိုး.."

ပြောပြနေပုံက ကိုယ့်ရဲ့လိုအပ်ချက်တွေ ဒီလိုရှိပါတယ်ဆိုတာကိုချပြနေတဲ့အတိုင်း။ အန်တီလေးကြောင့်တော့ ခက်ပါသည်။ တားပြန်ရင်လည်း 'အောင်မလေး ငါတို့ချင်း ဒါတွေကွယ်ဝှက်နေဖို့မလိုပါဘူး'ဆိုတာတွေနဲ့ ပတ်အော်လိမ့်မည်။ ဒေါ်အေးချမ်းမေနဲ့ဦးသီလတို့ဇနီးမောင်နှံကတော့ တပြုံးပြုံးနဲ့ပါ.. ၊

"ဒါပေါ့လတ်ရယ်..မင်းသမီးမပြောနဲ့ ရပ်ကွက်ထဲကသာမန်မိန်းကလေးတွေတောင်မှ ဆင်းရဲချို့တဲ့လာရင် ပျက်စီးတတ်သေးတာ၊ သူ့ထက်ငါအပြိုင်ကြိုးစားနေရတဲ့ အနုပညာသမားတွေက ပိုလိုအပ်တာပေါ့..မပူပါနဲ့ ငါ့သားကလည်း အနုပညာဝါသနာအိုးပါ၊ သူတို့ဝါသနာတူချင်းတယ်လောက်စိတ်ချမ်းသာဖို့ ကောင်းသလဲလို့.."

"ဟား ဟား ဟား ဟား.."

ဦးသီလကရယ်လိုက်တော့ ဒေါ်အေးချမ်းမေ စကားသံတိတ်ပြီးလှည့်ကြည့်သည်။ ဒေါ်တင်တင်လတ်လည်း ရယ်ရမလို တည်ရမလိုဖြစ်သွားလျှင် သူကလက်ကာ၍.. ၊

"မဟုတ်ပါဘူး..သားတော်မောင်အကြောင်းတွေးမိလို့ပါ၊ အဟွန်းဟွန်း..ဘာမှမဟုတ်ပါဘူး.."

"ဘာမှမဟုတ်ရင် ဘာကိုရယ်တာတုံးရှင်က..သားကပဲဘာဖြစ်နေသလိုလို.."

ဒေါ်အေးချမ်းမေက ခင်ပွန်းဖြစ်သူကို မျက်စောင်းလှည့်ထိုး၏။ သိုက်က အခွင့်အရေးကိုလက်လွှတ်မခံ.. ၊

"အန်ကယ်လ်တို့ပြောမှ မေးဖို့သတိရသွားတယ်.."

"ဟင်.."

"ဒီလိုပါ..သမီးတို့ချင်းလည်း မတွေ့ဘူးသေးဘူးလေ၊ မတွေ့ဘူးပေမယ့် တွေ့ဖို့ဖြစ်လာတဲ့အကြောင်းကြောင်းတွေမှာလည်း အဆင်မပြေကြဘူးဆိုတော့ သမီးအကဲခတ်မိသလောက် သူကစီးတောင့်စီးနဲ့ ဇီဇာခပ်ကြောင်ကြောင်ပုံစံ ပေါက်နေသလားလို့.."

ကြည့်စမ်း..ပြောချလိုက်တာ မိရွှေသိုက်.. ၊

ဒေါ်တင်တင်လတ် မျက်နှာပူသွားမိကာ ဘယ်လိုစကားနဲ့ဝင်ပြီး ဖာထေးရမှန်းမသိ။ ဒေါ်အေးချမ်းမေလည်း ချက်ကောင်းထိသွားသလို မျက်နှာပြုံးမဲ့မဲ့နှင့်.. ၊

"အဲ့လိုတော့လည်းမဟုတ်ပါဘူးသမီးရယ်..ငယ်ငယ်တည်းက ကိုယ့်ငွေကိုယ့်အရင်းအနှီးနဲ့ ဇွဲရှိရှိကြိုးစားပြီး ဒီအခြေအနေရောက်လာခဲ့တာမို့လား.."

ပြောပြီး ခင်ပွန်းဖြစ်သူကို စိတ်တိုသလို မျက်စောင်းလှည့်ရွယ်သေးသည်။ 'အဲ့ဒါ ရှင်ဘာလိုလို ရယ်လိုက်လို့ သားကိုအထင်ခံရတာ'လို့ ကြိမ်းမောင်းပြစ်တင်လိုက်တာမျိုး.. ၊

"သားက စည်းစံနစ်ရှိတာပါသမီးရဲ့..သုံးစွဲရမယ့်နေရာဆိုရင်တော့လက်ဖွာသလားမမေးနဲ့..အဟွန်း.."

ပြောနေတာ မဆုံးသေးခင် ဖုန်းဝင်လာသဖြင့် ဦးသီလကကိုင်လိုက်လျှင်.. ၊

"အေး..သား အဖေတို့သိုက်တို့အိမ်မှာ.."

"အမေရှိတယ်မို့လားအဖေ..ခုနပန်းဆိုင်က ဖုန်းဆက်လို့၊ စေ့စပ်ပွဲလေးကို ပန်းတွေဆင်ခိုင်းထားတာ သိန်းနှစ်ဆယ်ဖိုးတောင်..ဘာလုပ်ဖို့

လဲအဖေရာ.."

ဖုန်းကစပီကာဖွင့်ထားတာလား..နဂိုကကျယ်နေတာလားမသိ.. ၊

တစ်ဖက်ကပြောသည့်အသံကို ပီပြင်စွာကြားနေရ၏။ ဒေါ်အေးချမ်းမေမျက်နှာပျက်သွားကာ အားလုံး၏မျက်နှာတွေလည်း သွေးခုတ်မရအောင် ဖြူနီတစ်လှည့်စီ ပြေးနေကြ၏။

"အေး..ရော့ ရော့၊ မင်းသားကမင့်ကိုပြောချင်တာ.."

ဦးသီလက ဖုန်းကို ဒေါ်အေးချမ်းမေလက်ထဲထည့်ရင်း.. ၊

"မင်းအမေနဲ့ပြောလိုက်သား.."တဲ့.. ၊

ဘယ်လိုအလိုက်ကမ်းဆိုးမသိတဲ့ လူငွစာကြီးလဲ... ၊

ဒေါ်အေးချမ်းမေ ဖုန်းပြောင်းယူလိုက်ရင်း ရင်ထဲမှာအတုံးလိုက်အတစ်လိုက် ကျိန်ဆဲနေမိသည်။ သိုက်နဲ့ဒေါ်တင်တင်လတ်တို့ကို အားနာနေပေမယ့် ခုမှစပီကာပိတ်လိုက်ဖို့ကလည်း ခက်နေခဲ့လျက်.. ၊

"သား..အဲ့ဒီပန်းတွေက.."

"ကျွန်တော်ကဲန်ဆယ်လ်ပြန်လုပ်လိုက်ပြီအမေ.."

"ဟင်.."

"သုံးသိန်းဖိုးနဲ့အလှဆင်ပေးဖို့ ပြောထားတယ်..ပြီးတော့.."

"သားရယ်..ဒါက.."

"ညနေခြောက်နာရီဆက်ရှင်က ဈေးကြီးလွန်းတယ်အမေ..ဘာလုပ်မှာလဲ၊ စေ့စပ်မယ့်နေ့မှာ အလုပ်နားထားရမှာအတူတူပဲ..နေ့လည်ပိုင်းဆိုရင် ဈေးကထပ်ဝက်သက်သာတယ်၊ အချိန်ပိုင်းလေးကိုပဲ သက်သက်လုပ်စားနေတာ.."

"အဲ့.."

"သူလည်းမင်းသမီးဆိုတော့ စေ့စပ်တာ လူမသိလေကောင်းလေပဲမို့လား...စေ့စပ်ပွဲကိစ္စ အမေမလုပ်နဲ့တော့၊ အဲ့ဒါပြေချင်လို့ အမေလည်းပင်ပန်းတယ်..အမေစီစဉ်တာတွေလည်း ကျွန်တော်စိတ်တိုင်းမကျဘူး.."

သူစိတ်တိုင်းကျဖို့လိုသလား..မိန်းကလေးဘက်ကို ဘာမှမမေးဘဲသင်းက တည်းဖြတ်စီစဉ်နေရအောင် ဘာလဲ..။ သိုက်စိတ်တိုလာကာ စနားသွားထိုင်ပြီး ဖုန်းကိုဆွဲယူလိုက်ပြီး.. ၊

"ဒီမှာ..ရှင်က.."

အားပါးတရပြောဖို့ပေမယ့် သင်းကဖုန်းချသွားပြီဖြစ်သည်။

"တောက်.."

တက်ခေါက်ပြီးမှ ဝိုင်းကြည့်နေကြသည့် လူကြီးတွေကို အားနာသွားခဲ့ကာ.. ၊

"ဆောရီးပါအန်တီ..သမီးပြောချင်တာ မပြောလိုက်ရလို့ပါ.."

"ရတယ်သမီး ရတယ်..ဒီကောင်လေးလည်းအချိုးမပြေဘူး၊ သမီးပြောချင်တာ ဖုန်းဆက်ပြော..အန်တီတို့ကိုအားမနာနဲ့.."

"ဟုတ်တယ်သမီး..သားကနည်းနည်းတော့ ဂွကျချင်တယ်.."

"ရှင့်လိုလေ.."

ဒေါ်အေးချမ်းမေက မကျေချက်နှင့်တန်းခနဲပြောသည်။ ဦးသီလကခံတ်မဆိုးရှာပါ.. ၊

"ငါကလည်း မင့်သားအဲ့လိုရှိလို့ အားနာစရာတွေဖြစ်လာမှာစိုးတာပါ..သမီးအန်ကယ်လ်တို့ကို အားနာဖို့မလိုဘူး၊ ပြောစရာရှိတာပြော..ရန်ဖြစ်ချင်လည်း ဖြစ်နော်၊ လင်မယားဆိုတာ ရန်ဖြစ်မှပိုချစ်တာ.."

"ကိုသီနော်..ကလေးတွေကို ရန်ဖြစ်နည်းပါသင်ပေးဦးမလို့လား.."

"မဟုတ်ဘူးလေ..မင်းနဲ့ငါဥပမာအရပြောပြတာပါ.."

"ဟုတ်တယ်..ဟုတ်တယ်..ဒါတော့ငါလက်ခံတယ်၊ မိဘသဘောတူလို့ အေးအေးချမ်းချမ်းညားသွားကြရင် ကောင်းတော့ကောင်းပေမယ့် ပျင်းစရာကြီးရယ်.."

ဒေါ်တင်တင်လတ်က ထောက်ခံရင်း တူမဖြစ်သူကို မသိမသာငဲ့ကြည့်သည်။

ထင်တဲ့အတိုင်း မျက်နှာလွဲ၍ မဲ့နေတာမြင်ကွင်းထဲမှာ တန်းခနဲ.. ၊

♥♥♥♥♥

ဒီစိတ်မချနဲ့၊ ရှင်ရိုးသားရင် ဖုန်းကိုစပီကာဖွင့်ပြောဆိုပြီး..”

“ဒါနဲ့ပဲ အဲဗားတိုင်းဖွင့်ထားစရာလား..ရှင်ဟာလေ မပြောလိုက်ချင်း..”

“တော်သေးတာပေါ့..”

“ဘာ..”

“သြော်..ပြောများပြောချင်ရင် ဘယ်လိုနေမလဲတွေးမိလို့ပါ..”

မိဘနှစ်ပါးအသံတွေကြောင့် အလုပ်လုပ်လို့မရတော့ဘဲ လက်ပ်တော့ပ်ပိတ်လိုက်ပြီး စားပွဲကနေထလိုက်လျှင်.. ၊

“မင်းမျက်နှာ..”

ဒေါ်အေးချမ်းမေက စိတ်တွေတိုလျက်.. ၊

“နည်းနည်းလောက် ပြောပြဆုံးမလိုက်ရင်လစ်ပြီ..”

“ကျွန်တော်က ကလေးမှမဟုတ်တာအမေရာ..အမေတို့ချည်းပဲရန်ဖြစ်နေတာ ကိုယ့်ဘာသာအရင်ဆုံးမကြဦး..”

“အဲမာ..မိဘကို..”

ဦးသီလပြောပြီဆို ဒီလောက်ပဲဖြစ်ကာ.. ၊

“ပြန်ထိုင်ဦး..မင်းကိုပြောစရာရှိတယ်..”

“ကျွန်တော်အလုပ်တွေပိနေတယ်အမေ..”

“ပိချင်လို့ပိတာ..အဲ့ဒါတွေအသာထားလိုက်၊ ကိုယ့်အလုပ်ကိုယ်လုပ်ဦး ကြောက်ရမယ့်သူရှိတာကျလို့..”

မင်းမျက်နှာ မဲ့သွားသည်။ ပြီးတော့ လက်ပ်တော့ပ်ကိုချ၍ ပြန်ထိုင်ရာ.. ၊

“အမေပြောသလိုက အထက်ဖားအောက်ဖိလုပ်နေတဲ့သူတွေပဲ..ကျွန်တော့်ကုမ္ပဏီမှာ အဲ့လိုလူတွေမရှိရဘူး၊ အားလုံးကိုယ့်ရာထူးတာဝန်နဲ့ကိုယ် ကျပြွန်ရမယ်..အထက်ကလူက အောက်ကလူတွေ အတုယူလေးစားလောက်ဖွယ် ဖြစ်ရမယ်၊ အောက်ကလူကလည်း ကိုယ့်အထက်လူကို လေးစားမှုရှိရမယ်..တတ်နိုင်သမျှ ကိုယ်ကျင့်တရားထိန်းဖို့ အဓိကချမှတ်ထားတာ..”

“အဲ့ဒါနဲ့ပဲ မင်းကကိုယ့်ဝန်ထမ်းတွေကို ဘုရားထူးနေရရောလား..”

“ကျွတ်..”

အခန်း(၂)

“မကြားစေချင်ရင်လည်း စပီကာဖွင့်မပြောနဲ့ပေါ့အမေရာ..”

“ကြားနေကာမှ ပိတ်ပစ်တော့ကောင်းမလား..”

“မကောင်းတတ်တာတွေ မဖြစ်ခင်တည်းက ဖုန်းပြောရင်စပီကာမဖွင့်ဖို့ပြောနေတာ နားမှမထောင်ဘဲ..”

“အေးပါ..မင်းပဲဆုံးမပါ..”

“မင်းတို့သားအမိကလည်း မျက်နှာချင်းဆိုင်လိုက်တာနဲ့ ရန်ဖြစ်တော့တာပဲ..မတဲ့အတူနေဆိုတာ လင်မယားပဲကောင်းတာကွ၊ ဥပမာ မင်းနဲ့ငါ..”

“ကိုသီလနော်..”

သားအမိစကားပြောသည့်နေရာကို ဦးသီလဝင်လာလျှင် သားကိုမနှိုင်နင်းသမျှ မကျေနပ်ချက်များစွာလည်း ရှိခဲ့သော ဒေါ်အေးချမ်းမေဒေါသများသည်.. ၊

“အဲ့ဒီဖုန်းစပီကာဖွင့်ထားတာ ဘယ်သူလဲပြော..”

“ဟ..မင်းပဲ ဖွင့်ခိုင်းထားတာလေ၊ ငါ့သားအလုပ်ကိစ္စမီတင်တွေသားကိုယ်စား ငါလိုက်တက်ရတယ်..အဲ့ဒီကတည်းက မင်းငါ့ကိုဟိုစိတ်

"အဲမာ..မအေကို စိတ်ပျက်တဲ့ပုံနဲ့.."

'ဟုတ်တယ်..စိတ်ပျက်လို့'လို့များပြောလိုက်မိရင် အမေရင်ဘက်ခြေ
ဖြန်းကွဲအောင် ထုနေမလားမသိ။ တစ်ခုခုဆိုအတိတ်ကိုပြန်ပြန်ကောင်
ပြီး ငိုချမတတ် ညည်းတွားတ်လွန်းလို့ ပြောလည်းမပြောချင်ပါ။ အစတုန်း
က 'အောင်သပြေ'ဆန်ပွဲရုံလေးနှင့် မိသားစုပြည့်စုံပိုလျှံစွာ ရပ်တည်ခဲ့ကြ
သည်။

မင်းကျော်စွာရယ်..မင်းမျက်နှာရယ် ညီအစ်ကိုနှစ်ယောက်မှာ မင်း
ကျော်စွာက ကျောင်းသားဘဝမှာတည်းက ရည်းစားများတာနာမည်ကျော်
၏။ ကျောင်းပြီးတာနဲ့ မိန်းမခိုးသွားသည်။ မိန်းကလေးဘက်က သဘော
မတူပါဘူး ထုဖြစ်သဖြင့် ယောကျ်ားလေးရှင်အနေနဲ့ သူတို့ဘက်ကတော့
နပ်မှုရှိအောင် တောင်းဆိုသမျှ ဖြည့်ဆည်းပေးရင်း စီးပွားရေးကိုထိခိုက်
လာခဲ့သည်။

ထိုပြင် အိမ်ထောင်ကျတော့လည်း ဒီမှာပဲမျက်နှာငယ်ရ စိတ်ဆင်းရဲ
ဖြစ်နေတာကိုမြင်ကာ နိုင်ငံခြားမှာအလုပ်သွားလုပ်ချင်သည်လို့ ပူဆာ
တော့ ဒေါ်အေးချမ်းမေတို့ မငြင်းနိုင်။ ချမ်းသာသည့်အသိုင်းအဝိုင်းက
မိန်းကလေးနဲ့အိမ်ထောင်ကျသဖြင့် ကိုယ့်သားမျက်နှာမငယ်ရအောင်
အစစဖြည့်ဆည်းပေးရင်း နိုင်ငံခြားသွားဖို့ စရိတ်စကတွေထုတ်ပေးခဲ့တာ
တစ်ခါလည်းမဟုတ် နှစ်ခါလည်းမက..၊

တကယ်ပဲလူလိမ်ခံရတာလား သားကသုံးလိုက်တာလားမသိပေမယ့်
သူသွားချင်တာ သွားပါစေဆိုပြီး ဂျပန်ရောက်တဲ့အထိ ပို့ပေးခဲ့၏။ ဟို
ရောက်သွားပြီး အဆင်ပြေကြောင်း အီးမေးလ်တစ်စောင်ပဲရောက်လာကာ
သူ့မိန်းမကိုလှမ်းခေါ်သည်လို့ ကြားလိုက်ရ၏။ ပြီးတော့ ဘာသံမှမကြား
ရတော့ဘဲ ပျောက်သွားခဲ့သည်။ ဒါလည်း သူတို့အဆင်ပြေရင် ပြီးတာပဲလို့
သတ်မှတ်ခဲ့တာပါ။ ထိုစဉ်က မင်းမျက်နှာကျောင်းတက်နေတုန်းဖြစ်
သည်။ ညီအစ်ကိုနှစ်ယောက်က အသက်ကွာသလောက် စိတ်ဓာတ်အယူ
အဆချင်းလည်း နည်းနည်းလေးမှမတူ.. ၊

မင်းကျော်စွာကြောင့် ယိုင်လဲမတတ်ဖြစ်ခဲ့ရသည့် စီးပွားရေးဂယက်
ကြားမှာ မင်းမျက်နှာက စိတ်ဓာတ်မကျခဲ့ပေ။ ဘယ်သူ့ကိုမှလည်းအပြစ်
မတင်ခဲ့ဘဲ ကျောင်းတစ်ဖက်နဲ့စီးပွားရေး မျက်စိဖွင့်ခဲ့၏။ အဆင်မပြေမှု

းဘွာနှင့် လူးလူးလဲလဲဖြစ်နေတုန်းမှာ မင်းကျော်စွာ အရှိုးပေါ်အရေတင်
းနှင့် ပြန်ရောက်လာခဲ့သည်။ ခြောက်နှစ်ခုနှစ်နှစ်လောက် သတင်း
ကွက်နေပြီးမှပြန်ရောက်လာတော့ ဇနီးနဲ့ကွာရှင်းထားတာ တစ်နှစ်ကျော်
သွားဆိုသည်။ ဖြစ်သမျှအကြောင်း အင်္ကောင်းလို့ဘယ်လိုပဲဖြေသိမ့်နေ
သော်လည်း ကံကြမ္မာက မခံနိုင်အောင် စမ်းသပ်လာခဲ့သည်။ မင်းကျော်
ခဲ့ဘဆီပြန်ရောက်လာပြီး တစ်နှစ်လောက်ပဲကြာသည်။ ကိုးဆယ့်
ခြောက်ပါးရောဂါနှင့် ဆုံးသွားခဲ့၏။

နိုင်ငံရပ်ခြားမှာ ဇနီးနဲ့ကွဲပြီးတည်းက အရက်တွေသောက် ထင်ရာ
းလုပ်ရင်း ရလာခဲ့သည့် ရလဒ်တွေဖြစ်သည်။ ဒေါ်အေးချမ်းမေ အရှူး
ပိုင်းဖြစ်ကာ ခရီးတွေလျှောက်ထွက်ခဲ့တာ မြန်မာပြည်အနှံ့အပြား.. ၊
းသည်ကို ဦးသီလတောက်လျှောက် ထိန်းသိမ်းနေခဲ့ရကာ ပျက်ယွင်း
ပြဲနဲ့နေသောစီးပွားရေးနှင့် မင်းမျက်နှာက လုံးထွေးသတ်ပုတ်နေလျက်..၊

"ဒီမှာ ကိုမင်း..ငါ့မျက်နှာကိုသေချာကြည့်.."

စိတ်ညစ်ဖွယ်တွေ ဖျတ်ခနဲပေါ်လာခဲ့စဉ် အမေ့ဒေါသကပိုကဲထွက်
းကာ.. ၊

"ငါ့စီးပွား ငါရှာလာတာ..ငါဘာလုပ်လုပ်ဆိုပြီး မိဘကိုဒီပုံစံမဆက်
ခဲ့.."

"မဟုတ်တာအမေရာ..အမေတို့စကားများနေတာ ကျွန်တော်ဘာမှမှ
ပြောမရတာ.."

"ငါပြောနေတာ အခုမင်းကိုပြောစရာရှိတဲ့ကိစ္စ..အဲဒါမင်းအားတာမ
းတာ ငါမလိုချင်ဘူး၊ မိဘကပြောနေရင် နားထောင်ဒါပဲ.."

"ဟုတ်ကဲ့ပါ.."

လက်ပ်တော့ပ်မှာတင်ထားသည့် လက်ကိုပါဖြုတ်ချပြီး ဘိတ်ဘိတ်
း နားထောင်ဖို့ပြင်လိုက်ရသည်။

"ရပြီအမေ..ပြောတော့.."

မသိရင်ရွဲ့နေသလိုလို..ဒါပေမယ့် ဒေါ်အေးချမ်းမေကတော့ ကိုယ့်
းအကြောင်း နှံးလည်ပြီးသားမို့ ဒါရွဲ့တာမဟုတ်မှန်းလည်း သိနေ
ာ.. ၊

"စိတ်ထဲရှိတဲ့အတိုင်းပဲဖြေ.."

"ကျွန်တော်စိတ်ကဖြစ်တဲ့အတိုင်းပဲ ပြောတတ်တာ အမေသိပါတယ်.."

ဒေါ်အေးချမ်းမေ မျက်နှာမကြည်လင်ဘဲ ခေါင်းညိတ်လိုက်ရကာ..

"ရွှေသိုက်နဲ့စေ့စပ်ဖို့ကို မင်းကျေနပ်ရဲ့လား.."

"ကျေနပ်ပါတယ်.."

"ကျေနပ်ရင် စေ့စပ်ပွဲပျက်သွားလောက်တဲ့ ဇီဇာကြောင်မူတွေ ဘာလို့ တစ်ခုပြီးတစ်ခု လုပ်ပြနေတာလဲ.."

"ဘယ်မှာဇီဇာကြောင်တာလဲအမေ..ကျွန်တော့်အတွက်က ကျွန်တော့် စိတ်ထဲရှိတဲ့အတိုင်းပါပဲ.."

"အဲ့ဒါတွေကြောင့် မင်းကိုဇီဇာကြောင်တယ်လို့ ဟိုကပြောတာ.."

"ဟင်..ရွှေသိုက်ကလား.."

"ဟုတ်တယ်.."

"တစ်ခါမှတောင် မဆုံဘူးဘဲနဲ့.."

ဒေါ်အေးချမ်းမေပြောကွက်ရသွားကာ နှုတ်ခမ်းစေ့ထားရင်း ခေါင်း ညိတ်သည်။ ပြီးတော့ ကိုယ့်သားမျက်နှာကို မမြင်ဘူးသလို စေ့စေ့ကြည့် ၍.. ၊

"သူကမမြင်ဘူးဘဲနဲ့ မင်းအကြောင်းသိသွားတာ..ငါအမေကတော့ ကိုယ်မွေးထားတဲ့သား အဲ့လောက်ကပ်ဖဲ့သတ်တာကို မသိခဲ့တာ..ကဲ.."

မင်းမျက်နှာ မျက်ခုံးတွေပင့်၍ ဆံပင်ဖွသည်။ ဒီနေရာမှာသာ ပေါက် ကြီးရှိနေရင် 'လူပြောတော့များပြီ ဘယ်လိုလုပ်ရမလဲ'လို့ မေးမှာသေချာ ၏။ ဘယ်လိုလုပ်ရမလဲ..။ ကိုယ့်ကိုယ်ကို လူမုန်းခံရအောင် လုပ်တဲ့သူ ရှိလို့လား.. ၊ နေတတ်သလိုနေတော့လည်း တစ်ပြစ်.. ၊

"ဖြေစမ်းပါဦး..ရွှေသိုက်နဲ့လွဲသွားလည်း ကောင်းတာပဲဆိုပြီး တမင် လုပ်နေတာများလား.."

"လုပ်စရာလားအမေကလည်း..သူနဲ့ပေးစားဖို့ ပြောတည်းက ကျွန် တော့်လုပ်ငန်းနဲ့ အဆင်ပြေနေလို့ လက်ခံခဲ့တာကို.."

"ဘာ..ဘယ်လို့.."

ဦးသိန်းလကတော့ ပြုံးတော့မလိုမျက်နှာကြီးနှင့် ထွက်ခွာသွားလေ သည်။ ဒေါ်အေးချမ်းမေ ဂရုမစိုက်မိလိုက်.. ၊

"ဘာလဲ..မင်းကမိန်းမယူဖို့ကို တွက်ခြေကိုက်မကိုက် ကြည့်သေး တာလား.."

"အဲ့ဒါကျတော့ အဆင်ဆိုးတယ်လေ.."

"သြော်..သြော်.."

"ကျွန်တော်ဘယ်စီးပွားရေးပဲလုပ်လုပ် ရုပ်ရှင်လုပ်ငန်းနဲ့ ဆက်စပ် နေတာ အမေသိပါတယ်.."

"မိန်းမယူတဲ့အထိ ဆက်စပ်နေတာတော့ လုံးဝကိုမသိဘူးလေ.."

"မိန်းမယူတာလည်း ချစ်ကြိုက်စွဲလမ်းပြီး ယူကြတာမှမဟုတ်တာ.. တစ်သက်လုံးပေါင်းသွားဖို့အတွက် တစ်ခုခုနဲ့ငြိတွယ်မှုဖြစ်မှာလေ၊ အဲ့ဒါ ကြောင့် ရွှေသိုက်က ကျွန်တော့်စီးပွားရေးနဲ့ငြိ.."

"မင်းမျက်နှာ.."

"ဗျာ.."

"ဒီစေ့စပ်ပွဲကို ငါဖျက်လိုက်တော့မယ်.."

ပြောပြီးတာနှင့် ဆတ်ခနဲထရပ်လိုက်၏။ မင်းမျက်နှာ ပျာပျာသလဲ ဖြစ်သွားကာ.. ၊

"အမေ့..ဟာ ဘာဖြစ်တာလဲ၊ စေ့စပ်တာ ကလေးကစားတာကျလို့.."

"ကလေးကစားသလို ဖြစ်သွားရင် ကြိုက်တယ်..မင်းရဲ့မဟာစီမံ ကိန်းကြီးနဲ့ တွက်ချက်နေတာကို ဟိုကသိရင် ဘာတွေဖြစ်ကုန်မလဲ.."

"ဘာမှမဖြစ်ပါဘူး..ကျွန်တော်ကသားအမိချင်းမို့ ရင်ထဲရှိတဲ့အတိုင်း ပြောပြနေတာလေ.."

"မင်းလား..ရွှေသိုက်ရှေ့ရောက်ရင် ဒီတိုင်းမပြောဘဲနေမှာ.."

တကယ်က ဟန်ဆောင်ပန်ဆောင်လေး နားခံသာအောင် ပြောစေ ချင်တာ။ မအေဘာဖြစ်ချင်တာကို သိလိုက်သဖြင့် မင်းမျက်နှာကပြုံးလိုက် ကာ.. ၊

"ကျွန်တော်က ကလေးမှမဟုတ်ဘဲအမေရာ..ထိုင်ပါ၊ အေးဆေးပေါ့" ဒေါ်အေးချမ်းမေ အင်တင်တင်ပြန်ထိုင်လိုက်ရင်း.. ၊

"သူ့ကိုလိုချင်နေရင်လည်း သူကျေနပ်လောက်စရာတွေ မင်းလုပ်ပေး ပေါ့ မင်းမျက်နှာ..ဘယ့်နယ်ကြောင့် နေရာတကာ တိုတိုထွာထွာလိုက်လုပ် နေတာလဲ၊ မင်းလိုချင်နေတာ ရုပ်ရှင်မင်းသမီး.."

"နိုင်ငံကျော်မင်းသမီးမှ မဟုတ်ဘဲအမေ.."

"ကျော်ကျော်မကျော်ကျော် သူ့ခမျာ နာမည်ကျော်ချင်လို့ သူဌေးကို ယူတာ..သူများတွေမင်္ဂလာဆောင်တာ ခြောက်ခါခုနှစ်ခါ၊ ဝတ်စုံကိုလွှေကွပ်လိုက် စိန်စီလိုက်နဲ့.."

"အဲ့ဒါမျိုးတော့ လုံးဝလုပ်မပေးဘူး..ခုတည်းက သေချာတယ်.."

ဒေါ်အေးချမ်းမေ ဆတ်ခနဲဖြစ်သွားလျှင် မင်းမျက်နှာကလက်ကာ၍.. ၊

"သူ့ကိုကျွန်တော်လုပ်ပေးရဦးမှာတွေ အများကြီးရှိသေးတယ်..မင်္ဂလာဆောင်ပြီး နာမည်ကြီးသွားရင် ဖေ့စ်ဘွတ်ခ်က လိုက်ခ်တွေနဲ့ဘယ်နှစ်ရက်ရှိမှာလဲ..သူ့အနုပညာနိုင်ငံကျော်မှ တကယ့်အောင်မြင်မှု.."

"ရှုပ်ယှက်ကိုခတ်နေတာပဲ ကိုမင်းရယ်..မင်းနဲ့သိုက်ခွယ်တူပဲနော်၊ မင်းက ငါချမ်းသာတယ်ဆိုပြီး နေရာတကာ ခေါင်းပေါင်စတထောင်ထောင်နဲ့ ရှေ့မထွက်ချင်နဲ့.."

"ခေါင်းပေါင်စကြီး ကျွန်တော်မကြိုက်ပါဘူး.."

"မင်းမျက်နှာ.."

"ပြောပြတာ.."

"မပြောနဲ့..မင်းလည်းဘာမှဝင်မပါနဲ့၊ မင်းမှာမိဘရှိသေးတယ်..သားသမီးမင်္ဂလာကိစ္စ မိဘကပဲစီမံမယ်၊ ဘာတွေကုန်ကုန် ဘာတွေခမ်းခမ်း..ဒီတစ်ခါဆို အဲ့စေ့စပ်ပွဲ ငါကိုယ်တိုင်ဖျက်မှာ၊ မင်းကိုတိုင်ပင်မနေဘူး.."

"အကြောင်းလေးဘာလေးတော့ ကြားလေအမေရာ..သူနဲ့စီစဉ်ချိတ်ဆက်ထားတဲ့ ကားကြီးတွေကျွန်တော်ဖျက်သင့်တာဖျက် ဖြုတ်သင့်တာဖြုတ်ရအောင်.."

ကြည့်စမ်း...အဲ့ဒါငါ့သား.. ၊

ဒေါ်အေးချမ်းမေ အံ့သြမကုန်ဖြစ်သွားလေသည်။ ကိုယ်လက်ထပ်မယ့် ဧနီးလောင်းအဖြစ် တစ်ခါမှလည်း မတွေ့ဘူး စကားလည်းပြောမကြည့်ခဲ့ဘူးဘဲ။ စေ့စပ်ဖို့စီစဉ်နေတာနဲ့တင် သင်းကရုပ်ရှင်ရိုက်ဖို့ ရက်ချိတ်တာတွေ လုပ်နေပြီ.. ၊

"သူ့အတွက် ပံ့ပိုးဖို့စီစဉ်ထားတာတွေ တွက်ကြည့်ရင် လက်ရှိပေါက်ဈေးနဲ့ ဘယ်လိုမှမကိုက်ဘူး..ဒါကြောင့် သူ့အနုပညာကြေး ဒီထက်မြင့်

သာမှဖြစ်မှာ၊ အနည်းဆုံး သုံးရာကျော်လောက်ဖြစ်လာရင်တောင် ဆယ်ဘားလောက်ဆက်တိုက်ရိုက်.."

"ရော့..သောက်.."

သေချာတွက်ပြနေသည့် မင်းမျက်နှာရှေ့ကို ရေအပြည့်နှင့်ဖန်ခွက်ကြီးတစ်ခုကျလာသည်။ ဒေါ်အေးချမ်းမေက စိတ်မရှည်သည့်အကြည့်နှင့် ရေခွက်ချပေးပြီး ခါးထောက်လိုက်ကာ.. ၊

"တွက်ခြေမကိုက်ရင် ဟိတက်ပြီး ရှော့ခ်ရမှာစိုးလို့..ရေသောက်ပြီးမှ ဘွက်.."

♥♥♥♥♥

"မခေါ်ဘဲနေမလား..သင်းက မအားဘူးတဲ့လေ.."

"ဟုတ်လား.."

"ခေါ်လိုက်ရင် လာမယ်..တွေ့မယ်ပဲ၊ ပြီးမှ အကြောင်းတွေအမျိုးမျိုးနဲ့ ရောက်မလာတာ.."

"အေးလေ..မခံချင်စရာ.."

ဖြူလေးနဲ့ပန်းစကားတို့ကလည်း ဒေါသတွေထွက်နေကြ၏။ သူမဘို့သုံးယောက်က သိုက်ပါသည့်ဇာတ်ကားတိုင်းမှာ သိုက်နဲ့အတူပါဝင်ကြကာ အပြင်မှာလည်း ကျောင်းနေဘက်သူငယ်ချင်းတွေမို့ တစ်ယောက်ကိုတစ်ယောက် အနစ်နာခံပြီး ချစ်ခင်ကြသည်။ထို့ပြင် ရှိစီက သိုက်တို့နဲ့အတူနေသောကြောင့် အတွင်းသိအစင်းသိ တကယ့်ညီအစ်မအရင်းလိုဖြစ်နေခဲ့၏။

"တစ်ခုတော့ရှိတယ်ဟ.."

"တစ်ယောက်တစ်ဖဲ့ကျွေး.."

"တစ်ဖဲ့မှမကျွေးဘူး..လာမဖောက်နဲ့.."

စကားအရှိန်ပျက်သဖြင့် ဤသို့ဝင်ဝင်နောက်တတ်သည့် ဖြူလေးကိုရှိစီက မျက်စောင်းထိုး၏။ ပြီးမှ.. ၊

"မင်းမျက်နှာက သူ့အသက်အရွယ်နဲ့ သူချမ်းသာသလောက်ဆိုရင် ဒီလောက်ပျက်တစ်စက်မှမရှိအောင် နေလာခဲ့တာ ဆိုးတော့မဆိုးဘူး.."

"ဒါကတော့ အရမ်းပါဖက်ဖြစ်နေတဲ့သူဆိုတာ မရှိပါဘူး..အဲဒါကမှ တော်သင့်ကောင်းမွန်နေပြီး ဒီဘက်မှာကော်တစ်ရာ ကုပ်စီးဖြစ်နေတော့ ဘာလုပ်ရမှာလဲ.."

"ဒါလည်းတစ်မျိုးတော့ စိတ်ချလို့ရတာပဲလေ..ယောကျ်ားတွေကချမ်းသာရင် ပျက်စီးတာများတယ်၊ သူလိုလူကျတော့ အဲ့အတွက်ထူးပြီးစိတ်မပူရတော့ဘူးပေါ့.."

"အေး..ဟုတ်တယ်၊ သူကပေသီးခေါက်နေတုန်း ကိုယ်လည်းကိုယ့်ပါးချင်ရာလုပ်လို့ရတာပဲ..သူကသူတွက်ခြေကိုက်ရင် ပါးစပ်ပိတ်နေမယ့်သဘားမျိုးပါ.."

သူငယ်ချင်းတွေပြောတာကို နားထောင်နေပြီး သိုက်ဆတ်ခနဲ ခါးဘောင့်သွားသည်။

အခန်း(၃)

မင်းသမီးမို့ ဖုန်းပြောတာလည်း ဆင်ခြင်ရသည်။ ဖေဘွတ်ခ်သုံးတော့လည်း သတိထားနေရသည်။ ထို့ကြောင့် ကိုယ်နဲ့တွဲဘက် လုပ်ဖော်ကိုင်ဖက်တွေကို အိမ်ခေါ်ပြီး စကားဝိုင်းဖွဲ့သောအခါ.. ၊

"ဒါဆို..နင်ဘာမှမပြင်ဆင်ရသေးဘူးပေါ့.."

"ဟုတ်တယ်.."

"စေ့စပ်ပွဲက ရက်ပိုင်းပဲလိုတော့တာ.."

"မသိဘူး.."

"သိုက်ရယ်..နင့်ဟာကလည်း.."

"သိုက်ဟာကမဟုတ်ဘူး...ဟိုငပုတို့ကဖြစ်နေတာ.."

မင်းမျက်နှာအကြောင်းပြောဖြစ်ရင် စိတ်တိုလာတိုင်း ငပုတို့ တစ်ထွာညီစသဖြင့် ပါလာတတ်လျက် သိုက်ရဲ့ပါးစပ်ထဲမှာ မင်းမျက်နှာဘဝမျိုးစုံ ပြောင်းလဲနေရှာကာ.. ၊

"နင်တို့ပဲစဉ်းစားကြည့်ပါဦး..ငါကမင်းသမီးမို့ သူကသေချာသိနေတယ်၊ ငါကတော့ သူ့ကိုသေချာတောင် မမြင်ဖူးဘူးခုထိ.."

"တွေ့ချင်တယ်..စကားပြောချင်တယ်လို့ ခေါ်လိုက်ပေါ့ဟ.."

"ငါက ရွှေဥတစ်လုံး နေ့စဉ်ဥပေးနေတဲ့ ငန်းမကြီးလိုလား.."

"ခစ်..ခစ်.."

"ဟွန်း..ဘာကိစ္စ ငါကသူတွက်ခြေကိုက်အောင် ရှာပေးရမှာလဲ၊ ရွှေသိုက်တဲ့တစ်သိုက်တည်း ရှိတယ်.."

"ဟား ဟား ဟား.."

"တွေ့ကြမယ်..ဒီနှစ်ယောက်တော့.."

"ဟုတ်ပ..ဟိုကအရပ်ငါးပေလောက်နဲ့ ဒီကမော်ဒယ်လ်မ.."

"သူရှက်ရင် တွဲမလျှောက်နဲ့လေ..သိုက်တို့ကအေးဆေး.."

သိုက်ကလက်လေးပိုက်ပြီး မျက်နှာမော့ပြနေသေးသည်။ ဒီလူကို မကျေနပ်ပေမယ့်လည်း ငြင်းလို့မဖြစ်။ စိတ်တိုပေမယ့်လည်း ထင်သလိုမပြောနိုင်။ ကိုယ့်လိုအပ်ချက်က ကားများများရိုက်ရပြီး ကိုယ့်အနုပညာကို ပရိတ်သတ်ရှေ့မှာ ပြနိုင်ဖို့။ ခုတော့ အနုပညာလောကထဲကို ဝင်နိုင်ခဲ့ပြီး ဘယ်ကိုမှလှမ်းမတက်နိုင်ဘဲ နှစ်တွေသာကြာလာသည်။ ရွှေသိုက်တို့နာမည်ကျော်မလာခဲ့ပေ။ ထို့ကြောင့် ရုပ်ရှင်ထုတ်ဝေသူသူဌေးဆိုတော့ သိုက်ချက်ချင်းခေါင်းညိတ်ပစ်လိုက်တာဖြစ်သည်။

"ငါတစ်ခုစဉ်းစားမိတယ်သိလားသိုက်.."

"မသိဘူး.."

"ပြောမှာပေါ့ဟယ်..ဘယ်လိုဖြစ်နေတာလဲ.."

သူငယ်ချင်းတွေ စကားပြောမိပြီဆို ကျောင်းတုန်းကအတိုင်း လိုရင်းကို တော်တော်နဲ့မရောက်တော့ပေ.. ၊

"နင့်ကိုမင်းသမီးမို့ မက်မောပြီးလိုချင်တာဆိုရင်တော့ သူဒီလိုနေမှာ မဟုတ်ဘူးထင်တယ်.."

ရိုစီကပြန်စသည်။ ဖြူလေးတို့ငြိမ်သွားကြ၏။

"ငါတို့က အဲ့လိုထင်တာလေ..သူကရုပ်ရှင်ထုတ်လုပ်ရေးဆိုပေမယ့် ခုမှပရိုဂျူဆာလုပ်ကာစမို့လား၊ အစတုန်းကတော့ ပရိသတ်ထဲကလူပဲ.."

"ဟုတ်တယ်.."

"အေးလေ..အာကြောင့် သိုက်ကိုအစတည်းက ကြိုက်နေလို့မိဘနဲ့ ကမ်းလှမ်းခိုင်းတာလို့ ငါတို့ထင်နေတာပေါ့.."

"အခု သူ့ပုံစံက အထာခပ်ကြီးကြီးနဲ့.."

"ဟုတ်တယ်.."

"သိုက် နင်ရောဘယ်လိုထင်လဲ.."

"မထင်ပါဘူး..သူ့ကိုလည်း စိတ်မဝင်စားဘူး.."

"ဟဲ့..မဝင်စားလို့ရမလား၊ နင်နဲ့ညားမှာနော်.."

"လက်ထပ်ဖို့က ရင်ဘက်ချင်းငြိမှပါ.."

"အံမာ..ဖြစ်ရပြန်ပြီ မပြောလိုက်ချင်ဘူး၊ ဟိုကသာ မီးစိမ်းပြရင် စေ့စပ်ပွဲက လက်ထပ်ပွဲဖြစ်သွားမှာများ.."

"အာ့ကြောင့် ရက်ပိုတိုးသွားတာ..အားလုံးက အေးဆေးပဲပြီးသွားရင် ငါကရင်ပူနေရဦးမှာ၊ အခု သူပဲထွင်တာလေ..ငါ့ကိုလိုချင်လို့ ခုန်ဆွခုန်ဆွ ဖြစ်လာရင်တောင် ဒီတစ်ခါငါ့အလှည့်ပဲ.."

"အေး..အေး လုပ်ကြ.."

"ဘာလဲဟယ်..ယူတောင်မယူရသေးဘူး.."

"ဟဲ့..ငါကဘာပြောလို့လဲ၊ မိုက်ရိုင်းတယ်ကြည့်စမ်း.."

"သိဘူးလေ..နင်ပဲမဆီမဆိုင်.."

"ထင်သလိုတွေးခေါ်ဆုံးဖြတ်နေကြတာကိုပြောတာ..မိဖြူနော်.."

"ခစ် ခစ်.."

ပြောဖြစ်တာက နည်းနည်း..ရယ်နေတာက များများဖြစ်လျက်.. ၊

"ငါစိုးရိမ်တာက သူကလူငယ်ပရိုဂျူဆာ..ရုပ်ရည်လေးလည်း မဆိုးဘူးပြောတယ်.."

"ပုတာလေးကလွဲရင်.."

ဖြူလေးက ထပ်ဖြည့်ပြောတော့ ရိုစီတိတ်တိတ်နေဖို့ တံတောင်နဲ့ တိုက်ပစ်လိုက်ပြီး.. ၊

"သိုက်ကိုက နင်းကန်ရှည်နေတာလည်း ထည့်ပြောလေ.."

"မင်းသမီးလေ.."

"ပြောလိုက်ဖြူလေး..သင်းကခုတည်းက ငထွာညိုဘက်က ခပ်ပါပါ"

"ငထွာညိုလို့မခေါ်နဲ့တော့..ဖြူဖြူနုနု နင့်လိုပဲတဲ့.."

"ဘယ်သူပြောတာလဲ.."

"နင့်အန်တီလေးပြောတာလေ.."

"သူ့ခများ မှန်းသမ်းပြီးအမှတ်ပေးနေရရှာတာဟဲ့.."

"အဲ့ဒါနင့်အတွက်.."

"အေးလေဟယ်..ဘာပဲဖြစ်ဖြစ် ယူကြမှာပဲကို ကောင်းတာလေးတွေ ရှာကြံတွေးစမ်းပါသိုက်ရယ်.."

"မိပန်း နင်ကဘယ်သူ့ဘက်ကလဲ.."

"မသိဘူး..ပင်နယ်တီထိ စိတ်ချရတာမဟုတ်တော့.."

"ခစ် ခစ်.."

"ဟား ဟား ဟား.."

ရယ်နေကြတာ ဘယ်လောက်ထိလဲဆိုရင် ဒေါ်တင်တင်လတ် အိပ်ရာကနေ ငုတ်တုတ်ထထိုင်မိတဲ့အထိ.. ၊

"ကျွတ်..ဒီမိန်းကလေးတွေတော့.."

ဆံပင်တွေကို အော်တိုမစ်တစ်ကလစ်နဲ့ ဖြစ်သလိုလိပ်ပတ်ပြီး အိပ်ရာကထခဲ့ရသည်။ တူဝရီးနှစ်ယောက်သက်တောင့်သက်သာရှိရုံ ထပ်ခဲ့တိုက်ငယ်လေးက ကျယ်တာမှ ပေနှစ်ဆယ်ငါးဆယ်လေးရယ် အိမ်နောက်ကလေလည်ရင်တောင် အိမ်ရှေ့ကကြားနေရတာ ကိုယ့်အဒေါ်အိပ်နေတာကို ဒီကလေးတွေ တစ်ပြုံလုံးကို မသိတတ်နေကြတာ.. ၊

"ကဲ မိန်းမတွေ.."

"ဟင်..အန်တီလေးနိုးလာပြီ.."

လူကိုမြင်လိုက်မှ မျက်လုံးလေးတွေပြူးတူးပြဲတဲ့နှင့်.. ၊

"အင်းပေါ့..အန်တီလေးအိပ်နေတာ ကြာပြီဥစ္စာ.."

သိုက်ကပြောပြီး ပခုံးလေးတွန့်၏။ ဒေါ်တင်တင်လတ်က သိုက်ရဲ့ပခုံးကိုဖျန်းခနဲဝင်ရိုက်ပစ်ကာ.. ၊

"ခုမှနာရီဝက်ကျော်ကျော်ပဲရှိသေးတာ ဘာလဲကြာပြီဆိုတာက..ဒီလောက်လက်ပံပင်ဆက်ရက်ကျနေတာ.."

"အန်တီလေးကလည်း အပေါ်နဲ့အောက်.."

"အပေါ်နဲ့အောက်ဆိုတာရော ဘယ်လောက်တောင်ကွာနေလို့လဲ.. ပြောလိုက်ရရင် မကောင်းဘူး၊ ဟဲ့ ဟိုတစ်ယောက် အဲ့ဒီပန်းချီဘောင်ကို မမှီလိုက်နဲ့..ဟိုဘက်က ကော်ရစ်ဒါတန်းတွေက ပြန်ရိုက်မလို့ဖြုတ်ထားတာ မရိုက်ရသေးဘူး.."

"အဲ့ဒါပဲ အန်တီလေးက အနားမှာရှိရင် ပြောလည်းပြောနိုင်တယ်..

မြင်သမျှ သူပြောစရာတွေချည်းပဲ.."

ဒေါ်တင်တင်လတ်က ပန်းစကားအမှီသဟဲကြိုက်တာကို အစ ည်းက ဆူငေါက်ပြောနေကျ.. ၊

"အပြောမခံချင်လည်း ကျုပ်ရှေ့မှာထိုင်ကားရား ထကားရားမလုပ် ကြနဲ့..ဒါပဲ.."

ပြောပြီး လှည့်ထွက်သွားသည်။ ပြီးတော့ ဖျတ်ခနဲပြန်လှည့်ကာ..၊

"ငါနိုးနေပြီဆိုပြီး ပြန်ပြီးဆူမလာကြနဲ့..ကြာဇံချက်နဲ့ ရှောက်သီး ဟင်းလုပ်ပေးမယ်၊ စေတနာရှိအောင်နေ.."

"ဟုတ်.."

"ဝုတ်ကဲ့..ဝုတ်ကဲ့ပါ.."

"ဟေး.."

လေးယောက်စလုံးဝမ်းသာအားရဖြစ်သွားကြတော့ ဒေါ်တင်တင် ဟင်း ထမီတစ်ဖက်'မ'ပြီး ပြန်ဆင်းခဲ့သည်။ ဒီတိုက်လေးတစ်လုံးပိုင်ခဲ့ တာတောင် တူဝရီးနှစ်ယောက် ဘယ်လောက်တောင်ကြိုးစားခဲ့ရသလဲ..။ ကောကနေမြို့တက်လာကြတော့ ရင်းနှီးထုခွဲစရာလေးတွေ ပါလာခဲ့လို့ သာ။ ရွာမှာလေးတန်းအောင်ခဲ့သော တူမလေးကိုလက်ဆွဲပြီး လင်မယားနှင်းယောက် ဆွေမရှိမျိုးမရှိတဲ့ ရန်ကုန်မြို့ကြီးမှာ မလုပ်တတ်မကိုင်တတ် တော်တော်ခက္ခရောက်ခဲ့ရသည်။ သိုက်ကိုစိတ်တိုင်းမကျတာတွေ ရှိသောတိုင်း ရှေးဟောင်းနှောင်းဖြစ် တွေ တွေးမိတာလည်း ဘယ်လိုအကျင့်ပျက်ခဲ့ကို မသိတော့ပါ။ ဒါလည်း သူမလေးက်ကောင်းနေတာပဲဖြစ်လိမ့်မည်။ ခင်ပွန်းဖြစ်သူ ကိုးဆယ့် ခြောက်ပါးရောဂါနဲ့ဆုံးသွားတော့ ဒီကလေးမှာဒီမှာရင် သူမဒုက္ခကြီးပြီပေါ့။ သိုက်ကလိမ္မာပါသည်။ ကျောင်းတစ်ဖက် အဒေါ်ဖြစ်သူကို ကူညီရှာသည်။ ဒီလိုပုံရိပ်လေးတွေ ပြန်တွေးမိတော့ သည်း စိတ်တိုတာတွေက သူ့အလိုလိုပြေခဲ့ရသည်။ ကလေးကစားစရာ handmadeလေးတွေ ဆန်းပြားအောင်တီထွင်ပြီး ရောင်းခဲ့ရတဲ့ အချိန်က သည်း ဆိုင်ခန်းလေးနဲ့ ဖန်စီပစ္စည်းလေးတွေပါ တင်နိုင်လာတဲ့အထိ တူဝရီးနှစ်ယောက်ပဲ ရုန်းကန်ခဲ့ကြတာပါ.. ၊

ဒါတွေဟာ သိုက်ရဲ့စိတ်ကူးလေးတွေကြောင့် ပို၍အောင်မြင်ခဲ့တာ ဖြင့်သည်။ သိုက်ကကိုယ်တိုင်အလှပြင်တာ ဝါသနာပါသလို အလှအပ

ပစ္စည်းလေးတွေ တီထွင်ဖန်တီးတော့လည်း စိတ်ကူးလေးတွေက ဆန်း
ပြားသည်။ ခင်ပွန်းသည်မရှိတော့ပေမယ့် အရုပ်ဆိုင်လေးကနေ ဆိုင်ကြီး
ဖြစ်လာသည်။ ဖန်စီတွဲထားတော့ ပို၍ခမ်းနားခဲ့၏။ ဒါပေမယ့် သိုက်တွင်
ယောက် ရုပ်ရှင်မင်းသမီးဖြစ်ချင်လာသည့် အချိန်ကစပြီး ဒီဆိုင်လေးက
ခပ်လှုပ်လှုပ်။ ငွေကအဝင်နည်းပြီး အထွက်များလာသည်။ ကိုယ်တိုင်အား
စိုက်ဖို့ထက် သူမလေးကားရိုက်တဲ့နောက်လိုက်နေရတာနဲ့ပဲ အချိန်ကုန်
တာ ကြာတော့ အခြေအနေမကောင်း။ စိတ်တိုစရာတွေတွေးတော့လည်း
သင်းလေးကြောင့်။ သင်းလေးလိမ္မာရှာပါတယ်လို့ တွေးမိတော့လည်း
သနားမိပြန်၏။ ဒေါ်တင်တင်လတ်အလုပ်တွေ အဆက်မပြတ်လုပ်ရင်း
တွေးချင်ရာတွေးနေဆဲ.. ၊

"ကြီးကြီး..ဧည့်သည်လာတယ်.."

အိမ်မှာ သိုက်ရဲ့ဝေယျာဝစ္စလုပ်ဖို့ ခေါ်ထားသည့် သူ့ကိုယ်သူသ
လို့ပြောနေသော ကောင်လေးရှိသည်။ ဧည့်သည်ရောက်ကြောင်း သတင်
ပေးတာက လေသံပဲဖြစ်ကာ မျက်နှာကတော့ အပြင်တံခါးဝကိုကြည့်
တာ လည်ပင်းကျိုးတော့မတတ်.. ၊

"ဘယ်သူလဲ..ငါတံခါးပိတ်ထားမလားမသိဘူး၊ သွားဖွင့်ပေးလိုက်
ပါတိုးတိုးရယ်.."

"ဟတ်.."

ဟုတ်လို့ပြောတိုင်း အသံကတစ်ဝက်ပဲပါကာ ဟတ်နဲ့ပဲပြီး၏။ ထို့
ပြင် သိုက်ရဲ့အဝတ်တွေပဲ တောင်းဝတ်နေသောကြောင့် သတိုးဆိုတာ
ယောကျ်ားလေးမှန်းတောင် မသိကြတော့ပါ.. ၊

"မြန်မြန်သွားလိုက်ပါဟဲ့..ညော် ငါ့နှယ်.."

မင်္ဂလာကိစ္စရှိနေတုန်း အေးတို့ဆီကလူပဲလို့တွက်ကာ ဒေါ်တင်တင်
လတ်ကလည်း ထုထောင်းနေတာတွေ ရပ်လိုက်ပြီး လက်ကိုသေချာ
ဆေးရင်း.. ၊

"ဘယ်သူလဲတိုးတိုးရေ..ခဏထိုင်ပါဦးလို့ ပြောလိုက်ပါဦး.."

ဒေါ်တင်တင်လတ်ရဲ့ အသံကျယ်ကျယ်က အပေါ်ထပ်ခွဲထိ တိုင်
ရိုက်သတင်းပို့လိုက်သလိုရှိခဲ့ပြီး.. ၊

♥♥♥♥♥

"ကြားလားသိုက်..ဧည့်သည်တဲ့၊ ငါ့အထင်တော့ နင့်ယောကျ်မ
ဘင်းကြီးတွေပဲလား မသိဘူး.."

"မဟုတ်လောက်ပါဘူး..သူတို့ကလာရင် ဖုန်းကြိုဆက်ပါတယ်.."

တွေးမရကြဘဲ နားတော့စွဲနေမိကြသည်။ ဖြူလေးက ခြေဖျား
ောက်၍ ရှေ့တိုးသွားကာ ဧည့်ခန်းကိုပစောက်ပုံဝိုက်၍ ကော်ရစ်ဒါထုတ်
းသည့် နေရာကျမှာ ရပ်လိုက်ပြီး.. ၊

"ဟယ်.."

ကော်လေးပုခုံ နောက်လှည့်မျက်လုံးပြူးပြသည်။

"ဘာလဲ..ဘယ်သူလဲ.."

စကားသံတွေလည်း လေသံသာသာဖြစ်ကုန်ကြကာ ကုန်းကုန်းကွ
ေ ရှေ့တိုးသွားကြလေသည်။ သုံးယောက်ပေါင်းမိသည့်အခါ
ောက်ထားသည့် ပန်းချီကားကြီးမှာ စုပြုံကပ်တွယ်၍.. ၊

"အောက်မှာ..အောက်မှာ.."

ဖြူလေးက ပါးစပ်ကြီးပြဲအော်ပြောပြီး လေသံမျှဖြင့် လက်ညှိုးထိုး
ေ.. ၊

"ဘာလဲ..နင့်ပထွေးနောက်တစ်ယောက် ခေါ်လာတာလား.."

"အဲ့ဒါငါ့ပထွေးဆိုရင် နောက်တစ်ယောက်ခေါ်လာခံမလား...အမေ့ပဲ ရန်ဖြစ်ရဖြစ်ရ.."

"အယ်..ကြည့်စမ်း.."

သိတော့သိနေကြပြီဖြစ်ကာ ရှေ့ထပ်မတိုးရဲဘဲ ပါးစပ်တွေပိတ်ရုံမိကြ၏။ ပြီးတော့ ဒီတိုင်းရပ်ကြည့်နေသည့် သိုက်ကိုသူတို့ပြန်လှည့်ကြည့်ပြီး လက်ယက်ခေါ်ကာ.. ၊

"နင့်လူ..နင့်လူ.."

မင်းမျက်နှာ ရောက်လာတာလား.. ၊

သူငယ်ချင်းတွေ ဒီလောက်ပုံပန်းပျက်နေတာတောင် အောက်ကဇည်သည်ကို မင်းမျက်နှာလို့မထင်တာ သိုက်ပဲဖြစ်သည်။ သူမကိုယ်တိုင် စိတ်ဝင်စားပြီး ရှေ့တိုးသွားမိသေးသည်။ ပြီးမှ 'ငါကသူ့ကိုပြေးကြည့်စရာလား'လို့တွေးပြီး ခြေလှမ်းရပ်ပစ်သည်။

"မင်းသမီးရေ.."

ပြောဆိုနေကြတုန်း တိုးတိုးက အင်္ကျီခါးတိုကို ဘောင်းဘီပေါင်တိုလေးနှင့် ကန့်ကလျပြေးတက်လာပြီး.. ၊

"အောက်မှာ ကိုမင်းမျက်နှာရောက်နေတယ်..ဘာလဲ ချောင်းကြည့်မလို့လား၊ ကိုယ့်လူကိုယ်ပဲဟာ.."

"အဲမာ..ငါကဘာလို့ကြည့်ရမှာလဲ၊ သူကဘာလာလုပ်တာလဲ.."

တိုးတိုးက နှုတ်ခမ်းနီဆိုးထားသည့် နှုတ်ခမ်းထူထူကို မဲ့ပြီးမှရယ်ကာ.. ၊

"တိုးတိုးဆီလာတာ မဟုတ်တာတော့ သေချာတယ်.."

ပြောပြီး ခိခနဲရယ်၏။ ပြီးမှ.. ၊

"လုပ်..လုပ် မြန်မြန်လေးအလှပြင်လိုက်၊ ပိုက်ဆံအိတ်ကြီးတစ်တောင်လောက်နဲ့ မင်းသမီးကိုရှောပင်ထွက်ဖို့ လာခေါ်ပုံပဲ.."

ဒီလိုကျတော့လည်း မဆိုးပါလား။ သိုက်ကျေနပ်သွားပေမယ့် အလှပြင်ဖို့တော့ စိတ်မကူးပါ။ တိုးတိုးက ပြန်ဆင်းမလိုပြင်ပြီးမှ ဖြူလေးတို့သုံးယောက်ကိုကြည့်၍.. ၊

"ရံဖွဲ့ဖော်တွေအပေါ်ကနေ ချောင်းနေကြတယ်ဟုတ်လား..ကြီးကြီး

ပြန်တိုင်ပြောမယ်.."

"တိုးတိုးပြောစမ်းပါဟယ်..သွားတော့ သွား.."

ရှိစီက စိတ်မရှည်စွာတွန်းလွှတ်လိုက်ပြီး တိုးတိုးထွက်သွားတာနှင့်ကိုနှာက ပြုံးစိစိဖြစ်လျက်.. ၊

"အန်တီလေးငါတို့ကို တမင်ဖွတာသိုက်ရေ..ဘာမှဖြူဖြူနုနုမဟုတ်ဘူး၊ အသားလတ်လတ် ညိုချင်ချင်ရယ်.."

"ဟုတ်လား.."

"ဟုတ်ပ..ပြီးတော့ ထူလိုက်တဲ့အမွေးကဆိုတာ.."

"ဟင်.."

"ပါးသိုင်းမွေးပြောပါဟယ်.."

"ဟယ်..ဒီလောက်လည်းမဟုတ်ပါဘူး၊ နားသယ်စပ်လေးတွေမှာ သိသာသာ ဆင်းနေတာပါ..မေးစေ့မှာအမွေးမရှိဘူး.."

"စိမ်းမည်းနေတာ နင်ကန်းနေလား.."

"စိမ်းရိပ်ရိပ်လေးပါ..အလကားသိုက်၊ ရှိစီမျက်မှန်ဆောင်ရတော့မှာ.. ဘစ်ယောက်က ညိုချောလေးရယ်၊ အတော်ဆွဲဆောင်မှုရှိတာ.."

တစ်ယောက်တစ်ခွန်းပြောရင်း ပြန်လှည့်ချောင်းလိုက် ရယ်လိုက်ကြသိုက်ကိုယ့်ကိုယ်ကို အနည်းငယ်ပြေပြစ်အောင်ပြင်လိုက်ပြီး ဆင်းခဲ့သည်။ ဧည့်ခန်းမှာမင်းမျက်နှာက လှောကားဘက်ကိုဘေးတိုက်ထိုင်ဘဖြစ်ကာ အန်တီလေးကလည်း ထိုင်လျက်ဒီတိုင်း။ သူကလည်းဆံအိတ်ကိုင်ထားသည့် လက်တစ်ဖက်ကို ပေါင်ပေါ်တင်၍ တိတ်စွာ.. ၊

"မင်းသမီးလာပြီကြီးကြီး.."

လူသုံးယောက်ဖြစ်လာပေမယ့် ဆက်လက်တိတ်ဆိတ်ဖွယ်ဖြစ်နေခြင်းကို တိုးတိုးကဖြိုခွင်းလိုက်ပြီး.. ၊

"မီးဖိုချောင်မှာ ဘာတည်ထားတာလဲကြီးကြီး..သမီးသွားလုပ်လိုက်ဦး.."

"နေ နေ..ငါလုပ်လက်စကို တခြားသူလုပ်တာလည်း မကြိုက်ပါဘူး၊ ရေ သမီးလာပြီဆိုတော့ စကားပြောဦးနော်..အန်တီလေး ခဏပဲ.."

"ရပါတယ်အန်တီ..သွားပါ.."

စကားသံကတော့ မဆိုးပါ။ သူ့ဘေးရောက်သွားမှ ကိုယ်တော်ကင့်ကြည့်ဖော်ရကာ.. ၊

"မရွှေသိုက် အပြီးထွက်လာတာလား..ပြန်တက်ပြီးအဝတ်လဲဦးမှာလား၊ ကျွန်တော်အချိန်သိပ်.."

"ရှင်ကအဲ့လိုမေးရအောင် ကျွန်မကိုဘာတွေကြိုပြောထားလို့ ကျွန်မကဘာတွေ ပြင်ဆင်ထားမယ်ထင်လို့လဲ.."

"အဲ.."

မျက်မှောင်တစ်ချက်ကုတ်သွားပြီး ပြောမည့်စကားက ထစ်ငေါ့သွားသည်။ သိုက်ပြောတာကို သဘောမကျသလို ခဏတိတ်သွားပြီးမှ.. ၊

"ဆောရီး..ကျွန်တော်မအားလိုက်တာနဲ့ ဖုန်းကြိုမဆက်မိဘူး၊ တကယ်က.."

"ဩော်.."

"ဒီလိုပါ..လာဖြစ်ဖို့လည်း မသေချာတော့ ဖုန်းဆက်ပြီးမှ.."

"အခု ဘာလာလုပ်တာလဲ.."

"ကျွန်တော်စကားဆုံးအောင် ပြောခွင့်ပေးပါလား..မရွှေသိုက် ကျွန်တော့်ကို ဖောင်းနေမှာသိပေမယ့် ကျွန်တော့်မှာလည်း.."

"ဒီမှာ..အဲ ပြော ပြော၊ ရှင်ဘာပြောချင်လဲသိဖို့က လိုသေးတယ်.."

သူမခွင့်ပြုမှ ပြောရမှာလိုလို လက်ခါပြောရင်း ဆိုဖာမှာဆောင့်ခနဲ့ ဝင်ထိုင်သည်။ မိနစ်းကလေးတစ်ယောက်အတွက် မည်သာသောနေထိုင်ပုံကြောင့် မင်းမျက်နှာက စိုက်ကြည့်သည်။ ပြီးမှ ခေါင်းညိတ်ကာ.. ၊

"ကျွန်တော်တို့အခု စေ့စပ်ပွဲအထိမ်းအမှတ်လက်ဆောင်ရယ် စေ့စပ်လက်စွပ်အတွက်ရယ်..စိန်ဆိုင်ကိုသွားမယ်၊ အဲ့ဒါကစေ့စပ်ပွဲက ကပ်နေတော့ မဖြစ်မနေသွားရမှာ..မရွှေသိုက်သဘောကျဝယ်လို့ရပါတယ်.."

"ခုချိန်မှရှောပင်ထွက်မှာက စိန်ဆိုင်တစ်ဆိုင်နဲ့တင် အချိန်ကုန်သွားမှာပေါ့.."

"စိန်ဆိုင်ဝင်ဖို့ အချိန်လုံလောက်ပါတယ်..ညနေစာဟိုတယ်လ်မှာ တစ်ခုခုဝင်စားပြီး.."

"ဘယ်သွားလို့ရသေးလဲ.."

"မိုးချုပ်ပြီလေ..မရွှေသိုက်ကို ကျွန်တော်ပြန်ပို့မှာပေါ့.."

"ဘာ.."

ဒေါသက ထောင်းခနဲထဖြစ်၏။ စိန်ဆိုင်မှာပစ္စည်းဝယ်ရုံ သင်းကအချိန်ကန့်သတ်တွက်ချက်လာတာ.. ၊

"စေ့စပ်ဖို့အတွက် သိုက်ကဘာမှမဝယ်ခြမ်းရသေးဘူး..စိန်ဆိုင်ဝင်ဖို့ အဝတ်အစား အသုံးအဆောင်တွေက ပြည့်စုံသွားမှာလား.."

"အဲ့ဒါ မရွှေသိုက်ကိုကျွန်တော် အချိန်ပေးခဲ့တာပဲ.."

"ဘာပြောတယ်.."

သူကပဲလူကို နားမလည်စွာကြည့်လို့.. ၊

ခပ်ကျဲကျဲမျက်တောင်တွေက သိပ်မရှည်ဘဲ ကော့နေသည်။ မျက်ခုံးထူထူက ထူလွန်းသလိုထင်ရပေမယ့် မျက်မှောင်ကုတ်ထားတာတောင် ကြည့်ကောင်းနေသေးသည်။ နှာတံပေါ်၍ မေးရိုးကားချင်သည်။ အညိုရောင်ရင့် နှုတ်ခမ်းတို့က ပုံကျသောကြောင့် သူမျက်နှာနဲ့လိုက်သည်။ တစ်ယောက်မျက်လုံးကို တစ်ယောက်စိုက်ကြည့်နေစဉ် သင်းကလည်းကျက်လုံးမလွဲ.. ၊

"ဟွန်း.."

သိုက်ကမဲ့လိုက်ပြီး ခြေချင်းချိတ်သည်။ ပြီးတော့ လက်လေးပါခပ်ပွပိုက်လိုက်ပြီး.. ၊

"ရှင့်ဘာသာ တစ်လောကလုံးက တာဝန်တွေထမ်းဆောင်နေရတာဖြစ်ဖြစ် အဲ့ဒီတာဝန်တွေကို ပခုံးမှာထမ်းထားရင် ကျွန်မကိုခေါင်းပေါ်တင်ထားရမှာ..တာဝန်တွေကို ခေါင်းပေါ်တင်ထားရတယ်ဆိုရင်တော့ ကျွန်မကို ပခုံးပေါ်ထမ်းရမှာပေါ့၊ အခြေအနေ အချိန်အခါဆိုတာ အဲ့လိုရှိတယ်.."

"ကျွန်တော်ကတော့ အခြေအနေအချိန်အခါဆိုတာ ကိုယ့်စိတ်ကြိုက်သတ်နှုတ်ဖယ်ရှားခြင်းပဲ..တစ်ယောက်အတွက် လိုတိုးပိုလျော့ဆိုတာ မရှိဘူး၊ တစ်စုံတစ်ရာကြောင့် နိုးပဲ.."

"ရှင်ကအဲ့လိုလား.."

"ကျွန်တော့်စကားမဆုံးသေးပါဘူး..ဒါက ကျွန်တော်တစ်ယောက်သည်း ဆုံးဖြတ်လှုပ်ရှားလာခဲ့တဲ့ ကာလပေါ့၊ အခု အဲ့ဒါတွေကို မရွှေသိုက်အတွက်နှားလည်ချင်တာ..ငွေကုန်တာ လူပန်းတာတွေက ကိုယ်အကျိုး

များလာမှာလည်း မဟုတ်ဘူး.."

"ရှင်အကျိုးလိုချင်ရင်လည်း လက်ဖွဲ့ပစ္စည်းတန်ဖိုးကြီးကြီးယူခဲ့ကြပါလို့ ဖိတ်စာမှာထည့်ရိုက်လိုက်လေ.."

"အခုက လက်ထပ်မှာမှ မဟုတ်တာ.."

လက်ထပ်ပွဲကျရင်တော့ တကယ်ဒီတိုင်းလုပ်မှာလားမသိ။ မျက်နှာက ဒီကဘာတွေပြောနေနေ ရင်ထဲမထိသလိုလို မသိလိုက်မသိဘာသာလိုလို ခပ်ရိရိ ကြောင်တောင်တောင်။ ပြီးတော့ နာရီကြည့်ပြီး နေရာမှထကာ.. ၊

"ကဲပါ..ကျွန်တော်တို့ကားပေါ်ကျမှ ဆက်ဆွေးနွေးရအောင်၊ အချိန်တော်တော်ကုန်သွားပြီ.."

"ဟွန်း.."

သိုက်က သူနဲ့စကားပြိုင်ပြောမနေဖို့ ဆုံးဖြတ်လိုက်ပြီး ခပ်မဲ့မဲ့ပြုံးကာ.. ၊

"ပထမဆုံး ကျွန်မအလှပြင်ရဦးမယ်.."

သူမျက်မှောင်ကုတ်သွားသည်။ သိုက်က နေရာမှခပ်ကြွကြွလေး ထရုပ်လိုက်ပြီး လက်လေးနှစ်ချောင်းထောင်၍.. ၊

"နောက်နံပါတ်နှစ်က ကျွန်မလိုအပ်တာ ဒီနေ့အကုန်ဝယ်မယ်..နံပါတ်သုံးက ညကိုးနာရီမထိုးဘဲ ကျွန်မညစာမစားတတ်ဘူး.."

"ကိုးနာရီ.."

"ဟုတ်တယ်.."

မင်းမျက်နှာ ရှုံ့မဲ့သွားသည်။ ပြီးတော့ ခေါင်းရမ်းပြီး နာရီထပ်ကြည့်၏။ ပြီးမှ နားမလည်သလိုမေ့လာကာ.. ၊

"နေပါဦး..မော်ဒယ်လ်တွေညနေခြောက်နာရီကျော်ရင် ဘာမှမစားတော့ဘူးလို့ ပြောကြတာပါ.."

"ဘယ်သူပြောတာလဲ.."

သူမဖြေနိုင်ဘဲ အင်း အဲ ဖြစ်သွားစဉ်.. ၊

"အဲ့ဒါဝတ္ထုလူတွေ ဝိတ်ချတဲ့နည်း.."

"ဝဝ မဝဝ မင်းကမင်းသမီး..ပိုဂရုစိုက်ရမှာပေါ့.."

"စိုက်စိုက် မစိုက်စိုက်..အဲ့ဒါကိုရှင်ဂရုစိုက်နေဖို့ မလိုပါဘူး၊ အခု

ကျွန်မအဝတ်သွားလဲမယ်..ခဏစောင့်၊ အဲ..မပြီးခင်ထိ.."

"မရွေသိုက် ခင်ဗျားတမင်ရွဲ့နေတာတော့ မဟုတ်ပါဘူးနော်.."

သိုက်က လှောကားဆီလှမ်းပြီးမှ သမင်လည်ပြန်ကြည့်လိုက်ပြီး..၊

"ရှင်ကရော ကျွန်မကိုတမင်လိုးတာလား.."

"လိုးစရာလား.."

"ကျွန်မကရော ရွဲ့စရာလား.."

အောက်မှာ ရန်ဖြစ်နေတာကို အပေါ်ကနေ အတိုင်းသားကြားနေရတာ ဖြူလေးကရှေ့ထပ်တိုး၏။

"မျက်တောင်တွေကို အပေါ်စီးကနေ မြင်နေရတာ အသည်းယားသိုက်တာဟယ်..ရေလည်လန်းတယ်.."

"ရွေသိုက်လား.."

"ဖြစ်စရာလားဟဲ့.."

တစ်ယောက်နဲ့တစ်ယောက် နည်းနည်းစီတိုးနေကြရင်း ရုတ်တရက်ကော်ရစ်ဒါလက်ရမ်းက ဗျစ်ခနဲမြည်သွားပြီး.. ၊

"ဟဲ့..ဘာလဲ.."

အဖြစ်ဆိုးတော့မည်ကိုသိလိုက်ပေမယ့် နောက်ကထပ်ညပ်တိုးနေတော့ ပြန်ဆုတ်လို့မရတော့ဘဲ.. ၊

"အမလေး.."

"ဟဲ့..ဟဲ့ ငါ့ကိုဆွဲထားကြဦး.."

မိန်းကလေးသုံးယောက် ကော်ဇောပျံစီးလာတဲ့အတိုင်း အောက်ထပ်ဆည့်ခန်းအလယ်သို့ အုန်းခနဲပြုတ်ကျလေသည်။

"ခွမ်း.."

အအေးဗန်းကိုင်ထွက်လာသည့် ဒေါ်တင်တင်လတ်မျက်လုံးကြီးပြူးကာ လက်ထဲကဗန်းနဲ့ဖန်ခွက် ခွမ်းခနဲကျကွဲ၏။ လှောကားရင်းရောက်နေသည့် သိုက်လည်း ကမန်းကတန်းပြန်လှည့်ပြေးလာကာ.. ၊

"သိုက်..အ.."

"အား...ထလို့မရတော့ဘူး.."

ပန်းချီကားချပ်နှင့် သိပ်မမြင့်သည့်အကွာအဝေးကြောင့် ဘာမှသိပ်ဒဏ်ရာကြသော်လည်း မင်းမျက်နှာရဲ့ခြေထောက်နားမှာ ရှိစီပုံပန်းပျက်

လျက်.. ၊

"ထူပေးပါဦး..ဒီမှာ အား.."

လက်ကမ်းပေးနေမှ မင်းမျက်နှာ ပျာပျာသလဲ ဆွဲထူပေး၍.. ၊

"ဘာဖြစ်ကြတာလဲ..ခင်ဗျားတို့စုပါဝူးမန်းရိုက်မလို့ ကျင့်နေကြတာလား.."

"ဟုတ်တယ်လေ.."

သိုက်က ထိုစကားကို အမိအရဖမ်း၍.. ၊

"စက်သီးကြိုးလေးဘာလေးဆင်ပြီးမှ လုပ်ပါဆိုတာ နားမှမထောင်တာ.."

တကယ်ပဲလေ့ကျင့်နေသလိုလို ခါးလေးထောက်၍ သဟောက်သမဟမ်းလုပ်ပြရင်း.. ၊

"အထပ်နိမ့်နိမ့်လေးမို့ တော်သေးတာပေါ့.."

"ဖြစ်ရလေဗျာ..လေ့ကျင့်တာဆိုလည်း ဘောင်းဘီလေးဘာလေးဝတ်ပြီး တစ်ယောက်စီလုပ်မှပေါ့.."

"အယ်.."

ဂါဝန်မတိုမရှည်နှင့် ဖြူလေးမျက်လုံးပြူးသွားသည်။ ကိုယ့်ဂါဝန်ကို စမ်းလိုက်တော့ ဂါဝန်စက ကျောပေါ်ပြန်ကပ်နေသဖြင့် စမ်းလို့မမိ.. ၊

သေလိုက်စမ်း အဖြူလေးမ..သွားသေလိုက်တော့.. ၊

ရှက်လှချေရဲ့လို့ ရင်ထုအော်ရင်တောင် သနားမယ့်သူရှိမှာမဟုတ်..

♥♥♥♥♥

အခန်း(၅)

"ဟာ..မင်းသမီးမြန်မြန်လုပ်လေ၊ ရှုတ်တည်တာ ရှစ်နာရီတည်းကဆယ်နာရီတောင်ထိုးတော့မယ်.."

ဒါရိုက်တာက မျက်စိမျက်နှာပျက်နှင့် လာပြောသွားသည်။ သိုက်ရဲ့သက်တွေပို၍ သွက်လက်မြန်ဆန်သွားကာ.. ၊

"တိုးတိုးရယ်..မြန်မြန်လုပ်စမ်းပါ၊ ဒီဆံပင်လေးလိမ်နေတာ မပြီးတော့ဘူး.."

"ပြီးပါပြီမင်းသမီးရယ်..မင်းသမီးတို့က ရယ်စရာတွေပြောနေတော့ဆယ်ချင်နေတာနဲ့.."

"ခစ်..ခစ်.."

တိုးတိုးကစပြီး ရိုစီကရင်ထိုးရွေးပေးနေရင်း ရယ်ကာ.. ၊

"အဲ့နေရာမှာ ဖြူလေးပုံစံဟယ်..ငါဖြင့်ရယ်တောင်မရယ်ရက်ပါဘူး၊ ဟား ဟား ဟား.."

"အောင်မယ်လေး..မရယ်ရက်လို့ပဲ.."

ပန်းစကားမျက်စောင်းထိုးကာ..၊

"သူ့ခမျာ..အပြင်တောင်မထွက်ရဲတော့ဘူး.."

"ဒါတော့ အိုဗာဘောင်းတာပါဟယ်..ငါတို့ချောင်းကြည့်ရင်း တန်းပြုတ်
ကျသွားမှာ..ဒီမျက်နှာသံမီးတို့ ဘာတို့ကိုယ့်ဂါဝန်လန်နေတာကို ဟို
ကမမြင်ခင် ဆွဲချလိုက်ရမှာပေါ့.."

"ဒါပေမဲ့ အဲဒီမှာမင်းသားတွေမလား...ပေါသွားတာလည်း မ
ဟုတ်ဘဲနဲ့"

"ဘာထူးလို့လဲတိုးတိုးရယ်..နင့်အတွက်တော့ ဟုတ်မှာပေါ့.."

"အဲမယ်..တိုးတိုးတို့က ကိုယ့်ဟာကိုယ် ဗိုင်းကောင်းကျောက်ဖိထား
တာနော်၊ စမ်းသပ်ခံနိုင်တယ်.."

"တော်ပါပြီ..ရှင့်ကိုလည်း စိတ်မဝင်စားပါဘူး.."

"စိတ်ထဲက ကြိတ်ဝင်စားနေတဲ့သူ ရှိရင်ရှိမှာပေါ့.."

"ဟေး...မပြီးကြသေးဘူးလား.."

"ပြီးပါပြီဆင့်..ခဏလေးပါ.."

တိုးတိုးကလည်း ဒါရိုက်တာနဲ့အသံတူအောင် လှမ်းအော်ပြောကာ..

"ဟွန်း..နာမည်ကြီးမင်းသားမင်းသမီးတွေဆို သူတို့ဒီလိုအော်ရဲပါ
လိမ့်မယ်.."

တိုးတိုးတိတ်တိတ် အတင်းပြောနေတုန်း.. ၊

"မင်းသားလာပြီ..မင်းသားခဏလေးနော်၊ ဟေ့..ကုတ်ဒ်တစ်ဘူး
ဖောက်စမ်း.."

"တွေ့လား...အထက်ဖားအောက်ဖိ.."

"တွေ့ပါတယ်တိုးတိုးရယ်..နင်ကလည်း ကိုယ့်အလုပ်ကိုယ်မလုပ်
ဘူး၊ တော်တော်ကိုစပ်စုတာ.."

"အာ့တွေကြောင့်ခက်တာ ငါ့မင်းသမီး..ကိုယ့်ကိုယ်ကိုအောင်မြင်
အောင် ကြိုးစားစမ်းပါ၊ ထုတ်ဝေသူနဲ့မြန်မြန်လက်ထပ်ပြီး ကိုယ့်လုပ်ခွင်
ရမယ့် ဇာတ်တွေ အမုန်းရိုက်ပစ်လိုက်..မင်းသမီးခုထိ ထိုးဖောက်အောင်
မြင်မလာသေးတာ ရတဲ့ဇာတ်တွေက ကိုယ့်ဇာတ်မဟုတ်လို့လေ..ကိုယ့်
ကာရိုက်တာနဲ့လိုက်မှယ် ဇာတ်မျိုးမှ.."

"ဒါလည်းဟုတ်တာပဲဟ..ကိုယ်ကကားများများ ရိုက်ရဖို့ပဲ ကြိုးစား
နေမိပေမယ့် တစ်ကားတည်းနဲ့ နာမည်ကျော်သွားတာတွေကြည့်ရင် သရုပ်
ဆောင်တွေအတွက် ဇာတ်ကအရေးကြီးဆုံးပဲဆိုတာ သိသာတယ်..အခု

က ကိုယ်ကြိုက်တဲ့ဇာတ်ကို ရွေးချယ်ခွင့်မရှိဘူးဖြစ်နေတာ.."

သူငယ်ချင်းတွေပြောကြတာလည်း လိုရင်းက မင်းမျက်နှာနဲ့လက်
လိုက်ဖို့ပဲဖြစ်နေသည်။ ကိုယ်လည်း လက်တော့ထပ်ချင်တာပေါ့။
သူကိုမှ မပြောဖြစ်ပေမယ့် သူတို့ပြောနေတဲ့ အခြေအနေမျိုး သူမ
ငွေ့တနေခဲ့တာ ကြာပြီပဲ။ သရုပ်ဆောင်ကောင်းတစ်ယောက် ဖြစ်နေ
ဖို့က နိုင်ငံကျော်တစ်ယောက်ဖြစ်ဖို့က သူမအတွက် အများကြီးလိုနေ
သည်။ ဒါကို ကိုယ့်အင်အားနဲ့တော့ ဘယ်လိုမှကျော်ဖြတ်နိုင်ဖို့
သည်။ ဟိုလိုဒီလိုနည်းတွေနဲ့ ပြည့်စုံအောင်ကြိုးစားပါလားဆိုတော့
ည်း 'မလည်ဘဲရှုပ် အထုပ်ပေါသည်'တဲ့.. ၊

"အဟမ်း.."

နောက်က ချောင်းဟန့်သံကြောင့် သူတို့တွေလှည့်ကြည့်လိုက်မိကြ
မင်းသားဒီဒေးက အခန်းတံခါးဝကနေ လက်ပြန္ဓတ်ဆက်နေသဖြင့်..၊

"ဩော်..ကိုဒေး လာလေ.."

နာမည်ကြီးမင်းသားက လာနှုတ်ဆက်နေသဖြင့် ဖြူလေးတို့ပျာပျာ
သလဲဖြစ်ကုန်ကာ နေရာထိုင်ခင်းပေးကြပြီး နောက်ဆုတ်နေကြ၏။

"ဖြည်းဖြည်းလုပ်တော့သိုက်..ဒါရိုက်တာ ခေါင်းမီးတောက်နေပြီ.."

"ဟင်..ဘာဖြစ်လို့လဲ.."

"ထရူးလပ်ဗ်က ပရိုဂျူဆာနဲ့ငြိနေလို့.."

ဟင်.. ၊ True Loveက မင်းမျက်နှာပဲ..။ ဒီဒေးက သိုက်နဲ့မင်း
နှာ ပတ်သက်တော့မည့်အရေးကို သိထားသည့်အပြုံးနှင့်.. ၊

"ဇာတ်လမ်းအရ လိုကေးရှင်းဘောင်ဝင်နေတဲ့ ရပ်စထန့်တွေက
းလပ်ဗ်နဲ့ချည်း ငြိနေလို့တဲ့.."

"တစ်မြို့လုံးတော့ သူ့မပိုင်လောက်ပါဘူးကိုဒေးရယ်..ဇာတ်လမ်းအ
ပြင်နေလည်း အဆင်ပြေသလိုပြောင်းရမှာ မဟုတ်ဘူးလား.."

"မဟုတ်ဘူးလေ..ကျွန်တော်က အဲ့ဒီမှာရန်ဖြစ်ပြီး နောက်ထပ်ချိတ်
နေရာနဲ့ တစ်ဆက်တည်းအဆင်ပြေဖို့က ရက်စထန့်ဖြစ်နေတိုင်း
ဘူး.."

"ဩော်.."

"ကျွန်တော်ထွက်ပြေးလာမှ သိုက်ရှိနေတဲ့နေရာနဲ့ တစ်ခါတည်းချိတ်

ပြီး ခုန်ချမှာတွေ့ တိုက်ခိုက်တာတွေ့..ပြီးရင် အဲ့ဆိုင်ရှေ့က ပြန်ဖြတ်ရမှာ..

"ဟုတ်တယ်..သိုက်အဲ့ဒါကိုမတွေးလိုက်မိဘူး.."

"ကျွန်တော်ပြောချင်တာက သိုက်များ ဖုန်းတစ်ချက်လောက်ဆက်ပေးရင် ရမလားလို့.."

"ရှင်.."

ထိုစဉ် ဒါရိုက်တာကလည်း တံခါးဝမှာပေါ်လာပြီး လက်တစ်ချက်ပြ၍ အထဲဝင်လာသည်။ အထဲရောက်တာနှင့် ထိုင်တောင်မထိုင်နိုင်ဘဲ..

"ဒီနေ့တော့ ဘာမှမလုပ်ရဘဲ ရှူတင်ဘရိတ်ခ်လို့ မရဘူးမင်းသမီးရေ..ငါတို့ကိုတစ်ခုခုတော့ ကူညီဦး.."

သိုက် စိတ်ညစ်သွားသည်။ ကိုယ်နဲ့စေ့စပ်တော့မှာပေမယ့် မင်းမျက်နှာနဲ့ သူမကအဆင်ပြေတာမဟုတ်.. ၊

"မင်းသားကလည်း မနက်ဖြန်အမေရိကားသွားဖို့ရှိတယ်..ငါတို့အမင်းသားလည်းပါသွားမှာ၊ ဒီနေ့သူတို့ဆင်းနေတွေ အကုန်ရိုက်ထားမှဖြစ်မှာ.."

"အဲ့ဒါသိုက်နဲ့.."

"ထရူးလပ်ဗ်က ပရိုဂျူဆာက ညည်းနဲ့စေ့စပ်ထားတာမို့လား.."

"ဟာ..ဆရာကလည်း မစေ့စပ်ရသေးပါဘူး၊ အဲ့ဒီလူနဲ့လည်း.."

"ဩော်..သိုက်ကလည်း ဒါပေမယ့်သူများပြောတာနဲ့ နင်ပြောတာတူမလား၊ ဖုန်းလေးတစ်ချက်ဆက်ရတာ ဘာဖြစ်တာလိုက်လို့.."

ရိုစီဆရာကြီးဝင်လုပ်နေသည်။ ဒီလိုလုပ်ပေးသင့်ကြောင်း ပန်းစကားက ခေါင်းညိတ်ထောက်ခံနေ၏။ အားလုံးမျှော်လင့်နေသည့်ထဲမှာ သိုက်ဦးနှောက်ခြောက်ရလျက်.. ၊

"အခုအဲ့ဒီရက်စထရန့်ကို ဘာဖြစ်လို့မရတာလဲ.."

အစကပြန်မေးနေတော့ ဒါရိုက်တာက စိတ်မရှည်ပုံဖြစ်သွားကာ..

"ကျွတ်..ပြောပြန်ရင် အတင်းပြောတယ်ဖြစ်ဦးမယ်၊ အဲ့ဒီပရိုဂျူဆာက..တယ်လေ ညည်းနဲ့စေ့စပ်မယ့်လူကို ကဲ့ရဲ့လို့လည်းမဖြစ်.."

"ကဲပါဆရာရယ်..ကဲ့ရဲ့ချင်နေတာကို ထုတ်ပြောပြီးမှ ပြောသာပြောစမ်းပါ.."

သိုက်နဲ့ဒါရိုက်တာဖြစ်နေပုံကိုကြည့်ပြီး ဒီဒေးကရယ်ကာ.. ၊

"ဒါဆို အတင်းမကျ သတင်းမက ကျွန်တော်ပဲပြောလိုက်မယ်.."

"အေး..ကောင်းတယ်.."

"ဒါရိုက်တာနဲ့ရှူတင်မန်နေဂျာ ခုနပြောတဲ့အတိုင်း.."

"ဟာ..အဲ့လိုမလုပ်နဲ့လေ.."

"ဟား ဟား ဟား.."

ရယ်ရယ်မောမောတွေဖြစ်သွားမှ ဒီဒေးကဒါရိုက်တာထိုင်ဖို့ ခုံဆွဲပေးဒီဘက်ပြန်လှည့်၍.. ၊

"ထရူးလပ်ဗ်ပရိုဂျူဆာက နည်းနည်းကပ်ဖဲ့သပ်တယ်ကွ..အဲ မဘူး...တော်တော်ကပ်ဖဲ့သပ်တာ.."

"အဟမ်း...ဟမ်း.."

ရိုစီက ချောင်းဟန့်လိုက်ပြီးမှ မျက်နှာလေးဟိုလွဲ ဒီလွဲ။ သို့သော်ဒေးက ရိုစီချောင်းဆိုးလိုက်တာကို မော့ကြည့်ပြီး အဓိပ္ပာယ်တစ်မျိုးက်သွားကာ.. ၊

"တော်ပြီ..တော်ပြီ အခုကိစ္စပဲပြောတော့မယ်၊ အန္တရာယ်ကင်းကင်း.."

"ရပါတယ်ပြောပါ..သူနဲ့သိုက်နဲ့လည်း သိပ်အဆင်ပြေကြတာမဘူး.."

သူများပြောမယ့်စကားကို ရှိုက်ဖို့အတွက် ကိုယ်ကအရင်ခင်းပေးရသူ့ကိုမုန်းသည်ဖြစ်စေ ချစ်သည်ဖြစ်စေ တစ်ယောက်အကြောင်းယောက်သိဖို့က မျက်နှာချင်းဆိုင်စကားပြောကြတာလောက်နဲ့ မလုံပေ။ သူနဲ့ထိစပ်တဲ့ပတ်ဝန်းကျင်မှာ ဘယ်လိုလူစားလဲဆိုတာအတွက် ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသလို ဖြစ်လည်းမတတ်နိုင်။ သေဘ ဒါရိုက်တာနဲ့မင်းသားကတော့ သူမတွေးသလိုမတွေးကြတား...။ သူတို့ကပဲ ပိုတော်နေကြတာလားမသိ.. ၊

"တွေ့လား...ဒါရိုက်တာကြီး၊ ဒါရိုက်တာကြီးရဲ့မင်းသမီး အင်ထရိုင်နေပြီ.."

"မလုပ်ပါနဲ့သိုက်ရာ..ငါကိုဒီနေ့ဆင်းနဲ့ကို come on မှာရိုက်ခွင့်ညည်းပြောပေးမှရမှာ.."

သိုက်မျက်နှာလေးမဲ့သွားသည်။ သင်းတို့အထင်ကြီးနေသမျှ အရှက်သေချာသိနေသဖြင့် ခုနချောင်းဆိုးလိုက်သည့် ရိုစီကိုပဲ ဒေါသတွေ

ကြိတ်ထွက်နေမိ၏။ သူ့အကြောင်းမကောင်းတရောင်းလေးတွေ နှ
ထောင်ဖာထေးရင်း ဒီကိစ္စကို အသာလေးခေါင်းရှောင်ဖို့ဟာ ဒီမိန်းမ
တော်တော်ပဲ လူကိုသူဌေးကတော်လို ပွဲတက်စေချင်နေကြသည်။ ဒီလူ
ကြောင်း မသိလို့လား.. ၊

"ဆရာကလည်း သိုက်နဲ့သူနဲ့မရင်းနှီးပါဘူးဆိုမှ သူ့အကြောင်းဆ
တို့သိထားသလောက်တောင် သိုက်မသိဘူး.."

"ငါတို့ကလည်း ဒါရိုက်တာက ပရိုဂျူဆာကိုသိနေတာမျိုးပါ..တခြ
ဘာမှမသိပါဘူး၊ ခုလည်း သူ့ဟာကို အဲ..သူ့ရပ်စထရန့်ကို တစ်ခန်းလေ
သုံးရုံပဲ.."

"ခက်တော့တာပဲ.."

"မခက်ပါဘူး...ငါတို့ကသူနဲ့တိုက်ရိုက်ပြောလို့ရတဲ့ ဖုန်းနံပါ
တောင် မသိဘူး၊ သူ့ကောင်လေးတွေကလည်း ဒါဆိုဒါ..ဘာမှကိုပြော
မရဘူး.."

ရှောင်လွဲမရတော့သဖြင့် သူနံပါတ်ကိုခေါ်လိုက်ရကာ.. ၊

♥♥♥♥♥

အခန်း(၆)

"ဟလို.."

"....."

"အေး...ဒီနေ့တင်ရမှာ၊ ဟုတ်တယ်.."

"....."

"ဟာ..မဖြစ်ဘူး၊ ဖူးလ်စခရစ် ပြီးမှဆို ရုံတင်ရက်ချိတ်ဖို့ နောက်ကျ
မှာပေါ့.."

မနက်တည်းက လာနေတဲ့ဖုန်းတွေမှာ တစ်ခုမှအဆင်ပြေချောမော
တာမရှိ.. ၊

"အေး...ပြီးတာပဲ၊ ဘာဖြစ်ဖြစ် ဒီနေ့ဆင်းနိစီရီရယ် ရဖို့လိုရင်း.."

ဖုန်းကိုဂွက်ခနဲချပစ်ကာ နေရာမှထရပ်လိုက်လျှင် ဖုန်းမြည်သံက
နားဝဲချင်းပြန်ဝင်၏။

"မိုးကြီးကိုင်လိုက်စမ်း.."

"ဆရာ့ဟန်းဖုန်းက မြည်နေတာလေ.."

ပြောလိုက်မှ ကိုယ့်အိတ်ကိုပြန်စမ်းကြည့်မိသည်။ ထုတ်ကြည့်လိုက်
တော့ယ် နံပါတ်စိမ်းဖြစ်နေကာ.. ၊

"ဟလို.."

"ကိုမင်းမျက်နှာ.."

ကိုယ့်နာမည်ကိုခေါ်လိုက်သည့် မိန်းကလေးသံကြောင့် မျက်မှောင်ကုတ်သွားမိသည်။

"ပြောပါခင်ဗျ..ဘယ်သူလဲမသိဘူး.."

"ကျွန်မရွှေသိုက်.."

"သြော်..ပြောလေ ဘာကိစ္စရှိလို့လဲ.."

"ကျွန်မတို့ကြင်နာသူ'ဇာတ်လမ်းအတွက် come onမှာ ဆက်တင်လုပ်ဖို့.."

"မရဘူးလို့ပြောလိုက်တာပဲ..ဘာဖြစ်လို့လဲ၊ ရန်ကုန်တစ်မြို့လုံးမှာ come on တစ်ခုပဲရှိတာလား..စိတ်ရှုပ်နေရတဲ့အထဲ.."

"ရှင့်ဆီကိုလည်း အပျင်းပြေဖုန်းဆက်ဖို့ အကြောင်းမရှိဘူးမင်းမျက်နှာ..ရှင်ကိုယ်တိုင် ပရိုဂျူဆာဖြစ်နေပြီး ဒီလိုမေးရလား၊ ဇာတ်တစ်ခုအတွက် လိုကေးရှင်းဆိုတာ.."

"မသိဘူး..အဲ့ဒီရပ်စထရန့်မှာ မနက်ဖြန်စေ့စပ်ပွဲအတွက် ပြင်ဆင်ထားဖို့ရှိတယ်၊ ဒီနေ့တစ်နေ့လုံးမရောင်းဘူး မငှားဘူး...ရပြီလား.."

"စေ့စပ်ပွဲဟုတ်လား..ဒီလိုနေရာကို စေ့စပ်ပွဲလုပ်ဖို့ ဒိတ်လုပ်ထားတယ်ပေါ့၊ ခန်းမမရှိ ခမ်းနားမှုမရှိ ရှင်မဟုတ်တာတွေမပြောနဲ့.."

"ကျုပ်ငှားချင်မှ ငှားလို့ရနေတာကို မဟုတ်တာတွေပြောပြီး ငြင်းနေဖို့လိုလို့လား..ခင်ဗျားမယုံနိုင်ရင် မှတ်သွားဦး၊ အဲ့ဒီရပ်စထရန့်မှာ စေ့စပ်ပွဲလုပ်မှာ မင်းမျက်နှာနဲ့မင်းသမီးရွှေသိုက်.."

"ဘာ.."

ဖုန်းထဲကဆောင့်ထွက်လာသည့်အသံကြောင့် မင်းမျက်နှာမဲ့သွားကာ ဖုန်းကို နားကခွာလိုက်ရသည်။

"မင်းမျက်နှာ..ရှင် ရှင်က..တောက်.."

သိုက် ဒေါတွေကန်ကာ ဖုန်းကိုပေါက်ခွဲပစ်ဖို့ပါ လက်ရွယ်မိ၏။ သို့သော် ဆယ့်သုံးသိန်းပေးထားရတာ သတိရပြီး အိတ်ထဲပဲဆောင့်အောင့်ထည့်လိုက်ကာ.. ၊

"ဆရာကြီးတယ်နော်..သိုက်ဘာမှပြောမပေးနိုင်တော့ဘူး၊ ဆောရီး

.."

မျက်ရည်တွေလည်နေကာ မကြာခင်ငိုချလိုက်တော့မလို အသံလေးတုန်ခြင်နေသဖြင့် ဒါရိုက်တာနဲ့ဒီဇိုင်းတို့လည်း အသံတွေတိတ်နေခဲ့၏။

"သိုက်..နေဦးလေ.."

"နင်နေခဲ့..ရှုတင်ဘာလုပ်မှာလဲမသိဘူး၊ ငါ့ကိုဖုန်းဆက်.."

ပြောနေရင်း မျက်ရည်ကျ၏။ မျက်ရည်ကိုမသုတ်ဘဲ ဒီတိုင်းထွက်သွားလျှင် ရိုစီခေါင်းလေးကုတ်ပြီး ကျန်ရစ်ခဲ့၏။ ကြားတော့ကြားလိုက်ပေမယ့် ဟိုကဘာပြာတယ်ဆိုတာ လုံးစေ့ပတ်စေ့တော့မသိ.. ၊

မင်းမျက်နှာဆိုတဲ့လူကို ဘယ်လိုနားလည်ရမှန်းကို မသိတော့ပါ..၊

♥♥♥♥♥

"ချလိုက်..ဟေ့ မင်းတော်တော်လွန်နေပြီ.."

အသည်းအသန်လှမ်းအော်တားရင်း မင်းမျက်နှာပြေးဝင်သွားမိသည်။ ပြီးတော့ မြောက်ထားဆဲသူမလက်ထဲက ပန်းအိုးကြီးကိုဆွဲလုဖို့ ကြိုးစား၏။ ရွှေသိုက်ကအလုမခံဘဲ လက်လွှဲပစ်ကာ ငါးကန်ကိုမခွဲတော့ဘဲ အိုးကိုဒီတိုင်းရိုက်ခွဲပစ်လိုက်၏။

"ဟာ..မင်း.."

ခွမ်းခနဲကွဲကြေလွင့်စင်သွားသည့်အပိုင်းအစတွေကိုကြည့်ကာ မင်းမျက်နှာမျက်လုံးတွေ တစ်ဆိုင်လုံးကအပျက်အစီးတွေဆီ အကြည့်တွေထပ်ရောက်၏။ ခပ်ကြိတ်ကြိတ်တက်ခေါက်၍.. ၊

"မင်းကဘာလုပ်တာလဲ..ငါပိုင်တဲ့ပစ္စည်းတွေကို မင်းဒီလိုလုပ်ခွင့်မရှိဘူး..."

"ရှိရှိမရှိရှိ လုပ်တော့ဘာဖြစ်လဲ..ရှင့်ကိုရော ဒီလိုစုတ်စုတ်ပြတ်ပြတ်သားသောက်ဆိုင်ထဲမှာ စေ့စပ်ပွဲလုပ်ပါ့မယ်လို့ ဘယ်သူကသဘောတူခဲ့လို့ အကျအနပြင်ဆင်နေတာလဲ.."

"ဟ..မင်းသဘောမတူရင် ငါ့ကိုပြောလို့ရတယ်၊ ခုလိုလုပ်ဖို့လိုသလား.."

"သဘောတူမတူ ရှင်မေးခဲ့လို့လား..ရှင်လည်းကိုယ်ထင်သလို လုပ်တာယ်၊ ကျွန်မလည်း ကိုယ့်ဆုံးဖြတ်ချက်ကိုပြုတယ်..အဲ့ဒါကြောင့် ရှင်နဲ့ကွာကွန်မကျေပြီ၊ အိုခေ.."

"ဟေ့.."

သိုက်က လက်ဖဝါးနှုတ်ဖက်ခါပြီး ချာခနဲလှည့်ထွက်သည်။ မင်းမျက်နှာကြည့်နေပြီးမှ သူမလက်ကလေးကို ဆတ်ခနဲဆွဲယူလိုက်ပြီး..၊

"မင်းလုပ်သွားတာတွေကို ငါကဘာနဲ့ကျေရမှာလဲ.."

ဆွဲပစ်လိုက်သည့်အရှိန်နှင့် သိုက်ကိုယ်လေးယိုင်သွားကာ မျက်နှာချင်းမထိတထိ နီးကပ်သွားခဲ့လျက်.. ၊

"ဘာနဲ့ကျေအေးချင်တာလဲ..ပြောကြည့်လိုက်လေ၊ ရွှေသိုက်တို့ကိုယ်မှန်တယ်ထင်ရင် ကျားပါးစပ်ထဲက အစွယ်ကိုချိုးရမလား..မဖြစ်ဖြစ်အောင်ကိုလုပ်မှာ.."

"သေနေတဲ့ကျားလို့ထည့်ပြောဦး.."

အခန်း(၇)

"ဘာ..ဘယ်လို.."

ကြားလိုက်ရတာ ကိုယ့်နားကိုယ်မယုံနိုင်။ ဖုန်းကပျာကယာပြန်သိမ်းပြီး ချက်ချင်းမောင်းထွက်လာခဲ့သည်။

"မင်းသမီးရွှေသိုက် ဆိုင်ထဲမှာလာသောင်းကျန်းနေတယ်.."တဲ့..

ဘာလဲ..ဒီမိန်းမ..။ ကိုယ့်ကိုယ်ကို မင်းသမီးဆိုတာ မေ့နေတာလား..စိတ်တိုနေသဖြင့် ကားကိုဘယ်လိုအရှိန်နဲ့ မောင်းသွားမိမှန်းတောင် မသိလိုက်ဘဲ သိပ်မကြာခင်ရောက်သွားခဲ့သည်။ အဖျားလေးတွေတွန့်လိမ်နေသော ကျောလယ်လောက်ဆံနွယ်လေးတွေနှင့် ရှုတင်ကနေ တန်းထလာပုံပေါက်နေသော မျက်နှာလေးမှာလည်း အလှအပခြယ်မှုန်းထားလျက်သား။ သို့သော် အမောတကောဖြစ်နေပုံပေါ်သည့်မျက်နှာလေးက ချွေးပြန်နေတာလည်းရှိကာ ဒေါသကြောင့်နီမြန်းနေခဲ့ပြီး.. ၊

"ဟေ့..အဲ့ဒါတွေမလုပ်နဲ့.."

မျက်နှာစာသုံးဖက်မှာ လှပစွာစီခြယ်ထားသည့် ငါးကန်ကြီးတွေကို ရိုက်ခွဲဖို့မြောက်လိုက်သည့်လက်ထဲမှာ ပန်းအလှစိုက်သော လည်ပင်းရှည်ကြွေပန်းအိုးကြီးနှင့်.. ၊

မင်းမျက်နှာက မခံချင်အောင်ပြောပြီးမှ လက်ကိုလွှတ်ပေးလိုက်ကာ၊

"အခု ဒီထဲကပစ္စည်းတွေ ဘယ်လောက်ပျက်စီးကုန်သလဲတွက်မယ်.. ပြီးရင် မင်းပြန်လျော်ရမယ်.."

"ဘာ.."

"ဟွန့်.."

သူ့မျက်နှာမှာ လှောင်ပြုံးနဲ့တူသည့်မဲ့ပြုံးက မုန်းတီးဖွယ်ဖြစ်လာခဲ့လျက်.. ၊

"ဘာလဲ..မင်းမျက်နှာကြည့်ရတာ အဲ့လိုအလျော်အစားတွေ ဖြစ်လာမယ်လို့ မထင်ခဲ့တဲ့ပုံပဲ.."

သိုက်ဘာမှမပြောနိုင်.. ၊

"ဒါမှမဟုတ် ဒီလိုလုပ်ခြင်းအားဖြင့် ငါနဲ့ပတ်သက်မှုကို လူသိရှင်ကြားဖြစ်သွားစေချင်တာလား.."

သိုက်ရဲ့ဒေါသနှင့်မာန တစ်ထပ်တည်းကျသွားရသည့် ရုတ်တရက်ပေါက်ကွဲမှုတစ်ခု ဖြစ်လာနိုင်သည်ဟု မမျှော်လင့်ခဲ့သော မင်းမျက်နှာရဲ့အပြုံးတွေ ခန့်ညားစွာဖြစ်တည်နေဆဲ.. ၊

"ခွမ်း.."

"ဗျော.."

"ဟာ.."

"ဖောင်း.."

"ဖျော..ဖျော.."

"ဟေ့..ရပ်စမ်း ခုရပ်.."

သိုက်သည် လက်သီးနှစ်ဖက်ပူးဆုပ်ပြီး ငါးကန်တွေကို တအားလွှဲရိုက်ပစ်၏။ ဘာပစ္စည်းမှဆွဲမနေဘဲ လက်နဲ့ချည်း လွှဲရိုက်သွားတာ မျက်နှာစာတစ်ဖက်ခြမ်းလုံးက ငါးကန်တွေကွဲကြေ ပျက်စီးကုန်မှ.. ၊

"အဲ့ဒါတောင် အလျော်အစားက မညီသေးဘူး..ရုပ်ရှင်မင်းသမီးတစ်ယောက်ကို တင့်တောင့်တင့်တယ် စေ့စပ်ရမှန်းမသိတဲ့ စော်ကားမှုအတွက်.."

တလစပ်လှုပ်ရှားထားရသဖြင့် မောနေသည်။ ဒေါသကြောင့် ပူလောင်နေ၏။ သိုက်ရဲ့ရင်ဘက်လေး သိသာစွာနိမ့်ချီမြင့်ချီဖြစ်နေလျက်..၊

"မှတ်ထား..အဲ့ဒါလက်ဆင်နန်းပါတ်ဝမ်း.."

ဖရိုဖရဲပုံပေါက်နေသည့် အကျီကိုလက်စလေးဆွဲတင်လိုက်ပြီး အိတ်ကိုပါပြန်ဆွဲချိတ်သည်။ ပြီးတော့ လှည့်ထွက်သွားတာ ဆံပင်တွေပါဝေ့ခနဲ လွှဲခါသွားလေသည်။

ထင်သလိုလုပ်ချသွားသည့်နောက်မှာ မင်းမျက်နှာသွေးတက်မတတ် မျက်နှာကြီးနှင့် ကျန်ခဲ့ရလျက်.. ၊

♥♥♥♥♥

အခန်း(၈)

"အောင်မယ်လေး..လေး ဘယ်လိုပြောလိုက်တယ်.."

"ဟုတ်တယ်..ဒါမှနောက်ထပ်ဒါမျိုးမလုပ်ရဲမှာ.."

"မင်းမျက်နှာ.."

ဦးသီလလည်းမနေသာတော့ဘဲ အနားရောက်လာကာ.. ၊

"လူကြားကောင်းအောင်လုပ်ဦးကိုမင်း..ဘာလဲ ယောကျ်ားဖြစ်ပြီး မိန်းကလေးနဲ့အပြိုင်.."

"သူကကိုးဆယ်ဆသာနေတာ အဖေကြည့်လေ..ကျွန်တော့်ဆိုင်တစ်ဆိုင်လုံး ဖျက်ဆီးသွားတာ ရစရာမရှိဘူး၊ ပြီးတော့ ပြောသွားတာတစ်ပြန်စီး.."

"တစ်ပြန်ပဲစီးစီး..နှစ်ပြန်ပဲစီးစီး မိန်းမကမိန်းမအလုပ်လုပ်မှာပဲ၊ မင်းကယောကျ်ားလေး..သဘောထားကြီးမှပေါ့.."

"အဖေရာ.."

"အဖေမရာနဲ့..ငါမင်းအကြောင်းသိတယ်၊ မင်းအဖေ.."

"သိပါတယ်.."

မင်းမျက်နှာက ရွဲ့သလိုပြောပြီး တစ်ဖက်လှည့်သွားသည်။

"အေး..သိဖို့ပဲလိုတာ၊ သူပြောတာလည်း ဟုတ်တာပဲလို့ ကိုယ့်လုပ်ကိုယ်ပြန်ဆန်းစစ်..မိန်းကလေးတစ်ယောက်နဲ့ ရန်ပြိုင်ဖြစ်ဖို့ပဲ တွေးမ..."

"အဲ့လိုမှာကြားနေလို့ မပြီးဘူးကိုသီ..ရှင့်သားက ရဲတိုင်ပြီးနေပြီ၊ သူ့ကို ကျူးကျော်ဖျက်ဆီးမှုနဲ့တဲ့..ကျော်မကောင်း ကြားမကောင်းနော်၊ ယ် သေသာသေလိုက်ချင်တော့တယ်.."

မင်းမျက်နှာက ပခုံးတွန့်ပြီး မသိမသာမဲ့သည်။ ဦးသီလက သူ့သားကို မျက်မှောင်ကုတ်ကြည့်ရင်း.. ၊

"မင်းက မိမနိုင်ဖမနိုင်သားမျိုး မဟုတ်ဘူးဆိုရင် အဲ့ဒီကိစ္စ အခုချက်ခြင်း ပြန်ရုတ်သိမ်းလိုက်.."

"ဟာ..ဒါတော့.."

"ဟော့..ငါကဒါဆိုဒါပဲ.."

ဦးသီလက ခပ်ပြုံးပြုံးနေတတ်ပေမယ့် တည်ပြီတင်းပြီဆိုလျှင် မျက်နှာရောလေသံပါ မိုးနဲ့ရောသည့်မိုးကြိုးပစ်သံအတိုင်း.. ၊

"ဒီအသက်အရွယ်ရှိပြီ..ကိုယ်ဘာလုပ်ရင် ဘာဖြစ်လာနိုင်မလဲဆိုတာ ဆင်ခြင်းစားဘူး၊ မင်းဘာသာ ဘာတွေလွန်ကျွံထားထား ကိုယ်လုပ်တာကိုယ် ...သင့်တော်တာတွေ ငါ့ရှေ့မှာလာမလုပ်နဲ့.."

"အဲ့ဒါတွေကို ကျွန်တော်က.."

"ငါစကားကုန်ပြောပြီးပြီ မင်းမျက်နှာ..ကိုယ်နဲ့စေ့စပ်မယ့်မိန်းမတစ်ယောက်ကို တရားစွဲမယ်ဆိုတာ မင်းမရှက်ဘူးလား.."

"သူဖျက်ဆီးသွားတာတွေ သိန်းနှစ်ဆယ်ကျော်ဖိုးရှိတယ်အဖေ.."

"သိန်းငါးဆယ်ဖြစ်ဖြစ် မင်းမွဲသွားနိုင်လား..ယောကျ်ားဖြစ်ပြီး ဒီလောက်တောင် ဥစ္စာခြောက်နေတာ မမြင်ဖူးဘူး.."

"အဖေတို့ကိုက အဲ့ဒီရုပ်ရှင်မင်းသမီးကိုမှ ချေးမမတော်ရရင် လူဖြစ်ပြီးတော့မလို ဖြစ်နေတာကိုး.."

"ဘာကွ.."

"အဲ့ပုံပေါက်နေတာကိုပြောတာ.."

"ဘယ်ပုံပေါက်ပေါက် ယောကျ်ားတို့စကား မိုးကြိုးသွားပဲ..ငါတို့ကဒေ့ဝပ်ဖို့ ကမ်းလှမ်းပြီးသား.."

"မင်းတို့စကားမိုးကြိုးသွားပဲ ကြားဖူးတယ်.."

"အခု သီလစကားမိုးကြိုးသွားကွာ..ဘာဖြစ်လဲ.."

သားအဖနှစ်ယောက်ပဲဆက်ဖြစ်နေတာကို ထိုင်ကြည့်နေရင်း အေးချမ်းမေ ရယ်ရမလို ငိုရမလိုဖြစ်နေတော့သည်။ ကိုယ်တွေလည်း လောက်တောင် ကပ်ဖိုးကပ်ဖဲ့မရှိခဲ့ဘူးပါ။ ဘာကြောင့် ဒီသားကျမှ..

"အမေတို့အဲ့ဒါတွေခက်တာ..'တစ်မူးတစ်ပဲ အသုံးရဲတော့ အမွဲတ ရှည်တယ်'တဲ့၊ တစ်ရာလေးပဲ တစ်ထောင်လေးပဲဆိုပြီး လွယ်လွယ်အက မခံပါနဲ့.."

လို့ သူကပြန်သင်ပေးသေးသည်။ ပြီးတော့.. ၊

"အရေအတွက်တိုင်းက တစ်ကနေစတာ..သုံးညတောင် ကိန်းဂဏ် တစ်ခုရဲ့ရှေ့မှာ တန်ဖိုးမဲ့ပေမယ့် တစ်ဆိုတာ သုံးညကမွေးဖွားတာပဲ.." ရှာကြံပြောတတ်သေးသည်။

"လိုအပ်လို့ကုန်တာက သုံးလိုက်တာ..မလိုအပ်တာတွေကြောင့် က တာကျတော့ ဖြုန်းတာ.." တဲ့.. ၊

ကိုယ်ကမိဘပေမယ့် တစ်ခုခုဆို သင်းကလေးကပဲဆရာကြီးလို သားအဖနှစ်ယောက် မညီမညွတ်ပြောဆိုနေရခြင်းသည် ဘယ်သူကမှ လျှော့မပေးချင်ဘဲရှိလျက်.. ၊

"တစ်ခါတလေများ ငါ့သားဒီအရွယ်ရှိပြီ..သူ့ဘာသာဆုံးဖြတ်ပါ လို့ ထားလိုက်ပါလား.."

မင်းမျက်နှာက မကျေမနပ်တီးတိုးရေရွတ်၏။

"ဒီအရွယ်မရောက်ခင်တည်းက မင်းဘာသာဆုံးဖြတ်လာတာ လေ..အခု ဒီသူဌေးက ဇီဇာသိပ်ကြောင်တာဆိုတဲ့ ဘွဲ့ထူးကြီးတောင် တ ကျန်ခဲ့ပေါ့.."

"ဘယ်သူပြောတာလဲ.."

"မင်းလိုက်မေးလေ.."

"မေးဖို့မလိုဘူး..အဖေသားကို အဖေတို့ပဲပြောတာ.."

"သိရင်လည်း မပြောအောင်နေ..ငါကတော့ ကိုယ့်သားဘာလုပ်လို့ ငါ့သားမှန်တယ်လို့ ထောက်ခံနေမှာမဟုတ်ဘူး.."

အပြတ်ပြောပြီး လှည့်ဝင်သွားသည်။ ဒေါ်အေးချမ်းမေသက်ပြင်း

ချလိုက်ပြီး နေရာမှထလိုက်လျှင်.. ၊

"အမေ့.."

ခေါ်သံကြောင့် ခေါင်းကြီးသွား၏။

"အမေကလည်း ဒါကိုကန့်ကွက်မှာပဲလား.."

"ရဲတိုင်ထားတဲ့ကိစ္စကိုလား.."

"ဟုတ်တယ်လေ..ဒါပေမယ့် သူတစ်ဝက်လောက်ဖြစ်ဖြစ် ပြန်လျော့ ရင် ဒါကပြီးသွားမှာပဲ.."

"သားရယ်.."

"မလျော့နိုင်ရင်တောင် နောက်ထပ်ဒီလိုမလုပ်ရဲအောင် ခြောက်လှန့် ထားဖို့မလိုဘူးလား.."

"သူကမင်းသမီးလေ.."

"သူတောင်ဂရုမစိုက်တာကို.."

"ဒေါ်သစိတ်ကြောင့်နေမှာပေါ့သားရယ်..မဟုတ်ရင် မင်းလုပ်ပုံနဲ့သူ ဒီဆိုင်မှာပဲ စော့စပ်ရမှာမဟုတ်ဘူးလား.."

ကိုယ့်သားမို့သာပါ။ မဟုတ်ရင် ဒါဘယ်လောက်တောင် စိတ်ပျက် ကောင်းတဲ့ကိစ္စလဲ..။ ကိုယ်ဒိတ်လုပ်ထားသမျှ ဟိုတယ်လ်တွေကို လိုက် ပို့သည်။ စီစဉ်ထားသမျှ ဘာဖြစ်ဖြစ် ရှေ့ကလုပ်သွားပြီးသားကို ဖောက်ကလိုက်ဖျက်လိုက်ပြင် ဘာတစ်ခုမှ စိတ်ကူးသလိုဖြစ်မလာခဲ့ပေ..၊ ဆုံးပဲပွဲလောက်ကို ခန်းမတစ်ခုခုနဲ့ပဲဖြစ်ပါတယ်'လို့ပြောပြီး သူပဲစီစဉ် ထားသည်လို့ ဆိုခဲ့၏။ ဒီလိုနေရာမှာ စီစဉ်ထားတယ်ဆိုတာတော့ နည်း နည်းလေးတောင် မဟာခဲ့ပေ။ ယောကျ်ားလေးရှင်ဘက်က ဒီလိုတွေလုပ် ထားတယ်ဆိုတာ သတင်းကြီးသွားရင် ဘယ်လောက်ထိအဆင်ဆိုးပါသ လဲ..။ ဒေါ်အေးချမ်းမေ ကိုယ့်အတွေးနဲ့ကိုယ် သတိရသွားကာ ဒေါ်တင် ဆင်လတ်ဆီဖုန်းကောက်ခေါ်၍.. ၊

"လတ်ရေ..ကိုယ်ပါသူငယ်ချင်းရယ်.."

"အင်း...ပြောလေအေး၊ ငါ့ကိုသမီးလည်း ပြောပြပါတယ်.."

"ဟုတ်ပါတယ်လတ်ရယ်..ကိုယ့်သားအတွက် တောင်းပန်ချင်.."

"အမေရာ.."

ဒေါ်အေးချမ်းမေပြောလို့မဆုံးသေးခင် သားတော်မောင်ကဖုန်းကို

အသာလေးဆွဲယူသွားခဲ့ပြီး.. ။

"အန်တို့သမီးကိုမေးကြည့်ပြီးပြီလား...ကျွန်တော့်ရက်စထရန့်မှာ ဘ
လုပ်သွားတယ်ဆိုတာ.."

"သူပြောပြပါတယ်သားရယ်..အန်တီလည်းဆုံးမနေတာပါ၊ အဲဒါ
ပြောနေတုန်းမှာပဲ သိုက်ကဒေါ်တင်တင်လတ်လက်ထဲက ဖုန်း
ဆွဲယူလိုက်ကာ.. ။

"လူကြီးချင်းပြောနေတာကို လူငယ်ကဝင်ပြောရင် ဘယ်လိုဇ
ဘက်ညီမလဲ..အခု ပြောလို့ရပြီ.."

"ကောင်းတာပေါ့..မင်းနဲ့ငါနဲ့ရှင်းရမယ့်ကိစ္စပဲ.."

"ဘယ်လိုရှင်းချင်သလဲပြော.."

"ငါကတော့ရဲတိုင်ပြီးပြီ.."

ဟင်.. ။

ဖုန်းကိုင်ပြီး ခါးထောက်ထားသည့်လက်က ဆတ်ခနဲပြုတ်ကျသ
သည်။ ဒီလောက်ထိလုပ်ထားမည်လို့ လုံးဝမထင်ခဲ့.. ။

"ဒါပေမယ့် လူကြီးတွေကတားဆီးနေလို့ ခုတော့ ထစ်ထစ်ငေါ့ငေ
တွေဖြစ်ကုန်ပြီ.."

မတားကြရင် ခုလောက်ဆို သူမရုံးရောက်ဂတ်ရောက်တွေဖြစ်နေ
ပေါ့.. ။

"ဒါပေမယ့် မရွတ်သိမ်းရသေးဘူးဆိုတော့.."

"ဒီမှာမင်းမျက်နှာ.."

"ပြော.."

"အဲ့ဒီကိစ္စအတွက်နဲ့ ရှင်လည်ပင်းအစ်နေရင် လူချင်းဒဲ့ရှင်းလို့
တယ်.."

"ဒဲ့ရှင်းတာမဟုတ်ဘဲနဲ့တောင် အခုရဲတိုင်တဲ့ကိစ္စ ချောချောမောမော
ဖြစ်လို့လား.."

ကြည့်စမ်း.. ။

"ယောကျ်ားနဲ့မိန်းမယှဉ်ရင် မင်းတို့မှာပဲအခွင့်အရေးတွေ စွပ်စွ
တာ.."

"အဲ့ဒါ ရှင့်လိုလူက.."

"ဆိုတော့ ငါခံလိုက်ရတာ မင်းအန်တီပြည့်ပြည့်စုံစုံသိဖို့လိုတယ်.."

"အားလုံးပြောထားပြီးသား...ဘာလဲ ကျွန်မကကြောက်လန့်မျိုသိပ်
သားမယ်ထင်လို့လား.."

"မျိုသိပ်သိပ်မသိပ်သိပ် မင်းပြောရင် မင့်စကားပဲ..ငါပြောမှာက ငါ့
ဆိုင်တစ်ဆိုင်လုံးကို မင်းရိုက်ချိုးဖျက်ဆီးသွားတာ အားလုံးသိန်းနှစ်ဆယ်
ကျော်တဲ့အကြောင်း.."

"အပိုတွေမပြောနဲ့..အဲ့လောက်ဖြစ်စရာမရှိဘူး.."

"ထင်ရင် မင်းအဲ့ဒီကိုပြန်သွားလိုက်..ငါ့မနေနေကျာတွက်ချထားတဲ့ စာ
ရင်းရှိတယ်၊ ရဲစခန်းကိုလည်း ပို့ပြီးသား...ဒါပေမယ့် မင်းကဲ့ရှင်းချင်ရင်
ရှင်းတယ်၊ ငွေအတိအကျလျော်မလား...တစ်ဝက်ပေးတစ်ဝက်ချန်လုပ်မ
လား၊ မန်နေဂျာနဲ့ညီ.."

"တောက်.."

"တက်မခေါက်နဲ့နော်..စေ့စပ်ပွဲမပျက်အောင် လုပ်ရမှာဆိုတော့
ဆောက်ထပ်အကုန်အကျရှိဦးမှာ၊ ဖာမိမှဖြစ်မယ်..ငါစေ့စပ်မှာက မင်းကို
ဒါပေမယ့် မင်းဖြုန်းတီးခွင့်မရှိဘူး.." ၄၄

"ခက်တော့တာပဲ..ဒီကလေးတွေတော့.."

ဒေါ်တင်တင်လတ်ပြောပြောဆိုဆို ဖုန်းကိုဆွဲယူလိုက်ကာ.. ။

"သံးရေ..မင်းတို့ချင်းအဆင်မပြေဖြစ်နေတုန်း အပြောအဆိုတွေ
ဆက်တိုက်မှားကုန်မှာစိုးလို့ပါကွယ်..အန်တီကပဲ သမီးအတွက်တောင်း
ပန်ပါတယ်.."

"အန်တီ..ကျွန်တော်ကအဲ့ဒါကို.."

ဒေါ်အေးချမ်းမေကလည်း သားလက်ထဲကဖုန်းကိုဆွဲယူလိုက်ကာ..၊

"လတ်ရေ..ငါပါ၊ လူငယ်တွေစကားမှားကြတာကို စိတ်ထဲမထားနဲ့..
အားလုံးပြီးပြီထားလိုက်ပါ.."

မင်းမျက်နှာ ခေါင်းခါရှုံ့မဲ့လျက် နေရာမှလှည့်ထွက်သွား၏။ ဒေါ်
အေးချမ်းမေ သားကိုစိတ်မချသလိုလှည့်ကြည့်နေရင်း ထွက်သွားတာမြင်
မှ ပေါ့ပါးစွာပြုံးလိုက်ပြီး.. ။

"သားကအဲ့လိုလေးတော့ နည်းနည်းရှိတယ်လတ်ရဲ့..ဒါပေမယ့် စိတ်
ကောင်းလေးလည်း ရှိပါတယ်၊ သူတို့ချင်းနားလည်ရင် အဆင်ပြေ

သွားကြမှာပါ.."

နားလည်ချင်စရာရှိသလား.. ၊

မင်းမျက်နှာကြားနေရတာ အသည်းတွေယားနေမိသည်။ ငွေပြန်လို့ ချင်လို့မဟုတ်ပါ။ လူကြီးတွေသိကုန်ရင် ဖျတ်ဖျတ်လူးဖြစ်သွားကြမှာ လည်း သိသည်။ ဒါပေမယ့် ခုတည်းက စော်ကားခံနေလို့မဖြစ်.. ၊

တွေ့တော့တွေ့ကြဦးမှာပါ..ဘယ်လိုပုံစံတွေနဲ့ တွေ့ကြမည်ဆိုတာ မသိ.. ၊

♥♥♥♥♥

အခန်း(၉)

ဖုန်းနားထောင်ရင်း ဒေါ်အေးချမ်းမေ စိုးရိမ်သည့်မျက်နှာနှင့် လှည့်ကာ.. ၊

"စေ့စပ်တာကို လက်မခံနိုင်ဘူးတဲ့.."

"တစ်ခါတည်းလက်ထပ်ဖြစ်ချင်တာနေမှာပေါ့.."

"မင်းမျက်နှာ.."

"ပြောပြတာပါ.."

"မပြောနဲ့.."

မိဘတွေမျက်စိမျက်နှာ ပျက်နေကြစဉ် မင်းမျက်နှာအေးဆေးရေချိုး ရေသုတ်ခေါင်းဖြီးလျက် ပြန်ထွက်လာတော့ အပြင်သွားဖို့ပြင်ဆင်ထားပြီးဖြစ်ကာ. ၊

"အဖေမှာတဲ့ဆေးနာမည်ပြောပါဦး...ကျွန်တော်မေ့သွားလို့.."

မေးတာက ဦးသိလ်ကိုဖြစ်ကာ ဒေါ်အေးချမ်းမေကစိတ်တိုသည့်မျက်နှာနှင့် လှည့်ကြည့်၏။

"မင်းကိုစောစောပြန်ခဲ့ဖို့မှာတာ ကော့ကျော့နေအောင်ပြင်ဆင်ပြီး အပြင်ပြန်ထွက်ဖို့မှတ်နေသလား.."

ပစလ★ဒဂုန်စာပေ

"အမေ့ကို စကားတွေ ကျွန်တော်စောပြန်လာရင် အပြင်ပြန်ထွက်တာ ပဲဟာ"

"အခုအမေတို့မှာလို့ ပြန်လာတာဆိုတော့ မှာရတဲ့အကြောင်းရင်းကို ပဲ စဉ်းစား...လိတ်တို့အမေ ဆိုသွားလိုက်.."

"အဖေ့ဆေးက အဲ့ဒီမှာလား.."

ဦးသီလလည်ပင်းကြီး ရှည်ထွက်လာ၏။

"မေးကြည့်တာပါ.."

"ဟုတ်တယ်..မင်းအဖေဆေးက အဲ့ဒီမှာ၊ မင်္ဂလာကိစ္စအဆင်မပြေ ချင်း လူကြီးတွေရောဂါတက်တယ်..အဲ့ဒီတော့ အဲ့အိမ်ကိုသွား၊ ပြန်လာ ရင် မင်္ဂလာသတင်းကြားချင်တယ်.."

"ဘယ်လိုလုပ်ကြားရမလဲ..တွေ့ရင်ရန်ဖြစ်ဖို့ပဲရှိတာ.."

"မင်းမျက်နှာ.."

"ရွှေသိုက်နဲ့တွေ့မှပဲ ကိုယ့်နာမည်အစအဆုံးကို နေ့တိုင်းကြားရတော့ တယ်.."

ပြောပြီးတာနဲ့ ဖုန်းမြည်လာတော့ ဒေါ်အေးချမ်းမေဘာမှဆက်မပြော နိုင်တော့ပေ.. ၊

"အဲ့ဒီကိုအရင်ဝင် ဆေးနာမည်မက်ဆေ့ချ်ပို့လိုက်မယ်.."

ဖုန်းနားထောင်ရင်း ခေါင်းညိတ်ပြကာ မင်းမျက်နှာကကားသော့ ဖြုတ်သွား၏။

"ကိုသီ..ရှင့်သားနဲ့ရွှေသိုက် လွယ်ပါ့မလား.."

"မင့်သားမျိုး ဘယ်သူနဲ့မှလွယ်မှာမဟုတ်ဘူး.."

အပြတ်အသတ်အားပေးဖော်ရကာ.. ၊

"တကယ်..တကယ် ဘယ်လိုများသန္ဓေပေးမွေးထားသလဲမသိဘူး.."

"ဘာပြောလိုက်တယ်.."

"အဲ့လိုမေးရလောက်တယ်လို့ ပြောမလို့ပါကွာ..ကိုယ့်ပေါင်ကိုယ်လှန် ထောင်းစရာလား၊ လင်မယားချင်းကို.."

"ထောင်းချင်လည်းထောင်းလို့ရပါတယ်..ဒီက အမှုန့်ကြိတ်စက်ထဲ ထည့်ပစ်လိုက်ကာမှ မအော်နဲ့.."

"ဟား ဟား ဟား.."

ပြည်ဆုံ★စာပေ

"ဟွန်း...သူ့မှာပဲ ပါးစပ်ရှိတာကျလို့.."

ဒေါ်အေးချမ်းမေက မိန်းမဇယ်လေးတွေလို မျက်စောင်းထိုးလိုက် နှုတ်ခမ်းမဲ့လိုက်နှင့် ဒေါသကိုထိန်းနေရ၏။ ဦးသီလကရယ်နေရင်း ဇနီး သည်ကိုကြည့်ကာ.. ၊

"ရွှေသိုက်နဲ့မင်းမျက်နှာလည်း မင်းနဲ့ငါလိုပဲ လာမယ်ထင်တယ်..ရန် ဖြစ်ရင်း ချစ်နေကြတာလေ.."

"ချစ်ချင်စရာ ရုပ်ကြီးက.."

ဒေါ်အေးချမ်းမေနေရာမှ လှည့်ထွက်သွားရင်း ဆီမန်းမန်းသလို ရေရွတ်သွားလေသည်။ ဒီလိုပါပဲ.. သားကွယ်ရာမှာဆို အသက်အရွယ် တွေ ဘေးချိတ်ပြီး ရန်ဖြစ်နေကျ.. ၊

♥♥♥♥♥

အခန်း(၁၀)

"နံပါတ်တစ် စေ့စပ်ပွဲကိုသိုက်စိတ်ကြိုက်စီစဉ်မယ်..နံပါတ်နှစ်.."

"နံပါတ်တစ်ကို ငါသဘောတူရဲ့လား ဆွေးနွေးဖို့လိုသေးတယ်.."

"အိုကွယ်..ဒါကမိဘတွေစီစဉ်နေတာ၊ သားသဘောတူလို့ ခေါင်းညိတ်ပြီးပြီ..ကျန်တာဘာမှမလိုဘူး၊ ရတယ်သမီး..သမီးစိတ်ကြိုက် စီစဉ်စမ်း၊ ကြိုက်သလိုသာလုပ်.."

ဒေါ်အေးချမ်းမေက အိမ်မှာတည်းက သားဖြစ်သူကို အပြတ်အသတ် ကြိမ်းဝါးလာခဲ့သည်။ တစ်ခုခုပြောရခက်ပြီဆို မင်းမျက်နှာသည်းမခံနိုင်ဆုံး စကားတစ်ခွန်းနှင့် ချည်တုတ်ပြောဖို့လည်း အဆင်သင့်။ ဒါသည်..

"မင်းက ငါရှာတာငါ့စီးပွား...ငါ့ဘာသာဘာလုပ်လုပ်ဆိုတာမျိုးလား ဟုတ်ပါတယ်..ဒီအဖေနဲ့အမေက ကုန်အောင်ပဲဖြုန်းခဲ့ကြတာလေ.."

ဆိုသည့်စကားပဲဖြစ်လေသည်။ ဒါကိုပြောလိုက်တာနှင့် မင်းမျက်နှာ အရာအားလုံးကို အရှုံးပေးသွားတတ်ကာ.. ၊

"အမေ.."

"ဘာလဲ..မင်းကိစ္စကို အမေကစီစဉ်ပေးတာ သဘာဝမဲ့နေလို့လား.."

ဒီတစ်ခါလည်း မင်းမျက်နှာငြိမ်ကျသွားခဲ့ပြီး.. ၊

"ဟေ့..မင်းအဲ့ဒါကော့ လွတ်ဝယ်လို့မရဘူးနော်.."

ရှောပင်ထွက်လာကြတော့ စေ့စပ်လက်စွပ်အတွက်ခေါင်းစဉ်နှင့် စိန်ဆိုင်ထဲ တန်းတန်းမတ်မတ်ဝင်၏။

"ဒါလေးပြပါအစ်မ.."

မင်းသမီးမှန်းသိနေတော့ စိန်ဆိုင်ကလည်း ပို၍ချိုသာနေကြကာ ခေါင်းမျက်နှာနဲ့ရွေးသိုက်တို့ စေ့စပ်မှာလားဆိုတာ အထူးတလည်သိချင်နေကြသည့်အကြည့်တို့နှင့်.. ၊

"ဒါလေးဆိုရင် နှစ်ဆယ့်သုံးဝန်းကျင်လောက်ရှိမယ်.."

"ဟင်..နှစ်ကွင်းစလုံးလား.."

"မဟုတ်ဘူးညီမ..တစ်ကွင်းစီကိုပါ.."

နှစ်ကွင်းဆိုတော့ ငါးဆယ်ပတ်လည်ပါလား..။ ဒါတော့ အတော်များနေပါပြီ။ မင်းမျက်နှာ တံတွေးမျိုချတာတောင် နင်နေရကာ.. ၊

"ငါ့မှာမပါဘူးနော်.."

ဘယ်လိုကပ်ပြောပြော သိုက်ကမကြားသလိုရှိကာ လက်စွမ်းကိုစွပ်ကြည့်ပြီး လက်ချောင်းလေးတွေကော့နေအောင် ထောင်ကားကြည့်နေ၏။ သူမကို မင်းသမီးမို့လူတွေသတိထားကြည့်နေကြသလို သူမနဲ့ရောပြီး ကိုယ်လည်းမချောင်။ ထိုအခါ ဘေးကနေ လည်ပင်းအစ်နေသည့် ပုံမျိုးပေါက်မနေအောင် ခပ်လွဲလွဲလုပ်ဖို့ ကြိုးစားမိသည်။ ညာဘက်လှည့်တော့လည်း ကြည့်နေသည့် မျက်လုံးတွေနဲ့။ ဘယ်ဘက်လှည့်တော့ အုပ်စုလိုက်သွားကြိုးအဖြီးသားနှင့်။ ဤသို့သောနည်းမျိုးစုံနှင့် ချောင်ပိတ်ခဲ့ရပြီး ရှောပင်စင်တာနှစ်ခုကူးပြီး ပြန်လာသည့်အချိန်မှာ သိန်းနှစ်ရာတင်းတင်းပြည့်၏။

"မင်းတော်တော်လွန်နေပြီရွှေသိုက်.."

ဒေါသတွေထွက်ရလွန်းကာ ကားနှားရောက်တာနှင့် မျက်နှာချင်းဆိုင် ရပ်လိုက်ပြီး ခါးထောက်ရင်း.. ၊

"စေ့စပ်ပွဲအတွက် အကုန်ခံဖို့ ငါတွက်ထားတာတောင် သိန်းနှစ်ရာနဲ့ဘုး.."

"ရှင်ကသိန်းနှစ်ရာလောက် တွက်ထားတာပဲ..သိုက်ကသိန်းသုံးရာလောက် ဝယ်ခြမ်းဖို့မှန်းထားတာဆိုတော့ ငါးရာကျော်မယ်၊ ခုမှသိန်းနှစ်

ရာပဲ ရှိသေးတာ..”

“ဘာ..”

သိုက်က သူ့ရဲ့ကြီးမားကျယ်ပြောသည့် အသံကြီးကိုဂရုမစိုက်ဘဲ ကားတံခါးဆီလက်လှမ်းလျှင် ထိုလက်ကိုပြန်ဆွဲပစ်လိုက်ပြီး.. ၊

“မင်းကိုငါစကားပြောနေတာ..”

“သိုက်ကရော ထွက်ပြေးနေလို့လား...ဒီမှာဆွဲထားရတာလေးလုပြီ..”

ပြောပြီး လက်ကိုပြန်ဆောင့်ရုန်းလိုက်၏။ ဆွဲထားသည့်အိတ်တွေကို ဆောင့်ခါသလိုဖြစ်သွားကာ အိတ်ထဲကအလှပြင်ပစ္စည်းတချို့ ခုန်ပေါက်ထွက်ကျကုန်၏။ မင်းမျက်နှာ ‘ဟာ’ခနဲဖြစ်သွားကာ ပေကျံကွဲရုကုန်မှာစိုးသည့်စိတ်နှင့် ပစ္စည်းတွေကို ပျာပျာသလဲလိုက်ကောက်၏။ အဖြူရောင်လည်ကပ်ကြိုးလေးသည် နှင်းဆီနှစ်ပွင့် ခပ်စောင်းစောင်းလေး ကပ်ထားတာပဲဖြစ်သည်။ ဒါပေမယ့် ဘယ်လောက်တောင်ပေးခဲ့ရသလဲဆိုတာ သူသိနေ၏။

ဖြီးတော့ ဘော်လ်ပင်နှတစ်ချောင်းစာ အရှည်ကောင်ဘူးလေးက ဘာမှန်းမသိသော်လည်း ဒါလေးကိုသုံးသောင်းကျော်ပေးခဲ့ရတာ။ ပစ္စည်းတွေက ထွက်ကျသွားတာနှင့် ဖြူတာလေးက ပေကျံသွားနိုင်၏။ ကော်ဘူးလေးက ကွဲသွားရင် ဘာတွေဖြစ်သွားနိုင်သည်မသိ။ သူများတွေတက်နင်းမိတော့မည့်ဆဲဆဲ ခြေထောက်တွေကြားထဲ ခေါင်းတိုးကောက်ရသလိုဖြစ်သွားကာ မတ်မတ်ပြန်ရပ်နိုင်သည့်အချိန်မှာ မင်းမျက်နှာရဲ့မျက်နှာတစ်ပြင်လုံး ရဲတွတ်နေတော့သည်။ မယ်မင်းကြီးမက အထုပ်တွေကိုင်ပြီး အခန့်သား.. ၊

“ရော့..”

ဒေါသဖြစ်ပေမယ့် အိတ်ထဲသေချာပြန်ဝင်သွားအောင် သူပဲထိုးထည့်ပေးရကာ.. ၊

“တစ်ခုခုလုပ်တော့မယ်ဆို ဘာလုပ်လိုက်ရင် ဘာဖြစ်လာမလဲ နည်းနည်းပါးပါးပြန်တွေး..”

“ဒေါသဖြစ်ပါတယ်ဆို ပြန်တွေးနေနိုင်မလား..”

“ဒေါသဖြစ်ရတာလည်း အကုသိုလ်ရသေးတယ်..ပစ္စည်းလည်းပျက်စီးတယ်၊ မင်းမိန်းကလေးဖြစ်ပြီး ဒီလောက်ပေါ့တီးပေါ့ဆပြောရလား..

“ရှင်လူကိုမဝေဖန်နဲ့နော်..အဲ့ဒါတွေထွက်ကျအောင် တမင်လုပ်တာဘဲဘူး၊ ရှင်ဆွဲလို့ ဒီကရှန်းလိုက်လို့..”

ရှန်းတော့ရော ကိုယ့်လက်ထဲမှာပစ္စည်းတွေကိုင်ထားတာကို လက်ခံပယ်လွှဲခါပစ်ရလား...။ ပြောပြန်ရင်လည်း မောင်မင်းလွန်ရာကျဉ်းမပြောဖြစ်လိုက်ပေမယ့် ကျွတ်ခနဲစုတ်သတ်ခြင်းက ရှဲ့ရှဲ့မဲ့မဲ့။ သူ့ကိုကြည့်ပြီး သိုက်ကနှုတ်ခမ်းလေးကိုက်ကာ လော့ခ်ဖွင့်ထားသည့်ကို အထုပ်တွေကိုင်ထားသည့်လက်နဲ့ပဲဆွဲဖွင့်သည်။ ပြီးတော့ ကိုင်သမျှကို ကားထဲပစ်ထည့်ကာ.. ၊

“သွား...ဘာမှမယူတော့ဘူး..”

“ဟော့..”

“ဘုတ်..ခွပ်..”

အထုပ်တွေစုပြုံပစ်ဝင်သွားသည့်အသံက ဘာတွေဖြစ်ကုန်ပြီဆိုတာကြည့်ဖို့မလိုပေ.. ၊

“မင်းဘယ်လိုလုပ်လိုက်တာလဲ..”

သိန်းကျော်တန်ရေမွေးပုလင်းတွေပါသည်။ လက်သည်းနီဘူးတွေနှားကျောင်းသားရဲ့လွယ်အိတ်ထဲက လောက်စာလုံးတွေထက် ပိုသေးသလားမသိ။ ပြီးတော့ ကရိယာတန်ဆာပလာတွေက ဘယ်နှာဘာလုပ်ဖို့ သုံးတာတွေမှန်းမသိပေမယ့် နည်းတာတွေလား...။ သည်လိုက်တာ ဒါတွေထိခတ်ကွဲရုကုန်မှာ သေချာသည်။ မင်းမျက်နှာမဘကြီးဖြစ်သွားလျက် သိုက်နဲ့တံခါးကို တိုးတိုက်ဖယ်ကာ ပစ်ထည့်သည့်အိတ်တွေကို ကမန်းကတန်းပြန်ကောက်ယူ၏။

“မင်းဘယ်လိုလုပ်တာလဲ..အကုန်ကွဲရုဖိတ်စင်ကုန်ရင် ငါ့ကားဆိုဖာသွားပြီ..”

“ရှင်တော်တော်ဥစ္စာခြောက်ပါလား..”

“ခြောက်မှန်းသိရင်လည်း မင်းနည်းနည်းပါးပါးအားနာလေ..ရော့..အဲ့ဒါတွေယူပြီး နောက်ခန်းမှာစီ..”

ပြောပုံက သူတောင်းစားနှင့်တဲ့အတိုင်း.. ၊

“ရှင်ထားတဲ့နေရာမှာနေရအောင် ရွှေသိုက်ကိုဘာထင်နေလို့လဲ..”

“ဘာထင်ဖို့မှ စိတ်မဝင်စားဘူး..ခင်ဗျားကို..”

"သိတယ်..အဲ့ဒီမှာ ရှင်စိတ်ဝင်စားတဲ့ပစ္စည်းတွေနဲ့ရှင်နေ၊ ဘာ
ခုမှ သိုက်မယူဘူး..ဟွန်း ရှင့်လောက်မချမ်းသာပေမယ့် ဒါတွေရှင်ဝယ်
မှ ကိုင်နိုင်တာမဟုတ်ဘူး.."

"သိုက်..ဟေ့.."

ခင်ဗျားရယ်.. မင်းရယ် ရွှေသိုက်ရယ်၊ ခုတော့ သိုက်ဖြစ်သွားပြီ
လှည့်ထွက်လာခဲ့ရင်း ပြုံးလိုက်မိသည်။ ဒီပစ္စည်းတွေကိုင်ပြီး အိမ်
ရောက်ပို့ရတော့မှာ မြင်ယောင်ပါသေးသည်။

ဘယ်သူတိုက်တွန်းလို့မှမဟုတ်ဘဲ ဝယ်ပြီးဒီတိုင်းပစ်လိုက်ရ
ပစ္စည်းတွေကိုကြည့်ပြီး သွေးတက်နေမှာမို့ သင်းကိုယ်တိုင်လာပြန်ပို့
ခဲ့ယယ.. ၊

♥♥♥♥♥

"ဘယ်လိုလဲမျက်နှာ..မင်းတို့စေ့စပ်ပွဲက ပြီးဦးမှာလား.."

"ပြီးပြီးမပြီးပြီး ဒီတစ်ခါတော့ လုံးဝအလျှော့မပေးနိုင်ဘူး.."

"ဘာတွေဖြစ်လို့လဲ.."

"ပြီးမှပြောမယ်ကွာ.."

ကော်ဖီကိုတစ်ကျိုက်လောက်ပဲ သောက်ပြီးချသည်။ ပြီးတော့ ကား
ောက်ထဲမှာ အတွဲလိုက်စုပုံထပ်နေသည့် သိုက်ထားခဲ့သော အိတ်တွေဘူး
ွေကို မြင်ယောင်လာ၏။ ဒါတွေကို ဒီတိုင်းပြန်သယ်သွားတော့ အမေ
သိုက်တာ ရစရာမရှိ.. ၊

"ချွေးမရှာဖို့ကိစ္စတွေကို မိဘတွေဘာဖြစ်လို့ ဒီလောက်တက်ကြွနေ
ာလဲ စဉ်းစားလို့ကိုမရတော့ဘူး.."

"ဟား ဟား ဟား.."

ကျော်အောင်က ရယ်သည်။

"မင်းလိုကောင်မို့လို့ပါမျက်နှာရာ..ငါဆို မေမေတို့ကို ကျေးဇူးတောင်
ာင်သေး.."

"တင်ထိုက်တာပေါ့ကွ..မင်းအမေမင်းကို ရှာပေးတာမင်းသမီး
တော့ ဘာနာမည်ပျက်မှမရှိတဲ့ လူတိုင်းချစ်တဲ့သူ.."

"အဲ့မင်းသမီးအကြောင်း မင်းနောက်ထပ်ဘာသိလို့လဲ.."

"မင်းညည်းတွားနေတာတွေတော့ သိတာပဲ.."

"အဲ့ဒါတွေက ငါ့အတွက်အကြီးကြီး အဆင်မပြေမှုတွေပဲလေ..
မေတို့ကလည်း ထစ်ခနဲရှိဒါပဲ၊ ငါလည်းညစ်နေပြီ.."

"နေပါဦး မင်းကရွှေသိုက်ကို တကယ်ကိုမကြိုက်တာလား.."

"ကြိုက်တယ်လေ..ရုပ်ရှင်မင်းသမီးကို တစ်ပြည်လုံးကြိုက်တာပဲ.."

"အထူးသဖြင့် မင်းကပိုကြိုက်ရမှာ..မင်းသမီးတစ်ယောက်ကို မိ
အကူအညီနဲ့အသာလေး စေ့စပ်လိုက်ရတာ၊ ဘာဖြစ်လို့ရှဲ့မဲ့ညည်းတွားရ
ရတာလဲ..ပြောရင်လည်း လက်သီးကြိမ်းကြိမ်းဦးမယ်၊ မင်းကိုက.."

"တော်တော့..တော်တော့.."

"ဟဲ့..ဟဲ့.."

သူပဲနေရာမှထရပ်လိုက်ပြီး နာရီကြည့်သည်။ ဒါပေမယ့် ရွှေသို
မျက်နှာကိုပဲ မြင်နေ၏။ ချစ်ခင်စွဲလမ်းလွန်းလို့တော့ မဟုတ်ဘဲ.. ၊

"မင်းသမီးဖြစ်တာနဲ့ပဲ သူတို့အတွက်ပဒေသပင်ပေါက်လာတာ
ထင်နေသလားမသိဘူး.."

"အဲ့ဒါမင်းမေးခဲ့ပါလား.."

"မမေးသေးဘူး..ကြည့်နေတာ.."

"ဟား ဟား ဟား.."

ကျော်အောင်နဲ့အတူ သူပါရယ်မိ၏။ ဟိုတုန်းကသီချင်းလို 'မိန်း
လေးတစ်ယောက်ရုပါတယ်ဗျာ ပူညည်..ပူညည်.."လို့ အော်ပစ်ချင်သည်။ သူ
မှာတော့ နားပူတာမဟုတ်သောကြောင့် 'ကုန်ပြီ ကုန်ပြီ'လို့ အော်ရမလား

"အဲ့လိုရယ်ရယ်မောမောနေစမ်းပါမျက်နှာရာ..သူဒီလောက်ဖြူန်းတ
လောက်နဲ့ မင်းမကုန်သေးပါဘူး.."

"ဘာ.."

မင်းမျက်နှာ ချက်ချင်းလှည့်လာပြီး မျက်နှာချင်းကပ်ကြည့်ကာ..

"ကေအေ.."

"ဘာလဲ.."

"ငါပြောလိုက်ရင် မင်းလွင့်သွားနိုင်.."

"ဒါဆိုလည်းမပြောနဲ့ပေါ့ကွ.."

"အေး...မင်းလည်းတိတ်တိတ်နေ၊ ငါမင်းသမီးကိုလက်ထပ်ချင်တာ
ငါ့ကုမ္ပဏီမှာလိုအပ်နေတာ ပြည့်စုံသွားဖို့ပဲ.."

"လုပ်ပြီ..ကျော်မကောင်းကြားမကောင်း.."

"ကောင်းချင်ကောင်း မကောင်းချင်နေ..ကြားကောင်းအောင်ပြောဖို့
လည်း စိတ်ကူးမရှိဘူး.."

ကျော်အောင်က စီးကရက်မီးညှိရင်း သူ့လိုပဲထရပ်လိုက်ကာ.. ၊

"အဲ့ဒီစကားတွေ ကောင်မလေးကြားရင် ရှော့ခ်ရှိတယ်..နားလည်
း.."

"မတတ်နိုင်ဘူး...ချစ်လို့ကြိုက်လို့ ညားကြတာမှမဟုတ်ရင် ဘာရှိ
းလို့လဲ.."

"မိဘစကားနားထောင်တာက ဘဝလက်တွဲဖော်အလိုရှိတာ..ဘာ
ပေါ့ကွာ.."

အဲ့ဒီဘာညာတွေကို စိတ်ထဲကမပါဘဲ ပြောကိုမပြောချင်တာဖြစ်
သည်။ ရွှေသိုက်က လှသည်။ ပြင်ဆင်ထားသည့်မင်းသမီးတစ်ယောက်
ဖြစ်နဲ့ရော သဘာဝအတိုင်းမျက်နှာပြောင်လေးနဲ့နေတာရော ဘယ်လို
နေလှသည်။ပြီးတော့ ဝတ်စားနေထိုင်ပုံကအစ ဆိုရှယ်မီဒီယာတွေပေါ်
သို့ သူမရဲ့ဂုဏ်သတင်းက ငြိမ်ငြိမ်သက်သက်လေးနဲ့ ပုံမှန်ရှိနေ
သည့်မင်းသမီး။ လူကြိုက်များပေမယ့် နာမည်ကျော်ထိပ်တန်းအဆင့်ထိ
ပေါက်သေး။ သူမကိုဘယ်လိုဇာတ်မျိုးနဲ့ ဆွဲတင်ပေးရမယ်ဆိုတာ
အစတည်းက တွေးနေမိခဲ့သည်။ သူမက ကိုယ်လက်ထပ်ရမည့်မင်းသ
ဘန်း သိရတော့ အကြိုက်တွေ့သွားခဲ့တာလည်း ဒါကြောင့်ပင်။ ပြီးတော့
ကမင်းသမီး ကိုယ်ကပရိဂ္ဂဟ။ သူမကိုနိုင်ငံကျော်အောင်တင်ပေး
သည်၊ သူလည်းအကျိုးရှိမည်။ ကိုယ်လည်းအမြတ်ရမည်။ ကြားလို့
ကောင်းတာ ဘာရှိသလဲ..။ ကော်ဖီဆိုင်ကထွက်လာတော့ ကျော်အောင်
ကပါလာတာမြင်လျှင်.. ၊

"မင်းကဘယ်ကိုလဲ.."

"မင်းထသွားကာမှ ငါကဘာလို့ကျန်ခဲ့ရမှာလဲ.."

"ဒါဆိုလည်း သံလျင်မှာရှိက်ကွင်းရှိတယ်မို့လား...မင်းလိုက်သွားလိုက်.."

"သိတယ် ခိုင်းတော့မယ်ဆိုတာ.."

ကျော်အောင်က နားထဲလက်ထည့်ပြီး ကုတ်သလိုခြစ်သလိုမဲ့လျှင်..

"ဟေ့ကောင်..အဲ့လက်ကြီးက ဘာလို့ဟိုထဲရောက် ဒီထဲရောက်.."

"ဘာလဲ..နားထဲပဲရောက်တာ၊ ဘယ်ထဲရောက်လို့လဲ.."

"နားထဲရောက်နေတာကိုပဲပြောတာ.."

မင်းမျက်နှာက ရွံရှာသလို နှာခေါင်းပါတွန့်မဲ့လျက်.. ၊

"အဲ့ဒါကြောင့် မင်းကိုဂျူလီယာက ထားခဲ့တာ.."

"ဟေ့ကောင်..ဟေ့ကောင် အဲ့ဒါတွေမပါဘဲပြော.."

"နောက်ထပ်မန္တိုက်ဖို့ သတိပေးနေရရင်တော့ ပါလာမှာပဲ.."

ဘာကောင်မှန်းမသိဘူးလို့ ထပ်ပြောသွားသေးသည်။ ကျော်အောင်က နောက်ကလက်သီးနဲ့ပခုံးကို ကပ်တွန်းပစ်ရင်း.. ၊

"မင်းသမီးနဲ့ဖူးစာပါနေတော့လည်း မင်းပြောအားရှိသွားတာပေါ့ကွာ.."

ပြီးတော့ 'မင်းလိုလူလည်း ရှားတယ်'လို့ ခပ်တိုးတိုးရေရွတ်၏။ 'ဒီဘဝတိုးတက်အောင် ငါလမ်းငါထွင်ခဲ့တာ'လို့ ပြောခဲ့ဖူးပေမယ့် ဒါကြောင့် မာန်မာနထောင်လွှားနေတာမျိုးလည်းမဟုတ်။ ဒါပေမယ့် အစွန်းရောက်ကပ်စေးနဲခြင်းကတော့ ကိုယ်တိုင်ရှန်းကန်ရှာဖွေခဲ့ရတဲ့ အကျိုးဆက်ပဲဖြစ်၏။ 'ဘဝနဲ့ငါ' ပညာပေးရုပ်ရှင်ဇာတ်ကားကြီးကို ပထမဆုံးရိုက်ကူးပြီး ထိုကားမှာပဲပေါက်သည်။ နောက်ထပ်ကားကြီးသုံးကားဆက်တိုက်ရိုက်တာလည်း ဝက်ဝက်ကွဲအောင်မြင်၏။ထို့ကြောင့် မင်းမျက်နှာက ပရိဂျူဆာအသစ်ပေမယ့် ရုပ်ရှင်ဗီဒီယို လောကမှာ အားလုံးထွင်းဖောက်အောင်မြင်လာခဲ့သည်။ ဗီဒီယိုကားတွေ ဆက်တိုက်ရိုက်ကူး ဖြန့်ချိတာလည်း မင်းမျက်နှာလက်နဲ့ထိမိသမျှရွေ့။ တစ်ခုမကောင်းတာက ချမ်းသာလာလေ မင်းမျက်နှာတို့ တိုတိုထွာထွာတွေဖြစ်လာလေ။ လူချမ်းသာတွေ ဒါကြောင့် ချမ်းသာကြတာလား..။ ဝင့်ကြွေးလို့ပဲပြောရမလား.. ၊

မင်းမျက်နှာကတော့ နောင်တကင်းစွာ ကပ်စေးနဲပြီးရင်းနှဲရင်း.. ၊

♥♥♥♥♥

အခန်း(၁၂)

"ကွန်ဂရက်ကျူလေးရဲ့နှဲ့..သိုက်ရေ.."

"ဟား.."

"ဖြောင်း...ဖြောင်း.."

သူငယ်ချင်းတွေ အားပါးတရလက်ခုပ်တီးအားပေးကြသည်။ အသောင်းအစားလုပ်ထားခဲ့သည့် 'ဖြူစင်'ရုပ်ရှင်ပရိဂျူဆာကတော့ ပြုံးမဲ့မဲ့ကြီးဖြစ်နေခဲ့လျက်.. ၊

"အေးပါ..ငါရှုံးပေမယ့် ညည်းအောင်မြင်တာကိုတော့ ဝမ်းသာပါတယ်၊ ဘာပဲဖြစ်ဖြစ် ညည်းအနာဂတ်အတွက် ကောင်းတဲ့နိမိတ်ပဲလေ.."

"တွေ့လား..ပရိဂျူဆာကြီး မချိတင်ကဲမျက်နှာကြီးနဲ့၊ ဂုဏ်ပြုပေးနေရတာ.."

"အေးလေ..ရှော့ပင်စင်တာမှာ နှစ်နာရီအတွင်း ကိုမင်းမျက်နှာရဲ့အိတ်ထဲက သိန်းနှစ်ရာထွက်ကျလာအောင်လုပ်နိုင်ရင် သိန်းသုံးဆယ်ဘုတ်ခနဲချပေးမယ်ဆိုတာ.."

"ကုန်ပြီ..တို့ပရိဂျူဆာကြီးတော့.."

"ကုန်စရာလား...သူ့ဌေးပါဟဲ့ပရိဂျူဆာကြီးက.."

"ဒေါ်ဘု...ဟုတ်ပဲ..."

သိုက်က ခေါင်းလေးခါရယ်နေရင်း ပိုက်ဆံတွေကို စုထပ်သိမ်း

"ဒါနဲ့ပေမဲ့ အဲဒီလူလို ငါကကွန်ပလိန်းတက်လို့ရသေးတယ်နော်.."

"Why?.."

သိုက်ကနားမလည်သလိုကြည့်ပြီး တမင်တကာတအံ့တသြဖြစ်၍ ပရိုဂျူဆာဦးကံမင်းက လက်ညိုးထောင်ပြီး သတိပေးသလိုမဲ့၍.. ၊

"အဲ့ဒီပစ္စည်းတွေ ညည်းငါ့ကိုမပြနိုင်သေးဘူး.."

"ဟာ..ပြောပြီးပြီလေ၊ သူ့ကိုတင်းပြီး ပြန်ထည့်ပေးလိုက်တာပါဆို.."

"တင်းရတဲ့အကြောင်းကိုက သူကပ်စေးနဲ့ရခြင်းအကြောင်းပဲ.."

"အံမယ်..မရပါဘူး၊ လောင်းခဲ့တာပစ္စည်းတွေ အစုံအလင်စာရင်းပြန်ပြရမယ်လို့မပါဘူး..ဝယ်ထားတဲ့ဘောင်ချာတွေ ပြဖို့ပဲ.."

"ဟုတ်တယ်လေ..ပရိုဂျူဆာကြီးနော် ကျွန်မတို့မင်းသမီးကိုမညစ်နဲ့"

"သိမ်း..မြန်မြန်သိမ်းသိုက်ရေ၊ ပရိုဂျူဆာကြီးမျက်လုံးတွေက ပိုက်ဆံတွေက မခွာတော့ဘူး.."

"ဟုတ်တယ်ဟ..ပြန်လုတော့မလားပဲ.."

"ဟား ဟား ဟား.."

"မလုပါဘူးဗျာ..မင်းမျက်နှာလိုလူဆိုက သိန်းနှစ်ရာထွက်ကျလာအောင် လုပ်နိုင်တဲ့အရည်အချင်းက နည်းသလား၊ ခုထိတောင်အံ့သြနေတုန်း.."

"မယုံမရှိနဲ့..သူကပြောင်ပြောင်တားတာတွေရှိတယ်.."

"ဟေ.."

"ပိုက်ဆံမပါဘူးပြောလိုပြော.."

"အယ်..ဟုတ်လား.."

"ပြောပေ့စေလေ..အဟွန်း နည်းနည်းတော့ မျက်နှာပြောင်တာပေါ့.."

"ဟား ဟား ဟား.."

"လုပ်လိုက်ကွာ.."

ရယ်သံတွေ မှုန်တဲ့ခါးကိုကျော်ပြီး လွှဲထွက်လာသည်။ ပြောနေကြ

သည့် စကားတွေကိုလည်း လုံးဝပေ့ဒ်စေ့ကြားလိုက်ပါ၏။ အထုတ်အပိုးကိုဆွဲလျက် အပြင်မှာရပ်နေသည့် မင်းမျက်နှာကိုယ့်နားကိုယ်တောင် မယုံနိုင်။ သူဒီလောက်တောင် နာမည်ကြီးနေတာလား..။ စိတ်တိုသွားတာနဲ့ ယုံကိုယုံကိုလား..သိုက်ကိုလားဆိုတာ မသိ။ ဒါပေမယ့် သိုက်ကတော့ ဆုံးဖြတ်သက်ပြီး သိန်းသုံးဆယ်ရသွားခဲ့သည်။ သူတော်လို့လား..ကိုယ်ကသည့်နေတာလား.. ၊

ကိုင်ထားမိသည့်အိတ်တွေကို ပြန်ငုံ့ကြည့်မိကာ ဒီထဲမှာစေ့စပ်လက်ထပ်ပေါ်တွေပါနေသေးတာကိုပါ တွေးမိလာသည်။ သူဘာလုပ်သင့်သလဲ..။ ချက်မှောင်ကုတ်လိုက်မိရင်း ခြေလှမ်းကအလိုလို ပြန်ဆုတ်ပြီးဖြစ်ကာ ချက်ချင်းနောက်ပြန်လှည့်မိသည်။ ဒါတွေကို ပြန်ပေးမလို့ဖုန်းဆက်တော့ ကိုက်ဖုန်းမကိုင်ပေ။ ထို့ကြောင့် အိမ်ကိုမေးတော့ သူမဒီနေ့ပရိုဂျူဆာအိမ်မှာ Lunchသွားစားမယ်ပြောသွားသည်တဲ့။ ထို့ကြောင့် ဒီထိုက်လာခဲ့တာဖြစ်သည်။ ဒါတွေက မဖြစ်မနေပေးရမှာမဟုတ်ပေမယ့် သွားမည့်လမ်းကြုံနေသောကြောင့် တကောက်ကောက်လိုက်ပေးနေရသလို ဖြစ်နေခဲ့သည်။ ခုတော့အဖြစ်က ပိုဆိုးသွားပြီဖြစ်သည်။

ပေးပြီးပြန်လာခဲ့ရင် ကိစ္စကရှင်းရှင်းလေးပေမယ့် မြင်ခဲ့ကြားခဲ့ရတာကြောက ရင်ဘက်ထဲမှာပါလာသည်။ မာနကြောင့်လား။ စိတ်တိုတာလား။ ဘာကိုမှန်းမသိဘဲဖြစ်လာသည့်စိတ်က တနုံ့နုံ့ကျန်ရစ်၏။ ကားတံခါးကိုဆွဲဖွင့်လိုက်ချိန်မှာ နောက်ကတဒေါက်ဒေါက်ပြေးလာသည့် ဖိနပ်သံကြားလိုက်ရ၏။ လှည့်မကြည့်ဘဲ သူတွက်မိလိုက်သည်။ ဒါသိုက်ရဲ့ဖိနပ်သံ.. ၊

"ကိုမင်းမျက်နှာ.."

သူကလှည့်မကြည့်ဘဲပစ္စည်းတွေကို ကားထဲထည့်လိုက်လျှင် တံခါးပြန်ပိတ်တော့မှ သိုက်ကအနားရောက်လာပြီးတံခါးကိုဆွဲထားလိုက်ကာ..၊

"ပြန်ထည့်လိုက်တဲ့ပုံအရ သေချာတယ်..ရှင်သိုက်ဆီကိုရောက်လာပြီ.."

"ဆိုတော့ မင်းတို့ပြောသမျှ အားလုံးကြားပြီးပြီဆိုတာလည်း သေချာတယ်မို့လား.."

သိုက်ကမျက်မှောင်လေးကုတ်၍ စိုက်ကြည့်နေ၏။ မျက်လုံးချင်းဆုံ

နေရင်း မင်းမျက်နှာက ခပ်နွဲ့နွဲ့ခါးထောက်၍.. ၊

"မင်းကိုတော့ ထပ်ပြီးမျက်နှာပြောင်နေတယ်လို့ ပြောနိုင်သလို ငါက လည်း ဇီဇာကြောင်တယ်..ကပ်စေးနဲတယ် အပြောခံရတာတွေ အရေထူနေတာ ဖြစ်နိုင်တယ်၊ အဲ့ဒါတွေကြောင့် မင်းနဲ့ငါရှောခ်မရှိဘူးလို့ မှတ်လို့ရ တယ်.."

မျက်နှာပြောင်သည် အပြောခံရတော့ သိုက်မျက်နှာလေး တင်းခနဲ ဖြစ်သွားသည်။ သူရောက်လာမှန်းသိလိုက်တည်းက ဖျန်းခနဲပူရှိန်းသွား သည့်တစ်ကိုယ်လုံးက နောက်ထပ်မျက်နှာပြောင်ဖို့ထိ အဆင်သင့်မဖြစ် သေးတာ သိသာခဲ့သည်။ ဒါပေမယ့် သူမရဲ့အကျင့်ကိုက ပြဿနာတစ်ခု ကို ရှောင်လွှဲနေမယ့်အစား ရင်ဆိုင်ပြေးတွေ့ဖို့သာ ဆုံးဖြတ်တတ်ခဲ့တာဖြစ် သည်။ ထို့ကြောင့် ရှက်သည့်စိတ်တော့ဖြစ်နေပေမယ့် သူ့နောက်ပြေး လိုက်ခဲ့တာပါ။ သူက ကိုယ့်ထက်ပိုပြီး သွေးအေးနေမည့် မထင်ခဲ့သော ကြောင့် သူ့ဆီကရှူးရှူးရှားရှား ပြစ်တင်ဒေါသတွေထွက်လာခဲ့ရင် မတုန် လှုပ်သည့်ပုံနှင့် တုံ့ပြန်ဖို့လည်း အားတင်းပြင်ဆင်ခဲ့သည်။ သို့သော်.. ၊

"ဘယ်လိုလဲ..ဆက်ပြောရမလား.."

"ပြော.."

"အိုခေ.."

မင်းမျက်နှာကပြုံးလိုက်ပြီး ခြေဖျားတစ်ချက်ထောက်ပြီး ကြွခနဲကိုယ် မြှောက်၏။ ပြီးမှ.. ၊

"ငါကကိုယ်လုပ်ခဲ့တာ အဆင်မပြေမှုဖြစ်တိုင်း ကိုယ့်ကိုယ်ကိုလည်း အပြစ်မတင်ဘူး...လွှဲချဖို့လည်း စိတ်မကူးဘူး၊ အကျိုးဖြစ်လာတာက အ ကြောင်းရှိလို့ပဲ.."

"ကျွန်မရှင့်ဆီမှာ တရားနာဖို့ရပ်နေတာမဟုတ်ဘူးနော်.."

"မင်းကိုတရားပြဖို့ ငါမှာတရားရှိလာပြီလို့လည်း မထင်ပါဘူး...ဒါ ပေမယ့် အခုမင်းတို့ငါကွယ်ရာမှာ ထင်သလိုဟားတိုက်ရယ်နေတာကို လက်ပူးလက်ကြပ်မိရခြင်းနဲ့ ပတ်သက်ပြီး ငါဒေါသထွက်မှာပဲလို့ မင်း ထင်တယ်မို့လား...အဲ့ဒါကြောင့် ငါဘယ်လိုစိတ်မွေးရတဲ့အကြောင်းပြော ပြတာ.."

"ရပြီ..ဆက်ပြော.."

"ဟွန့်.."

မင်းမျက်နှာကပြုံးလိုက်ပြီး ကားတံခါးပေါ်က သိုက်ရဲ့လက်ကိုမျက် စောင်ဖျားတွေ စိုက်ခနဲစောင်းကြည့်ကာ.. ၊

"မင်းကဆွဲထားတယ်ဆိုတော့ ဒါတွေကိုလိုချင်သေးတဲ့ပုံပဲ.."

သိုက်ရဲ့မျက်နှာ ရဲခနဲဖြစ်သွားသည်။ ဟန်ဆောင်ထိန်းချုပ်ဖို့ သတိ ရခင် လက်ကိုပြန်ရုတ်ပြီးဖြစ်သွားတော့ ပိုဆို၏။ မင်းမျက်နှာသွားတွေ ပေါ်အောင် ရယ်လိုက်လျှင်.. ၊

"ရှင့်စိတ်ကူးကိုသီချင်ရုံပဲမင်းမျက်နှာ..လူတိုင်းကိုရှင့်လို ဥစ္စာရှူးမှတ် နေနဲ့.."

"ဟုတ်တယ်..ကိုယ်ရူးတယ်လို့ ပေါ်တင်ဝန်ခံတာပါ၊ ရူးတာမှ အရူး ရှင့်နေပြီလားတောင် မသိဘူး.."

ပြောပြီး သိုက်ကိုစေ့စေ့ကြည့်ကာ.. ၊

"ကိုယ်ကဥစ္စာခြောက်တယ်..မင်းကနိုင်ငံကျော်မင်းသမီးဖြစ်ချင်တယ်၊ ဘစ်ယောက်တစ်မျိုးစီရူးတာတော့ တူနေတာပဲဟုတ်တယ်မို့လား.."

"ကျွန်မက.."

"မရူးပါဘူးဆိုရင် မင်းအမြင်မှာ စိတ်ပျက်ဖွယ်တွေပြည့်သိပ်နေတဲ့ ယောကျ်ားနဲ့ ဘယ်စေ့စပ်မလဲ.."

သိုက်အသံတိတ်သွားတော့ မင်းမျက်နှာနှုတ်ခမ်းမှာ မဲ့ပြုံးတစ်ချက် ဖြစ်၏။ လူတကာလှောင်ရယ်ခံရတဲ့ ရင်ထဲမှာ မနာဘဲရှိမလား..။ အထူး သဖြင့် ယောကျ်ားတစ်ယောက်ရဲ့မာန။ အစွယ်အချိုးခံထားရတဲ့ မြွေ ဘောင် ထိပ်ပုတ်ရန်စပြီဆိုရင် ပါးပျဉ်ထောင်ပြတာပဲ။ သူကမြွေတစ် ကောင်တော့ မဟုတ်ပေမယ့်.. ၊

"မင်းမညာတတ်တာကိုတော့ လေးစားသွားပြီ.."

သိုက်ဘာမှပြန်မပြောတော့ သူပဲဆုံးဖြတ်လေးစားနေခဲ့လျက်.. ၊

"မင်းနဲ့ငါ ရင်ထဲမှာတစ်ယောက်တစ်မျိုးစီနဲ့ ကွယ်ရာမှာကြိတ်ကြံနေ ကြတာ ဘေးလူတွေအတွက် ဟာသဖြစ်ပါတယ်.."

"သဘောထားကြီးတာတွေ ရေရွတ်ပြသွားပြီး နောက်ဆုံးတော့လည်း ငဲ့ဒါကိုခံပြင်းနေတာပဲ.."

"ဟုတ်ရင်ဟုတ်မှာပေါ့..ဒါပေမယ့် ကိုယ့်အလှည့်ကြုံရသလို မင်းအ

လှည့်ရောက်လာရင်ရော.."

ရုတ်တရက် သူဘာကိုပြောချင်တာမှန်း မသိသဖြင့် သိုက်မဖြေနိုင်။

" 'ထင်းခွေမကြဲ ရေခပ်တော့ကြဲမှာပဲ'ဆိုတဲ့ အလှည့်တွေကို မင်းကြားဖူးမှာပါ..အခု မင်းရယ်နေရသလို ငါ့တွက်ကိန်းထဲမင်းဝင်လာတဲ့အခါ ငါတို့ရယ်နေကြရင် ဘယ်လိုလဲ.."

သိုက်မျက်နှာတင်းသွားလျှင်.. ။

"မာနတွေကြီးပြမနေနဲ့မရွှေသိုက်..အခု မင်းကြံစည်တာကို သိပြီးကာမှ ကိုယ်ကငြိမ်နေမယ်ထင်လို့လား.."

"ဟွန့်.."

"မင်းဂရုမစိုက်ဘူးဆိုလည်း ပြိုင်ချင်ဆိုင်ချင်စိတ်နဲ့ ဒီလိုအကွက်မျိုးတော့ ငါထပ်မရွှေ့ချင်ဘူး.."

"အဲ့ဒီတော့.."

သူကပြုံးလိုက်ပြီး.. ။

"လာမှာပေါ့..စောပါသေးတယ်.."

ပြောပြီးတာနဲ့ သိုက်ကိုတွန်းတာလည်းမဟုတ် ဖယ်ခိုင်းတာလည်းမဟုတ်ဘဲ သိုက်နဲ့မလွတ်သည့်တံခါးကို လှမ်းဖွင့်၏။ သူမခြေနှစ်လှမ်းလောက်ဆုတ်ရှောင်လိုက်ရကာ သူကဝင်ထိုင်ပြီးမှ.. ။

"ငါမင်းကို ဘာမှမကြံစည်ပါဘူး...ရွှေသိုက်ဆိုတဲ့မင်းသမီးက 'လောင်းကစားသမား'လားဆိုတာပဲ နည်းနည်းခေါင်းစားသွားတာ၊ မင်းကိုသဘောကျကြတဲ့ ပရိသတ်တွေကတော့ အဲ့လိုမင်းသမီးလို့ထင်ကြမှာမဟုတ်ဘူး.."

ဟင်.. ။

သူ့ကားထွက်သွားတဲ့အထိ သိုက်စဉ်းစားလို့မပြီးသေး။ သူပြောသွားတာ အဲ့လိုမျိုးဘာလိုလိုတွေရေးပြီး လိုင်းပေါ်တင်မယ်လို့လား...။ မဟုတ်ကဟုတ်က.အပိုအလိုတွေချဲ့ကားချန်ထားပြီး ရေးလိုက်ရင်သွားပြီ.. ။

ဟိုတွေးဒီတွေးနှင့် သိုက်ဘာလုပ်ရမှန်းမသိတော့.. ။

♥♥♥♥♥

"ဟာ..တိုးတိုးရယ် ငါဝတ်မှာပန်းရောင်မှမဟုတ်တာ.."

"သိပါတယ်မင်းသမီးရယ်..ဒါပေမယ့် မင်းသမီးရဲ့လည်ကပ်ပန်းနဲ့ [illegible]ပတ်က ပန်းရောင်လေးလေ၊ ဒါကြောင့် ခြေသည်းလက်သည်းလေး[illegible]က ပန်းရောင်လေးမှ.."

သိုက်ကဆိုဖာပေါ်မှာဖြစ်ကာ တိုးတိုးကကြမ်းပေါ်မှာထိုင်ကာ သိုက်[illegible]ခြေထောက်လေးကို ခြေသည်းနီဆိုးပေးနေ၏။ နာမည်ကြီးမင်းသမီး[illegible]တာ်တော့ အလုပ်လုပ်တာထက် နားနေရတာက ပိုများနေသည်။

"သမီးရေ..ဖုန်းလာနေတယ်လေ.."

"ဟုတ်အန်တီလေး...သိုက်ကြားပါတယ်၊ လက်မအားသေးလို့.."

နှစ်ယောက်စလုံး ခြေသည်းလက်သည်းတွေဆိုးရင်း အလုပ်ရှုပ်နေ[illegible]သဖြင့် ဒေါ်တင်တင်လတ်က ကိုယ်တိုင်လာပြီး စားပွဲပေါ်ကဖုန်းကို[illegible]ကောက်ပေး၏။ ထုံးစံအတိုင်း ဖွင့်ပြီးမှ သူမပခုံးနဲ့မေးရိုးလေးကြားမှာ[illegible]ခဲအောင် သေချာထည့်ပေးပြီး ထွက်လာခဲ့သည်။

"ဟလို.."

ပါးလေးနဲ့ဖိကပ်ထားကာ လက်သည်းနီဆိုးနေရင်း.. ။

"ညြော်..ဦးမိုးဇော်၊ ဟုတ်..ဦး.."

"....."

"အဲ ဟုတ်တယ်..သိုက်လက်မခံခဲ့တာ၊ ဘယ်လိုပြောရမှန်းတောင်
သိဘူး..အဲ့လိုတော်လှန်ရေးကားတွေ သိပ်မကြိုက်ဘူးဦးရဲ့၊ နောက်ပြီး
နယ်ထွယ်ရမှာဆိုတော့ ဒီရက်ပိုင်းမှာ သိုက်မအားဘူးလေ.."

"....."

"အဟွန်း..ဆောရီးနော်ဦး၊ ဟုတ်ကဲ့ပါ..နောက်ကားတွေကျရင် ဦး
ရိုက်မှာပါ.."

"အောင်မယ်လေး..အောက်ကားတွေတော့ မရိုက်နိုင်ဘူးလို့ပြော
လိုက်စမ်းပါ မင်းသမီးရယ်.."

"ဟဲ့.."

ဖုန်းကမန်းကတန်းပိတ်ပြီး သတိုးရဲ့ခေါင်းကို ဒေါက်ခနဲခေါက်ပစ်
လိုက်ကာ. ၊

"အဲ့ဒီဒါရိုက်တာက ငါ့ဆရာ..ပြောချင်တိုင်းပြောလို့ရမလား၊ နောက်
ပြီး ရုပ်ရှင်ကားတွေပဲ ပရိုဂျူဆာတွေ ကိုင်နေကြတာ.."

"အဲ့ဒါကြောင့် ဗီဒီယိုအောက်ကားကိုမှ ဘာလို့လာပြောနေလဲလို့..
ခေါင်းကိုပွတ်နေတာတောင် သတိုးကဒါပဲထပ်ပြော၏။

"မင်းသမီးကို အဲ့ဒါကြောင့်ပြောတာ..ဒီလိုဘဝနဲ့နေရတာ အရမ်း
တက်ပ်ကျကာပဲ၊ ကိုမင်းမျက်နှာကိုသာ လက်ထပ်.."

"တင်းတောင်.."

"အဲ.."

ဧည့်သည်လာသည့်အသံကြောင့် ခေါင်းထောင်သွားကြသည်။ သို့
သော် သူတို့နှစ်ယောက်ခြေမအား လက်မအားဖြစ်နေကြမှန်းသိသော
ကြောင့် ဒေါ်တင်တင်လတ်ကပဲ ခပ်သုတ်သုတ်ထွက်လာပြီး.. ၊

"ဟော..သားပါလား.."

သားလို့ခေါ်လိုက်သည့် ဒေါ်တင်တင်လတ်အသံကြောင့် မင်းမျက်
နှာများလားလို့ တွေးလိုက်မိ၏။ သတိုးကလည်း မျက်လုံးဝိုင်းသွားပြီး
မော့ကြည့်သည်။

"ချိန်းထားတာလား.."

"ဘယ်ကလာချိန်းရမှာလဲ.."

"ဟီဟီ..ဒါဆိုတိုးတက်လာပြီပေါ့.."

သတိုးလက်သည်းနီဘူးတွေ ကောက်သိမ်းလိုက်တာ လျှပ်စီးလက်
သည့်အတိုင်း။ သိုက်လည်း အဖြူရောင်လက်တစ်လုံးကြိုးလေးနဲ့
ဟိုက်ရင်ဟိုက် ခါးစည်းဂါဝန်အဖျော့လေးကို ဟိုကဆွဲချဒီကဆွဲတင်
လက်သည်းနီတွေလည်း ပျက်လေသည်။ လက်သည်းနီတွေပျက်တာ
ည်း နှမျော။ ဒီလိုလာတာလည်း မကြိုက်တာမို့ မျက်နှာတစ်ပြင်လုံး
ဘ်နေခဲ့လျက်.. ၊

"ရှင်က.."

ပြောမည့်စကားမဆုံးလိုက်ပေ။ မျက်နှာရှေ့ပေါ်လာတော့ မင်းမျက်
စ်ယောက်တည်း မဟုတ်.. ၊

"လာ..ထိုင်ကြသားတို့၊ သမီးနဲ့ချိန်းထားတာလား.."

"မချိန်းပါဘူး.."

သိုက်ကမလိုသံနှင့် ချက်ချင်းဝင်ဖြေသည်။ ပြီးတော့ ခပ်တင်းတင်း
တောင့်တောင့်ထိုင်နေရင်း သူနဲ့ပါလာသည့်လူတွေကိုပါ ဝေ့ကြည့်
ည်။ ဒီလူတွေက True Loveရုပ်ရှင်က လူတွေပဲ။ ဘာကိစ္စလဲ သင်း
ဒေါ်တင်တင်လတ်ခများလည်း ဘာကိစ္စမှန်းမသိသောကြောင့်
ပြီးဧည့်ခံရမလို ဘာဝင်ပြောရမှန်းမသိ။ ပြောသင့်ရဲ့လားမသိ.. ၊

"ကျွန်တော်က မရွှေသိုက်နဲ့ရုပ်ရှင်တစ်ကား ရိုက်ချင်လို့ပါ.."

ဘုရားရေ.. ၊တူဝရီးနှစ်ယောက်စလုံး မျက်လုံးပြူးသွားပုံက 'ဘုရား
ိုက်တာချင်းပါ တူနေနိုင်၏။ သို့သော် သိုက်ကဝမ်းသာသွားတာဖြစ်
ဒေါ်တင်တင်လတ်က အံ့သြသွားခြင်း.. ၊

"အဟွန်း..အန်တီက သားရောက်လာတာ အလုပ်ကိစ္စလို့မထင်လိုက်
"

ပြောပြီး သိုက်နဲ့ခပ်ကွာကွာလောက်မှာ ဝင်ထိုင်လိုက်ကာ.. ၊

"ဒီရက်ထဲမှာပဲ စေ့စပ်တော့မယ်..သားတို့စေ့စပ်ပြီးကြရင် အလုပ်ကိ
ုက် ခုလိုအထူးတလည်ပြောနေဖို့တောင် မလိုဘူး.."

"ကျွန်တော်ကတော့ အလုပ်ကိစ္စနဲ့ပတ်သက်ရင် ဘာနဲ့မှမရောထွေး
ခြားလုပ်ချင်တာ.."

"ညော်..ဒါလည်းကောင်းပါတယ်.."

မင်းမျက်နှာရဲ့မျက်နှာထိမျက်နှာထားအရ ဒေါ်လတ်လတ်တင်ဟာ ခုခုကို ခံစားမိနေသဖြင့် သိုက်မျက်နှာကိုမသိအသာအကဲခတ်လိုက်သည်။ သိုက်တော့ သိပ်ထူးခြားမနေသည်မို့.. ၊

"အေး...သားတို့ချင်းပြောကြလေ၊ တစ်ခုခုစားဖို့ အန်တီသွားလုပ်ပေးမယ်.."

ဒေါ်တင်တင်လတ်ထထွက်သွားလျှင် ခန်းဆီးအကွယ်ကနေ ခေါင်းပြူချောင်းနေသည့် သတိုးက မျက်နှာလေးမော့၍ လိမ်ဖယ်ဖယ်လေးထွက်လာ၏။ ပြီးတော့ သိုက်နားမှာထိုင်သည်။မင်းမျက်နှာနဲ့လူရွယ်ယောက်က သူ့ကိုမကြည့်ပေ.. ၊

"ဇာတ်လမ်းက ငါ့တိုက်ကပင်တိုင်ရေးတဲ့ လရောင်ပဲ.."

"synopsis(ဇာတ်လမ်းအကျဉ်း) ပေး.."

လို့တောင်းလိုက်ပြီး သူ့လက်ထဲရောက်လာမှ သိုက်ရဲ့ရှေ့ကိုတိုးလိုက်ရင်း.. ၊

"ဇာတ်ကနယ်မှာသွားရိုက်မှာ..မင်းရဲ့ဇာတ်ရုပ်က မြို့မှာနာမည်ကြီးလာလို့ ဘဝင်မြင့်လာတဲ့နယ်သူပေါ့.."

"အဲ့ဇာတ်ကားကို ဘယ်သူကလက်ခံပါ့မယ်ပြောနေလို့လဲ.."

"ဘာလို့မခံရမှာလဲသမီးရယ်..ဒီရက်ပိုင်းရိုက်လက်စကားလည်း ရှိပါဘူး၊ လက်ခံထားတာလည်း မရှိသေးဘူး...နောက်ပြီး ကိုယ့်အချင်းချင်းပဲ၊ မအားရင်တောင် ကူညီရဦးမယ့်ဟာ.."

ဒေါ်တင်တင်လတ်က အအေးဘူးတွေနဲ့ဖန်ခွက်တွေ ဗန်းနဲ့သယ်လာရင်း ဧည့်ခန်းမရောက်ခင်တည်းက တောက်လျှောက်ပြောချလာကာ..

"ရော့..အအေးသောက်ကြဦး.."

လူငယ်တွေဘက်တိုးပေးရင်း ထိုင်ချလိုက်ကာ.. ၊

"အပြိုင်မင်းသမီး ပါသေးလားသား.."

"မပါဘူးအန်တီ..ဇာတ်ကသူနဲ့လိုက်မယ့်ဇာတ်ပါ၊ သူရိုက်ဖူးတဲ့ကားတွေနဲ့ လုံးဝကွဲတယ်.."

"ကောင်းတယ်.."

သိုက်ကတော့ ဝမ်းသာတာကိုဖုံးဖိပြီး မျက်နှာကိုတည်ထားကာ..

"လက်ခံထားတဲ့ကားမရှိတာက သိုက်ကလက်မခံလို့ပါ..ခုနကပဲ ဒါက်တာဦးမိုးဇော် ဖုန်းဆက်တာကို.."

မင်းမျက်နှာက နှုတ်ခမ်းတွန့်ရုံပြုံးလိုက်ပြီး.. ၊

"ဟုတ်တယ်..မင်းသားအသစ်နဲ့ သရုပ်ဆောင်သင်တန်းက သင်တန်းသူသင်တန်းသားလေးတွေနဲ့ သိန်းသုံးဆယ်လောက်နဲ့ တစ်ကားပြီးအောင် ရိုက်မှာ.."

သိုက်ပါးပြင်လေးတွေ ရဲတွတ်သွားသည်။ သူ့ရဲ့ကင်မရာမန်းတွေ၊ ဝင်မန်နေဂျာတွေရှေ့မှာသာမဟုတ်ဘူးဆိုရင် သူမဘာပြောမိမည်မသိ၊

"မရိုက်ခင်နှစ်ပတ်လောက်တည်းက အဲ့ကားကိုကျွန်တော့်တိုက်ကဖြန့်ဝေးဖို့ လာပြောသေးတယ်.."

"ကြွားချင်လည်းကြည့်ကြွားပါ..အခု ဗီဒီယိုအခွေဖြန့်ချိတဲ့ခေတ်မဟုတ်တော့ဘူး.."

"ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ပရိသတ်လက်ထဲရောက်အောင်ပို့တာ ဖြန့်ဝေပါပဲ..အဲ့ဒီကိစ္စတွေ ငါတောက်လျှောက်လုပ်ခဲ့တာ၊ မင်းသိတာထက်သိတယ်..အခုပြောချင်တာက မင်းမှာ အလုပ်လက်ခံထားတာ ရှိတာမဟုတ်တွေ အကြောင်းမဟုတ်သလို ငါ့ကားအတွက် တခြားမင်းသမီးတွေနဲ့နေမနေနေ အခုရိုက်မယ့် 'တို့လျှောက်မယ့်လမ်း'ကိုတော့ မင်းနဲ့ပဲရိုက်မယ်.."

ပြောပုံကိုက လူကိုသူအသုံးချချင်တိုင်း ရနေသလိုလို။ သိုက်ရဲ့မျက်ဝန်းတွေကို စိုက်ကြည့်ပြီး သူကပြုံးသည်။ ပြီးတော့ ဒေါ်တင်တင်လတ်လှည့်ကြည့်၍.. ၊

"အန်တီသိမှာမဟုတ်ဘူးထင်တယ်..အလောင်းအစားတစ်ခုလုပ်ခဲ့တာ သူရုံးသွားတယ်.."

ဟင်.. ၊သိုက်ထိတ်ခနဲဖြစ်သွားသည်။

"ဘယ်လိုသား..အလောင်းအစားလုပ်ကြတယ်ဟုတ်လား၊ သမီးက."

"ဟုတ်တယ်..အဲ့မှာသူကျွန်တော့်ကို သိန်းသုံးဆယ်ပေးရဖို့ဖြစ်သွား..."

"သိန်းသုံးဆယ်.."

"သူရုံးသွားတော့ ကျွန်တော်ပဲစိုက်ပေးခဲ့ရတာလေ.."

"ဘုရား ဘုရား.."

ဒေါ်တင်တင်လတ်မျက်လုံးတွေ မီးတောက်မတတ်ဖြစ်လာသည်။ တက်သွားသည့်မျက်နှာတစ်ပြင်လုံးက လူငယ်တွေရှေ့မှာ အဖက်ဆ လို့မရအောင်ဖြစ်လျက်.. ၊

"သိုက်..ညည်းက.."

"အဲ..ခဏလေးပါအန်တီ၊ သူလည်းပြန်ဆပ်မယ်လို့ပြောထား တယ်..အဲ့ဒါမလိုပါဘူး၊ ကျွန်တော့်ကားကို သူလက်ခံလိုက်ရင် ပြီးတာ ပဲ.."

"ဒီမှာမင်းမျက်နှာ..အလုပ်ကိစ္စပြောရင် ရိုးရိုးပြောလို့ရတယ်၊ ရှင် ဟုတ်ကဟုတ်ကတွေနဲ့.."

"မင်းအလောင်းအစားလုပ်ခဲ့တာတော့ အမှန်ပဲမို့လား.."

"ရှင်.."

"ငါကမင်းနဲ့မှရိုက်ချင်လို့ အကြွေးနဲ့အကျပ်ကိုင်တာမဟုတ်ဘူး ဒီကားအတွက် မင်းသမီးကြေးသက်သာဖို့၊ လိုချင်တာအဲ့ဒါ.."

"အို..ဘယ်လိုဖြစ်ဖြစ် ယူပြီးရင်ပြန်ပေးရမှာပဲ၊ ပြောရမယ့်လူတွေ လည်းမဟုတ်ဘူး..စာချုပ်လိုက်တော့.."

"အန်တီလေး..သိုက်ကသူ့ကို.."

ပြောမည့်စကားသည် လောလောဆယ်လက်ထဲမှာ ငွေအဲ့လောက် ရှိတာကြောင့် ရှေ့မဆက်နိုင်.. ၊ လူညစ်.. ၊သူမတစ်နေ့ကမှ ရှိသေး ဝယ်ခြမ်းပစ်လိုက်တာ ကုန်သွားလို့ပါ။ မဟုတ်ရင် သင်းကိုငွေထုပ်နဲ့ ပေါက်ပြီး ခုချက်ချင်းထွက်သွား..မရှိက်ပေးဘူးလို့ ပြောလိုက်ရုံ.. ၊ ကလိန်ကကျစ် ဝဲစားကောင်.. ၊

"ဘဝဆက်တိုင်း ဒို့ထက်ပုပါစေ..အရပ်တစ်ထောင်လောက်နဲ့ ဖာ ပြုတ်လှည်းနင်း ရုပ်ဆိုးကြီးဖြစ်ပါစေ.."

မင်းမျက်နှာတို့ထွက်သွားတာနှင့် သိုက်မျက်ရည်လည်အောင် အ ကြိတ် ကျိန်တွယ်နေတာမပြီးနိုင်။သတိုးကပါးစပ်ပိတ်ပြီးတခွိခွိရယ်က

"ကောင်းလိုက်တာ ကောင်းလိုက်တာ..ငါ့မင်းသမီး အဲ့ဒီကပ်စေး လေးနဲ့ မြန်မြန်ညားပါစေ.."

♥♥♥♥

"သူ့လိုဂျပုကို ငါလိုမင်းသမီးက ဂရုစိုက်စရာလား..ဟွန်း လူပုသ ားက်.."

"လူပုသလောက် ဘာဖြစ်တုံးပြောပါဦး.."

တစ်ယောက်တည်းအိမ်ပေါ်တက်သွားပြီး ဝုန်းဒိုင်းကျဲနေတုန်း ဒေါ် ာင်လတ်ကပ်ပါလာတာကို မသိလိုက်.. ၊

"အခု အဲ့ဒီဂျပုက လာခိုင်းသွားတဲ့အတိုင်း ညည်းလုပ်ရတော့မှာမ ဘူးလား..လူပုသလောက်ဟိုကတော်တယ်၊ စည်းကမ်းရှိတယ် ကြိုး ားတယ်၊ မိန်းကလေးတန်မယ့် လောင်းကစားလုပ်နေတဲ့ညည်းထက် ဒဲကြီးတယ်.."

"အန်တီလေးနော်..ကိုယ့်တူမကို.."

"ကိုယ့်တူမမို့ ကောင်းတာလေးတွေ ပြောနေချင်တယ်လေ..ညည်း လိုက်တာ အကောင်းပြောဖို့ ဘာရှိလို့လဲ.."

"အန်တီလေး အဲ့ဒါ.."

"မပြောနဲ့..ညည်းလောင်းကစားလုပ်တဲ့အထိ စရိုက်ပျက်လာတာ ငါ ညည်လို့မဆုံးဘူး.."

"မဟုတ်ဘူးအန်တီလေး..."

"ညည်းကိုအများကြီး ကြပ်မတ်ထားတာလည်း မဟုတ်ဘူး..သူတွေ
ကိုမှယူပါ၊ အရာရှိအရာခံကိုမှ ယူပါလို့လည်း မတိုက်တွန်းခဲ့ဘူး..ကိုယ်
ကြိုက်တာတွေတွေ့ရင် ညည်းတို့ကိုဘယ်သူတားတားမရဘူးဆိုတာလည်း
ငါနားလည်တယ်၊ အဲ့ဒါကြောင့် ကိုယ်ကျင့်တရားကောင်းဖို့လေးပဲ ငါဆုံး
မခဲ့တာ.."

"သိုက်ကဘာတွေပျက်ပြားနေလို့လဲအန်တီလေးရယ်..အခု မဟုတ်ပါ
ဘူးဆိုတာ နားထောင်ပါဦး၊ သိုက်ကသူ့ဆီက.."

"ဘယ်သူ့ဆီကမှ အလကားနှိုက်ယူတာ ငါမလိုချင်ဘူး..ထိုင်သုံးနေ
ရရင် သားသမီးဘယ်လိုရှာလာလာ ကျေနပ်ကြည်ဖြူနေမယ့် အဒေါ်မိုး
များမှတ်နေသလားညည်းက ငါ့ကို.."

ဒေါ်တင်တင်လတ်ပါးစပ်က တစ်ချက်မှမနားဘဲ ပြောဆိုကြိမ်
မောင်းနေကာ ထမီတစ်ဖက်'မ'ထားလျက် အခန်းထဲနဲ့အခန်းပြင် ခေါက်
တုံ့ခေါက်ပြန် ဘာလုပ်နေမှန်းမသိ.. ၊

"ဘယ့်နှယ်တော်..ကိုယ့်ကိုယ်ကို ရုပ်ရှင်မင်းသမီးဆိုတာမှမထောက်
အခုလောင်းကစားလုပ်တယ်၊ နောက်ဆိုဘာဖြစ်ဖြစ် ကျူးလွန်ဖို့ဝန်လေ
မှာ မဟုတ်တော့ဘူး..တွေ့ပြီ လာခဲ့.."

ဆွဲထုတ်လာသည့် သစ်သားချောင်းအရှည်က တစ်လံလောက်
သည်။ သိုက်မျက်လုံးပြူးသွားကာ ပြေးဖို့ခြေလှမ်းပြင်၏။ ဒေါ်တင်တ
လတ်ကလည်း လည်သည်။ အခန်းထဲဝင်မလာတော့ဘဲ တံခါးဝကနေ
ပိတ်စောင့်နေကာ.. ၊

"လာပါ..လာခဲ့ပါညည်း.."

"အန်တီလေးကဘာလုပ်တာလဲ..သိုက်က မင်းသမီးဖြစ်နေပြီနော်..

"အောင်မယ်လေး..မင်းသမီးမကလို့ သမ္မတကတော်ဖြစ်စမ်းပါစေ..

"အာ့ပြောတာမဟုတ်ပါဘူး..သိုက်အသက်သုံးဆယ်ပြည့်တော့မှာ..

ထင်ရာလုပ်လာပြီဆို အသက်သုံးဆယ်နားပြေးကပ်ပစ်လိုက်သည်
လှချင်လွန်းလို့ ခါနေပြီဆိုရင်တော့ သိုက်ကခုမှအသက်နှစ်ဆယ်ကျော်
ရုံပဲရှိသေးတာတဲ့..။

စိတ်ကတိုလာကာ အခန်းဝကနေ ထုပ်ဆီးတိုးသလိုစောင့်မနေနိုင်

တော့ဘဲ ထမီ'မ'၍.. ၊

"တတ်လည်းတတ်နိုင်တဲ့မိန်းမ..နောက်တစ်ခါအသက်သုံးဆယ်
ပြည့်ပြီဆိုပြီး အလောင်းအစားမလုပ်ဝံ့အောင် ငါကပညာပေးရတာပေါ့.."

"အန်တီလေးနော်..အန်တီလေးဟာကြီးက အကြီးကြီးပဲ.."

"ကြီးတာကိုတမင်ရှာလာတာပဲ..မပြေးနဲ့နော်၊ ပြေးဝံ့ရင်ပြေးကြည့်..
ငယ်ငယ်ကလို ရွာတစ်ပတ်ပြည့်အောင် လိုက်ရိုက်နေမှာမဟုတ်ဘူး.."

"ဘာလုပ်မှာလဲလို့.."

"ဟောဒီတုတ်နဲ့ကျောကော့သွားအောင်ပစ်ထည့်..ဟဲ့ ဟဲ့..ကြည့်စမ်း၊
ငါကိုတိုးတိုက်ပြေးတယ်..မိရွှေသိုက် ညည်းတော့လား.."

"အား..အန်တီလေး ကြောက်ပြီ.."

လှမ်းတော့မပစ်ပေမယ့် တုတ်ကအရှည်ကြီးမို့ လှမ်းရိုက်လိုက်တာ
အများခတ်မိတော့မလို့ တည်းတည်းလေး.. ၊

"ဒုန်း..ဒုန်း.."

"ဟဲ့..ရပ်နေနော်၊ ငါအသက်ကြီးပြီ..ညည်းကိုမိအောင်မဖမ်းနိုင်တော့
ဘူး.."

"ဟုတ်တယ်..အရိုက်ခံဖို့ ရပ်စောင့်နေရမယ်အားကြီး.."

အန်တီလေးရပ်နေခဲ့ပါ့လားလို့ ပြောမယ့်စကားက အတင်းကြီးကပ်
လိုက်တာသဖြင့် လှေကားဆီလှည့်ပြေးရလျှင်.. ၊

"သိုက်..ဟဲ့ ရပ်စမ်းဆို.."

လှေကားလေးက ကြောင်လိမ်လှေကားလေးဖြစ်ကာ သိုက်ကလှေ
ကားဆုံးအောင် ပြေးမဆင်းတော့ဘဲ ပြန်ကွေးသွားသည့်နေရာကနေ လက်
ရမ်းပေါ်ကျော်ခွလိုက်၏။ ရည်ရွယ်ချက်က ဟိုဘက်ကိုခုန်ချလိုက်ဖို့ဖြစ်
သော်လည်း အရှိန်လွန်ကာ.. ၊

"အောင်မယ်လေး..သိုက်ရေ.."

"အမေ့ရေ.."

လက်ရမ်းပေါ်ဖင်မကျဘဲ လှေကားတစ်ဖက်ကို ကိုးယို့ကားရားကျ
လေသည်။ သို့သော် သူမကံကောင်းထောက်မစွာဖြင့် မင်းမျက်နှာကံဆိုး
ထွေး၏။

"ဟာ.."

မည်းခနဲဆို လူတစ်ကိုယ်လုံးကြီး ပြုတ်ကျလာလျှင် ထင်လည်း ထင် ပြင်ဆင်ချိန်လည်းမရလိုက်ဘဲ.. ၊

"ဘုန်း.."

"အား.."

ပက်လက်ကြီးနှစ်ယောက်သားထပ်လျက် အောက်ကပိပြားနေသည် မင်းမျက်နှာအဖြစ်ဆိုးလျက်.. ၊

"သေပါပြီကွာ..အား ငါ့တစ်ကိုယ်လုံးကျိုးကြေကုန်ပြီ.."

"ဒုက္ခပါပဲ.."

ကျောအောက်ကနွေးစိစိခန္ဓာကိုယ်ကြီးက မင်းမျက်နှာမှန်းသိလိုက်လျှင် ရုတ်တရက်ထဖို့မေ့ကာ သိုက်မျက်လုံးအဝိုင်းသားဖြစ်နေ၏။

"အား..ခေါင်းကွဲပြီ၊ သွေးတွေ.."

ဘုရားရေ.. ၊

"မင်းဘာလုပ်နေတာလဲ..မွေ့ရာခင်းထားတယ် မှတ်နေသလား.."

"ဟင်..ဟုတ်၊ ဆောရီး..ဆောရီးနော်.."

"အောင်မလေးဗျာ.."

"အား.."

သတိဝင်လာပြီး အထိတ်တလန့်ထထိုင်လိုက်တော့ မင်းမျက်နှာငယ် သံပါအောင်အော်လိုက်လျက်.. ၊

"သေပါပြီ..မင်းကဘာဖြစ်လို့အော်တာလဲ.."

"ရှင်အော်တာလန့်သွားတာပေါ့.."

"အား..ဖယ်စမ်းပါ၊ ဖယ်လေကွာ.."

ဟင်.. ၊

ကိုယ်ဘယ်လိုထိုင်လိုက်မိသလဲ ပြန်ငုံကြည့်မိမှ.. ၊

"အမလေး.."

ထချိန်မရဘဲ သူ့ကိုယ်ပေါ်ကနေ သိုက်ငါးရံ့ပြာလူး လှိမ့်ချလိုက်၏၊ ဒီလိုလည်း မကြဘူး၊ ဒီလိုလည်းမရှက်ဘူးပေ။ သိုက်နှုတ်ခမ်းတို့ မေးရိုက်သလို ပြန်မစေ့နိုင်ဘဲ သတိလစ်မတတ်.. ၊

"ဟယ်တော့..အန်တီလေး လုပ်ကြပါဦး.."

ဒေါ်တင်တင်လတ်အသံတိတ်နေတာကို ကိုယ့်ဒုက္ခနဲ့ကိုယ် သတိမ

သတိုးအော်သံကြားမှ ပြေးသွားကြည့်မိလျှင်.. ၊

"အန်တီလေး..အန်တီလေး.."

လှေကားငါးထစ်ပေါ်မှာ မှီလှဲနေသလို ပုံပုံလေးသတိလစ်နေကာ..၊

"အန်တီလေး.."

"ဟင်.."

သတိရလာတော့ မှုန်ဝါးဝါး။ ပြီးတော့ ငေါက်ခနဲထထိုင်လိုက်ပြီး ဆွဲနေသည့်လက်တွေကို ပုတ်ခတ်ဖယ်ချ၍.. ၊

"ငါ့သမီး..သိုက် သိုက်ဇက်ကျိုးပြီ.."

"အန်တီလေး..သိုက်ဒီမှာလေ.."

"မင်းသမီးက အန်တီလေးဘေးမှာ.."

လှေကားအောက်ထစ်ကို ခြေတစ်ဖက်ချလိုက်ပြီးမှ တံ့သွားခဲ့ပြီး..၊

"သိုက်.."

သိုက်ကိုမယုံနိုင်သလို ပြန်လှည့်ကြည့်သည်။

"ဇက်..ဇက်ကျိုးပြီမှတ်တာ၊ ကြည့်စမ်း.."

အနားမှာပြန်ထိုင်ချကာ သိုက်ရဲ့မျက်နှာကနေ ဆံပင်တွေထဲထိုးဖွသပ်၍.. ၊

"ခေါင်းလည်းမကွဲဘူး..ကြည့်စမ်း ဇောက်ထိုးကြီးကျတာကို ဘာမှမဖြစ်ဘူး.."

ဒေါ်တင်တင်လတ်၏ မယုံနိုင်အံ့သြခြင်းတို့သည်.. ၊

"အား..ထလို့မရဘူး၊ ထူပေးကြပါဦး.."

"ဟဲ့..ဘာသံကြီးလဲ.."

သိုက်ဆတ်ခနဲဖြစ်သွားကာ.. ၊

"အဲ့ဒါ..မင်းမျက်နှာ.."

♥♥♥♥♥

"သိုက်ဘာသာဘယ်လိုပုံစံနဲ့ပဲကျကျ ကျလာတဲ့အောက်ကို အတိအ
ငင်လာတာ ရှင့်ကံကြမ္မာပဲလေ.."

"သိုက်.."

"သူပြောလို့ပြောတာ.."

ကြည့်စမ်း..သိုက်.. ၊

လူမမာကိုလည်း ရန်တွေ့သေး၊ ကိုယ့်အဒေါ်ကိုပြန်ခံပြောလိုက်တာ
ခနဲ.. ၊

"လူမမာလာမေးတာ ဘယ့်နယ်ကြောင့် စကားနိုင်လုပြောနေတာလဲ..
ည်းအနေအထိုင်မတတ်မှုတွေကြောင့် ဖြစ်ရတာ.."

"သူကရော အဲ့ဒီအောက်ကိုရောက်နေစရာလားအန်တီလေးရဲ့..သိုက်
သာဇက်ပဲကျိုးကျိုး လက်ပဲကျိုးကျိုး အပြင်မထွက်ဘဲနေရင် လူမသိ
..သူ့ကြောင့် သိုက်အဆူခံရတာ.."

"မင်းက အခုအဲ့ဒါပြောဖို့လာတာလား.."

"ပြောဖို့ဖြစ်လာလို့ ပြောနေရတာ.."

"ဟား ဟား ဟား.."

အခြေအနေမကောင်းဖြစ်လာစဉ် ဦးသီလရဲ့ရယ်သံကြီးထွက်ပေါ်
ခဲ့ပြီး.. ၊

"လူငယ်တွေကတော့ ကျုပ်နဲ့အေး ငယ်ငယ်ကအတိုင်း တစ်ထေရာ
ည်းပဲဗျို့.."

"ဟုတ်ပ..ဟုတ်ပ၊ ငါတို့အိမ်ထောင်ကျကာစကလည်း အဲ့ဒီအတိုင်း

"ခုတော့သင့်မြတ်သွားပြီလို့ ဆိုချင်တာလားမင်းက.."

ဦးသီလက စကားထောက်လိုက်ကာ.. ၊

"ပိုဆိုးလာတာမလတ်ရေ..စကားနည်းနည်းကြာကြာပြောမိတာနဲ့
ငြင်းတာပဲ.."

"ဒါကတော့ ယောကျ်ားမတန်မယ့် ရှင်အငြင်းထူလို့ဖြစ်ရတာလေ.."

"ယောကျ်ားလည်းဒေါသရှိတာပဲကွ..မခံနိုင်တဲ့အလုံးဆိုရင်တော့
သင့်ရင် ငြင်းရမှာပဲ.."

"အဲ့ဒါကြောင့် ရှင့်သားရှင်နဲ့တူနေတာ.."

အခန်း(၁၅)

"သားရေ..သမီးတို့လာကြတယ်ဟေ့.."

ဟင်.. ၊

တစ်ယောက်တည်းသက်သာသလိုနေနေတာ ထော်လော်ကန့်လန့်
မင်းမျက်နှာ ညည်းညူနေတာတွေ ရုပ်တန့်ကာ ကမန်းကတန်း နေရာက
အောင် ပြင်လိုက်ရင်း ကိုယ်ပေါ်ကိုစောင်တစ်ထည်လုံး ဖြစ်သလိုဆွဲတင်
ထားလိုက်သည်။ လှုပ်ရှားလိုက်တာ အချိန်မီရုံလေးပင်။ အမေတို့ရော
သိုက်တို့တူဝရီးနှစ်ယောက် ဝင်လာကြတာ တစ်ပြုံကြီး.. ၊

"ကျွန်တော်ဘာမှမဖြစ်ပါဘူး..သက်သာနေပါပြီ.."

မလိုလားသံပါသွားလည်း မတတ်နိုင်။ အိပ်ခန်းထဲကို ဧည့်သည်
ခေါ်လာမယ်ဟာ နည်းနည်းပါးပါး ကြိုပြောထားပါလား..။ အိမ်မှာခိုင်း
ရာလူတွေ မရှိတာလည်းမဟုတ်.. ၊

"စိတ်မကောင်းလိုက်တာကွယ်..အဲ့နေ့က ကိုယ့်တူမခွေးကျဝက်ကျ
ကျပြီး ဘာမှမဖြစ်ပါလားအံ့သြနေတာ.."

"အဟွန်း..ဟုတ်တယ်၊ အဲ့ဒီခွေးကျဝက်ကျက ကျွန်တော်ပေါ်ကျလာ
တော့ အီဆိမ့်သွားတာပေါ့.."

"ကဲပါအေးရယ်..ငါဘယ်သူ့ထိန်းရမှန်း မသိတော့ဘူး.."

"မထိန်းနဲ့လတ်ရေ..သူနဲ့တူတဲ့ငါ့သားအကြောင်း ငါသိတယ်၊ သ
မလွန်ဘူး.."

"ဒီလိုဆိုရင်တော့ ရှေ့မျက်နှာနောက်ထားပြီးငြင်းရမှာပဲ..ငါ့သ
လည်းသူခံရတာ သူပြောခွင့်ရှိတယ်မဟုတ်ဘူးလား.."

"ကဲပါအဖေတို့ရာ..တော်ကြပါတော့.."

မင်းမျက်နှာအိပ်ရာထဲက ချိနဲ့လေးတွဲစွာ ထထိုင်ညည်းရင်း.. ၊

"မတော်နိုင်ရင်လည်းဖြစ်ကြ..ကျွန်တော့်ဘာသာ အပြင်ထွက်
တော့မယ်.."

ဆိုပြီး ခုတင်ပေါ်ကဆင်းဖို့ပြင်မှ ရန်ပွဲပြီးလေသည်။ အဲ့ဒီနေ့
သိုက်တို့အိမ်ကို သူကံဆိုးစွာနောက်တစ်ခေါက်ပြန်သွားခဲ့ခြင်းက စာ
တစ်စုံမှာ သိုက်လက်မှတ်မထိုးရသေးသောကြောင့်ဖြစ်သည်။ ဆိုး
သည့်အခြေအနေနှင့် တည့်တည့်တိုးရခြင်းကတော့.. ၊

"အဲ့ဒါကိုဥစ္စာခြောက်တာလို့ခေါ်တယ်.."

ပြောလို့ပြီးမှ သိုက်ကခပ်တည်တည်မျက်နှာလေးနှင့်ဆိုလျက်..

"နောက်မတွေ့မယ့်လူတွေမှမဟုတ်တာ..လက်မှတ်သုံးစောင်ထို
မှာ တစ်စောင်ကျန်တာ ဘာဖြစ်လဲ.."

မင်းမျက်နှာတစ်ခုခုပြန်မပြောမီ ဒေါ်အေးချမ်းမေကပြုံးကာ.. ၊

"သားက သူ့အလုပ်ကိုဂရုစိုက်တဲ့နေရာမှာတော့ အဲ့လိုကိုပြော
ဖြစ်ပါတယ်သမီးရယ်..အလုပ်ကြွေးမချန်တတ်ဘူး၊ မပြီးရင်မထဘူး

"သိုက်တော့ သူအရမ်းပြူးပြဲတာလို့ ထင်တာပဲ.."

"သိုက်ရေ.."

"ထင်တာပြောတာလေ.."

"ဟုတ်တယ်..သူထင်တဲ့အတိုင်းပဲ.."

မင်းမျက်နှာကလည်း တည့်တည့်.. ၊

"စေ့စပ်ပြီးသွားရင် ဆွေမျိုးတစ်ခြမ်းတော်သွားပြီဆိုတော့ ပြောရခ
တာတွေ ရှိလာနိုင်တယ်..ဒါကြောင့် စာချုပ်ကိစ္စကိုတစ်ခါတည်း ပြတ်
လို့ပါ.."

"အဲ့..အဟွန်း.."

ဒေါ်အေးချမ်းမေ ဘာပြောရမှန်းမသိဘဲ မဲ့မဲ့ကြီးရယ်၏။ ဒေါ်တင်
လတ်အံ့ဩပြီး မပြုံးနိုင်။ ပုံမှန်ဆို ဒါကနည်းနည်းတော့ လွန်နေပြီပေ
ကိုယ့်သမီးအလောင်းအစားလုပ်ထားတာကို သူကခွင့်လွှဲတ်ဖြေရှင်း
ခဲ့တာကလည်း ရှိနေရာ.. ၊

"ဒါလည်းဟုတ်တာပါပဲ..အဟွန်း ပရိုဂျူဆာနဲ့မင်းသမီးဇာတ်ကား
ဒို့ စာချုပ်ကြတာလည်း မဆန်းဘူးလေ၊ ခုဟာက ကားကြီးဆိုတော့
ကောင်ကောင်းပါသေးတယ်၊ အခုသားက လှုပ်လိုက်တိုင်းနာနေသလိုပဲ
ကိ်သာရဲ့လားသား.."

"မသက်သာဘူး.."

ဟင်.. ၊

"ဟုတ်တယ်လတ်ရဲ့..ခါးနာသွားတာ တော်တော်များတယ်၊ ဘယ်
လက်ဖျံရိုးလည်း ခိုက်မိသွားတယ်..ခါးနာတာကတော့ အဆိုးဆုံးပေါ့
ဒါကြောင့် ထိုင်မကောင်း ထမကောင်းဖြစ်နေတာပေါ့.."

"အေးဗျာ..ကျွန်တော်ကလည်း အလုပ်တစ်ဖက်နဲ့ အေးကလည်းစေ့
ကိစ္စနဲ့လေ.."

"စေ့စပ်ပွဲရက်က ရွှေ့လိုက်ရင်ရတာပဲ ကိုသီလရဲ့.."

"ဟာ..အန်တီ အဲ့ဒါမရတော့ဘူး.."

မင်းမျက်နှာက စောင်ကိုပြန်ဆွဲတင်ရင်း ခေါင်းခါလိုက်ပြီး.. ၊

"ကျွန်တော်မနေ့တုန်းက လုပ်ကြည့်ပြီးပြီ..သူတို့ဆီမှာရွှေ့လို့မရဘူး၊
ဘက်ကမဖြစ်ရင် ကဲန်ဆယ်လ်ပဲ.."

"ဟင်..အဲ့လိုကြီးလား.."

"ဒါဆိုဒုက္ခိတကြီးကိုတွဲထွက်.."

"သိုက်.."

"မသိတဲ့လူတွေ အဲ့လိုထင်ကြမှာကို ပြောတာပါ.."

မီးတောက်မျက်လုံးတွေကို အပေါ်စီးကနေ လက်ပိုက်ကြည့်ပြီး သိုက်
လူတွေမသိအောင် မဲ့သည်။ ဘယ်လိုဘဝကပါလာတဲ့ ရေစက်တွေ
သိ။ ဒီလောက်မုန်းတီးဖွယ်လူကန့်လန့် လူ့ကပ်စီးနဲ့ကိုမှ.. ၊

"လုနာသတင်းမေးဖို့လာတာကို ဘယ်လိုကြောင့်ကျက်သရေမရှိတာ
ပြောနေတာလဲသိုက်..တော်ပြီ ညည်းကိုမထားခဲ့တော့ဘူး၊ အပြင်

ထွက်.."

"ကောင်းတာပေါ့.."

သိုက်ကဇက်လေးပုခု၍ မဲ့သည်။ မင်းမျက်နှာရဲ့မကျေမနပ်မျက်လုံ
ကြီးတွေနဲ့ဆုံတော့ ဦးအောင်မျက်နှာလွဲ၍ သူများရှေ့ကထွက်ခဲ့လျှင်..

"ဟေ့..ဟေ့ နေဦး၊ မင်းလက်မှတ်ထိုးဖို့ကျန်တဲ့တစ်ခွက် အောက်မှ
ရှိတယ်..အမေ့ ကျွန်တော့်စားပွဲပေါ်မှာ အဲ့ဒီဖိုင်သပ်သပ် ကအေ့ကိုသိန်
ခိုင်းထားတယ်၊ အနီရောင်လေးနော်.."

"အေးပါဟယ်..ကျွတ်.."

ဒေါ်အေးချမ်းမေ ခေါင်းမညိတ်မချင်း မင်းမျက်နှာလှမ်းအော်နေမှ
ကို သိသောကြောင့် အခန်းပြင်ရောက်နေမှ ပြန်လှည့်ပြောလိုက်ရသည်

မျက်နှာပူလိုက်ပါဘိတော့.. ၊

♥♥♥♥♥

အခန်း(၁၆)

ရုပ်ရှင်ပရိုဂျက်ဆာနှင့် မင်းသမီးစေ့စပ်ပွဲက မထင်မှတ်ဘဲ လူတွေစည်
းနေကာ သတင်းမီဒီယာသမားတို့ကြောင့် ပိုကဲသွားတာထင်သည်။
ျက်နှာကတော့ လူကထမကောင်း ကြွမကောင်းအခြေအနေနှင့် မေး
ပ်စုခြင်းခံနေရသလို ပြုံးနေရတာတောင် ကိုယ့်မျက်နှာကြီးကို ခွာ
ဲတ်ပေါက်လာခဲ့သည်။ ဒါတွေ ဒီမင်းသမီးအကျယ်ချဲ့လွန်းလို့ ဖြစ်ရ
စေ့စပ်တာပဲ..သူ အစက စီစဉ်ထားသလို ရိုးရိုးရှင်းရှင်းတိုတိုတုတ်
နဲ့ အကျဉ်းချုံးဆို မပြီးဘူးလား.. ၊

"မင်းမျက်နှာကြီးက ဘယ်လိုလဲဟေ့ကောင်.."

"မတတ်နိုင်ဘူး..ထိုင်နေတော့လည်း ထပါဦး၊ ထလိုက်တော့လည်း
ဦးနဲ့.."

"အဲ့ဒါမျိုးလူတိုင်းဖြစ်ခွင့်ရလို့လား.."

"အဲ့ဒါမျိုးကို သူပဲသဘောတွေကျနေလိမ့်မယ်..ငါ့အတွက်မလိုဘူး.."

ကအေ ခေါ် ကျော်အောင်က ခေါင်းလည်းကုတ်ပြီး ရယ်သည်။
ခေါ် ပေါက်ကြီးသည် ရုပ်ရှင်အဖွဲ့နဲ့ပတ်သက်ပြီး ဒိုင်ခံဖြေနေရင်း
နဲ့အတူတူလိုဖြစ်နေကာ အနားမှာမရှိပေ.. ၊

ထိပ်ဆုံးစားပွဲမှာ မင်းမျက်နှာက နေရာယူထားလျက် ထိုင်ရာမ
ဧည့်ခံဖို့စီစဉ်ခဲ့သည်။ မင်္ဂလာပွဲမဟုတ်တော့ လက်ချင်းချိတ်ဧည့်ခံဖို့မ
ဟု သတ်မှတ်ခဲ့တာကြောင့်ဖြစ်သည်။ ဒါပေမယ့် ဓာတ်ပုံတွဲရိုက်ဖို့ထ
တာကတစ်မျိုး၊ ဟိုဘက်တိုးပါဦး ဒီဘက်ရွှေ့ပါဦးဆိုတာတွေနှင့်။ လူ
လိုက် လှမ်းလိုက်တိုင်း ခါးကနာ ပေါင်ထဲကမျက်စာတွေကို သူဘ
လောက်ကြိတ်ခံနေရသလဲ လူမသိ။ ထိုစဉ်.. ၊

"ဖြောင်း...ဖြောင်း..."

လက်ခုပ်သံတွေထွက်လာသဖြင့် ဒီမျက်လုံးကလည်း လှည့်ကြည့်
၏။

"ကိုမင်းမျက်နှာ..ခဏာ ဒီမှာ.."

သွားပြီ။ အဲ့ဒါမှ တကယ်သွားတာ။ မင်းမျက်နှာရင်ထဲမှာ ပူလော
သွားသည်။ ရုပ်ရှင်အစည်းအရုံးက လူကြီးတွေ အုပ်စုလိုက်ရောက်လ
တာကို ထိုင်ရာမထလှမ်းခေါ်လို့ရမလား...။ ဒါရွှေသိုက်တမင်ထုတာ..
ကိုမင်းမျက်နှာလို့ လေးစားသယောင်ခေါ်တဲ့အသံနဲ့ မျက်နှာပေါ်က အပြ
တုကိုလည်း သူသိသည်။ သူများကိုဒုက္ခပေးရဖို့ဆို တော်တော်ဝါသန
ကြီးတဲ့မင်းသမီး.. ၊

"မရတော့ဘူးမျက်နှာ..မင်းမြန်မြန်ထ၊ တော်ကြာ အကြီးကြီးလွဲနေ
မှုတွေ ဖြစ်ကုန်လိမ့်မယ်.."

"ငါ့နားလာဦး.."

ကေကြီးနဲ့အတူကပ်လျှောက်ရင်း ပုံမပေါက်အောင် အံကြိတ်ထား
သည်။ မျက်လုံးချင်းဆုံသည့်အချိန်မှာ သိုက်ကအားရကျေနပ်စွာပြုံးလျက်

"သူကခါးနာနေလို့လေ.."

"ဟင်.."

"ဩော်..ဟုတ်လား.."

"ဘယ်လိုဖြစ်ရတာလဲကိုမင်းရယ်.."

"အဟွန်း...ကျွန်တော်သက်သာ.."

"ချော်လဲတာလေ..ဖြစ်စတုန်းက အတော်ဆိုးတာ.."

"ခုရော.."

"ခုလည်းမသက်သာသေးဘူးအန်တီရဲ့..ထော့ကျိုးကြီးဖြစ်နေမှာစိုးလို့

ဘော်တော်အံကြိတ်နေရတာ.."

"ဩော်..သက်သက်သာသာရှိမှ စေ့စပ်ပွဲလုပ်ရောပေါ့လူလေးရယ်.."

"ဒီဟိုတယ်လ်မှာ ဒိတ်လုပ်ထားတာက ရက်ရွှေ့ဖို့အဆင်မပြေတော့
လေ..နောက်တစ်ခါဒိတ်ထပ်လုပ်ရရင် ပိုက်ဆံကုန်မှာစိုးလို့တဲ့.."

"ဟော့တော်.."

"ဟား ဟား ဟား.."

"အဟွန်း...ဟွန်း မင်းမျက်နှာတို့ကတော့ကွာ.."

"မဟုတ်ပါဘူးအန်ကယ်လ်..ကျွန်တော်အခုသက်သာနေပါပြီ.."

လူတွေဝိုင်းရယ်မောနေကြသည်။ သိုက်မျက်နှာလေးမှာ ချွေးတလုံး
နှင့် မမောနိုင်မပမ်းနိုင် ပြောပြနေရတာ လူလာတိုင်း.. ၊

"ရွှေသိုက်.."

မျက်နှာမကြည့်ဘဲကပ်ခေါ်တော့ ပြန်ထူးတာငေါက်ဆတ်ဆတ်..၊

"ဘာလဲ.."

"မင်းနော်..မင်း.."

"ဘာလဲ..လူကိုကြိမ်းဝါးချင်တာလား၊ သိုက်ပြောတာမဟုတ်တာ
ခုမှမပါဘူးနော်.."

"ဟေ့.."

တိုးတိုးကပ်ပြောတာကို သိုက်ကကျယ်ကျယ်လောင်လောင်ထပြော
ပြန်ပြီး သူပဲပျာယာခတ်ရကာ.. ၊

"လူလေးရေ..ဘွားတို့ပြန်မယ်နော်.."

"ဟိုမှာ ဘွားမေတို့နှုတ်ဆက်နေကြတယ်..ဟုတ်ကဲ့ ဟုတ်ကဲ့ဘွားမေ၊
လေး.."

လက်ချင်းချိတ်၍ ဓာတ်ပုံရိုက်ပြီးစ လက်မဖြုတ်ဘဲ သူမထွက်သွား
ကာ မင်းမျက်နှာက တွဲလျက်သားပါသွားကာ.. ၊

"အ.."

"မြန်မြန်လျှောက်စမ်းပါ..ဟိုမှာသက်ကြီးရွယ်အိုက စောင့်နေရတာ.."

"မင်း.."

သူဘာမှမပြောနိုင်ဘဲ ထော့နဲ့ထော့နဲ့တွေလည်း ပေါ်ကုန်ကာ အား
အံ့သြရယ်မောခြင်းတွေ တသောသောနှင့်.. ၊

"မင်းကလည်း ခုမှစေ့စပ်တယ်..ခါးနာရတယ်လို့.."

"ခါးနာတာလည်းနာပေါ့ကွာ..နည်းနည်းထိန်းလျှောက်ပါဦး.."

"ခါးနာပျောက်မှ စေ့စပ်လည်းရတဲ့ဟာကို.."

အဲ့ဒီလိုအသံတွေ ထွက်လာပြီဆို သိုက်တို့ကကရားရေလွှတ် ခြေ ပြပါလိမ့်မည်။

"ဟုတ်တယ်..အဲ့လိုလုပ်လို့ရတယ်၊ ဒီပွဲကိုကဲနိုင်ဆယ်လုပ်လိုက်ရ နှစ်ပွဲစာကုန်တော့မှာလေ..အဲ့လိုနှစ်ခါကုန်မှာစိုးလို့တဲ့.."

"ဟေ.."

"အဲ့ဒါတော့များသွားပြီကိုမင်း.."

"မဟုတ်ပါဘူးကွာ..ကျွတ်.."

သူဘာမှကို တိုးမပေါက်တော့သဖြင့် စိတ်ပျက်စွာ.. ၊

"သိုက်ကတော့ ဘာမှမပြောပါဘူး..သူအောင့်ခံနေတာပဲစိတ် ကောင်းတာ၊ ကြည့်ပါလား..ဘယ်လောက်နာနေသလဲဆိုတာ သူ့မျက်နှာ မှာချွေးတွေ.."

"ဖြစ်ရလေ..ဒီလောက်တောင်ကပ်စေးနဲ့ရလားသူဌေးရယ်.."

"မဟုတ်လောက်ဘူးနော်..သူမြန်မြန်စေ့စပ်ထားချင်တာပဲဖြစ်မယ် ဟား ဟား ဟား...လူပျိုကြီးတွေ ချစ်တတ်ပြီဆိုရင် ဒီတိုင်းပါပဲကွာ.."

"ဒါလည်းဖြစ်နိုင်တာပဲဟ.."

သူများတွေထင်ကြေးအမျိုးမျိုးပေးသမျှ သိုက်တော့ ကောင်းစား ဆဲပင်။ ဒီပွဲပြီးရင်တော့ မတွေးရဲစရာပဲလို့ ကေအေတို့တွေးနေကြလျှင် မင်းမျက်နှာရဲ့ဒေါသကို ဖိချုပ်ပေးထားဖို့သာ အကြိတ်အနယ်ကြိုးစား ကြရ၏။

"မင်းကလည်း မိန်းကလေးသဘာဝပဲဟာ..လွှတ်ထားလိုက်စမ်းပါ.."

"အေးလေကွာ..ပွဲလည်းပြီးနေပါပြီ.."

ပွဲပြီးကာနီးမှ သမီးနားကပ်လို့ရသည့် ဒေါ်တင်တင်လတ်ကလည်း သိုက်ရဲ့လက်ဖဝါးလေးကို ခပ်ဆောင့်ဆောင့်ဖိဆွဲပြီး မျက်နှာချင်းကပ် ကာ.. ၊

"ညည်းဘယ်လိုလုပ်နေတာလဲဆွေသိုက်..ဟင် လတ်တို့ကိုဘယ် လောက်အားနာဖို့ကောင်းသလဲ၊ မင်းမျက်နှာခမျာလည်း..."

"သူ့ကိုတော့မသနားနိုင်ပါဘူး.."

"ဘာ.."

"အဲ့ဒီလူကပ်စေးနဲ့နေတာကို အရမ်းမုန်းတယ်..အဲ့ဒါကြောင့် သိုက်နဲ့ သက်ပြီး တိုတိုထွာထွာတွေ လုပ်လာရင်တော့ ပညာပေးရမှာပဲ.."

"အေး...လုပ်၊ သူကလည်း ညည်းကိုအဲ့လိုမှတ်ထားမှာပဲ.."

"မှတ်ပေါ့..သူလုပ်လို့ သူ့ကိုသိုက်က ပိုက်ဆံတပြားမှမရဘဲ ကား ပေးရဦးမှာ၊ အလကားကလိန်ကကျစ်.."

"ကြည့်စမ်း.."

"အန်တီလေးကလည်း သိုက်ပြောတာကိုမယုံဘဲနဲ့..သူပြောတာမှ ..."

"လတ်ရေ..ဒီကိုခဏ.."

ဒေါ်တင်တင်လတ်ပြောလို့မပြီးသေးဘဲ လှည့်ထွက်သွားရသဖြင့် ပြုံးလိုက်မိသည်။ လှမ်းကြည့်လိုက်တော့ ဒေါ်အေးချမ်းမေကလည်း ခနဲပြုံးပြတာ မြင်လိုက်၏။

သိုက်ကိုဆူနေမှန်းသိလို့ တမင်လှမ်းခေါ်လိုက်တာမှန်းသိလိုက်ကာ အေးချမ်းမေကို သိုက်ပိုချစ်သွားမိ၏။ ထို့ကြောင့် မင်းမျက်နှာနဲ့စေ့ စပ်ဘဲကိစ္စမှာ ထိုသူကိုမကျေနပ်ပေမယ့် ကျန်တာဘာမှမရှိဘဲ ပေါ့ပေါ့ ... ၊

♥♥♥♥♥

အခန်း(၁၇)

"လိုင်းပေါ်မှာတွေ့တဲ့လူကိုများ ယုံရလားပိတောက်ရယ်..ရင်လေး လိုက်တာ.."

"မတတ်နိုင်ဘူးဟာ..အဲ့ဒီလူက လူပျိုဆိုတာတော့ သေချာတယ်.."

"ကဒ်.."

အဲ့ဒီအသံကြီး မကြားချင်ပါဘူးဆိုမှ 'ကဒ်'လို့အော်လိုက်တာ သိုက်နားထဲမှာ ထော်လော်ဝင်၏။

"ဒိုင်ယ်လော့ဂ်မှားနေတယ်မို့လား..ဇာတ်ညွှန်းကအဲ့လိုရေးထားတာလား..ကေကြီး.."

"လာပြီ.."

ကျော်အောင်က ချက်ချင်းရောက်လာလျှင် သူ့လက်ထဲမှာကိုင်လာသည့် ဇာတ်ညွှန်းကို မင်းမျက်နှာက ယူကြည့်လိုက်ပြီး.. ၊

"မင်းပြောတာမှားနေတယ်ရွှေသိုက်.."

ပြောနေရင်း မျက်နှာမော့လာကာ ဇာတ်ညွှန်းကိုကျော်အောင့်လက်ထဲလှမ်းပေးရင်း.. ၊

"လူပျိုဆိုတာ ကိုယ့်ဘာသာသေချာနေလို့ အဆင်မပြေဘူး.."

"ဒါပေမယ့် လိုင်းပေါ်မှာတွေ့တဲ့လူကို မှားယွင်းယုံကြည်မိတာတွေ ရှိတာပဲမို့လား.."

သိုက်ကကွန်ပလိန်းတက်လိုက်တော့ မင်းမျက်နှာစိတ်တိုသွားသည်။ ပြီးတော့ မော်နီတာရှေ့ကနေ ထရပ်လိုက်ပြီး ခါးထောက်၍.. ၊

"ပိတောက်လှိုင်ဆိုတဲ့မင်းသမီးကာရိုက်တာကို မင်းသေချာဝင်အောင်ယွင်းဘူးလား..အဲ့ဒီမိန်းကလေးက တည်ငြိမ်တယ် ရိုးရှင်းတယ် အမှားနည်းအောင်နေတယ်၊ အဲ့လိုကိစ္စမျိုး မှားခဲ့တာလည်းမရှိဘူး..အခုစွန့်စားဖြစ်လာတာက သူ့ပထွေးရန်က ပိုနီးနေလို့ပဲ.."

"ဟုတ်ပါတယ် ဒါပေမယ့်.."

"မင်းငါ့ကို ကွန်ပလိန်းတက်ဖို့ မစဉ်းစားနဲ့..စာရေးဆရာက သူ့ဇာတ်အပေါ်မှာ ဘယ်လိုခံစားပုံဖော်ထားသလဲဆိုတာ ရုပ်ရှင်အဖြစ် ငါတို့ကပြမှာ..ဝတ္ထုထဲက ကာရိုက်တာကို နည်းနည်းမှအပျက်မခံနိုင်ဘူး၊ အဲ့ဒီမှာ ဒိုင်ယ်လော့ဂ်ပြန်ဖတ်..နောက်ထပ်မမှားစေနဲ့.."

စကားပြောတာ ကြောလှချေလား.. ၊

ကိုယ်နဲ့စေ့စပ်ထားတဲ့ ယောကျ်ားက လူတွေကြားထဲမှာ အော်ငေါက်လာသဖြင့် ပက်ခနဲပြန်ပြောပစ်ချင်သည်။ ဒါပေမယ့် ဒီနေရာမှာ သူက ဒါရိုက်တာပရိုဂျူဆာပါဝါအပြည့်နှင့်.. ၊

"နေပါဦး..မင်းကိုဒီဆင်းန်မှာ ဒီလောက်ထင်ရှားပေါ်လွင်နေတာတွေတယ်သူဝတ်ခိုင်းလို့လဲ.."

နောက်ထပ်ပြစ်ချက်တစ်ခုတိုးလာတော့ သိုက်ကိုယ့်ကိုယ်ကိုငုံ့ကြည့်လိုက်မိသည်။ ရိုက်ရတာက ပန်းမာလာတွေရောင်စုံခင်းနေတဲ့ ဥယျာဉ်ကြီးထဲက ကျောက်ခုံတန်းလေးမှာ သူငယ်ချင်းနဲ့စကားပြောခန်း။ သူမတ်ထားတာက လက်ပြတ်လည်ဟိုက်ကို ပေါင်လောက်ထိရှည်သည့် အပြောင်သားကိုယ်ကျပ်အင်္ကျီဖြစ်သည်။ ပြီးတော့ ဒူးကျစတော့ကင်အနက်လေးရယ်..ခုံမြင့်ကြိုးသိုင်းဖိနပ်ရယ်.. ၊

"ဒါဘာဖြစ်လို့လဲ..သိုက်တို့ကခြံကြီးထဲမှာ စကားပြောနေတာပဲ.."

"အဲ့ဒီခြံက သူငယ်ချင်းရဲ့ခြံ..ပိတောက်လှိုင်က အရက်ဆိုင်မန်နေဂျာဆွေးနဲ့နေရတဲ့ အောက်ခြေရပ်ကွက်လေးထဲက မိန်းကလေး.."

သူကဒါရိုက်တာပေမယ့် သည်းမခံနိုင်။ ပရိုဂျူဆာဖြစ်ဖြစ် ဘာဖြစ်

ဖြစ်.. ၊

"ခုခေတ်မှာ အပြင်ထွက်သွားလာနေရင်တော့ ဆင်းရဲချမ်းသာမခွဲ
ဘူး..ဆင်းရဲတဲ့မိန်းကလေးတွေဆို ပိုတောင်ဝတ်သေးတယ်၊ လေး
သောင်းတန်လည်း သုံးလေးထောင်နဲ့ ဝယ်ဝတ်လို့ရတဲ့ခေတ်.."

"အခုခေတ်ကိုရှိက်ပြနေတာမဟုတ်ဘူး..ပိတောက်လှိုင်ဆိုတာ ဘယ်
လိုဘဝမျိုးနဲ့မိန်းမလဲ၊ ဒါပဲ.."

ခါးထောက်နေရာကနေ လက်ချလိုက်တော့ ပုဆိုးစတစ်ဖက်'မ'ခြင်း
ဖြင့် လှည့်ထွက်သွားသည်။ ဘောင်းဘီရှည်ဝတ်ထားတာ တစ်ခါမှမတွေ့
ထစ်ခနဲရှိ ပုဆိုး'မ'ခါးထောက်ပြီး ဟန်ရေးပြဖို့သာဖြစ်လိမ့်မည်။

"အခု ဇာတ်ညွှန်းပြန်မကြည့်သေးဘူးလား.."

နောက်ကနေ မျက်မှောင်ကုတ်ကြည့်နေမိဆဲ ဆတ်ခနဲပြန်လှည့်ဖြေ
မည်လို့မထင်။ သိုက်ကိုယ်လေးတောင့်မတ်သွားကာ မျက်လွှာချပစ်မိရင်း

"ဇာတ်ညွှန်းပါမလာလို့.."

"ဘာ.."

ရိုက်ကွင်းမှာ စိတ်ရှိလက်ရှိ အော်ထားစမ်းလို့တွေးရင်း သိုက်နှုတ်
ခမ်းကို ဖိပိတ်ထားသည်။ မင်းမျက်နှာပြန်လှည့်လျှောက်လာပြီး.. ၊

"မင်းရုပ်ရှင်ကားကြိုးရိုက်နေတာ သတိရရဲ့လားဈေးသိုက်.."

"ဒီနေ့မှဖြစ်တာပါ.."

"ဒီနေ့မှဖြစ်ရင်လည်း ဒီမှာလာယူကြည့်လို့ရတယ်..ကျွတ်.."

သူ့မှာပဲဒေါသရှိတဲ့အတိုင်း တကျွတ်ကျွတ်စုတ်သပ်ရှုံ့မဲ့နေကာ..

"အခု သဲမာဆီကယူကြည့်ပြီး မြန်မြန်ကျက်လိုက်.."

"ဒိုင်ယာလော့ဂ်ကိုတော့ အလွတ်ကျက်မပြောတတ်ဘူး.."

ခံပြောလိုက်တာနှင့် မျက်လုံးချင်းဒိုင်းခနဲဆုံ၏။

"မင်းကိုလည်း နှုတ်ငုံဆောင်ပြဖို့ ကျက်ခိုင်းတာမဟုတ်ဘူး..ဒါ
မယ့် ဒီဇာတ်ကိုတော့ လက်တန်းတိုးအဆင်ပြေသလို ပြောလို့မရဘူး၊
တောက်လှိုင်ပြောမယ့်စကားလုံးတိုင်းက ဒီဇာတ်ရဲ့အသက်ပဲ..သူ့စကား
တွေအတိုင်း သူ့ဘဝကိုသွားမှာ.."

အနုပညာအလုပ်လုပ်နေပြီး ရင်ထဲမှာရော အနုပညာရှိရဲ့လားလို့
မေးလိုက်ချင်သည်။ မင်းသမီးဖြစ်ဖို့ လှအောင်ပြင်လို့ရနိုင်သည်။ တကယ်

ဆည့်ပြီး ခံစားတတ်ဖို့လွယ်သလား..၊ ဘာမှမပြောတော့ဘဲ မျက်နှာ
ကြက်ပေမယ့် မင်းမျက်နှာမျက်လုံးတွေက ပြောလက်စတွေကို သိုက်မြင်
သည်။ သူမကရော ပြောစရာမရှိလို့ မပြောဘဲနေလိုက်ရတာလား..
ကြင်းကလူများစွာထဲမှာ သူ့ကိုလေးစားပြချင်လို့လည်း မဟုတ်ပေ။
နဲ့ပြန်ပြောလိုက်တာနှင့် 'မင်းကငါနဲ့စေ့စပ်ထားတယ်ဆိုပြီး အခွင့်အ
ုတာလား..လူတွေကြားထဲ မဏ္ဍပ်တိုင်တက်ပြတာလား'စသဖြင့်
မခံချင်ဖွယ်တွေနဲ့ ဒီလူတိုက်ခိုက်လာလိမ့်မည်။ ဒိပ်ထား
ရသည့် မခံချိုမခံသာဒေါသကြောင့် သိုက်အလုပ်လုပ်ရ စိတ်မပါ
ဖြစ်နေကာ.. ၊

"ကဒ်.."

ကြားရတာ နှစ်ကြိမ်ဆက်တိုက်.. ၊

"ဟား.."

မင်းမျက်နှာထရပ်ပြီး ခါးထောက်ပြန်ကာ.. ၊

"အဲ့ဒီလူက ပြတ်စဲခဲ့ဖူးတာ ဘာညာတော့ငါမသိဘူး..ငါနဲ့တွေ့တဲ့
သူကလူလွတ်ပါ..ဒါပေမယ့်၊ မင်းပြောရမှာအဲ့ဒါ.."

"ဆောရီး...ဆောရီး ပြန်လုပ်မယ်.."

"မင်းခုမှသင်တန်းဆင်းလာတာလည်း မဟုတ်ဘူး..ဘယ်လိုဖြစ်ဖြစ်
သေ၊ မင်းရဲ့စိတ်အခံကိုက ဘာဖြစ်ဖြစ်ယုံလွယ်တတ်တယ်ဆိုလ
ကိုခဏဘေးဖယ်လိုက်.."

ာင်.. ၊

သိုက်မျက်နှာ ဖြန်းခနဲရဲတက်သွားသည်။

"အခု ပိတောက်လှိုင်ဖြစ်နေတုန်း စေ့စပ်သေချာတဲ့မိန်းမအဖြစ် မှ(ဒ်)
.."

"မင်း မျက်နှာ..ရှင်.."

"ဟာ..ဟေ့ ဟေ့.."

"ဒုန်း.."

"မင်းနော်..အား.."

သိုက်လှစ်ခနဲ ပြေးလာပြီး မင်းမျက်နှာကို လည်ပင်းပြေးညစ်လေ
ဘယ်သူမှဆွဲချိန်မရ ပြေးချိန်မရလိုက်ဘဲ မင်းမျက်နှာနောက်ဆုတ်

ယိမ်းယိုင်လျက်.. ၊

"မင်းနော်..ငါလုပ်လိုက်ရင်သေတော့ အား..ဟော့ကောင်တွေလုပ်

ဦး၊ အစ်..အစ်.."

♥♥♥♥♥

အခန်း(၁၈)

"ဟား ဟား ဟား.."

"ခိ ခိ ခိ.."

"ကြောင်သွားလို့ကွာ..မဟုတ်ရင် သေချာရိုက်ထားလိုက်တယ်၊ ဟား

ဟား.."

"မင်းတို့ကြီးတော်တွေ အပြုံလိုက်ပါသွားလို့ ဒီလောက်တောင်သ

ာကျနေတာလား.."

"ဟား ဟား ဟား.."

ပြောလိုက်မှ ပိုရယ်ကြသည်။ တားလေဆိုးလေဖြစ်နေကာ သူအပြင်

ာလာတော့လည်း အစုလိုက်အပြုံလိုက်ပါလာခဲ့ကြလျက်.. ၊

"ဒါတောင် ရွှေသိုက်က ခွညစ်တာမဟုတ်သေးဘူး.."

"လူပေါ်သာခွထိုင်ပြီး ညှစ်လို့ကတော့ ဒီကောင့်မျက်လုံးတွေပြန်ဝင်

ာမှာ မဟုတ်ဘူး.."

"မျက်လုံးတင်ကမလား..အသက်ပါပါမှာ.."

"ဟား ဟား ဟား..အောက်ကနေအော်နေလိုက်တာ၊ ဟိတ်ကောင်

လုပ်ကြဦးဟာ..အ အ.."

ပုံစံတွေလုပ်ပြီး လည်ပင်းအစ်ပြနေတော့ သူပါရောယောင်ပြုံးမိ
သိုက်ရဲ့မျက်နှာကို မြင်လာခဲ့၏။ ကိုယ်ပြောလိုက်တာ အဲ့လောက်ဒေ
ထွက်ဖွယ် ပါသွားမှန်းလည်း မသိလိုက်ပါ။ သူမကိုခပ်စွာစွာလေးမှန်
ရက်နဲ့ စိတ်ထဲရှိသလို ပြောနေမိတာ သူ့အမှား.. ၊

"ရုပ်ကြီးကတွေ့လား...လူကြီးရှက်တော့ရယ်ဆိုတာ.."

"ရွှေသိုက်ကတော့ ပညာတွေပြနေပြီ..'လင်နေစ ဆင်သေမှ'တဲ့၊ ဟား ဟား.."

"ငါကရောပြစရာမရှိလို့လား..'မယားနေစ ကြောင်သေမှ..' "

" 'မယားနေစ ငါသေမှ' လုပ်စမ်းပါ.."

"သူတောင်းစား.."

"ဟား ဟား ဟား .."

တစ်တစ်ခွခွဆဲပစ်လိုက်တော့ ဝိုင်းရယ်ကြပြန်သည်။ ရုပ်ရှင်တ
လုံးက လူငယ်တွေအဖွဲ့လိုဖြစ်နေကာ အတူနေအတူစား လုပ်ဖော်
သူငယ်ချင်းတွေမို့ အလုပ်နားချိန်ဆိုဒီအတိုင်း.. ၊

"ငါကတော့ ကြည့်နေတာတမင်.."

"ဟုတ်တယ်..လုပ်ပေ့စေဆိုပြီး ငါလည်းလွှတ်ပေးထားတာ.."

"အဲ့မာ.."

မျက်နှာပိုးတွေသတ်ပြီး ပြောပုံက သူတို့မကူညီလို့ပဲ ကိုယ်ခံလို့
တာလိုလို.. ၊

"နေစမ်းပါဦး...မင်းတို့ကူမှ ငါကအသက်ရှင်ခွင့်ရမယ်၊ ဒီလိုလား

"အဲ့လိုအဖြစ်မျိုးရောက်ရင်တော့ ကူမှာပါ.."

"ဩော.."

"ဟုတ်တယ်လေ..ရိုက်ကွင်းမှာ မင်းချည်းပဲစွတ်တင်းနေတာ

"ငါကဒါရိုက်တာ.."

"သူကမင်းဇနီးလောင်း..."

"အလုပ်ချိန်မှာ ဘာမှမပါဘူး..."

အလုပ်လုပ်နေရင်တော့ အလုပ်နဲ့ပတ်သက်တဲ့ ခံစားချက်နဲ့ပဲ
တတ်တာ သူ့အကျင့်ပင်။ ဒါပေမယ့် သိုက်ဒေါသထွက်သွားတာကို
လိုက်တော့ ကိုယ်ပြောတာလွန်သွားမှန်းသိသည်။ ဒါကြောင့်လည်း သ

ကလေးကို ခွင့်လွှတ်ပေးလိုက်တာကို ဒီကောင်တွေမသိတတ်ဆိုးရွားပါ
လား.. ၊ မော်နီတာရှေ့မှာထိုင်ပြီး နားနဲ့အာရုံက ကျောနောက်ကိုရောက်
နေခဲ့သည်။ ရှေ့မှာပေါ်လာတာက ရွှေသိုက်ရဲ့ပုံရိပ်လေး.. ၊

"အလုပ်ချိန်မှာ ဘာမှမပါတာကလည်း ရွှေသိုက်အခန်းတွေချည်းပဲ
ချက်စီရှေ့မှာနော်.."

"ဟေ့ကောင်တွေ..ပြဿနာမရှာကြနဲ့နော်၊ ငါဒီမှာ လည်ချောင်းက
နာနေတုန်း.."

"သြော်..နာလို့သတိရနေတာ.."

"မျက်နှာ မျက်နှာ..ရွှေသိုက်ကို သူ့ဟာသူနေနေတုန်းကတော့ အရိပ်
ဘကြည့်ကြည့်နဲ့သူပဲ.."

"ခုကျမှ.."

မင်းမျက်နှာက ကျော်အောင်တို့ကို လည်ပင်းလိမ်ပြီး လှည့်ကြည့်
လိုက်ကာ.. ၊

"အစတည်းကရော ခုရော စီးပွားရေးပဲဟေ့ကောင်..လာစားမနေနဲ့၊
အလုပ်လုပ်မလို့ ထွက်ကြ.."

ပြောနေတုန်း ဖုန်းဝင်လာသဖြင့် အားလုံးရဲ့အကြည့်တွေက မြည်
နေသည့်ဖုန်းဆီ စုပြုံသွားကြပြီး.. ၊

"ငါကိုင်ရမှာလား.."

"မကိုင်နဲ့.."

လှမ်းလိုက်သည့်ပေါက်ကြီးလက်ကို ပုတ်ချကာ မင်းမျက်နှာကကိုင်
လိုက်လျှင်.. ၊

"ကိုမင်းမျက်နှာ.."

သိုက်ရဲ့ခေါ်သံက နားထဲကိုဆောင့်ဝင်၏။ သူ့မျက်နှာတွန့်မဲ့သွား
ဘာမြင်သည်နှင့် ကျော်အောင်တို့ရဲ့အသံဗလံတွေပါ တိတ်ကျသွားခဲ့ပြီး..၊

"မနက်ဖြန်ရိုက်ကွင်းရှိတယ်ဆို..ဘာလဲ သိုက်နေမကောင်းလို့ သုံး
ရက်နားမယ်လို့ ပြောပြီးသားကို.."

"မင်းနေကောင်းဖို့မှ မလိုတာ..ကားမောင်းတယ် ပြန်ထွက်သွား
ဘယ်၊ ဒါပဲ.."

"ကားမောင်းဖို့က အိပ်ရာထဲကနေ မျက်နှာသစ်ထွက်လာလို့ရသ

လား..ပြင်ရဆင်ရဝတ်ရစားရဦးမှာ၊ အဲ့ဒါတွေလုံးဝကို မလုပ်ချင်ဘူး-
ကိုယ်လက်တွေလည်းနာနေတယ်.."

"ဘာလဲ..ငါ့ကိုလည်ပင်းညှစ်လိုက်ရလို့လား.."

"ဟုတ်တယ်..ရှင်ကအသက်ပြင်းပေမယ့် သိုက်ကလက်နာတယ်၊ မ
နက်ဖြန်လုံးဝမလာနိုင်ဘူး..ဒါပဲ.."

"ဟေ့.."

ဖုန်းချသွားတာ တိခနဲ.. ၊

"တောက်.."

"တက်ခေါက်မနေနဲ့..ရှုတင်မှာ မင်းကိုသည်းခံပေးနေတာ နားလည်
လိုက်တော့၊ ရွှေသိုက်ဆိုတာ အဲ့လိုဆတ်ဆတ်ထိမခံတတ်တဲ့မင်းသမီး..

"ကောင်းပါတယ်..မင်းတို့တစ်ယောက်တစ်လှည့်စီ ပညာပြကြပေါ့..

ဒီစကားမှာ မင်းမျက်နှာက ဆတ်ခနဲလှည့်ကြည့်သည်။

"ဘာကိုပညာပြရမှာလဲ..ပြောတော့ပြောတာပဲလူကြားတာ၊ ဖြစ်လိုက်
ရင် နေရတာငါချည်းပဲ.."

နှုန်းကိုင်ထားရင်း ပုဆိုးလည်း'မ'လိုက်သေးသည်။ ပြီးတော့ နေရာမှ
ထွက်ခဲ့ရင်း.. ၊

လုပ်ချင်တိုင်းလုပ်လို့ရမလား..ကိုယ့်စီးပွားရေးဆိုပေမယ့် အများ
နဲ့လုပ်နေတာ.."

အားလုံးနဲ့လွတ်ကင်းရာကျမှ ဖုန်းခေါ်လိုက်လျှင် ဖုန်းကိုင်သူက ဒေါ်
တင်တင်လတ်ဖြစ်နေကာ.. ၊

"ဟလို.."

"အန်တီ..ကျွန်တော်မင်းမျက်နှာပါ.."

"ဟင်..သားလား၊ ပြောလေသား..သိုက်ခုလေးတင် နောက်ဖေးဝင်
သွားလို့၊ ရေချိုးမလို့ဆိုလား.."

"ကျွန်တော်သူနဲ့စကားမပြတ်သေးလို့ပါ.."

"ဟုတ်လား..ဒါဆို.."

ဒေါ်တင်တင်လတ်က သိုက်ဆီဖုန်းပေးတော့မလို့ လုပ်နေသဖြင့်-

"နေပါအန်တီ..သူ့ကိုတစ်ခုပဲပြောပေးပါ၊ မနက်ဖြန်ရှုတင်ရှိတယ်လို့
လျှောက်လို့မရဘူးအဲ့ဒါ.."

"အေးအေး..အန်တီပြောလိုက်မယ်သား.."

ကောင်းတယ်..သူ့ကိုပြောနေရရင် ရန်ဖြစ်နေရဖို့က ရှိသေးသည်။
ပြန်သိမ်းလိုက်ရင်း ပြုံးနေမိကာ သိုက်ဘယ်လောက်စိတ်တိုသွားမလဲ
ဘာပါ မြင်ယောင်နေမိသည်။ ဒီလိုဖြစ်အောင် သူတမင်လုပ်တာမဟုတ်
..၊

သူ့ဘဝမှာ သူ့ဝါသနာသူ့စီးပွားရေးထက် ပိုအရေးကြီးတာ ဘာမှမ
ရှုပ်ရှင်အနုပညာလောကမှာ ဇာတ်ညွှန်းလေးတစ်စောင်ကိုင်ပြီး ထုတ်
သူရှာခဲ့ရတာ ဘယ်လောက်ထိအောက်ကျပင်ပန်းခဲ့သလဲ.. ၊ အလွန်အ
နှိ့အပြန့်ကြိုက်သည့် အကျင့်စရိုက်ကို ဖျောက်ဖျက်၍ ရှုတင်ရှိရာ တ
ကောက်ကောက်လိုက်သည်။ ရှုတင်ကကျွေးတာကို စားခဲ့သည်။ တစ်ခါ
လေ ထမင်းစားကဒ်မရလို့ ထမင်းငတ်ခဲ့ရတာတွေ၊ တခြားဇာတ်ညွှန်း
ပြီး ကိုယ့်ဇာတ်ညွှန်းကိုဖယ်ချခံခဲ့ရတာတွေ၊ ဒီ့ထက်ဆိုးတာက
ကိုယ့်ဇာတ်ညွှန်းကို ဖြုတ်ထုတ်ပြင်ဆင်ပြီး တခြားနာမည်နဲ့ရိုက်ပစ်လိုက်
တွေလည်း ခံခဲ့ရ၏။ ငါ့ဝါသနာနောက်လိုက်ရင်း မိဘရဲ့ရှိစုမဲ့စုလေး
ပြုတ်ပြုန်းရတော့မယ်လို့ တွေးမိပြီး နောက်ပြန်ဆုတ်လိုက်သည်။
စီးပွားရေးနောက်လိုက်ဖို့ အင်တိုက်အားတိုက် ကြိုးစားခဲ့သည်။ ဒါ
မယ့် ရင်းသမျှအရာမထင်၊ လူလိမ်ခံရတာ ဒေါသတွေ မောဟတွေမျဉ်း
ကြိုက်တက်လာကြ၏။ အောင်မြင်နေကြတဲ့ လူတွေကြားမှာ ကိုယ်ကတော့
ဖုတ်ဖုတ်ကျကျန်ခဲ့သဖြင့် 'ငါဘာလုပ်နေသလဲ'လို့ ပြန်သုံးသပ်မိသည်။
ကတခြား လှုပ်ရှားလုပ်ကိုင်နေတာကတခြား ကြိုးစားနေခြင်းဖြင့်
ဖြစ်မလာနိုင်ဘူးဆိုတာ သိလာခဲ့သည်။ ရှုတကယ်စူးစိုက်ချင်တာ
အနုပညာလုပ်ငန်းပဲဖြစ်ကာ စီးပွားရေးလောကထဲဝင်ရောက်ဖို့ ကြိုး
ခြင်းဟာ အနှစ်ထုတ်ထားသည့်ဥခွံကို ရေးရှုဆူမှာ ထည့်ပြုတ်ဖို့ကြိုး
နေသလိုပင်.. ၊

ဆို့ကြောင့် ဝါသနာနဲ့စီးပွားရေးကို ထပ်တူပြုထားပြီး ကြိုးစားဖို့ဆုံး
ဖြတ်ချက် ခိုင်မာသွားခဲ့သည်။ လူငယ်ဆိုတဲ့ဘဝတစ်လျှောက်လုံးမှာ သူ့
ကိုလွတ်လပ်သာယာခြင်းဆိုတာ ဘယ်မှာရှိခဲ့သလဲ..။ ငွေကြောင့်
ယောက်အပေါ်တစ်ယောက် အနိုင်ယူဖြတ်စားကြသည်။ ဂုဏ်သိက္ခာပ
သနအတွက်နဲ့ ဟန်ဆောင်အပြုံးတွေကို စိန်စီသကာလောင်းကြ

သည်။ ဆိုးရွားမှုအရာရာကို ရှုန်းကန်ကျော်ဖြတ်ခဲ့ရ သည့် သူ့ခြေဖဝါးမှာ ဒဏ်ရာတွေအပြည့်နဲ့ပါ။ ထို့ကြောင့် ပန်းခင်းလမ်းရဲ့နူးညံ့မှုတွေကိုလည်း သူသတိတရခံစားခဲ့တာမရှိ။ ပန်းမွေ့ရာရွှေကော်ဇောဆိုတာလည်း အနာဖေးတပ်နေတဲ့ ကျောပြင်က သာယာရမှန်းမသိ။ သူသိနေတာ သူ့အနုညာနဲ့နိုင်ငံကျော်ရမည်။ သူ့ဘဝ သူ့ဝမ်းစာအရာအားလုံးဟာ အနုပညာဖြစ်ကာ.. ၊

"ဘဝကိုသင်းက ဘာမှတ်နေလို့လဲ.."

နှုတ်မှဖွဖွရေရွတ်ရင်း အထဲကိုပြန်လှည့်ဝင်ခဲ့သည်။ သူ့နောက်လိုက်လာကြဖို့ တန်းစီထွက်လာသည့် ပေါက်ကြီးတို့အုပ်စုပြန်ဆုတ်တော့မလို့ တိုးတိုက်ပြီးဆက်ထွက်သွားကြမလို ဖြစ်ကုန်ကြလျက်.. ၊

"ဟဲ့..ဟဲ့ ငါတို့ဘာသာအပြင်ထွက်လာတာပါ.."

"မင်းကံကောင်းထောက်မပြီး ယောကျ်မနဲ့တိုးသွားတာ..ဘာစိတ်ဝင်စားစရာရှိလို့လဲ.."

ပြောနေကြပြီး ရယ်ချင်ပတ်ကျိမျက်နှာတွေက နှာခေါင်းတွေပါဖွင့်စိဖြစ်နေကြလျက်.. ၊

♥♥♥♥♥

"အရံမင်းသားနဲ့တွဲမယ့်မင်းသမီးကရော.."

"ဟိုမှာလေ..ရောက်နေပြီ.."

မင်းသမီးဆိုသည့် မိန်းကလေးက နှုတ်ခမ်းစုစုချွန်ချွန် မေးချွန်ချွန်လေးနှင့် မင်းမျက်နှာကို ပရိဂျူဆာမှန်းသိတော့ သူမကိုလှမ်းကြည့်လိုက်သာနှင့် ခေါင်းလေးငုံ့ပြရင်း အစွမ်းကုန်ရယ်ပြနေသည်။ မျက်နှာလေးကနေတော့ ပြောမယ့်စကားတောင် အားနာသွားမိသည်။ သို့သော် မန်နေဂျာကို ကြည့်လိုက်ရင်း.. ၊

"ဟိုတစ်ခါစာတ်ညွှန်းဆရာခေါ်လာတဲ့ မော်ဒယ်လ်က သူမဟုတ်ပါဘူး.."

"ဟုတ်တယ်..အဲ့ကောင်မလေးက အဆင်မပြေလို့၊ သူနဲ့ပဲ.."

"ဘာလို့အဆင်မပြေတာလဲ.."

မင်းမျက်နှာ မျက်မှောင်ကုတ်ကြည့်နေတော့ မန်နေဂျာမျက်နှာဟိုလွှဲသွဲနှင့်။ ပြီးတော့ ရယ်ကျဲကျဲနှင့် အနားကပ်ကာ.. ၊

"သူ့ဌေးကလည်း နှစ်ခန်းထဲပါရမှာဥစ္စာ..အဲ့အခန်းမျိုးကို ဒီကောင်လေးလည်း ရပါတယ်.."

သူသဘောပေါက်သွားသည်။ ရိုက်ကူးရေးမှာ အနှောင့်အယှက်မဖြစ်ရင်ပြီးရောဆိုပြီး တော်ရုံကိစ္စကို မသိသလိုနေခဲ့တာပါ။ ဒါပေမယ့်ကြာရင် အတွင်းလှိုက်ချစားမှုတွေ ဖြစ်လာတော့မည်။ ကိုယ့်ရိုက်ကူးရေးတစ်ဖွဲ့လုံး နာမည်ပျက်နိုင်မည့်အရေးရှိလာရင်တော့ ကြည့်နေလို့မဖြစ်တော့ပေ..၊

"သူကအနုပညာအလုပ် ဘာလုပ်ဖူးလို့လဲ..ခင်ဗျားခေါ်လာတာလား"

"ဘယ်ကလာ..သူ့ကိုပီကေခေါ်လာတာပါ.."

ပီကေ.. ၊

ပေါက်ကြီးဆိုတော့ စိုးရိမ်မှတ်က ပိုမြင့်သွားသည်။ ဒီနေ့ရိုက်မှာက မင်းသမီးက ချစ်သူကိုတခြားမိန်းကလေးနဲ့တွဲသွားတာမြင်လိုက်သဖြင့် နောက်ကနေ ကားနဲ့လိုက်ချောင်းသည့်ဇာတ်ဝင်ခန်း။ လမ်းဘေးမှာ မင်းသားနဲ့တွဲလျှောက်သွားရုံပေမယ့် သရုပ်ဆောင်တစ်ယောက်ရဲ့ လှုပ်ရှားမှုတိုင်းက အနုပညာပဲဖြစ်သည်။ ဒါကိုလွယ်လွယ်လေးမှတ်နေလို့လား..၊

"ကျွန်တော်ဟိုနေ့က မော်ဒယ်လ်ကိုပဲ လိုချင်တယ်..အဲ့ဒီမိန်းကလေးက အနုပညာအလုပ်လုပ်နေတာကြာပြီ၊ သူ့မျက်နှာလေးကလည်း တဲလန့်ရှိမှန်း မြင်တာနဲ့တွက်လို့ရတယ်.."

"ဟာ..မလုပ်လိုက်နဲ့သူဌေး၊ ဒီတစ်ခါတော့ လွှတ်ပေးထားလိုက်ပါ.."

မန်နေဂျာက ပျာပျာသလဲဖြစ်သွားပြီး တားဆီးကာ.. ၊

"အဲ့ဒီမော်ဒယ်လ်က အထာကြီးလို့တဲ့..ပီကေ့အကြောင်းလည်း သူဌေးသိတဲ့အတိုင်းပဲ၊ သူကအဲ့လိုအထာနဲ့နေရင် သိပ်ကြိုက်တာမဟုတ်ဘူး"

ကြားလိုက်ရတော့ ပေါက်ကြီးမျက်နှာကို မြင်ယောင်သွားသည်။ ဘာလဲ.. ပရောပရီနေမှ ကြိုက်တာလား..၊ နာမည်မလှပေမယ့် ရုပ်ရည်ခပ်ဖြောင့်ဖြောင့်။ ထို့ပြင် သူ့ကိုမြင်လိုက်ရင် အထင်တကြီးဖြစ်သွားလောက်အောင် စမတ်ကျကျဝတ်တတ်စားတတ်သည်။ ဆိုးတာလေးတစ်ခုက အခွင့်အရေးကိုတော့ ကောင်းကောင်းအသုံးချတတ်သည့် ပေါက်ကြီး

"မိန်းကလေးတွေကို အဲ့ဒီလိုပေတံနဲ့တိုင်းပြီး ခွဲခြားဆက်ဆံတာမကောင်းဘူး..သူ့ဟာသူဘယ်လိုနေနေ မမြင်ချင်ရင် မကြည့်ရုံပဲ၊ အခုကိစ္စက အလုပ်အတွက်.."

"မျက်နှာ..ဘာလဲ.."

မန်နေဂျာနဲ့စကားပြောနေတုန်း ပေါက်ကြီးအမောတကောရောက်

ာသည်။ မန်နေဂျာနဲ့မင်းမျက်နှာကို တစ်လှည့်စီအကဲခတ်ရင်း သူ့အကြောင်းဘာတွေပြောနေတာလဲဆိုတာ သိချင်စိတ်ပြင်းထန်နေပုံနှင့်.. ၊

"ဘာဖြစ်နေတာလဲ..သီရိနဲ့ပတ်သက်တာလား.."

"ဟုတ်တယ်.."

မင်းမျက်နှာနဲ့စကားပြောသည်နှင့် မန်နေဂျာက အသာလေးလစ်ကြည့်သွားသည်။ ဇာတ်ညွှန်းဖတ်ကြည့်ရင်း မသိချင်ယောင်ဆောင်နေပုံသည့် သီရိ့ဇိုသောမိန်းကလေးကလည်း မျက်နှာကဇာတ်ညွှန်းစာရွက်နောက်မှာရှိ.. ၊

"မင်းကလည်းကွာ..အဲ့ဒီကောင်မလေးကို သနားလို့ပါ၊ မင်းသမီးဖြစ်ချင်လွန်းလို့ ရူးမတတ်ဖြစ်နေတာ.."

"မင်းသမီးဖြစ်ချင်လို့ ဘဝပျက်သွားတာတွေလည်း ရှိတာပဲ..သနားနောကောင်းတဲ့ မိန်းကလေးတွေအကုန်လုံးကို ငါ့ဇာတ်ကားထဲခေါ်ရိုက်ပေးရမလား.."

"မဟုတ်ပါဘူးကွာ..သီရိအကြောင်းမင်းသိရင် တကယ်သနားသွားမှာ.."

"မင်းသနားပေမယ့် ငါသနားချင်မှသနားမှာပေါ့..အလုပ်နဲ့ပတ်သက်ရင် ငါယူမယ့်မိန်းမလည်း ငါဂရုမစိုက်ဘူး.."

မသိဘဲနေပါ့မလားခွေးကောင်..လို့ပေါက်ကြီးက ကြိတ်ဆဲရင်း ဟဲခနဲရယ်ကာ.. ၊

"ဒီတစ်ကားတော့ ထည့်သုံးပေးပါကွာ..ဒီတစ်ခါပါပဲ၊ လုပ်ပါမင်းကသည်း..ငါတို့အကန့်မှာ ပွဲပျက်လို့မဖြစ်လို့ပါ.."

"မင်းကိုငါရှင်းရှင်း.."

"သူဌေးက သီရိကိုမခိုင်းချင်လို့လားဟင်.."

စကားပြောနေတုန်း ဖြတ်ဝင်လာတော့ ပြောလက်စတွေရပ်တန့်ကုန်သည်။ သူမမျက်နှာလေး သေးသေးချွန်ချွန်လေးနှင့် မျက်တောင်လေးပုတ်ခတ်ပုတ်ခတ်ရှိရင်း.. ၊

"သီရိ ဒီဇာတ်ကားမှာပါပါရစေနော်..သူဌေးကိုကိုနဲ့ သီရိရဲ့ကိုကို့ကို အရှုံးအားကိုးထားတာပါ၊ အရှုံးလည်းမျှော်လင့်ထားမိတာ..ရုပ်ရှင်ကားကြီးမို့လို့ပါ၊ သီရိကိုဖြုတ်မထားခဲ့ပါနဲ့နော်.."

"ကျွတ်.."

ကိုကိုတွေထပ်နေအောင်ပြောနေခြင်းကို နားဝင်မချိနိုင်ဘဲ မင်းမျက်နှာလှည့်ထွက်လာခဲ့သည်။

"အိုခေပြီ..ပူမနေနဲ့တော့.."

ပေါက်ကြီးရဲ့အသံ.. ၊

"အာ့ကြောင့် ကိုကို့ကိုအားကိုးတာ.."

တစ်ခုခုလှုပ်ရှားလိုက်သည့်အသံမျိုးလို့ ထင်လိုက်ကာ မင်းမျက်နှာခြေလှမ်းတုံ့ပြီး ပြန်ငဲ့ကြည့်မိသည်။ ထိုအခါ သီရိသည်ပေါက်ကြီးရဲ့လည်ပင်းကို လက်တစ်ဖက်နဲ့ချိတ်ဖက်၍ မျက်နှာချင်းဖျတ်ခနဲကပ်သွားလျှင်.. ဝဲစား.. ၊အချိန်မီမျက်နှာပြန်မလွဲလိုက်နိုင်သည့်အဖြစ်ကြောင့် လူလယ်ခေါင်မှာ နမ်းလိုက်တာကို သေချာကြီးမြင်လိုက်ရသည်။ ယိုသူမရှက်မြင်သူရှက်ဆိုတာ ဒါမျိုးပဲ။ သူ့အတွက်ကတော့ ဒါမျိုးတွေက မဆန်းတော့ပါ။ ဒါပေမယ့် ကိုယ်ပါလာကာမှ ကိုယ့်ရှေ့မှာ.. ၊

"သူဌေးရိုက်ကွင်းတည်ပြီးသွားပြီ.."

"လမ်းကြောင်းရှင်းထားရဲ့လား.."

သူနာရီကြည့်ပြီး ထရော်လီနဲ့ကင်မရာတွေဆီ လှမ်းကြည့်မိ၏။

"ဒရုန်းနဲ့သေချာစစ်ထားဦး..ဟိုတစ်ခါလိုဖြစ်ဦးမယ်.."

"ဒီတစ်ခါလုံးဝမဖြစ်စေရဘူး.."

"ရွှေကျီးကဟိုမှာလား.."

ရှုတင်မန်နေဂျာကတော့ နှစ်ယောက်သုံးယောက်ရှိတာမို့ အဆင်ပြေသလို သုံးနေရသည်။ ဒီကားမှာ ကိုယ်အကြိုက်ဆုံးဇာတ်မို့ ပိုပြီးအားစိုက်နေရကာ.. ၊

"ဟော့..ပြီးရင်စမယ်.."

"အေးပါ..ခဏလေး.."

ပေါက်ကြီးအသံမဲထွက်လာသည်။ လှည့်ကြည့်လိုက်တော့ သီရိဖျတ်ဖျတ်ခါပြေးသွားကာ မိတ်ကပ်ဆရာနှင့် အလုပ်ရှုပ်နေတာမြင်လိုက်၏။

"ကျွတ်.."

ဒီကိစ္စဒီတိုင်းထားလို့ မဖြစ်တော့ဘူးထင်သည်။ သူနာရီပင့်ကြည့်လိုက်တော့.. ၊

"ပြီးပြီမျက်နှာ..အိုခေ ရယ်ဒီ.."

ပေါက်ကြီးအူရားဖားလျား လှမ်းအော်ပြန်၏။ သူလည်းမင်းမျက်နှာကို သိနေသည့်ပုံပါ။ ကင်မရာမန်းနဲ့ မင်းမျက်နှာရဲ့မန်နေဂျာတို့ ဖြစ်ကုန်ကြ၏။ ထိုစဉ် ကျော်အောင်သူနားရောက်လာကာ.. ၊

"အဲ့ကောင် ဒီကောင်မလေးနဲ့ ငြိတာမကြာသေးဘူး.."

"ကြာတာမကြာတာ ငါစိတ်မဝင်စားဘူး..တစ်ခါမှတောင် သရုပ်ဖူးတာမမှုတ်ဘဲနဲ့ နေပုံထိုင်ပုံက.."

"အဟွန်း.."

"ပီကေ့ကို မင်းကြည့်ပြောကေအေ..အလုပ်လုပ်တဲ့နေရာမှာ ငါ့ကို အနှောင့်အယှက်ပေးတာ အမုန်းဆုံးပဲ.."

ကွယ်ရာမှာဘယ်လိုနေနေ အလုပ်ကိစ္စထိနှောင့်ယှက်လာတာက သွန်းသည်။

"အေးပါ..သူလည်းသိနေပါတယ်၊ ဒီကောင်ခဏဝါကွာ..သူ့အကြောင်း မင်းသိသားနဲ့.."

"မသိချင်ဘူး.."

မင်းမျက်နှာရဲ့မျက်နှာက သုန်မှုန်နီမြန်းနေကာ.. ၊

"သူများကိုနားလည်ပေးနေရအောင် ငါကတရားစခန်းဖွင့်ထားတာ ဟာဘူး.."

ဒေါသနှင့်ခြေလှမ်းက ပိုကျဲသွားသည်။ မော်နီတာပြင်ထားသည့်နေရာသို့ သူလာနေတာနှင့် ထီးကြီးဖွင့်ပြီး ကောင်လေးတစ်ယောက်ပြေးလွှားလာလာ၏။ မင်းမျက်နှာပုဆိုးတစ်ဖက်'မ'ထားရင်း ဒေါသအရှိန်မသေလျှော့လာခဲ့စဉ်.. ၊

"တီ တီ တီ.."

ကားဟွန်းသံက အရေးပေါ်စွတ်ချတ်တီးလာတာဖြစ်လျက်.. ၊

"ဟေး.."

"တီ တီ.."

ဘာလဲ..ဒီကားက.. ၊

အရေးကြီးရင် ဥဩလေးဘာလေးဆွဲ.. ၊

အရာရာကိုစိတ်မရှည်စွာရှိရင်း ဆူညံသွားသည့်ကားနဲ့လမ်းပေါ်ကို

လှမ်းကြည့်လိုက်မိသည်။ ဖျတ်ခနဲကြည့်ပြီး မျက်နှာလွှဲလိုက်ပြီးမှ..
ဟာ.. ။

မျက်လုံးထောင့်မှာ ကပ်ပါလာသည့် အနက်ရောင်ဆိုက်ဂ်နက်
ကြီး။ ငါ့ကား.. ။ ကိုယ့်ကားမှန်းသိလိုက်တာနှင့် အထဲမှာဘယ်သူ ဘာ
တော့မည်ကို တန်းခနဲတွေးလိုက်မိလျက်.. ။

"ဟေး..ရပ် ရပ်လေ၊ ဘရိတ်နင်း.."

မင်းမျက်နှာအော်ပြီး ပြေးလိုက်သည်။ ပြင်ဆင်နေကြသည့် ရွာ
တစ်ဖွဲ့လုံး ရုတ်တရက်အံ့အားတွေသင့်နေကြကာ သတိဝင်လာကြသ
အချိန်တွင် မင်းမျက်နှာကားနောက်မြီးကို ဆွဲထားမတတ်ကားနားမှာ
လိုက်နေ၏။ ကားသည် တလကြမ်းပြေးတာလည်းမဟုတ် ရပ်လည်း
ဘဲ..၊

"တီ တီ တီ.."

ရပ်သွားလိုက်..သိမ့်ခနဲခုန်ထွက်လိုက်နှင့်.. ။

"ကျီ..ဂျတ် ဖြောင်း.."

"ဟာ သွားပြီ.."

"ဒုန်း ဒုန်း.."

"ဟေ့..ရွှေသိုက် ဘရိတ်နင်း.."

မှန်လုံတင်ထားသည့် ကားထဲကလူကို မကြားနိုင်မှန်းသိလျက်
အသံပြာအောင် အော်နေရင်း.. ။

"ဝုန်း.."

"သွားပြီ ကုန်ပြီ..ငါ့ကား.."

သိုက်ဘာကိုမှမကြား၊ ဘာလုပ်ရမှန်းလည်းမသိ။ လမ်းပေါ်က
ဘေးကိုတိမ်းစောင်းဆင်းချသွားသည့်ကားသည် သူမဘာမှမလုပ်ပါ
ရပ်လိုက် ဆက်သွားလိုက်။ အုတ်နံရံကြီးတစ်ခုကို ဦးတိုက်ရပ်တန့်သွ
ပါမှ.. ။

"ဝူး.."

"အမ္မေ.."

နောက်ထပ်ညာကိုဖိနင်းမိသည့်အချိန်မှာ ကားကနံရံကိုဦးတိုက်ထ
ပြန်လျှင် ထိုအခါကျမှ သတိထားနိုင်ခဲ့သည်။ ဘယ်ကိုနင်းမိတာ ဘရိတ်

ကားမှ ညာကိုပြန်ဖိမိပြီး သူမရဲ့ကယောင်ချောက်ချားတွေက ဘ
လိုဖာမှာ ဘယ်လိုတွေကြွေမိနင်းမိနေမှန်းမသိခဲ့ဘဲ.. ။

"ဘုရား..ဘုရား.."

ဘရိတ်လို့သိလိုက်သည့်အရာကို မလွတ်တမ်းဖိနင်းထားမိကာ
အုတ်တုတ်တောင် မလှုပ်ရဲတော့ပေ.. ။

"ဟေ့..ဖွင့်စမ်း.."

ဘေးကနေမှန်ကို လာပုတ်နေသဖြင့် တံခါးဖွင့်ပေးလိုက်တော့ မင်း
ဘကိုယ်တစ်ပိုင်းကုန်းဝင်လာကာ Pဂီယာကို ချိန်းပစ်လိုက်၏။
သော့ဖြုတ်ယူသွားပြီးမှ နောက်ပြန်ဖုတ်ခနဲပြန်ဆင်းသွားတာ
နောက်သွားသည်မသိ.. ။

"အ..အား ကျတ် ကျတ်.."

ကားလုံးဝရပ်သွားပြီမှန်းသိပြီးမှ ဒဏ်ရာပေါ်လာသည်။ ဘယ်လိုပုံစံ
ဘယ်လိုတွေထိခိုက်မိသွားမှန်းမသိ။ သိုက်ရဲ့ရင်ဘက်မှာ အတော်
ငေနေကာ အသက်ရှူကြည့်တော့ ဝဝရှိုက်သွင်းလို့မရ.. ။

"သိုက်..သိုက်ရရဲ့လား၊ ဘယ်ထိသွားလဲ.."

ကျော်အောင်နဲ့မင်းမျက်နှာရဲ့မန်နေဂျာတို့ စိုးရိမ်တကြီးလာမေးကြ
.. ။

"သိုက်..အ.."

ကားပြောဖို့တောင် ခဲယဉ်းနေရကာ သိုက်ကိုလူတွေတွဲပြီး ကားပေါ်
သည်။ ကားအပြင်ရောက်မှ ပတ်ဝန်းကျင်တစ်ခုလုံး ပျက်စီးပုံကြ
လူတွေအပျက်အစီးတွေကြားထဲမှာ မင်းမျက်နှာပုဆိုးတမမနှင့်..၊

"နေဦး..အဲ့ဒီဘက်ကိုသွားမထိနဲ့လေ၊ ဒီဘက်ပဲထိတာကို တော်ကြာ
ခုလုံးကိုယ့်ကြောင့်ဖြစ်တယ်ဆိုပြီး တရားခံရဦးမယ်.."

"ဘရားခံရာနေဖို့လိုသလားဗျ..ကျွန်တော်တစ်ဆိုင်လုံးပျက်စီးသွား
လူတွေတောင်ကံကောင်းလို့.."

"မင်းဂျာနယ်တွေခင်းထားတဲ့ ရှေ့တစ်ခြမ်းပဲပါသွားတာ..နောက်က
ခုံးစွန်းနဲ့ ဘာဆိုင်လဲ.."

"ဟေ့လူ..ဒီမှာလာကြည့်ဦး၊ ဆီပူတွေပါလောင်ကုန်ပြီ.."

"ငါ့ဆိုင်ကတော့ ကြေမွသွားတာပဲ..ကောင်းတယ်၊ ဘာမှမရောင်းရ

ဘဲ ပြန်နားရတော့မယ်..အကုန်လုံးလျော်ပေတော့.."

"အဲ့ဒီကလိမ့်လာတဲ့ ရေစည်ပိုင်းတွေကြောင့် ငါ့အခန်းတစ်ခန်းလုံး ရစရာမရှိတော့ဘူး.."

ဆူညံပွထနေသည့် ပတ်ဝန်းကျင်ကို မင်းမျက်နှာဘယ်လိုထိန်းရမှန်း မသိ။ မန်နေဂျာနဲ့ကျော်အောင်တို့ ပြေးလာကြပြီး ပျက်စီးခဲ့သည့် ဆိုင်ခန်းတွေကိုရော ဆိုင်ရှင်တွေကိုပါ အဆင်ပြေအောင် ညှိနှိုင်းနေရ၏။ ကားထဲ တက်လိုက်ပြီဆိုတည်းက လိမ့်ထွက်လာသည့်အရှိန်က လမ်းဘေးဖုန် သမျှ မုန့်တီဆိုင်တွေနဲ့ ပန်းချီခန်းတွေ စာအုပ်ဆိုင်တွေ တစ်တန်းကြီး စိမ်ပြေနပြေတိုးကြိတ်သွားခဲ့သည်။ အစွန်ဆုံးက ဟော့ပေါ့ဆိုင်လေး အုတ်နံရံနားမှာ ဘရိတ်တစ်ချက် မိလိုက်ကမှ ရပ်တန့်သွားခဲ့လေသည်။ အကယ်၍ တိုးတိုက်သွားစရာ ဒီဆိုင်တွေသာ ခံမနေလျှင် ကားကဘယ် အရှိန်နဲ့ဘာတွေဆက်ဖြစ်သွားမလဲဆိုတာ မတွေးဝံ့စရာပင်.. ၊

"ကျွတ်..အဲ့ဒီကားပေါ်တက်ပြီး ဘာလုပ်တာလဲသင်းက.."

ရှင်းမရနိုင်သည့်ပြဿနာတွေနဲ့ ကုန်ကျစရိတ်ထွက်လာတော့ မျက်နှာဒေါသအိုးကွဲ၏။ လည့်ကြည့်တော့ သိုက်ကိုမတွေ့လျှင်.. ၊

"သူကဘယ်မှာလဲ..ခု.."

"ဒီမှာ.."

သိုက်ကလည်း ဒီလူဒေါကန်ပြီလို့တွေးပြီး စိုးရိမ်နေခဲ့တာဖြစ်သည် ဒါပေမယ့်.. ၊

"သိုက်ကားမောင်းရမယ့် အခန်းပါလို့ တက်မောင်းကြည့်တာလေ.."

"တက်မောင်းတာ မမောင်းတတ်ဘဲနဲ့ မောင်းတာလား..ကားမောင်း ရင်း ဘာတစ်ခုခုလုပ်နေလို့လဲ၊ ကားပေါ်မှာ ဘယ်သူရှိနေသေးတာလဲ.."

"ဘာ.."

သူ့မေးခွန်းတွေက သိုက်ကပဲတစ်ယောက်ယောက်နဲ့.. ၊

"ရှင်တော်တော်မိုက်ရိုင်းပါလား...ကားနားကိုအရင်ဆုံးရောက်လာပြီး ကားထဲကလူ ဘာဖြစ်နေလဲမမေးဘူး၊ ကားဘာတွေပျက်စီးသွားလဲပဲ ငြီး ပြားဝပ်လိုက်ရှာတယ်.."

"မင်းငုတ်တုတ်ကြီးထိုင်နေတာ မြင်သားနဲ့ ငါ့ကားငါမရှာလို့ ဆေး ကိုယ်မှာ လာရှာရမှာလား.."

"တော်တော်ကို ဥစ္စာခြောက်တဲ့လူ.."

"ဥစ္စာခြောက်တာတောင် အခုဘယ်နှစ်သိန်းလျော်ရမလဲ မင်းသိ သား.."

"မသိဘူး.."

"မသိရင်သိအောင် နားထောင်ကြည့်ဦး..ငါ့ကားထိခိုက်သွားတာတွေ သမျှကိုပြန်လျော်ရမှာတွေ အကြမ်းဖျင်းသိန်းငါးဆယ်နီးပါးရှိတယ်.. ဟင်.. ၊

သိုက်ကိုယ်လေး မသိမသာတောင့်သွားသည်။ ဘေးမှာရှိနေတဲ့လူ ဘွေလည်း စိတ်ညစ်လက်ညစ်တွေ ဖြစ်ကုန်ကြသည်။ မင်းမျက်နှာရဲ့မန် နေဂျာက စာရင်းလုပ်ရင်း အားလုံးကိုဒိုင်ခံဖြေရှင်းနေဆဲရှိကာ.. ၊

"နေစမ်းပါဦး..မင်းကားမောင်းတတ်ရဲ့လား၊ မကျွမ်းကျင်တာလား.. ဘယ်လုံးကိုမှ မတတ်တာလား.."

မျက်နှာရှေ့မှာ ခါးထောက်လာရပ်ပြီးမေးတော့ သိုက်မာနပြိုင်ဖို့သ ဘောမရဘဲ မျက်နှာငယ်လေးနဲ့ရှိကာ.. ၊

"မန်နေဂျာရယ်နဲ့တုန်းက သင်ဖူးတယ်.."

"ဘာ.."

"အော်တိုကားတွေ မမောင်းဖူးဘူး.."

မင်းမျက်နှာ နားမလည်နိုင်.. ၊

"မန်နေဂျာရယ်ကိုတော့ ကျွမ်းကျင်တယ်ပေါ့..အော်တိုကားတွေက မောင်းလို့ ပိုလွယ်.."

"မန်နေဂျာရယ်နဲ့လည်း သင်တန်းပြီးအောင် မမောင်းလိုက်ရလို့.." နည်းသေးတယ်.. ၊

စိတ်တိုသလောက် ကိုင်ပေါက်ပစ်လိုက်ချင်သည်။ ဒေါသထွက်တာကို ထိန်းရင်း ဆံပင်ဖွမိလိုက် ပုဆိုးမဲမိလိုက်.. ၊

"ရှင့်ကိုရှုတင်သုံးရက်နားမယ်လို့ ပြောနေတာပဲ.."

သိုက်က စူပွနေသည့် မျက်နှာခပ်လွဲလွဲနှင့်ဆိုတာ..

"အဲ့သုံးရက်မှာ ကားမောင်းကျင့်လိုက်ရင် ခုလိုဖြစ်မှာမဟုတ်ဘူး.."

"အဲ့ဒါကိုကြိုပြောရင် သုံးရက်မဟုတ်ဘူး..သုံးလလောက် နားခိုင်း သိုက်မှာ၊ ငါ့ကားမပြောနဲ့ ဖစ်တာတောင်မင်းကိုမမောင်းခိုင်းဘူး.."

"ရှင်မကြီးကျယ်ပါနဲ့..ဒီလမ်းတဆုံးလေးပဲ မောင်းသွားဖို့ တစ်ရက် နှစ်ရက်လောက် အမောင်းကျင့်လိုက်ရင် ရတယ်.."

"တော်တော့ တော်တော့..မင်းတော်တော်စကားကို အလွယ်ပြော တယ်၊ ကိုယ်လုပ်ရမှာဖြစ်ဖြစ် သူများကိုခိုင်းရမှာဖြစ်ဖြစ် အဲဒါကိုယ်နဲ့ သက်ဆိုင်နေရင် ဘယ်လိုတာဝန်ယူရမလဲဆိုတာ ခေါင်းထဲအရင်ထည့် ထား.."

"ဒါကမထင်မှတ်ဘဲ ဖြစ်သွားတာပဲ.."

"တမင်လုပ်တာဆိုရင်လည်း မင်းဒီနေရာမှာတင် ပွဲချင်းပြီးပြီ.."

"ဘာ.."

သိုက်မျက်နှာလေး ဆတ်ခနဲမော့လာသည်။ မျက်လုံးချင်းစူးစူးရဲရဲ ဆုံခဲ့လျက်.. ၊

"ပြောခွင့်ရတိုင်း ပြောမနေနဲ့..သတ္တိရှိရင် စမ်းကြည့်လိုက်၊ ဘယ်သူ ပွဲချင်းပြီးမလဲ သိရအောင်.."

"အံမာ.."

"သူဌေး..ရွှေသိုက်တို့တော်တော့လေ.."

"မျက်နှာ..မင်းတို့ကလည်းကွာ.."

မန်နေဂျာနဲ့ပေါက်ကြီးတို့ ပျာတိပျာယာရောက်လာပြီး နှစ်ယောက် ကြားထဲမှာ ဝင်ရပ်လိုက်ကြ၏။

"ပတ်ဝန်းကျင်က အားလုံးကိုသတိထားနေကြတာ..ပြဿနာကရှင်း လို့မပြီးသေးဘူး၊ ဟိုမှာရန်မများအောင် ရှင်းလို့ရတယ်..မင်းတို့ကို ရှင်း မရဘူး.."

ပေါက်ကြီးက ခေါင်းလည်းကုတ်နေသေးသည်။ မင်းမျက်နှာက လည်း ဒေါသမသေနိုင်.. ၊

"ဘာအကြောင်းတွေပဲ ရှိခဲ့ရှိခဲ့..အခုလျော်လိုက်ရတဲ့စာရင်းအားလုံး မင်းတာဝန်ယူရမှာ..အဲဒါကိုမှတ်ထား.."

"တော်ပြီလား..တရားခံရှာတတ်လွန်းတဲ့ ရှင့်ကိုပါမှတ်ထားပေးမယ်၊ သိုက်တို့ကလည်း စိန်ခေါ်ရင်ဘွာမခတ်ဘူး.."

"ဘာကိုဘွာမခတ်တာလဲ..မင်းကိုငါပြောနေတာ ရှင်းရှင်းလေး.."

"သိုက်ပြောတာလည်း ရှင်းရှင်းလေးပဲ..မှတ်ချင်တာမှတ်၊ လူကိုထင်

ခင်းအော်ခဲ့ပြီးမှ လုံးဝတာဝန်မယူဘူး.."

"ဘာ.."

အခြေအနေသည် သူတို့နှစ်ယောက်ဆုံလိုက်တိုင်း ဤကဲ့သို့.. ၊

♥♥♥♥♥

အခန်း(၂၀)

လူငယ်တွေဆီက ပြဿနာတွေတစ်ခုပြီးတစ်ခု ကြားနေရသဖြင့် ဘတွေခေါင်းချင်းရိုက်ရသည့် အဖြစ်သို့ရောက်ခဲ့လျက်.. ၊

"တဖြည်းဖြည်းကြီးထွားလာတာ သံယောဇဉ်မဟုတ်ဘဲ ပြဿနာတွေဖြစ်နေပြီ..တို့ဘယ်လိုလုပ်ကြမလဲလတ်ရေ.."

ဒေါ်အေးချမ်းမေ ကိုယ့်သားရဲ့ဒေါသတွေကို အိမ်မှာအချိန်ပြည့်ကြားနေရသဖြင့် မဖြစ်မနေမေးရတော့သည်။ ရှုတင်မှာ ကားတိုက်မိသည့်ပြဿနာကြောင့် ထိခိုက်ပျက်စီးကုန်သည့် ကုန်ကျစရိတ်တွေတွက်ပြီး သားတော်မောင်မျက်နှာ ရှုံ့မဲ့ညည်းတွားနေတာ အနီးအနားကလူတွေ ဘယ်သူမှ မသက်သာ..'၊

"ဘာတုံးကွာ..ဖုန်းခဏခဏမဆက်နဲ့၊ ဒီမှာအနာဂတ်ပျောက်နေတာ.."လို့ သူငယ်ချင်းတွေကို အော်ပစ်တာတစ်မျိုး.. ၊

"ဘာလုပ်ရမှန်းမသိသေးဘူး..ဇာတ်ညွှန်းပြောင်းရေးခိုင်းလိုက်.."

ဖုန်းတစ်လုံးနဲ့ အိမ်ကနေညွှန်ကြားနေသမျှ ညင်ညင်သာသာပြောတာ တစ်ချက်မှမပါ.. ၊

"ဘာလို့ထမင်းစားဖို့ပဲ ခဏခဏလာခေါ်နေသလဲ..ထမင်းစားဖူ

တယ်.."

သူအော်ထုတ်လို့ အိမ်ကကောင်မလေးတွေလည်း နေစရာမရှိတော့၊

"အမေတို့မသိဘူး..ရွှေသိုက်ဆိုတဲ့မင်းသမီး တော်တော်စိတ်ပျက်ဖို့တောင်းတာ.."တဲ့.. ၊

မိဘကိုတောင် သင်းကဒေါသအဖျားခတ်ချင်၏။ ရှုံ့မဲ့သွားလိုက်လက်ခါလိုက် ခေါင်းခါလိုက်။ မပြောချင်တော့သည့်ပုံနှင့် ရှောင်ထွက်သွားမလို ခြေလှမ်းပြင်တာက ရှိသေးသည်။

"ပြောလိုက်ရင် မလိမ်ပိုးမလိမ်မာရုပ်လေးနဲ့..ပြီးတော့ ထင်ရာလုပ်တယ်၊ သူကားမမောင်းတတ်တာကို ကြိုမပြောခဲ့ဘဲနဲ့ ကျွန်တော်ကဘယ်လိုလုပ်သိမှာလဲ..ဘယ်လောက်ဇွတ်တရွတ်နိုင်လဲဆိုတာ တကယ့်လူစည်ကားတဲ့နေရာကြီးမှာ ကားတက်မောင်းတာကြည့်လေ၊ အခုပစ္စည်းတွေပဲ ပျက်စီးလို့ပေါ့..လူသာထိရင် ရှင်းလို့ရမှာမဟုတ်ဘူး.."တဲ့.. ၊

ပြောပြတော့ ဒေါ်တင်တင်လတ်ကလည်း နားလည်ရှာပါသည်။

"သူပြောတာလည်း ဟုတ်နေတာပဲအေးရယ်..ဒါပေမယ့် သိုက်ပြောတာလည်း မှန်နေပြန်ရော.."

"အေးလေ..လူကြားထဲမှာ အဆူအငေါက်ခံရတာ သူ့ခမျာရှက်ရှာမှာပေါ့.."

"ဒါကျတော့ မင်းမျက်နှာဆူတာဆူသင့်တယ်လို့ ငါတွေးမိတယ်..နင်ပဲစဉ်းစားကြည့်လေ၊ သူ့မှာဆူသာသူ အော်သာအော်ခဲ့တာ..သမီးလုပ်တဲ့သူက လည်ပင်းထညုစ်လိုညုစ် သိန်းသုံးဆယ်ဖိုးလောက်ဖြုန်းလိုဖြုန်း.."

ဒေါ်တင်တင်လတ် ဒါတွေကိုတော့ မျက်နှာပူနေမိတာ အမှန်ပါ။ သူ့သားဘက်က ပြောပြနေတော့ ဒေါ်အေးချမ်းမေကပြုံးနေကာ.. ၊

"တစ်ယောက်ကဒေါင်ခနဲဆို တစ်ယောက်ကဒင်ခနဲထဖြစ်နေတာကိုးလတ်ရဲ့..တစ်ယောက်ယောက်က မေတ္တာစိတ်ဝင်လာမှပဲ ငြိမ်းချမ်းမှုရတော့မှာ.."

နှစ်ယောက်စလုံး သက်ပြင်းကိုယ်စီချမိကြကာ.. ၊

"အဲ့ဒါလွယ်ပါ့မလား.."

"အဲ့ဒါလွယ်ပါ့မလား.."

"ဟော့တော်.."

ဒီစကားကိုပဲ သံပြိုင်ပြောမိကြကာ မိန်းမငယ်လေးတွေလို ခိုးခိုးခစ်ခစ်ရယ်မိကြ၏။ လူကြီးနှစ်ယောက်က ဘုရားမှာဆုံမိကြကာ ဓာတ်လေကားကမဆင်းဘဲ စောင်းတန်းကအတူဆင်းခဲ့ရင်း စကားကလည်းမပြတ်နိုင်ဘဲရှိလျက်.. ၊

"ဘုရားရင်ပြင်ပေါ်မှာ တစ်နာရီခွဲလောက်ထိုင်ပြောနေခဲ့တာတောင် စကားကမပြတ်နိုင်ဘူး...အခုဘယ်သူ့အိမ်ကို ဘယ်သူကလိုက်ခဲ့ရင်ကောင်းမလဲ.."

"နင့်သားဒေါသပုန်ထနေတာကို မခံနိုင်ဘူးမို့လား...ငါ့အိမ်လိုက်ခဲ့လေ.."

"ကောင်းတယ်..သမီးလေးကတော့ ငါ့ကိုငြိုငြင်မှာမဟုတ်ဘူး.."

ဒေါ်အေးချမ်းမေက တကယ်ပဲအိမ်ကကားကိုပြန်လွှတ်လိုက်ကာ ဒေါ်တင်တင်လတ်ရဲ့ Beltaကားလေးနဲ့ပဲ အတူစီးဖို့လိုက်လာ၏။ တစ်ခါတလေ ဆွေးမျိုးညာတိမဟုတ်ဘဲ သူအစိမ်းချင်းခင်ကြတာက ဆွေမျိုးထက် ပိုလေသည်။ ဒေါ်အေးချမ်းမေနဲ့ဒေါ်တင်တင်လတ်တို့က ငယ်သူငယ်ချင်းတွေမဟုတ်ကြပေ။ ဒါပေမယ့် လွန်ခဲ့တဲ့နှစ်နှစ်ဆယ်ကျော်သုံးဆယ်က ရှစ်ဆယ့်ရှစ်အရေးအခင်းကြီးထဲမှာ နှစ်ယောက်သားတိုက်ဆိုင်စွာဆုံဆည်းခဲ့ကြသည်။ ထိုစဉ်က ဒေါ်တင်တင်လတ်က နယ်သူနယ်သားပေမယ့် နယ်ကိုအလည်ရောက်နေခဲ့သည့် ဒေါ်အေးချမ်းမေတို့ဒုက္ခအကြီးအ ကျယ်တွေ့နေတုန်းဖြစ်သည်။ အပစ်အခတ်ဆူပူမှုတွေကြားမှာ မထင်မှတ်ဘဲ တစ်ယောက်ကိုတစ်ယောက် စွန့်စားကူညီခဲ့ကြရင်း ဒုက္ခတွင်းမှာရင်းနှီးကျွမ်းဝင်ခဲ့သည့် သံယောဇဉ်က ထူးခြားစွာခိုင်မာခဲ့ကြ၏။ သူမတို့ကို မသိတဲ့လူဆိုရင် ငယ်သူငယ်ချင်းတွေအတိုင်း.. ၊

"ဟောတော်..ဘယ်ကဖုန်းပါလိမ့်.."

သူမဘုရားကိုလာတာ သားတို့သိကြတာပဲ။ ကိုသီဖြစ်ဖြစ် သားဖြစ်ဖြစ် အပြင်ထွက်နေတဲ့လူကို ဖုန်းလှမ်းခေါ်တဲ့ အကျင့်တွေ မိသားစုထဲမှာမရှိခဲ့ပေ။ သူမဖုန်းကို အိတ်ထဲကထုတ်နေစဉ် ဒေါ်တင်တင်လတ်အိတ်ထဲကလည်း ဖုန်းမြည်လာသဖြင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး ရယ်မိကာ.. ၊

"လာ လာ..ငါတို့ဒီဘေးခဏထွက်ပြီး ပြောမှဖြစ်တော့မယ်၊ ဘယ်သူ့

ခေါ်းလဲ.."

"သမီးထင်တယ်..အဲ့ မဟုတ်ဘူး..မဟုတ်ဘူး.."

သူမတို့ဖုန်းကိုယ်စီဖြေကြလျှင် ပြောရသည့်အကြောင်းတို့သည်လည်း တိုက်ဆိုင်စွာ.. ၊

"ဟလို.."

"....."

"ဟင်..ဘယ်သူ၊ မောင်ရဲဆက်ဟုတ်လား..သမီးကအိမ်မှာ.."

တစ်ယောက်သည်ဤသို့ရှိလျက်.. ၊

"ဟလို.."

"....."

"ဟင် မကြားရဘူးသမီး...ဘယ်သူ၊ အဖြူရောင်ဟုတ်လား..သားနဲ့သားနဲ့ဘယ်လို.."

ဖုန်းဖြေနေကြရင်း ဆုံမိသည့်မျက်လုံးတွေက တအံ့တသြ.. ၊

ဘယ့်နယ်တိုက်ဆိုင်တာတွေက ခဏခဏ.. ၊

♥♥♥♥♥

အခန်း(၂၁)

"ဝမ်း တူး သရီး..အက်ရှင်.."

"ဖြစ်ရလေပီတောက်ရယ်..ယောက်ျားတွေအကြောင်းများ သိချင်ရင် ငါ့ကိုမေးစမ်းပါဟယ်၊ အပျိုကြီးပေမယ့် ဒီမှာအသက်လေးဆယ်ပြည့်တော့ မယ်နော် ..မသိတာ မကြုံဘူးတာဘာမှမရှိဘူး.."

ဆိုပြီး လက်ဖနောင့်ချင်းပွတ်ကြိတ်ပြကာ.. ၊

"ဖိုမသဘာဝ ဘာကိစ္စဖြစ်ဖြစ် နောကျေပြီးသား.."

"ဖိုမသဘာဝလည်း မမစုသိတာပဲလား.."

"သိလို့ပြောနေတာပေါ့အေ..ယောက်ျားတစ်ယောက်က သူ့ရည်းစား သူ့ဇနီးမယားကို တုန်နေအောင်ပဲချစ်ချစ် ခုန်နေအောင်ပဲချစ်ချစ် ချစ်ကြ တာပဲ..ဒါပေမယ့် လူမြင်အောင်တမင်ထုတ်ချစ်ပြနေတာကြီးကိုတော့ အ ထင်မကြီးစမ်းပါနဲ့၊ အဲ့လို ယောက်ျားတွေကမှ ရွံစရာအကောင်းဆုံးယော က်ျားတွေပဲ.."

"သူကသူ့အကြောင်းသူပြောတာပါ..သူ့ကောင်မလေးကို မွေးနေ့အ တွက် စပရိုက်လုပ်ပေးတာလေးက အရမ်းအားကျ.."

"အေး..အဲ့ဒါပဲ သူလုပ်ပြနေတာ အဲ့လိုဖြစ်ကုန်အောင်လို့ပဲ၊ ယော

ဆယ်ယောက်မှာ ကိုးယောက်ကအဲ့လိုဖြားယောင်းတာဟဲ့သိရဲ့လား.. တွေ့နေတဲ့မိန်းကလေးတွေက အောင်မလေးဒီကောင်ချစ်တတ်လိုက် သူ့ကောင်မလေးကံကောင်းလိုက်တာ ဘာညာအထင်တွေကြီး စိတ် ဘွယဉ်.."

"အဲ့ဒါတော့ဟုတ်တယ်..မမစုပြောသလို ကိုယ်လည်းတွေးမိတာပဲ.."

"ဟွန်း..အဲ့ဒီမှာစနိုက်ကျော်တွေ စနိုက်ပေါ်တွေဖြစ်လာတာပေါ့ပိ က်ရယ်၊ သင်းတို့ကတော့ မိန်းမမိုက်လေးတွေပေါ်လာလေကြိုက် ရရင်အမြတ် မရရင်အရင်းပေါ့၊ အဲ့ဒီမိန်းကလေးတွေကိုပဲ နားရွက် ဆွဲပြီး ပြချင်တာ.."

"ဘာကိုလဲဟင်.."

"ဒီလိုသတ္တဝါတွေ အပြင်မှာဘယ်လိုလူစားတွေလဲဆိုတာ သိသွား င်လေ..တကယ်ချစ်နေရင် ဘယ်သူမှဇာတ်ကမနေဘူး၊ ပေါ်လွင်ချင် အောင်မြင်ချင်တာလည်းမပါဘူး..အဲ့ဒါတွေက ညဘက်ဇာတ်ကပြီး င်းတာနဲ့ ကန့်လန့်ကာဖြုတ်ချ ပွဲသိမ်းဖျာလိပ်ပြန်တဲ့ လူစားမျိုးတွေ

"ကဒ်.."

မင်းသမီးရဲ့သူငယ်ချင်းပြောသွားသည့် ဒိုင်ယာလော့ဂ်တွေကို မင်း နာ အားပါးတရရှိကာ အကျယ်ကြီးအော်ရင်း ထရပ်လိုက်သည်။ သော်.. ၊

"မင်းဇာတ်က မင်းသမီးကငုတ်တုတ်ထိုင် ခေါင်းညိတ်နေရုံပဲလား.."

"ဟုတ်တော့.."

"စပို့တင်းလောက်က ဒီလိုဒိုင်ယာလော့ဂ်တွေ ပြောချသွားတော့.."

"စပို့တင်းဖြစ်ဖြစ် ဖြတ်လျှောက်ပဲဖြစ်ဖြစ် ဇာတ်အတွက်ပံ့ပိုးမှု င်းပေးကြတဲ့ သရုပ်ဆောင်တွေချည်းပဲ..အားလုံးကောင်းမှ ဇာတ်ကား င်းတစ်ကားဖြစ်မှာပေါ့၊ ဖယ်ပါကွာ..မင်းကြောင့် ငါ့ဖီလင်တွေ ကုန်တော့မယ်.."

ဖယ်ပါဆိုပေမယ့် ကျော်အောင်ကမဖယ်ဘဲ.. ၊

"အဲ့ဒီဒိုင်ယာလော့ဂ်တွေက ဝတ္ထုထဲကလား..ဇာတ်ညွှန်းကျမှ ထွက် တာလား.."

မျက်နှာလွှဲလိုက်ပြီးမှ မင်းမျက်နှာက ပြန်လှည့်ကြည့်သည်။ ပြီးထွေ
စူးရဲသည့်မျက်ဝန်းများနှင့်.. ၊

"ဘာလဲ..ဒိုင်ယာလော့ဂ်တွေက မင်းကိုတည့်တည့်ပြေးမှန်နေ
လား.."

"ပြောတော့မယ်..မင်းတော့.."

မျက်နှာကြီးနီကာ မလုံမလဲရယ်သည်။ ပြီးတော့ လစ်ပြေးဖို့ခြေလှ
ပြင်ရင်း.. ၊

"ငါကမင်းကို မင်းသမီးတင်းနေမှာစိုးလို့ ပြောတာ.."

"ဘာကိုတင်းရမှာလဲ..သူမထဲချင်ပါဘူးမကြွချင်ပါဘူးဆိုလို့ အဲ့
ထိုင်ခိုင်းလိုက်ရတာ၊ တကယ်ဆို ထိုင်ပြောရမယ့်ဆင်းနှမဟုတ်ဘူး..

ပြောရင်းနဲ့အမှတ်တမဲ့လှမ်းကြည့်လိုက်တော့ သိုက်ကယပ်တော
လေးကိုင်ရင်း ထပြေးသွားတာ ဘယ်ကိုလဲတော့မသိ။ ဒီနေ့ရှုတင်ကို လ
ဖို့ကျတော့ ရောဂါလက္ခဏာပေါင်းများစွာ ပြနေလိုက်တာ မနည်းခေ
ထုတ်လိုက်ရသည်။ ခုကျတော့ အသက်ရှိုက်ရင်အောင့်တယ် လက်ဖြ
အောင့်တယ်ဆိုတာတွေ မရှိတော့ဘူးလား.. ၊

"ဒူးလည်းနာနေတယ်..လမ်းလျှောက်ရင်လည်း ပေါင်ကမျက်တယ်
လို့ပြောနေသဖြင့် သူနဲ့ရန်ဖြစ်ခဲ့ရတာ ပြန်တွေးမိတော့ စိတ်တိုသွားသည်

"ဒူးတွေပေါင်တွေနာရအောင် ဖြည်းဖြည်းလိမ့်သွားတဲ့ကားပေါ
ခင်ဗျားက ထိုင်ရမထ ဘယ်လိုနာကျင်ကုန်ရတာလဲ..ငါမြင်တာအကောင်
ကြီး...မင်း.."

"မကောင်းတာကို ရှင်ဘယ်မြင်မလဲ..လျော်ရမှာတွေတွေးပြီး တင်
ဂစ်နဲ့တက်နေစာလေ.."

"ဟင်..သား ငါ့သားတကယ်.."

"ဟေ့..မင်းနော်.."

လူကြီးတွေတကယ်ထင်ကုန်ကာ ဒေါသအေးချမ်းမေရှက်လန့်တကြား
ကြီး ထမေးမှ သိုက်ကခေါင်းလေးခါလိုက်ပြီး.. ၊

"အဲ့လာက်ကိုဖြစ်သွားတာအန်တီသား..သိုက်ဘာဖြစ်နေလဲ တင်
ချက်မှမမေးဘူး၊ လာလည်းမကြည့်တော့ဘူး၊ သိုက်ကိုသူများတွေလာတွ
ခေါ်မှ ကားပေါ်ကဆင်းရတယ်သိလား.."

ပြောတတ်လိုက်တာလည်း မင်းသမီးပီသပါဘိ.. ၊ ကားပေါ်ကဆင်း
ဘူး အဲ့ဒီနားမှာပဲ သူနဲ့လာပြီးရန်တွေဖြစ်နေသေးတာ ဘယ်သူလဲ..။
ကလေးလိုသာ ရန်တွေ့တတ်လျှင် ပက်ခနဲမေးလိုက်ရှဲ.. ၊

"မျက်နှာ.."

"ဟင်.."

မန်နေဂျာ ကော်ဖီလာပေးမှ အတွေးစပျက်သည်။ ကော်ဖီခွက်ကိုင်
ကော်နီတာရှေ့မှာထိုင်မိရုံရှိသေးသည်။ ပေါက်ကြီးပေးသည့်သတင်းက..

"ရွှေသိုက် ဘယ်သူနဲ့စကားပြောနေလဲသိလား.."

"ငါ့အလုပ်မဟုတ်ဘူး.."

"မင်းအလုပ်ပဲဟေ့ကောင်..'မင်းသားကြီး'ရုပ်ရှင်က ပရိုဂျူဆာက..
ဟင်.. ၊

ခပ်ဖြည်းဖြည်းကပ်မိသည့် ကော်ဖီခွက်ကနှုတ်ခမ်းဆီဘယ်လိုခုန်
ကပ်ပစ်လိုက်သည်မသိ.. ၊

"အဟမ်း အဟမ်း အဟမ်း.."

ပူလိုက်သည့်ဖြစ်ခြင်း.. ၊

ရှက်ရွက်နှင့်ချောင်းဆိုးသယောင်ပြုရင်း နှုတ်ခမ်းတွေသပ်၍ ဟို
သည့်ဒီလှည့်။ ဒါတောင် 'မလိုရာရှုသည်'ဆိုတာ ဒါမျိုးလားမသိ.. ၊

"လျှောကျက်သွားပြီလား..အဟွန်း ဟွန်း.."

ပေါက်ကြီးကရယ်ကာ ရှက်နေသည့်မျက်နှာကိုပဲ သေချာလိုက်ကြည့်
.. ၊

"မင်းမျက်နှာ ဘာထိထိအော်သံမကြားဘူး..စီးပွားရေးဆိုလို့ကတော့"

"အပိုတွေပြောမနေနဲ့..အဲ့လူဘာလာလုပ်တာလဲဒီကို.."

"အဲ့ဒါကြောင့်မင်းကိုပြောတာပေါ့..သူတို့ကြည့်ရတာ အတော်ရင်းနှီး
ပဲပဲ.."

"မင်းသမီးနဲ့ပရိုဂျူဆာပဲကွ.."

"အဲ့ဒါအရင်ကလေ..အခု အဲ့မင်းသမီးက မင့်ရဲ့မင်းသမီး ဇနီး
ဟောင်း.."

ပြောသာပြောနေရတာ ရဲဆက်ဆိုသည့်တစ်ယောက်က ဟိုအရင်
ဟောင်းက သူ့ကိုမသိမသာပြိုင်ဆိုင်အနိုင့်လုလာခဲ့သည့် ကင်မရာမန်းဖြစ်

သည်။ အဖေကပရိုဂျူဆာသူဌေးဖြစ်ကာ သူ့အဖေဆီမှာ ကိုယ့်ဇာတ်
ဒါရိုက်တာလုပ်ပြီး ဇာတ်လမ်းရိုက်ခွင့်ရဖို့ ကင်မရာမန်းဖြစ်ချင်
မင်းမျက်နှာ အသေအလဲကြိုးစားခဲ့ဖူးသည်။

ထိုစဉ်က ရဲဆက်သည် ကင်မရာမန်းဖြစ်ပေမယ့် ဖအေကိုကူ
ဟုတ်ဘဲ မော်ဒယ်လ်တွေနဲ့သာ ဓာတ်ပုံရိုက်ရင်း အချိန်ကုန်နေခဲ့
လူငယ်ချင်းပေမယ့် သူကြိုးစားနေတာကို မြင်နေရကာ သားဖြစ်သူ
တော့ ကူညီဖော်မရသဖြင့် ပရိုဂျူဆာဦးအောင်မိုးက အမြဲတမ်းနှိုင်းယှ
ကြိမ်းမောင်းခဲ့သည်။

သူနဲ့ရဲဆက်က ရန်သူတွေလိုတော့ သဘောမထားခဲ့ကြပါ။ ဒါ
မယ့် မကျေလည်မှုတွေ များပြားလာခဲ့သည့် ရဲဆက်ကတော့ ဖအေ
တာကို ခံနေရရင်း မင်းမျက်နှာကိုပြိုင်ဆိုင်လာခဲ့တာ သိသိသာသာ။
ပြင် ဖအေရဲ့ရုပ်ရှင်လုပ်ငန်းမှာ ပြန်ဦးစီးရင်း မင်းမျက်နှာနဲ့သူရဲ့ မတူ
သည့်အောင်မြင်မှုကို သိသာစွာ နှိုင်းယှဉ်ထိုးနှက်လာခဲ့၏။ ဘာပဲဖြစ်စ
မင်းမျက်နှာကမကျရှုံးခဲ့သလို ခဏတဖြုတ်ညှိုးငယ်ရခြင်းတွေကို ရင်
ကျော်လွှားပြီး ရှေ့ဆက်နိုင်ခဲ့၏။ ခုချိန်မှာတော့ ရဲဆက်ဆိုတာ သူ့နော
မှာမိုင်တိုင်များစွာ ပြတ်ကျန်ခဲ့တဲ့သူပါ.. ၊

"ငါထင်တယ်..ဒီကောင် မင်းနဲ့ငြိလိမ့်မယ်ကွ.."

"ငြိတော့ ဘယ်သူကဂရုစိုက်မှာမို့လဲ.."

"ငါတို့ကဂရုမစိုက်ပေမယ့် သိုက်နဲ့ဆိုရင်.."

"ဟော့..ရိုက်မယ်၊ အားလုံးပြင်.."

ပေါက်ကြီးပြောနေတုန်း မင်းမျက်နှာကအကျယ်ကြီး အော်လို
သည်။ မယ်မင်းကြီးမ ဘယ်ချောင်ဘယ်ကြားမှာမှန်းတော့မသိ.. ၊

♥♥♥♥♥

အခန်း(၂၂)

စိတ်အတွေးတို့ဟာ မျက်နှာမှာထင်ဟပ်လာခဲ့လျက်.. ၊

ရက်စက်လိုက်တာမောင်ရယ်..မောင်တကယ်ဆို တစ်ခုခုတော့ ပြော
သွားသင့်ပါတယ်..မောင့်စကားကိုပဲ ယုံကြည်ချင်လွန်းလို့ စောင့်နေတဲ့
ငါ.. ၊

"ကဒ်.."

မရမကသွင်းနေရသည့် moodအားလုံး ဖြုတ်ခနဲပျောက်ကွယ်သွား
ခဲ့၏။ မင်းမျက်နှာကလည်း ထိုင်ခုံမှာပက်ခနဲမှီချလိုက်ပြီး စိတ်ပျက်လက်
ငယ်.. ၊

"ဘယ်လိုဖြစ်လို့ မျက်ရည်တွေက ချက်ချင်းကြီးပိုးပိုးပေါက်ပေါက်
ကျလာတာလဲ..တွေးရမယ် ခံစားရမယ် ခံစားရင်းနဲ့တလိုက်လိုက်ပူလောင်
သွားကျင်လာမယ်၊ မျက်ရည်ကအဲ့ဒီတော့မှ တရစ်ရစ် တပေါက်ပေါက် တစ်
ဆင့်ချင်း.."

"ရှင်ပဲမျက်ရည်မကျတော့လည်း မကျလို့.."

"မျက်ရည်ကျရင် ပြီးရောလို့များ ငါပြောထားမိလို့လား..မင်းသရုပ်
ဆောင်တစ်ယောက်လုပ်နေပြီးတော့ မသိတာလား ရွဲ့နေတာလား.."

"ရှင့်အသံပြ်ကြီးကို ကြားချင်လွန်းလို့.."

"တောက်.."

"ဟား ဟား ဟား ဟား.."

ရယ်သံက လှောင်ရယ်သံလိုလို ချဲကျိကျိ.. ၊

ဒါရိုက်တာဒေါပွနေသဖြင့် ရိုက်ကွင်းတစ်ခုလုံး တိတ်ကျသွားသည်။ ရယ်သံကြောင့် အားလုံးလှည့်ကြည့်မိကြသည်။ ကြောင်ကြောင်ကျားကျား တီရှပ်အပြာရင့်နှင့် ရဲဆက်က မင်းသားရှုံးအောင် ရှင်းသန့်ချောမွေ့နေ့ကာ.. ၊

"ဒီရိုက်ကွင်းမှာ ဒီလိုပဲဆိုလို့ မယုံလို့လာကြည့်တာ..ဟား ဟား ဟား.."

ရယ်ရင်း ခေါင်းတခါခါနှင့်.. ၊

"မလွယ်ဘူး.."

ပြောပုံက ဒီနေရာမှာ သူကပြောရေးဆိုခွင့်ရှိနေတဲ့လူလိုလို။ မင်းမျက်နှာရှေ့ကို ရဲရဲတင်းတင်းလျှောက်သွားပုံကလည်း ဘယ်လောက်ထိ ရင်းနှီးကြသလိုလို.. ၊

"မင်းကလည်း ဒေါသနည်းနည်းလျှော့လေကွာ..ရွှေသိုက်က မင်းဒီလောက် ဆူငေါက်နေရအောင် ဝါသနာရှင်ပေါက်စလေးမှ မဟုတ်တာ ပြောရရင် မင်းနဲ့ပတ်သက်မှုရှိလို့ ဦးစားပေးခဲ့တာ..ငါသူ့ကိုမရမကရက်ချိတ်ခဲ့တာ သူမပြောပြဘူးလား.."

"သူ့ရဲ့အောက်ဒိုး အင်ဒိုးတွေငါစိတ်မဝင်စားပါဘူး..အခု စိတ်ဝင်စားဖို့ကောင်းနေတာကမင်း.."

"ငါ.."

"ဟုတ်တယ်.."

မင်းမျက်နှာက နေရာမှထရပ်လိုက်လျှင် ခေါင်းတစ်လုံးနီးပါးကျော နေသည့် ရဲဆက်က ခပ်မိန့်မိန့်လက်ပိုက်ပြီး ပြုံး၏။

"ပြောပါဦး..ငါကဘာတွေစိတ်ဝင်စားဖို့ကောင်းနေသလဲ.."

"အန်ကယ်လ်ဦးအောင်မိုးရဲ့သားဆိုတော့ အန်ကယ့်လ်လိုမဟုတ်ရင်တောင် နည်းနည်းပါးပါး စည်းရှိမယ်ထင်တာ.."

ရဲဆက်မျက်နှာ ကွက်ခနဲပျက်သွားသည်။

"အခုမင်းရောက်လာရတဲ့အကြောင်းရင်းရော သိလို့ရမလား.."

ကိုယ့်ဆီအလည်လာရလောက်အောင် ခင်မင်ရင်းနှီးခဲ့တာမဟုတ်။ ဒါကြောင့် တည့်တည့်မေးလိုက်တာဖြစ်သည်။ သူကလည်း ခပ်ကြိတ်ကြိတ်ပြုံးကာ.. ၊

"သိုက်ဆီလာတာ.."

မင်းမျက်နှာလှည့်ကြည့်လိုက်တော့ သိုက်ကခေါင်းညိတ်ကာ.. ၊

"ဒီကပြီးရင် သူတို့ရိုက်ကွင်းလိုက်သွားမလို့လေ..ဒီနားလေးတင်.."

"ဒီနားလေးတင်ဖြစ်ဖြစ် ဒီမှာပဲဖြစ်ဖြစ် ဒီကအလုပ်မပြီးဘဲ မင်းသမီးတယ်ကိုမှသွားလို့မရဘူး.."

ပြောပြီး လက်တစ်ချက်ပြ၍.. ၊

"ပြန်စမယ်..ရယ်ဒီ.."

ရဲဆက်မျက်မှောင်ကုတ်လျက် နောက်ဆုတ်ရပ်လိုက်၏။ သူ့စိတ်ထဲကအမှတ်တမဲ့အားလုံးဟာ အမှတ်တရတွေဖြစ်လာခဲ့ရတာများပြီမို့ ရင်ထဲမှာခံရခက်နေသည်။ လူကပုပု အသံကိုက ဟိန်းဟောက်နိုင်စွမ်းသည့်အသံမျိုး။ လာသေးသည် 'ဒါမှဒါရိုက်တာအသံမျိုး'ဆိုတာ။ ဖေဖေ့ပါးစပ်ထဲမှာ သူ့ကိုဘာခိုင်းခိုင်း မင်းမျက်နှာနာမည်မပါဘူးဆိုတာ တစ်ခါမှမရှိ..၊

"မင်းကိုယ်တိုင်မင်းသားလုပ်နေလို့ ဒါရိုက်တာမဖြစ်တာပဲ..ကင်မရာမန်းလုပ်မှာလား၊ လုပ်မယ်ဆိုဖြစ်အောင်လုပ်..ဒါရိုက်တာဖြစ်ချင်တာလား မင်းဘာဖြစ်ချင်မှန်းကို ငါမသိတော့ဘူး..တစ်နေ့တစ်နေ့အကောင်းဆုံးတွေ ဝတ်စားပြင်ဆင်မယ်၊ တစ်ကိုယ်လုံးရေမွှေးစုံအောင် ဆွတ်ဖျန်းပြီးဆွက်မယ်..ငါမြင်တာတော့ဒါပဲ.."တဲ့.. ၊

သားတစ်ယောက်လုံးကို အဲ့လောက်ထိအထင်တကြီးရှိတဲ့အဖေ.. ၊

"အခု သံလျင်မှာသူတို့ကားကြီးရိုက်နေကြတယ်..မင်းပညာရချင်သွားလေ့လာ.."ဆိုတာကိုတော့ သည်းမခံနိုင်ခဲ့ပေ။ ထို့ကြောင့် ရိုက်လက်စဲတဲကားကို location ပြောင်း၍ သံလျင်ထိလိုက်လာခဲ့တာဖြစ်သည်။ ထိုကိုယ်ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ကိုယ်ပဲဒါရိုက်တာ.. ၊

"ကိုရဲက ဒါရိုက်တာတကယ်လုပ်နေတာလား.."

နှစ်ယောက်အပြင်မှာတွေ့ဖြစ်တာနှင့် သိုက်ကတအံ့တသြ.. ၊

"နိုင်ငံခြားထွက်သွားတယ်ဆိုတာ ဒါရိုက်တာသင်တန်းသွားတက်

တာလား.."

"ဟွန်း.."

အမေးခံလိုက်ရတော့ ရင်ထဲမှာတော်တော်ချဉ်သွားမိကာ.. ၊

"ဘယ်သင်တန်းမှသွားတက်ဖို့ မလိုပါဘူးသိုက်ရယ်..ကိုရီးယားသွား
တာ ကိုယ့်အတွက်အပန်းဖြေပါ.."

"ဒါနဲ့.."

"ကိုယ်တို့ကမျိုးရိုးစဉ်ဆက် ရုပ်ရှင်ဝပ်ငန်းလုပ်ခဲ့ကြတာ..အားလုံး
ကမျက်စိရည်နားရေ ဝပြီးသား၊ ဘာမှမရှိ ဘာမှမသိခဲ့တဲ့ မင်းမျက်နှာလို
ကောင်တောင် ဒါရိုက်တာလုပ်နေသေးတာ.."

မရှိခဲ့တာတော့ ဟုတ်လိမ့်မည်။ မသိခဲ့ဘူးဆိုတာတော့ သိုက်မယ်
နိုင်ပါ။ မင်းမျက်နှာက ဇာတ်ညွှန်းရေးနိုင်သည်။ ကင်မရာဂရုဗ်မှာ ခေါင်း
ဆောင်လုပ်ခဲ့သေးသည်။ ဒါရိုက်တာဆိုတာလည်း သင်တန်းတွေတက်ခဲ့
တာရော ဘယ်လိုလေ့လာလိုက်စားခဲ့တာအပြင် အနုပညာလောကကို
ဘယ်အရွယ်တည်းက ပါဝင်ကျင်လည်ခဲ့တာကအစ အန်တီအေးက
စကားစပ်မိတိုင်း ပြောပြနေတတ်တာမို့ သိနေခဲ့သည်။

"ဒီကောင်လူပုသလောက် အကြွားသန်တာ မင်းသိလာမှာပါ.."

ရဲဆက်က ဆက်ပြောနေသည်။ သိုက်ကဖြစ်နိုင်မဖြစ်နိုင်တွေး
နေခဲ့၏။ မင်းမျက်နှာဆိုသူကို အမှန်တွေးပေးနေချင်လို့တော့ မဟုတ်ပေ
မယ့် ယောကျ်ားတစ်ယောက်က တခြားတစ်ယောက်ရဲ့ကွယ်ရာမှာ ကျက
နနကြီး အတင်းတုပ်နေတာတော့ ဘဝင်မကျချင်။ ဒါပေမယ့် သူမဘာ
တစ်ခွန်းမှ ဝင်မပြောခဲ့ပေ။ မင်းမျက်နှာအပေါ် အစာမကျေခြင်းတွေအ
တွက် အောင်ရဲကျော်လိုလူတစ်ယောက်တော့ အားကိုးရှိထားဖို့ လိုသည်
မို့.. ၊

"ကိုရဲနဲ့မင်းမျက်နှာက သူငယ်ချင်းတွေလား.."

"ဟား..သိုက်ရာ.."

ရဲဆက်သည် စိတ်ပျက်လက်ပျက်ရှုံ့မဲ့သွားကာ.. ၊

"သူကကိုယ့်အဖေဆီမှာ ဇာတ်ညွှန်းလေးလာပြ အလုပ်လာတောင်း
နဲ့..တကယ်ကိုတတ်လည်းတတ်နိုင်တဲ့ကောင်.."

"ဘာကိုလဲဟင်.."

"ဟိုတုန်းက စုတ်ပြတ်သပ်နေတဲ့ မင်းမျက်နှာက အခုသူ့ကိုယ်သူ
ဆရာကြီးအထာနဲ့ တင်းချိတ်နေတာလေ.."

"မာန်တက်နေတာပေါ့ကိုရဲရဲ့..သူကအောင်မြင်နေတာကိုး.."

"အောင်မြင်တာက သူတော်လို့မှမဟုတ်တာ..တစ်ပြားကိုနှစ်ပြားရ
အောင်ခွာပြီး ကုပ်ခြစ်ယူထားတာတွေလေ၊ ဒီကောင်ကုပ်ကပ်စီးပိုးတာ
မည်ကျော်ပဲ.."

ရေခဲမုန့်တွေရှေ့မှာထားပြီး ရဲဆက်ပူလောင်နေတာကို သိုက်ရယ်
ချင်လာမိသည်။ သူမမော်ဒယ်လ်ဖြစ်စတုန်းက ထိုယောကျ်ားနဲ့သူမ
ချင်သူဖြစ်လိုက်သေးသည်။ ပြီးတော့ စကားပြောတာခပ်ကြောကြောမို့
ကိုယ်ကလည်း ကျောခိုင်းလိုက်သည်။ သူကလည်းဂရုမစိုက်။ ပြတ်တယ်
ဆိုလည်းမဟုတ် မပြတ်တာလည်းမဟုတ်ဘဲ ရည်းစားသက်တမ်းနှစ်လ
လောက်မှာ ပြီးပျောက်သွားခဲ့ကြ၏။ ထိုသူဟာ သူမရဲ ရည်းစားဦးဖြစ်သ
ည် နောက်ဆုံးလည်းဖြစ်ခဲ့လေသည်။ အဘယ့်ကြောင့်ဆိုသော် သူမ
နောက်ထပ်ရည်းစားရယ်လို့ တွဲတာချိန်းတာဘာမှမရှိခဲ့တော့ဘဲ ကိုယ့်ကို
ပရိုပ်စ်လုပ်ကြတာတွေကိုလည်း စိတ်မဝင်စားတော့ပေ.. ၊

မသိရင် အသည်းကွဲဖူးလို့ကြောက်လန့်သွားတာလိုလို ထင်စရာဖြစ်
လိမ့်မယ်။ သူမဒီလောက်လည်း မခံစားခဲ့ရပါ။ ရဲဆက်ကို ပရိုဂျူဆာ
မို့အထင်ကြီးခဲ့တာလည်းဖြစ်ကာ ပွေရှုပ်မှန်းသိလာသဖြင့် စိတ်ပျက်
လာမိတာလည်းပါ၏။ သူကတော့ ကိုယ့်ကိုရုပ်ရှင်ရှူးလေးဆိုပြီး သူ့ကိုအ
ထင်တကြီးရှိနေမှန်းလည်း သိနေလိမ့်မည်။ ဘာပဲဖြစ်ဖြစ် ယောကျ်ား
တစ်ယောက်ရဲ့မျက်လုံးထဲမှာ နူးညံ့ကြင်နာခြင်းတွေအစား ရယ်မြူးရိပ်
တွေချည်း လှိုင်လှိုင်ဖြစ်နေပြီဆို ဒါကရမ္မက်ဆန်တာလို့ပဲ သူမယူဆသည်။
ကိုယ်ကရုပ်ရှင်ရှူးတာဖြစ်ချင်ဖြစ်မည်။ လူကတော့မရှူးသေးပေ။ ခု ပြန်
တွေ့ကြတော့ ကိုယ်ကလည်းမင်းသမီး သူကလည်းကိုယ်တိုင်ဒါရိုက်တာ
လုပ်နေပြီဆိုသောကြောင့်.. ၊

"ခဏလေးကိုရဲ.."

ဆိုင်ထိုင်နေကြတုန်း အန်တီလေးဆီကဖုန်းဝင်လာလျှင်.. ၊

"ဟလို..အန်တီလေး.."

"ရှုတင်မပြီးသေးဘဲ ပြန်သွားတာဆို..အခုဘယ်မှာလဲ.."

"ဟာ..သူ့ကိုပြောခဲ့တာပဲဟာ.."

"ဟိုနားဒီနားသွားမယ်မှတ်လို့တဲ့..အိမ်ပြန်ရောက်နေတာလားလို့ မေးနေတယ်.."

"အဲ့လူရူးနေပြီလားမသိဘူး...သူ့ရှေ့တင် တိုးတိုးပစ္စည်းသိမ်းနေတာ မြင်သားနဲ့.."

"မင်းတို့တွေသူ့ကိုအဲ့လောက်ကြောက်နေရတာလား.."

ဖုန်းပြောပြီးတာနှင့် ရဲဆက်က တန်းမေးသည်။

"စေ့စပ်ထားတာရော လူကြီးချင်းစေ့စပ်တာပဲမို့လား.."

"အင်းလေ..သူနဲ့သိုက်တည့်မှမတည့်တာ.."

"မစေ့စပ်ခင်တည်းကလား.."

"မဟုတ်ပါဘူး..အစကသေချာတောင် မဆုံးဖူးခဲ့ဘူး၊ ဘာဖြစ်လို့မှ မသိဘူး..စကားပြောမိတာနဲ့ မတည့်တာတွေပဲ ပြောမိကြတယ်.."

"ဘယ်လိုလုပ်တည့်မှာလဲကွာ.."

ရဲဆက်က ခပ်မိန့်မိန့်ပြုံးပြီး စီးကရက်ထုတ်သောက်သည်။ ပြီးတော့

"ရေခဲမုန့်တွေပျော်ကုန်လိမ့်မယ်..စားလေ ကိုယ်ကမကြိုက်ဘူး.."

"မကြိုက်ဘဲနဲ့မှာရလား၊ကိုရဲရယ်..နှမျောစရာကြီး.."

"အဟွန်း.."

သူရယ်လိုက်မှ သိုက်သဘောပေါက်သွားကာ မလုံမလဲပြုံးလိုက်ရင်း.. ၊

"ရေခဲမုန့်ကို နှမျောတယ်ပြောတာပါကိုရဲကလည်း.."

"မသိပါဘူး..ခုမှစေ့စပ်ထားရုံရှိသေးတယ်၊ ဓာတ်ကူးကုန်ပြီလားလို့ သူ့ဘာသာထင်တာတွေပြောပြီး ရယ်နေ၏။ စကားပြောနေရင်း နာရီကြည့်ကာ 'ခဏလေး'ဆိုပြီး ဖုန်းခေါ်ပြန်၏။

"စိမ်းရင့်..အဟွန်း ကိုယ်နာရီဝက်လောက်နောက်ကျမယ်နော်၊ အဲ့ကြာချင်လည်းကြာမယ်.."

"....."

"စိတ်ချ..ကြိုက်တာလက်ညှိုးထိုးလို့ရတယ်.."

"....."

"အိုခေ..အိုခေ.."

ဖုန်းပြန်ထည့်လိုက်ပြီး သိုက်ကိုကြည့်၍.. ၊

"နိုင်ငံကျော်ရုပ်ရှင်မင်းသမီးနဲ့ လက်ဆုံစားနေရတဲ့အချိန်လေးကို ဘယ်အပျော်က်ခံလို့ဖြစ်မလဲနော်..အဟွန်း.."

"ကိုရဲကလည်း ချိန်းထားတယ်ဆိုလည်းမပြောဘူး..သွားစရာရှိရင်းလေ.."

"ချိန်းထားပေမယ့် အရေးမကြီးပါဘူး..သိုက်တောင်အန်တီအဆူခံကိုယ့်ဆီမှာနေနေတာကို.."

သိုက်ကရေခဲမုန့်စားရင်း မျက်လွှာပင့်ကြည့်သည်။ ရဲဆက်ကကြည့်နေရင်း.. ၊

"သိုက်ကအရမ်းလှတာပဲ..ကိုယ်တို့မတွေ့ဖြစ်တာ ဘယ်နှစ်နှစ်လဲမသိဘူး၊ ဒါပေမယ့် သိပ်မကြာသေးသလိုပဲ..သိုက်ကတော့ အရမ်းပြောင်းသွားတာ.."

"သိုက်ကတော့ ဘာမှမပြောင်းလဲနိုင်သေးဘူးထင်တာပဲ.."

ကိုယ်ပြောတာက ကိုယ့်အတွေးနဲ့ကိုယ်ပါ။ ကိုယ့်ရဲ့အနုပညာဟာ ဒီအခြေအနေမှာပဲ ရပ်တန့်ပြီးဆုံးသွားဖို့မဟုတ်ပေ။ ခုတော့ သူမ ရှေ့မဆက်နိုင်ဘဲရှိနေခဲ့လျက်.. ၊

"သိုက်မှာဘယ်လိုလိုအပ်ချက်တွေ ရှိနေလဲဆိုတာ အမြဲတမ်းရှာနေမိသေး..ကိုယ်ကပြင်ဆင်ကြိုးစားချင်ပေမယ့် ဘာမှလည်းမထူးခြားဘူး၊ ငါတလေ ငါကမာန်တက်နေမိတာလားလို့ တွေးမိပြန်တယ်.."

"အဲ့လိုတော့မဟုတ်ပေမယ့် လာချိတ်တဲ့ကားတိုင်းကို လက်မခံဘူးဆိုတော့ အမှန်ပဲမို့လား.."

"အဲ့ဒါကမာန်တက်တာမှ မဟုတ်ဘဲကိုရဲရယ်..ကိုယ်လုပ်ကွက်မရတဲ့ကားတွေ အများကြီးရှိက်နေရမယ်၊ မိန်းအက်တာဟုတ်သလားဆိုလည်း မဟုတ်ဘူး...ဒီလိုဇာတ်မျိုးတွေကို ငြင်းလိုက်လို့ ကားတိုင်းမပါရတဲ့အတွက်တော့ နောင်တမရဘူး.."

"မာန်မဟုတ်ပေမယ့် အဲ့ဒါမာနပဲပေါ့.."

သိုက်ကပြုံးလိုက်ပြီး ခေါင်းခါသည်။

"သိုက်ကအနုပညာရှင်..ကိုရဲကစီးပွားရေးသမား သိုက်ပြောနေတာ ကိုရဲနားမလည်ပါဘူး.."

"ခက်ပြီ.."

"မခက်ပါဘူး..ကိုရဲတို့နားလည်ထားတဲ့ မာန်မာနနဲ့ သိုက်တို့သတ်
မှတ်ထားတဲ့မာန်မာန လုံးဝမတူဘူး.."

"တူတာမတူတာတွေလည်း သိပ်စိတ်မဝင်စားပါဘူး..အဲ့ဒါကိုတော့
ဝန်ခံတယ်၊ ဒါပေမယ့် ကိုယ်ကသိုက်ကို မာန်တက်နေတယ်လို့ စွပ်စွဲ
တာမဟုတ်ဘူးနော်..ကိုယ်ချစ်နေတဲ့ မိန်းကလေးတစ်ယောက်ကို မတည်
ရာမတည်ကြောင်း ကိုယ်ကဘာလို့ပြောရမှာလဲ.."

သူစကားသူ ကျေနပ်အားရသွားသည့်အပြုံးမျိုးနှင့် စိုက်ကြည့်ရင်း..

"မင်းဘာလုပ်လုပ် ဘယ်လိုနေနေ ကိုယ့်မျက်စိထဲမှာ အားလုံးမျှတ
လှပနေတာပဲ.."

သိုက်ကပြုံးပြီး မျက်နှာလွှဲပစ်သည်။ ဒီစကားမျိုးတွေ ဟိုအရင်က
ကြားရရင်တော့ ကျေနပ်ပျော်ရွှင်နေမိမလားပဲ..ခုချိန်မှာတော့.. ၊

♥♥♥♥♥

"ခုချိန်မှာလည်း သူကရွှေမင်းသား..နင်ကစင်ဒရဲလားပါပဲသိုက်ရယ်၊
သစ်စဝါဒနာရှင်လေး မဟုတ်တော့ပေမယ့် တော့်ပတမ်းနဲ့ဝင်နေတဲ့
သမီးလည်း.."

"ဒါတော့ ငါတို့ရွှေသိုက်ကို နင်သိပ်အထင်စမောလ်နေပြီပန်းစကား..
ကလည်း တော့်ပတမ်းနဲ့မှာဖိုက်လောက်တော့ ဝင်နေတဲ့မင်းသမီးပဲ..
ပြည်က တော့်ပတမ်းနဲ့ဝင်တဲ့ အနုပညာရှင်တွေ လိုင်းပေါ်မှာတင်
တာကို မကြည့်နဲ့..အဲ့ဒါတွေက ကိုယ်ချစ်တဲ့အနုပညာရှင် ကိုယ်ချ
နေကြတာ၊ သိုက်ကိုတစ်နိုင်ငံလုံး မသိတဲ့ပရိသတ်မရှိဘူး..မကြိုက်
မရှိဘူး.."

"အေးပါဟာ..ငါကလည်း သိမ်းပြောမိတာပါ၊ သိပါတယ်..ပြောချင်
ခုမှပြန်လှည့်လာတယ်ဆိုပေမယ့် ရဲဆက်ကတကယ့်စူပါပဲ"

"ဘာစူပါပဲ..ကလပ်တက်တာ စူပါလား.."

"ဒါကတော့ သူ့အဆင့်အတန်းပဲလေဟာ..အစတည်းက သူကဒီလို
သတဲ့လူစားမျိုး.."

ပန်းစကားပြောတော့ သိုက်ကပြုံးလိုက်ကာ.. ၊

"ဟုတ်တယ်..ခုထိအရင်တုန်းက အတိုင်းပဲ.."

"ဘာလဲ.."

"ချောတယ်..ကြည့်လိုက်ရင် သူ့ရဲ့တောက်ပမှုက မိုန်ဖျော့နေ
တစ်ခါမှမရှိဘူး.."

"ဝတ်နိုင်စားနိုင်ရင် ဒီလိုပါပဲ.."

ဖြူလေးက အားမပေးတဲ့သူပါ။ ပန်းစကားတို့ကတော့ မင်းမျက်
နဲ့သိုက်တို့ စေ့စပ်ထားပေမယ့် မင်းမျက်နှာကိုကြည့်မရတဲ့ဘက်က
သည်။ သိုက်ကနိုင်ငံကျော်ဖြစ်ချင်နေတာကြောင့် သူနဲ့စေ့စပ်ချင်နေ
မျိုးမှန်း သိထားတော့ပိုဆိုးသည်။ မင်းမျက်နှာဆိုတဲ့လူကလည်း ဒါ
သိလို့ သိုက်ကိုကျောမောနေတာ မဟုတ်ဘူးလား...။ ပြောရရင် သူ
ပရိဂ္ဂူဆာဆိုတဲ့ ဂုဏ်ပဲရှိတာ။ သိုက်နဲ့ဆို မင်းသမီးနဲ့အညတြ.. ၊

"ငါကတော့ရှင်းရှင်းပဲ..သူတို့ကစေ့စပ်ထားရုံပဲရှိသေးတာ၊ အ
ချင်းလည်း ချစ်ကြတာမဟုတ်ဘူး...ကိုယ့်အတွက် ပိုအဆင်ပြေမယ်ထင်
ပြောင်းလဲခွင့်ရှိသေးတယ်.."

"ပန်းစကားရယ်..အဲ့ဒီလူဘယ်လောက်ရှုပ်တာ မသိတာကျနေတာ

"ရှုပ်တဲ့လူတွေလည်း စွဲလမ်းတတ်ပါတယ်ဟာ..သိုက်က
ထက်ပိုလှတယ်၊ နာမည်လည်းပိုကြီးနေပြီ..ပြီးတော့ စေ့စပ်ထားတဲ့လူ
တယ်လေ၊ လွတ်တဲ့ငါးပိုကြီးတယ်ဆိုတာ မကြားဖူးဘူးလား...သူမ
နောက်ပါသွားကာမှ ဖျတ်ဖျတ်လူးထချစ်ကြတာတွေမှ အများကြီး..

"ကဲပါ..တော်ကြပါတော့၊ ငါ့ကိုင်တုတ်ထားပြီး ဘယ်သူသာသ
ရွေးချယ်နေကြတာလား.."

တားလိုက်ကာမှ ပန်းစကားနဲ့ဖြူလေးက မျက်စောင်းပြိုင်တူရွယ်
မဲ့ကာ.. ၊

"ယောကျ်ားပဲ ချောမောကြွရွနေဖို့ မလိုပါဘူး.."

"နှမျောတွန့်တိုရတဲ့အထဲ ပုတိုနေတဲ့ယောကျ်ားမျိုးရော ဘာလုပ်ရ
လဲ.."

"ဘာလုပ်ရမှာလဲဆိုတာ လက်ထပ်ပြီးရင်သိမှာပေါ့.."

"ဘာ.."

"အဲ.."

"ဟား ဟား ဟား ဟား.."

နှတ်ခမ်းကိုပိတ်လိုက်ပေမယ့် သိုက်ရဲ့ရယ်သံကအကျယ်ကြီးထ
၏။ အိမ်ရှေ့ဒန်းပေါ်မှာမို့သာ။ မဟုတ်ရင် အန်တီလေးထွက်လာ
တော့မှာ သေချာ၏။

"မဟုတ်ပါဘူး...ငါပြောတာက လက်ထပ်ပြီးရင် တစ်ယောက်သ
တစ်ယောက်သိလာကြမှာပဲလေ..မင်းမျက်နှာ နှမျောတတ်တော့
တောင်သိမ်းဆည်းစုဆောင်းရတာ သက်သာသေးတယ်..ပွေရွပ်နေ
ယောကျ်ားထက် ပုတိုနေတာဘာဖြစ်လဲ.."

"ရှင်မခုန်ဘူးပေါ့..ရှင်ခုန်သဲအမြဲတမ်းမြန်နေမှ အိမ်ထောင်ရေးမြဲတာ၊
ငါ့ရင် အိမ်ထောင်ရေးကြာကြာမမြဲဘူး.."

"နှလုံးရောဂါသည်တောင် အမြဲတမ်းရင်ခုန်သံမြန်မနေဘူး.."

"ကဲ..တော်ပါတော့ဆိုမှ.."

"ငါတော့ပွေတဲ့လူဆို အရမ်းမုန်းပဲ.."

"ငါကတော့ ကိုရဲကိုပိုသဘောကျတယ်.."

"ဘာ.."

သိုက်ရဲ့ခံစားချက်ကို ကြားလိုက်တော့ ဖြူလေးမျက်လုံးပြူးနှင့်
ကြည့်သည်။ ပြီးတော့.. ၊

"ကိုယ့်ကိုဂရုမစိုက်ခဲ့တဲ့လူကိုများ သိုက်ရယ်..နင်ဒီဘဝရောက်အောင်
က ဘာတွေများထောက်ပံ့ကူညီခဲ့တာရှိလို့လဲ.."

"သိုက်ကလည်း အဲ့လိုအကူအညီကိုမယူခဲ့လို့ပါဖြူလေးရယ်..ရဲဆက်
ဘဲ့ မော်ဒယ်လ်တွေအကုန်လုံး သတင်းကြီးကုန်တာချည်းပဲ၊ အဲ့လို
သိုက်ဖြစ်ခဲ့ရင် ခုလိုနာမည်အစွန်းအထင်းမရှိခဲ့တဲ့ မင်းသမီးဆိုပြီး
ယုံကသရေအပြည့်နဲ့ ရပ်တည်လို့ရမလား.."

ဖြူလေးပြောတော့ သိုက်ကသက်ပြင်းချသည်။ သူမကိုယ်က အမြင့်
ကာထင်ပါသည်။ ပိုပိုပြီးကောင်းမွန်မြင့်မားတာကိုမှ မျှော်ကြည့်မိ
သည်။ အန်တီလေးကိုယ်တိုင်က ဝါသနာပါတာကို မတားသလို
ကိုဇော်တိုင်လည်း အောင်မြင်စေချင်သည်။ ဒါပေမယ့် ကိုယ်ကြိုးစား
သည့်အတိုင်းအတာထက် သာလွန်တောင့်တခြင်းမျိုးတော့ စကား
ဘောင်အဟမခံခဲ့ပေ.. ၊

"မိန်းကလေးတွေက ဆင်းရဲရင်ပျက်စီးတတ်တယ်..ယောက်ျား
ကျတော့ ချမ်းသာတဲ့ဒဏ်ကို မခံနိုင်ကြဘူးတဲ့၊ ဒါကိုသိထားကာမှ
ဘာဖြစ်လို့ကိုယ့်ကိုယ်ကို နစ်မွန်းခံရမှာလဲ..ကိုယ့်မှာရှိတာထက်ပိုပြီး
ချင်စားချင်လှချင်လာတဲ့စိတ်ကို ထိန်းရမယ်၊ ဂုဏ်သိက္ခာမရှိတဲ့မိန်း
ဝတ်လစ်စလစ်နေတာနဲ့ အတူတူပဲ.."

ကြုံလာတိုင်း ဆုံးမစကားရှည်ကြီးတွေ ပြောတတ်သည်။

"ငါးစာကိုမြင်ပြီး ငါးမြားချိတ်ကို မမြင်တာကငါးပဲ..မိန်းမတွေ
ငါးတွေမှမဟုတ်တာ၊ မိမိကိုယ်ကိုကာကွယ်ဖို့ ယောက်ျားတွေအကြေ
သိနေဖို့လည်း မလိုဘူး..မိန်းမဟာ မိန်းမပီပီသသ ကိုယ့်ဂုဏ်သိက္ခာ
ထိန်းသိမ်းထားနိုင်ရင် ရပြီ.."တဲ့.. ၊

"အောင်မလေး ဘာတွေခွဲခြမ်းစိတ်ဖြာနေတာလဲသိုက်ရယ်..
တော်ပဲရွေးရခက်နေလို့လား၊ မပြောလိုက်ချင်ဘူး.."

ဖြူလေးက အားမလိုအားမရပြောတော့ တွေးနေတာတွေ ပေ
ကွယ်ကုန်ရကာ.. ၊

"ရွေးချယ်နေတာမဟုတ်ဘူးဟ..ငါကနှစ်ယောက်စလုံးကို.."

"ဘာ..နင်ကမင်းမျက်နှာဂျပုကို ရဲဆက်နဲ့ယှဉ်ရွေးနေတယ်.."

"အောင်မယ်..ယှဉ်တောင်မရွေးရအောင် ရဲဆက်ကဘယ်လို အ
အချင်းကောင်းတွေနဲ့ ပြည့်စုံနေလို့လဲ..ငါလေ မပြောချင်တော့ဘူး၊ နှ
နှစ်ယောက်လောက် အလှအပကြိုက်တာမရှိဘူး.."

"နင်ရောမရှိလို့လား..အမြဲတမ်းအလှပြင်နေချင်လို့ မင်းသမီးဖြ
တာ၊ အရုံဖြစ်ဖြစ် စပို့တင်းဖြစ်ဖြစ်ဆိုတာ ဘယ်သူပြောတာလဲ.."

"ငါပြောတာလေ..ငါကငါ့ကိုယ်ငါပဲလှချင်တာ၊ သူများလှတ
လိုက်မော့နေတာ ဝါသနာမပါဘူး.."

"တို့ကတော့ပါမှပါ.."

နှစ်ယောက်ကိုကြည့်ပြီး သိုက်မျက်နှာလေးမဲ့၍ ဆံပင်တွေသ
ပြီးတော့ ဖြူလေးလက်ကိုဖယ်၍ ဒန်းပေါ်မှာနေရာချဲ့ကာ.. ၊

"ငါကတော့ အဲ့လောက်မဟုတ်ပါဘူး..ဒါပေမယ့် အဟွန်..ကို
ပြီး မင်းမျက်နှာကိုလက်ဖွာပြီး မိန်းမတစ်ယောက်အပေါ် ညှာတာနှ
မှန်း သိစေချင်တယ်.."

"နူးညံ့တတ်မှာပေါ့..အဲ့လိုလူတွေက မိန်းမတို့သဘောနောကျေနေတဲ့
ဘားတွေလေ.."

"မိန်းမဆိုစိတ်မဝင်စားတဲ့လူတွေလည်း တော်တော်များများကိုကြည့်
ရင် မိန်းမလိုမိန်းမရ လူစီးလူကပ် စိတ်ဓာတ်အောက်.."

"လူတိုင်းမကောင်းသလို လူတိုင်းဆိုးမနေပါဘူးဟယ်.."

"ယောက်ျားမှန်ရင် နှာဘူးနဲ့ဂန်ဒူးနှစ်မျိုးပဲရှိတယ်တဲ့.."

"ဘယ်သူပြောတာလဲအဲ့ဒါ..အလကား နှာဘူးတဲ့လူက နှာဘူးတွေကို
ကာကွယ်ပြီးပြောတာ၊ ဂန်ဒူးလည်းဂန်ဒူးချင်းကာကွယ်တာပဲ..လူ့အ
ကြောင်းပေါင်းတာတောင် မသိလို့ ငါ့အစ်မဝမ်းကွဲဆိုရင် ကလေးသုံး
ယောက်ရမှ လင်မယားကွဲသွားတာလေ.."

"ဒါကတော့.."

"ယောက်ျားနှစ်မျိုးနှစ်စားပဲရှိတယ်ဆိုရင် အများကြီးရွေးဖယ်နေဖို့
မလိုတာ..လွယ်လွယ်လေး ခေါင်းခေါက်ရွေးလို့ မရနိုင်ဘူးလား.."

"ခေါင်းခေါက်ခံတဲ့ယောက်ျားတွေလည်း မလိုချင်ပါဘူး..နော့ သိုက်
တတ်တယ်မို့လား.."

"ခစ်..ခစ် ခစ်.."

"ဟား ဟား ဟား .."

နှစ်ယောက်ဝိုင်းရယ်တော့ ဖြူလေးစိတ်တိုသွားကာ.. ၊

"မယ်ရွရွစိန်..အဲ့ဒါမျိုးကျ စကားတတ်လိုက်တာ၊ တစ်ခွန်းမှနောက်
ကုမခံဘူး.."

"နင်ကလည်းချက်ချင်းကြီး ဒီဂျပုမှဂျပုဖြစ်သွားတာလေ.."

သိုက်က ဒန်းပေါ်ကနေ ထရပ်လိုက်ကာ သူမတို့နဲ့ခပ်လှမ်းလှမ်းထိ
လျှောက်သွားကာ.. ၊

"ငါကတော့ ခုနပြောသလိုပဲ မင်းမျက်နှာကပ်စီးနဲ့နေတာကြီးကို မ
ကြိုက်ပေမယ့် ကိုရဲအရမ်းလိုက်လျောတာကိုလည်း မကြိုက်ဘူး..အဲ့ဒီနှစ်
ယောက်မှာ တော်တဲ့အချက် ကောင်းတဲ့အချက်လေးတွေ မျှနေရင် ဘယ်
လောက်ကောင်းမလဲပဲ တွေးကြည့်မိတယ်..နင်တို့ပဲစဉ်းစားကြည့်လေ၊
မင်းမျက်နှာကို ငါလက်ထပ်ရမှာပဲဆိုရင်.."

"မထပ်နဲ့.."

"ဘာတွေခုမှ ကန့်ကွက်နေတာလဲပန်းစကား..မနေ့တစ်နေ့ကပဲ ငါ
တို့အားပါးတရ မြောက်ပေးခဲ့တာနော်၊ ချောင်းကြည့်ခဲ့ကြတာလည်း ထ
တောင် ကွာကျခဲ့သေးတယ်.."

"ဒါကတော့ မမြင်ဘူးလို့ ကြည့်မိရင်း အမှတ်တမဲ့လေ.."

"ဘာပဲဖြစ်ဖြစ် မင်းမျက်နှာက အရပ်လေးနည်းနည်းပုတာကလွဲ
ရုပ်ဆိုးတာမှမဟုတ်တာ..သေချာကြည်ရင် မျက်ခုံးထူထူ မျက်တောင်နက်
နက် ထူထူလေးတွေနဲ့.."

"သူသေချာကြည့်ထားတာ သူ့ကိုလွှဲပေးလိုက်သိုက်.."

"အောင်မယ်လေး..အဲ့လိုရတတ်လို့ကတော့ ယူပြီးသားပဲ၊ ဟိုကသ
ကြိုက်လိုက်စမ်းပါ.."

"မင်းမျက်နှာလား..ဟွန်း အထူအပါးနားလည်မယ့်ပုံမရှိတဲ့ တကယ်
ဂွစာ.."

"အတင်းပြောရင်လည်း နေ့ပြောနောက်ကြည့်တဲ့..နည်းနည်းပါးပါ
လှည့်ကြည့်ပြီးမှပြော.."

ဟင်.. ၊

အယ်..တကယ်ကြီးလား.. ၊

ဒန်းပေါ်ကနှစ်ယောက် မျက်လုံးတွေပြူးသွားကာ ဒန်းကိုကျောခိုင်း
လျှောက်နေသည့်သိုက်ရဲ့ခြေလှမ်းတွေ တုံ့ခနဲဖြစ်သွားသည်။ သုံးယောက်
စလုံး ကျောပေးထားသည့်အနေအထားနှင့် ကျောပြင်တွေတောင့်မတ်သွား
၏။

"မနက်ဖြန်'မောင့်ကိုရွယ်စူး'စရိုက်မယ်..လမ်းကြုံနေလို့ ဇာတ်ညွှန်း
လာပေးတာ၊ ထားခဲ့တယ်..အိမ်ထဲမှာ.."

သိုက်ဖျတ်ခနဲလှည့်ကြည့်လိုက်တော့ ဖြူလေးတို့ပါ ထရပ်လိုက်ကြ
ကာ ပြိုင်တူကြည့်မိကြကာ သူများအကြောင်း မကောင်းမကန်းတွေ အ
တင်းတုပ်နေတုန်း လူမိသွားသဖြင့် ရယ်ပြရခက် ဖြေရှင်းရခက်နှင့် မပြို
နိုင်မရယ်နိုင်ဖြစ်နေကြစဉ်.. ၊

"သားရေ..အန်တီရှိတယ်သားရဲ့၊ လာပါ..အထဲဝင်ပါဦး.."

ဒေါ်တင်တင်လတ် အိမ်ထဲကထွက်လာပြီးခေါ်လျှင် မင်းမျက်နှာ
နောက်ပြန်လှည့်သွားမှ.. ၊

"ဟဲ့..ငါတို့ပြောတာတွေ သူသေချာမကြားတာလား.."

"မကြားစရာလား..နီးနီးလေးကို.."

ခြံသည်ခြံဝင်းကျယ်ကြီး မဟုတ်ပေ။ ဒန်းကလည်း ခေါင်းရင်းနံရံ
ရှိနေတာမို့ အိမ်ကိုကျောပေးထားသလို ရှိနေတာဖြစ်သည်။ ကားနဲ့
ဘာဆိုရင်တော့ သူမတို့သိနိုင်မှာပေမယ့်.. ၊

"သားကကားမပါဘူးလား..အန်တီအပေါ်မှာ အလုပ်ရှုပ်နေတာနဲ့
..."

"ကျွန်တော်လည်းပစ္စည်းပေးရုံပဲဆိုပြီး တိုးတိုးကိုတွေ့လို့ ပေးထားခဲ့
..."

မင်းမျက်နှာ အထဲပြန်ပါသွားလျှင် ဖြူလေးတို့ကပြန်ပြေးဖို့ ခြေလှမ်း
ပြင်လျက်.. ၊

"ငါတို့လစ်တော့မယ် မရတော့ဘူး.."

"ဟုတ်တယ်သိုက်..နင့်ကိုတော့ သူပြောမှာမဟုတ်ဘူး၊ ငါတို့ကပရှိ
ဆာကို မကောင်းပြောနေတာ..ဒုက္ခပါပဲ မနက်ဖြန်ရှုတင်လိုက်ခွင့်
တောင် ရပါ့မလားမသိဘူး.."

သူမတို့ထက် တိတ်တိတ်ဆိတ်ဆိတ်နေနေခဲ့သည့် ရှိစီက ခေါင်း
ကုတ်ရှုံ့မဲ့လျက်.. ၊

"ငါကတော့ ဘယ်မှထွက်ပြေးလို့မရဘူး..အဲ့ဒါဒုက္ခ.."

"ဘယ်သူမှဒုက္ခတ မနေနဲ့..အန်တီလေးရှေ့မှာ အဲ့ဒါကိုတစ်ခုခုထုတ်
ပြောကြည့် သင်းနဲ့ငါတွေ့မယ်.."

ကိုယ်မှားပေမယ့် မျက်နှာကိုတမင်မော့၍ ကုတ်သီးလက်မောင်းတန်း
ရှိ ဝင်သည်။ ထိုစဉ် မင်းမျက်နှာပြန်ထွက်လာ ကာနှင့် တည့်တိုး၏။ မျက်
မောင်ကုတ်နေသည့် မှုံကုတ်ကုတ်မျက်နှာနှင့် သူအန်တီလေးကို ဘာတွေ
ပြောခဲ့ပြီလဲလို့ ဖွေရှာသည့်အကြည့်တွေ ဖျတ်ခနဲဆုံမိလျက်.. ၊

"ဇာတ်ကားကဘယ်လိုဖြစ်လို့ နှစ်ကားပူးဖြစ်နေရတာလဲ..ရုပ်ရှင်
ကားက မပြတ်သေးဘူး.."

သိုက်က သူ့ဆီကထွက်လာသည့် စကားသံကို အမိဖမ်းဖို့စကားစ
ရှာ၏။

"နှစ်ကားပူရိုက်ရိုက် သုံးလေးငါးကားဖြစ်ဖြစ် အဲ့ဒါမင်းအလုပ်မ

ဟုတ်ဘူး...ဇာတ်ကိုဖက်ပြီး သေချာပြင်ဆင်ထား..ဒါပဲ.."

ပြောပြီးတော့ မျက်လုံးတွေက ဖြူလေးတို့ဆီရောက်လျှင် အားလုံး ကသွားအဖြီးသား ရယ်ပြနေကြ၏။ မင်းမျက်နှာက တစ်ချက်မှမပြုံး မျက်နှာလွှဲ၍ လှည့်ထွက်သွားလျှင်.. ၊

"ဒီလိုဆက်ဆံရေးနဲ့မျှား ဘယ်လိုစီးပွားရေးလုပ်နေသလဲမသိဘူး သိုက်က ပွစိပွစိရေရွတ်၏။ မင်းမျက်နှာ ခြေလှမ်းတုံ့သွားသည်

"ဟဲ့..ပြန်မယ်ဆို ပြန်ကြလေ၊ အပိုတွေမပြောချင်ဘူး.."

ဦးအောင်တွယ်ပစ်လိုက်ပြီး အိမ်ထဲလှည့်ဝင်သွား၏။ မင်းမျက်နှာ ကျန်ခဲ့သည့်မျက်နှာကြီးကို ကြည့်ကာ ဖြူလေးတို့ရယ်ချင်နေတာ အောင့်နေရသည်။ သူကျောခိုင်းသွားသည်နှင့် ပါးစပ်ပိတ်၍ ခေါင်းခွဲ ဆိုင်ရယ်ကြလျှင် ပခုံးတွေသိမ့်သိမ့်တုန်နေကြလျက်.. ၊

စိုးရိမ်တာကတစ်ဖက် မရယ်ဘဲလည်းမနေနိုင်.. ၊

♥♥♥♥♥

အခန်း(၂၄)

အန်တီလေးခိုင်းလိုက်သောကြောင့် ဝင်လာခဲ့သည့်သိုက်ရဲ့ခြေလှမ်းတွေက အိမ်ထဲကိုခြေချလိုက်သည်နှင့် စကားသံတွေကြောင့် တုံ့ခနဲဖြစ်သွားသည်။

"စေ့စပ်ပြီးပြီဆိုတော့ တို့ကနောက်ကျသွားပြီပေါ့.."

"အေးလေဟယ်..ဆွေမျိုးနီးစပ်ချင်း ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်သားလို့ တို့ကတော့.."

အမျိုးသမီးကြီးနှစ်ယောက်၏အသံကို ကြားရကာ.. ၊

"နောက်ကျတာစောတာမသိဘူး..စူးစူးကတော့ ကိုလေးကိုပူဆာမှာ စူးစူးကိုမင်းသမီးတင်ပြီး တစ်ကားလောက်ရိုက်ပေးဖို့.."

"မင်းသမီးဖြစ်ချင်တာများအေ..ဝါသနာပါတာလည်း မဟုတ်ဘဲနဲ့.."

"ပါပါတယ်တီလေးကလည်း..ကိုလေးတစ်ယောက်လုံး ပရိုဂျက်ဆာဖြစ်နေပြီး စူးစူးကမင်းသမီးမလုပ်ရရင် သိက္ခာကျတာပေါ့..ဒါမှစေ့စပ်ထားတာယ်လို့ ဖြီးရတာလည်းအဆင်ပြေမှာ.."

"လုပ်ပြီ ဒီကောင်မလေးကတော့..အဟွန်း ဟွန်း.."

"သူ့အစ်ကိုကို သူကဆိုးနေကျကိုး.."

စေ့စပ်ပြီးသားလို့ ဖြီးဦးမယ်ဆိုပါလား.. ၊

နားထောင်မိရင်း သိုက်မျက်ခုံးလေးတွေ ပင့်တက်သွားသည်။ ဇော်ဂျူဆာနဲ့မင်းသမီးစေ့စပ်ထားခဲ့တာ ဒီလောက်ထိအကျယ်တဝင့်ကို အားတွေ့ရှေ့ဆက်ချင်သေးတာလဲ.. ။

သိုက်ဒီတိုင်းဆက်ဝင်သွားရမလား.. အသံပေးလိုက်ရမလား ချီတုံချတုံဖြစ်သွားသည်။ ကားတစ်စီးလုံးဝင်လာတာတောင် သူတို့ကမသိကြပေမယ့် ပြန်ထွက်ကာမှ သိရင်တော့ ပိုရှုပ်ကုန်မှာဖြစ်သည်။

"ဒါနဲ့ အဲ့ဒီမင်းသမီးကို နင်တို့ကကားဝယ်ပေးထားတာဆို.."

မေးခွန်းကပို၍စိတ်ဝင်စားစရာ ကောင်းလာသည်မို့ သိုက်နားစွင့်ထားမိပြန်သည်။

"မဟုတ်ပါဘူးကြီးရယ်..ကားကရှိးမွန်းကဝယ်တာ မဟုတ်ဘူးလေ အရောင်းအဝယ်ကိစ္စတွေ ကားပြဿနာတွေ သူတို့နားမလည်လို့ အေးဂျင်လင်မယားက လိုက်လုပ်ပေးတာမို.."

"အဲ့ဒီကားဝယ်တာ နင့်သားနဲ့မစေ့စပ်ခင်လေးကပါ..ငါ့ကိုအကုန်ကြားပါတယ်၊ ဒရိုင်ဘာကို နင်တို့ငှားပေးတာကအစ.."

"အဲ့ရောအေးရယ်..ခုခေတ်မှာ ဒါရိုင်ဘာလခနဲ့အိမ်အကူတွေပဲ လစာအမြင့်ဆုံးဖြစ်နေတာ၊ နေပါဦး..အဲ့လောက်ဆင်းရဲချို့တဲ့နေတဲ့မိန်းကလေးကိုမှ ဘာဖြစ်လို့ချွေးမရွေးရတာလဲ၊ ရုပ်ရှင်မင်းသမီးဒီလောက်တောင် မက်ရလားဟယ်.."

ဒေါ်အေးချမ်းမေအသံကို မကြားရတော့ပါ။ သိုက်နောက်ပြန်ဆုတ်ဖို့ စိတ်ကူးနှင့် ချာခနဲလှည့်လိုက်လျှင်.. ။

"အမေ့.."

"ဟာ.."

နောက်ကဝင်လာသည့် မင်းမျက်နှာနှင့် ရင်ဘက်ချင်းပစ်တိုက်မိတာအင့်ခနဲ.. ။

အထဲကလူတွေသိကုန်မှာစိုးကာ သူ့လက်ထဲကပြုတ်ကျသွားသည့်ဖိုင်နဲ့စာရွက်တွေကို သိုက်ကမန်းကတန်းစုထပ်ကောက်လိုက်သည်။ ချက်ချင်းထရပ်ပြီး သူ့လက်ထဲထည့်လိုက်လျှင်.. ။

"မင်းကဘာဖြစ်လို့.."

"ရှူး.."

သိုက်မျက်လုံးပြူးကာ သူ့လက်ကိုဆွဲ၍ အပြင်ပြေးထွက်လိုက်သည်။ မင်းမျက်နှာတို့တိုက်ကြီးက အိမ်ထဲဝင်ပြီးတာနှင့် ဧည့်ခန်းကိုမြင်ရတာပေါ့။ အတွင်းကနေ လိုက်ကာတွေဖယ်လိုက်ရင်တော့ မှန်ချပ်ရှိသည့်အပေါ်ပိုင်းကို မြင်ရမှာဖြစ်လျက်.. ။

"ဟေ့..လွှာ်လေ၊ ဘယ်လိုဖြစ်လို့ အသည်းအသန်.."

အပြင်ရောက်တဲ့အထိ မလွတ်ဘဲ ခြံထဲရောက်အောင် ဆွဲချလာသဖြင့် မင်းမျက်နှာက လက်ကိုဆောင့်ရုန်း၏။ သိုက်လည်း မောဟိုက်သံလေးခြင်းနေလျက်.. ။

"ရှင်ကဘာဖြစ်လို့ သူများနောက်ကို တိတ်တိတ်လေးကပ်လာတာ.."

"ဘာ.."

"ရှင်ကပ်နေတာမဟုတ်ဘဲ ဒီလောက်ထိပြင်းပြင်းထန်ထန်တိုက်မိတာမဟုတ်ဘူး..ဒီကလှည့်လိုက်တာနဲ့ ရှင့်မျက်နှာကြီးက.."

သိုက်က နှုတ်ခမ်းလေးပေါ်လက်နဲ့ ပြန်စမ်းရင်း ရှုံ့မဲ့နေ၏။ မင်းမျက်နှာကလည်း နှုတ်ခမ်းကို တစ်ချက်ပွတ်လိုက်ရင်း.. ။

"ငါကငါ့အိမ်ထဲငါဝင်လာတာ မင်းကခိုးချောင်ခိုးဝှက် လှည့်ပြေးတာ.."

"ဒီကလည်း.."

သိုက်ဘာပြောရမှန်းမသိ။ ရှေ့ကိုအာရုံစိုက်ပြီး နားထောင်နေမိတာ ခဏခဏိုင်သဖြင့် သူ့ကိုဆွဲထုတ်လာခဲ့မိတာ။ ဒါပေမယ့် သူ့ကိုလည်း ခဏခဏချင်.. ။

"မင်းကဘာလုပ်နေတာလဲ..ကြည့်ရတာ အိမ်ထဲမဝင်ဘဲ အထဲကစကားတွေ ချောင်းနားထောင်နေတာဖြစ်မယ်.."

"တမင်ချောင်းနားထောင်နေတာ မဟုတ်ဘူး..အထဲမှာဧည့်သည်ရှိသလို့ ခဏာရပ်လိုက်တာ၊ ဒါပေမယ့် သူတို့ကကိုယ့်အတင်းတုပ်နေတော့.."

"ဘာ.."

"အန်တီအေးကိုပြောတာမဟုတ်ဘူး..ဧည့်သည်တွေက.."

"ဟော..သားတောင်ပြန်ရောက်နေပြီကိုး၊ သမီးပါပါလာတာလား.."

သိုက်နဲ့စကားပြောနေတုန်း အိမ်ထဲကထွက်လာကြတာ တစ်ပြုံကြီး ကြိုင်ဆိုတာ ဘယ်အမျိုးသမီးကြီးလဲမသိပေမယ့် အမျိုးသမီးကြီးနှစ် ယောက်ရယ် မိန်းကလေးတစ်ယောက်ရယ်၊ ပြီးတော့ အန်တီအေးချမ်းရေ တို့ ဧနီးမောင်နှံနှင့်.. ၊

"သူကရွှေသိုက်လေကြိုင်..နင်တို့စေ့စပ်ပွဲတုန်းက မရှိကြတော့.."

"မရှိပေမယ့် သူ့ကိုတော့သိပါတယ်.."

ကြိုင်ဆိုသည့်အမျိုးသမီးကြီးက သိုက်ကိုပြုံးသလို မဲ့သလိုစိုက်ကြည့် ပြီး မျက်နှာလွဲသည်။ အားလုံး၏ မျက်နှာတွေက ဖော်ရွေမှုနည်းပါးရေ ခဲ့လျက် စူးစူးဆိုသည့်မိန်းကလေးက တည့်တည့်ကြည့်ပြီး နှာခေါင်းရှုံ့၏ စိတ်ထဲမှာထောင်းခနဲဖြစ်သွားပေမယ့် သိုက်မျက်နှာမပျက်အောင် ေ လိုက်သည်။ ဒေါ်အေးချမ်းမေက ပြုံးချိုသည့်မျက်နှာနှင့် ဆင်းလာက သိုက်ရဲ့ပခုံးလေးကိုလှမ်းကိုင်၍.. ၊

"အထဲဝင်ကြလေ..သွား၊ အမေတို့က ကြိုင်တို့အိမ်ဝယ်မယ့်လူတွေ နဲ့ချိန်းထားလို့ လမ်းထိပ်တင်ပဲ.."

ဒေါ်အေးချမ်းမေပြောလိုက်သည်နှင့် စူးစူးကသိုက်ကိုမျက်လုံးေ လိုက်ပြီး.. ၊

"ဒါဆို စူးစူးဒီမှာနေခဲ့မယ်..ကိုလေးနဲ့လည်း စကားမပြောရသေး ဘူး.."

"အင်း..နေချင်နေခဲ့လေ၊ ပြန်တော့ဝင်ခေါ်မှာပေါ့.."

"အောင်မလေးအေ..ကိုယ့်ဆွေမျိုးအိမ်မှာနေတာပဲ၊ ညအိပ်ညနေဖြင် တော့ ဘာဖြစ်သွားမှာမို့လဲ..နေခဲ့ နေခဲ့.."

အကြီးဆုံးအမျိုးသမီးကြီးက ဆုံးဖြတ်ချက်ချလိုက်ပြီး ဆက်၍..

"မဟုတ်ရင် လူကြီးတွေအလုပ်ဖြောင့်ဖြောင့်မလုပ်ရဘူး..မပြီးသေး ဘူးလား၊ ပြန်ချင်ပြီဘာညာနဲ့.."

သူတို့ချင်းခွဲတမ်းချနေသည့် စကားတွေကိုနားထောင်ရင်း သိုက်က ဒေါ်အေးချမ်းမေလက်ကို ဆုပ်ကိုင်လိုက်ကာ.. ၊

"အန်တီလေးက ဝင်ခဲ့ခိုင်းလို့ ဝင်လာတာပါ..အကြောင်းထူးမရှိပ် ဘူး၊ အန်တီမအားဘူးဆိုရင် သိုက်ပြန်တော့မယ်.."

"ဟင်..ပြန်တော့မလို့လား၊ ဝင်တောင်မဝင်ဘဲနဲ့.."

"အမေမအားပေမယ့် မင်းနဲ့ငါရိုက်ကူးရေးကိစ္စ ပြောစရာရှိတယ်.. ငှဉီး.."

အားလုံးရဲ့အကြည့်တွေ မင်းမျက်နှာဆီရောက်သွားကြသည်။ သိုက် ခံလေးတွေ တွန့်သွားကာ တစ်ခုခုပြောဖို့ပြင်လျှင်.. ၊

"အဖေလည်းသွားမှာမို့လား..သွားလေ၊ ကျွန်တော်တို့ရှိတာပဲ.."

ပြောလိုက်ရင်း သိုက်ရဲ့လက်လေးကို ပိုင်စိုးပိုင်နင်းဆွဲ၍ အထဲဝင် သည်။ ပြီးမှ ပြန်လှည့်၍.. ၊

"သြော်..စူးစူး လာလေ.."

ခမှသတိရသလားဆိုသည့် မျက်ဝန်းလေးနှင့် စူးစူးကနှုတ်ခမ်းစူနေ

"တွေ့လား...ကိုလေးကိုကြည့်လိုက်ရင် အမြဲတမ်းအလုပ်ကတန်း .."

ပြောရင်း အထဲကိုလိုက်ဝင်လာခဲ့သည်။ သို့သော် မင်းမျက်နှာနဲ့သိုက် အထဲမှာမတွေ့လျှင် အပြင်ကအသေးခွက်တွေ လာပြန်သိမ်းသည့် ဝန်မလေးကို မေးဆတ်၍.. ၊

"ဟဲ့..ကိုလေးဘယ်ရောက်သွားတာလဲ၊ ခုပဲဝင်လာတာကို.."

"မမသိုက်နဲ့ စာကြည့်ခန်းထဲဝင်သွားတယ်.."

♥♥♥♥♥

ာပြီးမှ လက်ကိုဖယ်ပေး၏။ ဖယ်နေကာမှ သိုက်ကလက်ကိုဆောင့်
ခ်လိုက်ပြီး.. ၊
"ဆွီ..ဖသွပ်..ဖသွပ်.."
ဲ့ရှာသလို နှုတ်ခမ်းနဲ့လျှာနဲ့တို့ထိထွေးထုတ်ရင်း လက်နဲ့လည်းပွတ်
ိုး ဆတ်ဆတ်ခါခါ.. ၊
"သွားပါ..ခဏသွားထိုင်ပေးစမ်းပါ၊ ဒီမှာ အလုပ်ရှိလို့.."
"ရှင့်.."
သိုက်ဘာမှပြောခွင့်မရခင် လူကိုတွန်းထိုးလွှတ်လိုက်သဖြင့် အပြင်
သွားပြန်သည်။ လှည့်ကြည့်လိုက်တော့ သူကတံခါးပြန်စေ့ပြီး ဖုန်း
ကိုင်နေသေးသည်။ သူခိုင်းတိုင်း လုပ်စရာလား.. ၊
ဲ့တော့ အဲ့ဒီတစ်ယောက်ကို သူနဲ့လက်ထပ်ပေးချင်နေကြတာ ဒီက
ကြားခဲ့ပြီးသား။ သူတို့ဆွေမျိုးမကင်းတဲ့သူချင်း ဘယ်လောက်ရင်း
သက်ခဲ့ကြသလဲ ဘာမှမသိဘဲ ဘာဖြစ်လို့လူမိုက်ဝင်လုပ်ရမှာလဲ..၊
ပြန်ပြီးသားပဲမင်းမျက်နှာရေ၊ အဲ့ဒီတစ်ယောက် ဒီအခန်းထိ ရောက်
အောင်တောင် အချွန်နဲ့'မ'ပေးလိုက်ဦးမယ်.. ၊ သူတွန်းထိုးပစ်လိုက်
ပုံပျက်သွားသည့် အိတ်ကိုပခုံးပေါ်ပြန်ဆွဲချိတ်၍ ဆုံးဖြတ်ချက်နှင့်
ြန်းပြင်လျှင်.. ၊
"ဘယ်လက်ကို အမေကခေါ်ပေးရင် အဲ့ဒီပွဲခအမေရရမှာပေါ့.."
းထဲမှာ မင်းမျက်နှာရဲ့စကားသံက စိတ်ဝင်စားဖွယ် ကလိလာ၏။
"ဒါကဆွေမျိုးချင်းဆိုတာနဲ့ မဆိုင်ဘူးအမေ..သူတို့ကတခြားမှာနေ
ဒီအိမ်ကြည့်မယ်သူလာတိုင်း အမေတို့ပဲ ပြေးလိုက်သွားရတာကို
သားရတဲ့အချိန်တွေ လုပ်အားတွေက စာန်ဖိုးမဲ့မဟုတ်ဘူး..ပြီးတော့
ာန်ဖိုးက ငါးထောင်ကျော်ရှိတယ်.."
ုန်းပြောရင်း မှန်ထဲမှာသိုက်ရဲ့အရိပ်ကိုမြင်လိုက်သဖြင့် မင်းမျက်နှာ
နဲ့လှည့်ကြည့်သည်။ သိုက်ကမဲ့လိုက်ပြီး ပခုံးတွန့်၏။ ပြီးတော့
ဆွက်သွားလျှင်.. ၊
"သိုက်.."
ုန်းပြောလက်စကိုတောင် မဖြတ်နိုင်ဘဲ သူအတင်းပြေးလာပြီး
ကိုဆွဲထားလိုက်၏။ သိုက်က သူဆွဲထားသည့်လက်ကိုကြည့်လိုက်

အခန်း(၂၅)

"သိုက်ကဘာဖြစ်လို့ နေပေးရမှာလဲ..မနေနိုင်ဘူး.."
"ခဏပဲလို့ပြောနေတာကို ဘယ်လိုဖြစ်နေတာလဲ.."
"ခဏမှမနေနိုင်ဘူး.."
"ဟေ့.."
သိုက်က လက်ကိုဆောင့်ရုန်းပြီး ထွက်သည်။ မင်းမျက်နှာက ဆ
ခနဲပြန်ဆွဲ၏။ ထိန်းမရဘဲ ယိမ်းယိုင်ပါသွားလျှင် သိုက်ဒေါသထွက်သ
၏။
"ရှင့်ကို.."
"တိုးတိုး.."
တအားပြောပစ်ဖို့ အကြီးကြီးပြင်ဆင်လိုက်စဉ် မင်းမျက်နှာက သို
ကိုယ်လေးကို နံရံမှာဆွဲကပ်၍ နှုတ်ခမ်းသားလေးတွေပေါ်မှာ သူ့လက်
ကြီး မညာမတာဖိကပ်ပိတ်ထားလိုက်ပြီး.. ၊
"အဲ့တစ်ယောက်ကို ကြာကြာမနေစေချင်လို့ မင်းကိုခဏပဲတောင်
ပန်နေတာ..မအော်နဲ့.."

ပြီး... ၊

"လွတ်လိုက်..မဟုတ်ရင် အမှုပိုကြီးသွားမှာနော်.."

"မင်းဘာလို့ပြန်ဝင်လာတာလဲ.."

"ရှင့်ဆီက ငွေညစ်ဖို့အကြောင်းတွေ ကြားလိုက်တာနဲ့.."

"ဘာ.."

"နံပါတ်တစ် စူးစူးဆိုတဲ့ကောင်မလေးကို အိမ်မှာမရှိစေချင်လို့ ဒီ ကိုမောင်းထုတ်ခိုင်းခဲ့တာ.."

"မင့်..အဲ့ဒါ.."

"အခု ကိုယ့်ဆွေမျိုးဆီက ပွဲစားခရဖို့ အန်တီကိုအသည်းအ မြှောက်ပေးနေတာ.."

ကြည့်စမ်း.. ၊

ဒါကို ခိုးချောင်ခိုးဝှက်ပြောနေတာ မဟုတ်ပေမယ့် ကိုယ်သား ချင်းပြောကြတဲ့ကိစ္စ.. ၊

"အခု သိုက်နဲ့ညီမလား..ပြန်ရမလား၊ တစ်ခွန်းပြော..ရက်စ်အော်

"ဘာလဲ..ငါကမင်းနဲ့ ဘာလို့ညီရမှာလဲ.."

"ပြီးတာပဲ..အခုပဲစူးစူးကိုအားလုံး သွားပြောလိုက်မယ်.."

"မင်း.."

"လန့်မသွားပါနဲ့..ရှင်ကကိုငွေခင်ပဲဟာ.."

"ဟေ့..နေဦး.."

သူ သိုက်ကိုလှမ်းဆွဲလိုက်လျှင် သိုက်ကလက်ကိုရှောင်၍ တံခါ ၏။ မင်းမျက်နှာတံခါးကို တွန်းပိတ်လိုက်ကာ ကျောနဲ့ကပ်ထားလိုက်

"မင်းလျှောက်မလုပ်နဲ့နော်..အဲ့ဒါရှော့ခ်ရှိတယ်.."

"ရှိမှန်းသိရင် ဘာလုပ်သင့်လဲရှင်စဉ်းစားပေါ့..အခု ဒါတွေကိုဖွေ ရမယ်ဆိုရင် ကားအက်ဆီးဒင့်ဖြစ်ထားတဲ့ အပျက်အစီးလျော်ကြေးစာ တွေလည်း ရှင်ပြန်ဖျက်ပေးရမယ်.."

"ဘာလို့ဖျက်ရမှာလဲ..မင်းကြောင့် ငါမနည်းလျော်လိုက်ရတာ ထိုစဉ်.. ၊

"ကိုလေး..ကိုလေးဘယ်မှာလဲ၊ ဧည့်သည်ကို ထားပြီးတော့.."

ဒီဘက်ကိုလျှောက်လာသည့် စူးစူးရဲ့အသံကိုကြားလိုက်ရ၏။ သို

ပခုံးတွန့်မဲ့လိုက်ပြီး.. ၊

"ရတယ်လေ.."

စိန်ခေါ်သည့်အပြုံးနှင့် ပါးစပ်ပြင်လိုက်လျှင်.. ၊

"ကိုလေး.."

စူးစူးက အခန်းရှေ့ကိုရောက်လာကာ တံခါးကိုထုလိုက်ခေါက်လိုက် လုရှိမရှိ နားစွင့်နေပုံနှင့်. ၊

"ကိုလေးကဘာလဲကွာ..ကိုယ့်ညီမတစ်ယောက်လုံးရှိနေတာတောင် ဒီမင်းသမီးနဲ့ အခန်းအောင်းနေရသလား၊ တကယ်စိတ်ပျက်ဖို့ကောင်း ယ်.."

"ဒုန်း.."

ပြောပြီး စိတ်တိုတိုနှင့် တံခါးကိုထုပစ်သည်။ ပြီးတော့.. ၊

"မသိဘူး..ပြန်မယ်.."

ဆိုပြီး ရေရွတ်သွားတာတောက်လျှောက်.. ၊

"ကြီးကြီးနဲ့ပြန်တိုင်ပြောမယ်..ကိုလေးအဖြစ်သည်းနေတာ အရှက်ကို ရှိဘူးလို့.."

အပြင်ကအသံတိတ်သွားသည်နှင့် သိုက်သူ့ကိုဆောင့်တွန်းပစ်လိုက် ာ.. ၊

"ဒေါင်.."

"အား.."

"သေလိုက်လေ..အဲ့ဒါယုတ်မာဦး.."

လက်တစ်ကမ်းမှာရှိနေသော ရှိုးကော့စ်ပေါ်က စပရေးဘူးရှည်ကြီးနှင့် ခေါင်းမျက်နှာရဲ့ခေါင်းကို မိတ်ဆက်ပေးလိုက်ပြီး.. ၊

"လူယုတ်မာ..လူညစ်.."

"ဒုန်း.."

ဘူးကိုပစ်ချပြီး သိုက်ကနှုတ်ခမ်းကို လက်ခုံနဲ့ကပ်ပွတ်ပစ်၏။ ပြီး ာ့ စူးစူးဝါးဝါးကြည့်ကာ.. ၊

"သူများကိုပေးဖို့ရှိရင် ခါနေတာပဲ..ယူစရာရှိရင် ကျောကျောမော ာ.."

"မဟုတ်ပါဘူး..ဆောရီးပါ အဲ့ဒီအတွက်.."

"သေလိုက်..အဲ့မှာ.."

သိုက်က တံခါးဆွဲဖွင့်ပြီး ပြေးထွက်သွားသည်။ ဒရိုင်ဘာကို နာ
ဆိုင်မှာ ပစ္စည်းရွေးခိုင်းထားသည်။ ကားပြန်မလာသေးဘဲ သိုက်ဒီတိုင်း
လျှောက်ထွက်လာခဲ့၏။ ခြံထဲဆင်းလာကာမှ စူးစူးနဲ့ဆုံမိကာ.. ၊

"အစ်မက.."

"ဟုတ်တယ်..အတင်းဆွဲထားလို့ နေနေရတာ.."

အဆမတန်စိတ်တိုနေခြင်းသည် ပြောမယ်လို့သူ့ရှေ့မှာ ကြိမ်း
ထားခဲ့သမျှ အကုန်အစင်ပြောချပစ်လိုက်ပြီး.. ၊

မှတ်ထား.. ၊

♥♥♥♥♥

အခန်း(၂၆)

"တောက်.."

မှန်ထဲက ကိုယ့်နှုတ်ခမ်းကို စိုက်ကြည့်ပြီး ရေအထပ်ထပ်ဆေးနေ
တောင် တက်ခေါက်နေမိတုန်း။ စူးစူးရဲ့ခေါ်သံ နောက်ထပ်ထွက်လာ
နှင့် လူကိုဇွတ်တရွတ်ဖက်ပြီး ဘာမှမပြောနိုင်တော့အောင် အနိုင်ကျင့်ခဲ့
ည်။ ဒီလိုအဖြစ်မျိုးရောက်ရလိမ့်မည်လို့ နည်းနည်းလေးတောင် မတွေး
ဖြင့် သူမအငိုက်မိသွားခဲ့သည်။ ပြီးတော့ ကိုယ်သဘောကျကြည်ဖြူ
သည်းမဟုတ်ဘဲ သူ့ရင်ခွင်ထဲမှာ စက္ကန့်များ မေ့မူးသွားခဲ့ခြင်းသည်၊

"အလကား..ဘာမှမဟုတ်ဘူး၊ ငါကိုကကုံးတာ.."

"သမီးရေ..မင်းမျက်နှာရောက်နေတယ်တော့.."

သိုက်ကိုယ်လေး ဆတ်ခနဲဖြစ်သွားသည်။ ဖုန်းခေါ်နေတာ မကိုင်လို့
သိုက်လာတာမှန်းသိလိုက်၏။ စကားဝါနှုန် အကျီလက်ပြတ်နှင့်
ငေးဘီတစ်ဆက်တည်း ဝတ်စုံလေးကို ပြေပြစ်အောင်ဆွဲချပြုပြင်ကာ
တွေကို သားရေကွင်းနဲ့ဖြစ်သလို မြှင့်တင်စည်းလိုက်သည်။ သူမ
လာတော့ ဧည့်ခန်းထဲမှာ မင်းမျက်နှာမရှိ.. ၊

"ခြံထဲမှာထိုင်နေတယ်သမီး..တမင်အလည်လာတာထင်တယ်.."

"မဟုတ်လောက်ပါဘူးအန်တီလေးရယ်..မင်းသမီးတစ်ခုခုဖြင့်
တာတော့ လုံးဝသေချာတယ်.."

တိုးတိုးက ဘီးတစ်ချောင်းနဲ့ထွက်လာပြီး ထင်ကြေးပေးနေသည်
သိုက်က လှည့်မကြည့်တော့ပေ။ မင်းမျက်နှာက သူ့ရဲ့ဖိုင်တွေလက်တို့
အိတ်တွေကို ဒန်းပေါ်မှာပုံချထားကာ ဘယ်ကိုဖုန်းခေါ်နေသည်မသိ။
မွေးနှင်းဆီရောင် ရုပ်အင်္ကျီလက်တိုနှင့် ခရမ်းရောင်ကွက်စိပ်ပုဆိုးကို ဝ
ထားသည်။ အေးတစောင်းကကြည့်လျှင် မင်းမျက်နှာရဲ့နှာတံချွန်ပုံ
ရှိသင့်တာထက် ပိုကြည့်ကောင်းလျက် မျက်တောင်တိုစိပ်စိပ်လေးတွေ
လည်း သိသာစွာပေါ်နေတတ်သည်။ နောက်မကျတကျကနေ ရုပ်ကြွ
နေပြီးမှ တမင်တကာဖိနပ်သံပေး၍ ဆင်းလာခဲ့သည်။ သူကလှည့်ကြ
ပြီး ဖုန်းကိုဒီတိုင်းပြန်သိမ်းလိုက်ကာ.. ၊

"နေ့လည်ရှုတင်ရှိတယ်လို့ပြောမလို့ ဘာလို့ဖုန်းမကိုင်တာလဲ.."

"မကိုင်ချင်လို့မကိုင်တာ.."

"အဲ့လိုလုပ်လို့မရဘူးလေ.."

"ဒီနေ့ရော မနက်ဖြန်ရော လုံးဝမလာနိုင်ဘူး...နောက်နေ့တွေလည်
မသေချာဘူး.."

"ဘာ.."

"ရှင့်ကိုကျွန်မလုံးဝမကျေနပ်ဘူး...အဖြေကအဲ့ဒါပဲ.."

"သိုက်..မင်းပဲငါ့ကိုဖုအောင် ယောင်အောင် ဆော်သွားတာနော်.."

"အဲ့ဒါရှင်ဘာလို့ခံလိုက်ရတာလဲ ပြန်တွေးလေ.."

မင်းမျက်နှာပါးပြင်တွေ နီသွားသည်။ ပြီးတော့ မလုံမလဲနှင့် ဆ
တစ်ချက်သပ်၍ မျက်နှာလွှဲ၏။ ပြီးမှပြန်လှည့်၍.. ၊

"မင်းလည်းထင်သလို ပြောဆိုသွားတာပဲမဟုတ်ဘူးလား...အဲ့ဒါ
ကြားပြီး အန်တီကြိုင်တို့နဲ့ အမေဘယ်လောက်ထိ.."

"စိတ်မဝင်စားဘူး.."

"မဝင်စားလို့မရဘူး...မင်းနစ်နာသလို ငါလည်းဆုံးရှုံးရတာပဲ.."

"ဘာ.."

"ဟေ့.. ဟေ့..လက်မပါနဲ့.."

သိုက်ကလက်သီးဆုပ်ပြီးအော်လျှင် လည်ပင်းညှစ်ခံထားဖူးသည်

နှင့် မင်းမျက်နှာ ခြေလှမ်းဆုတ်သွားကာ..

"မင်းနဲ့ငါဘာမှမဖြစ်ခဲ့ကြဘူးလို့ မှတ်လိုက်ရင်ပြီးပြီ.."

"ဘာပြောတယ်.."

သိုက်ဘာကိုဒေါသထွက်နေမှန်း သူမသိလို့မဟုတ်။ ဒါပေမယ့် ဒီ
အတွက် ဘယ်လိုတောင်းပန်ရမည်ဆိုတာ မသိခြင်းက တောင်းပန်လိုက်
ဘာထက်ဆိုးနေသည်။ ပြီးတော့ ဒါကတောင်းပန်သင့်တဲ့ကိစ္စလား မ
ဘောင်းပန်ဘဲနေလိုက်ရင် ပြီးသွားမှာလား..ဒါလည်းသူမသိ.. ၊

"ဟုတ်ပြီ..ဘာဖြစ်ချင်သလဲပြော.."

သိုက်ကမပြောဘဲ အံကြိတ်ပြီးစိုက်ကြည့်နေလျှင် မင်းမျက်နှာ နား
ထင်တစ်ချက်ကုတ်လိုက်ရင်း.. ၊

"မသိရင် နှမ်းမိလို့လျော်ကြေးပေး.."

"မင်းမျက်နှာ..ရှင်.."

"ပြောပြတာလေ..မင်းနဲ့ငါချစ်သူတွေမဟုတ်ပေမယ့် စေ့စပ်ထားတာ
ဒီလောက်တော့.."

"ဘာဒီလောက်တော့လဲ..လင်မယားချင်းဖြစ်ဖြစ် မိန်းမမကျေနပ်ရင်
လို့မရဘူး.."

"ထိရုံကတော့ ရတယ်လုပ်လိုက်.."

"နည်းနည်းလေးမှမရဘူးဆိုတာ အခုရှင်သိရမယ်..ရှင့်လိုလူမို့လို့
လုံးဝမအလျော့မပေးဘူး.."

မင်းမျက်နှာခေါင်းကြီးသွားသည်။ သိုက်ကခါးတစ်ဖက်ထောက်၍..၊

"ကျွန်မအပေါ်မှတ်ထားသမျှ ကြွေးဆိုတာတွေ အကုန်လုံးလျော်ပစ်
.."

"ဟာ..ဒါတော့မရဘူး.."

ကိုယ့်ဘက်ကမပြောပါနဲ့ မဆိုပါနဲ့လို့ တားဆီးထားသမျှကိုတော့
အကုန်လုံးအိတ်သွန်ဖာမှောက် ဖွင့်ချပြောပြသွားသည်။ နောက်ထပ် ဘာ
ညှိဖို့ လိုသေးလို့လဲ..။ သူမအပေါ်မှာ သတ်မှတ်ထားတာတွေကို လျော်
ရမှာက သိန်းလေးငါးဆယ်လောက်ရှိတာ။ ကိုယ့်ဘာသာတွက်ပြီး အ
အမာ ခေါင်းခါ၍.. ၊

"လုံးဝမရဘူး...ငါညှိတာကျတော့ မင်းဂရုမစိုက်ခဲ့ဘဲနဲ့.."

"ရတယ်..ရှင့်အလုပ်ကို ကျွန်မလုံးဝလုပ်မပေးနိုင်ဘူး.."

မင်းမျက်နှာ ခပ်မဲ့မဲ့ပြုံးကာ.. ၊

"ဖြစ်ပါတယ်..မင်းကိုယ်တိုင်ရုပ်ရှင်ကားကြီးတစ်ကား လက်လွတ်ခံနိုင်ရင်တော့.."

"ရှင်လည်းလက်လွှတ်ရမှာပဲ.."

သိုက်ကပက်ခနဲပြန်ပြော၍ ပခုံးတွန့်ကာ.. ၊

"ရှင်အခုရိုက်နေတဲ့ ပြီးလုပြီးခင် 'စိတ္တဇည'လူသတ်ကားလေ.."

မင်းမျက်နှာ မျက်ခုံးတန်းတွေ စုကျုံသွားတာကို သိုက်ကအားပါးတရစိုက်ကြည့်ရင်း.. ၊

"အဲ့ဒီကားက ဆင်းန်စီရီရယ်လ်တင်ထားပေမယ့် ပြင်ဆင်ချက်တွေ ပြန်တင်နေရတုန်းနော်..ဒါပေမယ့် ရှင်ရိုက်နေတာ ပြီးခါနီးနေပြီ.."

မင်းမျက်နှာရဲ့မျက်နှာတစ်ပြင်လုံး ဖွေးခနဲဖြစ်သွားသည်။ ပြီးတော့ တဖြည်းဖြည်းနီလာ၏။

"ရိုက်ကူးခွင့်မကျသေးဘဲနဲ့ ခိုးရိုက်နေတာ ရုပ်ရှင်ဆင်ဆာကသိသွားရင် ဘာဖြစ်မလဲ.."

"မင်းအဲ့လောက်တောင် ညစ်ပတ်ရလား.."

"ရှင်ကရောကောင်းလို့လား.."

"မင်းနဲ့ငါမကျေလည်တာက လူမှုရေးလေ..ဒါကစီးပွားရေး.."

"မသိဘူး..ရှင့်လိုလူဆီက ပြန်ရဖို့ကို ဘယ်လိုနည်းပဲသုံးရသုံးရ.."

မင်းမျက်နှာဒေါပွသွားသည်။ ရုပ်လေးသနားကမားနဲ့ တော်တော် ညစ်ပတ်တဲ့မိန်းမ.. ၊ ဒီအချိန်မှာ သူမပြုံးနေပုံသည် နားရင်းနှစ်ချက်လောက် ပြေးအုပ်ချင်အောင် မြူဆွယ်နေသည့်နှယ်.. ၊

"မင်းသားတစ်ယောက်ကို သိန်းငါးရာလောက်ပေးငှားပြီးတော့ မင်းသမီးကြေးပေးရမှာကျမှ ဘာမှမဟုတ်တဲ့ ကြွေးတွေသတ်မှတ်ပြီး ချည်တုတ်ခိုင်းချင်တာ၊ ရှင့်လိုပရိုဂျူဆာမျိုး ကမ္ဘာပတ်ရှာရင်တောင် တွေ့ဖို့မလွယ်ဘူး.."

"မင်းကိုအဲ့လိုတမင်လုပ်တာမှ မဟုတ်ဘဲ..သူ့ဟာသူဖြစ်လာတာတွေပေါ်မှာ.."

"ရှင်ကဖမ်းပြီး ချည်တုပ်ထားလိုက်တာလေ..မရဘူး၊ ရှင်လည်းရသ

င်ယုတတ်သလို သိုက်ကလည်းဖောက်ထွက်ဖို့ ကြိုးစားရမှာပဲ..ဘယ်လိုနည်းနဲ့ဖြစ်ဖြစ်.."

ပြောပြီး အိမ်ထဲဝင်ဖို့ပြန်လှည့်သည်။ ပြီးမှပြန်လှည့်ကြည့်ကာ.. ၊

"ရှင်အိုခေရင် ဖုန်းဆက်.."

"သိုက်..ဟော့.."

သူငိုင်နေပြီးမှ နောက်ကနေခြေလှမ်းကျဲများနဲ့ လိုက်လာခဲ့သည်။ ထိုသော် ဒေါ်ဘင်တင်လတ်နဲ့သာ တည့်တည့်တိုးလျက်.. ၊

"သမီးကအထဲဝင်သွားတာလား..ဘာပြောမလို့လဲသား.."

မင်းမျက်နှာ စိတ်ဓာတ်အကြီးအကျယ် ကျဆင်းသွားခဲ့လျက်.. ၊

"ဘာမှမဟုတ်တော့ပါဘူး.."

♥♥♥♥♥

အခန်း(၂၇)

"ဗီဒီယိုတစ်ကားနဲ့ ရုပ်ရှင်ကားကြီးအတွက်.."

ငွေတွေအထပ်လိုက် အပုံလိုက်သိုက်ရှေ့ကို တွန်းပို့သည်။ ပြီးတော့

"ဒီမှာ မင်းသမီးလက်မှတ်ထိုးပေးပါ.."

ကျော်အောင်နဲ့မင်းမျက်နှာရဲ့မန်နေဂျာတို့က စာချုပ်ကိစ္စအတွ
စနစ်တကျလုပ်ပေးသွားကြသည်။ သိုက်ကပိုက်ဆံတွေကို ကျကျနနပွ
သပ်ကိုင်ရင်း ရယ်နေကာ.. ၊

"ဟား ဟ..ခုမှပဲ တကယ့်မင်းသမီးရွှေသိုက်ဖြစ်တော့တယ်.."

"ဘယ်လိုတွေလုပ်လိုက်တာလဲမင်းသမီးရယ်..မျက်စိတွေတော
လည်ကုန်ပြီ၊ ဒီသူဌေးဆီက အပုံလိုက်ထွက်ကျလာအောင် ဘယ်လိုပ
တွေ သုံးလိုက်တာလဲဟင်.."

သတိုးက ဘေးမှာပြေးထိုင်လိုက်ပြီး လက်ဖျားတွေပါခါနေ၏။ ဧ
သည်တွေပြန်အောင်စောင့်နေရသည့် ဒေါ်တင်တင်လတ် ချက်ချင်းအနာ
ရောက်လာသည်။ ပြီးတော့ သိုက်ရဲ့ပခုံးတစ်ဖက်ကို ဖျန်းခနဲရိုက်ပစ်လို
ကာ.. ၊

"ညည်းကိုယ်ညည်း မိန်းမတစ်ယောက်မှန်းရော သတိရသေးရဲ့လ

ကိ.."

"အာ..နာလိုက်တာ၊ စပ်သွားတာပဲအန်တီလေးရာ.."

သိုက်ကအရိုက်ခံလိုက်ရသည့်နေရာကို ပွတ်သပ်ရှုံ့မဲ့နေကာ.. ၊

"အန်တီလေးရဲ့ရိုက်ချက်တွေက မြန်မြန်လွတ်အောင် ယောကျ်ားကို
ဦးမှာ.."

"အောင်မယ်လေး..ယူလိုက်စမ်းပါ၊ ကျုပ်ကလည်း ညည်းလိုတဇွတ်
လောင်းကစား ရန်ငြိုးကြီးတဲ့မိန်းကလေးမျိုးကို ထိန်းမယ့်အစား ထ
ကြမ်းယပ်ခတ်စားမယ်..မယုံမရှိနဲ့.."

"ဘယ်မှာလောင်းကစားလဲအန်တီလေးနော်..အဲ့ဒါကိုရှင်းပြတော့
ထောင်ဘဲနဲ့.."

"မထောင်ဘူး..ထောင်ဖို့မှမလိုတာ၊ ခုလည်း ညည်းသူများကိုငွေညှစ်
တာ ဘယ်လောက်ရှက်ဖို့ကောင်းသလဲ..ဟင်.."

"သိုက်က လူသိအောင်အော်နေတာကိုး..အဲ့ဒီလူဂဏန်းညုပ်နေတာ
တော့ လူမသိဘူး.."

"ကြည့်စမ်းဟယ်..အဒေါ်ကိုအော်နေလိုက်တာ.."

"မအော်ရင် အန်တီလေးကထပ်ရိုက်ဦးမှာကိုး.."

သိုက်ကပြောလိုက်ကာမှ ရွယ်ထားဆဲရှိသည့်လက်ကို ဆန့်ချလိုက်
ချက်နှာရှေ့မှာဆတ်ခနဲ သွားထိုင်၏။

"ညည်းလုပ်လိုက်တာ အေးတို့ကို ငါဘယ်လိုမျက်နှာပြရမလဲပြော..
ကသာ စီးပွားရှာနေတာကို သူများစီးပွားရေးကို ဒုတ်နဲ့ထိုးတယ်
ဉ်း.."

"မထိုးရသေးပါဘူးအန်တီလေးရယ်..ဒီကတကယ်လုပ်မှာမို့လို့လား၊
ကသူကြောက်လန့်ဖျားသွားတာ.."

"ဖျားလောက်တာပဲသိုက်ရယ်..ညည်းအကြောင်း ကောင်းကောင်းသိ
ကာ မဖျားဘဲနေမလား.."

ရှုံ့မဲ့နေသည့် သိုက်မျက်နှာချက်ချင်း ဟဲခနဲရယ်၏။ ပြီးတော့ အလွန်
ငေးသဘောကျသွားသည့်မျက်ဝန်းတွေက ပိုက်ဆံပုံကြီးကိုကြည့်၍..၊

"ဒီလိုပဲလေ..အနာရှိရင် ဆားကြောက်တာပဲ၊ အဟွန်း..သူလည်း
ကိုမဟုတ်မဟပ်တွေနဲ့ ကပ်ကြိမ်းပြီး ခြိမ်းခြောက်ခိုင်းနေတာ..အ

လှည့်ကျမနဲ့စတမ်းပေါ့.."

"ဟဲ့..ပြောနေရင်းနဲ့ကြည့်စမ်း.."

"အန်တီလေးရယ်..ပရိဂျူဆောကဖြင့် အန်တီလေးကိုတောင် ဘ
တိုင်ရဲဘဲနဲ့..မင်းသမီးပြောသလို အနာရှိလို့ ဆားပက်မခံနိုင်တာနေမှာ
"တိုးတိုးနော်...ငါ့ရိုက်ချက်ထဲ နင်ပါပါသွားတော့မယ်.."

တိုးတိုးက ဇက်လေးပုပြီး ရယ်၏။ ရှိစီလာချောင်းကြည့်နေလေ
ဒေါ်တင်တင်လတ်နဲ့ မျက်လုံးချင်းဆုံလိုက်တာနှင့် ပြန်ဝင်ပြေးလေသ
ထိုစဉ် မင်းမျက်နှာဆီက ဖုန်းဝင်လာကာ.. ။

"ဟဲ့..ကိုင်လိုက်လေ.."

ဖုန်းကိုလှမ်းကြည့်ပြီး ဒေါ်တင်တင်လတ်က ကိုင်ခိုင်းပြန်၏။ ဘ
ကကောက်ယူလိုက်သော်လည်း အဒေါ်ကိုမရဲတရဲကြည့်၍.. ။

"တ ဟဲ့ ဟဲ့နဲ့..စာခြောက်နေတာကျနေတာပဲ.."

"ဘာ.."

"အ..ဖုန်းပြောမလို့.."

လက်ရွယ်လိုက်တာနှင့် သိုက်အော်လည်းအော်ကာ ဆိုဖာပေါ်က
ဖုန်းပြောရင်း ထပြေးလေသည်။

"သိတယ်..လာမယ်.."

"....."

"ခုလာမလို့လေ..ရှင်ပေးတဲ့ပိုက်ဆံတွေရေနေတာ၊ တစ်ပြားကို
ပြားရအောင်ခွာတတ်တဲ့လူဆီကဆိုတော့ ပိုက်ဆံတွေကိုထက်ပိုင်းဖြတ်
ကြားညှပ်ထည့်ထားရင် ဘယ်လိုလုပ်မလဲ.."

ရွှေသိုက်..ကြည့်စမ်း.. ။

ပြောရဲတဲ့သူကပြောနေပေမယ့် ဒေါ်တင်တင်လတ် မကြားဝံ့မနာ
ဖြစ်ကာ နေရာမှထလိုက်လာ၏။ သိုက်ဖုန်းပြောရင်းမြင်ကာ လှေကား
တက်ပြေးလျှင် ကိုယ်ပဲခြေစုံရပ်နေလိုက်ရလျက်.. ။

"ဟဲ့..မပြေးနဲ့တော့.."

ဟိုတစ်ခါလို ပြုတ်ကျမှဖြင့်.. ။

♥♥♥♥♥

"ခင်ကလည်းမင်းသမီးဖြစ်ဖို့ ကြိုးစားနေပြီး ခါးလေးတင်လေး
မလှုပ်တတ်ဘူးလား...အဲ့လိုတောင့်တောင့်ကြီး မရဘူးလေ.."

အခန်းဝရောက်လာတော့ သိုက်ကအရဲမင်းသမီးအသစ်တစ်
ကို အကဲသင်ပေးနေတာဖြစ်ကာ.. ။

"ဒီမှာကြည့်ထား...ကိုယ်လှုပ်ချင်တာလည်းလုပ်၊ အများကြီးမှမဟုတ်
ည်းနည်းပါးပါး နဲ့ရုံလှုပ်ရုံပဲ.."

ချင်းပြန်ဖွင့်၍ သိုက်ကကပြရင်း... ။

"လုပ်..အင်း လက်ခုပ်တီးမယ်၊ ပြန်ခွာပြီး လက်ဖျစ်ခတ်..လှလှလေး၊
ကြည့်..ပခုံးလေးနည်းနည်း ကစားပြီး လက်နဲ့အလိုက်သင့်လေး.."

သိုက်က ဘောင်းဘီရှည်အနက် ချိုင်းပြတ်ဆွယ်တာအနက်လေးနှင့်
ယ်လုံးရဲ့ကောက်ကြောင်းတို့က မျက်လုံးမခွာနိုင်အောင် ဖမ်းစားနေ
မင်းသမီးအသစ်ရဲ့ လှုပ်ရှားမှုက သိုက်နဲ့ဘာမှမဆိုင်ဘဲရှိနေရာ
ာ်နှာ ပြုံးလိုက်၏။ ပြီးတော့ လက်ပိုက်၍ သေချာရပ်ကြည့်နေမိ
သိုက်ကလှည့်မကြည့်တော့ မသိ.. ။

"လုပ်လုပ်..ဟုတ်တယ်၊ ဒီမှာကြည့်..ဒီတိုင်း ဟုတ်ပြီ၊ လက်ဝါးရိုက်

လက်ဖျားခတ်..ပေါင်ကိုပုတ် ပခုံးလေးက လှလှလေး၊ ဟုတ်တယ်..ဟ
နေပြီ..လှတယ်.."

"မလှဘူး.."

သူ့မျက်စိထဲမှာတော့ မလှမပမို့ မင်းမျက်နှာက အတိအလင်း
၏။ သိုက်ကလှည့်ကြည့်ကာ.. ၊

"မလှရင်လည်း ရှင်ပဲဝင်လုပ်တော့..ဒီမှာပင်ပန်းလှပြီ၊ မသိဘူး
မျက်နှာသုတ်ပဝါလှမ်းဆွဲပြီး ထွက်သွားဖို့ပြင်သည်နှင့် မင်းမျက
ကရွေ့ကပိတ်ထားကာ.. ၊

"ဇာတ်ညွှန်းပြောင်းမယ်..မင်းပဲကလိုက်တော့.."

မင်းသမီးသစ်လေး မျက်နှာပျက်သွားသည်။ သိုက်က သူမကို
ငဲ့ကြည့်ကာ.. ၊

"သူလည်းကြိုးစားနေတာပဲဟာ..ပြီးတော့ ခုပဲအဲ့ဆင်းနိုရိုက်တော့
သိုက်ဘာမှပြင်ဆင်မလာခဲ့ဘူး.."

"ဒီတိုင်းဝင်ရိုက်လည်းဖြစ်တယ်..သူကတဲ့ပုံနဲ့ ဒီနေ့အဆင်ပြေ
ဟုတ်ဘူး.."

ပြောပြီးတာနှင့် လှည့်ထွက်သွားသည်။ မင်းသမီးသစ်ကပြုံး
"သူ့ဌေးက ညလေးကတာမကြိုက်လို့နေမှာပါ..မမပဲရိုက်လိုက်
နော်၊ ညလေးဝယ်လာတာတွေ မမနဲ့တော်မှာပါ..လုံးဝအသစ်တွေ
"အို..မဟုတ်တာ.."

သူ့နောက်ကို အပြေးတပိုင်းလိုက်ခဲ့ရင်း အပြင်ဘက်စက်အဖွဲ့
စုရုံးနေကြသည့်နေရာကျမှ.. ၊

"ဩော်..မေ့နေတာ.."

သူဟာသူတစ်ခုခုသတိရသွားသလိုဆိုရင်း နောက်ကိုပြန်လှည့်
လျှင် သိုက်နဲ့မျက်နှာချင်းဆိုင်ဖြစ်သွား၏။ သိုက်ထွက်လိုက်လာတာ
အံ့သြသလိုဖြစ်သွားပြီးမှ.. ၊

"ဒီနေ့လည်စာ အန်တီလတ်ကလာစားဖို့ ခေါ်ထားတယ်..ခုလော
ဆို အမေတို့တောင် ရောက်နေပြီလားပဲ.."

"ဘယ်လို..သိုက်တို့အိမ်မှာဟုတ်လား.."

"ဟုတ်တယ်..ဒီနားမှာတင် ကိုယ်တို့ရှုတင်ရှိနေတာသိလို့လေ

"အန်တီလေးကသိတာလား..ရှင်ပြောလိုက်တာလား.."

"စပ်မိလို့ပါ.."

ဖြေပုံက.. ၊သိုက်အသည်းယားသွားသည်။ ဒီလောက်တောင်သက်
သာရာသက်သာကြောင်း ရှာဖွေနေတဲ့သူ မတွေ့ဘူးသေးပေ။ သူထွက်
သွားတော့ သိုက်ကနောက်ကထပ်လိုက်ပြန်၏။ ဒီတစ်ခါကကွက်ဆင်းနိ
အတွက် မဟုတ်တော့ဘဲ နေ့လည်စာစားဖို့ ပြဿနာဖြစ်သွားခဲ့ပြီး.. ၊

"မင်းမျက်နှာ.."

သူကပြန်လှည့်ကြည့်ပြီး ရပ်စောင့်နေကာ.. ၊

"ဘာတွေအမောတကောဖြစ်နေတာလဲ..နောက်ရိုက်မှာကလပ်ဗ်ဆင်းနိ
ကနှာမှာသွေးတက်နေတာ ရဲညိုနေတာပဲ.."

"အဲ့ဒါရှင့်ကြောင့်လေ..ထမင်းစားသွားမှာက ဘယ်သူတွေလဲ.."

"ငါနဲ့စက်အဖွဲ့.."

ကြည့်စမ်း..ရာရာစစ.. ၊

"နေစမ်းပါဦး..ရှင့်ရဲ့ရှုတင်သားတွေပါ ကျေးဇူးအောင် အန်တီလေးကို
ရှင့်ရှုတင်က ထမင်းချက်များမှတ်နေသလား.."

"သြော်..မင်းအဲ့ဒါကြောင့် သွေးတက်နေတာလား.."

"ဟုတ်တယ်..သွေးတက်နေတာ၊ နားထင်တွေတောင် ပေါက်ထွက်
တော့မှာ.."

သူကပြုံးလိုက်ပြီး ဇာတ်ညွှန်းစာရွက်ကို လက်ထဲမှာအလိပ်လေး
လုပ် ကိုင်လိုက်ရင်း.. ၊

"မင်းနဲ့ငါ ဘယ်သူပဲသာသာ ဘယ်သူပဲကနာ အချိန်တန်ရင် လယ်
ဘယ်လ်ဖြစ်သွားကြတာပဲ..ခုထိဘယ်သူမှမနာသေးဘူး၊ မျှမျှတတပဲ.."

"ဘာ.."

"ပြောပြတာ.."

ဒီတစ်ခါ ဘာမှထပ်မမေးနိုင်တော့ဘဲ သိုက်ဒီတိုင်းရပ်ကျန်ခဲ့၏။
ပြောသွားပုံအရ သိုက်အတွက်စာချုပ်ပြင်လိုက်ရာဘဲ ငွေကုန်ကြေးကျ
ကြောင့် သူတမင်ပြန်လုပ်တာလိုလို.. ၊ လိုလိုမဟုတ်ဘူး..ဒီလိုဖြစ်အောင်
သူတကယ်ပြန်လုပ်တာပဲ၊ သိမယ်..၊

♥♥♥♥♥

ဘောင် ကယ်တင်ရှင်ကြီးလိုလို ကျေးဇူးတွေတင်လို့။ ဒါပေမယ့် လုပ်ငန်းတဖြည်းဖြည်းကြီးလာတော့ မပေးလို့မကောင်းတတ်တာတွေ တာဝန်ယူဖို့ လိုလာတာတွေရှိလာခဲ့သည်။ ဘာပဲဖြစ်ဖြစ် သူကတော့ တတ်နိုင်သမျှ တစ်ပြားမှအပိုမထွက်ဖို့ ကြိုးစား၍.. ။

"စိတ်ပူမနေနဲ့..အေးဆေးလိုက်ခဲ့ကြ၊ စက်အဖွဲ့ပါပါမှာလို့ ပြောပြီးသား.."

နောက်ထပ်အာမခံ၍ အိမ်ရှေ့ကားထိုးလေသည်။ တကယ်လည်း ဆေးတင်တင်လတ်က စားပွဲရှည်ကြီးနဲ့ လူအယောက်နှစ်ဆယ်စာလောက် ပြင်ဆင်ထားခဲ့သည်။

"လာ..သားတို့ထိုင်ကြ၊ အေးတို့တောင် ပြန်သွားကြပြီ.."

"ဟုတ်လား..အမေတို့လာသွားပြီလား.."

"လာတာပေါ့..ဆယ်နာရီလောက်တည်းက၊ စကားပြောရင်း ရယ်နေတာယ်.."

အိမ်ကမိန်းကလေးတစ်ယောက်နဲ့ တိုးတိုးကပါ ဝိုင်းကူပေးနေကာ ကျော်အောင်တို့ထမင်းပွဲမှာ ထိုင်ရတာ ဖင်မကျဘဲ လူပ်လူပ်ရွရွတွေဖြစ်နေကြ၏။

"သမီးရေ..မပြီးသေးဘူးလား၊ အန်တီလေးကို လာဝိုင်းကူပါဦး.." ဟင်.. ။

သိုက်ကပြန်ရောက်နေတာလား..။ သူတို့ထွက်လာတော့ သိုက်ကိုအနားမှာ ရှိနေသေးသည်ထင်ခဲ့တာ.. ။

"နေပါစေအန်တီ..ကျွန်တော်တို့ပဲ ဝိုင်းလုပ်ပါ့မယ်၊ မသိတဲ့လူတွေမှ ဟုတ်တာ.."

ရုပ်ရှင်မင်းသမီးကို စားပွဲထိုးခိုင်းတဲ့အကြံဆိုတာတော့ အတော်များများပါပြီ.. ။

"မဟုတ်တာကွယ်..ယောကျ်ားလေးတွေလုပ်ရမယ့် အလုပ်တွေမှမဟုတ်တာ၊ နောက်ပြီးဒီနေ့က သိုက်ရဲ့အမေဆုံးသွားတာ ဆယ်ငါးနှစ်ပြည့်တဲ့နေ့လေ.."

ဒါကိုသူမသိခဲ့ပါလား.. ။

မင်းမျက်နှာ မျက်မှောင်ကုတ်သွားသည်။

အခန်း(၂၉)

"မျက်နှာ..ငါတို့တော့မလိုက်ချင်ဘူးနော်.."

"ဘာအကြောင်းနဲ့လဲ.."

"ဘာအကြောင်းကမှာလဲ..မင်းယောကျ်ားမလောင်းက ဖိတ်တာ မင်းတို့မိသားစုပဲလေ.."

မင်းမျက်နှာက ကားပေါ်မှာထိုင်ရင်း အေးအေးလူလူ.. ။

"ဒါကရွေလမ်းငွေလမ်းခင်းမယ့် ထမင်းစားပွဲမဟုတ်ဘူး..ငါတို့ရိုက်ကွင်းနဲ့ကပ်နေလို့ အိမ်မှာထမင်းလာစားကြပါလို့ခေါ်တာ၊ ငါ့ကိုပဲကွက်ခေါ်တာမဟုတ်ဘူး.."

မဟုတ်ရင် ဒီကောင်တွေကို ဘီယာဖိုးပေးရ ဆေးလိပ်ဖိုးပေးရနဲ့ မပေးချင်လို့လည်းမရ။ မိသားစုgroupပုံစံနေကြတာမို့ လစာဆိုတာလည်း ဟုတ္တိပတ္တိပေးထားတာမဟုတ်။ ရှယ်ယာဝင်တွေလားဆိုတော့လည်း ဒါက ကိုယ်တစ်ဦးတည်းပိုင် စီးပွားရေး။ ဟိုးအရင်အစတုန်းက ဘွဲ့ရပြီးအလုပ်လက်မဲ့ လက်ဖက်ရည်ဆိုင်ထိုင် ကော်ဖီဆိုင်ထိုင်။ ထိုင်စရာလေးရှိလာရင်တော့ KTVလိုနေရာမှာ အချိန်ဖြုန်းနေတတ်ကြတဲ့သုံးယောက်.. ။

သူတို့တွေကို ကိုယ့်စီးပွားရေးမှာ ဝိုင်းကူဖို့ပြောတော့လည်း ကိုယ့်ကို

"အကြီးအကျယ်ဧော့ မလုပ်နိုင်ပါဘူး..လူအင်အားလည်းမရှိလို့ ဆ
မနက်က ဘုရားမှာအလှူဒါနလေးသွားလုပ်တယ်၊ ဘုန်းကြီးဆွမ်းတ
တယ်..ဒါကြောင့် သားတို့လည်းမနေ့တည်းက ဒီနားရှိနေတာသိတာနဲ့

အလှူဆိုရင်တော့ ကြိုဖိတ်သင့်တာမဟုတ်ဘူးလား...။ မျက်နှာပူ
ကိုမပူအောင် ကြိုးစားထားရခြင်းက ပူစရာမလိုပါဘူးလို့ တွေးဖြစ်ခြင်
သို့ရောက်၏။ တကယ်ဆို ရွှတင်တစ်ဖွဲ့လုံးတောင် ဖိတ်သင့်သည့်ကိစ္စ

"အလှူဆိုပေမယ့် ပွဲရေနဲ့မှာထားတာလေ.."

ဟင်.. ၊

သူ့အတွေးတွေကို သိုက်ရဲ့စကားသံက ဖြတ်ချဖြေပေးလိုက်သည်
ရေညှိစိမ်းရောင်ခါးရုံ့နှင့် ဂါဝန်ရှည်လက်ပြတ်လေးကို ဝတ်ထားကာ
သိုက်က အအေးဘူးတွေကို တစ်ဖက်တစ်ချက်ကိုင်ပြီး ထွက်လာ၏။ ပြီး
တော့ ကျော်အောင်တို့ဘက်မှစ၍ တစ်ဘူးစီချပေးပြီး မင်းမျက်နှာရှေ့မှာ
နောက်ဆုံးချကာ.. ၊

"ပွဲရေနဲ့မှာပေမယ့် လိုက်ပွဲတော့ပါတာပေါ့နော်..အဟမ်း အလှူပ
လားဆိုပြီး အရှမ်းပိုလျှံပေါများနေတယ်ထင်မှာစိုးလို့ပါ၊ အန်တီလေးက
သာ အလှူဒါနလေးဖြစ်မြောက်အောင်ဆိုပြီး အရမ်းအရမ်းကိုကျွေးမွေးချ
နေပေမယ့် သိုက်ကတော့ ဘုန်းကြီးသံဃာတော် ဆွမ်းကပ်ရတာ ပိုမြတ်
တယ်မလား..အာ့ကြောင့်ပါ.."

ဒေါ်တင်တင်လတ် ဟင်းသောက်ပန်းကန်လုံးကြီး ပြည့်နေမှ ပြန်ခ
ခဲ့ပြီး ကမန်းကတန်းထွက်လာခဲ့မိသည်။ ဒါတောင် သိုက်တို့ပြောချင်တာ
တွေ တစ်လုံးတစ်ဝပြောဆိုပြီးစီးသွားပြီဖြစ်လျက်.. ၊

"အန်တီလေးလာလေ..သိုက်ကရွှတင်ပြန်သွားရဦးမှာကို.."

ပြောပြီးလှည့်ထွက်တာတောင် မင်းမျက်နှာကိုမျက်စောင်းရွယ်လိုက်
သေးသည်။ မျက်လုံးချင်းဆုံလိုက်သဖြင့် မျက်စောင်းထိုးဖို့က မဖြစ်
မြောက်ဘဲ.. ၊

"ညကျရင်လည်း အကယ်ဒမီမင်းသားက ဒင်နာဖိတ်ထားတာသွား
ရဦးမှာ..အဟမ်း ဟမ်း၊ အလကားဝါးတီးဖို့တွေ ရှိသေးတာပြောပါတယ်.."

"ကဲ..သွားပါတော့၊ ဧည့်သည်တွေအနေခက်အောင် ဘာတွေပြောနေ
တာလဲ.."

ဒေါ်တင်တင်လတ် ဟန်ဆောင်မနေနိုင်တော့ဘဲ သိုက်ကိုယ်လေးကို
ကပ်တွန်းပေးလိုက်ရင်း 'ဟင်း ဟင်း'လို့တောင် ကြိမ်းလိုက်မိသေးသည်။
ဖော်တိုလိုက်သည့်ဖြစ်ခြင်း။ သို့သော် ဧည့်သည်တွေက ပိုအရေးကြီးတာ
ကြောင့်.. ၊

"စားနော် သား..လူလေးတို့လည်းစားကြ၊ တိုးတိုးရေ..ဟင်းချိုယူခဲ့
ဦး.."

"လာပါပြီ.."

တိုးတိုးကတော့ ပျာယာခတ်လို့ပါ.. ၊

"ကြက်ဆီထမင်းလေ..ဆိုင်ကမှာမလို့ပဲ၊ ဒါပေမယ့် ကိုယ်လည်းချက်
တတ်နေတာနဲ့ ပိုကောင်းအောင်စီစဉ်လိုက်တာ..အချဉ်လေးတွေ အစပ်
လေးတွေထပ်ဖြည့်ပြီးတော့.."

ပြောပြပြီးမှ သိုက်ရဲ့စကားတွေကို သတိရပြီး.. ၊

"အစောပိုင်းကတော့ အော်ဒါမှာမယ်ပဲ ပြောထားခဲ့တာ..အဲ့ဒါ အဲ့
ဒါ၊ သမီးက အော်ဒါမှာတယ်ပဲ ထင်နေတာသားရဲ့.."

မင်းမျက်နှာက ပြုံးလိုက်ပြီး.. ၊

"တော်သေးတာပေါ့..ကျွန်တော်က အားနာသွားတာ.."

"ကျွန်တော်လည်းအတူတူပဲ..ဒါပေမယ့် အားနာပါတယ်၊ အန်တီပင်
ပင်ပန်းပန်းချက်ထားတာတွေကို.."

ပေါက်ကြီးတို့က တကယ်အားနာတာပါ။ ပြီးတော့ သိုက်ကမင်း
မျက်နှာကို ရည်ရွယ်ပြီးပြောသွားတာမှန်းသိပေမယ့် လူပိုတွေဖြစ်နေသည့်
သူတို့အတွက် မျက်နှာပူဖွယ်ပင်။ ထို့ပြင် သိုက်ပြန်ထွက်လာမှာလည်း
ဝိုးရိမ်နေကာ စားလို့လည်းကောင်းနေရလျက်.. ၊

"အန်တီလေး သိုက်သွားမယ်.."

"ဟင်..ဘာမှမစားဘူးလား.."

"စားပြီးပြီလေ..အလုပ်လုပ်ရဦးမှာကို အသားကုန်အသားခမ်းနင်း
သွင်းလို့ ဘယ်ရမလဲ.."

အဲ.. ၊

စားသောက်နေသည့်လူတွေ လည်ပင်းနှင့်ကုန်ကြ၏။ ဒေါ်တင်တင်
လတ် မျက်လုံးပြူးရပြန်ပြီ.. ၊

"ဒီမှာအအေးဘူးနဲ့ ကွတ်ကီးနှစ်ထုတ်ယူလာတယ်..တာ့တာ.."

သူမထွက်သွားမှ မင်းမျက်နှာကို သူတို့မသိမသာလှမ်းကြည့်လိုက်မိသည်။ သင်းက စားသောက်နေတာအေးဆေး။ ကျော်အောင်က ပေါက်ကြီးကိုကြည့်သည်။ ပေါက်ကြီးက ဆက်စားဖို့မေးဆတ်ပြ၏။ ရှုတင်မန်နေကျာ ရွှေကျီးကတော့ ဟိုကြည့်ဒီကြည့်ဖြစ်နေပေမယ့် ပါးစပ်နဲ့လက်နဲ့ မပြတ်.. ၊

အဲ့ဒါ မင်းမျက်နှာကြောင့်.. ၊

ကျော်အောင်တို့တွေ တင်းနေကြသည်။ ဒီကောင်ကိုက သက်သာရာသက်သာကြောင်း သိပ်လုပ်ချင်တာ။ လူငယ်တစ်ယောက်ဖြစ်ပြီးတော့များ ဒီလောက်ကပ်ဖဲ့သတ်တာ တွေ့ကိုမတွေ့ခဲ့ဘူးပါ.. ၊

ရွှေသိုက်ဆိုတာလည်း သင်းလုပ်သမျှ ငြိမ်ကုပ်ကျန်ရစ်ခဲ့မယ့် မိန်းကလေးမျိုးမဟုတ်တာ သူအသိ.. ၊

♥♥♥♥♥

အခန်း(၃၀)

"မော်ဒယ်လ် ချစ်လွန်းလွန်းချို.."

"မသိဘူး.."

"သီရိလှသဥ္ဇာ.."

"မတွေ့ချင်ပါဘူးကွာ..ကြောင်တောင်တောင်နဲ့.."

"ကိုင်းသစ်လွင်.."

"မကိုင်းဘဲနဲ့သစ်နေလည်း စိတ်မဝင်စားဘူး.."

"မင်းမျက်နှာ.."

"ဘာလဲ.."

"မင်းကိုသူတို့က ပရိုဂျူဆာမို့ အငမ်းမရ ဟိုဖိတ်ဒီဖိတ်ဒီခေါ်ဒီခေါ်.."

"ခေါ်တိုင်းသွားရအောင် ငါကဘာလဲ.."

"ဦးကပ်စီးလေ.."

Edit လုပ်နေရင်း မော်နီတာပေါ်မှာ စူးစိုက်နေသည့်မျက်လုံးကကြီးဆီရောက်လာသည်။ ပေါက်ကြီးက သူ့မျက်လုံးကို ဂရုမစိုက်ချေ့ပိုတိုးလာပြီး.. ၊

"နေပါဦး..ဒါကျတော့ အလကားစားရမှာကို မသွားဘူးလား.."

"ပီကေ..မင်းတော်တော်စကားများပါလား.."

"မင်းကမများဘဲနဲ့ ပဟေဠိပေါင်းများစွာဖြစ်နေတာ..နေ့လည်တုန်းကတော့.."

"အဲ့ဒါမင်းတို့တစ်ဝမ်းတစ်ခါး ကောင်းကောင်းကန်းကန်းစားစေချင်လို့.."

"ညြော်..အဲ့မှာမှ သွားမစားရရင် ငါတို့ကငတ်ရမယ်ပေါ့.."

"မင်းတို့ပဲ ငက်လှချေရဲ့လို့ အော်နေတာလေ.."

မော်နီတာကိုကြည့်ရင်း တစ်ခွန်းမှမကျန်အောင်လည်း ပြောနေနိုင်တဲ့သူ.. ၊

"မင်းကိုတော့ ပြောဖို့လိုလာပြီ.."

"ပြော.."

"မင်း ရွှေသိုက်နဲ့ဖြစ်ဖြစ် တစ်ယောက်ယောက်နဲ့မြန်မြန်ယူတော့.."

"မယူတော့.."

"မင်းလိုကောင်က ကျွတ်တမ်းဝင်ဖို့မှ မရှိတာ.."

ပြောပြီး လက်ပါခါ၍ နေရာမှထသွားသည်။ မင်းမျက်နှာက ထိုင်ရာမထဘဲ ရယ်နေကာ.. ၊

"ရွှေသိုက်နဲ့ငါ ဘာတွေဖြစ်နေနေ တုတ်တစ်ပြတ်ခားတစ်ပြတ်ထိဖြစ် ဘာတွေဖြစ်ဖြစ် လိုက်ကြည့်မနေနဲ့.."

"ဘာ.."

ပေါက်ကြီးက ရှုံ့မဲ့နေကာ... ၊

"ငါတို့က အိမ်ရှေ့ပူ အိမ်နောက်မချမ်းသာလေ.."

"ခြံပြင်ထွက်နေလိုက်.."

"မင်းမျက်နှာ..မင်းပိုက်ဆံချွေတာတာလေး ပိစိညောင့်တောင်လောက်ဖြစ်ဖြစ် လျှော့လိုက်စမ်းပါ၊ တကယ်ပါပဲ သူများဆီကလည်ဘာတစ်ခုမှ မတော်လောဘနဲ့ မလိုချင်ပါဘူးဆိုတာလေး ကယ်နေလို့..

"ဟား ဟား ဟား.."

"ဟုတ်တယ်..မဟုတ်ရင် မင်းတော့သွားပြီ.."

"ဘာသွားတာလဲ.."

"လွတ်သွားမှာလေ..မင်းဘောင်လွတ်ချင်နေပြီ၊ သိုက်ကပညာပေးတော်

...သည်း မအောင်မြင်.."

"သူပညာပေးတာ ငါကခံရအောင် ငါကရောပညာမဲ့မို့လို့လား.."

နာရီကြည့်ပြီး နေရာမှထသည်။ ပြီးတော့ အဝတ်အစားလဲတဲ့အထိ...ယောက်သားစကားပြောမပျက်ရှိကာ.. ၊

"သူဘာပြောပြော ငါ့ကိုပဲ..မင်းတို့အနေသာကြီး.."

"နေ့လည်ကတော့ ငါတို့လည်းမျိုချနေကြတာလေကွာ.."

"သူက ငါမျိုချဝါးမျိုနေတာကိုပဲ ပြောချင်တာ.."

"အဲ့ဒါရောကောင်းလို့လား..ကပ်စီးနဲ့တဲ့အပြင် မျက်နှာပြောင်တဲ့ဘွဲ့...ဆပ်ရဦးမယ်.."

"ရပေ့စေ..သူနဲ့ငါ စစ်ခင်းနေတာ၊ သူနဲ့ငါပဲသိတယ်..ကြာတယ်ကွာ၊ ...မင်းဆက်လုပ်ထားလိုက်..ငါသွားမယ်.."

"ဟမ်.."

ဒင်နာသွားမယ်မှန်းသိကာ ပေါက်ကြီးက မော်နီတာဆီလှမ်းကြည့်...ခေါင်းခါ၏။

"မဖြစ်ဘူးထင်တယ်နော်..မင်းကသူများလုပ်ရင်လည်း စိတ်တိုင်းကျ...မဟုတ်ဘူး.."

"အဲ့လိုနဲ့ဘာမှမလုပ်ရင် ဘာမှဝိုင်းလုပ်လို့ရမှာ မဟုတ်တော့ဘူး..ငါ...တိုင်းကျဖို့ဇို့မတွေးနဲ့၊ ငါတို့ရိုက်ထားတာတွေ အကောင်းဆုံးရုပ်လုံး...ဘဖို့လို့တွေး.."

ရေမွှေးဆွတ်နေရင်း ဒီညဘာပွဲညာပွဲဆိုတာအတွက် ဖိတ်ထားကြ...ည့် မော်ဒယ်လ်တွေဆီက ဖုန်းသံတွေကို ကြားနေရသည်။

"မင်းနည်းနည်းတော့ ပြောသင့်တယ်.."

"နည်းနည်းမှ...ပြောချင်ဘူး.."

မင်းသမီးလုပ်...တာတွေ ပရိုဂျူဆာမို့ ဂုဏ်ယူချင်တာတွေ အားလုံး...မျှော်လင့်ချက်မျ...းစွာနဲ့ဖြစ်သည်။ ကိုယ်လည်းလုပ်မပေးနိုင်တာတွေ...ဟန်ဆောင်နှစ်...မ်မှုတွေလည်း မပေးချင်။ နောင်တစ်ချိန်ချိန်ဆိုတဲ့...လင့်ချက်တွေ...ည်း အားနာပေးမပေးချင်။ ထို့ကြောင့် ဖုန်းနှစ်လုံးနဲ့...ပ်ရှုပ်နေသည့် ပေါက်ကြီးကို မင်းမျက်နှာတစ်ချက်မှ လှည့်မကြည့်ဘဲ...ဘ်လာခဲ့၏။ ဒင်နာသည် Royal View မှာဖြစ်ကာ နာမည်

ကျော်အနုပညာရှင်တွေချည်း နည်းတာမဟုတ်။ ထို့ပြင် အနုပညာ
မဟုတ်သော စူးစူးကိုသူခေါ်လာခဲ့ရသလို သိုက်ကလည်း ပရိုဂျူ
သားအဖနဲ့တွဲလျက် တက်ရောက်လာခဲ့ပြီး.. ၊

"ဟော..မင်းမျက်နှာပါလား၊ ဟေး ဟေး..မင်းကိုမြင်လိုက်ရတာ
ထူးအဆန်း.."

ရဲဆက်ရဲ့ဖခင် 'မင်းသားကြီးရုပ်ရှင်'ပရိုဂျူဆာဦးအောင်မိုးက
မျက်နှာကို နှစ်ယောက်တွဲမြင်လိုက်ရသဖြင့် မျက်ခုံးတွေပင့်၍ တအံ့တ
ရယ်မောနှုတ်ဆက်၏။ လူကြီးပီပီ အလုပ်ကိစ္စအပြင် တခြားအကြောင်
ရာ လူမှုရေးကိစ္စတွေကို အမှတ်တမဲ့နေခဲ့တာမို့ သိုက်နဲ့မင်းမျက်နှာစေ့
ထားသည့်ကိစ္စကိုလည်း မသိခဲ့ဘဲ.. ၊

"မင်းလက်ထပ်လိုက်တာလား.."

"အဲ.."

မဟုတ်ဘူးလို့ပြောဖို့ရှိကာမှ စူးစူးကသူ့လက်ကိုဆွဲချိတ်၍ ရင်ဘ
နဲ့ ပါကပ်မှီထားလိုက်သဖြင့် 'အင်း အဲ'ဖြစ်နေတုန်း.. ၊

"ဖေဖေကလည်း ဒါမေးခွန်းတွေမေးရမယ့် နေရာမဟုတ်ဘူးလေ..
ဟွန်း.."

ရဲဆက်က မပွင့်တပွင့်ပြောပြီး သိုက်ရဲ့လက်ဖဝါးလေးကို ဖိဆု
ထားလိုက်သည်။ သိုက်နဲ့မင်းမျက်နှာ မျက်လုံးချင်းဆုံသွားသည်။ ပြီ
တော့ ရဲဆက်ကိုင်ထားသည့်လက်ဆီ မင်းမျက်နှာရဲ့မျက်လုံးတွေရောက်
သွားလျှင် ရုန်းလိုက်သည့်လက်ကိုတောင် ပြန်ထည့်ထားလိုက်ပြီး.. ၊

"ဟိုစားပွဲမှာထိုင်ရအောင်ကိုရဲ.."

"အိုခေ..ဖေဖေ ဒီဘေးမှာဦးသန့်တို့နဲ့ထိုင်ပါလား.."

ခုံတွေကျဲပေမယ့် စားပွဲတွေက စားပွဲရှည်တွေစီစဉ်ထားတာဖြစ်
သည်။ ထို့ကြောင့် လူကြီးတွေသပ်သပ်ထိုင်ကြပေမယ့် နေရာချင်းကသိပ်
မကွာ။ မင်းမျက်နှာနဲ့စူးစူးတို့ထိုင်လိုက်တော့ သိုက်တို့စုံတွဲနှင့် ထောင့်
ဖြတ်ပုံစံ အနည်းငယ်အလှမ်းကွာ၏။

စားစရာတွေက ဆူရှိနဲ့အသားကင်တွေအပြင် ရေခဲမုန့်တွေလည်း
ကြိုက်သလိုယူစားလို့ရသည်။ Buffet ဆိုပေမယ့် ထိုင်နေသည့်လူတွေ
အတွက် အားလုံးဆောင်ရွက်ပေးနေသည့် ဝန်ဆောင်မှုလည်းရှိနေသေ

ည်။

"ကိုလေးစားဖို့ပါ စူးတစ်ခါတည်းယူခဲ့မယ်နော်.."

"မယူနဲ့လေ..ဒီမှာစားစရာတွေ အများကြီးပဲဟာ.."

စိတ်ထဲမှာ ခံရခက်နေတာလား..မတင်မကျဖြစ်နေတာလား ခိုးလိုခု
ကျန်နေတာတော့ သေချာ၏။ ဦးအောင်မိုးက မသိဘူးဆိုရင်တောင်
ကိုဘေးမှာထားပြီး ပြောတဲ့ပုံစံကဘာလဲ.. ၊ သူများကိုအပြစ်တင်
ကိုယ့်ကိုယ်ကိုပြန်တွေးကြည့်လိုက်သည်။ သူကလည်း အဲ့လိုပြော
ရာ ပုံပေါက်နေခဲ့တာမဟုတ်လို့လား..၊ စူးစူးဆိုတဲ့ကောင်မလေး..။
ကောင်မလေးနဲ့ပတ်သက်မိတဲ့အချိန်တိုင်း ဒီလိုပုံစံတွေ အပြောခံရ အ
ခံရပြီး အသက်ရှုကျပ်ရတာအမြဲတမ်း။ စိတ်ကဟိုရောက်ဒီရောက်နှင့်
လုံးကသိုက်ဆီရောက်သွားပြန်သည်။ သူမက ငပိရောင်လည်ကပ်
ပြတ်ဇာအထူနှင့် ဇာမှာပါသည့်အပွင့်မျိုးနှင့် နားဆွဲလေးက တလှုပ်
ထို့ပြင် နှုတ်ခမ်းနီရော အိုင်းရှဲဒိုးကအစ ငပိရောင်လက်လက်လေး
တင်ထားသေးသည်။ မင်းသမီးမို့ ပြင်တတ်ဆင်တတ်တာ သိပေမယ့်
ဘဲလှနေတာလည်း သိသော်ငြား မမြင်ဘူးခဲ့တဲ့အတိုင်း သူငေးခနဲဖြစ်
သည်။

"ငါတို့ကတော့ ကိုမင်းတို့နဲ့ထိုင်မယ်ကွာ.."

"အဲ့ဒီမှာ မန်နေဂျာကြီးဝိုင်းပြောင်းလာတာ ကိုမင်းရေ..ငါတို့ကိုသစ္စာ
ကပြီး မင်းဆီသွားတာ.."

"သြော်..အင်း ကျေးဇူး.."

စိတ်ကလွင့်သွားသဖြင့် မော့ကြည့်ပြီးကျေးဇူးတင်လိုက်ရသည်။ ဘာ
တော့မသိ.. ၊

"သိုက်..ပင်လယ်စာကြိုက်လား၊ ကိုယ်ပုဇွန်ကင်ပေးမယ်.."

"ဟင်..အင်း ဟင့်အင်း၊ နေပါစေ..ဗိုက်သိပ်မကောင်းလို့.."

"ဒါဆိုဝက်သားလည်း မကောင်းဘူး..အမဲသားကင်ပေးမယ်.."

"ဟင့်အင်း..အမဲသား သိုက်လုံးဝမစားဘူး၊ နေပါစေ..ကော်ဖီပဲ
ကတော့မယ်.."

ဘကယ်ဆိုကော်ဖီလည်း မသောက်ချင်တော့ပေ။ သိုက်ဗိုက်ထဲမှာ
ယ်ကို တရစ်ရစ်နာလာတာဖြစ်သည်။ ထိုစဉ် ဖုန်းကမြည်လာသဖြင့်

ဖွင့်ကြည့်လိုက်တော့ ပန်းစကား.. ။

"ဖုန်းလာတာလား...ဒီမှာပဲပြောလိုက်ပါလား၊ ထသွားလည်း အ
ရောက်အောင်ထွက်ရင် အဝေးကြီး.."

ရဲဆက်ကအလိုက်မသိပေမယ့် ပန်းစကားရဲ့ဖုန်းပဲမို့ သိုက်က
ညိတ်ပြီး နားနားကပ်လိုက်ကာ.. ။

"ဟလို.."

"သိုက်..ဘယ်လိုလဲ၊ နင့်ကိစ္စ ခုထိဘာမှမထူးသေးဘူးလား.."

သိုက်ရဲ့မျက်လုံးတွေ မင်းမျက်နှာဆီရောက်သွားသည်။ မကြည့်
မြင်လျက်သားပါလား...။ မင်းမျက်နှာကို စူးစူးဆိုတဲ့တစ်ယောက် အ
ကင်လုပ်ကျွေးနေတာ ပါးစပ်ထဲခွံ့ပေးမလို ဇွတ်အတင်း။ မင်းမျက်နှာ
ရှောင်နေပြီး မျက်လုံးကဒီဘက်ရောက်လာသည်။ သိုက်မျက်နှာလွဲ
ကာ.. ။

"မထူးပါဘူး...မထူးတာလား သိပ်မဖြစ်လိုက်တာလားပဲ.."

"နင်သေချာမလုပ်လိုက်ဘူးလား...ပြောတော့ဖြင့်မိုးလားကဲလာ

"လုပ်တာပေါ့မိပန်းရယ်..အင်း.."

ဗိုက်ထဲကရစ်လာသည့်အဖြစ်ကြောင့် .. ။

"ဒါပဲဟာ..သူ့ကိုလည်းကြည့်မနေနိုင်ဘူး၊ ငါ့မှာလည်း ကိုယ့်
နဲ့ကိုယ်.."

"ဟဲ့..နင်ရဲဆက်နဲ့သွားတာလား.."

"အေးပါဆိုမှ.."

ဖုန်းချလိုက်သည့်အချိန်မှာ သိုက်မျက်နှာမှာ ချွေးစို့နေပြီဖြစ်

"တွေ့ပြီကိုကို့ကို.."

"ဟင်..အဲ ချမ်းမီ.."

"အဲ့မှာကျပ်နေတာပဲ..လာပါ ချမ်းတို့ဟိုထောင့်မှာသွားထိုင်ရအော

ရဲဆက်တစ်ယောက် ပိုင်ရှင်ပေါ်သွားသလို အတင်းလက်ဆွဲ
နေရသဖြင့် ရှုန်းမလိုငြင်းမလိုမျက်နှာနဲ့ပဲ နေရာမှထရပ်လိုက်ရက

"သိုက်..ကိုယ်ခဏပဲနော်.."

"ရတယ်.."

ကင်လက်စအသားညော်နဲ့တွေက သိုက်ကိုပိုပြီးနှိပ်စက်နေသ

ခေါက်ထပ်လှမ်းကြည့်မိတော့ မင်းမျက်နှာကလည်း ဖုန်းပြောနေရင်း သူမ
ကို လှမ်းကြည့်နေတာနှင့်ဆုံ၏။

"အ..ကျွတ် ကျွတ်.."

သွားပြီဆိုတာကို သိလိုက်သည်။ သူမဘာဖြစ်နေပြီကိုသိလိုက်ကာ
ကိုးတိုးကို ဖုန်းခေါ်လိုက်သည်။ သို့သော် စက်ပိတ်ထားပါသည်လို့ ဖြေ
ကြားလိုက်ရသဖြင့် တက်ခေါက်မိကာ။ သူမဘာလုပ်ရမလဲ..။ အိမ်သာ
ခြံနှင့်ဆုံးဝင်ခွင့်ရမည်ဆိုရင်တောင် ဒီကနေထဖို့ ခက်ခဲနေပြီဖြစ်သည့်အ
ခြေအနေသည်.. ။

"အား.."

ရယ်သံတွေ စကားသံတွေနှင့် အကင်နံ့တွေအားလုံးက သူမအတွက်
ကျနေသလိုဖြစ်လာ၏။ ဖုန်းပြောနေရင်း မင်းမျက်နှာရဲ့မျက်လုံးတွေ
စားပွဲပေါ်တင်ထားသည့် သိုက်ရဲ့လက်ချောင်းလေးတွေဆီ ရောက်
သွားသည်။ လက်ချောင်းသွယ်သွယ်လေးတွေက တစ်ခုခုကိုစိတ်ဆိုး၍
ဒါသတကြီးလက်သီးဆုပ်လိုက်သလို တင်းတင်းကျပ်ကျပ်ဖိဆုပ်သွား
သည့်ပြင် ကတုန်တယင်ဖြစ်နေသေးသည်။ သူမမျက်နှာငဲ့သွားလိုက်
သေးကိုလွဲလိုက်ဖြစ်နေပေမယ့် အံကြိတ်လိုက် နှုတ်ခမ်းကိုက်လိုက်ကို
သေချာမြင်နေရ၏။ တစ်ခန်းလုံးလင်းနေသည့် မီးရောင်အောက်မှာ
ရုပ်ရိပ်တချို့နှင့် တချို့မျက်နှာတွေက မှောင်ရိပ်ကျနေသေးသည်။ သိုက်က
ဘာ့ တမင်ငဲ့ထားတာ သိသာပါသည်။ ရဲဆက်ကိုကြည့်လိုက်တော့
သည်း နောက်ကစားပွဲမှာ ထိုင်တော့မထိုင်ပေမယ့် အတော်ရှင်းနေရသည့်
ရှိ၏။

သူမဘာဖြစ်နေတာလဲ..။ ရဲဆက်ဟိုမိန်းကလေးနဲ့ပါသွားလို့ ဒေါ
သဖြစ်နေတာလား...။ သူမကိုခြုံငုံအကဲခတ်ရင်း ဒေါသတွေဒီလောက်ဖြစ်
နေစရာလိုလို့လားဟု တွေးမိလာ၏။ ထို့ကြောင့် သူမမျက်နှာမှောအလာ
ကို စူးစိုက်ကြည့်နေရင်း စောင့်သည်။ သိုက်မျက်နှာလေး ရှုံ့မဲ့ရင်း သူ့ဆီအ
ကြည့် ရောက်လာ၏။ ဒီတစ်ခါ မျက်နှာလွဲမသွားဘဲ ငိုတော့မယ့်အတိုင်း
ကြည့်နေလျှင်.. ။

"ဘာဖြစ်လို့လဲ.."

နှုတ်ခမ်းလှုပ်ရုံ မေးဆတ်မေးလိုက်လျှင် သိုက်ဘာမှမဖြောဘဲ ဆတ်

ခနဲ့ငံ့သွား၏။ သူမဗိုက်နှိပ်နေတာလား.. ၊

"ကိုလေး..ဒါလေးစားလိုက်ရော့၊ အသည်းဖက်လေး.."

မင်းမျက်နှာက သိုက်ကိုငေးနေသည်။ စူးစူးကအသည်းဖက်လေးကို တဖူးဖူးမှုတ်နေရင်း နှုတ်ခမ်းနားကပ်ပေး၏။

"နေစမ်းပါ.."

အမှတ်တမဲ့ လက်ပြန်ဖယ်ထုတ်ပစ်မိကာ.. ၊

"ဟာ..ဆောရီး.."

ကမန်းကတန်း ပြန်တောင်းပန်ရင်း.. ၊

"ခဏလေး.."

"ဘယ်ကိုသွားဦးမှာလဲ..စူးလည်းဘာမှမစားရသေးဘူး.."

"စားလိုက်လေ..သိုက်နဲ့ပြောစရာရှိသေးလို့.."

"ဘယ်လို.."

အသည်းဖက်လေးကို တူနဲ့ညှပ်လျက်လေးကိုင်ရင်း စူးစူးတအံ့တည်လိုက်ကြည့်၏။ သိုက်ရှိနေတာကို အစတည်းကမြင်ပေမယ့် သူလည်းသူ အတွဲနဲ့မို့ စိတ်ထဲမှာမရှိခဲ့ပေ။ မင်းမျက်နှာထသွားမှ မျက်စိတဆုံးလိုက်ကြည့်နေမိ၏။ သိုက်ကတော့ မင်းမျက်နှာအနားရောက်လာတာနှင့် လက်ကိုလှမ်းကိုင်ထားလိုက်ကာ.. ၊

"အရမ်းဗိုက်နာနေလို့.."

"ဟင်.."

တစ်ခုခုမကောင်းတော့ဘူးဆိုတာထင်လို့ ထလာတာပါ။ ဒါပေမယ့် ဒီလောက်အခြေအနေဆိုးနေမည် မထင်ခဲ့ပေ။ သူ့ကိုကိုင်လိုက်သည့် သိုက်ရဲ့လက်ဖဝါးမှာ ချွေးတွေနဲ့စေးထန်းအေးစက်နေတာ သိလိုက်ကာမှ..၊

"နေဦး..တွိုင်းလက်ဘယ်မှာလဲမေးလိုက်ဦးမယ်.."

"ဟင့်အင်း..အား မရတော့ဘူး.."

"ဟ..မရလို့ဖြစ်မလား၊ မင်း..ကျွတ်.."

ဘေးကလူကလည်း လှည့်ကြည့်ပေမယ့် သိုက်တီးတိုးပြောနေတာမြင်တော့ ဘာမှမမေးဘဲ ပြန်လှည့်သွား၏။

"ခဏလေးပဲ.."

မင်းမျက်နှာ ပုဆိုးစနှစ်ဖက်'မ'၍ တလွှားလွှားလျှောက်ခဲ့သည်။

[illegible]ခံစားနေရတာကိုကြည့်ကာ ကိုယ်ပါရောယောင်ချွေးပြန်လာတာမို့ [illegible]သာရှာရတာ အပြေးအလွှား။ သိုက်နဲ့မင်းမျက်နှာ စကားကပ်ပြောနေ[illegible] မြင်သည်နှင့် ရဲဆက်ဒီဘက်ပြန်လှည့်ဖို့ ကြိုးစားသည်။ သို့သော်[illegible]ခီက သူမရဲ့အစ်မတွေနဲ့ မိတ်ဆက်ပေးရင်း ဘယ်လိုမှစကားဖြတ်[illegible]ရ။ သူကြည့်နေတုန်း မင်းမျက်နှာပြန်လျှောက်လာတာ မြင်နေရ၏။ [illegible]တော့ နှစ်ယောက်သားလက်ချင်းချိတ်၍ ထွက်သွားကြသည်။ ခုနကပဲ [illegible]လက်ချင်းထပ်ဆုပ်ထားသေးတာမို့ ချက်ချင်းကြီးမင်းမျက်နှာနဲ့ ပူး[illegible] လက်တွဲသွားလျှင် ဦးအောင်မိုးကလည်း လှည့်ကြည့်၏။

"ကြည့်မနေနဲ့ကိုအောင်မိုးရေ..အဲ့ဒီနှစ်ယောက်က အကြီးအကျယ်[illegible]ထားတာ.."

"ဟင်..ဟုတ်လား.."

ကပ်လျက်မိတ်ဆွေတစ်ယောက်က ပြောပြလိုက်သဖြင့် ဦးအောင်မိုး[illegible]ခုံးတွေ ပင့်တက်သွားသည်။ ခုနကပဲ ကိုယ့်သားနဲ့လက်ချင်းတွဲလို့။ [illegible]ကြည့်တော့လည်း သားတော်မောင်က မိန်းကလေးတစ်ဖွဲ့နှင့်။ ဘယ်[illegible]ငယ်တွေလဲ..ဘယ်လိုချိတ်ဆက်ပတ်သက်နေကြတာလဲ..၊ ဦးအောင်[illegible]နားမလည်နိုင်ဖြစ်နေပေမယ့် ချိတ်ဆက်တွေလွဲကုန်သည့် ရဲဆက်က[illegible]တို့ကိုလိုက်ရှာနေကာ သိုက်နဲ့မင်းမျက်နှာသည်.. ၊

"ရှေ့မှာလှေကားသုံးထစ်လောက်ဆင်းပြီးရင် ရောက်ပြီ.."

"လူစောင့်နေရမှာလား.."

"ဒါတော့ဘယ်လိုသိမှာလဲ..အိမ်သာဘယ်မှာလဲပဲမေးခဲ့တာ၊ ဟိုမှာ.."

အိမ်သာတွေကို လှမ်းမြင်ရတော့ တစ်လုံးတတံခါးပွင့်နေလျက် ကျား[illegible]ထားပုံလည်း မရှိ.. ၊

"လူတော့မတွေ့..အဲ.."

ပြောနေတုန်း နောက်ကနေ ခပ်ဝဝလူတစ်ယောက်က ကားသော့ကြီး[illegible]လွှဲလွှဲနှင့် ခြေလှမ်းကျဲကြီးတွေနဲ့ လျှောက်လာတာမြင်လိုက်ရသည်။

"မြန်မြန်လျှောက် လူဦးသွားဦးမယ်.."

သိုက်ခများလည်း အပြေးတပိုင်းလျှောက်ရှာ၏။ ရေးကြီးသုတ်ပျာ[illegible]လာသည့် ယောက်ျားကြီးတစ်ယောက်၏ ခြေလှမ်းနဲ့ကျတော့ သမင်[illegible]လှမ်း ကျားတစ်လှမ်း.. ၊

"ဒီမှာ..ဒီမှာအစ်ကို.."

သိုက်ကျန်ခဲ့တော့မှာကို သိလိုက်တာနှင့် မင်းမျက်နှာက ထိုလူလေး ကို လှမ်းဆွဲထားလိုက်ကာ.. ၊

"အစ်ကို့ကိုကျွန်တော်မြင်ဖူးသလိုပဲ..အဟွန်း.."

"ဟင်.."

ထိုသူကြောင်တောင်တောင်ဖြစ်သွားစဉ် သိုက်ကအိမ်သာဆီရောက် သွားခဲ့၏။ မင်းမျက်နှာက လှမ်းကြည့်ပြီ ပြုံးလိုက်လျှင် ထိုသူသော် ပေါက်သွားကာ.. ၊

"မင်းကအိမ်သာဦးချင်လို့ငါ့ကို.."

"အဲ..ကျွန်တော်လူမှားတာနေမှာပါ၊ ကျွန်တော်သိတဲ့လူက အစ်ကို လို ဥပတိရုပ်မကောင်းပါဘူး.."

ဒေါသထွက်ချင်သည့်မျက်နှာက ထွက်ရန်း မထွက်ရန်း အီတီတီဖြစ် သွား၏။

"အစ်ကိုက အသားလတ်တယ်..အရပ်လည်းမြင့်တယ်၊ ဟုတ်ပါ တယ်..အစ်ကိုကပိုပြီး ကြည့်ကောင်းတာကို မှားပဲမှားတတ်တယ်ဒီမျှ လုံး၊ အဟွန်း...ဆောရီးပါအစ်ကိုရာ.."

ပြောနေတုန်းမှာ အိမ်သာတစ်လုံးက အားသွားလျှင်.. ၊

"အစ်ကိုသွားမလို့မို့လား...ဟိုမှာလူထွက်သွားပြီ၊ သွားပါ..ကျွန် တော်ကရတယ်..အစ်ကိုသွား.."

စကားနည်းရန်စဆိုပေမယ့် ဒီတစ်ခါရန်စဖို့အတွက် မင်းမျက်နှာ ပက်မဝင်အောင်ပြော၍ အိမ်သာထဲအရောက်ပို့လိုက်ရသည်။ ထိုသူသည် ခံလိုက်ရမှန်းလည်းသိကာ ဒေါသဖြစ်ဖို့လည်း ခက်နေလျက်နှင့် အိမ်သာ ထဲဝင်သွားခဲ့သည်။ မျက်နှာကြီးကတော့ မှုန်ကုတ်ကုတ်။ အဝါရောင်အိမ် လုံး၏အလင်းရောင်က လုံလောက်သော်လည်း အိမ်သာနှစ်လုံးရှိနေသည် ကြားမှာတော့ မှောင်ရိပ်ကျနေ၏။ မင်းမျက်နှာထွက် သွားမလိုပြင်လိုက် ပြီးမှ အခြေအနေကိုကြည့်ပြီး ရပ်စောင့်နေလိုက်သည်။ သိုက်ကအတော် ကြီးကြာမှ ထွက်လာကာ.. ၊

"ဗိုက်ကရစ်နေတုန်းပဲ.."

"မပြီးသေးလို့ဖြစ်မှာပေါ့..နေစမ်းပါဦး ဒီလောက်အကြာကြီးလုပ်နေ

ဘာတောင်မပြီးတာက.."

"သူ့ဟာသူမပြီးတာ ဘယ်လိုလုပ်တတ်နိုင်မှာလဲ..ဒီမှာခံစားနေရတဲ့ သူဆဲ.."

"လေသံကိုလျှော့ပြော..ဒီမှာမင်းကြောင့် အချိန်ဘယ်လောက်ထိခိုက် သွားလဲသိလား.."

"အား.."

ဟင်.. ၊

အိမ်သာရှေ့ကခွာလာတာ ခြေဆယ်လှမ်းလောက်ပဲရှိသေးသည်။

"ဘာဖြစ်လို့လဲ.."

"ဗိုက်..ဗိုက်နာပြန်ပြီ.."

"ထပ်သွားချင်တာလား.."

"အင်း.."

"ဟား.."

သိုက် ဗိုက်ကိုနှိပ်ကာ တော်တော်နဲ့ပြန်မလာည့်နိုင်.. ၊

"ကဲ..သွားချင်ရင်လည်း သွား၊ ဘာတွေဒီလောက်တောင်စားသောက် ဘာမှန်းမသိ.."

"ဘာမှမစားဘူး...ရှင့်ကိုလုပ်တဲ့ဟာ သိုက်ဘာသာပြန်ထိသွားလို့.."

ဟင်.. ၊

ရုတ်တရက်နားမလည်သလိုဖြစ်သွားသည်။ ပြီးတော့ သိလိုက်၏။ ပေမယ့် ဘယ်တုန်းကလဲ..။ မင်းမျက်နှာ တအံ့တသြပြန်ကြည့်လျှင် သိုက်ကမျက်နှာလေး လွဲ၍ လှည့်ထွက်သွားရင်း.. ၊

"နေ့လည်က အိမ်မှာ..ရှင့်အအေးထဲကို ဝမ်းနှုတ်ဆေးတွေ နှင်းကန် သည့်လိုက်တာ၊ အဲ့ဒါဘယ်လိုလုပ် ခွက်မှားသွားပြီး..အား မရတော့ဘူး.."

"မရလည်းကြိုက်တဲ့နေရာမှာ လုပ်လိုက်တော့..အဲ့ဒီလောက်ထိ သ ဘာကောင်းရအောင် ကျုပ်ကရဟန္တာသူတော်စင် မဟုတ်ဘူး.."

"ဟင်..ဟာ အဲ့လိုမလုပ်ပါနဲ့.."

သူချာခနဲလှည့်ထွက်သွားလျှင် သိုက်ကအတင်းပြန်ဆွဲထားကာ..၊

"ရှင်အဲ့လောက်တောင် သဘောထားသေးရလား..သိုက်ကဝန်ခံနေ ဘာတောင်.."

"မင်းဝန်ခံတာ ဘာလုပ်ရမှာလဲ..ဒီနေရာမှာ ငါသာဆို မင်းလက်ချ
တီးပြီး ရယ်နေမှာ၊ မရဘူး...လုံးဝပဲ.."

"မင်းမျက်နှာ..ရှင့် အား.."

"ဟာ..ဟေ့.."

သိုက်ကအသည်းအသန်လိုက်ဆွဲလျှင် သူ့ပုဆိုးစကို ဆွဲမိပြီး...၊

"ဟိတ်..အတင်းမဆွဲထားနဲ့လေ.."

မျက်လုံးစုံမှိတ်ညည်းရင်း သိုက်မလွတ်တမ်းဆွဲထားသဖြင့် ပုဆိုးက
ထိန်းရင်း သူမနားပြန်ရောက်သွား၏။ ထိုစဉ် အိမ်သာလာသောလူငယ်
တစ်ယောက် အနားကဖြတ်သွားလျှင်.. ၊

"ဒီမှာညီလေး..ညီလေး.."

ခေါ်လည်းခေါ်ကာ မမီတမီကနေ မရမကလှမ်းဆွဲထားလိုက်ပြီး

"ငါ့ညီကအဆင်ပြေသေးတဲ့ပုံပါ..ခဏထပ်စောင့်နော်၊ ဒေါ့..သွား
လေ.."

သိုက်ကိုတွန်းလွှတ်လိုက်ရင်း ကောင်လေးရဲ့လက်ကို အမြန်ရဖို့ဆွဲ
ထားရလျက်.. ၊

"အဟွန်း...သူကမအောင့်နိုင်တော့လို့ ဒီမှာပဲထိုင်ချမလိုဖြစ်နေတာ
ကျေးဇူးနော်..လေဒီဖက်စ်.."

"ခင်ဗျားဗျာ.."

ကောင်လေးက ဆောင့်အောင့်ရုန်းလိုက်ပြီး စူပွပွ.. ၊

မင်းမျက်နှာ ကိုယ့်ကိုယ်ကိုဘာမှန်းတောင် မသိတော့ပါ။ ရုပ်ရှင်ပ
ရိုဂျူဆာလား..။ သွားလမ်းသာ၍ လာလမ်းဖြောင့်ဖြူးရေး စီစဉ်ညွှန်ကြား
သူလား.. ၊

♥♥♥♥♥

အခန်း(၃၁)

"မင်းရဲ့သွားလမ်းလာလမ်းအားလုံးက မိန်းကလေးတွေရှိရာချည်းပါ
...ဒီပုံစံနဲ့ မင်းကနာမည်ကျော်ဒါရိုက်တာဖြစ်ချင်သေးတယ်..ဟွန်း.."

ဦးအောင်မိုးက နှုတ်ခမ်းကိုအကျည်းတန်အောင်မဲ့လိုက်ပြီး ပိုက်ဆံ
အုပ်လိုက်ပုံနေသည့် စားပွဲနောက်မှာ ဝင်ထိုင်သည်။ ရဲဆက်ကတစ်
ချောင်းတန်အုပ်တွေထဲက တစ်အုပ်ယူပြီး ဂျာကင်အိတ်ထဲထည့်လိုက်ရင်း၊

"အခု မိန်းကလေးတွေမဟုတ်တော့ဘူးဖေဖေ..တားဂတ်က ရွှေသိုက်
သွားပြီ.."

မျက်မှန်တပ်လိုက်ပြီးမှ ဆတ်ခနဲပြန်ဖြုတ်၍ သားဖြစ်သူကိုမော့
ကြည့်ကာ.. ၊

"အဲ့ဒါကိုပဲပြောနေတာကိုရဲ့..မင်းက မင်းမျက်နှာကိုပြုံင်နေတာလား၊
ဘားလုဘက်ဖြစ်နေလို့လား.."

"ရည်စားထားဖို့ကို ကျွန်တော်ကလုစရာလား.."

"ဒါဖြင့်.."

"သူ့လိုလူက ကျွန်တော်တွဲနေတဲ့ မိန်းကလေးကိုရသွားတယ်ဆိုရင်
ငါ့ရိုင်းတာပေါ့.."

"ရာဇဝင်ကောင်းဖို့က မင်းကိုယ်မင်းနဲ့ပဲဆိုင်တယ်.."

"ဖေဖေပဲ 'ကံမရှိညာဏ်ရှိတိုင်းမွဲ'ဆို.."

"ဟ..ဒါက.."

"ကံကိုကံချင်းမပြိုင်နဲ့ ဆိုတာကရော.."

"ငါလေ..ကျွတ်.."

"ဟုတ်ပါတယ်..ဖေဖေပဲပြောတာ၊ ကျွန်တော်ကမွေးတည်းက လိုချင်တာရ ပြည့်စုံခဲ့တဲ့သူ..သူကပိုက်ဆံကို မသာပါးစပ်ထဲက လိုက်နှိုက်ပြီး တစ်မတ်ငါးမူးနဲ့ ကြက်လိုယက်ပြီး ရှာခဲ့ရတာ.."

"အဲ့ဒီတော့ မင်းသာမဟာကံထူးရှင်ပေါ့.."

"ကိုယ့်ဘဝနဲ့ကိုယ်ဆိုတာ ပြောပြတာပါ.."

"ဘယ်သူ့ကိုလဲ.."

"ဖေဖေလေ..ဖေဖေကကိုယ့်သားကို ပင်ပန်းစေချင်တဲ့ စကားတွေ ပြောနေတာပဲ၊ ဖေဖေ့မှာဖေဖေ့အရည်အချင်းကောင်းတွေကိုပြဖို့ မေမေ လည်းမရှိတော့ဘူး၊ သားတစ်ယောက်ပဲရှိတော့တာ.."

ဦးအောင်မိုးရဲ့ ဒေါသရိပ်သမ်းလာသည့် မျက်နှာကြီးကို ရဲဆက်က မျက်နှာလွှဲထားကာ.. ၊

"ကျွန်တော့်တောက်ပခြင်းက ဖေဖေ့ရဲ့.."

"မင်းကိုယ်မင်းတောက်ပအောင် လုပ်နိုင်ရမယ်လို့ရော မတွေးမိဘူး လားကိုရဲ့..မင်းအသက်ဘယ်လောက်ရှိနေပြီလဲ.."

"ဖေဖေရာ..ကျွန်တော်အိမ်ထောင်မကျမချင်း မိဘဆီမှာ.."

"အေး..ဒီတိုင်းပဲတွေးပြီးနေ၊ အိမ်ထောင်ကျတော့မှ မိန်းမကိုဘယ်လို ရှာကျွေးမလဲစဉ်းစားပေါ့.."

"ဟား ဟား ဟား.."

"ဘာလဲ..ဘာသဘောကျစရာပါလို့လဲ.."

"ရွှေသိုက်က မင်းသမီး..ဖေဖေကပရိုဂျူဆာ၊ ကျွန်တော်ကဘာလုပ် ရဦးမှာလဲ.."

ဦးအောင်မိုးက ထိုင်ရာကနေထရပ်လိုက်ပြီး ခါးထောက်၍.. ၊

"ရွှေသိုက်ကိုမင်းက လက်ထပ်ဖို့ထိ စဉ်းစားနေတာလား.."

"ဘာလို့လဲ..ဖေဖေကသဘောမတူဘူးလား.."

"သူ့မိဘက မင်းနဲ့သဘောတူပါ့မလားတွေးစမ်းပါ..အဲ့ဒီမင်းသမီးက ...သူနဲ့ မတူဘူးလို့ငါကြားတယ်.."

"ဟား ဟား ဟား .."

အားပါးတရရယ်လိုက်ပြီးမှ.. ၊

"အဲ့လိုရယ်ရင် ဘာရယ်တာလဲမေးဦးမယ်..ဟား ဟား ဟား.."

ရဲဆက်မျက်ဝန်းတွေမှာ အထင်မြင်သေးခြင်း ကိုယ့်ကိုယ်ကိုယုံ ...မှုလွန်ကဲခြင်းစသည့်အရိပ်တို့ဖြင့် ရယ်လက်စမသတ်ဘဲ လှောင် ...နေခဲ့ရင်း.. ၊

"အဲ့ဒါအားလုံး အမျိုးမျိုးသော ကျော်ကြားနည်းတွေပါဖေဖေရာ..ဖေ ...ားကို ကြည့်လိုက်ပါ၊ ရွှေသိုက်လိုစုတ်ပြတ်သတ်နေတဲ့ မင်းသမီးကို ...လိုအသာလေးကောက်ယူလိုက်မလဲဆိုတာ.."

ဦးအောင်မိုးက ခါးထောက်မပြတ်သေးဘဲ စိုက်ကြည့်နေ၏။ ပြီး ... အသာလေးခေါင်းညိတ်ကာ.. ၊

"ကောက်ယူလို့ပဲဖြစ်ဖြစ် ကောက်မရလို့ပဲဖြစ်ဖြစ် လိုချင်တာမရတဲ့ ...မင်းစိတ်ဘယ်လိုဖြစ်မလဲပဲ ငါစောင့်ကြည့်ပါ့မယ်.."

"ဖေဖေက ကိုယ့်သားကိုအထင်သေးနေတာကိုး.."

"မသေးပါဘူး..မင်းကိုယ်မင်းအထင်ကြီးလွန်းနေတယ်ဆိုတာ အသိ ...ကမကျပါစေနဲ့ဆုတောင်း.."

ရဲဆက်မျက်နှာတော့ ပျက်ချင်သည်။ သူကမင်းမျက်နှာကို ပြိုင် ...ယ်နေတယ်ဆိုရင်တောင် ဘာအကြောင်းနဲ့ပဲဖြစ်ဖြစ် ကိုယ့်သားကို ...ပေးသင့်တာ မဟုတ်ဘူးလား..။ ပြီးတော့ လုပ်ငန်းပြိုင်ဘက်ချင်း..၊ ...သားမင်းသမီးတွေကအစ True Loveနဲ့ပြိုင်ပြီး ရက်ချိတ်ပြီဆို ကိုယ့် ...ကိုပါလာရင်တောင် အင်တင်တင်။ True Loveက ဇာတ်လမ်းတွေ ...ကြိုက်တာတို့ True Loveမျက်နှာက ကိုယ်တိုင်ဇာတ်ရေးတာ ဇာတ် ...ကောင်းတာစသဖြင့် အနုပညာလောကမှာ True Loveမျက်နှာ ...တာ သတင်းတွေကြီးမားထွားကျိုင်းနေလိုက်တာမှ။ ကိုယ်ကဝိတ်ရှိနေ ...ကိုက်။ လူကြီးမို့ဒါတွေမလိုက်ချင်တော့ရင်တောင် ကိုယ့်သားနဲ့ဆို ...ယ်ချင်း.. ၊

"ငါ့သားချစမ်း..ကုန်ချင်သလောက်ကုန်ပေ့စေ၊ အဲ့ကောင်ကိုအပြုတ်

ဖြုတ်စမ်း..ဘာညာ"တွေ အားပေးအားမြောက်ပြုသင့်တာမဟုတ်ဘူး
စိတ်ထဲမှာတင်းသွားသဖြင့် စကားစပြတ်သွားပြီးမှ.. ။
"ဖေဖေ့.."
ဦးအောင်မိုးက စားပွဲမှာပြန်ထိုင်ပြီး မျက်မှန်ပြန်တပ်လိုက်ပြီး
လည်းမကြည့် စိတ်ဝင်စားပုံလည်းမပြ.. ။
"ကျွန်တော်နယ်ထွက်ပြီး ရုပ်ရှင်ရိုက်မှာ.."
"ဘာ.."
ရဲဆက်က မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်ပြီး.. ။
"အဲ့ဒါ လိုကေးရှင်းကြည့်ဖို့ ခရီးသပ်သပ်သွားဖို့မလိုဘဲ နှစ်ဖက်
လမ်းအဆင်ပြေအောင် မင်းမျက်နှာတို့နဲ့သွားမလို့.."
"ဒီမှာလည်း ကားကြိုးရိုက်နေတာ ပြတ်မှမပြတ်သေးတာကို..ဪ
ဦး၊ နယ်ထွက်ရိုက်ဖို့ ပြင်ဆင်ထားတဲ့ဇာတ်ရှိလို့လား.."
"ရှိပါတယ်.."
ဖြေပုံက အေးစက်စက် မလှုပ်တလှုပ်မို့ ဦးအောင်မိုးသဘောပေါ်
သွားသည်။ ပြီးတော့ မျက်နှာပြန်လွှဲပြီး စာရင်းတွေဖွင့်နေရင်း.. ။
"ကိုယ့်ကိုယ်ကို အမြဲတမ်းဆန်းစစ် ဆင်ခြင်ရတယ်ကွ..ညည
လာတိုင်း မနက်ကငါဘာလုပ်ခဲ့သလဲ မနက်မိုးလင်းသွားတိုင်း မနေ့က
ဘာလုပ်ခဲ့သလဲ.."
စကားပြောတိုင်း ရှေ့မပါ နောက်မပါ ပြောချင်ရာပြောပြီး အ
သတ်သွားတတ်သည့် ဦးအောင်မိုးစကားကို ရဲဆက်က နားစိုက်ထော
နေ၏။ နာခံချင်တာတော့ မဟုတ်။ စကားအဆုံးမသတ်ခင် ဘာပြောလို့
မှန်း မသိလိုက်မှာစိုးလို့.. ။
"လုပ်ခဲ့သမျှ မှန်ရဲ့လား..မှားခဲ့တာရှိရင် ဘာကြောင့်လဲ၊ အမှားအ
တွေကို ယှဉ်တွဲမြင်တတ်လာမှ ငါဘယ်လိုလူဖြစ်ခဲ့သလဲဆိုတာသိတ
အခုဘယ်လိုလူဖြစ်နေပြီလဲဆိုတာ ပေါ်တယ်၊ အဲ့ဒါကြောင့်စဉ်းစား
ဒီမှာပဲအဆုံးသတ်၏။ ဒါကတော့ သူ့အတွက်စဉ်းစားဖို့မလိုပ
မနေ့တစ်နေ့ကလည်း သူ့ဌေးသားဒီနေ့လည်း သူ့ဌေးသား။ ပြောင်းလဲတ
ဘာမှမရှိ.. ။

♥♥♥♥♥

"မဟုတ်ရပါဘူးမင်းသမီးရယ်..ဘုရားစူး မိုးကြိုးပစ်.."
"တော်စမ်းပါ..ဘုရားစူးမှာတော့ မဟုတ်ဘူး၊ မုန်တိုင်းတွေဒီလောက်
ဆိုင်တွယ်နေတာ နင့်ကိုမိုးကြိုးပစ်ရင် ငါတို့ပါစက်ကွင်းမလွတ်ဖြစ်ဦး
မယ်.."
ဒဲတ်တိုလွန်းလို့ မျက်စောင်းထိုးရတာတောင် အားမရနိုင်။ ရှိစီ
ညည်း တိုးတိုးကိုသက်ာမကင်းကြည့်နေဆဲရှိကာ.. ။
"အအေးဘူးကို နင်မလဲဘဲ ဘယ်လိုလုပ်မှားရတာလဲ..သိုက်ကသေ
ယ်ထားတဲ့ဟာ.."
"ဟုတ်ပါတယ်ဆို..မသိရင်တမင်လုပ်သလိုပဲ၊ အဲ့တစ်ဘူးကိုလည်း
ငါမထားမိဘူး...ဗန်းထဲမှာ အအေးဘူးတစ်ဘူးနေရာလွတ်နေတာမြင်
ရေခဲသေတ္တာထဲက တစ်ဘူးယူထည့်လိုက်တာ.."
"သြော သြော..ဒါကျတော့ အော်ခေါ်ခိုင်းနေစရာမလိုဘဲနဲ့.."
ဘိုးတိုးက နှုတ်ခမ်းလေးစူပြီး ခေါင်းကုတ်နေကာ.. ။
"ဒည့်သည်တွေအတွက် အန်တီလေးပျာယာခတ်နေတာနဲ့ တမင်ဝင်
ရောပါ..အဲ့ဒါဘယ်လိုဖြစ်လို့ စေတနာကဝေဒနာဖြစ်သွားရမှန်း မသိ

ဘူး၊ မင်းသမီးအအေးဗန်းယူသွားပြီးကာမှ အဲ့ဒါကိုတွေ့တော့ ရေခဲ
တွာထဲ ပြန်ယူထည့်မိပြန်ရော..”

“တော်ပါတော့..ယုံကိုမယုံဘူး၊ နင်ဟာမင်းမျက်နှာကိုမြင်လို
နဲ့ ခြေတုန်လက်တုန်ဖြစ်နေတာ..”

“ဖြစ်နေလည်း ကိုယ့်မင်းသမီးကိုယ် မျော့မျော့ပဲကျန်အောင်
လုပ်ကြပါ့မလားသိုက်ရယ်..”

တောင်းပန်တော့လည်း မျက်နှာငယ်လေးနဲ့ပင်။ သိုက်က
ဘက်ကို လှည့်သွားကာ.. ၊

“နင်ရောဘာထူးလဲ..အဲ့တစ်ယောက်ဘက်က ခပ်ပါပါ..”

“ငါကအကျိုးသင့် အကြောင်းသင့်ပြောပြရုံပါဟယ်..ဖြစ်ကြပြီ
တော့ ကိုယ့်လူဘက်ကပဲ ပါမှာပေါ့..”

“တော်သေးတာပေါ့..ဟွန်း..”

“လူမမာကလည်း အိပ်ရာထဲသာလဲနေတယ်..လှည့်ပတ်ရန်ရှာ
လိုက်တာ အဖြေမတတ်ရင် ခုန်အုပ်တော့မလားပဲ..”

“ဘယ်မှာလဲတာလဲ..ဒူးတုန်ရင်တုန်နေတာကလွဲရင် အကောင်း

“ဘယ်နေရာကပဲတုန်တုန် အဲ့ဒါတရားနဲ့ဖြေလေ..ကိုယ့်အကုသို
ကိုယ်..”

ပြောရင်း ဒေါ်တင်တင်လတ်က ဝင်လာသည်။ လက်ထဲမှာ ရေ
ဘူးတစ်ဘူးကိုင်လာသော်လည်း.. ၊

“ရော့..ဓာတ်ဆားရေ..”

“ဟာ.အန်တီလေးကလည်း..”

“အန်တီလေးကမလဲနဲ့..ဝမ်းသွားတဲ့လူက ဓာတ်ဆားပဲသောက်ရ
ရေသန့်ဘူးကို စားပွဲပေါ်ချထားလိုက်ပြီးမှ သိုက်ကိုလှည့်ကြည့်က

“မျက်ကွင်းတွေညိုနေပြီ..ခရီးသွားရဖို့က ရှိသေးတယ်၊ ဘာဖြစ်
များ မကောင်းတဲ့စိတ်တွေဝင်နေတာလဲသိုက်ရယ်..ဟင် ခုတော့ကြည့်
ဦး၊ ကိုယ်ကြံစည်တာလည်း ပေါ်သွားသေးတယ်၊ ဖြစ်လိုက်တာကော
ကောင်း ကြားမကောင်း..”

“သိုက်ဘာသာဝန်ခံလိုက်လို့ပါ..မဟုတ်ရင် ဘယ်သူသိမှာမို့လို့လဲ

“ဝန်ခံရတဲ့အကြောင်းကရော ဘာလို့လဲပြောပါဦး..”

ဒီလိုပြန်မေးတော့ ကိုယ်ကအဒေါ်ဖြစ်ပြီး ‘ညာလိုက်ပါလား’လို့ တိုက်
တွန်းနေသလိုကြီး။ ဒါပေမယ့် လုပ်ပြီးကာမှ ဝန်ခံခြင်းမခံခြင်းက ဘယ်လို
အရေးပါတော့လို့လဲ.. ၊

“အေးဟေဟယ်..ဟိုကထားမသွားဘဲ ပြန်စောင့်ပေးခဲ့တာကံ
ကောင်း..”

ရှိစီကလည်း အပြစ်တင်၏။ သိုက်ကတော့ ဒီလိုမမြင်ပါ.. ၊

“ဝန်ခံရင်ခွင့်လွှတ်ရမှာပေါ့..ခုတော့ ငါကပြောပြလိုက်ကာမှ ချက်
ချင်းပြန်လှည့်သွားတာ ကြည့်ဦး..”

“ကြည့်ဖို့မလိုဘူးလေ..နင်အလူးအလဲဖြစ်နေတာကို သူသာခံရရင်ဆို
ဦး လန့်သွားမှာပေါ့၊ ကိုယ့်ကိုမကောင်းကြံခဲ့တာ သိသိနဲ့ ဘယ်သူက..”

“ရှိစီနော်..ငါစိတ်တိုနေတာသိလား..”

အဒေါ်ကိုမပြောရဲတိုင်း ရှိစီကိုပဲကြိမ်းဝါးနေမိလျှင် ဒေါ်တင်တင်
လတ် မဲ့တဲ့တဲ့မျက်နှာကြီးနှင့်.. ၊

“ကိုယ့်ဘာသာလည်း ပြန်စဉ်းစားပါဦး..သွားတော့ ရဲဆက်နဲ့သွား
တယ်၊ အိမ်သာတက်ချင်လို့ခေါ်တော့ မင်းမျက်နှာ..အဲ့ဒါဘယ်လိုဖြစ်ရတာ
လဲ..”

သိုက်မဖြေတတ်ဘဲ ကြောင်တက်တက်ဖြစ်သွားသည်။

“အဟီး..မသိစိတ်က အားကိုးနေတာတွေလေ၊ အဲ့ဒါဓာတ်ဓာတ်ချင်း
ဆိုတာ..”

တိုးတိုးကပြောပြေးပြေးသည်။ ရှိစီနဲ့ဒေါ်တင်တင်လတ်က သူမ
အဖြေကို နားစွဲနေရင်း.. ၊

“ဟုတ်သားပဲသိုက်..မင်းမျက်နှာက စူးစူးဆိုတဲ့တစ်ယောက်နဲ့လာ
တယ်၊ နင်ကလည်း..”

“ကိုရဲက..”

ဟိုတစ်ယောက်နဲ့ပါသွားတာ မြင်ယောင်လိုက်ပေမယ့်.. ၊

“ထပြီး ဖုန်းပြောနေတယ်လေ..”

“အင်း..ဒါဆို မင်းမျက်နှာနဲ့စူးစူးနဲ့ရှိနေတာကို နင်ကသွားခေါ်တာ
ပေါ့..”

သူက သိုက်ကိုပဲလှမ်းကြည့်နေခဲ့တာ ပြန်တွေးမိသည်။ ဖုန်းပြောနေ

တာတောင် မျက်လုံးကသိုက်ဆီမှာဖြစ်ကာ ဗိုက်နာတဲ့ဝေဒနာကို သူဒေ
ပြင်းအထန် ကြိတ်မှိတ်ခံစားနေရသည့်အဖြစ်ကိုလည်း သူ့ဘာသာအော
ခတ်မိပြီး သူပဲလှမ်းမေးခဲ့တာ..။ ဒါပေမယ့်.. ၊

"ပြောလေဟာ.."

"မသိပါဘူး..ငါရုပ်ပျက်ဆင်းပျက် ဖြစ်နေတာ သိသွားတာနေ
ပေါ့.."

"သိတော့.."

"သူမေးလို့ ငါပြောလိုက်တာ.."

"သူကဘယ်လိုမေးတာလဲ..နှင်တို့ကတစ်နေရာစီ မဟုတ်ဘူးလား
အိမ်သာတက်ချင်နေတာကြီးကို လူမသိအောင် နင်ဘယ်လိုပြောပြလိုင်
တာလဲ.."

"ဟား.."

"ဩော်..ရုပ်ပျက်ဆင်းပျက်ဖြစ်နေတာကို သူတောင်အကဲခတ်မိတာ
ရဲဆက်တို့ အနားကလူတွေတို့ အများကြီးရှိတယ်လေ..နင့်ကိုအကဲမခ
မိရင်တောင် နင်တို့မေးကြ၊ ဖြေကြတာတွေကို မသိဘဲနေမလားလို့..အဲ့
ဒါ အဲ့ဒါ.."

"ဟာ..မသိဘူး၊ အိပ်ချင်လာပြီ..ထွက်ကြတော့.."

သိုက်ခေါင်းမြီးဆွဲခြုပစ်လိုက်သည်။ သူတို့မေးနေတာနဲ့ပဲ သူနဲ့ကိုယ်
က ဘာလိုလိုတွေဖြစ်နေရပြီ။ ဒီလို ပုတုတု ဂရုဂရောင်လူကို ဘာလုပ်
ဖို့လဲ.. ၊

"အံမယ်..လူမမာက ဒါတွေထုတ်ကြည့်ဖို့တော့ အဆင်ပြေနေသား.."

ရှိစီကလည်း ကိုယ့်အခန်းကို ပြန်ဖို့ထတပါ။ ဒါပေမယ့် သိုက်
ကစောင်ဆွဲခြုံလိုက်တော့ ခြေရင်းမှာ စောင်ပုံအောက်ရောက်နေသည့် အ
ဝါရောင်ပလပ်စတစ်ဘူးကြီးက ပေါ်လာသောကြောင့်.. ၊

"ဒါဘာတွေလဲ..မှန်မှန်ပြောနော်.."

သိုက် ခေါင်းမြီးခြုံလေး ပြန်ပွင့်သွားသည်။ ဒေါ်တင်တင်လတ်က
လည်း ဘူးကိုလည်ပင်းရှည်ကြည့်သည်။ သိုက်က ခြုံထားသည့်စောင်
ကို ဆွဲခွာပစ်လိုက်ပြီး ထထိုင်လိုက်ကာ ဒေါ်တင်တင်လတ်ကို မလုံမလဲ
ကြည့်ကာ.. ၊

"လိုချင်တာရှိလို့ယူလာတာ.."

"ကိုယ့်ပစ္စည်းကိုယ်ပဲအေ..ဘာကြောင့်ယူယူ ယူရင်ယူတယ်ပေါ့၊ ရှင့်
ကိုလည်း ဘယ်သူကမှ သူခိုးမဖမ်းပါဘူး..အဲ့ဒီမှာ ဓာတ်ဆားရေသောက်
ဦး.."

ပြောချင်တာပြောပြီး ပြန်ထွက်သွားသည်။ ရှိစီက ဘူးကိုဆွဲယူ
ကြည့်ကာ.. ၊

"ငါတောင်တစ်အိမ်တည်းနေပြီး မသိပါလား..ဧကန္တ ဒါရည်းစားက"

"ငါ့မှာဘယ်ရည်းစားရှိလို့လဲ."

"အယ်..သိပြီ.."

ဘူးထဲက လက်စွပ်ဘူးကိုမြင်သွားလျှင် ဆိုးဆိုးဆတ်ဆတ်ယူဖွင့်
ကြည့်ကာ.. ၊

"လက်စွပ်နှစ်ကွင်းဆိုတော့.."

သူမအပြေးအလွှားစဉ်းစားသည်။ သို့သော်.. ၊

"ဒါရဲဆက်ပေးတာလားဟင်..နင့်ကိုလက်ထပ်ဖို့.."

"ဘာတွေချော်တွေးနေတာလဲ..ကိုရဲနဲ့ဘာဆိုင်လို့လဲ.."

"မသိဘူးလေ..နင့်မှာစေ့စပ်လက်စွပ်က ဝတ်ထားပြီးသား စေ့စပ်
ထားပြီးသားကို၊ ဒါက.."

"အဲ့ဒါပဲလေ..လောဘကြီး အီးလောက်ရဆိုတာ.."

"ဘယ်လို.."

"ဟိုဦးကပ်စီး.."

"ပရိဏ္ဏာဆာ.."

"ဟုတ်တယ်..အဲ့ဒီစိန်လက်စွပ်ကြီး ဝယ်မှလားလို့ ဆတ်ဆတ်ခါ
ခြစ်သွားတာ၊ ခုတော့ နှစ်ခါကုန်သွားတာပေါ့.."

"ဟုတ်လား..ဒါဆိုနင့်လက်က.."

"အန်တီလေးကိုယ်တိုင် ဝယ်ပေးခဲ့တာ.."

"သူကဘာမှမပြောဘူးလား.."

"မပြောဘဲနေမလား.."

သိုက်ကလည်း ရွှေသိုက်ပဲ.. ၊

ဝယ်ခြမ်းပြီး သူပြန်ယူသွားတည်းက ဒေါ်အေးချမ်းမေသိအောင် ဝှ

ပြလိုက်သည်။

"သူအဲ့လောက်မသထာတဲ့ပစ္စည်းကို သိုက်မလိုချင်ဘူး..အဲ့ဒါကြီးလည်း မဝတ်ချင်တော့ဘူးအန်တီ.."

"ဟုတ်ပါပြီ..စေ့စပ်ဖို့ကို အန်တီကိုယ်တိုင်ပဲ ဝယ်ပေးပါ့မယ်၊ အဲ့ဒါတွေကို မေ့လိုက်ပါသမီးရယ်နော်..သားကအဲ့လိုရှိစာတ်ပေမယ့် သဘောထားသေးသိမ်တဲ့ ယောကျ်ားမျိုးမဟုတ်ပါဘူး.."

မအေက သားဖြစ်သူကို ဘယ်လောက်အသေအလဲ စည်းရုံးနေသည်မသိ။ သူဖုန်းဆက်တော့ ဒေါသတွေဇလပွနှင့်.. ၊

"မင်းပဲလိုချင်တာယူတာ မဟုတ်ဘူးလား..မသထာလို့ မလိုချင်ဘူးပြောရအောင် ဒါကဘိန်းမုန့်တစ်ခုလည်း မဟုတ်ဘူး..မင်းတော်တော်တတ်နိုင်ပါ့လား ရွှေသိုက်..လက်လန်တယ်.."တဲ့.. ၊

ပြောပြပြီး သိုက်မဲ့ရွှဲ့နေတော့ ရိုစီက သက်ပြင်းချကာ.. ၊

"နင်ကပြောစရာပဲ..ငါကြည့်သလောက်ဆိုရင် ဖြူလေးပြောတာတောင် မှန်နေပြီ.."

"ဘာလဲ.."

"သူလွန်ကိုယ်လွန်ပဲလေ..သူ့မှာနမျောတယ် တွန့်တိုတယ်ပဲအပြောခံရတာ၊ အချိန်တန်တော့ နင်လိုချင်တာ ရတာပဲဟာ..ဒါတောင် လက်ထပ်ရသေးဘူး.."

"အဲ့ဒီတော့ ဘာဖြစ်လဲ..သူကယောကျ်ားဖြစ်နေလို့ မဟုတ်ရင်ငါ့ပခုံးချင်းတိုက်ပြီး ပြန်လုမှာ မယုံမရှိနဲ့.."

"လုမှသာလုရော..အခုတော့ မဟုတ်ရှာပါဘူး.."

"အောင်မလေးရိုစီရယ်..ဒါတွေငါ့ဆီပြန်ရောက်နေတာ မြင်တာနဲ့ပဲဟွန်း.."

မျက်စောင်းထိုးပြီး ဘူးကိုပြန်ဆွဲယူသည်။ ပြီးတော့ ထုတ်ကြည့်ထားသမျှကို မြန်မြန်ဆန်ဆန် ဆောင့်အောင့်ကောက်ထည့်၍ ဘူးကိုပြန်ပိတ်လိုက်ပြီး.. ၊

"အာ့ကြောင့် ငါ့ဆီပြန်ရောက်နေတာကို ဘယ်သူမှမပြဘဲထားတာ.."

"အဟွန်း.."

"မိန်းမတွေများ ယောကျ်ားနဲ့မိန်းမယှဉ်လာပြီဆို အဲ့ယောကျ်ား

ကောင်းကောင်းမကောင်းကောင်း ကောင်းတယ်ပဲ..မိန်းမချင်းဆို တစ်ခုခုများသွားရင် ဘယ်လိုမှတိုးမရတော့ဘူး.."

"ဟော့နော်..သိမ်းကျုံးမပြောနဲ့.."

"အတူတူပဲ..အစကတော့ ငါ့ဘက်က၊ ခုတော့ မင်းမျက်နှာခမျာ..ဘာဖြစ်ရှာတယ်၊ ညာဖြစ်ရှာတယ်.."

"ဟား ဟား ဟား.."

"သွား သွား...အပြင်မှာသွားရယ်၊ ထွက်.."

"အား..သွားမယ် သွားမယ်၊ သိုက်နော်..ခိ ခိ.."

ခုတင်ပေါ်က အတင်းတွန်းချနေသဖြင့် ရိုစီကမန်းကတန်း ဆင်းပြေးရင်း ရယ်နေလျက်.. ၊

♥♥♥♥♥

ပြောချင်တာ မင်းထက်သာတာတွေထက် မင်းကိုဦးစားပေးတာ ဂုဏ်ယူလိုက်တော့ဆိုတာမျိုး။ သိုက်က မျက်မှောင်ကုတ်ထားတာကို ဖြည်ပြီးရင်း ပြုံးကာ.. ၊

"သိုက်မှာစေ့စပ်ထားတဲ့သူ မရှိရင်တော့ တကယ်ပျော်သွားမလားပဲ."

"ဟာ..အဲ့ဒီကိစ္စကြီးကို ခေါက်ထားစမ်းပါကွာ..မင်္ဂလာဦးညကို ဖြတ်သန်းရသေးဘူးဆိုရင် အဲ့ဒီလူမှာ ရွေးချယ်ခွင့်ရှိသေးတယ်၊ ပြီးတော့ ကမင်းသဘောကျမယ့် လူစားမျိုးလည်း မဟုတ်ပါဘူး.."

"သိုက်ကတော့ အဲ့ဒါ.."

"ကဲပါကွာ..ဒီကသွားရင် ကိုယ်တို့နိုဗို့တယ်မှာ ရှိုးပွဲဝင်ကြည့်မယ်.."

"ဘာရှိုးလဲ.."

ရဲဆက်က သိုက်ဘက်ကငြင်းဆန်ဖို့ရှိလာသည့် စကားလမ်းကြောင်းကို တခြားပြောင်းပြောရင်း ပြုံးလိုက်ကာ.. ၊

"သူငယ်ချင်းကုမ္ပဏီက မင်္ဂလာမောင်နှံဖက်ရှင်ရှိုးလေ.."

"အဲ့ဒါသိုက်ကိုတောင် ဖိတ်ထားသေးတယ်..မေ့နေတာ.."

"အိုခေ..အဲ့ဒီပွဲပြီးရင် ဟိုတယ်လ်မှာခဏနားတာပေါ့..ပြီးမှ.."

"ဘယ်လို.."

သိုက်က ချက်ချင်းပြန်မေးတော့ ခပ်အမ်းအမ်းဖြစ်သွားလျက်.. ၊

"နိုဗို့တယ်ကလည်း သူငယ်ချင်းပဲလေ..စကားလေးဘာလေးပြောဦးကောင်းမှာပေါ့၊ ဘာတွေတွေးနေတာလဲ.."

သိုက်ကခေါင်းခါပြပြီး အအေးကို တစ်ဝက်ကျသွားအောင်သောက်သည်။ ရဲဆက်က သိုက်ကိုစိုက်ကြည့်နေရင်း မချင့်မရဲတွေဖြစ်နေလေသည်။ ဟိုတယ်လ်မှာနားမယ်ဆိုတာ ဘာများဆန်းပြားနေလို့လဲ..။ ခုမှ ရင်းနှီးကြတဲ့လူတွေလည်း မဟုတ်။ သူဘာကြောင့်တစ်ကယ်ပြန်စချင်နေသလဲဆိုတာ ပြောမှသိလောက်အောင် မသိနားမလည်စရာ အကြောင်းလည်းမရှိဘဲ.. ၊

"သိုက်က ကိုယ့်ကိုမယုံဪးဘူးထင်တယ်.."

"ဘာကိုယုံစေချင်တာလဲ.."

"အဟွန်း.."

ပြန်မေးတော့ အသည်းယားသွား၏။ ပုဇွန်ဆီရောင်ရင့်ရင့်အပေါ်

"ဟင်..ဘယ်လို.."

အအေးသောက်နေရင်း နှုတ်ခမ်းမှာတပ်ထားသည့် ပိုက်တံလေးကိုဖယ်ပစ်လိုက်ပြီး.. ၊

"သိုက်နဲ့လိုက်မှာဟုတ်လား.."

"ဟုတ်တယ်လေ..ကိုယ်ကဘယ်သူ့ကြောင့် လိုက်မှာမို့လို့လဲ.."

"အဲ့လိုကတော့ မသင့်တော်ဘူးလေကိုရဲ့.."

ဒီလိုငြင်းလိမ့်မည်လို့ ထင်ထားပုံမပေါ်သော ရဲဆက်မျက်နှာကနားမလည်နိုင်ခြင်းတို့ဖြင့်.. ၊

"ဘာဖြစ်လို့လဲ..ကိုယ်ကမင်းလောက် ကိုယ့်အတွက်ဘာမှအရေးမပါဘူးဆိုတာ သူတို့သိအောင်ကျေညာလိုက်တာပါ..ဒါကြောင့်လည်း မင်းမှာပါဝါတွေအများကြီး တက်သွားမယ်ထင်တာ.."

"သူတို့ဆိုတာက.."

မေးလိုက်တော့ ရဲဆက်ကဂုဏ်ယူသည့်အပြုံးနှင့် ပခုံးတွန့်လိုက်ပြီး..

"ကိုယ်နဲ့ရင်းနှီးသမျှ ဘယ်သူ့မဆိုအားလုံးပေါ့..အဲ့ဒီလူတွေထက် မင်းကို ဦးစားပေးကျေညာလိုက်တာ.."

ထပ်ကုတ်အင်္ကျီလေးနှင့် ပုဇွန်ဆီရောင်နှုတ်ခမ်းလွှာလေးတွေကို စိုက်ကြည့်ရင်း ပင့်သက်ရှိုက်မိကာ.. ၊

"သူများနဲ့ငြိသွားမှ အဖြစ်ဆိုးလာတယ်လို့ ပြောရင်လည်းခံရတော့မှာပဲ..မင်းကအရမ်းလှလာတော့ ကိုယ်မခွာနိုင်တော့ဘူးဖြစ်နေတယ်.."

"သိုက်ကိုရည်းစားစကားပြန်ပြောနေတာလား.."

"ဟုတ်တယ်..ဒါပေမယ့် ပြောဖို့မလိုပါဘူး၊ ကိုယ်တို့က ခုချိန်ထိချွေးသူတွေပဲ..ချစ်နေရင်းဝေးခဲ့ကြတာ.."

"အဟွန်း.."

"ပြောပါဦး..ဘာရယ်တာလဲ.."

"ကိုရဲကကြိုပြီးဝန်ခံထားတော့ ဘယ်လိုပြောရမှန်း မသိတော့ဘူး-ဒါပေမယ့်.."

"ဟိုး...ဟိုး တော်ပြီ၊ ကိုယ်တို့အဲ့ဒါကို ပြန်မစတော့ဘူး..ဒါပေမယ့် အဲ့တုန်းကအတိုင်းသွားမယ်.."

"မဟုတ်ဘူးလေ.."

"မင်းစေ့စပ်ထားတာကလွဲရင် ဘာမှမပြောင်းလဲဘူးကွာ..ထားလိုက်ပါအဲ့ဒီအတိုင်း.."

သိုက်ဆိက ငြင်းဆိုမှုတစ်စုံတစ်ရာကိုမှ ပြောခွင့်မပေးဘဲ သူပဲဆုံးဖြတ်၍ သိုက်လက်ကိုဆွဲသည်။ သွားသမျှဘယ်ဖြစ်ဖြစ် တကောက်ကောက်လိုက်၏။ ဝယ်ခြမ်းသမျှ သူချည်းပဲဝင်ရှင်းသည်။ ကိုယ်လိုချင်သမျှ ဖြည့်ဆည်းပေးနိုင်မည့်ချစ်သူနဲ့ ခုလိုလျှောက်လည်ဝယ်ခြမ်းချင်သည့် အိပ်မက်တွေ သူမမှာဟိုအရင်တည်းက ရှိခဲ့ဖူးသည်။ ပစ္စည်းတစ်ခုရဲ့ တန်ဖိုးဟာ ကိုယ်လိုအပ်နေတုန်းမှာသာ အဲတိုင်းအဆမဲ့ကြီးမားတယ်ဆိုတာ သူမေ့နေသလား.. ၊ ခုကျတော့ ရဲဆက်သည် ဟိုအရင်ကလူမဟုတ်ခဲ့သည့်အတိုင်း ဂရုစိုက်လိုက်လျောမှုတွေ ဗုန်းပေါလအောနှင့်.. ၊

"လာပါကွာ..ပျင်းစရာကြီး၊ 'သင်းမြမြ'စိန်ဆိုင်ကိုဝင်ရအောင်..ကိုယ်မင်းကို လက်ဆောင်ပေးချင်လို့.."

သိုက်ကတွေခနဲဖြစ်သွားစဉ် သူကလက်ကိုဆွဲ၍ ဦးဆောင်ဝင်သွား၏။

"ရှိုးပွဲက ခုနှစ်နာရီကျမှဆိုတော့ အချိန်ဖြုန်းတာပေါ့.."

"ရှိုးပွဲကြည့်မယ်လို့ အန်တီလေးကို ပြောမလာခဲ့ဘူး..ခရီးထွက်ဖို့လိုလေး ဝယ်မယ်ပဲပြောခဲ့တာ.."

"ဒါဆိုလည်း ဖုန်းဆက်လိုက်လေ..သိုက်ကလည်း မြီးကောင်ပေါက်လေးကျနေတာပဲကွာ.."

"မြီးကောင်ပေါက်မဟုတ်ပေမယ့် သိုက်ကနေရာထာကာ ဒီမျက်နှာဖြဖြနဲ့ သွားနေလို့လည်းမကောင်းဘူးလေ.."

"မျက်မှန်ကြီးနဲ့ဦးထုပ်နဲ့ပဲ ဘာမှမဖြစ်ပါဘူး.."

ဒါပေမယ့် တစ်နိုင်ငံလုံးသိနေတဲ့ မင်းသမီးတစ်ယောက်ကို မသိဘဲသေးသည်။ ဘယ်သွားသွားခေါင်းကြီး အတင်းငုံ့ထားပြီး နေပူနေရိပ်ခိုင် မျက်မှန်ကြီးတကားကားနဲ့.. ၊

"ဟိုမှာ ကိုလေးရဲ့ရွှေသိုက်မို့လား.."

ခုးစူးပြလို့ လှမ်းကြည့်လိုက်မိလျှင် သိုက်ကလည်းမြင်သွား၏။ ပြီးငိုင်ထဲလှည့်ဝင်သွားကြသည်။

"စိန်ဆိုင်မှာ ဘာဝယ်ကြမှာလဲမသိဘူးကိုလေး.."

"ဘာဝယ်ဝယ်ပေါ့..သူတို့ကိစ္စ.."

"အဲ့ဒါကိုလေးပစ္စည်းနော်.."

"ဘာ.."

"အဲ ဟို..ကိုယ်နဲ့သက်ဆိုင်တဲ့သူလို့ပြောတာ.."

"သူများကိုစိတ်ဝင်စားမနေပါနဲ့..တစ်ရှူးထုတ်ဝယ်မလို့ဆို မြန်မြန်.."

စိန်ဆိုင်ရဲ့ဘေးက စတိုးဆိုင်လေးမှာ မင်းမျက်နှာက လိုကေးရှင်းအဒီနားရောက်နေတာဖြစ်ကာ စူးစူးနဲ့လည်း ခုလေးတင်ဆုံမိတာဖြစ်သည်။ သိုက်တို့နဲ့လာဆုံနေသည့်အဖြစ်ကိုတော့ စိတ်အနှောက်အယှက်သွားမိလျက်.. ၊

"စူးစူးမပြီးသေးဘူးလား.."

"ပြီးရင်ကိုလေးက ဘာလုပ်မလို့လဲ..စူးစူးကိုလေးနဲ့ပြန်လိုက်မှာ."

"မင်းပဲ ဘော်လီ..အဲ့ အဲ့ဆိုင်ရှေ့မှာ ကားရပ်ထားခဲ့တယ်ဆို.."

"မသိဘူးလိုက်မှာပဲ.."

"အဲ့ဒီလူက ဘာလဲတော့မသိဘူး...ကိုလေးကသက်ဆိုင်သူလေ၊ ဒါ
ပြေးဆွဲပြီး မဏ္ဍပ်တိုင်တက်ပြဖို့မလိုပါဘူး...သူ့လိုပဲတွဲပြလိုက်
ပဲ.."

"မင်းနဲ့.."

"အင်းလေ..စူးစူးက အနစ်နာခံပြီး ကူညီပေးမှာ.."

"ဘာလုပ်ဖို့လဲ..မိန်းကလေးနဲ့ပြိုင်ပြီး ရွဲ့ချိတ်ရအောင်.."

"ကိုလေးကသူ့ကိုစိတ်မဝင်စားဘူးလား...ရင်ထဲမှာ နည်းနည်းတော့
ပြီဆိုတာ ဝန်ခံလိုက်.."

"ကောင်မလေး တမင်လာအစ်နေတာလား...။ တကယ်ကို သူ့အ
ခံရပ်နိုင်ဖြစ်နေတာလား...။ သိုက်ကိုမြင်လိုက်ပေမယ့် သူအဲ့လိုကြီး
ဖြစ်မသွားခဲ့ပါ။ ပြန်တွဲပြမယ်ဆိုတာမျိုးလည်း မတွေးမိခဲ့။ ပြီးတော့
ထဲတွဲဝင်ပြီး ရွဲ့ရင် ကိုယ့်အိတ်ထဲက ခုန်ထွက်ကုန်မှာ ဗလာစာ
အုပ်မဟုတ်.. ။

"ကိုလေးပိုက်ဆံကုန်မှာ စိုးလို့မို့လား...စူးစူးဘာမှမဝယ်ပါဘူး၊ လာ
ကယ်ပါပဲ၊ ပိုက်ဆံကုန်မှာကြောက်လို့များ မျိုသိပ်နေရတယ်လို့.."

စူးစူးအတင်းဆွဲခေါ်နေသဖြင့် သူပါလာခဲ့ရသည်။ သို့သော် သိုက်နဲ့
ဘို့က ပြန်ထွက်လာကြပြီဖြစ်ကာ ဆိုင်အဝင်ဝမှာပဲ မျက်နှာချင်း
ဆိုမိကြ၏။ ကြည့်စမ်း...ကိုယ့်ကိုကျတော့ ကုန်လို့ခမ်းလို့ ပြောလိုက်
ကို။ ဒီကောင်မလေးနဲ့ကျတော့ စိန်ဆိုင်ထဲထိပါလာသေးတယ်..
ကြည့်ပြီး သိုက်မျက်နှာပိုတင်းသွားသည်။ ဒီလောက်ကပ်စီးနဲ့တဲ့လူ
သ့်ကိုမြင်လိုက်လို့ ဝင်လိုက်လာတာမဟုတ်မှန်း သိုက်သေချာသိ
အစတည်းက ဒီဆိုင်ကိုပဲလာတာလို့ ကိုယ့်ဘာသာအဖြေထုတ်
ပြီး.. ။

"ကားကဒီဘက်မှာသိုက်..လာဒီကို.."

ဆက်ကအခွင့်အရေးကို အမိအရယူသည်။ သိုက်ရဲ့ပခုံးလေးကို
နဲ့ထိကပ်သွားအောင် ဆွဲဖက်လိုက်လျှင်.. ။

"အ.."

"အယ်..ကိုလေး.."

သူ့ကိုကိုလှည့်ကြည့်လိုက်မိသည့် မင်းမျက်နှာကိုယ့်ခြေထောက်နဲ့

ပြောပြီး မင်းမျက်နှာနားကို တိုးရပ်လိုက်ကာ.. ။

"စူးစူးကိုလေးနားကို ရောက်ရောက်လာတာ တိုက်ဆိုင်တာလို့
ထင်နေလား.."

ပြဿနာပါလား... ။

မင်းမျက်နှာခေါင်းကုတ်မိမလိုဖြစ်သွားပြီးမှ ဆံပင်သပ်လိုက်ခြင်း
အပြီးသပ်ကာ.. ။

"ကိုလေးကလေ မာနကြီးလွန်းတာလား၊ တုံးတာလား...ဒါမှမဟုတ်
ရင် ဟိုဥစ္စာကြီးလား..."

"ဟာ..ကြည့်စမ်း.."

"ပြောမှာပဲ..ယောကျ်ားဖြစ်ပြီး မိန်းကလေးတွေကို စိတ်မဝင်စား
ဘာလဲ.."

"ဘာဖြစ်ဖြစ် ငါဝင်စားချင်မှဝင်စားမှာပေါ့..ယောကျ်ားဖြစ်ကြောင်း
ပြဖို့ပဲ ရည်းစားထားရဦးမယ်၊ အဲ့ဒါကြောင့် ယောကျ်ားတွေအမျိုးအ
များစွာဖြစ်ပြီး ခွဲခြားမရဖြစ်ကုန်တာ..နောက်ကိုမှတ်ထား၊ ရည်းစား
ပြနေတိုင်း စစ်တယ်မထင်နဲ့..မထားတာနဲ့ပဲ သွေးတိုးစမ်းဖို့လည်း မ
စားနဲ့၊ လူတိုင်းကိုယ့်ဘဝနဲ့ကိုယ်.."

"ကိုယ်ကြိုက်နေတဲ့သူက ကိုယ့်ကိုမကြိုက်ရင်တော့ ကိုယ့်ဘ
ကိုယ်မနေနိုင်ပါဘူး.."

"အဲ့ဒီတော့ လက်ဆွဲပြီး ရည်းစားစကားသွားပြော..ပြန်မယ်.."

"ကိုလေး.."

စူးစူးကလက်ကိုဆွဲထားလိုက်တော့ မင်းမျက်နှာမျက်လုံးပြူး
သည်။ အမှတ်တမဲ့မို့ လက်ကိုရုန်း၍ အလန့်တကြားဖြစ်သွားလျှင်
"အမလေး..သူ့ကိုရည်းစားစကားပြောမှာ ကျနေတာပဲ၊ အခု
လောဆယ် ကိုလေးဘာလုပ်သင့်တယ်ဆိုတာ အကြံပေးမလို့..နားထော
မိန်းကလေးက ဒီလိုပြောတာကျတော့ မျက်နှာပူသွားမိသည်း
ကယ်တော့ အမှတ်တမဲ့မို့ပါ.. ။

"စိန်ဆိုင်ထဲဝင်လိုက်သွားရအောင်.."

"ဟင်..ဘာ.."

ဒီတစ်ခါမျက်လုံးပြူးရတာ ပုဇွန်ဆိတ်ကဲ့သို့.. ။

ကိုယ် ခလုတ်တိုက်၏။ ဟပ်ထိုးလဲမတတ် ပုံပန်းပျက်ကျသွားလျှင်
စူးကအသည်းအသန်လိုက်ဆွဲ၏။ သိုက်လှည့်ကြည့်လိုက်တော့ သူငယ်
ဖက်လျက်သားဖြစ်နေခဲ့ပြီး... ၊

"ဟား ဟား ဟား..."

သိုက်ဖျတ်ခနဲ မျက်နှာလွှဲပစ်၏။ ရဲဆက်က တဟားဟားရယ်
"ကောင်မလေးက ရှည်ရှည်ပိုင်းပိုင်းလေးရယ်..မမီမကမ်းနဲ့သွား
ရတယ်လို့ ဟား ဟား ဟား..."

"ကိုရဲကလည်း တိုးတိုးရယ်စမ်းပါ.."

ရဲဆက်လူတွေသတိထားမိကုန်အောင် တမင်ရယ်ပစ်လိုက်တာ
သိုက်သိသည်။ မင်းမျက်နှာကအရပ်ပုပေမယ့် မိန်းကလေးတစ်ယော
ကို ပုံပန်းပျက်အောင် လှမ်းကျော်ဖက်ရမယ့်အဖြစ်မျိုးတော့ မဟုတ်
ပါ။ ဘာကြောင့်ဆိုတာလည်း မသိဘဲ သူမစိတ်တွေညစ်ထေးရှုပ်ထွေး
ခဲ့လျက်.. ၊

"ဘယ်မှလည်းမသွားချင်တော့ဘူး..ပြန်တော့မယ်.."

"သိုက်.."

ရဲဆက် ကမန်းကတန်းဖြစ်သွားကာ.. ၊

"ကိုယ့်ကိုစိတ်ဆိုးသွားတာလား..ဟိုငပုဘက်က တင်းတာထော
ဟုတ်ဘူးမို့လားဟင်.."

"ကိုရဲရင်ထဲမှာ သူပဲရှိနေတာထင်တယ်.."

"နို့ နို့..မင်းမှမင်းဖြစ်နေလို့ မင်းနဲ့ပတ်သက်နေနိုင်တာတွေပဲ ဆော
ထဲရောက်နေတာ၊ ကိုယ်တစ်ခါတည်းပြောပါရစေ..မင်းကိုလက်ထပ်
တယ်.."

သိုက် မျက်မှောင်ကုတ်သွားသည်။ ကိုယ့်နားကိုယ်တောင်မယုံနိုင်
ဟိုအရင်လွတ်လွတ်ခါခါ သူ့ကိုမှအထင်တကြီးရှိနေခဲ့တုန်းကတောင်
စိုက်မက်မောဟန်မပြခဲ့ဘဲ ဆိုင်သူရှိနေပြီးကာမှ.. ၊

"အခု အဖြေမပေးပါနဲ့ဦး..အဲ စေ့စပ်ပြီးသားရှိတာ ဘာညာ
လည်း မပြောနဲ့နော်၊ ကိုယ်ကစေ့စပ်မှာမဟုတ်ဘူး..လက်ထပ်မှာ..

သိုက်က ပြုံးလိုက်ကာ.. ၊

"ဒါဆို သိုက်ကဘယ်သူအရင်လက်ထပ်ယူမှာလဲလို့များ လေလံ

ခေါ်ဘာလား.."

"လုပ်ပြီကွာ.."

"အဟွန်း.."

သိုက်က သွားတန်းလေးတွေပေါ်အောင် ရယ်သည်။ ပြီးတော့ လှည့်
ထွက်သွားခဲ့၏။ ရဲဆက်ငေးခနဲကျန်ခဲ့ပြီးမှ ခြေလှမ်းကျဲတို့နှင့် ပြန်ကပ်
လိုက်ရင်း... ၊

"မင်းကိုပြန်ရဖို့ ကြိုးစားရင်း ကိုယ့်ရင်ထဲမှာ မင်းကနေရာအကြီးကြီး
ယူနေတာ သိရဲ့လား.."

♥ ♥ ♥ ♥ ♥

ုနေရတာ ဘာကြောင့်လဲ.."

"အမေအကျင့်ပါနေတာဖြစ်မှာပေါ့.."

"ဘာ.."

စိတ်တိုလွန်းလို့ ကလေးသာဆို ဒေါက်ခနဲခေါက်ပစ်မိမလားမသိ။ သို့သော် မင်းမျက်နှာက အနားကခွာသွားပြီးဖြစ်ကာ နာရီပင့်ကြည့်ရင်း..၊

"ဟော့..ခုနှစ်နာရီထိုးတော့မယ်၊ ခြောက်ခွဲလို့ပြောထားတာကို.."

ပြောပြီး ကျွတ်ခနဲဖြစ်၏။ မင်းမျက်နှာမြင်လိုက်ရတိုင်း နာရီကြည့်မည်။ ဖုန်းပြောနေမည်။ ဒီပုံစံတွေချည်းဖြစ်ကာ သူ့မှာပဲအချိန်တွေ တန်းကြီးနေသလိုလို.. ၊

"မင်းသမီးရယ်..ခုမှသွားလို့မီပါ့မလား၊ ဟိုမှာ ပရိဂျူဆာကြီးက ဒေါ်းနေပြီ.."

"သွားမှာသာသွားစမ်းပါ..လက်သည်းဖျက်ဆေး မပါလို့လုံးဝမရဘူး သွားရမှာ တောကြိုးအုံကြားတွေ ပါသေးတယ်.."

"ဒါနဲ့မင်းသမီးတို့ ဇာတိရွာဆို.."

"ဟုတ်တယ်ဟော့..အဲ့ဒီမှာရုပ်ရှင်ရိုက်ဖူးတယ်၊ စည်းကားနေတယ်ဆို ရုပ်ရှင်မရိုက်ဘူးသေးတဲ့ တောရွာထိသွားမှာတဲ့.."

"ဟုတ်လား.."

တိုးတိုးရှုံ့မဲ့သွားသည်။ နဂိုတည်းက ကိုယ့်ပရိဂျူဆာက နှမျောအိုး။ ဒီကားအတွက် ခရီးစရိတ်တွေနှုတ် နှာမည်ကြီးမင်းသားကြေးတွေတွက်နဲ့ ဘာမှာဘယ်လောက် ငက်လိုက်မလဲ.. ၊

"ပူမနေနဲ့တိုးတိုး...ငါ့ရွာမှာစတည်းချမှာ၊ ငါသဘော.."

သိုက်ကလည်း တိုးတိုးမျက်နှာပျက်သွားတာနဲ့ သိသည်။ ခပ်မဲ့မဲ့ပြုံးလိုက်ပြီး အားပေး၏။ စိတ်ထဲမှာတော့ သန့်ချင်ချင်ရယ်။ ကိုယ့်ကို အနုပညာကြေးတွေ ပြန်ပေးထားရသည်။ ကိုယ့်ကြောင့် ဟိုလိုကုန်လိုက် ဒီလိုကုန်လိုက်။ စာစ်ခုခုပညာပြန်ပေးတော့မှာက သေချာ၏။

"သွားပါ မြန်မြန်..ဖယ်၊ ငါဘာသာခိုးမယ်.."

"ခက်တော့တာပဲ..အဲ့ဒီစတိုးဆိုင်က ဖွင့်ပါဦးမလားမသိဘူး၊ ပရိဂျူဆာကြီးကို ဘယ်လိုကျော်သွားမလဲ.."

"ငါသမီး ဒီမနက်ထွက်လာပါတော့မလားပဲ.."

ရွှတင်အဖွဲ့တွေ ခရီးထွက်တော့မည်ဆိုတော့ ဒေါ်အေးချမ်းမေကိုယ်တိုင် သိုက်တို့အိမ်ထိပါလာပြီး မင်းမျက်နှာနဲ့သိုက်ကို စိတ်မချနိုင်စွာ..

"တစ်နယ်တစ်ကျေးမှာနော်..ရန်ပဲဖြစ်မနေကြနဲ့.."

"အလုပ်လုပ်ဖို့သွားတာ ဖြစ်စရာလားအမေရာ.."

ဒေါ်အေးချမ်းမေက သားနှားကိုပိုတိုးလိုက်ပြီး ခပ်ကြိတ်ကြိတ်..၊

"မင်းကိုပဲအမေစိတ်မချတာ မင်းမျက်နှာ.."

"ဩော်..ကိုယ့်သားကိုပဲ မယုံတာ.."

"မဟုတ်ဘူးလေ..ဘယ်နေရာဖြစ်ဖြစ် မိန်းမသားကို ဦးစားပေးရမယ်ပြီးတော့ မင်းရဲ့ ချွေတာ သေချာ ကြိုးစားရှာဆိုတဲ့ စာအုပ်ကြီးနဲ့ နေရာတကာတိုင်းပြီး ဘယ်နေရာဖြစ်ဖြစ် တွန့်တိုမယ်..ခိုင်းချင်သလိုခိုင်းမယ်.."

"အမေလိုက်ခဲ့ပါ့လား.."

"ဘာ.."

"ပိုစိတ်ချချင်ရင် ပြောတာပါ.."

ပြောပြီး မချိုမချဉ်ဖြစ်သွားတော့ ဒေါ်အေးချမ်းမေစိတ်တိုကာ..၊

"မအေကိုရွဲ့တယ်ဟုတ်လား..အဲ့လိုပိစိကွစတွေထိ ဒီအမေကလိုက်

တိုးတိုးထွက်သွားတာနဲ့ ဒေါ်တင်တင်လတ်ဝင်လာကာ.. ။

"ပစ္စည်းအားလုံး ကားပေါ်တင်ပြီးနေပြီ..လူပဲကျန်တော့တာ၊ ဘယ်လိုလဲသိုက်ရေ.."

"ပြီးပါပြီအန်တီလေးရာ..တကယ်ပဲ ဟိုပုဂ္ဂိုလ်အော်နေတာ နားငြီးတဲ့အထဲ.."

"ငြီးဦးမှပဲအေရယ်..သူတို့ရောက်လာတာပဲ တစ်နာရီလောက်ရှိတော့မယ်.."

"ဘယ်သူကစောစောထလာပါပြောထားလို့လဲ..ဒီခရီး ဘယ်လိုသွားသွား ညနေဆိုရောက်သွားမှာပဲ၊ အပိုတွေ.."

"သိုက်.."

"ရှင်.."

"ညည်း အဲ့လိုအလုပ်အပေါ် လေးနက်မှုမရှိသလိုလို စီးပွားရေးစီးမဝင်စားသလိုလို အဲ့ဒီလိုအမူအရာတွေ အရမ်းအဆင်ဆိုးတယ်နော်သိုက်"

နောက်ဆုံး လက်သန်းလေးတစ်ချောင်းကိုပဲ အေးဆေးမဆိုးနိုင်တော့ပေ။ မြန်မြန်လက်စသပ်ပြီး လက်သည်းနီဘူးပြန်ထည့်လိုက်သည်။

"တော်သေးတာပေါ့..ခြေသည်းတွေညတည်းက ဆိုးထားလို့.."

"လက်သည်းတွေပါ ညတည်းကဆိုးထားရမှာကျတော့ သတိမရလား..ခိုင်းရမယ့်သူအနားမှာ ရှိတာတောင်မှ ခိုင်းဖို့လေးကို အပျင်းထူတာ မပြောချင်တော့ဘူး.."

"တော်သေးတယ်.."

"ဘာတော်သေးတာလဲ.."

"အဲ့ဒါလည်းကြားတာပဲ.."

ပြောပြီးတာနှင့် ထလစ်ဖို့ကြိုးစား၏။ ဒေါ်တင်တင်လတ်က လက်ကိုပြန်ဆွဲထားကာ.. ။

"မိန်းကလေးတစ်ယောက်က ပေါ့ပျက်ပျက်ပြောဆိုနေထိုင်တာ မကောင်းဘူး.."

"အဲ့ဒီလူ နေရာတကာ ခဲ(ဂဲ)ဆွဲနေတာနဲ့ သိုက်ကအလွှင့်ဖြစ်နေလား.."

"ဘာ..အဲ့ဒါဘာစကားတွေလဲ.."

"သူဘာသာဘာပဲလေးနက်လေးနက်..သူကသူ သိုက်ကသိုက်ပဲဟာ၊ အန်တီလေးရော အန်တီအေးရော ဘာမှန်းကိုမသိဘူး..အဲ့လူနဲ့သိုက် နည်းနည်းမှမတည့်မှန်းသိသားနဲ့ စေ့စပ်ပေးတယ်၊ ဘယ်နေရာမှလည်း စိတ်ချကြဘူး..လုပ်ပြီးရင်လည်း လွှတ်ထားလိုက်ပါလားလို့.."

"ကြည့်စမ်းပြောပုံက.."

"ကိုယ်ဖြစ်ကိုယ်ခံ မှားရင်မှောက်အိပ်ဆိုပြီး.."

"အေး..အဲ့ဒါညည်းမွေးတဲ့ ညည်းရဲ့သားသမီးတွေကျမှ မှောက်အိပ်နိုင်း ဂျမ်းထိုးခိုင်း..ခြေထောက်နှစ်ချောင်းကပူးပြီး အိမ်တိုင်မှာဇောက်ထိုးဆို.."

"ဖွ..ဖွ ပြောရက်လိုက်တာ အန်တီလေးနော်.."

သိုက်စွေ့စွေ့ခုန်လေသည်။

"သူများကလေးလေးတွေ သူတို့ခမျာ ဘယ်ဆီနေမှန်းတောင်မသိသေးဘူး.."

ဒေါ်တင်တင်လတ် မမုန်းသည့်ဒေါသတွေနှင့် သိုက်ရဲ့လက်မောင်းကို ဖြန်းခနဲရိုက်ပစ်လိုက်၏။

"အ.."

"ပြောတာတောင် မခံနိုင်ဘူးဟုတ်လား..အဲ့ဒါပဲ အဲ့ဒါမိဘကိုစော်ကားဦး.."

"အား...သေပြီ၊ နာတယ်နော်..တကယ်နာသွားပြီ.."

လက်သည်းနီပျက်မှာစိုးကာ လက်မောင်းကိုပွတ်တာတောင် လက်ချောင်းတွေကို ဖြန့်ကားထားလျက်နှင့် ကိုးယို့ကားရားနိုင်လျက်.. ။

"သွားမယ်..တကယ်ပဲ၊ အရမ်းလက်ပါတာပဲ..အဲ့ဒါကြောင့် ယရစ်ပြုကြီးဖြစ်နေတာ.."

"ဟဲ့..အဲ့ဒါ အော်သွားစရာလား.."

ဘေးလူတွေကြားမှာစိုးကာ ဒေါ်တင်တင်လတ် ခပ်သုတ်သုတ်ထွက်သွားလာခဲ့သည်။ အပြင်ရောက်တော့ ဒေါ်အေးချမ်းမေနဲ့တွေ့ကာ.. ။

"ကဲ..သူတို့ထွက်သွားကြရင်တော့ တို့အမေလုပ်တဲ့လူတွေ ဘုရားစင်ခေါ့ပြေးထိုင်ဖို့ပဲ လတ်ရေ.."

"ဟုတ်တယ်..ဟုတ်တယ်၊ ဘာသံကြားရဦးမလဲ ဘုရားတနေရမယ်

ကဲ့ သတိရသွားသည်။

"ဒီကိုပေး.."

ပြော၍ ကိုယ့်ဘာသာဆွဲယူလိုက်ကာ ဘူးတွေကိုဘောနက်ပေါ်တင်သိုက်၏။ တဝဘူးကိုဖွင့်လျှင်.. ၊

"ရှင်ဘာလုပ်မလို့လဲ.."

"ရော့..ပျက်ပစ်လိုက်၊ ပြီးမှပြန်ဆိုး.."

ဘူးကိုဘစ်ခါဘည်းဖွင့်ပြီးသား ချပေးတာတောင် သိုက်ကမျက်နှာလေးမော့ပြီး ခေါင်းခါပစ်၏။

"ဒါကိုယ့်ဘာသာဆိုးထားရတဲ့ လက်သည်းနီ..တန်ဖိုးကြီးတယ်.."

သိုက်က ဂရုမစိုက်စွာပြော၍ လက်ဆယ်ချောင်းကို သူ့မျက်နှာရှေ့မှာခြုံ့ပြ၏။ အမြဲတမ်း သူများဆိုးပေးတာပဲခံခဲ့သမျှ ကိုယ်တိုင်ဆိုးရတာဘယ်လောက်ခက်ခဲလဲသိလို့လား.. ၊

"မဖျက်နိုင်ဘူး..နာရီဝက်လောက်စောင့်တာနဲ့ ရှင်ဘာမှဖြစ်မသွားဘူး.."

"ဖြစ်တယ်..လုံးဝမစောင့်နိုင်ဘူး.."

"ဟင်..ရှင် ရှင်နော်.."

သိုက်လက်လေးကို သူဖမ်းဆွဲလိုက်ပြီး အထဲကဂွမ်းဖက်လေးနဲ့ အသာဆင်းဖျက်ချ၏။

"ရှင်လွတ်နော်..ကျွန်မပါးရိုက်ပစ်မှာ.."

"မင်းလက်အားမှ ရိုက်လို့ရမှာ.."

"ဟင့်အင်း.."

လက်တွေကို အတင်းရုန်းနေသဖြင့် သူမတစ်ကိုယ်လုံးကို ဆွဲဖက်ပစ်လိုက်သည်။ ဖက်ထားပြီးမှ လက်ချောင်းတွေကို အတင်းဖိဆုပ်ထားပြီးနှုတ်ခမကဖျက်ပစ်၏။ အံကြိတ်တွန်းတာတောင်မရဘဲ သိုက်သူ့ရင်ခွင်ထဲမှာ မွန်းကျပ်နေကာ မျက်နှာနှစ်ခုသည်လည်း ထိလိုက်ကွာလိုက်။ ပါးချင်းကပ်နေမိလို့ အလန့်တကြားခွာပြီး လှည့်ကြည့်တော့ ဘယ်သူ့ပါးကို ဘယ်သူကနမ်းလိုက်သလဲလို့ မေးရမယ့်အဖြစ်တို့သည် ခဏအတွင်းမှာ လျှပ်စီးသလက်သွားတဲ့အတိုင်း။ သိုက်ကိုယ်လေးငြိမ်ကျသွားသည်။ မင်းမျက်နှာလည်း လွတ်သွားမှာစိုးကာ ငြိမ်နေတုန်းအမိအရဖျက်ချနေ၏

အဖြစ်ပဲ.."

မင်းမျက်နှာက သိုက်အပြင်ထွက်လာတာမြင်တာနှင့် ကျော်အောင်နဲ့စကားပြောနေခြင်းကို လက်စသတ်၏။

"သွားမယ်..မင်းကစက်အဖွဲ့ကားကိုမောင်းလာခဲ့.."

"နေဦး..ကားထွက်လို့မရသေးဘူးနော်၊ တိုးတိုးကိုလက်သည်းဖျက်ဆေးသွားဝယ်ခိုင်းထားလို့.."

လက်သည်းဖျက်ဆေးဆိုမှ မင်းမျက်နှာနှာခေါင်းရှဲ့ပွပွဖြစ်သွားကာ ဒီအနဲ့.. ၊

"ဟော့..နေဦး ရပ်..ရပ်.."

ဟိုဘက်ကနေ တံခါးဖွင့်နေပြီဖြစ်သည့် သိုက်ဆီပြေးသွားကာ တံခါးကို တွန်းပိတ်ပစ်လိုက်ပြီး.. ၊

"မင်းခုမှဆိုးလာတာလား.."

"ဟုတ်တယ်.."

"မရဘူး..အဲ့ဒီအနဲ့ကြီး အဲရ်ကွန်းရှေ့မှာ လုံးဝမရဘူး၊ ငါလုံးဝမခံနိုင်ဘူး.."

"မရရင်လည်း ရတဲ့အထိစောင့်ပေါ့..နောက်နာရီဝက်ကျော်ကျော်လောက်ဆို အနဲ့ပျောက်.."

"ခုတောင် တော်တော်နောက်ကျနေပြီ..ဘာကိုထပ်စောင့်ရမှာလဲ၊ နောက်ကားတွေနဲ့လိုက်ခဲ့တော့.."

"အဲမာ..ဘာလို့လိုက်ရမှာလဲ၊ သိုက်ကမင်းသမီး.."

ပြောပြီး လက်ချောင်းတွေကို ဖြန့်ကား၍ နှုတ်ခမ်းလေးလုံးနေအောင်လေမှုတ်နေသေးသည်။ စောင့်လည်းမစောင့်နိုင် ဒီအနဲ့ကိုလည်း သူနည်းနည်းလေးမှ မခံနိုင်ဘဲရှိရာ မင်းမျက်နှာခါးနှစ်ဖက်ထောက်၍ စိတ်ပျက်လက်ပျက်ဖြစ်သွား၏။ ထိုစဉ်.. ၊

"မင်းသမီးရေ..တိုးတိုးကိုစောင့်နေတာလား၊ ရခဲ့ပြီ..ရော့ ရော့.."

အမော့တကောပြေးလာပြီး ဘူးဝိုင်းလေးတွေအထပ်လိုက်ကို ကမ်းပေးနေရင်း.. ၊

"အမလေး..ပြေးရတာမောလိုက်တာဟယ်.."

ဘူးကိုမြင်တာနဲ့ ခုနလက်သည်းဖျက်ဆေးသွားဝယ်နေတယ်ဆိုတာ

သို့သော် တစ်ယောက်ကို တစ်ယောက်သတိထားမိသွားသည့်အချိန်တွင်

မျက်ဝန်းနှစ်စုံသည် မျက်တောင်ဖျားတို့အဆုံးမှာ တည်ရှိနေသကဲ့သို့ နီးကပ်စွာရှိနေခဲ့လျက် မျက်နှာလွှဲဖို့လည်း သတိမရကြ။ တစ်ယောက်၏ ရင်ခုန်သံကို တစ်ယောက်ကြားနေရသည်။ သူကလည်း ကြားမှာစိုး ကိုယ်ကလည်း ကြားမှာစိုးနေခဲ့ရင်း အသက်အောင့်ထားမိတာလည်း အတူတူ

မရပ်တန့်သောရင်ခုန်သံတို့သည်လည်း သောင်းဖြည်ညာစွာ မြည်ဟီးနေဆဲပဲရှိကာ.. ။

♥♥♥♥♥

အခန်း(၃၅)

နောက်မှာ စက်အဖွဲ့ကားပျက်ကျန်ခဲ့သည်ဆိုသောကြောင့် သိုက်တို့ကားသောက်ဆိုင်မှာထားခဲ့ပြီး မိုင်နှစ်ဆယ်လောက်ပြန်မောင်းလာခဲ့ရသည်။

"ဘာဖြစ်တာလဲ.."

"ဘာဖြစ်မှန်းမသိပါဘူးကွာ..ဂျီလည်း.."

"ဖယ်.."

ဘောနက်ဖွင့်ထားသည့်ရှေ့မှာ ကျော်အောင်ကကပ်ရပ်နေသဖြင့် ဖယ်လိုက်ပြီး သူစစ်ကြည့်သည်။ ဘာမှမဖြစ်ဘဲ ကားဘာကြောင့် ရပ်သွားတာလဲ..၊ ပြန်လှည့်ကြည့်လိုက်တော့ ကျော်အောင်ကအပြစ်ရှိသလို ပြုံးမလို မဲ့မလိုနှင့်.. ။

"အဟွန်း.."

"ဘာအဟွန်းလဲ..ကားဘာမှမဖြစ်ဘူး၊ ဘယ်သူ့ကိုစောင့်နေတာလဲ.. ခန့်ပြော.."

"မင်းသား.."

လိမ်ညာလို့မရတော့ ဝန်ခံသည်။ မင်းမျက်နှာက ရှုပ်ရှင်ရိုက်ကူးရေး

မှာရော ဇာတ်လမ်းဇာတ်ညွှန်း ဒါရိုက်တာ ဘယ်အလုပ်မှာဖြစ်ဖြစ်
ကျင်သည်။ လျှပ်စစ်မီးကစ၍ အင်ဂျင်မော်တာဘာဖြစ်ဖြစ် ဟိုကြ
လိ လုပ်နေသည်ထင်ရပေမယ့် မသိတာမရှိ မလုပ်တတ်တာလည်းမ
"ဘယ်ပညာမဆို လက်လှမ်းမီသရွေ့ ရအောင်ယူထားရတယ်
မဆိုင်ပါဘူးဆိုပြီး မနေနဲ့.."ဆိုတာမျိုး။ သူအလုပ်လုပ်နေတုန်း
ဘိတ်သားထိုင်ကြည့်နေပြီဆို ပြောပြီ.. ။
ကျော်အောင်က အမြန်လမ်းမကြီးတစ်ကြောကို စိတ်မောသလို
ကြည့်နေရင်း.. ။
"ငါလည်းအဲ့လိုဖြစ်လာမယ်လို့ မထင်လို့ပါကွာ.."
"မှားမယ်ထင်ရင် ဘယ်သူကမှားအောင်လုပ်မှာလဲကွ..အဲ့ဒါ
ပြောတာ အာမခံမရဲနဲ့လို့၊ မင်းတို့ပြောလိုက်ရင် ငါကပဲဇောကြောင်း
ကက်ဖဲ့သပ်တယ်..လွဲချော်ကုန်ပြီဆို ရှင်းမယ့်သူမရှိတော့ဘူး.."
သူငယ်ချင်းတွေပေမယ့် ဒီလိုဖြစ်လာပြီဆို မင်းမျက်နှာရှေ့မှာ
အောင်တို့ လက်နှစ်ဖက်စုံချ၍ ခေါင်းငုံ့လျက်သား.. ။
"မင်းကဒါပဲဝန်ခံပေမယ့် ငါသိနေတာရှိသေးတယ်..မင်းအဲ့
သားရဲ့ညီမမျက်နှာနဲ့ မချောရာတဲ့စကားတွေကို ဇွတ်မှိတ်ယုံနေတာမို့
"မင်းကလည်း.."
"ဒီအခန်းကနည်းပေမယ့် တွေ့တဲ့မင်းသားကောက်ထည့်လို့မရ
နာမည်ကြီးသုံးနိုင်တိုင်းလည်း မဖြစ်ဘူး၊ ငါပြောချင်တာက ဘာဖြစ်
သေချာအောင်လုပ်ဖို့.."
"မင်းကလည်း ဈေးဆစ်နေတယ်..သူကလည်း ရပါတယ်ပဲပြော
တော့.."
"သူ့ညီမနဲ့ငါတွဲနေတာပဲ..အစ်ကိုကိုပိုင်ပါတယ်ဆိုပြီးတော့လား
"မဟုတ်ပါဘူး..သူတကယ်ကတိပေးထားတာပါ၊ လုံးဝသေချာ
ကွာ..တောက်.."
ထိုစဉ် ကားတစ်စီးကိုလှမ်းမြင်ရကာ လမ်းအတိုင်းမသွားဘဲ သူ
ကားနားထိုးရပ်လာသဖြင့် သူတို့ရဲ့မျက်လုံးတွေမှာ မျှော်လင့်ချက်
ခြည်တွေ သမ်းကုန်ကြလျက်.. ။
"ဘာလုပ်နေကြတာလဲ..သိုက်တို့ရော.."

ားပေါ်ကဆင်းလာတော့ ရဲဆက်.. ။
နှုရောင်တီရှပ်နှင့်ကော်ဖီရောင်ဘောင်းဘီရှည်ကို ဝတ်ထားကာ
ရောင်ရှူးဖိနပ်က ပြောင်နေသည်။ နားသယ်စပ်တို့စိမ်းနေသော
ုတိုက ခရင်မ်တစ်မျိုးလိမ်းထားပုံရကာ နက်ပြောင်နေ၏။ ပြီး
ပ်ရှည်ရှည်မျက်မှန်နက်ကို ဝယ်ထားသေးသည်။ ခြေလှမ်းတွေနဲ့
အမောတကောနိုင်ပေမယ့် မင်းသားရှူးအောင်ပြင်ဆင်လာသည့်
သည်း တော်ရုံမိန်းကလေးဆို ပစ်ကျသွားနိုင်၏။
ရှိုက္ခုဆာကြီးက ဘယ်ကိုသွားမလို့လဲ..ကျွန်တော်တို့နဲ့တိုက်တိုက်
ဲ့.."
ကျော်အောင်က သိရက်နဲ့တမင်မေး၏။ သူကလည်းခပ်ပြောင်ပြောင်
သိုက်ကိုမေးနေမှတော့ သိုက်ဆီလာတာပေါ့..ငါနဲ့ခရီးတူနေလို့ အ
ဖို့ ချိန်းထားတာ၊ ငါနည်းနည်းနောက်ကျနေလို့.."
ဩာ်..အဲ့လိုလား.."
ဆက်က မင်းမျက်နှာကိုကြည့်၍.. ။
သူ့ကိုအဖွဲ့ကကားနဲ့မသွားဖို့ ပြောထားတာကို မစောင့်ဘဲထွက်
ယ်.."
င်းမျက်နှာ ဘုဆတ်ဆတ်မျက်လုံးတို့နှင့် လှည့်ကြည့်ကာ.. ။
သူ့ကိုလမ်းကြုံခေါ်လာတာမဟုတ်ဘူး..ရုပ်ရှင်ရိုက်ဖို့.."
ဘယ်ကားနဲ့သွားသွား ရုပ်ရှင်ရိုက်တဲ့နေရာရောက်ဖို့ လိုရင်းမဟုတ်
း.."
ဘယ်ဟုတ်မလဲ..ထရူးလပ်ဗ်မှာ စည်းကမ်းရှိတယ်၊ သရုပ်ဆောင်
း အိမ်ထောင်သည်ကလွဲရင် စုံတွဲလိုက်ခွင့်မရှိဘူး.."
ဒီလိုပဲ ကိုယ်နိုင်ရာနိုင်ရာချုပ်ကိုင်ကြတာပါပဲ..နာမည်ကြီးဆယ်လီ
.."
ဆယ်လီဖြစ်ဖြစ် ရာလီဖြစ်ဖြစ် ထရူးလပ်ဗ်မှာ အားလုံးဒီစည်းကမ်း
ဟုတ်နေတာကိုသိတော့ ဘာမှမပြောနိုင်။ မပြောနိုင်ပေမယ့် ရဲဆက်
အတော်တင်းသွားသည်။ True Loveက အနုပညာလောကကို
ားသည်းက နာမည်ကြီးခဲ့သည်။ အောင်မြင်ကာစဆိုပြီး အလုပ်အတွက်

ဘယ်သူ့ဘယ်နေရာမှာမှ မျက်နှာလိုမျက်နှာရလုပ်ခဲ့တာမရှိ.. ။

ဇာတ်လမ်းတွေကောင်းသည်။ ဒါရိုက်တာရဲ့ကာရိုက်တာက နာ
ကောင်းထွက်နေသည်။ နာမည်ကြီးဆယ်လီတွေကလည်း True
ကိုပဲ မျှော်လင့်နေကြ၏။တချို့ကုမ္ပဏီတွေက ဇာတ်ရုတာကတစ်
ဒါရိုက်တာက တစ်မျိုး..ဇာတ်ညွှန်းလက်ထဲရောက်တော့ နောက်တ
ရှုတင်ကျမှ အိုးနင်းခွက်နင်းဆိုတာ ပြောစမှတ်ရှိနေကြသည့်အထဲ
Loveက နာမည်ကောင်းတွေနဲ့ မော်ကြွားထွက်လာခဲ့၏။ ထို့ကြ
ဦးအောင်မိုးကိုယ်တိုင် မင်းမျက်နှာကို ချီးမွမ်းလို့မဆုံး၊ ဒါကြောင့်ပဲ ရဲ
ရင်ထဲမှာ မင်းမျက်နှာကိုကျလိကျလိနေလောက်အောင် မုန်းလေ
ရန်ငြိုးရန်စတစ်ခုလို မဟုတ်ခဲ့သော်ငြား.. ။

"ဟလို.."

မင်းမျက်နှာဆီဖုန်းဝင်လာသံကြောင့် သူနားစွဲလိုက်မိလျှင်..

"ဘာ..ဟား.."

စိတ်ပျက်ခြင်းများစွာ ဖြစ်သွားသည့်အသံသည်.. ။

"လုပ်ချလိုက်ပြန်ပြီကွာ.."

"ဘာလဲ..မင်းမျက်နှာ.."

"ပရိဘာဖြစ်လို့လဲ.."

ကားနားကလူတွေ အလန့်တကြားလှမ်းမေးကြလျှင် ရဲဆက်ရဲ
စွဲခြင်းက ပို၍စိတ်ဝင်တစားဖြစ်သွား၏။ သို့သော်.. ။

"ကဲ..ကေကြီး မင်းကိစ္စကိုထားလိုက်တော့..ခုဆက်လိုက်ခဲ့.."

"အေးပါ..ဘာဖြစ်.."

"ရွှေသိုက်ပါကွာ.."

ဒါပဲပြောပြီး သူကားပေါ်တက်သွားသောကြောင့် ရဲဆက်လည်း
မသိညာမသိ ကိုယ့်ကားပေါ်ကိုယ်ပြေးတက်ခဲ့ရင်း.. ။

"ပြောပုံကတော့ သိုက်တစ်ခုခုဖြစ်တာမဟုတ်လောက်ပါဘူး
တစ်ယောက်တည်းတွေး၍.. ။

♥♥♥♥♥

အခန်း(၃၆)

တကယ်ဆို ဒီကနေအမြန်လမ်းပေါ်က ဖဲ့ဆင်းရတော့မှာဖြစ်သည်။
ဆယ့်ကိုးမိုင်မှာ မနားတော့ဘူးလို့ ပထမစိတ်ကူးအတိုင်း ခရီးဆက်
နှင့် ဒီလိုဖြစ်မှာမဟုတ်။ သူပြန်ရောက်လာတော့ သိုက်ကဖြူလေး
သုံးယောက်ရဲ့အလယ်မှာ မျက်နှာပုတ်ချပြီး ထိုင်နေသည်။ ပေါက်ကြီး
က သူ့ကိုမျှော်နေကြပေမယ့် သူရောက်သွားတော့လည်း သိုက်နဲ့သူ
ခံခုခုဖြစ်တော့မှာကို စိုးကာ.. ။

"ကားကဂီယာပြုတ်သွားတယ်ကွာ..နောက်ကဖစ်တာအမည်းလေး
သွားခြစ်မိတယ်၊ အဲ့ဒါကားသမားက နင်ပဲဆလာပြောတော့ သိုက်က
သောက်နေတဲ့ ကော်ဖီနဲ့ပက်ထည့်လိုက်တယ်..ဟိုကရှေ့တိုးလာပြီး ထိုး
ကြိတ်မယ်ဖြစ်တော့ သိုက်ကမက်စ်ပုလင်းနဲ့ခေါင်းရိုက်ခွဲလိုက်ရော.."

"နေစမ်းပါဦး..အဲ့ဒီကားက ဂီယာပြုတ်ရအောင် ကားကိုဘယ်သူက"

"ကျွန်မကြောင့်ဖြစ်တာ.."

"မင်းကြောင့်မှန်းသိပြီလေ..ကားနဲ့မင်းနဲ့ဘာဆိုင်လို့လဲလို့ ငါမေး
တာ.."

"ကားအောက်ထဲနားဆွဲတစ်ဖက်ပြုတ်ကျသွားလို့ ပြန်ရှာတာ.."

ညီးသွားမှာပေါ့၊ သိုက်မှန်တယ်..”

ဒီအချိန်မှာ ရဲဆက်က သိုက်ဘက်ကရပ်တည်၍ သူရဲကောင်းကြီး ခံသွားခဲ့လျက်.. ၊

“ဟိုကားနဲ့လူအတွက် လျော်ကြေးပေးလိုက်ရတာကို လည်နင်နေတာမို့လား...အဲ့ဒီပိုက်ဆံငါးသိန်းကို ငါပြန်ပေးမယ်..ရော့..”

အားလုံးတိတ်ကျသွားသည်။ စားသောက်ဆိုင်မှာရှိနေသည့်လူတွေက ရုပ်ရှင်အဖွဲ့တွေပါ သိုက်နဲ့မင်းမျက်နှာကို စိတ်ဝင်တစားအကဲခတ်နေကြ၏။ စားပွဲပေါ်ရောက်လာသည့် တစ်သောင်းတန်အုပ်သည် မင်းမျက်နှာရပ်နေသည့်ဘက်ကို လျောခနဲရောက်လာပြီး.. ၊

“အဲ့ဒါဆယ်သိန်းပဲ..အကုန်ယူထားလိုက်၊ နောက်ထပ်သိုက်ကြောင့် ခံခုခုထပ်ရှင်းရဖို့ရှိရင် မင်းပါးစပ်ပိတ်ထားပေး..”

မင်းမျက်နှာရဲ့မျက်လုံးအစုံ လက်ခနဲဖြစ်သွားသည်။ ရဲဆက်နဲ့မျက်ခြေချင်းဆုံသွားတာကိုကြည့်ကာ တစ်ခုခုအကြီးအကျယ်ဖြစ်လာတော့မှာ အားလုံးသိလိုက်ကြ၏။ သို့သော်.. ၊

“မဆိုးဘူး...”

ပြောလိုက်ပြီး မင်းမျက်နှာက ပိုက်ဆံကိုအိတ်ထဲကောက်ထည့်လိုက်သည်။ ထို့ပြင်.. ၊

“မင်းမသိသေးတာက သူကပြဿနာရှာရင် အကြီးကြီးရှာတာ..ဒါကဒါတွေထဲက အသေးဆုံး..”

အဲ့အားသင့်သွားကြသည့်မျက်လုံးတွေထဲမှာ သိုက်ကအဆိုးဆုံး...၊ မင်းမျက်နှာက ဘယ်ကိုမှမကြည့်ဘဲ အားရပေးကျနပ်နေသလို ပြုံးနေလျက်၊

“ဘာဖြစ်ဖြစ် မဆိုးပါဘူး...”တဲ့.. ၊

သိုက်စိတ်လည်းတို ရုက်လည်းရုက်မိကာ အဲ့ဒီခပ်ပြုံးပြုံးမျက်နှာကိုပြုံးပြီး ကုတ်ဖဲ့ပစ်ချင်စိတ်တွေ ပေါက်လာခဲ့၏။

ဘယ်လိုတောင်ငွေမက်တဲ့လူလဲ.. ၊

♥♥♥♥♥

“ဘယ်သူ့နားဆွဲမို့လို့လဲ..”

“ကျွန်မဟာပါ..”

ရှိစီကမျက်လွှာလေးချ၍ မရဲတရဲဝင်ဖြေသည်။ တစ်ချက်ပဲလှည့်ကြည့်ပြီး သိုက်ဆီမျက်လုံးပြန်ရောက်သွားလျှင်.. ၊

“ကားဘီးနဲ့ဖိမိနေလို့ ကားသော့တောင်းပြီး ကားလေးနည်းနည်းရွေ့မိတာ..အာ့ ဘတ်ခ်ဂီယာမှားထိုးမိလို့..”

အားလုံးကြားပြီးမှ ဝိုင်းဝန်းနားထောင်နေကြသည့်လူတွေအလယ်မှ မင်းမျက်နှာက ခါးထောက်၍ တရားခံစစ်သည့်အတိုင်း.. ၊

“ငါ့ကိုမှန်မှန်ပြောစမ်းပါ..မင်းတမင်လုပ်လိုက်တာမို့လား..”

“ဘာ..”

“အရင်တစ်ခါတိုက်ပြီးတာတောင် တက်မောင်းရဲသေးတယ်ဆိုတော့ အဲ့တုန်းကငါလျော်လိုက်ရတာ နည်းသေးတယ်ထင်လို့လား...ခုလူပါရှိလိုက်သေးတယ်၊ ပြောစမ်းပါ..ငါနဲ့ပတ်သက်ပြီး ဒုက္ခပေးဖို့နည်းလမ်းတွေ မင်းခေါင်းထဲမှာကျန်သေးရင်..”

“ရှင် လူကိုမစော်ကားနဲ့နော်..”

“သိုက်ကတာမင်လုပ်တာ မဟုတ်ပါဘူး..”

“မင်းသမီးကို ဟိုသတ္တဝါက နင်ပဲဆပြောတာတွေ ပရိဂ္ဂူဆာကြီးကြားလို့ပါ..သူ့ကားကို နည်းနည်းပဲထိမိတာ၊ မီးလုံးတောင်အက်ရုံလေးရယ်..အဲ့ဒါကို..”

“ငါမင်းတို့ကို မေးတာမဟုတ်ဘူး..”

ရှိစီနဲ့တိုးတိုးတို့ ခေါင်းတွေငုံ့သွားကြသည်။ သိုက်ကဆတ်ခနဲထရပ်လိုက်ပြီး.. ၊

“ဟိုကပြန်ပြီး ထိုးမယ်ကြံတ်မယ်လုပ်တာကို ကျွန်မကလက်မဦးရင် ဘာဖြစ်သွားမယ်မသိဘူး..အဲ့ဒါကိုရှင်က စိတ်မပူတဲ့အပြင်..”

“ဘေးမှာလူတွေအများကြီးရှိတာပဲ..မိန်းမတစ်ယောက်ကို မတရားလုပ်နေရင် ဘယ်သူကကြည့်နေမှာလဲ၊ ပြောရင်းနဲ့ပြောစရာထပ်ပြောလာပြီ..အဖွဲ့အားကိုးနဲ့ မင်းလက်ရဲဇက်ရဲလုပ်လိုက်တာလား..”

“ရှင်နော်..”

“ဟုတ်တော့ရောဘာဖြစ်လဲကွာ..ရန်ဖြစ်ပါတယ်ဆို ကိုယ်ကမဦးရင်

"သွားမယ်လေ..သိုက်.."

ရဲဆက်က စီးကရက်တစ်ဘူးကိုင်ပြီး အနားရောက်လာသည်။

"ကားပေါ်မှာစားဖို့ ဘာဝယ်ဦးမလဲ.."

"ဟင့်အင်း.."

သူကတော့ ပြောထားသည့်စကားလည်းရှိတာမို့ မင်းမျက်နှာလုပ်ပုံကြောင့် အားနာဖွယ်တွေလည်းရှိနေပြီဖြစ်ရာ လာခေါ်ပုံက ပေါ့ပေါ့ပါးပါးပင်။ စဉ်းစားနေရတာက သိုက်ပဲဖြစ်၏။ စေ့စပ်ထားသည့်ယောကျ်ားကိုသားပြီး ဒီလိုလုပ်ရင် သင့်တော်ပါ့မလား.. ။

"သွားကြမယ်လေမင်းသမီးရဲ့..တိုးတိုးကဖြင့် မုန့်ထုပ်တွေတောင်ဝယ်ခြမ်းဖြည့်တင်းပြီးပြီ.."

"ဩော်..ဘာလို့ဝယ်တာလဲ၊ သိုက်စားချင်တာ ဝယ်ပါစေပေါ့.."

ရဲဆက်က တိုးတိုးလုပ်တာကိုမကြိုက်သလို မျက်မှောင်ကုတ်နှင့်သည့်ပြော၏။ တိုးတိုးကလည်း မင်းမျက်နှာကိုစိတ်တိုနေတာရှိပေမယ့် ကိုယ်နဲ့မသက်ဆိုင်ဘဲ သဟောက်သဟမ်းလာလုပ်တာမျိုးဆို နည်းနည်းခံသည်းမခံချင်.. ။

"သူကြိုက်တာတင်မကဘူး..မကြိုက်တာတွေပါ တိုးတိုးသိပြီးသား၊ ဒီက သူ့ကားပေါ်လိုက်စီးဖို့ မဲပေးမယ့်သူနော်.."

ဒီလိုပြောလိုက်မှ ရဲဆက်သတိထားမိသွားမိသည်။ သိုက်က သူ့ကားနဲ့လိုက်ဖို့ ဆုံးဖြတ်ထားပြီးသား မဟုတ်ဘူးလား..။ စဉ်းစားမိလိုက်ပြီး သိုက်ရဲ့မကျေမနပ်မျက်နှာလေးကို ပြန်လှည့်ကြည့်သည်။ ပြီးတော့ ကားဘေးမှာ စကားရပ်ပြောရင်း အေးဆေးရှိနေသည့် မင်းမျက်နှာကိုပါ လှမ်းကြည့်၍.. ။

"ဒီလိုလူမျိုးကို ပြန်အားနာနေတာလားသိုက်ရာ..ဒီကိုလာတည်းကမင်းကိုကိုယ့်ကားနဲ့ခေါ်မှာဆိုတာ ပြောခဲ့ပြီးသား၊ သူ့လိုလူက သူ့ငွေသူ့စွမ်းသက်သာရင်ပြီးရောပါ..ဘာမှရှော့ခ်မရှိဘူး.."

ပြောပြီးတော့ ပြုံးကာ.. ။

"မင်းဒီလောက်ထိအားနာတတ်နေတာ အံ့သြတယ်.."

"သိုက်ကအားနာနေတာမဟုတ်ဘူး.."

"ပြောပါဦး...ဘာလဲ.."

"မင်းကလည်းလွန်တယ်.."

"လာမပြောနဲ့..ကိုယ့်အကြောင်းကိုယ်တွေး.."

ပေါက်ကြီးကလည်း သူကားပေါ်တက်ခါနီးမှ ဇွတ်လိုက်လာခြင်းလက်ကိုဆွဲထားကာ.. ။

"ရွှေသိုက်ကိုသွားခေါ်လေကွာ.."

"ကားထွက်မယ်လို့ပြောပြီးသား.."

"မျက်နှာ.."

"ဘာလဲ.."

"မင်းနော်..ဒါရိုက်ကွင်းမဟုတ်ဘူး.."

သူတို့စကားပြောနေတာကို သိုက်ကလည်းလှမ်းကြည့်နေတာကြောင့် ပေါက်ကြီးကမင်းမျက်နှာကို ဘယ်လိုဖျောင်းဖျနေရပြီလဲဆိုတာပင်နေ၏။ တကယ်ဆို ဒီအခြေအနေမှာ သူကပဲသိုက်ကို လာပြောသင့်တာမဟုတ်ဘူးလား.. ။ ချော့မော့တာ ဖြေရှင်းတာမျိုးမဟုတ်ရင်တောင် စကားတွေလိုက်လိုက်လျောလျောပြောရင်း ဒီအေးစက်မှုကို ဖာထေးရမှာ သူပဲဆိုတာ မသိဘူးလား.. ။

"နှမျောတာက သူ့အကျင့်..သိုက်ကသူနဲ့စေ့စပ်ထားတာ.."

ကောင်းတယ်..ပြောလိုက်တော့လို့ အသံတိတ်ပြောကာ တိုးတိုးက လှည့်ထွက်သွားသည်။ ထိုစဉ် ရုပ်ရှင်အဖွဲ့တွေ ကားတွေပေါ်အလျှိုလှို့ တက်ကုန်ကြပြီဖြစ်ကာ အစားသောက်ဖိုးတွေရှင်းနေရင်း ကျန်ခဲ့သည့် ကျော်အောင်က ဒီရုပ်ရှင်အတွက် ဘက်ဂျက်တင်ထားသည့်စာအုပ်ကြီးတကားကားနှင့် ဘေးမှာလာရပ်လိုက်ပြီး.. ၊

"လူတွေတက်ကုန်ပြီလေ..မတက်သေးဘူးလား.."

မေး၍ ရဲဆက်ကိုလည်းကြည့်လိုက်သေးသည်။ ထို့ပြင်.. ၊

"တီ.."

မင်းမျက်နှာရဲ့ကားက ဟွန်းဆောင့်တီးလိုက်သံကြောင့် သူတို့လှည့်ကြည့်လိုက်မိသည်။ ပြီးတော့ သိုက်မျက်နှာလေးတင်းသွားကာ.. ၊

"သွားမယ်ကိုရဲ.."

"အိုခေ.."

ဒီလိုယောက်ျားမျိုးနဲ့စေ့စပ်ပွဲပျက်သွားတော့လည်း ကောင်းပါပဲ..

♥♥♥♥♥

အခန်း(၃၈)

"အဖြူရောင်.."

"ဟုတ်တယ်..ကိုမင်းအံ့သြသွားတယ်မို့လား.."

ရွာကိုရောက်တာ ချွေးတိတ်ရုံပဲရှိသေးသည်။ စကားသံတွေကြောင့် သိုက်လှည့်ကြည့်လိုက်မိ၏။ မင်းမျက်နှာရဲ့မျက်နှာရှေ့မှာ မိုးပြာရောင်ဝတ်စုံလေးနှင့် ဆံပင်တွေကျောလယ်သာသာရှိသော အဖြူရောင်ဆိုသည့်သူမသည်.. ၊

"အန်တီ့ဆီတောင် ဖုန်းဆက်မေးသေးတယ်..ကိုမင်းဒီကားရိုက်ဖို့ရှိတာ သေချာချင်လို့.."

"အမေက ကိုယ့်အလုပ်တွေကိုသိပ်မသိပါဘူး.."

"ဒါပေမယ့် အဖြူကသိတယ်..နည်းနည်းလောက်မေးကြည့်လိုက်တာနဲ့ သိတာပေါ့.."

"မင်းဒီအဖွဲ့မှာပါလာတာ မသိလိုက်ဘူး.."

"တိမ်ပြာလွင်နေရာမှာ သူ့ကိုထည့်မှာလေ..ငါကလည်းသတိရ၊ သူကလည်း အရမ်းပါချင်နေတာနဲ့.."

ပါလာပြန်ပြီပေါက်ကြီး.. ၊

သူမပါတာမရှိ။ သူမသိတာမရှိ။ ခုလည်း အဖြူရောင်နဲ့သူ့ကို ဘာလိုလိုကြည့်ပြီး မျက်ခုံးတွေလှုပ်ပြနေတာ အသားလှုပ်ကျမ်းပြေးကြည့်ချင်စိတ်တောင် ပေါက်လာမိသည်။ ရယ်မောနေကြသည့် သူတို့သုံးယောက်ကို မြင်နေရသည့် သိုက်ရဲ့မျက်ဝန်းလေးတွေလည်း စူးစူးလက်လက်ဖြစ်နေခဲ့လျက်.. ၊

"မင်းသမီး.."

တိုးတိုးက အနားကပ်လာကာ.. ၊

"အဲ့ဒီအဖြူမမို့လား..မန္တလေးတုန်းက ရှိုးပွဲမှာ မင်းသမီးကိုဖဲ့သွားတာ.."

"ဟုတ်တယ်.."

"ဟွန်း..ဒီလောက်ချမ်းသာတာတောင် တို့ဂျပုကို ပြိတီတီနဲ့.."

သိုက်က တိုးတိုးကိုဆတ်ခနဲ လှည့်ကြည့်ကာ.. ၊

"ဘာဖြစ်တာလဲ..နမျောနေရင်လည်း သွားဖက်လုံးချေ.."

ပြောပြီး ချာခနဲလှည့်ထွက်သွားလျှင် တိုးတိုးက၇၀နှစ်ကို 'မ'၍ထလွှားလွှားပြေးလိုက်လာရင်း.. ၊

"အဲ့သြလို့ပါဟယ်..ရဲဆက်ကြီးကို လိုက်ကြွေနေရင်မပြောပါဘူး မိန်းမတွေများ ကြောတဲ့ယောကျ်ားဆို သိပ်ကျချင်တာပဲ..တမော့မော့ထငေးငေးနဲ့ ကြိတ်ကြွေနေတာ.."

သိုက်ခြေလှမ်းတုံ့သွားသည်။ ပြေးကပ်လိုက်သည့်တိုးတိုးနဲ့ တိုက်မိမတတ်ဖြစ်သွား၏။

"မဟုတ်ဘူးလေ..အဖြူရောင်မကိုပြောတာ၊ သူပါလာတာဖြင့် ဟိုဏသိတောင်မသိဘူး မတွေ့ဘူးလား..တစ်လမ်းလုံးဘယ်လောက်တောင်ကြိတ်ကြွေနေသလဲဆိုတာ.."

ကမန်းကတန်းဖြေရှင်းရင်း ပြေးထွက်ခဲ့၏။ ပြီးတော့ ပွစိပွစိရေရွတ်၍.. ၊

"တကယ်ပဲ အိုးမလုံအုံပွင့်နေတယ်..ပြောကိုမပြောချင်တော့ဘူး.."

"ဝုတ် ဝုတ် ဝုတ်.."

"အောင်မလေး..မပွင့်ဘူး၊ မပြောတော့ပါဘူး..လုပ်ကြပါဦး.."

သူများရွာမှာ ၇၀နှစ်တလွှားလွှားနှင့် စွတ်သွားနေရင်း တိုးတိုးကိုးငှ

းရှားပြန်ပြေးလာလေသည်။ သူ့နောက်မှာ ခွေးနီလေးတစ်ကောင်ကသည်းအမည်းလိုက်လာနေလျက်.. ၊

"ဝုတ်..ဝုတ်.."

"မင်းသမီးရေ..သူငွေးရေ ခွေး...ခွေး၊ နောက်မှာခွေး.."

"ဟဲ့..မိဇော် မိဇော် လာစမ်း.."

"အား.."

"ဘုန်း.."

"ဗြီး.."

ခွေးက၇၀နှစ်ကို ဖမ်းကိုက်မိသည်နှင့် တိုးတိုးဘုန်းခနဲပစ်လဲသွား.. ၊

"လာခဲ့စမ်းမိဇော်..နင်ဘာလဲ.."

သခင်က တုတ်တစ်ချောင်းနဲ့လိုက်လာမှ ခွေးကပြန်လှည့်ပြေးသည်။

ထက်ခြမ်းကွဲနှင့် တိုးတိုးဆီသိုက်ရောက်သွားကာ.. ၊

"တိုးတိုးရယ်..ဘယ်လိုဖြစ်လို့ သူများအိမ်ကြားထဲရောက်သွားတာ..ထ ဘာဖြစ်သွားသေးလဲ.."

"ပြဿနာပြီ.."

"ဟား ဟား ဟား.."

"ခိ ခိ ခိ.."

"ဘာရယ်ကြတာလဲ..ဒီမှာသူများဥစ္စာကိုကြည့်ဦး၊ အလယ်တည့်ကွဲတာ..အကြီးကြီးပဲ.."

"ဟား ဟား ဟား.."

♥♥♥♥♥

မယ်.."

ရွာသားတွေက ညည်းလည်းညည်းကြသည်။ လက်မလျှော့နိုင်တဲ့ ပြောနေကြတာလည်းရှိကာ မင်းမျက်နှာကလည်း ခေါင်းပဲခ၊နေသ အခြေအနေကမကောင်း.. ၊

"ဒီလိုလုပ်ပါလား..တချို့တစ်ဝက်ကို ဒီမှာရိုက်မယ်လေ.."

ကျော်အောင်က ခေါင်းဆောင်ပြီး ဖျန်ဖြေဖို့ကြိုးစားသည်။ မင်းမျက်နှာသည်း ဘာမှမပြောတော့ပါ။ ဒီတိုင်းပဲလုပ်ရတော့မှာကို သိပြီးသား။ ယ်ကြောင့်ဆိုလျှင် ဒီရွာကရွေးသိုက်ရဲ့မွေးရပ်ဇာတိဖြစ်သည်။ ဘယ် ရောက်လာလာ လူကြီးဖြစ်ဖြစ် လူငယ်ဖြစ်ဖြစ်.. ၊

"သူကဘကြီးတော်တယ်..သူကတော့ အဒေါ်ဝမ်းကွဲ၊ သူကမောင်နှ ်းကွဲတော်တယ်.."

စသဖြင့် လူတစ်ယောက်ရောက်လာတိုင်း မှတ်ရလွန်းလို့ မမှတ်နိုင် ာ့တဲ့အထိ။ ကွယ်ရာရောက်လာသည်နှင့် ခေါင်းကုတ်ရှုပ်မဲ့နေကာ..၊

"အဲ့ဒါတွေကြောင့် ငါဒီမှာမရိုက်ဘူးလို့နေတာ.."

"မရိုက်ချင် မတည်းနဲ့ပေါ့.."

နောက်ကနေ သိုက်ရောက်လာမယ်ဆိုတာ မသိခဲ့။ သို့သော်.. ၊

"တည်းရမယ့်အကြောင်းရှိတာနဲ့ပဲ ခုလိုဇာတ်ညွှန်းပြောင်းရေးရတဲ့အ ဖြစ်တာ ကောင်းလား.."

"ပြောင်းမရေးနဲ့ပေါ့..ဟိုတောနဲ့ဒီရွာနဲ့ ဘာမှလည်းမထူးပါဘူး.."

"ထူးတာပေါ့..ဟိုက.."

ပါးစပ်ကြီးပြင်ပြီး သူလည်းမသိ.. ၊

"ရွှေကျီး.."

"ဟေ..လာပြီ.."

"ပြောလိုက်စမ်းပါ..မင်းကြည့်ခဲ့တဲ့ရွာနဲ့ ဒီရွာဘယ်လိုကွာသလဲ၊ ငါ ခင်ဗျာတာဘာလဲဆိုတာ.."

ဒီနှစ်ယောက်စကားများနေကြတာလား..။ မင်းမျက်နှာက ရဲ့နေတာ ား..။ သိုက်ကဘာပြောချင်နေတာလဲ..။ ဘာဖြစ်နေကြမှန်းမသိသော ငှင့် ရွှေကျီးရောက်လာပေမယ့် ဘာပြောရမှန်းမသိသော 'ဘာ'များစွာ ည်.. ၊

"ဟဲ့..နင်တို့က ရုပ်ရှင်ရိုက်ကြမှာမဟုတ်ဘူးလား.."

"ဟုတ်တော့ဟုတ်ပါတယ်အန်တီ..ဒါပေမယ့် ရွာကကောင်းလွန်းလို့၊ ပိုခေါင်တဲ့နေရာ ရှာထားတာပါ.."

"တို့ရွာကကောင်းနေလို့.."

ပြန်မေးတော့ တအံ့တသြ.. ၊

အမြန်လမ်းမကြီးနဲ့ဝေးပေမယ့် ရွာက်သန့်သည်။ အိမ်ကြီးတွေများ ကာ ကိုယ်ပိုင်မီးစက်တွေနဲ့သုံး၏။ တချို့ဆိုလာပြားတွေနဲ့မီးယူသည် လျှပ်စစ်မီးမရှိသည့်ရွာဆိုတာ ယုံချင်စရာတောင်မရှိပေ။ ရွာလူကြီးအိမ်က တစ်ထပ်ပျဉ်ထောင်တိုက်ကြီးဖြစ်လျက် လက်ဖက်ရည်ဆိုင်တွေ မိတ်က ဆံပင်ဆိုင်တွေနှင့်.. ၊

"ဒါတောင် ငါတို့ရွာမီးမရလို့ ဘာမှမတိုးတက်ပါဘူးဆိုပြီး ရွာလူကြီး မျက်ခုံးလှုပ်နေတာရယ်..အံ့ပါရဲ့ဟယ်၊ တို့ရွာရုပ်ရှင်ထဲပါပြီဆိုပြီး ရွှေ နေတာကို.."

"ဟုတ်တယ်ကွ..မင်းတို့ဟာက.."

"ဒီမှာပဲရိုက်ပါ..တို့ထက်စုတ်တဲ့အိမ်လိုချင်ရင် စုတ်သွားအောင်ဖျက်

"မပြောပါနဲ့..ဇာတ်လမ်းကိုသိုက်သိပြီးသား၊ ဒီရွာအစွန်မှာလည်း
လိုအိမ်မျိုးရှိတာပဲ.."

"ချောက်ကမ်းပါးနဲ့တူတဲ့တောင်ကြားရှိလား.."

သိုက်အသံတိတ်သွားသည်။ သူဘာလို့ချင်တာလဲဆိုတာ သိသည်
သူ့လိုဇာတ်ညွှန်းကို ကိုယ်လိုသလိုပြောင်းရေးနိုင်တဲ့သူသာမဟုတ်ခဲ့
ဒီအခြေအနေမှာ အတော်ဆခက်တွေ့သွားနိုင်တာလည်း မသိလို့မဟုတ်
ဒါပေမယ့် တတ်နိုင်သလောက်တော့ ဒီရွာမှာရှိက်လို့ရသေးတာပဲ..

"ကျွတ်..အဲ့ဒါနဲ့ ဟိုရွာနဲ့ဒီရွာကူးလူးရှိက်ရတော့မယ်၊ ရွှေကျီး...ကို
ဒီဘယ်လောက်ဝေးသလဲ.."

"ကားကြီးပဲသွားလို့ရမယ်..လမ်းကကြမ်းတော့ ကားလေးဆိုရင်ပို
တိုက်မှာပဲ.."

"မင်းကိုဘယ်လောက်ဝေးသလဲပဲမေးတာ.."

"ခြောက်မိုင်လောက်.."

"ကျွတ်.."

သိုက်တို့ဘကြီးဆိုသည့် ပျဉ်ထောင်အိမ်ကြီးရဲ့နောက်ဖေး နွားတင်
ကုတ်နားမှာ စကားပြောနေကြတာဖြစ်ကာ အိမ်ပေါ်ကနေ မကြားနိုင်ဆ
မယ့် မင်းမျက်နှာဒီလောက်ရှဲ့မဲ့ညည်းနေသည့်ပုံကိုတော့ လှမ်းမြင်တာ
သိကြမှာပဲဖြစ်သည်။ သိုက်လည်း စိတ်ညစ်နေမိတော့သည်။ ကိုယ့်ဘ
သားတွေ ဒီလောက်တောင်ရုပ်ရှင်ရူးလိမ့်မည်လို့ ထင်ကိုမထင်ခဲ့မိ။ ထိုင်
ဟိုရွာဒီရွာဖြစ်နေသည့် ရဲဆက်က ဒီဘက်လျှောက်လာရင်း.. ၊

"ဘာတွေညှိနှိုင်းမရဖြစ်နေကြတာလဲ.."

ရွှေကျီးကတော့ ရှောင်ထွက်သွားလေသည်။ မင်းမျက်နှာက မျက
မှောင်ကုတ်သွားသဖြင့် ခပ်ပြုံးပြုံးစိုက်ကြည့်ကာ.. ၊

"ရုပ်ရှင်လုပ်ငန်းကို ငါကမင်းထက်ကျွမ်းပါတယ်..အခက်အခဲရှိရင်
ပြောပြလို့ရတယ်.."

"ကျေးဇူးပဲ..ခုတော့ပြောချင်စိတ်မရှိသေးဘူး.."

"ဟွန်း..."

မင်းမျက်နှာလှည့်ထွက်သွားမှ သိုက်ကိုကြည့်၍.. ၊

"မင်းရွာမှာ သူရိုက်ချင်ပုံမရဘူး.."

"ဟုတ်တယ်.."

"ဘာလဲ..ငွေကြောင့်ပဲလား၊ အဲ့ဒါကြောင့်မင်း မျက်နှာငယ်နေရတယ်
ကိုယ်ကူညီလို့ရတယ်.."

သိုက်က သူ့မျက်နှာကို ခဏစိုက်ကြည့်နေပြီး.. ၊

"ကျေးဇူးပါပဲ..ငွေလိုတာမလိုတာ သူ့ကိစ္စ၊ သိုက်နဲ့မှမဆိုင်ဘဲ.."

"ကိုယ်ကမင်းနဲ့ဆိုင်လို့ လိုက်ခဲ့တာ.."

မျက်လုံးချင်း ဆုံသွားကြစဉ်.. ၊

"ဘဲပေါက်လေးတွေ ချစ်စရာလေးတွေနော်..ကြည့်ပါဦးကိုမင်း ဒီ

"ဟာ..မလုပ်နဲ့၊ မလုပ်နဲ့...ကိုယ်မကိုင်ရဲဘူး.."

"ရော့ပါ..ဘာမှမလုပ်ပါဘူး၊ ချစ်စရာလေးကို ကိုမင်းကလည်း.."

"ဟာ..ဟော့.."

ပေးနေတာကို တစ်ယောက်ကခါချနေသဖြင့် နှစ်ယောက်အလယ်မှာ
ပေါက်လေး ဒုက္ခများနေ၏။ သိုက်စိတ်တိုကာ ဘယ်ခြေလှမ်းနဲ့ ရောက်
လိုက်မှန်းမသိ.. ၊

"အဲ့ဒီဘဲက အရုပ်လေးမဟုတ်ဘူးနော်.."

မင်းမျက်နှာနောက်ဆုတ်ရှောင်လိုက်ပြီး အဖြူရောင်က လှည့်ကြည့်
သိုက်နဲ့တြိဂံပုံမျက်ဆိုင်ဖြစ်သွားကာ.. ၊

"ပေး.."

အဖြူရောင်လက်ထဲက ဘဲလေးကို လက်ခုပ်လေးနဲ့ လှမ်းအုပ်ယူ
ကာ..ရင်း.. ၊

"မြို့သူမြို့သားတွေဖြစ်ပြီး စည်းကမ်းမရှိဘူးလို့ အပြောမခံချင်ပါနဲ့..
ကြီးထဲဝိုင်းထဲကပစ္စည်းဆိုတာ သက်ရှိဖြစ်ဖြစ် သက်မဲ့ဖြစ်ဖြစ် ပိုင်ရှင်ရှိ
တယ်.."

"ပိုင်ရှင်ရှိတာဘာဖြစ်လဲ..ငါကခိုးနေတာမှ မဟုတ်ဘဲ၊ ချစ်လို့ကိုင်
တာ.."

"ခွင့်တောင်းဖို့ပဲပြောနေတာ..နင်ခွင့်တောင်းလိုက်ရင် ဒီအရွယ်လေး
ကိုသင့်မကိုင်သင့် ကိုင်ရင်ဘယ်လိုဂရုစိုက်ရတယ်ဘာညာဆိုတာ
ငါကပြောလို့ရတယ်လေ..အခုဘယ်သူ့မှအသိမပေးဘဲကိုင်လိုက်တော့

ကံကောင်းလို့မသေတာ..”

သိုက်က အဖြူရောင်ကိုတည့်တည့်ကြည့်ပြောပြီး ဘဲခြံဘက်ထွက်သွားသည်။ ပြီးတော့ ခြံထဲက သူ့အမေဆီမှာ သေချာချထားပေးနေခဲ့သည် နားပူတာကိုမခံနိုင်.. ။ အဖြူရောင်က မကျေမနပ်လိုက်ကြည့်နေလျက်.. ။

“သူ့ရွာခေါ်ပြီး ပါဝါပြနေတာထင်တယ်..”

“မဟုတ်ပါဘူး..အဲ့ကောင်မလေးက အပြောကိုမတတ်တာ..”

“ကိုမင်းက သူနဲ့စေ့စပ်တာ ထင်တောင်မထင်ရဘူး..”

ဟင်.. ။

မင်းမျက်နှာဆတ်ခနဲ မျက်ခုံးပင့်သွားသည်။ မိန်းမသားနှစ်ယောက်က ချိတ်တွေရှိပြီးသားလား.. ။

“ချစ်လို့တော့မဟုတ်ဘူးမို့လား..အဖြူတို့ကြားတာတော့ ရွေးသိုက်ခဲ့တဲ့အတိုင်း သိုက်တူးလိုက်တာပဲတဲ့..”

“ဟောဗျာ..”

“ဒါဖြစ်နိုင်တာပဲလေ..”

“ကိုယ်ကတော့ ကိုယ့်ကိုလူတွေ အဲ့လိုပြောနေကြပြီထင်တာ..”

မင်းမျက်နှာတ ရယ်နေကာ.. ။

“ကိုယ့်အပေါင်းအသင်းတွေက ပြောကြတာလေ..'မင်းကမတန်မရာ ရထားတာ'တဲ့..”

အဖြူရောင်က မျက်နှာလေးစူပွလျက်စိုက်ကြည့်၏။ သူ့ရွဲ့ပြောတာလား..တကယ်ပဲသိုက်ကို အထင်တကြီးဖြစ်နေပြီး 'မိန်းမရက်ကောင်ပါဘိ'လို့ တွက်နေတာလားဆိုတာ သေချာအကဲခတ်နေပေမယ့် အောင်မြင်ပုံမပေါ်။ မင်းမျက်နှာရယ်လက်စနှင့် ထိုနေရာမှ ထွက်လာခဲ့ရင်း သက်ပြင်းချ၏။ မိန်းကလေးတွေရဲ့ သဝန်တိုစိတ်ဘယ်လောက်ထိ ချုံ့နိုင်ခဲ့နိုင်သလဲတော့မသိ။ သူကတော့ နည်းနည်းလေးမှကို စိတ်မရှည်တာပါ။ ဒါကြောင့် တတ်နိုင်သမျှ မျက်နှာချင်းဆိုင်လို့မဖြစ်တဲ့ မင်းသမီးချင်း ကိုယ့်ရှုတင်မှာလာမဆုံမိအောင် သူစီစဉ်ခဲ့သည်။

ခုတလော အလုပ်တွေအရမ်းပိနေလို့ ကိုယ်လုပ်နေကျကို တခြားသူတွေဆီ လက်လွှဲထားခဲ့တာတွေများခဲ့၏။ များခဲ့တဲ့အတိုင်း အဆင်မပြေမှုတွေ တစ်ခုစနှစ်ခုစကနေ များလာတော့ နောင်တရချင်၏။

သူ့အကျင့်ကိုက ရှေးလူကြီးတွေ စကားအတိုင်း ကျောပူသာခံလိုက်

ဒါတွေကို ဘယ်လိုရှေ့ဆက်ရမလဲ.. ။

♥♥♥♥♥

ပေးခိုင်းတာ သဘာဝပဲ.."

သူ့စကားသူသဘောတွေကျပြီး တဟင်းဟင်းရယ်နေခဲ့လျက် စီးကရက်ထုတ်၍ မီးမည်ဘဲ နှုတ်ခမ်းမှာတပ်လိုက်၏။ ပြီးတော့ မင်းမျက်နှာကို စိုက်ကြည့်ပြုံးရင်း နှုတ်ခမ်းကပြန်ဖြုတ်လိုက်ပြီး.. ၊

"မင်းကအနုပညာရှင်လို့ နာမည်ကျော်နေတော့ ထပ်တွေး ထပ်ရေးကွာ..ဒီမှာပါးချိုနားချိုနဲ့ရင်းပြီး ကုန်မှာခမ်းမှာတွေကြောင့် မင်းတိုင်းနေလို့ ငါကအကြံပေးတာ..အခုထားခဲ့ပြီးပြန်မယ်ဆိုရင် ကုန်ကျစရိတ်အတွက်လမ်းဖောတ်ညွှန်းကို မင်းကြိုက်သလောက်ချရေးလိုက်.."

"ဟုတ်လို့လား..မင်းအဖေကပေးပါ့မလား မေးကြည့်လိုက်ပါဦး.."

ရဲဆက်မျက်နှာ တင်းသွားသည်။

"မင်းဦးဆောင်နိုင်တာ ဘာရှိလို့လဲကိုရဲ့..မင်းဘာလုပ်နိုင်လို့ ငါကရမှာလဲ၊ ငွေထုတ်ပေးလိုက်ရင် ဘယ်ကိုရောက်ကုန်သလဲဆိုတာ ငါမသိဘူးမှတ်နေလို့လား.."

ဆိုသော ဖခင်ကြီးရဲ့ယုံကြည်မှုတွေကို ဖျတ်ခနဲအတွေးရောက်သွားခဲ့ပြီး.. ၊

"မင်းတကယ်လွှဲပေးမလားပဲပြောလိုက်မင်းမျက်နှာ..ငါ့ကိုပြန်မေးနေနဲ့.."

ပြုံးစိစိဖြစ်ကုန်ကြသည့် မျက်နှာတွေကြောင့် ဒေါသထွက်သွားပြီး ထပ်စိန်ခေါ်လိုက်သည်။ မင်းမျက်နှာက ဆတ်ခနဲခေါင်းညှိတ်လိုက်ပြီး..၊

"လုပ်လေ..ဘာကိုဖြစ်ဖြစ် ရင်းနှီးပြီးရင် အမြတ်ရမှဖြစ်မှာပေါ့၊ မင်းပြောတဲ့အတိုင်း ငါထွက်ပေးမယ်..မင်းရဲ့ငွေကိုသုံးရက်စောင့်မယ်.."

လက်သုံးချောင်းထောင်ပြလိုက်ပြီး ခဏစောင့်သေးသည်။ ပြီးမှ ကျော်အောင်တို့လူစုကို ပြန်ငဲ့ကြည့်၍.. ၊

"ကြားတယ်နော်..ဒီဘက်ဂျက်တွေတွက်ပေးလိုက်.."

"အေးပါ.."

"ပေါက်ကြီး..ရှုတင်တည်ပြီးရင် ချက်ချင်းစမယ်၊ ရေတွင်းပျက်ကြီးမှာနော်.."

"ပြီးနေပြီ..ခဏနေရင်ရပြီ.."

တစ်ယောက်စီကို အမိန့်ပေးခိုင်းစေသွားသည့်အတိုင်း အသံတိတ်

အခန်း(၄၀)

"မင်းသိပ်စိတ်ညစ်နေရင် ဒီမှာရိုက်မယ့်ဇာတ်ကို ငါဆက်ရိုက်လိုက်မယ်လေ..ဇာတ်လမ်းဖိုးရော မင်းကုန်ကျတာတွေရော ငါပြန်ပေးမယ်၊ ဝန်စနှာမှုမရှိစေရဘူး.."

စကားပြောနေကြသည့် ရုပ်ရှင်တစ်ဖွဲ့လုံးရှေ့မှာ ရဲဆက်ရဲ့စကားတိုက်ရိုက်ဖြုခွင်းလိုက်ခြင်းမည်၏။ မင်းမျက်နှာက စိုက်ကြည့်နေခဲ့တွန့်ကုတ်နေသည့်မျက်ခုံးတန်းတို့ကို ဖြည်ချလိုက်ပြီး.. ၊

"အဲ့လိုအဆင်သင့်ကောက်စားချင်လို့ ဒီထိလိုက်လာတာလား.."

ရဲဆက်မျက်နှာနီသွားသည်။

"မင်းအဲ့လိုကိုယ့်ဘာသာ မကြံတတ်မလုပ်တတ်ရင်လည်း လုပ်တတ်ကြံတတ်တဲ့ဝါသနာရှင်လေးတွေဆီမှာ ခေါင်းစားပါ့လား..ငွေမရှိလို့ ဘာမလုပ်နိုင်တဲ့လူတွေကို မင်းတို့အဲ့လိုပစ်ပေါက်ခိုင်းစားနေကျပါ.."

ရှက်သွားသည့်မျက်နှာတစ်ပြင်လုံးက ရဲတွတ်သွားတာသိသာသို့သော် အချဉ်ပေါက်သွားသလို မဲ့ကာ.. ၊

"ငွေမရှိတဲ့လူတွေကို ပိုက်ဆံပေးခိုင်းတာ မင်းကကဲ့ရဲ့တာလား.. က ကျေနပ်မှုတတဲ့ အပေးအယူသဘောတွေပါ၊ မရှိတဲ့လူကို ရှိတဲ့လူ

ကြည့်နေပြီးမှ.. ၊

"မင်းကငါနဲ့သဘောတူပြီးမှ ဘာလို့ဆက်လုပ်နေမှာလဲ..ဘာပုံစံ"

"မင်းပိုသက်သာတယ်မဟုတ်ဘူးလား.."

ပြောပြီးရယ်သွားသေးသည်။ ကျန်တဲ့လူတွေကလည်း သွားကြီးဆ
အဖြီးသားနှင့်မျက်နှာလွဲပြီး ရယ်တဲ့သူကရယ်.. ၊

ရဲဆက်အကြီးအကျယ် စိတ်တိုမိရင်း.. ၊

"အဲ့ဒါ ဖေဖေဝတ္တရားမကျေခဲ့လို့.."

♥♥♥♥♥

အခန်း(၄၁)

"အိုအေ..အဲ့ဒီနာမည်နဲ့ဒီရွာမှာမရှိပါဘူး၊ လင်းလက်သော်တာပဲဖြစ်ရ
ယ်..နာမည်ခေါ်တာနဲ့တင် တစ်ဝါဆိုလို့ရတယ်.."

"ဟုတ်ပ..ခစ် ခစ်.."

"မိသော်တာတော့ ရှိတယ်ဟဲ့..ကောင်မလေးသိလား၊ ရွာထိပ်မှာနေ
..အရက်သမားမယား.."

ရွာထဲဝင်လာပြီး အမျိုးသမီးတွေစုနေသည့် ရေတွင်းကုန်းမှာပဲ သူ
ခြင်းကို စုံစမ်းလိုက်မိသည်။ မသိခဲ့ရသည့်အပြင် သူမတို့နားကလှည့်
လာသည်တွင်.. ၊

"ပုံစံကတော့ သနားကမားသန့်သန့်ပြန့်ပြန့်လေးပဲ.."

"ဒိုက်ကြီးလာလို့နေမှာပေါ့..ဒီပုံစံမျိုးတွေနဲ့ တောမှာလာပြီး ကလေး
ကြတာ တစ်ပုံကြီး.."

ဘာသူတောင်သားပီပီ ဝေဖန်ပြောဆိုနေကြတာတွေက နားမခံသာ၊
မောင်ကလိမ်သွားတာလား..လင်းလက်ကသူ့ညီမပါ။ အဲ့ဒီမှာဆုံ
ဖြေပြောသွားတဲ့ ချစ်သူကိုယ်တိုင်လိမ်ခဲ့တာလား.. ၊ ဘာကြောင့်ပဲဖြစ်
ဒီလိုလုပ်စရာမလိုပါဘူးမောင်ရယ်..ပိတောက်ကို မောင်လက်မထပ်

နိုင်ရင် ငြင်းလိုက်လို့ရတာပဲ။ မင်းကိုငါအတည်ကြံခဲ့တာမဟုတ်ဘူး
တောင် ပြောဖို့မလိုဘူး။ ပိတောက်နားလည်သွားမှာပါ။ ခုတော့ အ
လည်း မပြန်ရဲတော့ဘူး။ ပိတောက်ဘယ်ကိုသွားရမလဲ မောင်.. ၊

ခြေလှမ်းတိုင်းသည် ဦးတည်ရာမဲ့နေခဲ့လျက် မျက်ရည်စက်တို
လိမ့်လိမ့်ပြုဆင်းလာကြ၏။

"ကဒ်.."

"ဖြောင်း ဖြောင်း ဖြောင်း.."

ကဒ်ဆိုသည့်အသံနှင့် တဆက်တည်း ရဲဆက်၏လက်ခုပ်သံက
ဆုံးထွက်လာခဲ့ပြီ.. ၊

"တော်တယ်ကွာ..သိုက်ဒီလောက်တော်တာ မချီးမွမ်းဘဲမနေနိုင်ဘူ
လက်ခုပ်သံတချို့တိတ်သွားတာတောင် သူကတဖက်ဖက်တီးနေ
နှင့် သိုက်ရဲ့ဘေးကိုလျှောက်သွားကာ.. ၊

"ရော့..မျက်ရည်သုတ်လိုက်ဦး.."

တစ်ရှူးလေးတစ်စထုတ်ပေးတော့ သိုက်ကယူပြီး မျက်ရည်
သုတ်၍ ပြုံးပြ၏။ ရဲဆက်က သိုက်ရဲ့ဘေးကိုပို၍တိုးကပ်လိုက်ပြီး

"ကိုယ်သာဆို မင်းလိုမိန်းကလေးကို အဲ့လိုလိမ်ညာရက်မှာမဟု
ဘူး..ရှုပ်ရှင်ရိုက်နေလို့သာ ကြည့်နေရတယ်၊ တကယ်ရင်ထဲမကောင်း
သိုက်ကလှည့်ကြည့်ပြီး ပြုံးသည်။ တခြားမိန်းကလေးတွေအ
ဘယ်လိုဆက်ဆံခဲ့လဲမသိပေမယ့် သိုက်ကိုတော့ သူညာခဲ့တာမှမဟုတ်
မချစ်လို့ ဂရုမစိုက်ခဲ့တာ ဘယ်သူ့ကိုအပြစ်တင်ရမလဲ..။ တစ်ခုခုနဲ့လို
ဖို့ပေမယ့် သိုက်ဒီတိုင်းပဲငြိမ်နေလိုက်မိသည်။

"နောက်ဆင်းနဲ့က ရွာသူတွေအခန်းမို့လား..လာ ဒီဘက်မှာအေ
တယ်.."

မာလကာပင်တွေနဲ့ ဝါးကွပ်ပျစ်ကြီးရှိသည့်ဘက်ကို ရည်ရွယ်ကာ
ရဲဆက်က သိုက်ရဲ့လက်ကိုဆွဲသည်။ သိုက်ကပြန်ရုန်းလိုက်ပြီး နော
ပြန်ကြည့်၍.. ၊

"တိုးတိုးရော့..ဒီမှာပဲလာပြင်ပေးတော့.."

နောက်တစ်ယောက်ရောက်လာမှာသိတော့ ရဲဆက်မျက်နှာပျက်သွ
၏။

"သိုက်ကလည်းကွာ..နားတာကို ခဏတဖြုတ်လွတ်လွတ်လပ်လပ်
းဘာမဟုတ်ဘူး.."

"ရှုတင့်ရှိနေတဲ့နေ့ကတော့ လွတ်လပ်ချင်လို့မရဘူးလေ..ပြီးတော့
ပုဂ္ဂိုလ်က အလုပ်နဲ့ပတ်သက်ရင် လူရှေ့မရှောင်ပြောတာ.."

"အဲ့ဒါကိုပဲနားမလည်တာ..မင်းဘက်မှာ ကိုယ့်လိုလူတစ်ယောက်လုံး
နေတာပဲ၊ မင်းမျက်နှာကို ဘာအတွက်ဒီလောက်တောင် မလွန်ဆန်နိုင်
ဖြစ်နေတာလဲ.."

အတော်ကြီးမျိုသိပ်ထားခဲ့ရသည့် လေသံတွေနှင့် ရဲဆက်မချင့်မရဲ
မေးလာခဲ့လျက်.. ၊

"မင်းသာပြတ်သားရဲရင် ခုချက်ချင်း...ကိုယ်က.."

"ဟဲ့..ငါတို့ရန်ဖြစ်တဲ့ဆင်းန်ဆက်ရိုက်မယ်တဲ့.."

ပြောလက်စတွေကို ပြတ်တောက်သွားလောက်အောင် လေသံကမာ
သည်။ လူရိပ်ကလည်း အနားကိုချက်ချင်းရောက်လာကာ သိုက်နဲ့ရဲဆက်
ကြားကြည့်၍ လက်ပိုက်လိုက်သေးသည်။ သူမကမျက်မှောင်ကုတ်သွားကာ
မင်းမျက်နှာတို့ဆီ လှမ်းကြည့်လိုက်သည်။

အားလုံးကသူ့အလုပ်နဲ့သူ ရှုပ်နေကြလျက် သူမကသာဒီထိရောက်
လာပြီး ဘယ်လိုအာဏာတွေ လာပြနေတာလဲ..။ အဖြူရောင်နဲ့မင်းမျက်
ဘယ်တုန်းတည်းက ဘယ်လိုတွေရင်းနှီးနေခဲ့မှန်း သူမသိပေ။ ထို့ပြင်
ကိုယ်နဲ့လည်းရင်းနှီးခဲ့တာမဟုတ်ဘဲ အဖြူရောင်ဆိုသည့်မိန်းမကိုက နာ
သည်နဲ့ ဆန့်ကျင်နေသော ကာရိုက်တာမျိုးနှင့် ဘယ်သူ့အပေါ်မှာမှ ဖော
ရွေပျူငှာပုံ မရှိခဲ့တာဖြစ်သည်။ ကိုယ်တိုင်ပရိုဂျူဆာလုပ်ပြီး မအောင်
ခင်ဘဲ ပြန်ပျောက်သွားခဲ့သည်။ ပြန်ပေါ်လာတော့ ပရိုဂျူဆာလိုလို မင်း
သမီးလိုလို။ သူမရဲ့မာနတွေက ပို၍ထောင်လွှားနေသည်သာရှိကာ.. ၊

"မျက်နှာ..ဟိုမှာအဖြူရောင်ဘာတွေသွားမွှေနေလဲမသိဘူး.."

အုပ်စုနှစ်စုကို ဘေးကနေသတိပေးနေသည့်ရွှေကျီးက ကရိန်းပြင်
သည့်နေရာမှာ စကားပြောနေသည့် မင်းမျက်နှာကိုသတင်းလာပေး၍..

"ဟိုနှစ်ယောက်ကလည်း သိပ်မဟုတ်တော့ဘူးကွ..မင်းရဲ့အဖြူရောင်
ကလည်း ဘာလေးလဲမသိဘူး၊ နည်းနည်းပါးပါးထိန်းဦး.."

"ငါ့အဖြူရောင်မဟုတ်ဘူး.."

"မင်းနဲ့ပတ်သက်ပြီး လိုက်သဝန်တိုနေတာ အသိသာကြီး..သိုက်ကို
တာ့ဂတ်ထားနေတာ.."

"ကဲ..သွားစမ်းပါကွာ၊ ဒီမှာမူလီတစ်လုံးရှာမရလို့ တိုင်ပတ်နေတယ်"

"မင်းသမီးတွေကြောင့် တိုင်ပတ်မှ မင်းငုတ်တုတ်မေ့မှာနော်..အ
ကောင်းနဲ့သတိပေးနေတာ.."

ရွှေကျီးကိုတွန်းလွှတ်နေပေမယ့် ဟုတ်တော့လည်းဟုတ်သည်။ အ
ထူးသဖြင့် နယ်ထွက်ရိုက်သည့်အချိန်မှာ အလွန်အန္တရာယ်ကြီးသည့်ကိ
ဖြစ်၏။

"ဒါနဲ့ငါမေးပါဦးမယ်..ဒီဇာတ်နဲ့ရိုက်ကူးရေးတစ်ခုလုံးကို ရဲဆက်
လက်လွှဲယူမယ်ဆိုတာ မင်းတကယ်ပေးမလို့လား.."

"သူယူနိုင်ရင်ပေးမှာ.."

ပြောလိုက်ပြီး မင်းမျက်နှာကပြုံးသည်။ ပြီးတော့.. ၊

"နေဦး..နေဦး ကင်မရာချိတ်ကြည့်လို့မရသေးဘူး၊ ဦးဝင်းကိုဘက်
က ဖရိန်မငြိမ်ဘူး..ဦးဝင်းကိုမြန်မြန်လုပ်၊ နောက်နှစ်ဆင်းန်ကျန်သေ
တယ်.."

စကားပြောရင်း အလုပ်ကိုလည်း မျက်ခြေမပြတ်ကြည့်နေခဲ့လျက်
နာရီပင့်ကြည့်တာ ခဏခဏ။ ထို့ပြင်.. ၊

"စိုးရိမ်မနေနဲ့..ကိုယ့်အလုပ်ကိုယ်သွားလုပ်.."

ပြောပုံက သူချည်းပဲသိပြီးသားဖြစ်နေသလိုလို.. ၊

ရဲဆက်တို့က အစဉ်အဆက်တည်းက ဒီလုပ်ငန်းနဲ့ရပ်တည်လာခဲ့ကြ
တဲ့ ရုပ်ရှင်ပရိုဂျူဆာ ဒိတ်ဒိတ်ကြဲတွေ။ ရွှေကျီးရင်လေးနေခဲ့လျက် ဘာမှ
လည်းမေးလို့ရတော့မှာ မဟုတ်မှန်းသိနေခဲ့ရာ.. ၊

လုပ်တော့.. မပြောတော့ဘူး.. ၊

♥♥♥♥♥

အခန်း(၄၂)

"မပြောတော့ဘူးလို့နေတာပဲ..မင်းကပြောလာတော့လည်း ပြောရ
တာပေါ့.."

"ဖေဖေပြောနေတာ ကျွန်တော့်အကြောင်း အကောင်းမှမပါတာ..
ကိုယ့်သားဆိုတာတောင် မေ့နေသလားပဲ.."

"ကိုရဲ..မင်းအဲ့လိုဖအေကို မကောင်းမြင်ဝါဒနဲ့ မကျေမနပ်ဖြစ်နေသ
ရွှေ့ မင်းရဲ့တိုးတက်လမ်းပျောက်နေမှာပဲနော်..ငါအဖေတစ်ယောက်က
ကိုယ့်သားသမီးကို မကောင်းပြောချင်ပါ့မလား.."

မပြောချင်လို့ပဲ တော်သေးတယ်လို့ အသံတိတ်ပြောမိရင်း နားမ
ထောင်ချင်ပေမယ့် ကြားနေရသည်မို့.. ၊

"မင်းမျက်နှာက သူရိုက်မယ့်ဇာတ်ကို ကိုယ်တိုင်ရေးတယ်..ကိုယ်တိုင်
ဇာတ်ညွှန်းခွဲတယ်၊ ဇာတ်နဲ့ပတ်သက်ပြီး တစ်ချက်မမျက်ခြေပြတ်မခံဘူး..
အကြောင်းအမျိုးမျိုးကြောင့် ရိုက်ကွင်းမှာ အခက်အခဲကြီးငယ်ရှိရင် သူ့
ဇာတ်ညွှန်းသူအဆင်ပြေအောင် ပြောင်းရေးနိုင်တယ်..ဘာအကြောင်းနဲ့မှ
မျက်သိမ်းပြီးပြန်လာရတယ်ဆိုတာ မရှိဘူး.."

ဖုန်းနားထောင်ရင်း ရွာထိပ်ကစေတီဘေးမှာ ရှုတင်တည်နေသည့်

အဖွဲ့ တွေဆီ မျက်စိကျရောက်နေခဲ့၏။ ဝိုင်းကြည့်နေကြသည့်ရွာသား
တွေကိုတစ်ခုနှင့်ရင် ဒီဟာလေးကိုပေးပါ ဒါလေးကိုင်ထားပေးပါနဲ့ ပြီး
ခိုးသူခိုးကြားနေသည်ဖြစ်
ရွာလုံးနဲ့မင်းမျက်နှာတို့အဖွဲ့ ရင်းနှီးနေလို
ကြတာ ဘယ်လိုတောင်လဲလို့ တွေးယူရတဲ့အထိ.. ၊

"ဒီကောင်ကနမျောတယ်..တွန့်တိုတယ်နဲ့ သူ့အဖွဲ့ကလူတွေကိုး
တိုင် ရှဲ့မဲ့ကဲ့ရဲ့နေကြတယ်၊ ပြီးတော့ သူနဲ့ခွဲထွက်သွားတာ ဘယ်
ရှိလို့လဲ.. ရွာတင်မှာ စရိတ်ချွေတာလွန်းလို့ ငက်တယ်ငက်တယ်နဲ့ ထ
လပ်ဗ်ကနာမည်ကျော်ပြီးရင်ကျော်လာတာ..အဲ့ဒါသူ့အလုပ်အပေါ်မှ
သူလွှမ်းမိုးထားနိုင်တဲ့ အရည်အချင်း.."

ဦးအောင်မိုး သားအပေါ်ထားသည့် ကရုဏာဒေါသတွေက သား
လိုအပ်ချက်တိုင်းကို မင်းမျက်နှာကထောက်ပြနေသလိုဖြစ်နေခဲ့ရာ..

"မင်းကြိုးစားစမ်းပါ..မင်းကို မင်းမျက်နှာနဲ့နှိုင်းယှဉ်နေတာ သူ့ကိုခွ
မွမ်းချင်လွန်းလို့ မဟုတ်ဘူး..သူ့ထက်ပိုတော်စေချင်လို့.."

"ကြိုးစားမလို့ ငွေထုတ်ပေးပါဆိုတော့ ဖေဖေထုတ်လို့လား...ကွ
တော်က အရင်းအနှီးမရှိဘဲ ဘာလုပ်လို့ရမှာလဲ.."

"မတူတာ အဲ့ဒါတွေကစတာပဲကိုရဲ့..မင်းကိုသူလို ခြေဖလာလက်
လာနဲ့ ကိုယ့်အရင်းအနှီး ကိုယ်ရှာပါလို့ အဖေမပြောဘူး..ဒါပေမယ့် ထု
ပေးလိုက်ရင်တော့ မပျောက်ပျက်အောင် ထိန်းသိမ်းနိုင်ရမှာပေါ့.."

"ဖေဖေရာ..စီးပွားရေးလုပ်တာပဲ၊ ကြွေတစ်လှည့် ကြွက်တစ်ခုန်ပေ
"ဟေ့ ဟေ့..အဲ့ဒါလောင်းကစားသမားတွေ ပြောတဲ့စကား၊ စီးပွားရေ
ကို အဲ့လောက်မျက်မွေးတဆုံးလေးကြည့်လို့မရဘူး.."

"မဟုတ်ဘူးလေ..စီးပွားလုပ်ရင် အချို့အမြတ်နှစ်မျိုးပဲ အ
မှာ မဟုတ်ဘူးလား.."

"အေး..မှန်တယ်၊ အကျိုးအမြတ်ဆိုတာလည်း ကံကြမ္မာနဲ့သ
လောင်းအစားလုပ်တာပါပဲ..အရှုံးဆုံးပြောရရင် လမ်းပေါ်မှာပိုက်ဆံ
ကုန်ကောက်ရင်တောင် ကိုယ့်အိတ်ကပ်ကိုဖိထားဖို့ မမေ့နဲ့..လောဘစေ
တိုက်ပြီး ပြေးကောက်လိုက်တာနဲ့ မင်းအိတ်ထဲကဟာတွေ အရင်လ
ပေါ်ရောက်ကုန်မှာပဲ.."

မကြားဘူးသေးတာတွေရော ကြားနေကျစကားတွေရော ဖေဖေ့

ဆက်တော်တော်စိတ်ပျက်နေပါပြီ..

"ဖေဖေ..ဖေဖေကနိုးဆိုရင်တော့ ကျွန်တော်ဒီမှာကွဲပြီ.."

"အဲ့ဒါက မင်းကိုယ့်အိတ်ကပ်ကိုမဖိဘဲ သူများပစ္စည်းလိုချင်စော
ကောက်လိုက်စာပဲ.."

"ဖေဖေ့.."

"ငါကမင်းအဖေဖြစ်ပေမယ့် မင်းအတွက်ရှာဖွေစုဆောင်းနေတာ
သည်း မှန်ပေမယ့် ဖြစ်မြောက်တာမတစ်ခုမှမရှိခဲ့တဲ့ သာမကတွေအရ
ဆုတ်ပေးဖို့ လုံးဝမဖြစ်နိုင်ဘူး.."

"ဟာ..ဖေဖေအဲ့ဒါတော့.."

"မင်းကစီးပွားရေးလုပ်ချင်တာမဟုတ်ဘူး...မင်းမျက်နှာကိုနိုင်ချင်
ာ.."

"ဖေဖေတို့ပရိုက်ဆာချင်းရော ပြိုင်ကြဆိုင်ကြတာတွေ မရှိလို့လား..
ာ်လမ်းကောင်းရရေး လိုချင်တဲ့မင်းသားရရေး ဘာအရေး ညာအရေး
ွမ္မ ပြိုင်နေကြတာ အများကြီး.."

"ပြိုင်နေတာမဟုတ်ဘူးငါ့သားရ..အဲ့ဒါအလုပ်လုပ်နေကြတာ.."

"ကျွန်တော်လည်းအလုပ်လုပ်ဖို့ပဲဖေဖေ.."

"မင်းမျက်နှာကိုဖယ်ထုတ်ပြီး သူ့အလုပ်ကိုမင်းယူဖို့က ပိုဆိုးတာပဲ..
ငင်းကိုလွှဲပေးမယ်လို့ ဘာလို့ချက်ချင်းပြောလဲသိလား.."

ရဲဆက်ငြိမ်နေတော့ ဦးအောင်မိုးရဲ့သက်ပြင်းချသံက သိသာစွာထွက်
ာခဲ့ပြီး.. ၊

"ငါက ဒါမျိုးကိုလက်ခုပ်တီးပေမယ့် အဖေမျိုးမဟုတ်မှန်း သူသိလို့..
သားဖြစ်တဲ့မင်းကမသိပေမယ့် သူကငါ့အကြောင်းသိတယ်၊ မင်းအဖေ
စိတ်ကူးထဲမှာ ဆက်မပြစ်မှားနဲ့ကိုရဲ့..ငါဘာလုပ်လုပ် မင်းအတွက်
သည်းပဲ.."

"ဖေဖေ့..ဟာ.."

ဦးအောင်မိုးက ဖုန်းချသွားသည်။ သူများကိုအကြီးအကျယ် ချီးမွမ်း
ဖွင့်ပြီး ကိုယ့်ကိုနှိပ်ကွပ်နေတာတွေက ထားပါ။ ပြီးရင်တော့ ပြောပြော
ဆိုနဲ့ ထွက်ကျလာရမှာမဟုတ်ဘူးလား...။ သူများလိုတော်စေချင်တာ
က သူများလိုမှလုပ်ခွင့်မရရင် ဘာစေတနာတွေလဲ..။ သူ့အကြောင်း

မင်းမျက်နှာသိတယ်ဆိုတာတောင် ထည့်ပြောသွားလိုက်သေးသည်။

"ဟား..ကျွတ်.."

ဖုန်းကိုင်ထားရင်း လက်တစ်ဖက်နဲ့ ဆံပင်တွေကို ထိုးဖွမိလိုက်၊ ပြန်
သပ်ချလိုက်။ ထိုနေရာမှာပဲ ခေါက်တုံ့ခေါက်ပြန်လျှောက်နေမိ၏။ ပြီး
တော့ ဖေဖေ့ကိုဖုန်းပြန်ခေါ်သည်။ မရမကပြန်ခေါ်နေခဲ့ပေမယ့် လုံးဝ
ကိုင်တော့ပေ.. ၊

ဘာလဲ..ဖေဖေဘာလုပ်တာလဲ.. ၊

ဒီသတ္တဝါကို ချီးမွမ်းတာတွေ ဒီသားကနားထောင်ပေးခဲ့ရတာ
ရလာဒ်က ဘာလဲ.. ၊

'မင်းအဖေကိုမပြစ်မှားနဲ့'လို့ ကြိုမှာသွားတာတောင် ရဲဆက်မချင့်
ရဲ မြည်တမ်းပြစ်မှားနေခဲ့တာ မပြီးနိုင်.. ၊

သူဘာလုပ်ရမလဲဆိုတာလည်း မသိတော့ဘဲ.. ၊

♥♥♥♥♥

အခန်း(၄၃)

ထမင်းစားကြတော့ actorတွေနဲ့ မင်းမျက်နှာတို့ကို သိုက်ရဲ့ဘကြီး
ကမ်က ဒိုင်ခံကျွေးမွေးဧည့်ခံတာဖြစ်ကာ ထမင်းစားတိုင်း ပဟေဋ္ဌိဖြစ်
နေပုံရှိသော ဦးမြည်ုက ချောင်းတစ်ချက်ဟန့်ကာ.. ၊

"ဘယ့်နှယ် နင်တို့နှစ်ယောက်က တောင်ဖျားနဲ့မြောက်ဖျားထိုင်နေ
ကြဘာလဲ..စေ့စပ်ထားဆို.."

"ဟင်.."

မင်းမျက်နှာက ဦးမြည်ုဘေးမှာထိုင်ပြီးသားဖြစ်နေကာ သိုက်ကတစ်
ဖက်စွန်းနားမှာ ထိုင်ရမလို ပြန်ထရမလို မျက်လုံးချင်းဆုံသွားကြ၏။
ပြီးမှ.. ၊

"ဘဘကလည်း စေ့စပ်ထားတာနဲ့ပဲ.."

"ဟေ့..စေ့စပ်ထားတယ်ဆိုတာ သက်ဆိုင်သူရှိပြီးသားမှန်း ကျေညာ
ဘာပဲ..စေ့စပ်ပြီးရင် လက်ထပ်ကြမှာမဟုတ်ဘူးလား၊ လာစမ်း..ဒီမှာလာ
ထိုင်.."

အသက်ကြီးလို့ သူငယ်ပြန်တယ်ပြောရအောင်လည်း ဦးမြည်ုက ဒီ
လောက်တော့မအိုစာသေးပါ။ ဒါပေမယ့် ဘာကိုအလိုမကျဖြစ်နေမှန်းမသိ

သော မျက်နှာညိုညိုကြီးက ကလေးဆိုးကြီးလို မှုန်ကုတ်ကုတ် စူပုပ်နေခဲ့လျက်.. ၊

"မင်းမျက်နှာအောမှာထိုင်စမ်း...သီတာနဲ့ကြည်ပြာ ဒီဘက်ကူးလိုက်ဟိုသူငယ်နှစ်ယောက် မိန်းကလေးတွေထိုင်ခဲ့တဲ့ဘက်ကို သွားကြ..မိန်းကလေးတွေက မိန်းမသားချင်းကပ်ထိုင်ကြပေါ့.."

အဖြူရောင်နဲ့အရဲမင်းသမီးတစ်ယောက်လည်း ဦးမြညိုညွှန်ကြားချက်အတိုင်း ဟိုတိုးဒီရွှေ့လုပ်နေကြရကာ အိမ်ရှင်မို့မပြောသာပေမယ့် အဖြူရောင်မျက်နှာက အနီရောင်သမ်းနေ၏။ ရွာကအိမ်ကြီးအိမ်ကောင်းတွေများကာ ထိုထဲမှာ ဦးမြညိုတို့အိမ်ကြီးကလည်း အပါအဝင်ဖြစ်၏။ ထို့ပြင် ရိုက်ကူးရေးအဖွဲ့တွေအတွက် လိုအပ်သမျှအကုန်လုံးကို ကူညီထောက်ပံ့နေသည့်ပြင် သိုက်တို့အဖွဲ့တွေအတွက် စားရေးသောက်ရေးကို အိမ်ထဲပဲ သီးသန့်စီစဉ်ကျွေးမွေးတာမို့ ဦးမြညိုတို့မိသားစုနဲ့ ပတ်သက်ပြီး မကျေနပ်ခြင်း ကျေနပ်ခြင်းသည်.. ၊

"နင်တို့ခေတ်ကျမှ အရပ်မျက်နှာမသိ နေရာမရှိ ထင်သလိုသွား ထင်သလိုနေနေကြတာ..ငါတို့ခေတ်တုန်းကဆို ဇနီးသားမယားကို ညာလာမောင်းပေါ် ခေါင်းပေးမသိပ်ဘူး၊ လမ်းလျှောက်သွားရင် ဇနီးမယားကဘယ်..နှမကိုညာမှထားတယ်၊ ဒီလိုထုံးတမ်းစဉ်လာနဲ့ စံနစ်တကျနေထိုင်တော့ မောင်နှမမှန်း လင်မယားမှန်းမြင်တာနဲ့သိတယ်လေ.."

ဦးမြညိုပြောပြနေသည့်အချိန်မှာပဲ ဟင်းပွဲတွေက တစ်မျိုးပြီးတစ်မျိုး အငွေ့တထောင်းထောင်းနဲ့ ရောက်လာ၏။

"မဉ္ဇရေ..ဟင်းချိုပန်းကန် နောက်ထပ်တစ်ပွဲလုပ်ဦး.."

ဟု စကားစဖြတ်၍ လှမ်းခိုင်းတာလည်းရှိကာ.. ၊

"ကိုယ့်နေရာကိုယ်မှ မသိကြတော့တာ ယဉ်ကျေးမှုမရှိတာလည်းမပြောနဲ့..မိသားစုထမင်းဝိုင်းမှာ ဘယ်သူကသားသမီး ဘယ်သူက သမက်ချွေးမ ကြည့်လိုက်တာနဲ့သိတယ်၊ သူ့နေရာနဲ့သူ သတ်သတ်မှတ်မှတ်ထိုင်ရတာကိုး..ဒီထဲမှာ တခြားကလာတဲ့ ဧည့်သည်ပါနေရင်လည်း အဲ့ဒါက ဘယ်လိုပုဂ္ဂိုလ်ထူးကြီးဖြစ်နေပေစေ ဧည့်သည်ကဧည့်သည်နေရာပဲ..အိမ်ဦးခန်းမှာ ပေးမထိုင်ဘူး..မိသားစုတွေက ဖယ်မပေးဘူး.."

သူ့စကားသူပြောပြီး အားလုံးကိုငဲ့ကြည့်ကာ.. ၊

"တခြားမိသားစုတွေထက် ကျုပ်အိမ်မှာ ဒီစည်းကမ်းပိုကြီးခဲ့တာ..ဒါမယ့် ခုတော့ ဟောဒီမြေးမနှစ်ယောက်နဲ့ကျုပ်ပဲရှိတော့တာကိုး..စားပွဲကြီးတွေလည်း အသုံးမဝင်တာကြာပါပြီ.."

ဒါကလွမ်းချင်းကိုရောက်သွားတာထင်သည်။ မင်းမျက်နှာမျက်ခုံးမှာ မသိမသာပင့်ကာ နားထင်ကုတ်၏။ ပေါက်ကြီးတို့လည်း အတော်နားလောင်နေပြီဖြစ်ကာ ဟင်းနဲ့တွေနဲ့ ဗိုက်ထဲကတဂျုတ်ဂျုတ်စစ်တိုက်နေကြ၏။

"ကိုင်း...စားကြ စားကြ.."

တော်ပါသေးရဲ့.. ၊

ပေါက်ကြီးတို့မျက်နှာတွေ ဝင်းထိန်သွားသည်။ ဒါပေမယ့် ဆိုးဆိုးဝါးဝါးဆတ်မနှိုက်ရဲသေး။ အထိုင်မတတ်တာကြောင့် မိန့်ခွန်းများစွာခွေးသည်။ အန္တိုက်မတတ်ရင် ဘာဖြစ်မည်မသိ.. ၊

"အဟမ်း.."

"ဂလု.."

ချောင်းဟန့်သည်။ လက်ပြင်သည်။ ဦးမြညိုမနှိုက်သေးသဖြင့် တံတွေးပဲမျိုချလိုက်ရ၏။ သီတာဆိုသည့် ဆံပင်ရှည်လေးနဲ့ကောင်မလေးသည်း သူ့အဘိုးစကားဆုံးသွားသဖြင့် အားရဝမ်းသာဖြစ်သွားကာ..၊

"ဒေါ်လေးစားနော်..သမီးတို့က ဥစားကြက်တွေ အသားစားကြက်ကိုယ်တိုင်မွေးထားတော့ အားနာစရာမလိုဘူး..မြို့မှာလို ရေခဲရိုက်လည်း မဟုတ်ဘူး၊ လတ်လတ်ဆတ်ဆတ်ပဲ.."

ဟင်.. ၊

ဦးမြညိုကို ဦးချလိုက်ပြီး သီတာကသိုက်ရဲ့ပန်းကန်ထဲကို လှမ်းညှပ်ပေးသည်။ ပြီးတော့.. ၊

"ဦး...ဒီမှာစား.."

"အဲ..နေဦး.."

သိုက်က ဟင်းခပ်ထားသည့်ဇွန်းကို မထည့်ခင်လှမ်းတားကာ.. ၊

"သူကအဲ့လိုကြားသားမြင်သား မစားဘူး.."

ဘမင်ပနာဝင်ယူတာတော့ မဟုတ်ပါ။ ဒေါ်အေးချမ်းမေပြောတာကို ဆင်ခြေရလိုက်လို့ဖြစ်သည်။

"ကိုမင်းလေ..ကြားသားမြင်သားမစားဘူး၊ ဟင်းတုံးကြီးရင်မ
ဘူး..ငါးသေးငါးကွေးစားသလားဆိုတော့လည်း မစားဘူး၊ အဲ့ဒါဘယ်
လုပ်မလဲလတ်ရယ်.."

ပြောလို့ ကြားသားမြင်သားဆိုတာ ဘာလဲလို့တောင် အန်တီလေ
မေးကြည့်မိသေးသည်။

"သူ့ရှေ့မှာသတ်တာ သတ်လာတာလို့ပြောတာ သတ်နေတာ
ကြားတာ..အမျိုးမျိုးပေါ့အေ.."

ဤသို့သိထားသဖြင့် သိုက်ကကြားဝင်ပြောရခြင်းဖြစ်ကာ.. ၊

"ရတယ်..သူစားဖို့အဒေါ်ပဲ ရွေးထည့်ပေးလိုက်မယ်..အဟွန်း..

တကယ်က သီတာနောက်ထပ်ကြော်ငြာတွေဝင်နေလျှင် သူစား
ဘာမှရှိတော့မှာ မဟုတ်ဘဲဖြစ်သွားမည်။ ဒါဆို သူ့အတွက်ကို တစ်
တစ်ရှုပ်စီစဉ်ပေးရမည့်အဖြစ်က ဒုက္ခပဲဖြစ်သောကြောင့်.. ၊

"အဲ့ဒါကငါးခြောက်နဲ့ပဲကုလားဟင်းထင်တယ်.."

"ဟုတ်တယ်ဒေါ်လေး..ဟုတ်တယ်၊ ဒီမှာ အမဲသားခြောက်ဖုတ်

"ရပြီ..ရပြီ သူအမဲသားလည်းမစားဘူး.."

အားလုံး တအံ့တသြနှင့်မျက်လုံးတွေ ဝင်းဝင်းလက်လက်ဖြစ်ကုန်
၏။ သဘောကျသည့်လူက ရယ်ချင်သလိုဖြစ်သွားလျက် သဘော
သည့်လူတွေက ရဲဆက်နဲ့အဖြူရောင်.. ၊ နှစ်ယောက်စလုံး မျက်နှာ
တင်းချိတ်သွားကြပြီး.. ၊

"ဒါဆို ဟင်းကအသားဟင်းဘာမှမရှိတော့ဘူး..ကိုမင်းကဘာ
မှာလဲ.."

"ဟင်..အဲ ရတယ်၊ ကျွန်တော်ကကြုံသလိုစားတယ်.."

"ကြုံသလိုစားတဲ့လူက ကြားသားမြင်သားတွေ အမဲသားမစား
တွေနဲ့ ဘယ်လိုလုပ်ကောင်းကောင်းစားရတော့မှာလဲလို့.."

အဖြူရောင်က စိတ်ထဲရှိတဲ့အတိုင်း ချက်ချင်းရှင်း၏။ ဦးမြည်
အဖြူရောင်စကားစပြောတည်းက အကဲခတ်နေတာဖြစ်လျက်.. ၊

"လူ့ဘဝမှာကောင်းကောင်းစားနေရဖို့ထက် အရေးကြီးတာ
သေးတယ်မိန်းကလေးရဲ့..မောင်မင်းမျက်နှာကို ကျုပ်ကလူငယ်
ယောက်လို့ပဲမြင်မိတာ၊ ဘယ်ဆိုးလို့တုံး.."

တစ်ခါတည်း နှစ်ယောက်စလုံးကို ရည်ရွယ်၍ပြောခြင်းဖြစ်ကာ..၊

"ရွှေသိုက်လည်းမဆိုးဘူး..ခုတည်းက တစ်ယောက်ကိုတစ်ယောက်
ားလည်မှုရှိထားကြတာ ကောင်းတာပေါ့.."

သိုက်မလုံမလဲဖြစ်ကာ မျက်နှာတစ်ပြင်လုံးထူပူနေသလိုပင်။ သူမဒီ
လူသိစေချင်လို့ ပြောမိတာမဟုတ်ပါ။ ဘာကြောင့်ဆိုတာလည်း မသိ
တော့ဘဲ ဒီတိုင်းဝင်ပြောလိုက်မိတာဖြစ်သည်။ တွေးကြည့်တော့ ဒီငါး
ယ်လိုရတာ ဒီအသားဘယ်လိုသတ်တာဆိုတာတွေ သီတာထပ်မပြော
နိုင်အောင် အလျင်စလိုဝင်တားလိုက်တာပင်။ ဒါနဲ့တောင်.. ၊

"ငါးတော့စားတယ်မို့လားဟင်ဦးက..ဒီမှာကက္ကတစ်လေးတွေ လတ်
လိုက်တာအရမ်းပဲ..ဟို.."

"ဟုတ်တယ်..ဟုတ်တယ်.."

သီတာထပ်ပြောလာတော့ သူမလည်းထပ်ပါမိပြန်ကာ.. ၊

"ရှင်ငါးစားတယ်နော်.."

တစ်ခါတည်း ပိတ်ပြော၍ ကိုယ့်ပန်းကန်ထဲကို ဆယ်ချလိုက်သည်။
ငါးကအကောင်ကြီးပုံရှိကာ နှစ်ပိုင်းပဲပိုင်း၍ ကြော်နှပ်လေးလုပ်ထားတာ
ဖြစ်၏။ ငါးတုံးကြီးရင် မစားဘူးဆိုတာသိထားသဖြင့် ကိုယ့်ဘာသာအ
ရှိးဖယ်၍ အတုံးလေးတွေဖြစ်သွားမှ ထည့်ပေးလိုက်ပြီး.. ၊

"ပဲကုလားဟင်းနဲ့ပဲစားလိုက်တော့..ငရုပ်သီးကြော်နဲ့.."

"ကိုယ့်အဖေဆိုရင် ဒါမျိုးမြင်လို့ကတော့ ပြောပြီးသားပဲ.."

စိတ်တိုလွန်းလို့ မျက်လုံးတွေမှာ မီးတောက်တွေဖြစ်နေလျက် ရဲဆက်
နှုတ်ခမ်းမှာ ခဲ့မဲ့မဲ့အပြုံးနှင့်.. ၊

"အဟွန်း..ဘာလေးဖြစ်ဖြစ် ကိုယ့်ဘာသာမလုပ်နိုင်ဘူးဆိုရင် မင်းက
ကျိုးနေလို့လား၊ ဒုက္ခိတလားနဲ့.."

ပြောပြီး မင်းမျက်နှာကို ခပ်စိုက်စိုက်ကြည့်လိုက်ရင်း.. ၊

"မင်းကိုမြင်တော့ ဖေဖေပြောဖူးတာကိုသတိရသွားလို့ပါ..ဟွန်း
ဟွန်း.."

"ဟား ဟား ဟား..ဒါတော့ဟုတ်သကွ.."

ဦးမြည်ကြ အားပါးတရရယ်လိုက်ပြီး ပန်းကန်ထဲမှာပဲ ထမင်းလုတ်
လေးလုပ်ရင်း မစားသေးဘဲမော့လာကာ.. ၊

"ယောကျ်ားတွေက ဇနီးမယားနဲ့တွေ့ရင် အကျိုးအကန်းတွေထက်
ပိုဆိုးကုန်တာ..အဲ့ဒါဘယ်သူကစခဲ့မှန်းလည်း မသိတော့ပါဘူးကွာ၊ ဒါ
ပေမယ့်နော် အကျိုးအကန်းလိုနေရတဲ့ ယောကျ်ားတွေကမှ ကံထူးတာ
မင်းလည်းအိမ်ထောင်မရှိသေးတဲ့ပုံပဲ၊ နောက်ဆိုအကျိုးအကန်းနဲ့တူချင်
လာလိမ့်မယ်..ဟား ဟား ဟား အိမ်ထောင်ဦးစီးတစ်ယောက်က ဘယ်ချ
ပဲဦးစီးဦးဆောင်ဖြစ်နေနေ မိန်းမဆီပြန်ရောက်ရင် ခေါင်းဝင်ငှ့်တာပဲ"

"အဘကတော့လုပ်ပြီ.."

ကျော်အောင်တို့က ပျော်တတ်သူတွေမို့ ဦးမြညိုအရွှန်းဖောက်နေတာ
နှင့် ဝင်နောက်ကြကာ.. ၊

"အဲ့ဒါနည်းနည်းတော့ များသွားပြီ.."

"ဘာတုံး..မင်းတို့ကလူပျိုတွေလား၊ အေး...ငါပြောတာမယုံရင် ကြည့်
လိုက်လေ.."

"ယုံပါတယ်..ဟဲ့..ဟဲ့၊ ခေါင်းငှ့်တယ်ဆိုတာကြီးက အဟမ်း...အ
ဟမ်း.."

"အဟွတ်..အဟွတ်.."

"ဟာ..မျက်နှာ.."

"မျက်နှာ သီးကုန်ပြီ..ကျောကိုထု..ထု.."

"ဘုန်း.."

"အား.."

မင်းမျက်နှာရဲ့ကျောကိုထုပေးဖို့ပြောတာက ကျော်အောင်ဖြစ်ကာ
ဘယ်သူမှမထုရသေးဘဲ မင်းမျက်နှာရဲ့လက်သီးဆုပ်ကြီးကသာ သူ့ကျော
ပြင်ကို ဘုန်းခနဲထုလာခဲ့လျက်.. ၊

"သေပါပြီကွာ..မျက်နှာ မင်းဘာဖြစ်.."

"အဟွတ်..အဟွတ်.."

မင်းမျက်နှာက ချောင်းဆိုးနေဆဲရှိကာ ကျော်အောင်ဆက်ပြောမှာစိုး
လျက် အင်္ကျီစကိုအတင်းဆွဲဆောင့်ခါနေပြီး.. ၊

"ခွေးကောင်.."

"တွေ့လား...ချောင်းဆိုးနေတာတောင် ဆဲဖြစ်အောင်ဆဲသေးတယ်"

သူ့စကားကြောင့် အစာလမ်းကြောင်းတွေ မှားကုန်ပြီး မင်းမျက်နှာ

ချောင်းဆိုးတာကို သိလိုက်သည်။ သိုက်ရဲ့မျက်နှာလေးလည်း နီရဲနေပြီ
ဖြစ်လျက် ထမင်းဝိုင်းသည့် ဘာတွေဘယ်လိုစည်းကားစိုပြေသွားသည်
မသိ.. ၊

ဟုတ္တိပတ္တိလည်းမစားဖြစ်ကြဘဲ စကားတွေပြောရင်း တိတ်ကျသွား
သိုက် ရယ်လိုက်နှင့်.. ၊

♥ ♥ ♥ ♥ ♥

ကာထင်းနေသည့်နှာတံလေးနှင့် ချစ်စရာကောင်း၏။ အထူးသဖြင့် ထူ
ည့်သည့်နှုတ်ခမ်းလေးတွေက အရောင်လေးနည်းနည်းတင်လိုက်တာ
ပန်းချီရေးထားသလို လှသွားတတ်ကာ.. ၊

"ဒီမှာ.."

"ဟင်.."

"ရှင်ကြည့်အောင်လို့ လာပြတာမဟုတ်ဘူး.."

"မသိဘူး..ဒီဆင်းနှံအတွက် ဒါဝတ်လာတယ်လို့ လာပြတာမှတ်လို့"

ပြောပြီး အတင်းကြီးတည်ထားရသည့်မျက်နှာနှင့် တစ်ဖက်လှည့်
း၏။ သိုက်ကမဲ့ကာ.. ၊

"မနေ့ညနေက ထမင်းဝိုင်းမှာ ရှင်ဇီဇာကြောင်တာတွေကြောင့် အိမ်
းတွေ ဒုက္ခများမှာစိုးလို့ သိုက်ကဝင်လုပ်ပေးတာ.."

"ဘာပဲဖြစ်ဖြစ် ကျေးဇူးတင်ပါတယ်.."

"ရှင်သိဖို့ပြောပြတာလေ..တော်ကြာ ကေကြီးတို့အုပ်စုရဲ့စပ်ဖြဲဖြဲမျက်
ကြီးတွေကြောင့် ရှင်အရှုးရင့်နေမှာစိုးလို့.."

သိုက်က ပြုံးသွားသည့်မျက်နှာကို စိုက်ကြည့်နေသေးသည်။ ပြီးမှ
သည့်ထွက်သွားလျှင် နောက်ဖေးမီးဖိုချောင်ပြင်နေရကြသော ရွာသားတွေ
က ဝါးစိမ်းလုံးကြီးတစ်ချောင်းက သိုက်ရဲ့မျက်နှာဆီ တည့်တည့်မတ်
တဲ့ တိုးဝင်လာရာ.. ၊

"သိုက်..နေဦး.."

မင်းမျက်နှာ ကမန်းကတန်းအော်လိုက်ပြီး သိုက်ပခုံးလေးကို လှမ်း
ကိုင်၍ ငုံ့ရှောင်လိုက်၏။ ဘာဖြစ်မှန်းမသိလိုက်ပေမယ့် အန္တရာယ်တစ်ခုခု
ဘာ သိလိုက်သောကြောင့် သူ့ရင်ခွင်ထဲမှာ ပုကပ်ငြိမ်ကျသွားခဲ့၏။

"ကံကောင်းလို့ဟေ့.."

"မင်းကလည်း ရှေ့မကြည့်နောက်မကြည့်.."

"ဘာမှမဖြစ်ပါဘူးဟ..ဟိုမှာလွတ်သွားပါတယ်.."

အလုပ်လုပ်နေတဲ့လူတွေပြောတာရော လှမ်းကြည့်ပြီး လက်တို့ရယ်
ဘာရော သိုက်နဲ့မင်းမျက်နှာ ရုတ်တရက်ဘာမှမသိလိုက်ပေ။ ဖက်
ကသားနှင့် တစ်ယောက်ကိုတစ်ယောက် ငေးခနဲကြည့်လိုက်မိပြီး.. ၊

"ဖယ်ပါ..လူကို.."

အခန်း(၄၄)

ဘာရယ်မဟုတ်ဘဲ တစ်ယောက်မျက်နှာတစ်ယောက်မြင်လိုက်ရုံ
မျက်နှာပူသလိုလို ရှက်သလိုလို။ သူကလည်း သိုက်ကိုမြင်တာနှင့် ရုပ်
ပြတော့မလိုလို ခေါင်းကုတ်သလိုလို။ ဘာမှလည်းမဟုတ်ဘဲ မျက်နှာပြ
လွဲဒီလွဲလုပ်တာလည်းရှိ၏။ သိုက်ကတော့ မျက်နှာပြောင်ပြောင်လွှဲပစ်နိုင်
ပေမယ့် ခြေလှမ်းတွေ မှားကုန်တာ ကိုယ်ပဲသိလေသည်။ ဒီအဖြစ်ကြီး
သိုက်မနေတတ်ဘဲရှိကာ ရှုတင်တည်နေကြတုန်း သူစီးကရက်သောက်ခ
သည့်နေရာကို သွားလိုက်ပြီး.. ၊

"မင်းမျက်နှာ.."

ဟင်.. ၊

ထူးတာမဟုတ်ဘဲ ဖျတ်ခနဲလှည့်ကြည့်၏။ သိုက်ကဇာတ်ဝင်ခန်းအ
တွက် ဝတ်ထားသောအဖြူနဲ့အပြာရောသော ကိုယ်ကျပ်ခါးရှည်လေးနှင့်
စတော့ကင်းအပြာကို ဝတ်ထား၏။ ဆံပင်တွေကို နောက်မှာမြင့်တင်စည်း
ထားသဖြင့် နားသယ်စပ်ဆံယဉ်စလေးတွေက လည်ဂုတ်ထိတောက
လျှောက် စိမ်းနုနုဝင်းဖန့်ဖန့်လေး မြင်နေရသည်။ သူမသည် ဆံပင်တွေ
ဖြန့်ချထားလည်း လှသည်။ ခုလိုသိမ်းစည်းထားလိုက်တော့လည်း

သိုက်သူ့လက်တွေကို ဖယ်ချပစ်ကာ ကမန်းကတန်းနောက်ဆုတ်သည်။ ပြီးတော့ နေရာမှလည့်ထွက်လာခဲ့၏။ ရင်ခုန်သံတွေဖြောင်းဆန်နေတာကို ဒေါသထွက်လာမိသည်။ နှင်ကရှုပ်ရှင်မင်းသမီး..ဒီလိုမဖြစ်ဘူးလို့လား ရွေသိုက်..၊ သွားသေလိုက်တော့ နှင်.. ၊

"ဟွန်း.."

မြင်ကွင်းကိုသေချာစိုက်ကြည့်နေရင်း အဖြူရောင်ကမဲ့သည်။ သူ့အဖော် ဝိုင်းကအကဲခတ်၍.. ၊

"နှင့်ကိုထော့နားမလည်တော့ဘူးအဖြူရယ်..ဘာဖြစ်နေတာလဲ၊ ဘာလုပ်မှာလဲ..ဘယ်သူ့ကြောင့်လဲ.."

"ဒေါသထွက်နေတာ လူသတ်ချင်တယ်..ငါခံစားနေရတာကြောင့်၊ ငါ့ကြောင့် ငါ့အတွက်..ဒါပဲ.."

♥♥♥♥♥

အခန်း(၄၅)

"ဘောလုံးပွဲဆိုတော့ တစ်ဖက်ကိုလူခုနှစ်ယောက် ရှစ်ယောက်ဘာက်.."

"ဟာ..ကောကြီး.."

"ဆယ်ယောက်လောက်ထားလိုက်ပါ..ပိုမြိုင်သွားတာပေါ့.."

"ပီကော.."

ကိုယ့်နားကနေ တစ်ယောက်တစ်ခွန်း အကြံဉာဏ်တွေထွက်နေကြတာ မင်းမျက်နှာဘယ်ဘက်ကိုမှ လှည့်ပိတ်ဖို့ကြိုးစားတာမရ.. ၊

"ဒါဆိုအတော်ပဲ..ဖိုးလုံးတို့လူစုကို လက်တို့လိုက်.."

"ဖိုးလုံးဆိုတာ ဘကြီးချို့တို့ဆိုင်မှာ လက်ဖက်ရည်ဖျော်တဲ့ အသားညိုးမည်းနဲ့ကောင်လေးလား.."

သိုက်ကဝင်မေးတော့ ပြောနေကြသည့်လူတွေထဲကတစ်ယောက်က ခေါင်းညိတ်ကာ.. ၊

"ဟုတ်တယ်..သည်းထက်ငယ်ရင် သုံးလေးနှစ်ပဲ၊ အဲ့ကောင်လေးကသဘိန်တာ ဂိုးသွင်းကောင်းတယ်..စန်းဦးတို့နဲ့ အပြိုင်ဖိုက်တဲ့ကောင်.."

ဓွာသားတွေနဲ့သိုက်က အဆင်ပြေသွားသဖြင့် ကျော်အောင်တို့

ပြောတဲ့အကြောင်းအတိုင်း လူနှစ်ဆယ်လောက်က အတည်ဖြစ်သွားခဲ့လျှင်..

"သိုက်..ခဏ.."

ဆွေမျိုးတွေရော ရွာသားတွေပါ ဝိုင်းဝိုင်းလည်နေသည့်အလယ်မှ သိုက်ကိုဆွဲထုတ်ဖို့ ခက်ခဲနေခဲ့လျက် တစ်ချက်လေးအခွင့်အရေးရတာနဲ့ တစ်ခါတည်းလက်ဆွဲခေါ်လာခဲ့ပြီး.. ၊

"အဲ့လောက်လူတွေအများကြီး ဘာလုပ်ဖို့လဲ.."

"ဘောလုံးပွဲလေ.."

"ရွာလယ်ကွင်းလေးထဲက တိုင်ထောင်ဘောလေးကို ဘာဖြစ်လို့ နှစ်ဆယ်လဲ.."

မင်းမျက်နှာ ဒီကိစ္စစလိုက်တာနဲ့ ဘာကြောင့်ဆိုတာ သိုက်ကောင်း လိုက်ပြီး.. ၊

"ညတည်းက ကောကြီးတို့လည်း ရှင့်ကိုပြောတယ်လေ..ပိုက်ဆံအများကြီး မှာစိုးရင် အဲ့ဒီဆင်းန်ဖြုတ်လိုက်ဆိုတာ.."

"ဖြုတ်လို့မရလို့ပေါ့.."

"ဖြုတ်လို့မရရင် ထည့်ရမှာပဲ..ရှင်ခေါ်ခိုင်းခိုင်း မခိုင်းခိုင်း သူတို့အဲ့ဒီဘောပွဲကစားရင် လူစုံတက်စုံကစားကြတာ.."

"သိုက်.."

"ဘာလဲ.."

"မင်းနော်..မင်းရွာသားတွေပိုက်ဆံရအောင် မင်း.."

"ဘာ.."

သိုက်က ဆတ်ခနဲခါးထောက်လိုက်လျှင် မင်းမျက်နှာထိတ်သွားသော လူများများရှိနေသည့်ဘက်ကနေ ပြေးကွယ်ရပ်လိုက်ရင်း.. ၊

"တိုးတိုးပြောလို့ရတယ်.."

"မတည့်အောင်လာမပြောနဲ့လေ.."

"မင်းနဲ့တည့်ချင်လို့ ပြောနေတာမှမဟုတ်ဘဲ.."

ကြည့်စမ်း.. ၊

သိုက်မျက်နှာလေး တင်းသွားသည်။ မင်းမျက်နှာက ဂရုမစိုက်သည့်ပြင် သူမကိုစေ့စေ့ကြည့်၍..

"မနေ့က ရွာထိပ်က ကွမ်းယာဆိုင်ရှေ့အဖီလေး ပြုတ်ကျတဲ့ဆင်..

ကတာအောင် မင်းရွာသားဘက်က မင်းငါ့ကိုအလျော်တောင်းတာ မ ဆန်မဆ.."

"ရှင်ကမတန်မဆပြန်ဆစ်မှာ သိလို့လေ..ဆစ်ရောမဆစ်ခဲ့လို့လား၊ ကျွန်းပြောသလောက် ပေးချလိုက်တာ ရှင့်ရာဇဝင်မှာရှိခဲ့ရင် ပြောစမ်းပါ.. ဘယ်လေးဘာလေးထိုးထားရအောင်.."

"ငါ့ရာဇဝင်ထိ မင်းစပ်စပ်စုစုသိချင်နေပေမယ့် ငါကမင်းကိုပြောဖို့ ဘာမပါဘူး.."

"တောက်.."

သိုက် ဘာပြန်ပြောရမှန်းမသိဘဲ တက်ခေါက်လိုက်မိသည်။ ဒီဇာတ်ကောင်မှာ ရွာခံလူအဖြစ် အရံမင်းသားပါမှဖြစ်ကာ ပျော်ပျော်နေတတ်ပြီး ပေါပေါခပ်ကြောင်ကြောင် လူချစ်လူခင်များသော.. ၊

"မင်းသားနေရာမှာ အစားဝင်ပေးမယ့်ကိုထူးဆိုတဲ့ကောင်လေးက ဆန်တန်ခဲပေးရမှာလို့ ပြောတာကရှိသေး.."

ဒေါသထွက်နေကာမှ ဒါပဲပြန်ဆက်လျှင်. ၊

"ဟုတ်တယ်..ပေးရမယ်၊ ဒီရွာမှာရှင်နဲ့စက်အဖွဲ့တွေ ရှုတင်မပြီးမချင်း အလကားစားရမယ်..ဒါပဲ၊ ကျန်တာဘာမှ အလကားမရဘူး.."

"ငါကရော အလကားလိုချင်ပါတယ် ပြောနေလို့လား.."

"လျှော့ပေါ့ပြောပေးဖို့လည်း မစဉ်းစားနဲ့..လုံးဝမရဘူး၊ အထူးသဖြင့် ခဲ့ဆွေမျိုးတော်ရမယ့်ရွာဆိုပြီး အချိုအချောင်စိတ်ကူးထားရင်.."

"ဟေ့ ဟေ့..စကားပြောတာ ဆင်ခြင်နော်၊ မင်း.."

"ကြိုးစားတာပဲ..ရကိုမရတာမတတ်နိုင်ဘူး၊ ရှင်ပြောချင်တာ ကုန်ပြီး.."

"မကုန်သေးဘူး.."

မင်းမျက်နှာက သိုက်နားကိုပိုကပ်၍ လေသံကိုနှိမ့်ချလိုက်ရင်း.. ၊

"ဘောလုံးသမားငါးယောက်စီလောက်ပဲ လိုချင်တယ်..အဲ့ဒါ မင်းဘာ ကြည့်ကောင်းအောင် ပြင်ပြောပေး.."

သုကပ်လိုက်တဲ့အတိုင်း သိုက်ကနောက်ဆုတ်ရပ်လိုက်သည်။ ပြီးမှ ဆံပင်တွေသိမ်းရင်း ခေါင်းခါလိုက်ပြီး.. ၊

"မပြောပေးနိုင်ဘူး..ကျွန်မတို့ကို မြို့သူမြို့သားတွေ စကားအမျိုးမျိုး

ပြောတယ် အထင်မခံနိုင်ဘူး..”

“ဒါက ငါဆုံးဖြတ်မှဖြစ်တာလေ..မင်းတို့ဘာသာစီစဉ်ဆုံးဖြတ်
ကိစ္စ ဘာလို့ပြင်ဆင်ခွင့်မရှိရတာလဲ..”

“ရှင်ဆုံးဖြတ်မှဖြစ်တာဆိုလည်း သူတို့ခေါ်ပေမယ့် ငါမခေါ်ဘူး
ရှင့်ဘာသာပြောလိုက်ပါလား..”

“သိုက် မင်းကနယ်ခံလူမို့ ငါကပြောနေတာ..”

“ရှင့်ဇနီးလောင်းဆိုပြီး အားကိုးနေတာ မဟုတ်ဘူးလား..”

“ဟွန်း..”

အလေးအနက်ပြောပြနေသည့် မျက်နှာကလှောင်ရိပ်နှင့်ပြုံးခြင်း
ရောက်ကာ.. ၊

“အားကိုးချင်စရာလား..မင်းကိုယ်မင်းပဲ မေးစမ်းပါဦး..”

ပြော၍ အညိုရောင်အဖြူပွင့်လေးတွေနှင့် ဆွဲသားကိုယ်ကျပ်
ဝတ်ထားသည့်သိုက်ကို မျက်လုံးဝေ့ကြည့်ပြီး.. ၊

“မင်းငါနဲ့သက်ဆိုင်တယ်ဆိုတာ သတိရရင် ဒီလိုကိစ္စတွေအတွက်
မင်းကိုငါညှိနှိုင်းသင်ပြနေစရာတောင် မလိုဘူး..”

“ဟုတ်လား..ဟွန်း..”

စိတ်အချဉ်ပေါက်သလောက် သိုက်နှုတ်ခမ်းကို တွန့်မဲ့ပစ်လိုက်
သူ့လိုပဲစေ့စေ့စပ်စပ်ကြည့်၍.. ၊

“ရှင်ကနည်းနည်းလောက် စိတ်ဝင်စားစရာကောင်းနေရင်တော့
ဖန်ဂုဏ်ယူဖို့ သတိရမိဦးမှာ..”

“ငါ့ကိုတစ်စိုးတစ်စိမှ စိတ်ဝင်စားဖို့မလိုဘူး..ငါ့စီးပွားကို နည်းနည်း
ပဲ ထည့်တွေးပေးရင်ရပြီ..”

ကြည့်စမ်း..။ မင်းမျက်နှာဆိုတဲ့လူ..။ သိုက်ဒေါသထွက်လာတာ
ထိန်းမရနိုင်အောင် ဖြစ်လာခဲ့လျက်.. ၊

“တော်တော်ပြောရဲတဲ့လူ..ငွေမျက်နှာကလွဲပြီး ဘာမှမမြင်ဘူး..”

“ကျွတ်..မလိုအပ်ဘဲ အဲ့လိုတွေပြောနေရတာလည်း မမိုက်ဘူး..”

သိုက်အထင်လွဲနေသလား..ဒေါသထွက်နေသလား ဘာမှဂရုမစိုက်
သည့်အပြင် သူကပဲစိတ်ပျက်ညည်းတွားလို့.. ၊

“ရှင်..ရှင့်ရုပ်ရှင်လုပ်ငန်းမှာ သိုက်ကိုအလကားခိုင်းရမှာပဲတွက်

ဆုပ်လိုက်တာမို့လား..”

“မင်းလည်းပရိုဂျူဆာနဲ့ လက်ထပ်မှ ရုပ်ရှင်ကြားတွေ ဆက်တိုက်
ရိုက်ရမှာလို့ မတွက်ခဲ့ဘူးလား..”

“ရှင်...ရှင်ဟာလေ..”

ဒေါသထွက်နေတာတောင် ထွက်နေပါပြီလို့ ထုတ်ပြောရမယ့် အဖြစ်
ပါလား.. ၊ စိတ်တိုတိုနှင့် သူ့ရင်ဘက်ကိုတအားပြေးထုပစ်မိကာ.. ၊

“ဥစ္စာရူး..”

“ဟေး..နော် ဟေ့..”

သူမလှည့်ပြေးသွားတော့ ဖမ်းဆွဲလိုက်ပေမယ့် မမိ.. ၊

“ဟား.. ကျွတ်..”

“ဘာလို့လဲ..ရှင်းပြချင်လို့လား၊ မင်းခိုင်းတာမရလို့လား..”

ကျော်အောင်နဲ့ပေါက်ကြီးတို့က မချိုမချဉ်မျက်နှာတွေနှင့် သူ့နောက်
ရောက်လာကြကာ.. ၊

“မင်းကလည်းမျက်နှာရာ..တစ်ခါတလေ ကိုယ့်အဆင့်နဲ့ကိုယ် ဖျော
ဖန်တာဖျောရတယ်ကွ..”

“လာပြန်ပြီ..”

“ဟုတ်တယ်လေကွာ..ဒီကလေးတွေကို မုန့်ဖိုးပေးရမှာ တစ်ယောက်
ထောင်တည်း..”

“အယောက်နှစ်ဆယ်လေ..”

“ဒါကတော့..”

“ကေကြီး မင်းငါ့ကိုဆရာမလုပ်နဲ့..ညစ်နေတာနော်..”

“ဟုတ်သားပဲမင်းကလည်း..မင်းသားအစားဝင်မယ့် သောကြာဆိုတဲ့
ကောင်ကို ပေးရမှာလည်းရှိသေးတယ်၊ အလိုလိုကမှ မျက်နှာကနမျောရ
တဲ့အထဲ..”

ကိုယ့်ဘက်ကလိုလို သူ့ဘက်ကလိုလိုနှင့် ပေါက်ကြီးကပြောပြီး
ခေါင်းကုတ်လိုက်သေးသည်။ ပြီးမှ.. ၊

“မင်းကသိုက်ကို နားလည်အောင်ပြောမပြတော့..ဘာတဲ့လဲ အခုညှိ
ရမှာလား..”

“ပီကေ..မင်းကဘယ်ဘက်ကလဲ..”

မင်းမျက်နှာကလေးဆန်ဆန်မေးပုံကြောင့် ပေါက်ကြီးပြုံးစိစိဖြစ်သွား
သည်။ သို့သော် ဒေါသအရှိန်ကို ခံစားမိလိုက်ကာ မျက်နှာပိုးသတ်၍..

"သိုက်ဘက်ကပါစရာလားကွ..ငါပြောတာလား.."

"မပြောနဲ့..ဘယ်ဘက်ကလည်းပါဖို့မလိုဘူး၊ အဲ့ဒီမိန်းမကို နည်း
နည်းလေးမှကို ကြည့်မရတာ.."

"မင်းကလည်း ကိုယ်ကယောက်ျားပဲ..မိန်းမကမိန်းမပီသမှာပေါ့
နည်းနည်းလောက်.."

"အလျှော့ပေးဖို့လား..နည်းနည်းမှကို စိတ်ကူးမရှိဘူး.."

ပြောပြီး လှည့်ထွက်လာတော့ နှစ်ယောက်သားနောက်ကပါလာကြ
ကာ.. ၊

"သိုက်က ချစ်စရာလေးပါ.."

မင်းမျက်နှာခြေလှမ်းတုံ့သွားသည်။ သူတို့ပါဝင်မတိုက်မိအောင်
ကိုယ်ရှိန်သတ်လိုက်ရကာ.. ၊

"မင်းအထင်လွဲနေတာမျိုး မဟုတ်ဘူးလို့ပြောချင်တာ..အဲ့ဒါ.."

ပြောပြီး တစ်ယောက်နဲ့တစ်ယောက် လက်တို့ကြ၏။ မင်းမျက်နှာ
ဆတ်သွားမှ သူတို့ဆက်လျှောက်ကြရင်း.. ၊

"မင်းကသာနည်းနည်းလေး လျှော့ပေါ့ကြည့်လိုက်ရင်.."

သူတုံ့ခနဲဖြစ်သွားပြန်သည်။ သူတို့လည်းတုံ့သွားရပြန်ကာ.. ၊

"မင်းကလည်းစကားမှားကို မခံဘူး.."

"မှားရင်လည်း မှားလေ..ဘာမှပြီးအောင်မပြောဘဲနဲ့ဘာလဲ၊ ဘာပြော
ချင်တာလဲ.."

"မသိဘူးလေ..မင်းကပဲပြောလို့မပြီးခင် ရပ်ရပ်ပစ်တာကို.."

"မရပ်စေချင်ရင် ဘေးကိုလာပြော..နောက်ကလိုက်ပြီး ဖိနပ်တက်
နင်းမယ့်အတိုင်းပဲ၊ ဒီမှာအာရုံနောက်ရတဲ့အထဲ.."

"မင်းကတော့ ငွေရေးကြေးရေးပါလာရင် နောက်ပြီးသားပဲ.."

"သိရင်လည်း နောက်တစ်ခါရှေ့ကတက်ပြီး ဘာမှမပြောနဲ့.."

သူဦးတည်လိုက်တာ လူငယ်တွေကို စုဝေးခေါ်ပေးမည့် ဦးလှဦးဆိ
ကိုဖြစ်ကာ သူအနားရောက်သွားသည်နှင့်.. ၊

"ကောင်လေးတွေက ရုပ်ရှင်ထဲလည်းပါရ လက်ဖက်ရည်ဖိုးလည်း

ရမှာဆိုပြီး အူမြူးနေကြလေရဲ့ပရိုဂျူဆာကြီးရေ..ဘောကန်မယ့်အကျီ
ဘွေတောင် ပြေးပြီးပြင်ဆင်ကုန်ကြပြီဗျ.."

မင်းမျက်နှာပြုံးမဲ့မဲ့ကြီးနှင့် ကျောက်ရုပ်ဖြစ်သွားသည်။

မင်း သေသင့်တယ်.. ၊

♥♥♥♥♥

"အဲ့ဒါသေချာလုပ်ထားတာပဲ..သရုပ်ဆောင်ရတာ မလွယ်မှန်းရှင်မ
ဦးပါဘူး...ကျောလေးပဲပါပါ အမြီးလေးပဲပါပါ ကင်မရာရှေ့ရောက်နေ
တာယ်ဆိုတဲ့အသိက ခြေလှမ်းမှားတာပဲ.."

"မင်းကဒါရိုက်တာကို ဘာမှမသိဘူးလို့ ပြောလိုက်တာလား.."

"ဟုတ်တယ်လေ..ဒါရိုက်တာလည်း အလုံးစုံသိနေတာမှမဟုတ်တာ၊
လူလယ်ခေါင်မှာတောင် သီချင်းအော်မဆိုရဲတဲ့အရပ်သားတစ်ယောက်ကို
ခေါ်လောက်တော့ သည်းခံရမှာပဲ.."

"ငါကသူ့ကို သည်းမခံနိုင်လို့ပြောနေတာ မဟုတ်ဘူး..မင်းသေချာ
လုပ်မထားခဲ့တာကို အပြစ်ထုင်နေတာ.."

"သောကြာကကျွန်မမှမဟုတ်ဘဲ ကျွန်မကလည်း သောကြာမဟုတ်
ဘူး.."

"မင်းကလည်း ဘာဖြစ်လို့မကောင်းကျောင်းပို့လုပ်နေတာလဲ.."

ရဲဆက်က ခပ်လှုပ်လှုပ်လျှောက်လာရင်း ဘောလုံးကန်နေသည့်လူ
ယ်တွေဆီ လှမ်းကြည့်လိုက်ပြီး.. ၊

"မင်းကအရပ်ပုပု ခပ်ပြောင်ပြောင်ပုံစံကို လိုချင်တယ်ဆိုတော့ လူ
ပြောင်းခိုင်းလို့လည်း မရဘူး.."

ဘာကိုပြောချင်မှန်းမသိဘဲ ရယ်ကျဲကျဲလုပ်နေသေးသည်။ ပြီးမှ..၊

"ငါ့အကြံပြုရရင် မင်းဝင်လုပ်လိုက်ပါလားမင်းမျက်နှာ.."

ယောကျ်ားနှစ်ယောက်မျက်လုံးချင်း ဆုံသွားကြလျက် ရဲဆက်က
မေးနာသွားသလို ရယ်မောလက်ကာ၍.. ၊

"အရပ်ပုပု မျက်နှာခပ်ပြောင်ပြောင်ပုံစံဆိုတော့ မင်းကိုပဲပြေးမြင်မိလို့
ပါ..မင်းသားလင်းမြတ်ကလည်း ပုပေမယ့်ချောတယ်လေ၊ အဲ့ဒါမင်းနဲ့မှ
မခံမှာလို့...အဟွန်း ဟွန်း..."

သိုက်က မင်းမျက်နှာကိုလှည့်ကြည့်သည်။ မျက်မှောင်ကုတ်နေသည့်
မျက်နှာကြည့်နှင့် ခဏနေပြီးမှ မင်းမျက်နှာဖျတ်ခနဲလှည့်ထွက်သွားသည်။

"ဟား ဟား ဟား..."

ထွက်သွားပြီပေမယ့် ရဲဆက်ရယ်ချလိုက်တာကို ကြားရမှာပါ။ ရယ်
သူကလည်း တမင်ရယ်ပစ်လိုက်တာဖြစ်ကာ.. ၊

"ရေလည်တင်းသွားပြီ..ဟား ဟား ဟား.."

"ဟာ..တကယ်လုလေ၊ တကယ်ဂိုးသွင်းနေကြတာလေ..သောကြာ
ဘာလို့စပ်ဖြဲဖြဲကြီးနဲ့ လှည့်လှည့်ကြည့်နေတာလဲ၊ ကျွတ်..ကဒ်.."

မင်းမျက်နှာ မော်နီတာရှေ့ကထရပ်လိုက်ရင်း ဆဲပပင်တွေဖွဖိကာ..

"အဲ့ဒါလေးရှိတ်ဖို့ကို တစ်ညနေကုန်တော့မယ်.."

လို့ညည်းရင်း သိုက်ကိုလှမ်းကြည့်သည်။ သိုက်ကလည်း သောကြာ
ကြောင့်မချင့်မရဲဖြစ်နေခဲ့ပေမယ့် သူနဲ့မျက်လုံးချင်းဆုံလိုက်တော့ ရုံတွေ့
မျက်နှာလေးကို ဘာမှမဖြစ်သလို မော့ထားလိုက်၏။ မင်းမျက်နှာကသူ့
ဘေးကို ရောက်လာကာ.. ၊

"အဲ့ဒါမင်းသေချာသင်ထားတာလား.."

"ဘာလဲ.."

သိုက်က မျက်မှောင်ကုတ်လေးနှင့် လှည့်ကြည့်သည်။ သူ့ကိုဆို
တည့်အောင် ပြန်ပြောဖို့ပဲ ကြိုးစားနေသည့် သူမမျက်နှာလေးကို မင်း
မျက်နှာ စိုက်ကြည့်လိုက်ရင်း.. ၊

"မင်းသားရောက်မလာခင် ဒီဆင်းနှိပ်ထားချင်လို့ သေချာလုပ်ထား
ပေးဖို့ မင်းကိုသေချာမှာထားတာ.."

ပြီးတော့-သိုက်ကိုကြည့်၍.. ၊

"နေရာတကာဖိဟောက်နေရင် ငြိမ်ခံမနေနဲ့..ဒီကောင်မျိုးက ဟောက်သဟမ်းလုပ်တာ ဝါသနာကိုပါတာ.."

"ဝါသနာပါတိုင်း လာလုပ်ကြည့်ပါလား..သိုက်ကလည်း ကိုယ်နဲ့သက်ဆိုင်နေတာတွေမို့ သည်းခံနေတာ၊ အခု.."

သူမစကားမဆက်နိုင်တော့ဘဲ ဘောလုံးပွဲဆီမှာ ငေးစိုက်ငြိမ်သက်သွား၏။ ရဲဆက်ကလည်း သိုက်ရဲ့မျက်လုံးတွေအတိုင်း လိုက်ကြည့်လျှင်

"သူတကယ်ဇင်လုပ်တာ.."

သိုက် တအံ့တသြရေရွတ်နေလျက် မျက်လုံးမလွဲနိုင်အောင် ငေးနေ၏။ ယောကျ်ားချင်းမခံရပ်နိုင်ဖွယ်ပြောသည့်စကားတွေကိုလည်း ဘာမှ တုံ့ပြန်။ သူ့စိတ်ထဲမှာဘာတွေလဲ.. မာနတွေ ဒေါသတွေအစား စီးပွားရေးရယ် ဝါသနာရယ် ဒါမဲ့ရှိနေတာလား..။ ဘဝနဲ့ဂုဏ်သိက္ခာက အရေးပါတာလား..။ စီးပွားရေးက အရေးပါနေတာလား..။ ဒါကိုဂုဏ်ယူထိုက်သ စိတ်ဓာတ်လို့ ခေါ်နိုင်သလား..။ ဒီလိုလူကို အထင်ကြီးလေးစားထိုက်သလား..။ သူ့ကိုငေးနေရင်း သိုက်ရဲ့စိတ်တွေနားမလည်နိုင်ခြင်းတွေ ယောက်ယက်ခတ် လှုပ်ရှားနေခဲ့သည်။ မင်းမျက်နှာသည် အတွင်းခံစွဲကျယ်ချိုင့်ပြတ်အညိုရောင်နှင့် ကွဲတားဘောင်းဘီပေါ်မှာ ပုဆိုးကိုတင်ပိုင်းလှန်၍ ခါးမှာချည်ထားသည်။ ဒါရိုက်တာကိုယ်တိုင် သရုပ်ဆောင်လုပ်နေတာကြောင့် ကြည့်တဲ့သူတွေရော ရုပ်ရှင်အဖွဲတွေပါ လှုပ်လှုပ်ရှားရှားဖြစ်ကုန်ကြသည်။ ရဲဆက်က ငေးကြည့်နေသည့်သိုက်နဲ့ဘောလုံးပွဲကို အကဲခတ်၍.. ၊

"အဟွန်း..ဟွန်း အဲ့ဒါသောကြာအတွက် သရုပ်ဆောင်ခပေးရမှာလို့ကွ၊ 'ဆောင်းကလည်း နှင်းမကျ နွေကလည်းနောက်မကျ'ဆိုတာလိုပေ့..မပေးချင်တာနဲ့ မမွေးချင်တာ အဲဝင်ဂွင်ကျဖြစ်သွားတာ.."

ရဲဆက်ရဲ့စကားတွေကို ကြားပေမယ့် ဘာရယ်မဟုတ်ဘဲ သိုက်ခဲ့အတွေးတွေက ဘယ်စကားနဲ့မှ မသက်ဆိုင်မှာ ခရီးဆက်နေဆဲရှိခဲ့၏ ထို့ပြင် ရဲဆက်ကိုဂရုမစိုက်မိဘဲ ဘောလုံးပွဲဆီတစ်လှမ်းချင်း လျှောက်လာခဲ့မိစဉ်..

"တကယ်မျက်စိနောက်လာပြီ..ဘယ်တစ်ယောက်မှန်းကို မသိတော့

ဘူး.."

"တစ်ယောက်တည်းနဲ့တွဲရင် နှစ်ယောက်ဆီကဘယ်ရတော့မလဲ..ဒီရာသီခွင်တွေ နင်မမြင်ဖူးဘူးလား.."

လှည့်မကြည့်ဖြစ်ပေမယ့် အဖြူရောင်နဲ့အဖော်ဖြစ်သူဝိုင်းဆိုတာမှန်းသိလိုက်သည်။

"နှစ်ယောက်စလုံးသူဌေးတွေချည်းပဲလေ..အတိုအရှည် မညီတာလေးပဲရှိတာ၊ အဟွန်း...ဟွန်း.."

"ပုတာရှည်တာပြောစမ်းပါဝိုင်းရယ်..စားသုံးသူစိတ်ချမ်းသာအောင်"

"အံ့ဩလွန်းလို့ပါ..ဒီလောက်လည်တာ မမြင်ဖူးဘူး.."

"ခုမြင်ဖူးအောင်ကြည့်ထားလိုက်..ရွံစရာကောင်းတာအဲ့ရုပ်ပဲ.."

သိုက်ခြေလှမ်းတွေနှေးကွေးနေရာမှ တုံ့သွားခဲ့သည်။ လှည့်ကြည့်လိုက်တော့ နှစ်ယောက်ကကစားကွင်းဘက်ကိုကြည့်၍ ပြောနေတာဖြစ်တာ.. ၊

"လာသွားမယ်..မျက်စိနောက်တယ်.."

ဆိုပြီး နှစ်ယောက်စလုံး ထွက်ခွာသွားကြသည်။ ဘယ့်နယ်ကိုယ့်ရွာဆိုလာပြီး စော်ကားနေကြတာလဲ..။ ရုပ်ရှင်တစ်ဖွဲ့လုံးကို ရွာကလူကြီးတွေအိမ်မှာ လူခွဲထားရသည်။ စက်အဖွဲ့တွေကိုတော့ ရွာဘုန်းကြီးကျောင်းမှာပဲထားရကာ မိန်းမသားတွေအတွက် လုံခြုံရေးကိုပါ အထူးဂရုစိုက်စီစဉ်ပေးထားတာလည်း သိုက်တို့ဆွေမျိုးတွေပဲဖြစ်သည်။ ဘာဖြစ်လို့ကိုယ့်ကိုပဲ ဘယ်မှာတွေ့တွေ့ စောင်းချိတ်ပုတ်ခတ်ပြောနေတာလဲ..။ မင်းမျက်နှာကိုလား..ရဲဆက်ကိုလား..။ ဒါမှမဟုတ် နှစ်ယောက်စလုံးကိုလား..၊ အဖြူရောင် ဒီယောကျ်ားနှစ်ယောက်နဲ့ပတ်သက်ပြီး သဝန်တိုဒေါသထွက်နေတာမှန်း သိပေမယ့် ဘယ်သူ့ကြောင့်ဆိုတာ မှန်းလို့မရ။ ဟိုအရင်ကရဲဆက်နဲ့ပတ်သက်ပြီးဖြစ်ကာ ခုတော့ မင်းမျက်နှာနားရောက်လာပြန်သည်။ ကိုယ်လည်း မင်းမျက်နှာနဲ့တွဲနေတာမဟုတ်ဘဲ ရဲဆက်နဲ့ရှိနေတိုင်းသည်း အပြောကမလွတ်။ ရွာထဲက ညီအစ်မဝမ်းကွဲတစ်ယောက်ပြောတာကို ပြန်တွေးမိတော့ ဒါသတိထားစရာဖြစ်လာတာကို နားလည်မိ၏။

"ဟိုမင်းသမီးက လှတော့လှပါရဲ့..နင့်ကိုမနာလိုဖြစ်နေတာ အရမ်းသေသာတယ်နော်သိုက်၊ သူကနင့်လူနဲ့ ဘယ်လိုပတ်သက်နေတာလဲ..မသိ

ရင် အစ်ကိုနဲ့သဘောမတူလို့ ယောင်းမလောင်းကို တကောက်ကောက်
လိုက်ပြီး မျက်စောင်းထိုးနေသလိုပဲ..သတိလည်းထားဦး.."တဲ့.. ။
သတိထားရအောင် ကိုယ့်မှာဘယ်လိုပြစ်မှုကျူးလွန်ချက်တွေ ရှိ
လို့လဲ.. ။
အဓိပ္ပာယ်မရှိ.. ။

♥♥♥♥♥

အခန်း(၄၇)

ရွာကသိပ်တော့ မကြီးပေမယ့် စည်ကားနေသည်။ ရွာလူထုကလည်း
ဦးမှာအလုပ်သွားလုပ်နေကြသည့်လူတွေများသောကြောင့် ဝတ်စားနေ
ထိုင်ပုံတွေကအစ သိပ်တော့ရှေးရိုးမဆန်ပေ.. ။
"ဒါက တို့ရွာဘက်မို့လို့ပါ..ဟိုဘက်ကိုဆက်သွားရင် ရိုးမနဲ့နီးသွား
တော့ ရွာဆက်လည်းဝေးတယ်၊ တိုင်းရင်းသားတွေပိုများတယ်..ရွာဆိုတာ
လည်း အိမ်ခြေဆယ့်ငါးနှစ်ဆယ်လောက်ရယ်.."
"ကျွန်တော်က အဲ့လောက်ကြီးမလိုချင်ဘူး..ဒီမှာကျတော့လည်း စည်
ကားနေတယ်၊ အဲ့ဒါကြောင့် ရေမူတ်ရွာကိုလိုကေးရှင်းပြောင်းဖို့ စီစဉ်ထား
တာပါ.."
"နေပါဦး ငါ့တူရဲ့..အဲ့ဒီရွာမှာ ဘာရှိမှာမို့လို့လဲ.."
ဒီလိုမေးလာတော့ နားလည်အောင်ဇာတ်လမ်းပြောပြဖို့ လိုလာပြီဖြစ်
တာ ပြောပြနေဖို့မလိုဘူးလို့လည်း ထင်မိသဖြင့်.. ။
"အိမ်ခြေကျဲကျဲ အလှမ်းခပ်ကွာကွာပေါ့..အိမ်ကြီးရခိုင်ကြီးလည်း
မဲ့ချင်တယ်၊ သူ့ရဲ့ပတ်ဝန်းကျင်လိုကေးရှင်းကလည်း အဲ..ဘယ်လိုပြောရ
မလဲ၊ စိတ္တဇဆန်ဆန် ဒဏ္ဍာရီပုံစံပေါ့.."

မြင်လွယ်သည့်လူတချို့က ချက်ချင်းသဘောပေါက်သွားပုံပေါ်ပေ
ဖျတ်ခနဲကိုယ့်ပေါင်ကို ပုတ်လိုက်ပြီး.. ။

"ဒါများကွာ..တို့ရွာနောက်ပိုင်းထိပ်မှာ လေးသီးစားနှစ်ထပ်အိမ်ကြီး
ရှိပါ့.."

"ဟုတ်သားပဲ..အုန်းမြိုင်တို့အိမ်ကြီး.."

"ဟာ..အဲ့ဒါကြီးမလုပ်စမ်းပါနဲ့ဗျာ၊ သူတို့ဟာသူတို့တောင် ရှင်းရ
ဖြစ်နေတာကြီး.."

ညစာစားပြီးတိုင်း အိမ်ရှေ့မှာပိုင်းဖွဲ့စကားပြောဖြစ်ကြတာ ညဉ့်နက
သန်းခေါင်ထိ ရှိနေတတ်သော သိုက်ရဲ့ဆွေမျိုးတွေက အထူးသဖြင့်သိုက
နဲ့မင်းမျက်နှာကို စိတ်ဝင်တစားအကဲခတ်နေကြတာလည်း ရှိလျက်..

"အဲ့ဒါ ရုပ်ရှင်ထဲမှာ ထည့်သုံးလို့ရမရ..သွားကြည့်ပါလား၊ သိုက်ရ
လိုက်ပို့လိုက်လေ..ကိုယ့်ရွာပဲဟာ.."

သိုက်ကခေါင်းခါလိုက်ရင်း.. ။

"ကိုယ့်ရွာပေမယ့် သိုက်ကငယ်ငယ်တည်းက ထွက်သွားတဲ့ဟာ..
ဘယ်လိုလုပ်သိမှာလဲဦးပေါကလည်း.."

"အေးလေ..ဒါဆို တစ်ယောက်လိုက်ပို့လိုက်.."

"မပို့ပါနဲ့..အနောက်ပိုင်းသားတွေက တို့နဲ့တည့်တာမဟုတ်ဘူး.."

ပြောနေကြသည့် စကားတွေကိုနားထောင်ရင်း မင်းမျက်နှာစိတ်ဝင်
စားသွားသည်။

"ဒီမှာအရှေ့ပိုင်း အနောက်ပိုင်းကွဲနေတာလား.."

"ဟုတ်တယ်ဟေ့..ဒါပေမယ့် ဘောလုံးလာကန်တယ်၊ အလှူခံစာ
ဘာညာရှိရင် လူကြီးတွေလာတယ်..လူငယ်ပိုင်းကတော့ တစောင်းနဲ့မျက်
ချေးပဲ၊ တစ်ခါတလေ ချိန်းပွဲတွေဘာတွေဖြစ်ပြီး သတ်ကြတာတောင် ရှိ
သေး.."

"အခု ကျွန်တော်တို့ရောက်ဖူးသမျှက အရှေ့ပိုင်းပဲလား.."

ကျော်အောင်ကဝင်မေးတော့ လူကြီးတစ်ယောက်က ခေါင်းညိတ်ခြင်း
သည်။

"ဟုတ်တယ်ဟေ့..အိမ်ကတော့ အိမ်အိုကြီးပဲ၊ ဒါပေမယ့် ဘာမှမပျက်
စီးသေးဘူး..အဲ့ဒီအိမ်ကိုအငယ်ကောင်က အရှေ့ပိုင်းမှာလာပေါင်ထား

ယ်၊ အကြီးတွေကမကျေနပ်ဘူး.."

"အမွေဆိုင်တွေပေါ့.."

"အကြီးတွေက မွေးစားသားတွေပါ.."

ဇာတ်လမ်းတစ်ပုဒ်လို စိတ်ဝင်စားဖွယ်ဖြစ်လာသဖြင့် နားထောင်နေ
သော်လည်း နားထောင်ရင်းရှုပ်ထွေးနေတော့သည်။ အဘယ့်ကြောင့်ဆို
သော် ညီအစ်ကိုတွေက မွေးရာပါခပ်ကြောင်ကြောင်တွေဖြစ်ကာ အငယ်
ဆုံးကတော့ မဲကြောင်ပေမယ့် အရက်သမားဟုဆိုသည်။

"သူတို့အဖေက အိမ်ထောင်ပြုပြီး မကြာဘူးဆုံးသွားတယ်..မိထွေး
ကျန်ခဲ့ပြီး ဘာတွေမကျေနပ်ကြလဲမသိဘူး..အဲ့ဒီမိထွေးကို ညီအစ်ကိုတွေ
ခြိုးချုပ်နှိပ်စက်ကြတာသေပါရော.."

ဦးမြညိုပြောပြနေတုန်း ခေါင်းတုံးပြောင်ပြောင်နှင့်ဦးပေါက ကျော်
အောင့်နားနားကပ်ကာ.. ။

"အဲ့ဒီမိထွေးက ယောကျ်ားကအမွေမချန်ခဲ့တော့ သားအရင်းကရမှာ
ဆိုပြီး ငမူးကောင်ကိုကပ်တာလေ..အဲ့ဒီအရှုပ်တော်ပုံနဲ့ သတ်ကြဖြတ်ကြ
တာပဲ၊ ဒါကြောင့် အိမ်မှာဘယ်သူမှမနေဘူး.."

"သြော်.."

သူတို့ခပ်ကြိတ်ကြိတ်ပြောနေတာကို ဦးမြညိုက ဂရုမစိုက်မိပေ။
ပြောလက်ကစအတိုင်းပဲ လိုရင်းတိုရှင်းပြောပြနေရင်း.. ။

"အကြီးတွေ တစ်တန်းကြီးထောင်ကျပြီး ကျန်ခဲ့တဲ့အရက်သမားက
သည်း အဲ့ဒီအိမ်မှာမနေဘူး..ဒါကြောင့် အိမ်ကမပျက်စီးပေမယ့် လူလည်း
နေ ရာဇဝင်မကောင်းတော့ အပေါင်ဆုံးတာတောင် သိမ်းမယ့်သူမရှိပေါ့"

"ထောင်ကျတဲ့လူတွေက အတော်ကြာအောင်ကျသွားတာလား.."

"ခုနှစ်နှစ်စီလို့ပြောတာပဲ..တချို့ပြောတာတော့လည်း ဆယ့်ငါးနှစ်ဆို
သား..ပြန်မလာကြဘူးဆိုတော့ မလွတ်သေးလို့ပေါ့.."

"ဟုတ်တယ်..ဒီကောင်တွေလွတ်လာရင် ဒီအိမ်နဲ့အုန်းမြိုင်ကို အ
ဖော်ပေးမှာမဟုတ်ဘူး.."

သိုက်ကလည်း စိတ်ဝင်စားနေကာ.. ။

"အလွတ်မပေးတော့ ဘာလုပ်မှာတဲ့လဲဘဘ.."

"ဘယ်သိမှာတုံး..နဂိုတည်းက ကျပ်မပြည့်ကြတဲ့ဟာ..မိထွေးကိုမုန်း

ပြီး ညီအစ်ကိုရင်းမဟုတ်တဲ့ အုန်းမြိုင်ကိုလည်း စိတ်ဝမ်းကွဲသွားကြတာ"

"စိတ်ဝမ်းကွဲဆို သူတို့ထောင်ကျတော့တောင် အုန်းမြိုင်ကိုအိမ်မှာ လုံးဝမနေရဘူးလို့ ကြိမ်းနေကြတာတဲ့..သူတို့က သားအရင်းမဟုတ်ဘဲ မယ့် ဒီတစ်အိမ်လုံးစီပွားရေးကို ကျွဲလိုနွားလိုရှုန်းပြီး ဦးဆောင်ခဲ့ရတာကိုး မိထွေးရောက်လာတော့ မိထွေးကလည်း သွေးခွဲစကားတွေပြော..ပြီးတော့ ခေါ်တာကိုက 'နွားသုံးကောင်' 'သောက်ရူး'တဲ့.."

"ဒါဆို သူတို့ထောင်ကျပြီး ပိုရူးသွားတာလည်း ဖြစ်နိုင်တာပဲကိုကြီး ညိုရ..နှစ်မျေါင်းနှစ်ဆယ်နီးပါးရှိနေပြီကို ခုထိပြန်မလာကြဘူးဆိုတော့ သူတို့ဘာမှမသိတော့တာလည်း ဖြစ်နိုင်တာပဲလေ.."

ရွာသားတွေတောင် ဒီအကြောင်းကို သေချာသိကြပုံမပေါ်ဘဲ လူကြီးပိုင်းတွေပဲ တစ်ယောက်တစ်ခွန်းပြောကြရင်း.. ။

"ဒါနဲ့ မင်းတို့အဲ့ဒီအိမ်ကိုသုံးချင်ရင် အုန်းမြိုင်နဲ့တွေ့ဖို့တောင်မင်္ဘူး..တို့ရွာလူကြီးဆီမှာ အပေါင်ဆုံးထားတာ၊ လူကြီးကိုသွားပြောလိုက်ရင် ရတယ်.."

"ဒါပေမယ့် ကိုအုန်းမြိုင်က မူလပိုင်ရှင်မို့လား.."

"ဟုတ်တယ်..မောင်ရင်တွေ့ချင်ရင် မိုးမချုပ်ခင် ရွာမြောက်ပိုင်းကဒရက်ဆိုင်ကိုသွား၊ သူကအိမ်ခါနီးမှပြန်တာ အချိန်ပြည့်အဲ့မှာရှိတယ်.."

မင်းမျက်နှာက ခေါင်းညိတ်လိုက်ပြီး.. ။

"ကျွန်တော်က အရက်ဆိုင်တော့ လိုက်မပြောချင်ပါဘူး..မနက်စော စော သူအရက်ဆိုင်မရောက်ခင်.."

" ဟား ဟား ဟား.."

"အဲ့ကောင်က ဘယ်တော့မှမိုးမလင်းဘူးကွ..နေလွဲမွန်းတည့်မှထတယ်၊ စားစရာရှိရှိမရှိရှိ အရက်ဆိုင်ရောက်တယ်..သူ့အလုပ်ကဒါပဲ.."

"အရက်သောက်ဖို့ကျ ရှိနေတာလား.."

မင်းမျက်နှာရဲ့မေးခွန်းကို လူကြီးကသဘောကျသွားကာ.. ။

"ရှိတာပေါ့..အိမ်ကြီးထဲက စားအိုးစားခွက်ကအစ မီးဖိုတောင်ချန်မထားဘူး၊ တစ်ခုပြီးတစ်ခု ရောင်းစားနေတာ.."

နားထောင်ပြီး သက်ပြင်းချမိသည်။ ပေါက်ကြီးကသူ့နားကပ်လာပြီး.. ။

"မျက်နှာ..အဲ့ဒီအိမ်ကြီးပဲ လုပ်လိုက်ရအောင်ပါ၊ ငါတို့တခြားရွာကိုပြောင်းရင် ကုန်မယ့်အချိန်နဲ့စရိတ်စကနဲ့.."

မင်းမျက်နှာက ခေါင်းညိတ်ပေမယ့် ဆုံးဖြတ်လိုက်တာမျိုး မဟုတ်သေးဘဲ.. ။

"ပြောဆိုကြည့်ရဦးမှာပေါ့.."

"အရက်သမားပဲကွာ..အရက်ဖိုးပေးလိုက်ရင် ပြီးတာပဲ၊ မင်းနှမျောရာဖြစ်လောက်အောင် ပေးဖို့လည်းမလိုပါဘူး.."

"ဘာဖြစ်ဖြစ် စဉ်းစားဖို့လိုတယ်.."

စားသောက်ပြီးစီးတာတောင် မိုးမချုပ်သေးပါ။ တောပိုင်းမှာညစာဘာ ညနေမစောင်းခင်မှာ သတ်မှတ်ထားတာမို့ ကျွေးတော့လည်းစားပြီးရက်တာပဲဖြစ်သည်။ ထို့ကြောင့် သိုက်ကတော့ ကိုယ့်အတွက်သူများသည်း တာဝန်မကြီးရအောင် ညစာစားပြီးတာနှင့် မုန့်ထွက်ဝယ်ရသည့်လုပ်က တစ်ဖက်။ စကားဝိုင်းကနေထလာပြီး တိုးတိုးကိုပိုက်ဆံပေး၍။

"ဒါ့အတွက် ကွတ်ကီးနှစ်ထုပ်ရယ်..အစာလွတ်ပေါင်မုန့်တစ်ခုခုနဲ့အေးရယ်၊ ငါသောက်တာနှင်သိတယ်မို့လား.."

ပိုက်ဆံကိုလက်ခံယူရင်း တိုးတိုးကရှဲ့မဲ့နေ၏။

"ဘာဖြစ်တာလဲ..ရုပ်ကြီးက.."

"ညနေစောင်းရင် လူမသမာတွေ သွားလာနေတတ်တယ်တဲ့.."

"ဘာ.."

"တောတွေဆိုတာ အဲ့လိုပဲကြားဖူးတယ်..မသွားရဲဘူး.."

"တိုးတိုးရယ်..ဒါငါတို့ရွာပါ.."

"မင်းသမီးလည်းကိုယ့်ရွာပေမယ့် ရွာကအကြောင်းတောင် သိလို့လား.."

"သိသိမသိသိ ရုပ်ရှင်အဖွဲ့တွေရောက်နေတာ အားလုံးသိတယ်..မျက်စိမ်းတဲ့လူတွေဆို မြို့ကဧည့်သည်ဆိုတာ ပြောဖို့တောင်မလိုဘူး.."

"သိတော့ မနှောင့်ယှက်တော့ဘူးတဲ့လား.."

"ဒုက္ခပါပဲ..နင်နဲ့တော့.."

တိုးတိုးက ကန့်ကလျရယ်။ ထို့ကြောင့် သူများထက်ပိုပြီး လူသတ်သေးမိဖွယ်ဖြစ်နေသည်။ သူများထက်ပို၍ ပူပန်ဖွယ်ကောင်းတာလည်း

မှန်သည်။ ခိုင်းသာခိုင်းနေရပေမယ့် သိုက်လည်းမခိုင်းသင့်တာကို
နေမိစဉ်.. ၊

"ဘာတွေဖြစ်နေတာလဲသိုက်.."

ရဲဆက်ကအနားရောက်လာသည်။ သိုက်က ပြောပြလိုက်တော့
ကာ.. ၊

"စားသောက်ပြီး ခြေဆန့်လက်ဆန့်တောင်ဖြစ်သေးတယ်..ကို
လိုက်ပို့မယ်လေ၊ သူ့ကိုမခိုင်းပါနဲ့."

ထိုစဉ် မင်းမျက်နှာတို့စကားဝိုင်းကနေ ထထွက်သွားကြတာကို
တိုးကလှမ်းမြင်လိုက်ကာ သိုက်နဲ့ရဲဆက်ကို တွဲထွက်သွားစေချင်သ
စိတ်တွေဖြစ်လာခဲ့လျက်.. ၊

"ကောင်းတယ်..သွားကြ၊ မနက်ဖြန်အတွက် မင်းသမီးအဝတ်အ
တွေ တိုးတိုးစီစဉ်ထားလိုက်မယ်.."

သိုက်ကလည်း ပေါ့ပေါ့ပါးပါးပဲတွေးကာ ကိုယ့်ဘာသာသွားဖို့
လှမ်းပြင်လိုက်၏။ သို့သော် အိမ်ရှေ့စကားဝိုင်းထဲကနေ ဦးမြှုပ်လ
ကြည့်နေတာ မြင်လိုက်သဖြင့် မျက်နှာပူသွားမိသည်။ ဖြစ်ချင်တော့
မျက်နှာတို့ကလည်း ခုလေးတင် သူမတို့ရှေ့ကထွက်သွားကြတာ
ကွင်းထဲက ပျောက်ရုံရှိသေးသည်။ 'စေ့စပ်ထားတဲ့သူက ဘယ်သူတုံး
ရှာထဲက တစ်ယောက်ယောက်ကမေးတိုင်း ဘဘမျက်နှာကြီးပျက်
တတ်ကာ.. ၊

"မသိဘူးဟေ့..ငါလည်းမျက်စိရှုပ်နေပြီ"လို့ ဖြေတိုင်း မျက်မှ
ကုတ်ထားသည့်အကြည့်တွေက 'ညည်းနေပုံထိုင်ပုံသတိထား'လို့ ကြ
နေတာလိုလို။ ဒါတောင် တော်သေးတာပါ။ ရွာမှာလူငယ်တချို့ကလွဲ
အတော်များများက ဖုန်းမကိုင်ကြလို့။ မဟုတ်ရင် အန်တီလေးနဲ့သ
လွယ်တကူဖုန်းအဆက်အသွယ်တွေဖြစ်နေကြရင် မလွယ်။ ဒါပေမယ့်
မျက်နှာလိုလူကို ရဲဆက်နဲ့ရင်းနှီးသလို ဘယ်လိုရင်းနှီးရမလဲ..။ မြင်လို
တာနဲ့ ရန်ဖြစ်ရသည်။ ရန်မဖြစ်တော့လည်း မျက်နှာချင်းဆိုင်စရာ
ကြောင်းကမရှိ။ သူလည်း ဘာသိဘာသာနေသလို ကိုယ်ကရောဘာ
သွားရောရမှာလဲ..။ စေ့စပ်ပြီးတာနဲ့ပဲ ဒီလူနဲ့ပဲတတွဲတွဲနေရမည်လို့
လို့ သတ်မှတ်နေကြတာလဲ..။ သူနဲ့ကိုယ် စေ့စပ်ခဲ့ကြတာ တစ်ယော

အတွက် တစ်ယောက်ကအသုံးတည့်ပစ္စည်းတစ်ခုလို လက်ခံပေးခဲ့ရုံ..၊

"အမေ့.."

"ဟော..ဟော အတွေးတွေများပြီး ခလုတ်တိုက်ကုန်ပြီ.."

သိုက်တကယ်ကိုတွေးနေတာဖြစ်ကာ ရွာလယ်ကမုန့်ဆိုင်ရောက်
တော့ မိုးချုပ်စပြုပြီဖြစ်သည်။ ဆိုင်ထဲအဝင်မှာ ခလုတ်တိုက်မိပြီး ခြေမ
တစ်ချောင်းလုံး အတော်နာကျင်သွား၏။

"ကျွတ်..ကျွတ်.."

"ဘာဖြစ်သွားလို့လဲ..ဒဏ်ရာဖြစ်သွားရင် ပလာစတာဝယ်ကပ်လိုက်
လေ.."

"ရတယ်.."

သိုက်က ကိုယ့်ရှေ့ကဝယ်နေသည့်လူတွေကိုစောင့်ရင်း ဘေးဘီကို
လိုက်ရှာသလို ခေါင်းတစ်ပတ်လည်မတတ် လိုက်ကြည့်၏။ ပြီးတော့
သူမရှေ့က ကတ္တီပါဖိနပ်ဘူးလေးတွေရွေးနေသည့် အမျိုးသမီးနားကပ်
ရှိ.. ၊

"အစ်မ..အရက်ဆိုင်တွေက ဘယ်ဘက်မှာလဲဟင်.."

"ဟင်..အယ် ရွှေသိုက်..မင်းသမီး.."

သူမက အံ့ဩသွားလျက် ဝမ်းသာအားရကြီးထဖြစ်လျှင် အမှတ်တမဲ့
နေသည့်လူတွေအားလုံး လှည့်ကြည့်လာကြ၏။ ဆိုင်က စတိုးဆိုင်အသေး
လေးလိုဖြစ်နေကာ ပစ္စည်းစုံတင်ထားသဖြင့် လူတွေတိုးဝယ်နေတာနိဗ္ဗာန်
ဆိုးပေးနေသည့်အတိုင်းပင်။ လူတွေအကုန် သိုက်ကိုသတိထားမိပြီး ဝိုင်း
အံ့လာကြလျှင် ရဲဆက်ကသိုက်ကိုကာကွယ်သလိုလိုနှင့် ပခုံးကိုဖက်၍
ရင်ခွင်ထဲထည့်ထားလိုက်ပြီး.. ၊

"ဆောရီးပါ..ကျေးဇူးတင်ပါတယ်၊ ခဏဖယ်ပေးပါဗျာ..ကျွန်တော်
တို့အဖွဲ့လူတွေကို ရှာနေတာပါ.."

"မင်းသမီးက အရက်ဆိုင်မေးတာလား.."

"ရပါပြီ..ရပါပြီ ခဏလေး ဘေးကိုပါဗျာ.."

"အမလေးဟယ်..တို့ရွာသူလား၊ သူက လှချက်အေ.."

"လှလိုက်တာရွှေသိုက်နော်..အသားလေးက ရွှေလိုကိုဝင်းနေတာပဲ၊
ပ်ရှင်ထဲမှာထက် ပိုလှပါ့ရော.."

"ဟုတ်ပ.."

လူတွေထဲကတိုးထွက်လာရင်း သိုက်ကသူ့လက်ကိုဖယ်ချလိုက်လျှင် ရဲဆက်ကရယ်၍.. ။

"ဘယ့်နှယ်လဲ..အရက်ဆိုင်သွားမေးလိုက်တာ ကံကောင်းလို့.."

"အရက်ဆိုင်မေးလို့မဟုတ်ပါဘူး..သူတို့ကိုက သိုက်ကိုသိသွားလို့ ဖြစ်ကုန်တာ.."

"အဲ့ဒါမင်းရဲ့တိုးတိုးကြောင့်လေ..သူကမင်းသမီးထက် ပိုစျေးကြီးနေတာ.."

"ရှင်ကဦးဆောင်ခေါ်နေတာ မဟုတ်ဘူးလား.."

"ဟား ဟား ဟား.."

ရဲဆက်ကရယ်လိုက်ပြီး ခေါင်းညိတ်နေတဲ့ အလွန်သဘောထားကြီးသည့် လူတစ်ယောက်လို.. ။

"ဒါနဲ့ အရက်ဆိုင်မေးတာက ဘာလုပ်ဖို့လဲ..မင်းမျက်နှာကိုရှာနေတာလား.."

"ရှာစရာလား.."

မရှာရင် အရက်ဆိုင်ကိုမေးစရာ ဘာလိုလို့လဲလို့ ထပ်မေးချင်ပေမဲ့ ရဲဆက်ပါးစပ်ပိတ်နေလိုက်သည်။ ထိုစဉ် မူလတန်းကျောင်းလေးဘေးက လမ်းကြားထဲကနေ လူသုံးယောက်ထွက်လာကြကာ.. ။

"မင်းသမီးရွှေသိုက်ဟ.."

"ဟုတ်တယ်..ဒီမှာ ဒီမှာ..ခဏလေး.."

"ဟေ့..တားထားစမ်းပါ၊ အပြင်မှာမမြင်ဘူးလို့ သေချာကြည့်နေအောင်.."

နောက်ထပ်နှစ်ယောက် ထပ်ပြေးလာကြတော့ အားလုံးငါးယောက် ဖြစ်သွား၏။ အသက်အရွယ်အားဖြင့် အစိတ်သုံးဆယ်တွေဖြစ်ပေမယ့် ခပ်ကြမ်းကြမ်းလူမိုက်ပုံစံတွေဖြစ်ကာ အဖွဲ့တောင့်တာကြောင့် သိုက်လန့်ဖျန့်သွား၏။ မိန်းမသားပီပီ ရဲဆက်ရဲ့လက်ကိုကိုင်ကာ အကာအကွယ်ယူဖို့ ကြိုးစားမိ၏။

"မင်းသမီးရွှေသိုက်တဲ့..ကြည့်စမ်း၊ အပြင်မှာပိုလှတာကွ.."

"လှချက်ကတော့ ထိကိုင်ကြည့်ချင်စရာလေးဟ..ဟီး ဟီး ဟီး.."

"မင်းကဘာလဲ..မင်းသားလား၊ မတွေ့ဖူးပေါင်.."

"ကျွန်တော်ကပရိုဂျူဆာပါ.."

"ပရိုဂျူဆာတဲ့..ဘာလဲ ပရိုဂျူဆာဆိုတာ.."

"မင်းကလည်း ဒါလေးတောင်မသိဘူးလား...မြို့မှာ မင်းသမီးတွေကို ကူပွန်ဆာဆိုလား စပွန်ကူဆိုလား ပိုက်ဆံတွေပေးပြီး ဟိုသင်းဟိုဟာ.. ဟား ဟီး...အဲ့ကောင်တွေပဲနေမှာပေါ့.."

"မဟုတ်ပါဘူးဗျာ..ဒီကအစ်ကိုတို့ လမ်းနည်းနည်းဖယ်ပေးပါ၊ ကျွန်တော်တို့.."

"ဟာ..ဖယ်စရာလား၊ ဖယ်ရမှာက မင်း..."

တစ်ယောက်က ရဲဆက်ရဲ့ပခုံးကို ဆောင့်တွန်းပစ်လိုက်၏။ တစ်ယ်လုံးယိုင်နဲ့သွားပြီး သိုက်နဲ့လက်တွဲပြုတ်သွားလျှင် သူတို့ကသိုက်ကို ဆွဲငင်းထားလိုက်ပြီး တွန်းလိုက်တဲ့လူက ဓားမြောင်တစ်ချောင်းနှင့် ရဲဆက်ကို ခုတ်၍.. ။

"အဲ့ဒီမှာငြိမ်ငြိမ်ရပ်နေမလား...လှည့်ပြန်မလား.."

"မလုပ်ပါနဲ့ဗျာ..ကျွန်တော်တို့က ဧည့်သည်တွေပါ၊ ဒီရွာမှာရှုပ်ရှင်ဘာရိုက်ကြတာ ခင်ဗျားတို့သိပါတယ်.."

ရဲဆက် လက်တကာကာနှင့် တောင်းပန်နေပေမယ့် သူတို့ကသိုက်ကို ဆွဲဖို့ လက်တပြင်ပြင်နှင့် ရယ်နေကြကာ.. ။

"မရှည်နဲ့..မင်းရှေ့တိုးလာတာနဲ့ အူပွင့်ပြီမှတ်.."

တစ်ယောက်က ရဲဆက်ကိုဓားနဲ့ချိန်ထားကာ နောက်ကိုလှည့်၍..၊

"ငါ့အစားပိုကြည့်ပေး...ဒီကောင်ရှေ့တိုးလာရင် ငါကမင်းတို့အစားအနစ်နာခံပြီး လူသတ်ပေးရမှာ.."

"စိတ်ချစမ်းပါ..ပိုကြည့်ပေးမယ်၊ ငါတို့ကြည့်ရရင် မင်းကြည့်ရသလိုမှတ်လိုက်.."

"အို..ဘာလုပ်တာလဲ၊ ရှင်တို့နော်.."

"ဟာ..ဘာဖြစ်တာလဲ၊ လက်လေးထိကြည့်တာကို.."

"ဟင့်အင်း...မကပ်နဲ့နော်၊ ဖယ်..လွတ်.."

လက်တွေပြင်နေသမျှ ပုတ်ချပစ်နေရင်း သိုက်ထပ်ဆုတ်လျှင် နောက်ကတစ်ယောက်၏ ရင်ခွင်ထဲကျောကပ်မိလျက်.. ။

"ဟား ဟား ဟား...မွေးအိုနေတာပဲဟေ့၊ လာဖက်ကြည့်ပါလား...ချစ်ရှင်မင်းသမီးနော်၊ မင်းသမီးကိုတစ်ခါလောက်ဖြစ်ဖြစ် ဖက်နမ်းပြီးထားထဲ ဝင်ရလည်းတန်တယ်.."

"ဘာလုပ်တာလဲ..လွတ်နော်၊ ကိုရဲလုပ်ပါဦး.."

ရဲဆက် ရှေ့တိုးချင်ပေမယ့် မားနဲ့ထောက်ထားသဖြင့် မတိုးနိုင်၊ ဆွဲစဉ် ကွမ်းယာဝယ်နေသည့် ကျော်အောင့်ကိုစောင့်နေရင်း မှောင်ရိပ်တစ်ခြမ်း အလင်းတစ်ခြမ်းနှင့် လမ်းဘေးကမြင်ကွင်းကို မင်းမျက်နှာလှမ်းကြည့်လိုက်သည်။ အင်္ကျီအပြာရင့်လက်ပြတ်လေး ဝတ်ထားသော သိုက်၏ ခန္ဓာသော ပခုံးသားလေးတွေကို သိလိုက်လျှင် ကွမ်းယာဆိုင်၏ အေးဆေးထောင်ထားသော တစ်လံခန့်ရှိသည့် နှစ်တစ်လက်မသံချောင်းကို ဆွဲယူလိုက်သည်။

"မင်းလက်ထိပ်ကအနာကပ်ဖို့ ဟန်းနီးပလာစတာယူ.."

နောက်လှည့်မေးလိုက်သည့်ကျော်အောင် 'ဟင်'ခနဲဖြစ်သွားကာ လမ်းကိုဖြတ်ကူးသွားသော မင်းမျက်နှာနောက်ကို အပြေးအလွှားလိုက်ခဲ့သည်။ ဒါတောင် သူဘာမှန်းမသိလိုက်ခင်.. ၊

"ဒုတ်.."

"အား.."

မင်းမျက်နှာက အနားရောက်သွားသည်နှင့် မားကိုင်ချိန်ထားသည့်လက်ကို တုတ်နဲ့ဖြတ်ရိုက်ချလိုက်သည်။ ထိုသူ အားခနဲအော်ပြီး ကုန်းကွသွားလျှင် ကျန်သည့်လူတွေ ဒီဘက်လှည့်လာကြ၏။ သို့သော် အံ့အားသင့်ကုန်တာတွေ မပျောက်ခင် အကုန်လုံးကိုသိမ်းရိုက်ပစ်လိုက်၏။

"ဘာလဲ..ဘာလုပ် အား.."

"ဟိတ်ကောင်.."

"ဒုတ်.."

"ရုန်းဖြစ်ကုန်ပြီ..လာကြပါဦးဗျို့.."

ဟိုဘက်ကလူနှင့် လက်ခနဲပြုတ်ကျသွားသည့်မားကိုမြင်လျှင် ကျော်အောင်ထိတ်လန့်သွားကာ ပတ်ဝန်းကျင်ကြားအောင် အော်ပစ်လိုက်၏။ ထိုအခါကျမှ လူတွေပြေးလာကြလျက် ရမ်းကားနေသည့်လူငါးယောက်ကို လမ်းကြားထဲဝင်ပြေးကုန်ကြ၏။

"ဟာ..ရွှေသိုက်ရယ်ကွ.."

"ဟိုကောင်တွေမိုက်ရိုင်းတာကြည့်စမ်း..တို့ဧည့်သည်ကို.."

"အဲ့ဒါအနောက်ရွာက ဗိုက်ပူတို့အုပ်စုပဲ..ဒီကောင်တွေ နေ့လည်ကကိုင်းနိုင်သွားပြီး မပြန်ဘဲ သောက်စားနေကြတာ.."

လူတွေစုဝေးလာကြတော့လည်း အားလုံးဝိုင်းကြည့်အံ့သြနေရလျက်နေရာကနေ ရုတ်တရက်ထွက်လမ်းမရှိဖြစ်သွားပြန်၏။ မင်းမျက်နှာသာရောက်သွားတာလဲ..။ ယောကျ်ားတွေစုဝေးနေသည့်ကြားမှာ မင်းမျက်နှာကို ရှာဖို့မလွယ်မှန်းသိသည်။ ဒါပေမယ့် သူရောက်လာသင့်တာတော်ဘူးလား...။ အမူးသမားတွေလက်ကနေဝင်ကယ်ပြီး ဘယ်ရောက်သွားတာလဲ..။ မှောင်နေပေမယ့် ဓာတ်မီးတွေကိုင်လာသည့် လူတချို့ဆီမှရောင်တွေဝေ့ဝဲဖြတ်သန်းနေကြသည်မို့ လူတွေကြားထဲမှာ သိုက်ရှာဖွေခဲ့သည်။

"လာ..ဒီဘက်က ပြန်ထွက်ရအောင်သိုက်.."

ရဲဆက်က လက်ကိုလာဆွဲလျှင်.. ၊

"ဟင့်အင်း.."

အမှတ်တမဲ့လက်ကို ဖျတ်ခနဲခါချပစ်မိ၏။ ရဲဆက်ကြောင်သွားပြီးမှသိုက်ကိုပြန်ဆွဲ၍.. ၊

"ပေါက်ကြီးဆိုတဲ့လူ လမ်းရှင်းပေးနေတုန်း သွားရအောင်လေ..အိမ်ရောက်တဲ့အထိ အဖော်ရတာပေါ့.."

ပေါက်ကြီးဆိုတော့မှ သိုက်ကလှည့်သည်။ ပြီးတော့.. ၊

"ကိုပေါက်..သူရောဟင်၊ တစ်ခုခုထိခိုက်မိသွားလား.."

"ထိခိုက်စရာလားကွာ..ဒီဘက်ကိုမည်းနေတုန်း အလစ်ဝင်ရိုက်တဲ့သူ.."

သိုက်က အရေးတယူမေးနေသဖြင့် ရဲဆက်သဝန်တိုသွားတာ သိသာနေလျက်.. ၊

"အကူအညီတောင်းပေးခဲ့ပြီး လွတ်အောင်ပြေးမှာပေါ့..သူ့ဇလနဲ့ဒီလူတွေကို ဘယ်လိုရင်ဆိုင်ရဲမှာလဲ.."

"ဒါဆို ဇလရှိတဲ့ရှင်ကတော့ ဘာဖြစ်လို့ရှင်မဆိုင်ရဲတာလဲ.."

သိုက်က ချက်ချင်းကောက်မေးလျှင် ရဲဆက်ခဏတိတ်သွားသည်။

ပြီးမှ.. ၊

"လက်နှက်နဲ့လူကို မိုက်ရူးရဲပြေးလုံးလို့မရဘူးလေ..သူများ ခြေကွ
ကိုမြင်အောင် ကြည့်ရသေးတာပေါ့.."

သူက သူများခြေကွက်ကိုစောင့်နေခဲ့သည်တဲ့။ မိုက်ရိုင်းရမ်းကား
လက်တွေကြားမှာ သူမဘယ်လောက်ထိ ငရဲကျခဲ့သလဲ.. ဘာတွေဖြစ်သွ
ခဲ့သလဲ..။ ခုချိန်ထိ သူမအသားတွေတုန်နေဆဲပင်။ ရှေ့မှာသာ လုံ
အားကိုးလောက်ဖွယ် ရင်ခွင်တစ်ခုရှိနေလျှင် သူမပြေးဝင်ဖက်တွယ်
အားပါးတရငိုချမိမှာ သေချာသည်။ ခုတော့.. ၊

"မင်းကလည်း ပို့မယ့်ပို့ ကူးတို့ရောက်အောင်ပို့မှာပေါ့..သူ့ခမျာ
အုပ်ကြီးထဲမှာ ကျန်ခဲ့ရှာတာ.."

"ပီကေရှိနေတာပဲ.."

"ဘာလဲ..မင်းက ရဲဆက်နဲ့အတူတူရှိနေတာကို တင်းတာလား"

"တော်တော့ဟော့ကောင်..ငါအဲ့လိုလူမဟုတ်ဘူး.."

ပီကေကို ဓာတ်မီးပေးခဲ့သဖြင့် မှောင်ရိပ်နေရာတွေမှာ ဘာမှမမြင်
ပေ။ ဒါပေမယ့် မင်းမျက်နှာက ပုဆိုးနှစ်ဖက်စ 'မ'၍ ခြေလှမ်းကျဲတော့
တစ်ချက်မှမရပ်။ မြေကြီးပေါ်မှာ ဖြွေပွေးပဲရှိနေနေ နဂါးတစ်ကောင်
ပဲ အလျားထိုးနေနေ မြင်မြင်မမြင်မြင် နင်ချသွားမည့် ခြေလှမ်းတွေ
အမီလိုက်ရသည့် ကျော်အောင်ကသိနေရာ.. ၊

"အေးပါ..အဲ့ဒီလိုလူဖြစ်ဖြစ် ဘယ်လိုလူဖြစ်ဖြစ် ထိခိုက်မခံနိုင်
တစ်ထောင့်တစ်နေရာဆိုတာ ရှိတာပါပဲ..မင်းလည်းတစ်နေရာမှာများ
ခိုက်မိသွားလားလို့.."

ပြန်မပြောတာက ဝန်ခံနေတာလားတော့မသိ.. ၊

♥♥♥♥♥

"ဘာလုပ်လုပ် ခုထိတစ်ခါတည်းအဆင်ချောသွားတယ်ဆိုတာ မရှိ
ားဘူး..ဒီလိုတစ်ခါမှလည်း မဖြစ်ခဲ့ဖူးဘူး၊ ဒါတွေဘာလို့ဖြစ်နေတာလဲ
တွေးကြည့်တော့ ရှင်းရှင်းလေးပဲ.."

သိုက်ရဲ့ခြေလှမ်းတွေ တုံ့သွားသည်။ သူ့ကို သိုက်ကျေးဇူးတင်စကား
ာမလို့ပါ။ သို့သော် မယ်ဇလီပင်ရဲ့တစ်ဖက်မှာ ပြောနေကြသည့် စကား
ဘွေကြောင့် နေရာမှာတင် ရပ်နေလိုက်မိ၏။

"လိုကေးရှင်းအတွက် ဒီရွာကိုတည်လိုက်မိတာကစ မှားတာ..ဒါရှိက်
ကို နည်းနည်းလေးမှ ဂရုစိုက်ရမှန်းမသိတဲ့ မင်းသမီးကို ပွဲထုတ်လာ
ာက အဆိုးဆုံးအမှား.."

"မင်းကလည်း ဒီလိုတော့မပြောပါနဲ့ကွာ..နေရာတကာမှာ အဆင်မ
ြူဆိုတာ ရှိနေတတ်တာပဲဥစ္စာ.."

"ငါ့ဇာတ်နဲ့ငါ့အခက်အခဲ ဘာဖြစ်ဖြစ်ငါမကြောက်ဘူး..အခုပတ်ဝန်း
ကျင်ကဖြစ်လိုက် ကျန်ခဲ့တဲ့အလုပ်ကိစ္စတွေက ရှုပ်လိုက်၊ နောက်ပြီး ဒီခရီး
ကိုကြည့်ဦး..အလုပ်ကမလုပ်ရသေးဘူး၊ အလျော်အစားတွေထိုင်လုပ်
ရဘာ..ခရီးစဉ်စီစဉ်ကတည်းက.."

သိုက်ဒေါသထောင်းခနဲဖြစ်သွားကာ.. ၊

"ဒီမှာ.."

ဂါဝန်စလေးတစ်ဖက်ကို စိတ်လိုက်မာန်ပါဆွဲ'မ'လိုက်၍ ဆိုးဆိုး ဆတ်ဆတ် ရောက်သွားခဲ့ပြီး.. ၊

"ဆက်ပြောလိုက်စမ်းပါ..ရွှေသိုက်ဆိုတဲ့မင်းသမီးကတော့ အသိုလ်ပဲလို့.."

မင်းမျက်နှာကလှည့်ကြည့်ပြီး မျက်ခုံးတွေစုကျုံ့သွားလျက်.. ၊

"မပြောသေးဘူးကြည့်နေတာ.."

"သိုက်ကိုမပြောသေးဘဲ ကွယ်ရာမှာအတင်းတုပ်နေတာကျတော့ ကောင်းလား.."

"မင်းရှေ့မှာမပြောချင်လို့ ကွယ်ရာမှာပြောနေတာပေါ့..ပြောတဲ့သူ့ နေရာရှောင်ဖို့ နားလည်သေးရင် နေရာမရှောင် မင်းလိုက်ချောင်းနေတာကျတော့ တော်တော်ကောင်းနေလား.."

သူကပဲတစ်ပြန်စီး မေးခွန်းထုတ်နေသေးသည်။ အနားမှာရှိနေသည့် ရွှေကျီးနဲ့ကျော်အောင်က ခေါင်းတွေကုတ်လျက် အနားကခွာဖို့ လှမ်းပြင်ကြ၏။ ဒီရွာသားတွေနဲ့ဝေးဝေးမှာ ကိုယ့်ဘာသာလာတိုင်ပင်ခဲ့ တာကို ကာယကံရှင်ကိုယ်တိုင်ကြားသွားတာတော့ သူတို့လည်းမတတ် နိုင်တာမို့ ပြေးရုံအပြင်တခြားမရှိ.. ၊

"သိုက်ကချောင်းနေတာမဟုတ်ဘူး..ရှင့်ကိုစကားပြောမလို့ တားလိုက်ရာနေတာ.."

"ဘာလဲ..မင်းနဲ့ပြောဖို့အချိန်မရှိဘူး၊ အလုပ်ကိစ္စမရှင်းရင် ရွှေကိုမေး.."

ပြောပြီးလှည့်ထွက်သွားတော့ သိုက်စိတ်တိုသွားသည်။ တခြားသူ တွေရှေ့မှာ ကိုယ့်ကိုထင်သလိုပြောပြီး ဒီလိုအနိုင်နဲ့ပိုင်းသွားလို့ရမလား..

"ကျွန်မပြောလို့မပြီးသေးဘူး.."

သူမအမီလိုက်ပေမယ့် မင်းမျက်နှာက ပြေပြစ်ခြင်းမရှိသည့်မျက်နှာနှင့်..၊

"မင်းပြီးအောင်စောင့်နားထောင်ဖို့ ငါ့မှာတာဝန်ရှိလို့လား.."

"မင်းမျက်နှာ..ရှင်တော်တော်ရိုင်းပါလား.."

"ဘာပြောတယ်.."

နှစ်ယောက်မျက်နှာချင်းဆိုင်ပြီးသားဖြစ်သွားခဲ့လျက်.. ၊

"ကျုပ်ကရိုင်းတယ်ဟုတ်လား..ရုပ်ရှင်တစ်ဖွဲ့လုံးရှေ့မှာ ခင်ဗျားပဲ ကျုပ်ကို စော်ကားခွင့်ရှိနေတာပြန်တွေး.."

"ဒါကတော့.."

"ခင်ဗျားထင်သလိုနေမှုကြောင့် မနေ့ညကကိစ္စဖြစ်တယ်..အပြစ်ဆင်ခံရတော့ ဘယ်သူလဲ.."

ဒါကို သိုက်မသိသေးပေ။ မနေ့ကကိစ္စကို ဘယ်သူကမှပြန်မပြောကြဘူးပဲထင်သည်။ အပြင်ကနေ လာမေးကြလာပြောကြရှိတာတွေလည်း တစ်ခွန်းမေး တစ်ခွန်းဖြေနဲ့ပဲ ပြန့်ကားမသွားအောင် ထိန်းထားကြတာဘာတွေဖြစ်ခဲ့သေးလို့လဲ..။ သိုက်မျက်နှာပေါ်က နားမလည်နိုင်ဖြစ်သွားခြင်းကိုကြည့်ပြီး မျက်နှာနူတ်ခမ်းတွေမဲ့သွားသည်။

"ခင်ဗျားရဲ့ဘိုးတော်ကြီးနဲ့ တူ တူမများကျုပ်ကိုဘာပြောလဲ သိချင်လား.."

"ရှင့်ကိုဘာဘာက.."

"ဟုတ်တယ်..အဲ့လိုဖြစ်တော့ ဒီကောင်ကဂရုမစိုက်လို့တဲ့.."

သိုက်မျက်နှာ ပြုံးယောင်သမ်းသွားသော်.. ၊

"ဘာပြုံးတာလဲခင်ဗျားက.."

"ဘာပြုံးပြုံးပေါ့.."

သိုက်မျက်နှာလေး တည်ပစ်လိုက်ပြီး.. ၊

"အဲ့လိုပြောလိုက်တော့ ရှင်ကပါးစပ်လေးပိတ်ပြီး ခေါင်းငုံ့ထွက်ခဲ့တာလား.."

"ပိတ်စရာလား..ပြောဖို့ပါလာတဲ့ပါးစပ်.."

"အဲ့ဒါပြီးတာပဲ..ရှင်လည်းသိုက်ကို ပြန်လွှဲချလိုက်တယ်၊ ရှေးဟောင်းဆောင်းဖြစ်တွေပါ ဆွဲထည့်တိုင်တန်းလိုက်တာတောင် ဖြစ်နိုင်သေးတယ်.."

"ရွှေသိုက်.."

ဒေါသထွက်နေသည့်အသံသည် အံကြိတ်ထားသလို တည်းခံနေခဲ့လျက် ပုဆိုးစနှစ်ဖက်'မ'၍ ရှေ့တိုးကာ.. ၊

"မင်းပေါ့ပေါ့လေး ပြောမနေနဲ့..နားလည်လား၊ မင်းဘိုးအပြောခံ

မိန်းကလေးတွေပီပီ လျှာစောင်းထက်လိုက်တာ သူဘာမှကိုပြောခွင့်သောခဲ့ပေ။ ဦးမြည်ခေါ်သည်ဆိုလို့ မိုးလင်းတာနဲ့အိမ်ပေါ်တက်သွားခဲ့သည်။ ကိုယ့်မျက်နှာမြင်လိုက်တာနှင့် မြေးအဖိုးတွေပြောလိုက်ကြတာ အပေါက်မဝင်.. ။

"မောင်မင်းတို့လာတာ အစကဂုဏ်ယူဝမ်းမြောက်ခဲ့ပေမယ့် အခုလိုငယ်ပေါင်ကိုယ်လှန်ထောင်းတာမျိုး အရှက်ရမယ်ဆိုရင်မဖြစ်ဘူး...ကျုပ်မှာလုံးဝမဖြစ်ဘူး၊ တစ်ခုခုစဉ်းစား.." တဲ့.. ။

နောက်ဆုံးပိတ်စကားက ရိုက်ကူးရေးတစ်ဖွဲ့လုံးကို စိတ်မတွေ့တာနဲ့ အကုန်မောင်းထုတ်ပစ်မယ်လို့ ကြိမ်းဝါးလိုက်တာ မဟုတ်ဘူးလား..၊

"ဘက်လိုက်ပြောတာ ပေါ်တင်ပဲ...အဲ့ဒီလိုမင်းဘိုးအေတစ်ယူသန်ကို ကြီးတူမကိုတော့ မဆုံးမဘူးလားလို့ ငါဘယ်လိုသွားပြောရမလဲ.."

မင်းမျက်နှာကမေးခွန်းနဲ့ အဆုံးသတ်၏။ ဦးမြည်တို့သီတာတို့ပြောတာတွေကို တစ်ယောက်တည်းပြောပြသွားတာ အသက်တစ်အောင့်ပဲရှူသည်ထင်၏။ စကားဆုံးသွားတော့ ဖြူဝင်းသည့်မျက်နှာက နီမြန်းနေခဲ့ပြီ.. ။

"ပြောပါ..မင်းရဲ့မျိုးချစ်ပုဂ္ဂိုလ်ဆွေတော်မျိုးတော်တွေကြားထဲမှာ မင်းထင်သလို တွဲသွားတွဲလာနေနေသမျှ ဒီခေါင်းပေါ်ပုံချနေရင်ငါက ဘာလုပ်လဲ..မိန်းမတစ်ယောက်ကို နွားကျောင်းသလို လိုက်ကျောင်းနေရအောင်ငါက အားယားနေတဲ့သူလား.."

သူခေါင်းသူလက်ညှိုးထိုးလိုက် မျက်နှာကိုထိုးပြလိုက်နှင့် ကျတ်ခနဲသွားတာတည်းရှိကာ တစ်လောကလုံးက ဒေါသတွေသူ့ဆီမှာ စုပြုံလာခဲ့အတိုင်း.. ။

"ဘယ်လိုတွေဖြစ်ပျက်သွားတယ်ဆိုတာ ရှင်နဲ့ကျွန်မသိတာပဲ..ဒါကို ဘာကိုဘာပြောပြော.."

"ဘာ.."

"ရှင်...လူကိုမအော်နဲ့.."

"အော်စရာမို့ အော်တာပေါ့ကွ..သူတို့ဘာပြောပြောဆိုတာ မင်းကိုညာကြတာမဟုတ်ဘူး၊ ငါ့ကိုပြောတာ..ပြောပြီးရင်လည်း ရွာကနေမောင်းဘဲဖို့ ကြိမ်းနေသေးတယ်..ငါ့အလုပ်ထိခိုက်တဲ့အထိ မင်းသောင်းကျန်း

လိုက်တာ အကြီးကြီးပဲ..ပြီးတော့ ငါ့အလုပ်ကိုပါထိခိုက်လာဖို့ရှိတယ်..မင်းရဲ့မျိုးချစ်ပုဂ္ဂိုလ်တွေရှေ့မှာ မင်းအနေအထိုင်ဆင်ခြင်ပါ.."

ဒီဇာတ်လည်းမပြောချင်ပေ။ မိန်းမတစ်ယောက်ကို ကြိမ်းလားမောင်းလားလုပ်ဖို့က ဘယ်လိုပုံစံနဲ့လဲ..။ ဒါရိုက်တာတစ်ယောက်အနေနဲ့လားစေ့စပ်ထားတဲ့ယောကျ်ားတစ်ယောက်အဖြစ်နဲ့လား.. ။

"မောင်မင်းတို့ကိုတော့ နားမလည်နိုင်တော့ဘူး...ကျုပ်ကလည်း ဖြည်ပြတ်ပဲ၊ အရှေ့ပိုင်းခွေးနဲ့ အနောက်ပိုင်းခွေးနဲ့ကိုက်ရင်တောင် အရှေ့ပိုင်းခွေးနိုင်မှ ကြိုက်တာ..မင်းနဲ့ငါ့တူမ ဘယ်သူမှားတာပဲဖြစ်ဖြစ် ငါ့တူမမှားဘူးဆိုရင် မင်းမှားနေတာပဲ.." တဲ့.. ။

"ဘယ်သူနဲ့စေ့စပ်ထားမှန်းမသိလောက်အောင် ဘယ်လိုနေနေတာလဲ.." တဲ့.. ။

ဘကြီးဖြစ်သူက လူကြီးဖြစ်သည့်ပြင် ထောင့်ဖြတ်သမားကြီးမို့ ငြိမကောင်းဆိုမကောင်းရတဲ့ကြားထဲ ကိုယ်ခံလိုက်ရရင် တစ်နင့်.. ။

"ဦးမင်းက ဒေါ်လေးကိုဂရုမစိုက်တာ..သမီးတို့အဒေါ်က မင်းသင်းဆိုတော့ ဘယ်သူနဲ့ဖြစ်ဖြစ် လိုက်လျောညီထွေဆက်ဆံရတာလေ..အဲ့ကိုသွားတာ ဦးမင်းကဂရုတစိုက်လိုက်ပို့ပေးရင် ဒီလိုဖြစ်မှာမဟုတ်ဘူးတဲ့.. ။

တူမတွေကလည်း ဒီနေရာကျမှ စကားတွေတတ်နေလိုက်ကြတာ သူဘယ်လိုချေပရမှန်းတောင် မသိခဲ့ပေ.. ။

"ရွာထဲကစျေးသည်ဒေါ်ကြင်ဥပြောတယ်..နောက်ရွာက လူတွေတုတ်နဲ့သိမ်းရိုက်ပြီး ခွေးမောင်းပေးသလိုမဲ့တဲ့၊ ပြီးတော့ ကယ်တင်ရှင်ရာမတွေ့တော့ဘူးတဲ့..သူတို့ကတော့ ဦးမင်းမှန်းသိလိုက်ပုံမပေါ်ဘူး၊ သခင်တို့က ဒီမှာပြန်မေးကြည့်တော့ သိတာပေါ့.."

ဒီကိစ္စကြောင့် သိုက်ဘဝပျက်သွားနိုင်သည်လို့ပြောနေရင်း သူတို့တွေမှာ ရင်တုန်ပန်းတုန်ဖြစ်လို့မပြီးနိုင်။ တကယ်ဆို ကိုယ့်လူကိုယ် ဒီလိုမသွားနဲ့ ဒီလိုမလာနဲ့ အနေအထိုင်လေးဆင်ခြင်စမ်းပါလို့ ဆုံးမပါလား..

"ဦးကိုက ဒေါ်လေးကို နည်းနည်းမှစောင့်ရှောက်ချင်စိတ်မရှိတာ..ဟိုလူကမဆိုင်ဘဲနဲ့ လိုက်လာတာမို့လား၊ အဲ့လူကိုလိုက်ခိုင်းတည်းက သိသာတယ်.."

တာကိုလျှော့.."

"ဘာပြောတယ်.."

"မင်းနဲ့ငါ မျက်နှာချင်းမထိရုံပဲရှိတော့တယ်..မကြားလိုက်ဘူးလား"

"ရှင်က ဘာတို့ဆူလိုက်တာနဲ့ ကျွန်မကိုပဲ ဖိဟောက်နေတယ်.. သောင်းကျန်းတယ်ပြောရအောင် ကျွန်မကဘာတွေလုပ်နေလို့လဲ.."

"ကိုယ့်ကိုယ်ကိုပြန်မေး.."

"မေးဖို့မလိုဘူး..သိုက်တို့က ကိုယ့်ကိုယ်ကိုယုံကြည်မှုအပြည့်ရှိတယ်.. ဒါကြောင့် ဘာဖြစ်ဖြစ် ဘယ်သူဖြစ်ဖြစ် ဘာတွေပဲထင်နေနေ ဘာကြောင့်မှလိုက်ရှင်းမပြဘူး..ရှင့်ကိုအဲ့လိုထင်လို့ သူတို့ပြောကြရင် ခြေတယ်မှတ်၊ မခံနိုင်ရင် ကြိုက်သလိုလုပ်.."

"ရွှေသိုက်.."

သိုက်က ဆံပင်တွေဝေခါသွားအောင် လှည့်ထွက်သွားသည်။ ဇင်မျက်နှာက ဆတ်ခနဲပြန်ဆွဲ၏။ သိုက်ကိုယ်လေးသည် သူဆွဲတဲ့အတိုင်း ထွေးခနဲပြန်ပါလာကာ.. ၊

"မင်းအဲ့လိုဂရုမစိုက်တာတွေ လာလုပ်မပြနဲ့.."

"ရှင်နော်.."

ပြန်မရုန်းနိုင်အောင် ခါးလေးကိုဆွဲသိမ်းဖက်ထားသဖြင့် သိုက်သာ မျက်နှာလေးငဲ့မထားလျှင်.. ၊

"ဖယ်..လွှတ်.."

"မင်းငါ့နားမှာပဲနေ..ဘယ်ကောင်နဲ့မှ မတွဲနဲ့.."

ပြောပုံက သဝန်တိုလွန်းလို့ ပေါက်ကွဲချုပ်ချယ်နေတဲ့အတိုင်း.. ၊

"မင်းကြောင့် ငါ့အလုပ်လက်စတွေ ပျက်စီးမခံနိုင်ဘူး..ဒီဇာတ်ကားမပြီးမချင်း မင်းဘာဆန္ဒဘာစိတ်ကူးတွေရှိရှိ မျိုသိပ်ထားလိုက်.."

ဒီကားပြီးရင်တော့ ကြိုက်သလိုနေ..ဒီလိုလား..။ သိုက်မျက်နှာလေးတင်းမာသွားသည်။ သူ့လက်တွေကို အတင်းဖယ်ချပေမယ့် မရ.. ၊

"ငါ့ကိုအရွဲ့တိုက်ဖို့ မကြိုးစားနဲ့..ဒီကားပြီးစီးဖို့ မင်းအတွက်လည်း အရေးကြီးတယ်.."

"မကြီးဘူး..ဒါရှင့်စီးပွားရေး၊ ရှင် ဖယ်နော်.."

"ဒီကားမှာ မင်းကိုပေါက်အောင် တင်ပေးဖို့ ငါစီစဉ်ထားတာ.."

သိုက်ကရွဲ့ဖို့ ဆုံးဖြတ်ပြီးသားနှင့် ခေါင်းခါပစ်သည်။

"သူများအတွက် ထည့်သွင်းစဉ်းစားတယ်ဆိုတဲ့စကား ရှင့်ဆီကကြားရတာ ကျွန်မအတွက် ဟာသပဲမင်းမျက်နှာ..ရှင်နဲ့ကျွန်မအတွက် အရာရာမှာ အပေးအယူတွေနဲ့ပဲ ချိတ်ဆက်ခဲ့တာ၊ ဒီအပေးအယူကိုတော့ လုံးဝမခံနိုင်ဆယ်လ်ပဲ.."

သူမျက်မှောင်ကုတ်သွားတာကို သိုက်ကအရသာခံစိုက်ကြည့်ကာ..၊

"ရှင့်ဇာတ်ကားပြီးသွားမယ်..ဂုဏ်သိက္ခာတွေတစ်လုံးတစ်ဝကျန်မယ်၊ ကျွန်မကဘာလဲ..ဟွန်း လုံးဝမမျှတတဲ့အတွက် ဆောရီး.."

သိုက်ကအံကြိတ်ပြီး ဆောင့်ရုန်းသည်။ သို့သော်.. ၊

"ဆောရီးလုပ်လို့မရဘူး.."

အရွဲ့တိုက်ဖို့ဆို မဲ့ရွဲ့ပြောတတ်လွန်းသည့် သူမမျက်နှာလေးကို အသည်းယားသွားမိရင်း မင်းမျက်နှာကိုယ့်ကိုယ်ကိုတောင် ဘာဖြစ်သွားခဲ့သလဲမသိ။ သူမမျက်နှာလေးမှာ မေ့မူးသွားမိချိန်သည် ကမ္ဘာကြီးတစ်ခုလုံးကွန့်ပေါင်းများစွာ အမှောင်ကျသွားသည်သို့ရှိလျက်။ အချစ်က ဘယ်လိုအသီဖွားလဲဆိုတာ မသိ။ မျက်ဝန်းတွေက မှားယွင်းတာလား..နှုတ်ခမ်းတွေက မှုသားဆိုသည်လား..။ နည်းနည်းလေးမှ ကြည့်မရပေမယ့် သူမကလှနေသည်။ အနိုင်မခံစကားတွေဆိုရင်း ရုန်ခုန်သံတွေ မြန်နေခဲ့၏။ သို့သော်လျှင်.. ၊

အချစ်သည် မျက်ဝန်းမှာမဟုတ်
နှုတ်ခမ်းဖျားတွေမှာလည်း မရှိ
ကြည့်၍ မမြင်နိုင်သော
ပြောနေပေမယ့် မသိနိုင်သော
တချို့ တချို့သော
ဤသို့သော.. ၊

♥♥♥♥♥

အခန်း(၄၉)

"ဟ..ဘယ်လိုတွေဖြစ်ကုန်တာလဲ.."

ရယ်ဖို့အသင့်ပြင်ထားသည့် ရဲဆက်မျက်နှာကြီးက သွားကြီးအဖြီး သားနှင့် လူတွေအုန်းအုန်းထနေသည့်ကြားထဲမှာ ရှေ့တိုးလျှောက်လာပြီး..

"မင်းသားကြေးပေးရမှာစိုးလို့ ကိုယ့်ဘာသာမင်းသားလုပ်ရိုက်တာလား..ဟား ဟား ဟား..ကြည့်ရှုကောင်းအောင်လည်း လုပ်ပါကွာ၊ လင်းမြတ်က သိပ်မမြင့်ပေမယ့် လူစင်မီပါတယ်.."

"ဒီမှာဗျာ.."

ပေါက်ကြီးနဲ့ကျော်အောင်တို့က ရဲဆက်ရှေ့ကနေ ရပ်လိုက်ကြကာ..

"လင်းမြတ်မလာလို့ ကျွန်တော်တို့အကြီးကြီးကွိုင်တက်နေကြတယ်..အလုပ်လုပ်နေတုန်း ခင်ဗျားစကားတွေက ရှော့ခ်ရှိတယ်၊ နည်းနည်းဆင်ခြင်ပေးပါ.."

စိတ်မဆိုးသည့်အပြင် ရဲဆက်က မျက်ခုံးနှစ်ဖက်မြင့် ခြေဖျားကြွခနဲထောက်လိုက်ပြီး.. ၊

"ကိုယ်ကလည်း ရုပ်ရှင်ကားကြီးတစ်ခုလုံး ပျက်စီးသွားမှာစိုးလို့ ပြောတာပါ..အဟွန်း နာမည်ကြီးမင်းသားတွေကို သိန်းလေးငါးရာမပေး

ရင်လို့ သရုပ်ဆောင်သင်တန်းတွေဖွင့်ပြီး အင်တိုက်အားတိုက် ထရိန်းပေးနေတာလည်းရှိတော့ လင်းမြတ်ကိုပေးရမယ့်.."

"ဟေ့..အချိန်ကုန်အလုပ်ရှုပ်ခံပြီး လေခြွေမနေနဲ့ပီကေ.."

မင်းမျက်နှာလှမ်းအော်လိုက်သဖြင့် ရဲဆက်စကားမဆက်နိုင်ဖြစ်သွားသည်။

"အဲ့ဒီမှာလေအလကားရပေမယ့် ဒီမှာတန်ဖိုးကြီးတယ်..လေလေးဖြူးနေတုန်း မင်းသမီးပြေးမှ သက်သာမှာ၊ မြန်မြန်လာ..ဒီကို.."

တကယ်အလုပ်လုပ်နေတာမို့ ရဲဆက်အောင့်သည်းအောင့်သက်မျက်နှာကြီးနှင့် ကျန်ရစ်ခဲ့၏။

"ပြေးရင် ဆံပင်လေလွင့်မှလှတယ်..လွင့်အောင်တမင်ပြေးရရင် မထွယ်ဘူး၊ ဟုတ်ပြီ..မင်းသမီးအဲ့ဒီမှာရပ်နေ၊ သန်းနိုင် ယုန်ခြေကျိုးလွှတ်ပြီးပြင်ထား..မိုးကြီးဒရုန်းပြင်ထား၊ အိုခေ.."

အားလုံးကိုတန်းစီပြောသွားကာ မင်းမျက်နှာသရုပ်ဆောင်ရမယ့်နေရာကို ပြေးသည်။ ခြေနာနေသည့် ယုန်နောက်ကို သူကလိုက်ရမည်။ မင်းသမီးက စိတ်ဆိုးပြီးထွက်သွားသည့် မင်းသားနောက်ကို အမောတကောလိုက်နေရတာဖြစ်ကာ ယုန်နောက်လိုက်နေသည့် ရူးကြောင်ကြောင်ရှာသားကောင်လေးနဲ့ မင်းသမီးလမ်းခွပ်လတ်မှာ ဆုံကြမည်။ ကောင်လေးကြောင့် ချစ်သူကိုမမီလိုက်တော့သည့်အခါ.. ၊

"နင်..နင့်ကြောင့်.."

မောဟိုက်နေသည့် ရွှေရင်အစုံက လှိုင်းထသလို လှုပ်ရှားနေလျက်ဒေါသကြောင့် မျက်ဝန်းတွေက မီးဝင်းဝင်းတောက်နေသည်။ သို့သော်အားပါးတရလွှဲမြောက်လိုက်သည့် သိုက်ရဲ့လက်တွေက အကျမနာဘဲရှိလျှင်.. ၊

"ကဒ်.."

ကျော်အောင်က လှမ်းအော်ကာ.. ၊

"မင်းသမီးဘာဖြစ်တာလဲ..ရိုက်လေ၊ နှုတ်ခမ်းကိုက်ပြီး အားပါးတရ"

ကျော်အောင်က လွှဲရိုက်ပြပေမယ့် ပြန်ရိုက်ရတော့မှာကို စိတ်ပျက်သွားသည့် မင်းမျက်နှာကျွတ်ခနဲဖြစ်သွားလျက်.. ၊

"စိတ်က ဘယ်ကိုရောက်နေတာလဲ..ဘာလဲ မင်းလက်နာမှာစိုးလို့

လား..."

"ရှင်လျှောက်ပြောမနေနဲ့.."

"ပြန်ရိုက်လို့ရပေမယ့် မု(ဒ်)က ပထမဆုံးလောက် ဘယ်ဟာမှမ ဘူး..အလုပ်လုပ်ရင် အလုပ်မှာပဲစိတ်ကိုထားပါလား.."

တိုးကြိတ်ကြည့်နေသည့် လူတွေကြားထဲမှာ အဆူခံရသဖြင့် သိ မျက်နှာတစ်ပြင်လုံး ရေနွေးနဲ့အပက်ခံရသလိုပင်။ ပိုဆိုးတာက ကိုယ့် သားတွေ ဆွေမျိုးတွေရှေ့မှာ.. ၊

"ရှင့်မျက်နှာကြီးကို ရိုက်ရမှာများ သွေးထွက်သံယိုဖြစ်အောင်ရိုက် လည်း ရိုက်မှာပဲ..ဟန်လုပ်ရိုက်ရမှာကို စိတ်မပါလို့သိပြီလား.."

စေတနာကို စော်ကားခံရတာ အသားနာတာထက်ဆိုးမှန်း သိက် လည်သွားသည်။ အဲ့ဒါနင်ပဲရွေသိုက်..ဒီမျက်နှာကို ရိုက်ချလိုက်ရမှာများ ဘာမို့လို့ လက်တွန့်သွားတာလဲ..။ ပြီးတော့ သူပြောချင်တာ ရဲဆက် ရှေ့တည့်တည့်မှာ ရပ်နေလို့ စွပ်စွဲလိုက်တာ..အဲ့ဒါ မရိုက်ချင်ဦး.. ၊

"ပြန်စမယ်..ဝမ်း တူး သရီး..အက်ရှင်.."

"အဲ့ဒါ..နင့်ကြောင့်.."

"ကဒ်.."

ဒီတစ်ခါ မင်းမျက်နှာက ကိုယ်တိုင်လက်ပြအော်လိုက်တာဖြစ် ခါးနှစ်ဖက်ထောက်၍ သိုက်ကိုကြည့်ရင်း.. ၊

"'အဲ့ဒါ'မပါဘူး..နင့်ကြောင့်လို့ မပြောရဘူး.."

"သိုက်ပြောတာ ဘာများကွာလို့လဲ.."

"ဟ..ကွာတာပေါ့၊ အဲ့ဒါဆိုတာ အနီးအနားမှာရှိတဲ့ အဖြစ်အပျက် ညှိန်းတဲ့စကား..မင်းချစ်သူနောက်ကို မင်းပြေးလိုက်တယ်၊ သူကရထား ပါသွားပြီ..ရထားထွက်တဲ့ဆီ မင်းကတုန်ကယင်ငေးကြည့်ပြီး မျက် ကျနေတယ်၊ အကြာကြီးနေမှ ပြန်လှည့်လာတယ်..အဲ့မှာ ကောင်လေး ပြန်တွေ့မှာ၊ ဒေါသတွေတလိုက်လိုက်ပြန်တက်လာတယ်..ကောင်လေး စိုက်ကြည့်နေရင်း မျက်ရည်တွေပိုးပိုးပေါက်ပေါက်ပြန်ကျတယ်၊ အား ရဲ့တရားခံကို တွေ့ပြီ..အဲ့ဒီမှာ မင်းပြောရမှာ..နင် နင့်ကြောင့်..ဖြန့်း ဒါပဲ..

ဒီအခန်းကိုရိုက်နေတုန်းပေမယ့် မင်းမျက်နှာပြောပြနေတာကိုပဲ အာ လုံးစိတ်ဝင်စားနေကြကာ.. ၊

"ဒါရိုက်တာပီသပါ့.."

"ဟုတ်ပ..သူပြောနေတာနဲ့၊ ငါတောင်အသက်ရှူလို့မကျဘူး.."

"အသက်လေးငယ်ငယ်နဲ့ တော်တယ်နော်.."

"အဲ့ဒါလေ..ရွေသိုက်နဲ့စေ့စပ်ထားတဲ့သူဌေး.."

ရွာသားတွေရဲ့စကားသံတွေကြောင့် ရဲဆက်အသည်းယားနေမိ သည်။ မပြောချင်တော့သဖြင့် သိုက်နဲ့နီးအောင်ဘေးကနေ ပတ်သွားလိုက် တာ.. ၊

"ဟုတ်တယ်လေသိုက်ရဲ့..ဇာတ်ရဲ့တန်ပိုထက် မင်းရဲ့အကယ်ဒမီ ဆုခံကို ရအောင်ယူရမှာ၊ အားနဲ့မာန်နဲ့လွှဲပြီး ရိုက်ချပစ်လိုက်စမ်းပါ.."

မင်းမျက်နှာသင်ပေးသလို ပြောလိုက်ပေမယ့် သူ့ကိုဘယ်သူကမှ လည့်မကြည့်အားကြ.. ၊

"လုပ်မယ်..စမယ်၊ ဒီတစ်ခါမလွဲစေနဲ့..သိန်းတိုး မင်းသမီးမျက်နှာကို ကျပ်ယူမယ်.."

ကင်မရာမန်းကို လှည့်ပြောပြီးမှ လက်ပြလိုက်လျှင် ကျော်အောင်က ဦးပင်ခေါ်ပြီး အားလုံးငြိမ်ကျသွားသည့်နောက်တွင် ၊

"နင်..နင့်ကြောင့်.."

သိုက်ရဲ့မျက်နှာမှာ တစ်ဆင့်ချင်းတက်လာသည့် မု(ဒ်)သည် မျက် ညှိစက်တို့အဖြစ် သွန်ကျလာသည့်နောက် လက်တစ်ဖက်က ရိုပ်ခနဲလွဲ မျှောက်တက်သွားခဲ့ပြီး.. ၊

"ဖြန်း.."

အသံမထွက်ကြပေမယ့် မျက်လုံးတွေပြူး နှုတ်ခမ်းတွေပွင့်ဟလျက် အသက်ရှူရပ်မတတ် အံ့သြကုန်ကြ၏။ မော်နီတာရှေ့မှာထိုင်နေသည့် ကျော်အောင်တို့ပါ 'ဟာ'ခနဲဖြစ်ကုန်လေသည်။ ရုပ်ရှင်ပညာအရ ရိုက်တာ မှားမဟုတ်ဘဲ သိုက်ရဲ့ရိုက်ချက်က ပြင်းထန်သလောက် ထိထိမိမိကျသွား ခဲ့၏။ မင်းမျက်နှာရဲ့မျက်နှာလည်ထွက်သွားသလို မျက်လုံးထဲမှာ မီးပွင့် သွားသည်။ ခြေလှမ်းယိုင်သွားရုံ အခြေအနေကိုထိန်းထားနိုင်လိုက်သော် သည်း မည်းမှောင်သွားသည့် အမြင်အာရုံတွေက ရုတ်တရက်တရိပ်ရိပ် သည့်ပတ်နေဆဲ.. ၊

"ကဒ်.."

ဆိုသည့်အသံသည် နောက်ကျစွာထွက်လာခဲ့လျက်.. ။

"နင်ဘယ်လိုလုပ်လိုက်တာလဲရွှေသိုက်..နင့်ကိုဆူလို့ အငြိုးတကြီးရှိက်ထဲည့်လိုက်တာမို့လား၊ ဒီလောက်တောင်အနုပညာစိတ်မာတ်မနှံ့လား.. အရမ်းအောက်တန်းကျတယ်.."

ပြောရင်းအော်ရင်း အနားရောက်လာသည်။ ကျော်အောင်တို့လည်း ပြေးလာကြ၏။ မင်းမျက်နှာရဲ့အခြေအနေကိုသိလိုက်သဖြင့် အနားရောက်တာနှင့် မသိမသာပူးကပ်ထားလိုက်ပြီး.. ။

"ခဏနားမယ်မျက်နှာ..ရွှေသိုက်လည်းသွားနားလိုက့်ဦး.."

သူတို့တွေ ရုတ်ရုတ်သဲသဲဖြစ်ကုန်ပေမယ့် သိုက်ကိုယ်တိုင်ထိတ်လန့်နေဆဲရှိကာ တင်ပါးနားမှာဆန့်ကပ်ထားသည့်လက်ဖဝါးကို ဖိဆုပ်ထားလျက်နှင့် ဘာမှမပြောနိုင်။ သူမဘာလုပ်လိုက်တာလဲ..။ တကယ်အငြိုးနဲ့ ရိုက်ပစ်မိတာလား..။ ကျိန်းစပ်နာကျင်နေသည့် လက်ဖဝါးက ဖိဆုပ်ထားလို့ရပေမယ့် ဆုပ်ချေကြည့်တော့ မခံရပ်နိုင်အောင် နာလေသည်။ သူ့ပါးပြင်ဆို ဘယ်လိုနေမလဲ..။ ဒီလောက်တောင် နင်ငြိုးသွားတာလား..

မဟုတ်ဘူး..အဲ့လိုမဟုတ်ဘူး၊ ငါ.. ။

♥♥♥♥♥

"ဒေါ်လေးတို့ရှုပ်ရှင်ရိုက်ရတာ တကယ်ရိုက်ပစ်ရတာလားဟင်..ဦးညနားပါတယ်.."

သိုက်မဖြေနိုင်ပေ.. ။

"ဟိုမင်းသမီးကို အသည်းယားလိုက်တာ..သမီးတို့က ဦးမင်းကိုသနားနေတာနဲ့ သူ့ကိုဂရုမစိုက်မိလိုက်တာ၊ ဒေါ်လေးကိုသူကဘာကိစ္စ နင်ပဲဆပြောနေရတာလဲ.."

ဒါကိုလည်း ပြန်မရှင်းပြမိလိုက်.. ။

"လာစမ်း...ရွှေသိုက်.."

ဦးမြည်ခေါ်မေးတော့မှ.. ။

"နေ့လည်က ညည်းတို့ဘာတွေဖြစ်ကြတာတုံး...ပါးရိုက်တာတကယ်ရိုက်ရတယ်လို့ ငါမကြားဖူးပါဘူး၊ မင်းမျက်နှာနဲ့ မတည့်တာနဲ့ ညည်းတခဲနှိက်လိုက်တာဆို.."

"မဟုတ်ပါဘူးအဘိုးကလည်း...ဒေါ်လေးကတောင် စိတ်မကောင်းခဲနေတဲ့ဟာ၊ ဟုတ်တယ်မို့လားဒေါ်လေး...သရုပ်ပါအောင်ရိုက်လိုက်ရတာနော်.."

"ဥတေ့ဘာဖြစ်လဲ..ကိုယ်ကမင်းသားမှမဟုတ်တာ၊ ပြီးတော့ နှစ်
ခန်းသုံးခန်းပဲ ပါရမှာ.."

"ဘာဖြစ်ဖြစ် ဒါကကားကြီးလေ..ကိုယ်လည်းရုပ်ဆိုးတာမဟုတ်ဘဲ
နဲ့မပကြီးပါသွားမှာပေါ့၊ ဒီနေ့ မင်းသားရောက်နေပြီဥစ္စာ..သူ့အခန်းရိုက်
းလိုက်ပါလား၊ သူ့အခန်းကလည်း ဒီရှာမှာနှစ်ခန်းသုံးခန်းပဲပါတာ..
ီးရင် သူလည်းတန်းပြန်ရတာပေါ့.."

မင်းသားက နေမကောင်းဘဲနဲ့လာပေးရတာဖြစ်သည်။ ခရီးပန်းလို့
ာစ်ရက်တော့ နားပါရစေဆိုတာကို ဆွဲထုတ်ခိုင်းလို့ဖြစ်မလား..။ ဒါတွေ
ကိုလည်း အဖြူရောင့်ကို သူရှင်းပြဖို့မလိုဘူးထင်သည်။

"မင်းအခန်းလည်းမပါသေးဘူးမို့လား..သွားနားလေ.."

"ကိုမင်းက အဖြူကိုနှင်တာလား..ဘာမှမလုပ်ရသေးဘဲနဲ့ ဘာလို့နား
မှာလဲ.."

အဲ့ဒါတွေကြောင့် ကေကြီးတို့အစီအစဉ်မတတ်တာကို သူတဖျစ်
ဘောက်တောက် ပြောမိနေတာပါ။ တကယ်ဆို အဖြူရောင်အခန်းက
သည်း သိပ်ပါတာမဟုတ်။ မင်းသမီးက ချစ်သူကိုရှာရင်း တေ့ကိုရောက်
ာသည့်အခိုက် မင်းသားရဲ့ညီမနေရာမှာ နှစ်ခန်းဝင်ပေးရမှာ ဖြစ်သည်။
ကိုဘာဖြစ်လို့ အစတည်းကလိုက်လာပြီး အဆုံးထိနေဖို့ စီစဉ်ပေးခဲ့တာ
ဲ့..။ မလိုအပ်ဘဲ လူတွေများပြီး အပိုတွေကုန်တာ ပြောပြန်ရင်လည်း
ကောင်း။ သူမျက်နှာမဲ့ကျသွားတော့ အဖြူရောင်က စိုးရိမ်သွားကာ..၊

"ကိုမင်းအရမ်းနာနေလားဟင်.."

အနားကပ်လာပြီး ပါးကိုတယုတယလှမ်းကိုင်လိုက်၏။ မင်းမျက်
ာအမှတ်တမဲ့မို့ မျက်နှာငဲ့ရောင်လိုက်မိကာ သူမလက်လေးကိုဖမ်းကိုင်
သားလိုက်မိ၏။ သိုက်ကတံခါးနားရောက်နေပြီမို့ ခြေလှမ်းတုံ့သွားခဲ့
ျက်.. ၊

"ဆောရီး.."

"ကိုမင်းကတကယ်ဆိုးတယ်သိလား.."

လက်ကိုကိုင်ထားလျက် မြင်လိုက်သောကြောင့် သိုက်ကပြန်ဆုတ်၍
ွယ်ရာမှာရပ်နေလိုက်လျှင် မြင်ကွင်းနဲ့မစို့မပို့စကားသံတွေက နားထဲ
ာ အဓိပ္ပာယ်တစ်မျိုးနဲ့ခုန်ပေါက်ဝင်၏။ ဒီလူဟာ ဒေါသဖြစ်ရင်လည်း

"မဟုတ်ဘူး..အဲ့လိုရိုက်ရတာမဟုတ်ဘူး.."

သိုက်ခေါင်းခါပြတော့ အကုန်လုံးအံ့သြသွားသည်။ ဦးမြည်ကထော
သိပြီးနေသည့်အကြည့်နှင့် နားစွဲနေ၏။

"သိုက်လက်လွန်သွားတာ.."

"အဲ့လိုမျိုးကဖြစ်တတ်ပါတယ်အဘရဲ့..ပြီးတော့ သိုက်ကနဂိုတည်
က လက်ယဉ်တယ်လေ၊ ဒါမျိုးတွေ ခဏခဏဖြစ်ဖူးပါတယ်.."

ဖြူလေးက ပေါ့ပါးစေလိုသဖြင့် ဝင်ပြောပေးသည်။ တိုးတိုးကထော
မဟုတ်တဲ့အကြောင်း အသံတိတ်လက်ခါပြနေသဖြင့် ဦးမြည်ပို၍ဒေ
လည်နေကာ.. ၊

"ငါက ငါ့လူဘက်ကရှိနေပေမယ့် မတရားသဖြင့်လုပ်လာရင်ထော
မကြိုက်ဘူးရွေသိုက်..ဒီတစ်ခါ နှင့်အဒေါ်နဲ့ဖုန်းပြောရင် ငါ့ကိုပေးစ
ပြောစရာတွေရှိတယ်.."

သိုက်ကိုယ်လေး တောင့်သွားသည်။ ဖြူလေးနဲ့ပန်းစကားတို့ဘ
ယောက် မျက်ရိပ်ပြရင်း ခေါင်းငုံ့သွားကြ၏။ သူငယ်ချင်းတွေချည်း အပြ
ထွက်ကြတော့ သိုက်မျက်နှာမကောင်းစွာရှိကာ.. ၊

"ငါသွားတောင်းပန်မှဖြစ်မယ်.."

"တောင်းပန်သင့်နေတာကြာပြီ.."

"သူ့ခမျာ မျက်နှာတောင်တော်တော်နဲ့ မမော့နိုင်ရှာဘူး..ဘယ်လိုမှ
လုပ်ချလိုက်တာလဲသိုက်ရယ်၊ နင်ကလည်းလွန်ပါတယ်.."

အဲ့လိုပြောကြတိုင်း 'မသိဘူး'ဆိုသည့်အဖြေကလွဲပြီး သိုက်ဘာ
မဖြေနိုင်။ ဒေါသထွက်နေခဲ့သည်။ သူ့စကားတွေကြောင့် ရှက်တာ ခံရခ
တာတွေလည်း ရင်ထဲမှာဖြစ်နေသည။ ဒါပေမယ့် ဒါကြောင့်သူ့ကို ငြင်း
ပြင်းထန်ထန်ရိုက်ပစ်လိုက်မယ်ဆိုတဲ့ အငြိုးစိတ်တော့ မဖြစ်ခဲ့တာအမှ
ပါ။ ဒါပေမယ့် ရိုက်ပစ်လိုက်မိသည်။ သူမမှားခဲ့တာ မှန်သည်ဆိုလျှင်

"သိုက်..နင်အခုသွားမှာလား.."

အင်းလို့ပဲ ဖြေခဲ့မိကာ မင်းမျက်နှာတို့နေသည့် အိမ်လေးဘက်
ချက်ချင်းထွက်ခဲ့မိ၏။ သို့သော်.. ၊

"ဘယ်လိုလုပ်ချက်ချင်းရိုက်လို့ရမှာလဲကိုမင်းရယ်..ပါးတစ်ဖက်လဲ
သွေးခြည်ဥနေတဲ့ဥစ္စာ.."

ဒီတိုင်းတုံ့ပြန်သည်။ အလျင်စလိုတွေဖြစ်ရပြီဆိုရင်လည်း ရှောင်တာပဲဟုတ်။ သိုက်နှုတ်ခမ်းလေးကိုက်လိုက်မိကာ ရုက်လည်းရုက်သည်။ စိတ်လည်းတိုသွားသည်။ အဖြူရောင့်ကို သူဘာလုပ်လိုက်ပြီမှန်း ကိုယ့်ဘာသာနားလည်သွားခဲ့ပြီး ချက်ချင်းလှည့်ထွက်လာခဲ့၏။ အလကားလူ.. ဒူကိုယ်သူတော့ အကျင့်သိက္ခာတွေပြည့်ဝနေတယ်ပေါ့.. ။

ဒေါသသည် ဘယ်အရပ်ကနေ ဘယ်လေတိုက်ပြီး လွင့်ပါလာမှန်းမသိ.. ။

♥♥♥♥♥

"ရွှေသိုက်..နင်တို့ဇာတ်လမ်းက ဘယ်လိုမျိုးလဲဟေ၊ ဘယ်အခန်းကအရင်လဲ.."

မင်းသားနဲ့ရွှေသိုက်တွေပြီး လိမ်ညာခဲ့သူက ရှေ့နောက်မညီသည့်စကားတွေပြောသည့်အခန်းကို ရိုက်ကြသည်။ လိုင်းပေါ်မှာ ဆုံမိကြပြီးပြင်မှာတွေ့၍ နှစ်ဦးသဘောတူလက်ထပ်ခဲ့ကြသည်။ ယောကျ်ားလေးကို ယုံလွယ်မိ၍ ဒုက္ခတွေ့ရသော မိန်းမတစ်ယောက်အကြောင်း အဓိကရိုက်ကူးသည့်ကားလည်းဖြစ်၏။ ထို့ကြောင့် မင်းသားဖြစ်ဖြစ် အရံဖြစ်ဖြစ် အားလုံးက သာမညသာပါပြီး မင်းသမီးအဓိကဇာတ်လမ်းမျိုးဖြစ်သည်။ ဘာမှာ တစ်ဝက်လောက်ပါကာ မြို့မှာအဆုံးသတ်မှာဖြစ်၏။ ရိုက်ကူးရုံစံတွေကို နားမလည်သောရွာသားတွေက ကိုယ့်ရွာကမင်းသမီးမို့ နားမလည်သမျှ လာကပ်ပြီး မေးကြလေသည်။

"ငါတို့ကြည့်ရင်း မျက်စိလည်ကုန်လို့ပါ..ရှေ့ရောက်နောက်ရောက်နဲ့ဘာကအရင်တုံး.."

"အေးလေ..တို့ရွာမှာ ဘူတာမှမရှိတာ၊ လိုကေးရှင်းဘယ်လိုဆိုက်မှာ..အဲ့ဒါကဘယ်လိုလုပ်တာလဲ.."

"ဟုတ်ပါတယ်..ဇာတ်လမ်းရိုက်တယ်ဆိုတာ လိုကေးရှင်းအဆင်သလို ဇာတ်လမ်းထဲက အခန်းတွေကို ထုတ်ရိုက်တာလေ၊ ပြီးမှ အစစဉ်အတိုင်း ပြန်ဆက်တာပေါ့..အဲ့ဒါကို အက်ဒစ်လုပ်တယ်လို့ခေါ်တာ ရထားလမ်းကားလမ်းတွေ ရှိရှိမရှိရှိ..နေရာဌာနကို အဓိကပြချင်တာ ဟုတ်ဘူးဆိုတော့ ဇာတ်လမ်းနဲ့အဆင်ပြေအောင် ထည့်သင့်ရင်ထည့်တယ်.."

'ညော်' 'ဒီလိုကိုး' စသဖြင့်နားလည်သွားကြတော့ သဘောတွေသွားကြသည်။ ရွာနှစ်ရွာကူးပြီးရိုက်ရမယ့်အဖြစ်ကို တစ်ရွာတည်းနှစ်ရွာပုံစံဖော်ရမှာမို့ ကျော်အောင်တို့သုံးယောက်နဲ့ မင်းမျက်နှာတစ်ခုမှ အနားရဘဲဖြစ်နေကြသည်။ ထို့ပြင် သူ့ရဲ့ပါးတစ်ဖက်မှာ တချို့တစ်ခဏကျန်နေသော လက်ဝါးရာကြောင့် သွေးခြေဉနေသည့် အညိုကွက်များသည်.. ၊

"ကိုမင်းကသာ ဟန်ဆောင်ပြုံးရယ်နေတာ..ငါကဖြင့် လုံးလုံးကျေနပ်ဘူး၊ အဲ့ဒီဒဏ်ရာကိုမြင်တိုင်း သူ့ကိုပြန်ရိုက်ချင်တယ်.."

သိုက်ကိုတမင်ကြားအောင်ပြောပြီး အဖြူရောင်ကမျက်နှာလွှဲသည်။ ဝိုင်းကတော့ သူမရဲ့ကူဖော်လောင်ဖက်အဖြစ် စိတ်တူကိုယ်တူချပါ၏။ သို့သော် ဝိုင်းဝန်းနေကြသည့်ရွာသားတွေကိုလည်း မသိမသာအကဲခတ်နေရကာ.. ၊

"သိပ်လည်းကြိမ်းဝါးမနေပါနဲ့အဖြူရယ်..သူ့ရွာမှာနော်၊ သတိလည်းထားဦး.."

"ဒါကြောင့်လျှော့ပေါ့ပြောနေတာ..မဟုတ်ရင် ဒီလိုမိန်းမကို ရွှမ်းပြီးသွားအောင် လုပ်ပစ်တယ်..ဟွန်း.."

"နင်ကသာနာနေတာ..မင်းမျက်နှာကလည်း သိုက်ကိုအပြစ်တင်ကြောင်း တစ်ခွန်းမှမဟဘူး၊ ပရိဂ္ဂူဆာကဆို သဘောတွေကျလို့.."

ဝိုင်းရဲ့စကားကြောင့် အဖြူ့မျက်နှာရဲတွတ်သွားသည်။ ဒီယောက်ျားနှစ်ယောက်စလုံး ဘယ်လိုမှိုင်းမိနေကြသလဲဆိုတာ မသိပေမယ့် နှစ်ယောက်စလုံးနဲ့ ရွေသိုက်ဆိုတဲ့မိန်းမက မတန်မရာပါ.. ၊

"မင်းသမီးရှုတင်ရှိတယ်နော်..ညနေသုံးနာရီ.."

သူမတို့ဘေးက ဖြတ်လျှောက်သွားရင်း ရွှေကျီးကသတင်းပေးသွား

ဝိုင်းအံ့သြသွားကာ.. ၊

"ရှုတင်ရှိတယ်ပေါ့.."

"ဟုတ်တယ်.."

"အယ်..ငါ့ကိုလည်း မပြောဘူး၊ ဒါဆိုသိုက်နဲ့နင့်ဆင်းန်တွေ ဒီနေ့တွေ့မယ်ထင်တယ်.."

"ကောင်းတာပေါ့.."

"အေးလေ..ပြီးရင် ကိုယ့်ဘာသာပြန်နှင့်ရုံပဲ၊ ကားပါတာပဲဟာ.."

"ပြန်မလို့မဟုတ်ပါဘူး.."

"ဟင်.."

"အဲ့ဒီမိန်းမနဲ့မျက်နှာချင်းဆိုင်နေရတိုင်း လက်ထိုးအန်ပစ်ချင်တာနဲ့မြန်ဝင့်ကျွတ်လို့.."

"ဒါဖြင့် နင်ကမပြန်သေးဘူးပေါ့..နင်ပါတဲ့ဆင်းန်မရှိတော့ရင်တောင်လေ.."

ဟုတ်တယ်လို့ပြောရင်း မဲ့ပစ်လိုက်မိသည်။ ဘာဖြစ်လဲ..။ အဲ့လိုမဆိုနဲ့ဦးနှောင့်ယှက်နေရတာကမှ အရသာရှိတာ။ ကိုယ့်ဒါရိုက်တာ ပရိဂ္ဂူဆာအဖြစ်နဲ့ ဘယ်သူ့ကိုမှကြောက်ဖို့မလိုသလို ရှုတင်အဖွဲ့ဆိုတာကြီးနဲ့လည်းနည်းမှမသက်ဆိုင်ဘဲ မင်းမျက်နှာကိုလွှမ်းမိုးပြလိုက်မည်။ ယောကျ်ားတွေဟာ မရတာကိုပိုပြီးမက်မောသည်။ ပြိုင်လာရင် နိုင်ဖို့ကြိုးစားကြ၏။ မင်းမျက်နှာနဲ့ငြိတွယ်နေသရွေ့ ရဲဆက်ကဒီမိန်းမကိုဖက်တွယ်နေဦးမှာပင်။ ဘယ်သူနဲ့မှ မသက်ဆိုင်တော့သည့်အခါကျမှ သင်းဘယ်လောက်ထိ တန်ဖိုးကြီးနေဦးမလဲ သိရလိမ့်မည်။ အဖြူရောင် ဒီနေ့ကျမှကနှာဖြူဖြူလေးကပါ အနီရောင်သမ်းနေခဲ့သည်။ ရှုတင်မှာ စုဝေးမိကြသည်နှင့် dialogueတွေလည်း ကျက်ဖို့မေ့ကာ.. ၊

"ငါကလင်းထက်ရဲ့..အဲ.."

"ကဒ်.."

"အဖြူရောင် မင်းဒိုင်ယာလော့ဂ် သေချာကျက်မထားဘူးလား.."

မှားပြီဆိုတာနှင့် မင်းမျက်နှာရဲ့မေးခွန်းက ချက်ချင်းရောက်လာသည်။ အဖြူရောင် မချိတရိပြုံးပြရင်း.. ၊

"ရတယ်..နာမည်ပဲမေ့သွားတာ၊ ပြန်လုပ်မယ်.."

"အိုခေ.. ဝမ်း တူး သရီး အက်ရှင်.."

"ငါကလင်းထက်မြတ်ရဲ့ညီမ လင်း.."

"ကဒ်.."

ဒီတစ်ခါ အဖြူရောင်ပျာပျာသလဲ လက်ကာတောင်းပန်လိုက်ရင်း

"ရပြီ..ဒီတစ်ခါရပြီကိုမင်း၊ ဆောရီး..ထပ်မမှားစေရဘူး.."

ပြောပြီး သူမဘာသာဖြောကြည့်သေးသည်။ ပြီးမှ အိုခေလုပ်ပြ

ဖြင့် ပြန်စလျှင်.. ၊

"ငါကလင်းထက်မြတ်ရဲ့ညီမ လင်းလက်သော်တာ..နင်ကဘယ်

လဲ.."

"ကျွန်မက ပိတောက်လှိုင်ပါ.."

"ဘယ်ကပိတောက်လှိုင်လဲ..ငါမသိဘူး၊ အစ်ကိုကလည်း တစ်ခါ

မပြောဖူးပါဘူး.."

သူမသည် အိမ်ထဲအဝင်မခံနိုင်သလိုမျိုး ခြေတံရှည်ပျဉ်ထောင်အ

မြင့်လေး၏ ဖိနပ်ချွတ်မှာ မားမားကြီးခါးထောက်ရပ်နေခဲ့လျက်

တောက်လှိုင်က မြေပြင်မှာရပ်ရင်း မော့ကြည့်နေရကာ.. ၊

"သူမပြောဖြစ်တာနေမှာပါညီမရယ်..သူကဒီလိပ်စာမပေးပေမယ့်

နာမည်ကတော့.."

"လိပ်စာမပေးခဲ့တာတောင် ရှာကြံစုံစမ်းပြီး လိုက်လာတာမရှက်

လား..မိန်းမတွေတော်တော် တန်ဖိုးမဲ့ကြတာပဲ.."

ပိတောက်လှိုင်မျက်နှာလေး အံ့သြသလိုငေးခနဲဖြစ်သွားသည်။

တော့ ဘေးမှာအဖော်ပါလာသည့် သူငယ်ချင်းကို ပြန်ငဲ့ကြည့်၏။ သူငယ်

ချင်းဖြစ်သူကလည်း မခံရပ်နိုင်သည့်မျက်နှာနှင့် လှည့်ပြန်ကြဖို့ မျက်ခ

ပြနေသည်။ ပိတောက်ကမပြန်ပေ.. ၊

"ဒီလိုပါညီမရယ်.."

"ဟဲ့..ငါ့နာမည်လင်းလက်သော်တာ.."

ညီမလို့ခေါ်တာမကြိုက်သည့် လေသံမာဆတ်ဆတ်က ပိတော

လှိုင်ကိုကြည့်သည့် မီးတောက်မတတ်မျက်လုံးတွေကို တစ်ထပ်တည်

မို့ သရုပ်ဆောင်ကောင်းလှသည်လို့ ပြောရမှာဖြစ်သော်လည်း.. ၊

"မျက်နှာ..မင်းဇာတ်ညွှန်းက ပိတောက်လှိုင်ကို နင်နဲ့ငါနဲ့ပြော

လား.."

မော်နီတာမှာ စိုက်ကြည့်နေသည့် မင်းမျက်နှာက ခေါင်းခါလိုက်ပြီး

"ဒိုင်ယာလော့ဂ်တွေလည်းများနေတယ်..ထားလိုက်ပါ၊ ကိစ္စမရှိဘူး.."

ဇာတ်လမ်းအရ နှစ်ဦးသဘောတူလက်ထပ်ပြီး နှစ်လကြာအောင်အ

ပေါင်းသင်းခဲ့ပြီးမှ ကောင်လေးကရွာခဏပြန်မယ်ပြောပြီး ပြန်မလာ

တာသည့် ဖြစ်ရပ်မျိုးဖြစ်သည်။

"ဒါတော့ နင်စဉ်းစားလေ..လိုင်းပေါ်မှာတွေ့ပြီး နေရပ်မသိ မိဘမပါ

လက်ထပ်ရဲတာ ခုမှဘယ်လူကြီးကို တာဝန်ရှိခိုင်းနေတာလဲ.."

"တာဝန်ရှိပါတယ်လို့ မပြောပါဘူး..အကျိုးအကြောင်းသေချာပြော

ချင်ရုံပါ၊ ပြီးတော့ အစ်မဒီကနေသူကို.."

"လုံးဝမရဘူး..ပြောလေဆိုးလေ၊ ရုပ်ကိုက အရှက်ရှိတဲ့ရုပ်မှမဟုတ်

.."

ထိုစကားလုံးကြောင့် မင်းမျက်နှာမျက်ခုံးတွေ တွန့်ကုတ်သွားသည်။

ကျော်အောင်က ခေါင်းခါ၍.. ၊

"သိပ်မဟုတ်တော့ဘူးနော်မျက်နှာ..အဖြူရောင် ဂျေဝင်နေပြီသေချာ

ယ်.."

"ဟုတ်တယ်..ကာရိုက်တာက အဲ့လောက်ကြမ်းလို့မရဘူး.."

သူလက်မြောက်လိုက်ပေမယ့် ကဒ်လို့လည်းအသံထွက်မလာမီ..၊

"ဖြန်း.."

"ဟာ.."

မင်းမျက်နှာ ဟာခနဲဖြစ်သွားပြီးမှ ထရပ်ကာ.. ၊

"ဟော့..ရပ်စမ်း.."

အားလုံးက ဇာတ်ဝင်ခန်းပဲထင်ပေမယ့် မင်းမျက်နှာလှမ်းအော်လိုက်

သတိထားမိကုန်ကြ၏။

"ဘာဖြစ်တာလဲ.."

"မသိဘူး..ဇာတ်လမ်းပဲမှတ်နေတာ.."

"အောင်မယ်လေး...အဲ့ဒါဇာတ်လမ်းမဟုတ်ဘူး၊ ငါ့မင်းသမီးကို အ

ချောင်းပြီး ပါးရိုက်လိုက်တာ..ဟဲ့ ကောင်မစုတ်၊ သူများကိုအလစ်ငိုက်

ယောင်ပါးချရဲတယ်ဟုတ်လား.."

တိုးတိုးက ဂါဝန်စကိုမီးပုံးပျံလို တက်သွားအောင်ဆွဲပင့်လိုက်ပြေးတက်သွား၏။

"လာစမ်းပါ..နင်ဘယ်လောက်သတ္တိရှိလဲ၊ ငါနဲ့ခဲ့ဆော်ရအောင်"

တိုးတိုးပြေးတက်လာတာမြင်သည်နှင့် အဖြူရောင်ထိတ်လန့်သွားကာ လှေကားထစ်တွေပေါ် နောက်ပြန်ဆုတ်ပြေး၏။ လူတွေကလည်း တိုးတိုးကိုဝိုင်းဆွဲနေကြကာ မင်းမျက်နှာသိုက်ကို ပြေးထူလိုက်ပြီး ပါးစပ်လေးကို မေးဖျားလေးကနေဆွဲယူကြည့်၏။ သိုက်က မူးဝေနေသည့်ခေါင်းကို ဆတ်ခနဲခါပစ်လိုက်ကာ.. ၊

"ဖယ်ပေး.."

ရုတ်တရက်သူ့လက်ကိုပါ ပုတ်ချပစ်လိုက်ပြီး ရုန်းထွက်သွားလျှင်

"သိုက်..ဟိတ် တော်ပြီ.."

သိုက်ကို သူမမိလိုက်ပေ။ သို့သော် တိုးတိုးကိုဆွဲလွဲမရဖြစ်နေသော လူအုပ်ကခံနေသဖြင့် သိုက်ရှေ့ကိုတိုးမရနိုင်ခင် သူမခါးလေးကို နောက်နေဆွဲဖက်ပြီး တစ်ဖက်လှည့်ပစ်လိုက်ကာ.. ၊

"ဘာဖြစ်လို့ စိတ်နောက်ကိုယ်ပါလုပ်ချင်ရတာလဲ..သေးတဲ့အမှုကြီးအောင်.."

"ဘာ.."

သိုက် ဆတ်ဆတ်ခါသွားသည်။

"ရှင်ဘာပြောလိုက်တယ်မင်းမျက်နှာ..ဒီမှာ ဒီမျက်နှာကို ဘယ်လိုပုံစံတပ်လိုက်တာလဲ.."

သိုက်က ရဲညိုနေသည့် သူမပါးကိုလှည့်ပြဖြီး လက်ညှိုးထိုးကာ

"ကျွန်မကသေးတဲ့အမှုကြီးအောင် မလုပ်ရဘူး..ဟုတ်လား၊ လွတ်ရှင် ခုလွတ်..မလွင်ရင် ရှင့်ကိုချမယ်.."

မင်းမျက်နှာရှောင်လိုက်ပေမယ့် တကယ်ရိုက်ချလိုက်သည့် ရိုက်ချက်ကို လွတ်ကင်းအောင်မရှောင်နိုင်ပေ။ သူမကို ဖက်ထားရသဖြင့် အချက်ပေါင်းများစွာ ထိခံနေရကာ.. ၊

"သိုက်..ငါပြောနေတာ မင်းအတွက်၊ သူ့ဟာသူဘာစိတ်ဓာတ်ပဲရှိရှိ..မင်းက.."

"ကျွန်မကပိုဆိုးတယ်..သူ့ထက်ပိုဆိုးတဲ့မိန်းမပဲ၊ သက်သက် သူများ

လေစ်ကို ဝင်ရိုက်သွားတာ.."

သိုက်အတင်းအော်ဟစ်နေကာမှ ရွာသားတွေအကုန်သိကုန်ကြသည်။ သိုက်ရဲ့မျက်နှာကို ပြေးကြည့်တဲ့သူကကြည့်။ အိမ်ပြန်ပြီးဝါးရင်းဆွဲတဲ့သူကဆွဲ။ ဘာဖြစ်ကြမှန်းမသိ။ ဘယ်သူနဲ့ဘယ်လိုရန်ငြိုးတွေဘာ မစုံစမ်းကြတော့ဘဲ ရွာသားတွေအုန်းအုန်းကျွတ်ကျွတ် ဖြစ်ကုန်သည်။ ရုပ်ရှင်အဖွဲ့သားတွေရော မင်းမျက်နှာပါ အသက်ရှူမှားအောင်သွားဖြေရှင်းနေကြသော်လည်း.. ၊

"ဘယ်ကောင်မလဲ..အဲ့ဒီကောင်မကိုဆွဲထုတ်.."

"ဟုတ်တယ်..ငါတို့ရွေသိုက်ကို ရိုက်တာ ဘာအကြောင်းနဲ့လဲ.."

"ဘာအကြောင်းနဲ့ဖြစ်ဖြစ် ပြောခိုင်း..ပြောပြီးရင် ပါးစပ်ထဲကသွားခွေလိုက်ပြုတ်ထွက်ပြီသာမှတ်.."

"ဘွားလေး..ရော့ အဲ့ဒါကြီးကကြီးတယ်၊ ဒါဆိုအတော်ပဲ.."

ရန်ပွဲထဲပြေးဝင်တဲ့သူကဝင် လက်နှက်ပြေးရှာပေးတဲ့သူကပေး။ သိုက်ကို သူအတင်းအကျပ်ချုပ်ဖက်ထားသဖြင့် ရန်ပွဲအပြင်ကိုရောက်သွားသော်လည်း အနီးဆုံးလူတွေကြားထဲသို့ ဆွေမျိုးစုတွေ တိုးဝင်ရောက်လာသောအခါ.. ၊

"ဘာဖြစ်လို့လဲဆိုတာ ပြောခိုင်း..မပြောနိုင်ရင် တစ်ကိုယ်လုံးအရိုးနဲကွဲစေ့ဖြစ်အောင် ဝိုင်းထောင်းပစ်မယ်.."

"ဟုတ်တယ်..ငါတို့က ယဉ်ကျေးပျူငှာကြတယ်၊ ဒါမျိုးလာချိုးလို့ကအာ့ နှင့်ထက်ဆယ်ဆဟဲ့.."

"ငါ့တူမကိုများသင်းက..ဘလိုင်းကြီး ပါးရိုက်သွားတယ်တဲ့.."

"ငါတို့ဒေါ်လေးကိုရိုက်တဲ့မိန်းမ..ဆင်းလာခဲ့စမ်း၊ အဲ့ဒီပေါ်မှာ မကြီးသူဇာတို့ရှိတယ်မို့လား..အဲ့အယုတ်တမာမကို ကန်ထုတ်လိုက်စမ်းပါ.."

ရွာသားတွေလှေကားပေါ် စုပြုံတိုးတက်ကုန်ကြလျှင် မင်းမျက်နှာကလုံးပြူးသွားသည်။ သိုက်က သူတို့ရွာသူဖြစ်သည့်ပြင် ဘာမှန်းမသိငြိုးချက်နဲ့ရိုက်တဲ့အဖြစ်ကို သည်းမခံနိုင်ကြတာ သူဘယ်လိုထိန်းရမ.. ၊

"ဟောဒီမှာ..ဘယ်လိုလဲ ကန်ချလိုက်ရမလား..တစ်ခါတည်းဇက်သေစေချင်ရင် အောက်ကဖယ်ပေးကြ၊ ဝိုင်းထောင်းချင်သေးရင် ဖမ်း

ထား...ဘယ်လိုဖြစ်ချင်သလဲပြော.."

ဟင်.. ၊

မကြီးမိုးသူဇာဆိုတာလား...။ ရှန်းကန်နေသည့် အဖြူရောင်ကိုနောက်ကနေ အသေသိုင်းချုပ်ဖက်ထားကာ လေကားထိပ်ကနေ တကယ်တွန်းချပစ်တော့မလို ဖြစ်နေ၏။

"နေပါဦး...အစ်မ မလုပ်ပါနဲ့.."

သိုက်ကို ဆွဲထားခြင်းကိုလွတ်ထားခဲ့ကာ မင်းမျက်နှာအသည်းအသန် လှမ်းအော်ရင်း တိုးတက်သွား၏။

"အစ်မ မလုပ်လိုက်နဲ့နော်..မလုပ်ပါနဲ့၊ သူ့အစား ကျွန်တော်ကပဲ တောင်းပန်ပါတယ်..အကြီးအကျယ်မှားကုန်ကြရင် မကောင်းပါဘူး.."

မင်းမျက်နှာကိုတော့ လူတွေကဖယ်မေးကြသည်။ သို့သော်.. ၊

"အောင်မလေးတော်..ကိုယ့်ဇနီးလောင်းကို ပါးရိုက်ထားတာတောင် ဘာဖြစ်တာလဲ ဒါ.."

"ဟုတ်ပါရဲ့..အောက်ကလူတွေကသာ ဟိုကိုခဲ(ဂဲ)နဲ့ ဝိုင်းထုရင် သူပါခံရဦးမယ်.."

"ဘာကောင်လဲကွ..မယားနှစ်ယောက်ကြား ဗျာများနေတဲ့အတိုင်းပဲ"

ဒေါသတွေထွက်နေကြတော့ အပြောတွေကကြမ်းသည်။ မင်းမျက်နှာ ပတ်ဝန်းကျင်စကားသံတွေကို ဂရုမစိုက်တော့ဘဲ မိုးသူဇာလက်ထဲက အဖြူရောင်ကို တောင်းတောင်းပန်ပန်ပြောရင်း မရမကပြန်ဆွဲထုတ်လိုက်သည်။ လေကားအောက်ရောက်လာတော့လည်း ဒေါသတကြီးဝင်လာသည့် ရိုက်ချက်တချို့ကို လက်ကာပေမယ့် သူချည်းခံနေရကာ အဖြူရောင့်ကိုကာကွယ်ရင်း ရင်ခွင်ထဲမှာပွေ့ပိုက်ထားသလို ဖြစ်နေခဲ့၏။

သို့သော် သူ့ကိုထိကုန်မှန်းသိတော့ လူတွေကပြန်လျော့သွားကြသည်။ ထိုအခိုက်မှာ မင်းမျက်နှာသည် အဖြူရောင့်လက်ကိုဆွဲ၍ လူအုပ်နဲ့ဝေးရာ ထွက်သွားတာတောက်လျှောက်.. ၊

♥♥♥♥♥

"မင်းဘာပြောလိုက်တယ်အဖြူရောင်.."

"အဖြူက ဘာဖြစ်လို့ပြန်ရမှာလဲ..အစတည်းက ရုပ်ရှင်အဖွဲ့နဲ့လိုက်ခဲ့ဘာလေ၊ ကိုယ့်အခန်းရိုက်ကာနီးမှ ရောက်လာတဲ့သူလည်း မဟုတ်ဘူး.."

"ဟုတ်တယ်..ရုပ်ရှင်ရိုက်ဖို့လာပေမယ့် မင်းမှာရည်ရွယ်ချက်တွေနဲ့.."

"အဲ့ဒါ ကိုမင်းစွပ်စွဲနေတာ.."

"ငါ့ကိုစွပ်စွဲခံနေရတာကျတော့ မင်းမကြားဘူးလား.."

မင်းမျက်နှာ ကာကွယ်ပေးခဲ့သည့်အဖြစ်ကြောင့် တစ်ရွာလုံးကသို့လောသို့လောအကြည့်တွေက နက်ရှိုင်းသည်။ ရန်ပွဲပြီးတော့လည်း ဟိုဘစ်ဒီတစ်စပြောတာတွေက ပြဿနာအကြီးကြီးတက်ဖို့ အကောင်းဆုံးခြေထိုးစကားတွေဖြစ်နေရာ.. ၊

"မင်းအတော်လွန်တယ်..ဘယ်လိုမှဖြေရှင်းချက်ထုတ်လို့မရလောက်အောင် မင်းလုပ်ရပ်ကရိုင်းလွန်းတယ်.."

"ဇာတ်ထဲမှာ မု(ဒ်))ဝင်သွားတတ်မှန်း.."

"တော်တော့..အဖြူရောင်.."

မင်းမျက်နှာ ဆတ်ခနဲထရပ်လိုက်ပြီးမှ တစ်ဖက်လှည့်သွားမိရင်

"မင်းနဲ့သိုက်ဘာတွေဖြစ်ခဲ့ဖူးသလဲ မင်းရင်ထဲမှာဘာတွေထည့်ထား သလဲငါမသိဘူး..ဒါပေမယ့် အခုငါ့ရဲ့ဇနီးလောင်းကို မင်းစော်ကားခဲ့ အတွက် မင်းကိုပြန်ပြီးကာကွယ်နေရတာ အဆင်မပြေဘူး.."

"ကိုမင်းကလည်း အဲ့ဒါကဒီအဖွဲ့မှာ လူကြီးတစ်ယောက်အနေနဲ့ မင်းဖျန်ဖြေပေးခဲ့တာ ရှင်းရှင်းလေးပါ.."

"မင်းအပြင်တောင်မထွက်ရဲတော့တဲ့ကိစ္စကို ငါကဘယ်အချိန်ထိ ကာကွယ်ပေးနေရမှာလဲ.."

"ရှုတင်ကလည်း သုံးရက်ပဲလိုတော့တာဥစ္စာ.."

"မဖြစ်ဘူး.."

မင်းမျက်နှာက သူမဘက်ကိုပြန်ငဲ့ကြည့်ကာ.. ၊

"မင်းပြန်တော့အဖြူရောင်..ဒီထက်ကောင်းတဲ့နည်းအပြင် မရှိတော့ ဘူး.."

သူအထဲဝင်သွားတာနှင့် ပေါက်ကြီးကသက်ပြင်းချကာ.. ၊

"ကိုယ်တကယ်စိတ်မကောင်းပါဘူး.."

သူမကို သူသဘောကျခဲ့သည်။ သူမကလည်း အဆင်ပြေသည့်အ ပြုံးတွေနှင့် တစ်ခြမ်းရင်းနှီးခဲ့သည်။ နောက်ကျမှသိရတာက သူမဒီဇာတ် လမ်းမှာပါချင်လို့ ခဏအတွင်းမှာ လုံးထွေးရင်းနှီးခဲ့ဖြင်းဖြစ်ကာ ခုတော့ သိုက်ကိုမကျေနပ်တာတွေပါ ပါနိုင်မှန်းပေါ်လာခဲ့သည်။ ဘာတွေ လဲ..ကျော်အောင်ကတော့ မင်းမျက်နှာမသွားခင်တည်းက ထထွက်သွား တာဖြစ်သည်။ သူလည်းအဖြူရောင်နဲ့ ရင်းနှီးခဲ့သူဖြစ်၏။ ဒါပေမယ့် ဒီဇာတ်လမ်းမှာ ပါဖို့အဓိကကူညီခဲ့တာက ပေါက်ကြီးပဲဖြစ်ရာ နောက်ပိုင်း မှာ ဘာသိဘာသာပဲနေဖြစ်ခဲ့၏။ ဒီပြဿနာမှာလည်း ကြားမဝင်ချင်တာ ခုထိဆိုးသည်ကောင်းသည်ဘာမှမပြောဘဲ နေခဲ့တာဖြစ်၏။ အဖြူရောင် က ကျန်ရစ်ခဲ့သည့် ပေါက်ကြီးနားမှာပဲ လာကပ်ထိုင်ကာ.. ၊

"ကိုပေါက်ကတော့ အဖြူကိုနားလည်ပေးနိုင်တယ်မို့လားဟင်.."

"သိပ်နားလည်တာပေါ့အဖြူရောင်..ဒါပေမယ့် တစ်ဖွာလုံးနဲ့တင် ယောက်ဖြစ်သွားပြီ၊ အဲ့ဒါကိုကိုယ်တို့ဘာမှမတတ်နိုင်ဘူး.."

"ဟား..."

အဖြူရောင်က လှလှပပလေးနှုတ်ခမ်းစူကာ ကောက်ချိတ်နေသလို

ကြောကြီးငြိမ်ကျသွားသည်။ ပေါက်ကြီးနေရာမှ ထရပ်လိုက်ကာမှ.. ၊

"ကိုပေါက်ကိုယ်တိုင် အဖြူကိုအစာမကျေနေတာမို့လား.."

လက်ကိုဖျတ်ခနဲ လှမ်းဆွဲလိုက်ကာ မော့မော့လေးငေးနေပုံက သနား ဖွယ်ပင်။ သူမလေးကလည်း ချစ်စရာကောင်းသူလေးပါ။ ဒါပေမယ့် မကကြောက်စရာကောင်းလေသည်။ ပေါက်ကြီးမျက်နှာလွဲလိုက် ငင်.. ၊

"ခုချိန်မှာ ကိုယ်တို့တစ်ဖွဲ့လုံးက ကာကွယ်ပေးချင်ရင်တောင် မျက် ကိုင့်ရမယ်လေ..မင်းရိုက်ပစ်လိုက်တာ သူ့ဇနီးလောင်း.."

"သူတို့ချင်းက အဲ့လိုအနေအထားတွေ မရှိပါဘူးကိုပေါက်ရယ်..အ သိပါတယ်.."

"သူတို့ချင်း ချစ်လို့စေ့စပ်ခဲ့တာလည်း မဟုတ်ဘူးလေ..လူကြီးမိဘ ကိုင်းအတာအရပဲ ကိုယ်ပြောနေတာ၊ အခုလည်း ရပ်မိရပ်ဖနဲ့အသိုင်း ဝိုင်းကြားမှာ.. ၊

"အဲ့ဒါတွေကို အဖြူဂရုမစိုက်ပါဘူး.."

"ဘယ်လို.."

သူဘယ်လိုမှ မယုံနိုင်ပေ။ ကြည့်လိုက်တော့ အဖြူမျက်နှာလေးက သည်း သိုက်ကိုရိုက်မချလိုက်မီ တင်းမာနေတဲ့ပုံစံလေးအတိုင်း ရှိနေခဲ့ နေရာမှခပ်ဖြည်းဖြည်း ထရပ်လိုက်၏။ ပြီးတော့.. ၊

"ကိုမင်းက အဖြူ့ကိုအထိမခံလို့ ဝိုင်းပြီးမနာလိုဖြစ်နေကြတာ..အ ကြံတော့ ကိုမင်းရင်ထဲမှာ ဘယ်လိုရှိတယ်ဆိုတာ သူတို့သိသွားကြ ယ်လေ..အဲ့ဒါကြောင့်.."

"မင်းမှားနေပြီအဖြူရောင်..အဲ့ဒါ တကယ်အကြီးကြီးလွဲနေတာ.."

"ဟွန့်..."

သူမသိနေသည်။ မင်းမျက်နှာရင်ထဲမှာ သူမရှိနေသည်။ ဒီအခြေအ ကို ခဏလောက်သည်းခံနေနိုင်ရင် မင်းမျက်နှာနဲ့သူမနီးစပ်မှာပဲဖြစ် သည်။ ဒါကြောင့် ပြန်ဖို့ကိုတော်နိုင်သမျှ ရှောင်တိမ်းဖို့လည်း ဆုံးဖြတ် ထား၏။ ပြီးတော့ ဘာအရေးလဲ.. သိုက်ရဲ့ပါးကိုအားပါးတရ ရိုက်ပစ် ချင်ရပြီး ကိုယ်ကအနိုင်နဲ့ပိုင်းနိုင်တဲ့သူ.. ၊

"ကျော်အောင်.."

မင်းမျက်နှာ ပြန်ဝင်လာတော့ ပေါက်ကြီးကိုပဲတွေ့ကာ.. ၊

"ကျော်အောင်ရော.."

"မင်းအရင်ထွက်သွားတာပဲ.."

"ဒါဆို မင်းပဲသူတို့ကားကို လိုက်ကြည့်ပေးလိုက်..လိုအပ်တာ ဆင်ဖြည့်ဆည်းပြီး ခုချက်ချင်းထွက်လို့ရတယ်.."

မင်းမျက်နှာ နာရီပင့်ကြည့်ကာ.. ၊

"လေးဆယ့်ငါးမိုင်လောက်ပဲမောင်းရမှာ..မိုးမချုပ်ခင်ရောက်တယ်

"ကိုမင်း.."

သူပြောပြီး အထဲဝင်ဖို့ခြေလှမ်းဆက်လျှင် အဖြူရောင်ကတား ထားလိုက်ကာ.. ၊

"ကိုမင်းက အဖြူ့ကိုခုချက်ချင်းပြန်ရမယ်လို့ ပြောနေတာလား

ဒီမေးခွန်းကို ခုထိမေးနေသည့်အဖြူရောင့်ကို မင်းမျက်နှာကစူးစိုက် ကြည့်၏။ ပေါက်ကြီးကလည်း ထွက်မသွားဘဲ ရပ်ကြည့်နေလျက်ရှိ

"ဖြူတို့ကိုမိန်းမသားတွေချည်းမို့ ပြန်လွှတ်မယ်မထင်လို့ မေးတာ

"မင်းတို့နှစ်ယောက် မြန်မာပြည်ကိုစုန်ချီဆန်ချီ သွားလာနေကျ မင်းပဲပြောခဲ့တာ.."

"ဟုတ်ပါတယ်..ထားလိုက်ပါ၊ အခုကိုမင်းက ပြန်ခိုင်းတာလား ကိုမင်းကပြန်ခိုင်းတာဆိုရင်.."

"မပြန်ခိုင်းဘူး.."

မင်းမျက်နှာက စူးစိုက်ကြည့်ရင်း ခေါင်းခါလိုက်ကာ.. ၊

"မင်းသဘောနဲ့မင်း ဆုံးဖြတ်ရမှာ..မင်းရဲ့ပြန်ခြင်းမပြန်ခြင်းက မင် သဘော၊ ငါနဲ့ဆိုင်တဲ့အပိုင်းကို မင်းမသိသေးရင် ထပ်ပြောမယ်..ခုကစ မင်းဖြစ်ခဲ့တဲ့ပြဿနာနဲ့ ပတ်သက်သမျှ မင်းဘာသာရင်ဆိုင်၊ ငါလုံးဝပ သက်မှာ မဟုတ်ဘူး.."

"ကိုမင်းက အပြောင်းအလဲမြန်လှချေလား.."

"ငါ့ဘက်က အားလုံးအပေါ် သာတူညီမျှပဲ..ဒါကြောင့် မင်းခံသာ သွားတယ်၊ ငါအကျနာခဲ့တယ်..ဒီလုပ်ငန်းခွင်မှာ ငါ့အဖွဲ့သားတွေ မသင် တော်တာဖြစ်ရင် ငါတာဝန်ရှိသလောက် ဖြေရှင်းပေးခဲ့တာ မင်းကျမှ ဟုတ်ဘူး..ဒါပေမယ့် မင်းကငါ၈နှီးလောင်းကို ပါးရိုက်ခဲ့တဲ့သူဖြစ်နေတဲ့

အကြောက် ငါအတော်ခံနေရတယ်၊ အဲ့ဒီတော့ မင်းနားလည်ရင် သမင်လည် တောင် မကြည့်နဲ့တော့..အဲ့ဒါအသက်ညှာဆုံးပြောထားတာ.."

အဖြူရောင် အံကြိတ်ထားရင်းမဲ့သည်။ တင်းထားပေမယ့် မျက်ရည် ဝေ့လည်လာခဲ့၏။ နေရာတကာမှာ အဆိုးအကောင်းတို့ ဒွန်တွဲနေ သည်ဆိုတာ မေ့တတ်သူတိုင်း ထိချက်ပြင်းကြ၏။

သို့သော် ဘယ်သူမှလည်း ကိုယ့်ကိုယ်ကို ဆိုးလှသည်မထင်ကြလေ ..၊

♥♥♥♥♥

အခန်း(၅၃)

"ထိုင်..ဒီကိစ္စကို နှစ်ယောက်စလုံးရှေ့မှာမေးမယ်.."

လူတွေအများကြီး ရှိနေကြသည်။ ဆွေမျိုးရင်းတာတွေရော ဖျားတာ တွေရောအပြင် ရပ်မိရပ်ဖလို ပုဂ္ဂိုလ်တွေဆိုတာလည်း လူကြီးတွေရော လူငယ်တွေရော ဘာကိုလက်ညိုးထိုးပြရမှန်းတောင် မသိ။ မင်းမျက်နှာ တစ်ချက်ပဲ ဝေ့ကြည့်လိုက်ပြီး မျက်လွှာချနေလိုက်မိသည်။ သိုက်က ဒေါင်းမြီးစိမ်းရောင် မြန်မာဝတ်စုံလေးနဲ့ဖြစ်ကာ ရင်ပြတ်ပုံစံအပါးသား လေးချည်းခံထားသဖြင့် ပဝါပါးလေးတစ်ထည်ကို လည်ပင်းမှာသိုင်း ထားသည်။ ဆံပင်တွေကို အပြောင်သိမ်း၍ နောက်မှာမြှင့်တင်စည်းထား ကာ ဝတ်စုံနဲ့အရောင်တူ နားဆွဲလုံးလေးက တလှုပ်လှုပ်နှင့်။ ပြီးတော့ အနက်နဲ့ အစိမ်းရစ်ထားသော ပုံတောင်ဖိနပ်ခုံမြင့်လေးကို စီးထားသေး သည်။ မင်းသမီးမို့ ဝတ်တတ်စားတတ်တာအသာထားလို့ သူမက ဘာ ဝတ်ဝတ်ကြည့်ကောင်းတဲ့သူဖြစ်သည်။ အဲ့ဒီမိန်းမကို လုံးလုံးကြည့်လို့မရ ဘူးလို့ ကိုယ့်ဘာသာသတ်မှတ်ထားပေမယ့် မြင်လိုက်တိုင်း ကြည့်မိတာ လည်း သူပဲ ဖြစ်သည်။

လေးထောင့်စားပွဲရှည်ကြီးရဲ့ ထောင့်မှန်ကျနေရာမှာ ရှိနေသောသိုက်

ကို မျက်တောင်ဖျားတို့မှေးစင်းကြည့်ရင်း မျက်လုံးလွှဲဖို့သတိရတော့ နောက်ကျသွား၏။ ဦးမြည်ုက မျက်ခုံးထူထူကြီးတွေ တွန့်ကုပ်နေတဲ့အထိ စိုက်ကြည့်နေတာနဲ့ တည့်တည့်တိုးခဲ့ပြီး.. ၊

"မောင်ရင်က ဘာတုံး.."

"ဗျာ.."

"တောင်ကျောင်းလိုလို မြောက်ကျောင်းလိုလိုနဲ့ ကြားကကိုယ်တော် ဆွမ်းငတ်တဲ့ ကိန်းဆိုက်မှာမြင်ယောင်သေး.."

ဟင်.. ၊

ခေါ်တော့ ဦးမြည်ုဖြစ်ကာ ခပ်မဲ့မဲ့ပြောချလိုက်တာက ဒေါ်သစ်အုံဆို သည့် အမျိုးသမီးကြီးဖြစ်လေသည်။ မင်းမျက်နှာ ဟိုဘက်ကြည့်ရ ဒီဘက် ကြည့်ရနှင့်ပြောသည့်အဓိပ္ပာယ်ကိုလည်း သိသလိုလို မသိသလိုလို.. ၊

"ဟေ့..တိတ်တိတ်နေကြ.."

ဦးမြည်ုက ဆွေတော်မျိုးတော်တွေကို ခပ်ဖိဖိအော်လိုက်ပြီးမှ သနပ် ဖက်ဆေးလိပ်တိုကို ခွက်ထဲကလှမ်းယူသည်။ မီးမရှိသည့် ထိပ်ဝကို ပြာ တွေပိကပ်သွားအောင် ဖိစမ်းပြီးမီးခြစ်ကိုယူ၏။ မီးခြစ်သည် အလူမီနီယမ် လား ဒန်လား သွပ်လား ဘာမှန်းမသိပေမယ့် ဂတ်စ်မီးခြစ်မဟုတ်တာ လည်း သေချာ၏။ မီးခြစ်ကိုခြစ်ကြည့်ပြီး ဘာအလိုမကျသည်မသိဘဲ ဆေးလိပ်ကိုပြန်ချထားလိုက်သည်။ ထို့နောက် မီးခြစ်ကိုဖင်ကနေ ဆွဲချတ် လိုက်ပြန်ကာ သူလုပ်နေတည်းက ဘာလိုမယ်ဆိုတာ သိထားသလိုမျိုး လူငယ်လေးတစ်ယောက်က လက်တစ်ဝါးလောက် ဓာတ်ဆီပုလင်းပြား လေး ယူလာပေး၏။

ဒါဘယ်လိုနည်းလဲ..။ အားလုံးကတော့ ဦးမြည်ုသူ့ရဲ့ကိစ္စတွေကို လုပ်ကိုင်နေရင်း ဒါမှမဟုတ် လုပ်ကိုင်ပြီးစီမှ စကားဆက်လာမှာကိုသိ ပြီး တိတ်နေကြသော်ငြား မင်းမျက်နှာကတော့ မီးခြစ်နဲ့ဓာတ်ဆီကို အလွန် တိတ်ဝင်စားနေခဲ့လျက်.. ၊

"ဟာ..အဘ ဓာတ်ဆီတွေဘေးကို အလကားကျကုန်ပြီ၊ နေဦး..နေ ..."

"အေးဟ..ငါလည်း ခြေထောက်ပေါ်မှာ အေးသွားမှသိတယ်.."

"ခဏလေး.."

ဦးမြည်ကြ ပုလင်းဝကျဉ်းကျဉ်းလေးကို လက်ညှိုးထိပ်နဲ့ ကပ်ပိတ်ပြီး ဇောက်ထိုးလှန်ထားသည့် မီးခြစ်အိမ်ထဲသွန်ချတာဖြစ်သည်။ ဓာတ်ဆီက မီးခြစ်ထဲမရောက်ဘဲ ပုလင်းဖင်ကနေ ရေတံလျှောက်လို တတောက်တောက်ကျကုန်လျှင် မင်းမျက်နှာ ကမန်းတကန်းထ၍ ဓာတ်ဆီပုလင်းကိုင်ထားသည့် ဦးမြည်လက်ကိုဆွဲထားလိုက်ပြီး.. ၊

"ဒီထဲထည့်မှာလား...ပေး ကျွန်တော်လုပ်ပေးမယ်.."

"ဟေ့..ဟေ့ ဂွမ်းစစိုရုံပဲကွ.."

"ကျွန်တော်သဘောပေါက်ပါတယ်..ဒီလိုလေးကာထားရုံပဲ၊ ဒီဆိုးဖိတ်တော့ဘူး.."

မီးခြစ်ထဲက ဂွမ်းစတစ်ဝက်လောက် ပြန်ဆွဲထုတ်၍ ဓာတ်ဆီပုလင်းဝမှာ အသာလေးကပ်၍ ဖြည်းဖြည်းအစက်ချပေးလိုက်၏။ ဦးမြည်ညာဘောတွေကျကာ တဟဲဟဲရယ်လေသည်။

"ဓာတ်ဆီစော်နံလိုက်တာ အဘိုးရယ်.."

"ဖိတ်ကုန်မှတော့ နံတာပေါ့..နင်တို့တွေမမြင်မစမ်းလုပ်နေတဲ့ လူကြီးကို ဘယ်နှစ်ခါဝိုင်းကူပေးဖူးသလဲ၊ ဘယ်မှာလဲ..မီးခတ်ကျောက်ဘူးယူလာခဲ့.."

"ဟုတ်.."

"ဟဲ့..ခုန ဖိုးနီဆော့နေတဲ့ ဘူးလေးမို့လား၊ တကျောက်ကျောက်နဲ့.."

အားလုံး ပျာပျာသလဲဖြစ်သွားကြပြီး ကလေးနောက်လိုက်တဲ့သူကလိုက်၏။ ပါလာတော့ မီးခြစ်ကျောက်ဘူးလေးကိုဖွင့်၍ မီးခြစ်ဆံခေါင်းလောက် ဆလင်ဒါပုံကျောက်လေးတစ်လုံး ထုတ်လိုက်သည်။ ပြီးတော့ စပရင်လေးပေါ်တင်၍ လုပ်ကိုင်နေတာကို မင်းမျက်နှာသေချာကြည့်နေ၏။ ထိုစဉ်.. ၊

"ထောက်.."

"ဟာ..သွားပြီ.."

စပရင်ကနေ ကန်ထွက်ကသွားကာ မီးခြစ်ကျောက်လေးက စာစ်နေရာကို လွင့်ထွက်သွား၏။ မင်းမျက်နှာ ပျာပျာသလဲလိုက်ငုံ့ကြည့်ကာ..

"ခဏလေးအဘ..ဒီနားမှာအသံကြားလိုက်တာ.."

ခုံဘေးကို ကိုယ်ကြီးကိုင်း၍ ရှာနေသဖြင့် သိုက်စိတ်မရှည်ဖြစ်သွား

ကာ မီးခြစ်ကျောက်ဘူးလေးကို ကိုင်၍ ရှေ့ထပ်တိုးပေးလိုက်ရင်း.. ၊

"ဒီမှာ တစ်ပုံကြီးပဲရှိနေသားနဲ့..ပုရွက်ဆိတ်ခေါင်းလောက် ပိစိလေးကို ရှာမနေပါနဲ့တော့.."

"ရှိတိုင်းသုံးစရာလား...အဲ့ဒီပုရွက်ဆိတ်ခေါင်းလောက်က မရှိရင် ဘယ်မှာလိုက်ရှာမလဲ.."

ရှာနေရင်း မင်းမျက်နှာက လှည့်မကြည့်ဘဲ ပြောလိုက်ရင်း.. ၊

"ပိုက်ဆံရှိတိုင်းလိုချင်တဲ့ပစ္စည်းကို လိုချင်တဲ့အချိန်မှာ ရတယ်မှတ်နေလား.."

ဘေးလူတွေလည်း မျက်စိနောက် နားနောက်ဖြစ်လာရကာ.. ၊

"အေးပေါ့..ယောကျ်ားလေးဆိုတာ အဲ့လိုစိစစ်ရတယ်လေ၊ စီးတဲ့ရေဆည်တဲ့ကန်သင်း.."

"ဟား ဟား ဟား.."

ပြဿနာအကြီးကြီးတစ်ခုကို မျက်နှာချင်းဆိုင်တွေ့ဆုံဖြေရှင်းကြဘော့မှာကို စိတ်ဝင်စားနေကြသည့် ဆွေမျိုးတွေလည်း သက်ပြင်းတွေချနေတဲ့သူကရယ်.. ၊

"အဘညို.."

"ဟေ.."

"ခုနကပြောတော့ ဒီကောင်လာပေ့စေဆို.."

"အေးလေ..သူလာတာပဲဟာ.."

"ပြောတော့ဖြင့် အကုန်လုံးကိုမောင်းထုတ်ပစ်မယ်ဆိုပြီး.."

"ပြဿနာဖြစ်လာရင် အဖြေသိဖို့အရင်ကြိုးစားရမယ်.."

"ပြောခဲ့တုန်းက အဲ့ဒါတွေမပါပါဘူး.."

"ဟုတ်တယ်..အခုပါသွားပြီ.."

ဦးမြည်ကြ မီးခြစ်ကိုငုံ့လုပ်နေရင်း မော့မကြည့်ဘဲ တစ်ခွန်းမကျန်ဖြေသည်။ သို့သော် ဒီကောင်တွေကပ်သပ်မေးခွန်းထုတ်နေတာလို့ တွေးသိပ်မိပြီး မျက်နှာကြီးမော့လာကာ.. ၊

"နေစမ်းပါဦး...မင်းတို့ကသိုက်ရဲ့ဘကြီးလား၊ ငါကလား.."

"ဘကြီးကဘကြီးပေမယ့် ဘကြီးအပြောနဲ့အလုပ်နဲ့မညီတော့.."

"မညီရအောင် ငါကဘာလုပ်ရသေးလို့တုံး.."

"အေးလေ.."

"ဟုတ်သားပဲ..ရှင်ကလည်းဆိုတာ.."

နားထောင်ဖို့ရှိနေကြသည့် ဆွေမျိုးစုတွေ ဘဝင်ကျသွားပုံနှင့် ပြုံးရယ်လာကြကာ.. ၊

"ဦးကြီးညို ပြောပါစေဦး..နင်တို့ကိုက.."

"ရှေကတက်တက်ပြီး သိပ်ဆရာလုပ်တာပဲ.."

အားလုံးက ဟုတ်ပြီဟုတ်ရဲ့နဲ့ ငြိမ်ငြိမ်သက်သက်လေးနေရင်း စောင့်ဆိုင်းကြပြန်၏။ ဦးမြညိုက မီးခြစ်ကိုခြစ်ကြည့်လိုက် လက်မနဲ့ဖိသတ်လိုက်နှင့် အတော်ကြာမှ ဆေးလိပ်မီးညှိ၏။ မီးစွဲမစွဲ ဖွာကြည့်နေတာလည်း ခဏလေးမဟုတ်။ ထို့ပြင် နှုတ်ခမ်းထောင့်မှာထည့်၍ သွားနဲ့ဝါဖိကိုက်ထားလိုက်ကာ မီးခြစ်ကို တောင်မှာချတော့မလို မြောက်မှာချတော့မလို။ ပြီးတော့ ဘယ်မှာမှချတာလည်းမဟုတ်ဘဲ လက်ထဲမှာပဲ ပြန်ကိုင်ထားပြီး.. ၊

"နင်တို့မှာ လုပ်စရာကိုင်စရာ မရှိကြဘူးလား.."

"ဟင်.."

"ကျွန်တော်တို့လား..ရှိတော့ရှိတာပေါ့.."

"ရှိရင်ပြန်ကြတော့.."

"ဟင်.."

"တ ဟင် ဟင်နဲ့ လုပ်မနေကြနဲ့.."

ပြောပြီးဆေးလိပ်ကိုနှုတ်ခမ်းကဖြုတ်၍သူလည်းထိုင်ရာကထသည်။

"ငါလည်း အလုပ်ရှိသေးတယ်.."

"အဘ.."

"ဘာတုံး.."

"ရွှေသိုက်နဲ့ဒီသူဌေးကိစ္စလေ.."

"သူတို့ချင်းရှင်းကြပေ့စေ.."

"အယ်.."

"ဦးညိုရာ.."

"အဘိုးဘယ်လိုလုပ်တာလဲ..သမီးတို့ကတော့ ဒေါ်လေးဘက်ကပြင်ဆင်ထားကြတာ.."

ဦးမြညိုက မြေးဖြစ်သူတွေကို ပြန်ငဲ့ကြည့်၍ နှုတ်ခမ်းခပ်မဲ့မဲ့နှင့်..။

"ဘယ်သူ့ဘက်ကမှ မပါနဲ့တော့..အိုးရဲ့စလောင်းရဲ့တွေပဲ၊ ဒါကတစ်ကယ်သတ်ဆုံးဖြတ်လို့ မတော်တဲ့ကိစ္စ.."

"ငါကခုချက်ချင်းကောက်ပေးစားတော့ရော ယူမှာကျလို့.."တဲ့..၊ ပြောပြီး ခပ်သုတ်သုတ်ခွာလေသည်။

ခုန ချက်ချင်းမောင်းထုတ်မယ်ပြောနေတာ ဘယ်သူများလဲ.. ၊

♥♥♥♥♥

အခန်း(၅၄)

ဦးမြည်ုသည် ရွာလူကြီးလိုပဲ ဩဇာတက္ကိမရှိသူဖြစ်ကာ ကိုယ့်မိသာ
စုထဲမှာသာမက ရွာသားတွေအပေါ်မှာပါ ဩဇာညောင်း၏။ ပြန်ကြတော်
လို့ ပြောပြီး ဦးမြည်ုထထွက်သွားတာနှင့် နားမလည်ခြင်းတွေကိုယ်စီပို
လျက်နဲ့ပဲ အလျိုအလျိုထပြန်ကုန်ကြလေသည်။ သိုက်နဲ့မင်းမျက်နှာ
ယောက်တည်း ကျန်ရစ်ခဲ့လျက် မျက်နှာတွေလွှဲထားကြ၏။ သို့သော်
ဏပဲကြာကာ တစ်ယောက်နဲ့တစ်ယောက်မသိမသာအကဲခတ်ရင်း မ
လုံးချင်းဆုံသွားခဲ့လျှင်.. ၊

"မင်းဘာပြောချင်လဲ.."

"အံမာ..ရှင်က.."

"ဟုတ်တယ်လေ..ပြောစရာရှိတယ်ဆိုပြီး ခေါ်တာက မင်းတို့ပဲ..."

"ကျွန်မကလည်း ဘဘခေါ်လို့ဒီမှာလာထိုင်နေရတာ..ရှင့်မျက်နှာ
ကြီးကိုမြင်ရတာ နေလိုမီးလိုပူလွန်းလို့.."

"ဟိတ်.."

သိုက်က ဆတ်ခနဲထရပ်လိုက်သဖြင့် မင်းမျက်နှာ.ကမန်းကတမ်း
လှမ်းတားမိကာ.. ၊

"မင်းမပြောရင် ငါပြောမယ်..ခဏပြန်ထိုင်ဦး.."

အဖြူရောင့်အကြောင်း ရှင်းပြချင်နေတာမှန်း သိနေသဖြင့် ကိုယ့်ပါး
ကိုယ်ယောင်ပြီး စမ်းလိုက်မိသည်။သူ့ဘက်ကကြည့်ရင် ပါးပေါ်ကလက်
ဖိုးရာကို မြင်ရမှာမဟုတ်ပေမယ့် သူမမှာတော့ အမှတ်တမဲ့ထိခတ်မိတာ
ပေးတောင် မခံနိုင်အောင်နာနေဆဲ။ ဒါကြောင့် ဒီလူ့ကိုမုန်းသည်။ အဖြူ
ရောင်ကို ထိခိုက်မိမှာစိုးလို့ လူအုပ်ကြားထဲတိုးဝင်သွားတာတွေ အဖြူ
ရောင့်ကို ရည်ရွယ်သမျှ သူ့ကိုပဲမလွတ်မလပ်ရိုက်ပုတ်ထိခိုက်မိတာတွေ
ပြန်တွေးလိုက်တာနဲ့ ရန်ပွဲကိုမျက်လုံးထဲမှာ အတိအလင်းမြင်ယောင်လာခဲ့
သည်။ ကိုယ်ရိုက်လိုက်လို့ မင်းမျက်နှာနာကျင်သွားတော့ သင်းကတယု
တယပြုစုပေးနေခဲ့သည်။ ခုကျတော့ သူမအတွက်သူအနာခံပြီး ကာကွယ်
ပြီး.. ၊

"ဒီမှာ..ငါပြောချင်တာက.."

ဆိုပြီး တော်တော်နဲ့စကားမဆက်သဖြင့် သိုက်အမှတ်တမဲ့လှည့်
ကြည့်လိုက်မိ၏။ ထိုအခါ မင်းမျက်နှာက သူမကိုစူးစိုက်ကြည့်နေတာ
ဖြစ်ကာ.. ၊

"မင်းငိုနေတာလား.."

သူမေးလိုက်မှ ကိုယ့်မျက်လုံးထဲမှာ မျက်ရည်တွေဖြစ်ထွန်းနေပြီမှန်း
သတိရ၏။ မျက်နှာကိုဆတ်ခနဲလွှဲပစ်မိလျက်.. ၊

"ဘာကိစ္စကျွန်မက ငိုရမှာလဲ..ပြောစရာရှိရင်မြန်မြန်ပြော.."

"ဆောရီးပါ..အဖြူရောင်ကြောင့် မင်းဒီလိုဖြစ်ရတဲ့အတွက် သူ့အစား
ကပဲ.."

"မလိုပါဘူး.."

သိုက်ရဲ့အသံက လိုတာထက်အဆများစွာမာကြောနေခဲ့ပြီး မင်းမျက်
နှာကိုမုန်းတီးရွံရှာသလို စိုက်ကြည့်၍.. ၊

"သူ့အစား ရှင်ကတောင်းပန်တယ်..ဟုတ်လား၊ သူ့ကိုယ်စားပေါ့.."

"မဟုတ်ဘူး..မဟုတ်ဘူး၊ မင်းပြောတဲ့အဓိပ္ပာယ်မျိုး လုံးဝမဟုတ်ဘူး
ငါပြောချင်တာက.."

"သူပြောဖို့လည်းမလိုဘူး..ရှင်ပြောတာလည်း မကြားချင်ဘူး၊ ကျွန်မ
ပါးပေါ်က ဒဏ်ရာကိုမြင်လို့ အဲ့လိုတောင်းပန်ချင်စိတ်ဖြစ်သွားတာဆိုရင်

ဒီဒဏ်ရာကိုဓားနဲ့ခြစ်ချပစ်လိုက်မယ်.."

"သိုက်..နေဦး.."

ဒီတစ်ခါ သိုက်ကဘယ်လိုတားဆီးလို့မှ ရပ်တန့်မှာမဟုတ်သည်
ခြေလှမ်းမျိုးနှင့် ထွက်သွားခဲ့လျှင် မင်းမျက်နှာအမောတကော ထလိုက်
ခဲ့ရကာ.. ၊

"ကိုယ်ပြောဦးမယ်..တကယ်ပြောချင်တဲ့အဓိပ္ပာယ်က.."

"မပြောနဲ့လို့ ပြောနေတယ်မှတ်လား..ဖယ် ရှေ့က.."

သူကလှေကားခြေရင်းကနေ ပိတ်ထားသဖြင့် သိုက်ကအိမ်ဘေးက
နေ လမ်းကြမ်းလေးဘက်ကို ကွေ့ရှောင်ထွက်သွား၏။ မင်းမျက်နှာဆံပင်
တစ်ချက်သပ်၍ ရှုံ့မဲ့သွားကာ.. ၊

"ကျွတ်.."

သူလိုက်လာတာကိုသိလျှင် သိုက်ဘယ်ကိုခြေဦးလှည့်ရမှန်းမသိဘဲ
ဒီတိုင်းဆက်လျှောက်ခဲ့မိ၏။ ညနေခင်းမှာ ရွာပြင်ကိုဦးတည်နေသည့်
လမ်းခွဲလေးက ကျဉ်းမြောင်းပေမယ့် သေသပ်လှပနေသည်။ လမ်းဘေး
သစ်ပင်တွေက လမ်းလေးပေါ်ကို ကျူးကျော်ခြင်းမရှိသလို လမ်းကလေး
ကလည်း မကြမ်းမချော ပြေပြစ်လှစွာရှိလျက်.. ၊

"လျှောက်လို့တော့ကောင်းတယ်..ရွာပြင်ရောက်သွားကာမှ မိုးချုပ်
သွားရင်တော့ မကောင်းဘူးနော်.."

သူပြောလိုက်မှ သိုက်ခြေလှမ်းနှေးသွားသည်။ မင်းမျက်နှာက သူမ
လက်လေးကို ဆွဲထားလိုက်ကာ.. ၊

"ဒီမှာပဲပြောရအောင်.."

သိုက်က လက်ကိုပြန်ရုန်းပစ်လိုက်ပြီး.. ၊

"ရှင်နဲ့ဘယ်သူက ပြောချင်နေလို့လဲ.."

"ငါကလည်း မင်းငါနဲ့ပြောချင်နေတာလားလို့ မေးနေတာမဟုတ်ဘူး
..ပြောစရာရှိလို့ ခဏပဲနားထောင်.."

နှစ်ယောက်မျက်နှာချင်းဆိုင်မိတာနှင့် သိုက်ရဲ့ပါးပြင်လေးကို မ
ကြည့်ရက်စွာ ဖြစ်ရပြန်သည်။ သို့သော် သနားတယ်ပြောလည်း မကြိုက်
တာမို့ မျက်ဝန်းတွေကို တစ်နေရာရွှေ့ထားလိုက်ရကာ.. ၊

"ဦးအုန်းမြိုင်ကြီးနဲ့ သွားတွေ့ချင်လို့..အဲ့ဒါမင်းကိုလိုက်ခဲ့စေချင်တာ"

ပြောလာတော့ ဖြစ်ခဲ့တဲ့အကြောင်းအရာနဲ့ ဘာမှလည်းမသက်ဆိုင်။
သူ့ကိုသိုက်သေချာပြန်ကြည့်မိသည်။ တစ်ရွာလုံးက ဒါကြောင့်ငြိုငြင်နေ
ကြသည်။ ကိုယ့်မှာလည်းဒဏ်ရာတွေ ဒီတိုင်းရှိနေသေးသည်။ ဒါနဲ့တောင်
အဖြူရောင်နဲ့ပတ်သက်ပြီး စကားဟမလာခဲ့ဘဲ.. ၊

"လေးသီးစား ဦးအုန်းမြိုင်ဆိုတာလေ.."

"အဲ့ဒီလူကြီးက မိုးမလင်းတဲ့အရက်ချိုးကြီး..ဘာကိစ္စကျွန်မက လိုက်
ရမှာလဲ.."

"မင်းကရွာခံလူမို့လို့လေ..သူ့အိမ်က ရွာနှစ်ရွာကြားရောက်နေတော့."

"ဘာပဲဖြစ်ဖြစ် အရှေ့ပိုင်းသားပဲ.."

"အနောက်ပိုင်းသားတွေနဲ့လည်း ငြိနိုင်တာပဲလေ.."

"ကျွန်မပါလာတာနဲ့ မငြိနိုင်ဘူးလို့ ဘာဖြစ်လို့ထင်ရတာလဲ.."

"ဘာဖြစ်လို့လဲဆိုတော့..အဲ.."

သူ့မျက်ဝန်းမှာ အရိပ်တချို့ပြောင်းလဲသွားခဲ့လျက်.. ၊

"ငါလည်း မင်းနဲ့အေးဆေးစကားပြောချင်လို့.."

လာပြန်ပြီ ဒီစကား..။ ခုပြောနေတာက စကားပြောတာမဟုတ်ဘူး
လား..။ ဒါကိုဘာကိုဖြေရှင်းစေချင်နေတယ်ဆိုတာရော နည်းနည်းမှမရိပ်
ဘူးလားမင်းမျက်နှာ။ သိုက်အသည်းတွေယားလာကာ သူ့မျက်နှာကို
စိတ်ပျက်စွာကြည့်မိ၏။ ဒီလူဘယ်လိုလူလဲလို့ တွေးမိခဲ့တာ အကြိမ်ကြိမ်။
သုစိတ်ဝင်စားတာ တစ်ခုခုမှလွဲလျှင် ဘာကိုမှအလေးအနက်မထားသည့်
ပုံရှိလျက် ရုတ်တရက်အခြေအနေတစ်ခုခုဖြစ်လာရင်တော့ ရှေ့ကိုရောက်
ရောက်လာတတ်၏။ ဒါပေမယ့် သူ့ရဲ့လေးနက်ခြင်းတစ်ခါတလေက
ကိုယ့်အတွက် မဟုတ်ဘဲဖြစ်ပြန်ရာ.. ၊

"ကျွန်မကတော့ မပြောချင်ဘူး.."

"မပြောချင်တာတွေ ပြောရင်းနဲ့ပဲ မင်းနဲ့အတူရှိချင်တာ.."

ဖျတ်ခနဲမျက်လုံးချင်း ဆုံသွားသည်။ သူကခေါင်းခါပြလိုက်ပြီး..၊

"တစ်မျိုးမတွေးနဲ့နော်..ရိုက်ကူးရေးက မပြီးသေးဘူး၊ မင့်ရွာသား
တွေနဲ့အဘက မင်းနဲ့ငါဒီလိုနေထိုင်ကြတာကို ငြိုငြင်နေတယ်..အဲ့ဒါ
ကြောင့် အဆင်ပြေပြေနေကြတဲ့ပုံစံလိုချင်တာ ဒါမှ.."

"ဒါကြောင့် နည်းနည်းလေးမှကြည့်မရတဲ့ရှင့်ကို ကျွန်မကမျိုသိပ်

ဟန်ဆောင်ပြီး တွဲရမယ်ပေါ့..”

ဒေါသကို ဘယ်လိုပမာဏနဲ့ နှိုင်းပြရမှန်းတောင် မသိတော့ပါ..

“ဒီမှာမင်းမျက်နှာ..”

“နေပါဦး..ငါလည်းမင်းကို ကြည့်ရလွန်းလို့ တောင်းဆိုနေတာမဟုတ်ဘူးလေ၊ စေ့စပ်ထားပြီး ခပ်စိမ်းစိမ်းနေကြတာက ပြဿနာမရှိသေမယ့် အခုအဖြူရောင့်ကိစ္စကြောင့် အဆင်ဆိုးကုန်တယ်..လူကြီးကပြောပြီဆိုရင် ပြောစရာတွေ့လို့ပြောတာပဲ၊ ကိုယ်တို့ကဆင်ခြင်ဖို့ပဲလိုတာ..”

သူကစကားပြောနေရင်း ကိုယ်လို့တစ်ခါတစ်ခါဖြစ်သွားတတ်ပြီး..

“ကိုယ့်ဘက်က တစ်ခုပြောလို့ရတယ်နော်..မင်းကိုစေ့စပ်ခဲ့တာ မျိုသိပ်ခဲ့တာမပါဘူး၊ ဟန်ဆောင်တာလုံးဝရှင်းတယ်..စေ့စပ်ရုံလေးပဲ အချိန်မရွေးဖျက်လို့ရတယ်ဆိုတာမျိုးလည်း ရင်ထဲမှာမရှိဘူး..”

“ကျွန်မကတော့ ဖျက်ဖို့ပြင်ဆင်ထားတယ်..”

“မင်းသဘောပဲ..ကိုယ့်အတွက်က စေ့စပ်ထားတာ မထားတာဘာမှ မထူးခြားဘူး၊ မင်းခေါင်းထဲမှာ အဲ့ဒါကြီးကြောင့် အချိန်ပြည့်..”

“ရှင့်ကိုအချိန်ပြည့် ခေါင်းထဲထည့်နေတယ်လို့ တစ်မျိုးလှည့်ပြောလိုက်တာလားမင်းမျက်နှာ..”

“ဟား..”

“ရှင်ဟာ တော်တော်ကိုကပ်သပ်အနိုင်ယူတတ်တဲ့လူ..ရိုးသလိုလိုနဲ့ ညစ်ပတ်တယ်..မပြိုင်ဘူးလိုလိုနဲ့ တစ်ဖက်လူကို ခြေထိုးခံပြီးအနိုင်ရဖို့ ကြိုးစားတယ်..”

“သိုက်..မင်းအဲ့ဒါတော်တော်များနေပြီနော်..”

“အရမ်းကိုမုန်းဖို့ကောင်းတဲ့လူ..”

“သူများချစ်အောင်နေဖို့လည်း စိတ်မဝင်စားပါဘူး..အခု မင်းကိုငါ့ကိုချစ်သလားလို့ မေးနေတာမဟုတ်ဘူး၊ အလုပ်ကိစ္စအတွက်ပဲ..”

“လုံးဝမလိုက်ဘူး..”

ပြောပြီး ပြန်လှည့်သည်။ မင်းမျက်နှာကလက်ကို ဆွဲထားလိုက်၏။ သူဖမ်းဆုပ်ထားလိုက်ပြီဆို သိုက်ဘယ်လိုခါချချ လွတ်မြောက်သွားခဲ့တာမရှိတတ်ဘဲ.. ၊

“ရှင့်လက်ကိုအခုလွှတ်နော်..”

“မင်းပြန်ပြေးဖို့ပဲ ကြိုးစားနေလို့ ဆွဲထားရတာ..အဲ့ဒီအိမ်ကြီးမှာ နိုက်ဆင်းန်တွေ ရိုက်ဖို့ရှိသေးတယ်၊ ခုဖြစ်နေတာတွေ အားလုံးကိုခဏမေ့ထားပြီး အလုပ်ပြီးအောင် လုပ်လိုက်လို့မရဘူးလား..”

“ရရင်လည်းရမယ်..မရရင်လည်း မရဘူး၊ ဒါပေမယ့် ကျွန်မကရှင်နဲ့မတည့်ဖို့ပဲ တွေးနေတာလေ..”

“ဘာလို့လဲ..”

“မသိဘူး..အဲ့ဒါကို အမြင်ကတ်ပုဒ်မလို့ခေါ်တာတော့ သိတယ်..”

စိတ်မဆိုးသည့်ပြင် မင်းမျက်နှာကပြုံးလိုက်သေးသည်။ သူရယ်တာတွေ မြင်ဖူးပေမယ့် ဒီလိုအပြုံးနဲ့ကြည့်တာကို တစ်ခါမှရင်ဆိုင်မကြည့်ခဲ့ဘူးသောကြောင့် မျက်မှောင်ကုတ်ထားပေမယ့် စိုက်ကြည့်နေခဲ့မိ၏။ အရပ်ပူနေတာလေးကလွဲ၍ ထူသိပ်သည့်မျက်တောင်တွေ ဝန်းရံနေသော မျက်လုံးတွေက စူးရှသည်။ နှာတံပေါ်ပုံက ဖုထစ်ကောက်ကွေ့တာမရှိဘဲ လုံးစင်းကော့ထင်းနေတာမျိုး။ ပြီးတော့ မျက်ခုံးတန်းက စိမ်းညို့နေသဖြင့် ယောက်ျားပီသည်။ လေးထောင့်ဆန်သော မျက်နှာကျပုံနှင့် အစိတ်အပိုင်းတို့၏ စုစည်းမှုအရ မင်းမျက်နှာဟာလူချောတစ်ယောက်ပဲဖြစ်လေသည်။ ထိုစဉ်.. ၊

“ဟေး..ရှေ့မှာ ဘယ်သူတွေရှိနေလဲ၊ ခွေးရူးဟ..ခွေးရူး..”

ဟင်.. ၊

နှစ်ယောက်စလုံးမျက်လုံးပြူးသွားကြသည်။

“ခွေးရူးဟ..ပြေး ပြေး..”

အော်သံက တစ်သံတည်းဆိုတော့ ခွေးရူးနောက်လိုက်လာတာ တစ်ယောက်တည်းလား.. ၊

“ပြေးလေ..ဘာလုပ်နေတာလဲ..”

သိုက်ဖျတ်ခနဲ လှည့်ပြေးလျှင် မင်းမျက်နှာက လှမ်းဆွဲထားလိုက်ပြီး ဘေးကမန်ကျည်းပင်သေးသေးလေးကို လက်ညိုးထိုးပြကာ.. ၊

“ဟိုမှာ ဟိုမန်ကျည်းပင်ပေါ်တက်..”

လှည့်ကြည့်လိုက်တော့ ဖြောင့်တန်းနေသည့် လမ်းကလေးရဲ့အဖျားဆုံးမှာ ခွေးရူးပြေးလာတာကို မြင်နေရပြီ.. ၊

“ဟေ့..တက်လေ၊ တည့်တည့်ပြေးလို့လွတ်မလား..”

ပြေးရင်း သိုက်ကိုမန်ကျည်းပင်ဆီ ဆွဲခေါ်ခဲ့ရင်း.. ၊

"ထမီနည်းနည်းမလိုက်.."

"အို..မတက်ချင်ပါဘူး၊ ဒီလောက်အပင်သေးသေးလေး ကျိုးကုန်..."

ပေါ့.."

"မန်ကျည်းတစ်ညို လူတစ်ခိုတဲ့..ဒီမှာတစ်ညိုတောင်မကဘူး၊ မင်း...

ငါးယောက်လောက် စုပြုံတက်လို့ရတဲ့ယ်..တက် ဟိုမှာလာပြီ.."

ခွေးရူးကိုသူပြကာမှ လှမ်းမြင်လိုက်ကာ သိုက်မန်ကျည်းပင်...

ကုတ်တွယ်တက်လိုက်လျှင် ထမီးဖြိခနဲပြဲ၏။ သို့သော် ပြရာလည်း...

နေနိုင်တော့ပေ။ မျက်နှာက သိုက်ခါးလေးကနေ 'မ'ကိုင်ပေးထား...

"တက်..အပေါ်ကိုင်းထိတက်ထား.."

ခွေးရူးကရှေ့တည့်တည့်ကိုပဲ ဦးတည်ရာပြေးတတ်တာဖြစ်ကာ အ...

ရင့်လျှင် မျက်လုံးလည်းမမြင်တော့ပေ။ ထို့ကြောင့် သိုက်ကိုသစ်ပင်...

မှာ စိတ်ချရမှန်း သူသိသည်။

"လိုက်..လိုက်.."

"လှမ်းပစ်ကွာ.."

"ဘုန်း.."

ခွေးရူးက သူ့ဆီပြေးလာသလို နီးကပ်လာကာ နောက်ကလိုက်လာ...

သည့် လူတွေလည်းပိုများလာကြသည်။ တချို့က ခဲ(ဂဲ)နဲ့လှမ်းပစ်ကြ...

လည်းရှိကာ.. ၊

"ရှင်ဘာလုပ်နေတာလဲ..တက်ခဲ့လေ.."

သိုက်ကခေါ်ပေမယ့် မင်းမျက်နှာက ပုဆိုးအောက်ဖျားစထိ ငုံ့ယူလှန်...

ကာ လမ်းအတိုင်းပြေး၏။ ပြေးနေရင်း သစ်ပင်တစ်ပင်လောက် တွေ့လိုက်...

တွေ့ငြားရှာသော်လည်း.. ၊

"ဟာ..ဟိတ်.."

ခွေးက သူ့နောက်ရောက်လာသည်။ နှုတ်သီးနဲ့ခြေသလုံးအံဝင်ခွင်...

ကျမဖြစ်ခင် ဘေးကိုလွှားခနဲခုန်ရှောင်၏။ ခွေးကလည်း ထပ်ချပ်မကွာ...

လိုက်သည်။ စက်ဝိုင်းပုံဝပတ်ပြေးတာတောင် ခွေးရူးက နောက်ကျမခံဘဲ...

လိုက်နေလျှင်.. ၊

"ဒီကောင်မြင်တယ်ဟ.."

အရူးရင့်ပုံပေါက်ပေမယ့် မရင့်သေးသည့်ခွေးရူးကိုကြည့်ကာ အန္တ...

ယ်ဆိုသည့်ခေါင်းလောင်းသံတွေ ခေါင်းထဲမှာဆူညံသွားသည်။ ထိုစဉ်...

ောက်ကနေ လှမ်းပစ်လိုက်သည့်တုတ်ချောင်းတစ်ချောင်းက ခွေးကိုပစ်...

းလား လူကိုလားတော့ မသိ။ ခွေးကတုတ်နဲ့မထိတထိဖြစ်ပြီး ဘေးကို...

ည်သွားသည်။ သူထုတ်ကိုပြေးကောက်လိုက်ကာ.. ၊

"လာစမ်း..မင်း.."

တုတ်ကိုအားပါးတရလွှဲမြောက်၍ အချီကြီးကြိမ်းသည်။ သို့သော်...

းက တည့်တည့်ကြီးပြန်ဝင်လာလျှင် မင်းမျက်နှာတုတ်ကိုလွှတ်ချ၍..၊

"ဦးလေးရေ..အဲ့ကောင်မကန်းသေးဘူး၊ အနားမကပ်နဲ့ဗျို့.."

အော်ပြေးပြေးတာ ဖနောင့်နဲ့တင်ပါးတစ်သားတည်း.. ၊

"ဟာ..ဒီကောင်ဘာလုပ်တာလဲ.."

"ခွေးကိုရိုက်ပါဆို ဓာတ်ပစ်ချပြီးဘာလဲဟ.."

"ဘုန်း.."

"ဂိန်.."

"ဘုန်း...ဘုန်း.."

ဟင်.. ၊

လူတွေလက်ချက်မိသွားပြီမှန်းသိလိုက်သည်နှင့် မင်းမျက်နှာအပြေး...

ပြဲ၊ လှည့်ကြည့်သည်။ ပြီးတော့ ပြန်ပြေးလာကာ.. ၊

"တော်ကြပါတော့ဗျာ..လဲနေပြီကို.."

အခန့်မသင်ရင် ကိုယ့်ခေါင်းကွဲသွားနိုင်သည့်အရှိန်နဲ့ တုတ်ချက်ကို...

းမျက်နှာက အတင်းဝင်ဆွဲ၏။ ရွာသားတွေစိတ်တွေတိုတာ သူ့ကို...

သည်း အံ့သြစွာကြည့်လျက်.. ၊

"မသေမရှင်ထားမှ ဝင့်လိုက်မှာ.."

"ဟုတ်တယ်..ခွေးရူးကိုသနားရင် လူ့အသက်တွေသေကုန်မှာပေါ့.."

ဒါလည်းဟုတ်နေတာမို့ မင်းမျက်နှာနောက်ဆုတ်လိုက်ရသည်။

သူးသံရဲရဲနှင့် အသက်ငင်နေသည့် ခွေးကိုမကြည့်တော့ဘဲ မျက်နှာလွှဲ...

ိုက်မိကာ နောက်ပြန်လှည့်ခဲ့၏။ ခွေးရူးလိုက်သူတွေ ရွာပြန်ရောက်လာ...

တော့ မင်းမျက်နှာဖြစ်ပုံကို ပြန်ပြောကြလေသည်။

"မြို့သားတွေ ဒီတိုင်းပဲလားမသိဘူး...ကြောင်တောင်တောင်နဲ့.."

"သူကျတော့ အကိုက်ခံရမှာစိုးလို့ ဖင်လှန်ပြေးနေပြီး...သတ်တာင်
လာတားသေးတယ်.."

ရွာသားတွေမို့ ပြောပြီဆို စကားလုံးအနုအကြမ်းမရှောင်ကြပေ။ ဦး
မြညိုက ထိုအနားမှာရှိနေသောကြောင့် ခေါင်းတဆတ်ဆတ်ညိတ်ရင်း

"အဲ့ဒါကြောင်တာမဟုတ်ဘူးကွ..မေတ္တာစိတ်ရှိတဲ့လူတော်
ကောင်းလို့ခေါ်တယ်၊ ငါပြောပါတယ်..ဒီကောင်လေးမဆိုးရွာပါဘူး
တာ.."

"ဟုတ်ပါတယ်ဘကြီးညိုရေ..ဒီသူဌေး ဘကြီးညိုဆီမှာ စာရေး
အောင်ထားတာ မေ့သွားလို့ပါ၊ တကယ်ပါပဲ ဘာဖြစ်ဖြစ်အမှတ်ပြည့်ပဲ"

♥♥♥♥♥

"ခွေးကိုက်ခံရတာမဟုတ်ပါဘူး...ပြေးတုန်းက ခြေထောက်မှာရှမိ
သွားတာပါတဲ့၊ ငါသေချာမေးပြီးပါပြီ.."

ရှိစီက ပြောရင်းသိုက်ကိုပြန်ထိုင်ဖို့ လက်နဲ့အမူအရာလုပ်ပြသည်။
သိုက်လည်းခြေလှမ်းပြင်ပြီးမှ ပြန်ထိုင်လိုက်ရကာ.. ၊

"ငါ့ကိုကျတော့ သစ်ပင်ပေါ်တင်ပေးခဲ့ပြီး သူခုလိုဖြစ်သွားတာ သ
ဘင်းမမေးလို့ ကောင်းပါ့မလားရှိစီရယ်..အခုဖျားတောင်ဖျားတယ်ဆို
တော့.."

"အောင်မလေးဟယ်..သစ်ပင်ပေါ်တင်ပေးတာလေးကို ကြံဖန်ဂုဏ်
သုနေပြန်ပြီ၊ အဖြူရောင့်တုန်းက ရင်ခွင်ထဲဆွဲထည့်ပြီး သူများတွေထု
သောင်းသမျှ ခါးစည်းခံပေးခဲ့တာလေ..သူကိုက မိန်းကလေးတွေကို ဖေ
ဘေးရတာ ဝါသနာကြီးတာ.."

ဒီကိစ္စနဲ့ပတ်သက်ပြီး သူမတို့အားလုံး ခုထိအခဲမကျေနိုင်ကြပေ။
သိုက်ကတော့ မင်းမျက်နှာနဲ့တစ်ခါတွေ့တိုင်း လေသံတစ်မျိုးပြောင်းလာ
တတ်ခဲ့ပြီး.. ၊

"နင်သတင်းသွားမေးချင်နေတာကိုပဲ အလုပ်မဟုတ်တာ..တစ်ရွာလုံး

နှင့်အတွက် သူ့ကိုကျေနပ်ပြတယ်မှတ်လို့လား၊ အဲ့ဒါကြောင့် ရိုက်ပုတ်ရေပြီးခင် မောင်းထုတ်ခံရလို့ နင့်ကိုဖြားယောင်းနေတာ.."

ဖြေလေးပြေနေတဲ့ စိတ်မရှည်ဖြစ်လာခဲ့လျက် သိုက်မျက်နှာကို ခဲ့မဲ့မဲ့စိုက်ကြည့်လိုက်ရင်း.. ၊

"ပစ်ကျလောက်အောင် ရှည်ရှည်ပိုင်းပိုင်း စမတ်ကျကျလေးဆိုလည်း မပြောပါဘူး.."

"ဘယ်သူကပစ်ကျနေလို့လဲ..လူမှုရေးအရ ကောင်းတတ်ပါ့မလားလို့.."

သိုက်မလုံမလဲကာကွယ်ပြောရင်း ကိုယ့်စိတ်ကိုသံပတ်တင်းနေသည်။ ရှိစီပြောတာလည်း ဖြစ်နိုင်တာပဲမို့ မျက်နှာလေးကိုပါ့ မော့ထားလိုက်ရင်း.. ၊

"မဟုတ်ပါဘူး..သူ့အမေလည်းရောက်နေတယ်ဆိုတော့.."

"စူးစူးဆိုတာလေး ပါလာတာလည်းမမေ့နဲ့.."

သူမတို့နှာမှာ တိုးတိုးကဝင်ထိုင်လိုက်ကာ.. ၊

"ဟုတ်ပါတယ်မင်းသမီးရယ်..မင်းသမီးကို အမည်းမပါးရိုက်လိုက်တုန်းကလည်း သူဌေးကအဲ့ဟာမဆီပြေးလာတာ၊ မင်းသမီးနှာမှာ ပန်ကျူဆာကြီးပဲ ရှိနေတာလေ..ပြန်လည်းတွေးကြည့်ပါဦး.."

တိုးတိုးက မင်းမျက်နှာကို သူဌေးလို့ခေါ်ကာ ပရိုက်ဆာလို့ခေါ်တာက ရဲဆက်ကိုဖြစ်သည်။ ရန်ပွဲတွေနဲ့ အုတ်ဩော်သောင်းနင်းဖြစ်နေချိန်မှာ ရဲဆက်ကိုသတိမထားမိခဲ့ဘဲ မင်းမျက်နှာထွက်သွားတော့ သူမရဲ့လက်ကို ဖွဖွလေးဆုပ်ကိုင်အားပေးလာတာ ရဲဆက်ဖြစ်သည်။

"သူများသိက္ခာမဲ့တိုင်း ကိုယ်မမဲ့ပါနဲ့ကွာ..တခြိမ်းခြိမ်းရန်ဖြစ်နေတာ မကောင်းပါဘူး၊ အဲ့ကောင်လည်းဘာထူးလို့လဲ..ဟိုတစ်ညက သူပဲလက်မြန်ခြေမြန်ဝင်ရိုက်တာလေ၊ အဖြူရောင်နဲ့တကယ့်ဓာတ်တူနာမ်တူပဲ..သူကောင်မလေးလုပ်လိုက်တုန်းက ကြည့်နေပြီး ခံရမယ့်အလှည့်ကျမှ ဝင်ဆွဲတာ.."

သူမလက်ကိုဆုပ်ကိုင်ထားပြီး ဒေါသတွေထွက်နေသေးသည်။ ဒါတွေပြောနေတာကိုလည်း ယောကျ်ားချင်းအတင်းတုပ်လိုက်တာလို့ သူမတွေးမိခဲ့ပေ။ သူပြောတဲ့အတိုင်း ကိုယ်လည်းမြင်နေရာမို့ ရင်ထဲမှာတန်

ဖြစ်ကျန်ခဲ့တာ။ ခုကျမှ ဘာဖြစ်လို့ဒါတွေကို မေ့မေ့ပျောက်ထားနိုင်ရတာလဲ..။ သူနဲ့တွေ့တိုင်း စကားအနိုင်လုကြ ရန်ဖြစ်ကြ။ ဖြိုးတော့သုံခဲ့သွားရလို့က် ကိုယ်ကျန်ခဲ့လို့က်။ ခုချိန်ထိ [illegible] ဘယ်မှာရှိခဲ့သလဲ..။ မနေ့က ကိုယ့်ဆီရောက်လာပြီး နူးနူးညံ့ညံ့တွေဖြစ်လာတာက ရိုစီပြောသလိုပဲဖြစ်မှာပါ။ ရဲဆက်ပြောတာလည်း မှန်နေတာပဲ။ သူ့အလုပ်မပြီးခင် ရွာသားတွေနဲ့ပြဿနာမဖြစ်ချင်ကြောင်း သူကိုယ်တိုင်ပြောနေတာတောင်.. ၊

"ကဲပါမင်းသမီးရယ်..အဲ့ဒါတွေ တွေးမနေပါနဲ့တော့၊ ဒီလူနှစ်ယောက် ဘယ်သူမှမကောင်းဘူးလို့ပဲ မှတ်ထားလိုက်စမ်းပါ..သူဌေးနဲ့စေ့စပ်ထားတာကိုလည်း မေ့ထားလိုက် အချိန်မရွေးဖြုတ်လို့ပြင်လို့ရနေတာကိုယ်မကြိုက်တော့ရင် နိုးပေါ့.."

သိုက်ကဘာမှမပြောဘဲ ထိုင်ရာကထကာ လက်သည်းနီပုလင်းတွေသွားရွေးနေ၏။ ရှိစီနဲ့တိုးတိုးတို့ မျက်လုံးချင်းဆုံသွားကာ နားမလည်ဘော့သည့် အကြည့်တွေနဲ့ ခေါင်းခါပြကြ၏။ သူမတို့သူငယ်ချင်းအဖွဲ့ကွေလည်း ဒီရွာမှာလူစုံအောင်မပါတာနဲ့ ခဏတစ်ဖြုတ်နေပြီး ပြန်သွားကြ၏။ ခုတော့ တိုးတိုးနဲ့သူမသာ သိုက်ရဲ့ဘေးမှာ တိုးတိုးဖော်.. ၊

"ဒါနဲ့ ငါသတင်းကြားခဲ့တာ တကယ်လားသိုက်..ရဲဆက်က ပြန်ဘော့မှာဆို၊ နင်နဲ့အိုခေဖို့ ဆက်ကြိုးစားတော့မယ်မှတ်နေတာ.."

စိတ်ပြောင်းသွားအောင် မေးခွန်းပြောင်းလိုက်ပေမယ့် သိုက်ကအေးဘိအေးစက်.. ၊

"ပြောတာပဲ.."

"ဟင်..နင့်ကိုတောင် သေချာမပြောဘူးလား.."

"ပြောမလို့နေမှာပေါ့..ငါသူလာရင်ရှောင်နေလိုက်လို့.."

"ဘာလို့လဲ.."

သိုက်က လက်သည်းနီပုလင်းတွေ လက်နှစ်ဖက်မှာ ဆုံသလောက် ဆုပ်ယူလာပြီး စားပွဲဘေးမှာ ပြန်ထိုင်လိုက်ရင်း.. ၊

"မသိပါဘူး..ငါနားပူလာလို့ မတွေ့ချင်တော့တာ၊ သူကသူလိုချင်တဲ့အဖြေမရရင် ဟိုအကြောင်းတွေပါ ဒီအကြောင်းတွေပါ..ထွေငေါ့နေတာကဘစ်မျိုး.."

"ဟုတ်ပါပေါ့..သူတောင်မှ နှစ်ကြိုးတဲ့သူကိုး၊ သူ့ကိုယ်သူအရမ်းယုံကြည်နေတော့ နှင့်အခဲဖျဉ်းနေလို့ စိတ်မရှည်လေဖြစ်မှာပေါ့..အလကားပဲဟာ၊ ယောကျ်ားတွေကြားထဲက တစ်ယောက်တစ်မျိုး တစ်နည်းတစ်ဖုံစီ ဆိုးတာပဲ.. တစ်ကိုယ်လုံးကြည့်လို့ အပြင်မှာပါဖက်ဖြစ်နေလည်း အထဲကလောင်းကိုက်နေတာ.."

ရှိစီက သုံးသပ်ဆုံးဖြတ်နေတာ လူကြီးလေးလိုလို.. ၊

"ဒါဆို မင်းသမီးကို သူလက်လျှော့သွားတာပေါ့.."

"ဒေါ်လေးရေ.."

စကားပြောနေကြတုန်း သီတာက တံခါးဝမှာပေါ်လာကာ မောနေသလိုလေးလည်းဖြစ်လျက် အသက်ဝဝရှူနေသေးသည်။ ပြီးမှ ပြတင်းပေါက်ကို လက်ညှိုးထိုး၍.. ၊

"ကြည့်..ကြည့် ဟိုပြတင်းပေါက်ကနေဆို မြင်ရမှာ၊ ဒေါ်လေးရဲ့ထူကြီး.."

"ဟင်..ဘာဖြစ်လို့လဲ.."

တိုးတိုးက အရင်ဆုံးပြေးကြည့်သည်။ မြင်ရတော့ နှုတ်ခမ်းလေးစိုင်းသွား၏။ ပြီးတော့ ရှိစီရောက်သွားကာ.. ၊

"အံမယ်..အတော်အဆင်ပြေနေပါ့လား.."

သိုက်နေရာမှမလှုပ်သေးပေ။ ရှိစီက ပြန်လှည့်ကြည့်ပြီး လက်ယပ်ခေါ်နေမှ ထသွားကြည့်မိလျှင် ခေါင်းရင်းခြံထဲက ကွပ်ပျစ်ကြီးပေါ်မှာ မင်းမျက်နှာနဲ့စူးစူးရယ်.. ၊

"အဲ့ဒီစောင်းက နင်တီးရမှာမို့လား..နင့်ကိုတော့လာတီးကြည့် လာကိုင်ကြည့်လို့မခေါ်ဘူး.."

"ဟုတ်ပဟယ်..တိုးတိုးကြားတုန်းက စောင်းကတစ်ခါတည်းပါမလာဘူးတဲ့၊ အချိန်မီမရောက်ရင် ဒီရွာမှာအဆင်ပြေတဲ့ တူရိယာနဲ့ဇာတ်ညွှန်းချိန်းမှာဆိုပြီးတော့.."

"တော်ပါတိုးတိုးရယ်..အဲ့ဒီပရိုဂျက်ကျပုက သိုက်ကိုဘယ်တုန်းကများ အရေးလုပ်ပြီးပြောပြတိုင်ပင်ဖူးတာ ရှိလို့လဲ.."

မြင်ကွင်းကိုငေးကြည့်ရင်း သိုက်ရဲ့မျက်ခုံးတန်းလေးတွေ စုကျုံ့လာသည်။ စူးစူးသည် ကျုံ့ကျုံ့လေးထိုင်၍ စောင်းကိုပိုက်ထား၏။ အမှတ်

တမဲ့ စောင်းကိုတီးကြည့်တာမျိုး မဟုတ်မှန်း သူမဝတ်ထားသည့်ရှေးခေတ်ဖြန်မာဝတ်စုံဒီဇိုင်းက ဖော်ပြနေ၏။ အနက်နဲ့အဖြူချိတ်ထမီကို မှန်ဇာပါးသားလေးနှင့် တွဲဝတ်ထား၏။ အင်္ကျီတစ်ထည်လုံး ဘာမှဝတ်မထားသလို အတွင်းသားဖွေးဖွေးကိုမြင်နေရကာ အတွင်းခံအင်္ကျီကျောပြည့်လေးကသာ ထင်းနေခဲ့၏။ ပြီးတော့ လည်ပင်းမှာ ဒေါင်းဘယက်ကြီးက အပါးလိုက်ခန့်ညားနေသည်။ ဆံပင်ကိုနောက်ကုတ်ဆံတောက်ပုံစံ ခေတ်သရုပ်ကို အပီအပြင်ဖော်ထား၏။

"ဒီလောက်ဆိုမရသေးဘူးလားကိုမင်းရယ်..စူးစူးအစတည်းက မတောက်တခေါက်တီးတတ်ပါတယ်ဆိုမှ.."

"တီးတတ်တာ မတီးတတ်တာ ဘာလို့လို့လဲ.."

မင်းမျက်နှာက သတိမထားမိပေမယ့် ဟိုဘက်အိမ်ပေါ်ပြတင်းပေါက်မှာ မျက်လုံးတွေစုပြုံနေကြတာကို စူးစူးကသိနေသည်။ ထို့ကြောင့် သာသာထိုးထိုး ချဲ့ပျစ်သရုပ်ဆောင်ဖို့ တစ်ထိုင်တည်းဆုံးဖြတ်၍.. ၊

"ဒီထိလိုက်လာတာ ဒီကားထဲမှာ လှတပတလေးတစ်ခန်းလောက်ပါချင်လို့လေ..မင်းသမီးကို အရှုံးကောင်လေးက စောင်းတီးသင်ပေးမှာမို့သား၊ ကိုမင်းက ဇာတ်ညွှန်းကိုင်ထားတာပဲဟာ..စူးစူးအတွက် တစ်ခန်းလောက်လုပ်ပေးပါ.."

"မရဘူး.."

"ဟင့်အင်း ဟင့်အင်း..ရအောင်လုပ်ပေး.."

ခေါင်းခါနှုတ်ခမ်းစူရင်း မင်းမျက်နှာရဲ့လက်မောင်းကို ဆွဲဖက်ထားလိုက်ကာ.. ၊

"ကိုမင်းနော်..စူးစူးမဟုတ်ကဟုတ်ကတွေ အော်ပစ်လိုက်မှာ.."

"ဘာ.."

သူ့ခွာချပစ်လို့မရအောင် စူးစူးကအတင်းအကျပ်ဆွဲဖက်ထားကာ၊

"ဒီမှာပြင်ထားရတာ အလကားအဖြစ်မခံနိုင်ဘူး.."

"ဖြစ်မှာပဲ..ငါနေမကောင်းလို့ ဒီနေ့မရှိဘူး၊ ရှိလည်းဇာတ်ညွှန်းပြန်ကိုင်ဖို့ထိ အချိန်မရှိဘူး..ကဲ ဖုန်းပေး၊ ဓာတ်ပုံရိုက်မယ်ဆို.."

ပြောတုန်းက ဓာတ်ပုံရိုက်ဖို့ပြင်လာတာပါတဲ့။ ချက်ချင်းကြီး ရုပ်ရှင်သဏ္ဌာန်ပါချင်တယ် ထဖြစ်ပြန်သည်။ မိန်းမတွေကို စိတ်မရှည်တတ်တာ အဲ့

ဒါတွေကြောင့်ပါပဲ။ ကိုယ်တိုင်ရည်းစားထားကြည့်ဖို့တောင် မလိုပေ။ သူငယ်ချင်းတွေ ရည်းစားထားကြပြီး သူတို့ကောင်မလေးတွေကို ဘယ်လိုဂရုစိုက်ကြတာ ဖက်ဖက်မောအောင် ဘယ်လိုတွေဖြည့်ဆည်းပေးကြတာ၊ မမြင်ချင်မကြားချင်မှ အဆုံး။ ဒါပေမယ့် ဒီလိုတွေးမိလိုက်တာနှင့် သိုက်ရဲ့ မျက်နှာလေးကို မြင်ယောင်သွားကာ မျက်နှာမှာပြုံးယောင်သမ်း၏။ သူမမျက်နှာလေးကို မြင်လိုက်ရတိုင်းမှာ သူဒီလိုစိတ်ပျက်ခဲ့ဖူးသလား... ခေါင်းခါရင်း ပြုံးလိုက်မိသည်။

"ဘာလဲ..လူကိုလှောင်တာပေါ့လေ၊ ကဲ.."

"ဟေ့.."

စူးစူးက သူ့နှာခေါင်းကိုဆွဲလိမ်၍ မျက်နှာချင်းကပ်လိုက်လျှင် မင်းမျက်နှာထိတ်ခနဲဖြစ်သွားသည်။ ထိုမြင်ကွင်းကို စူးစိုက်ကြည့်နေသည့် သိုက်တို့ရဲ့ မြင်ကွင်းထဲမှာတော့ ခေါင်းနှစ်လုံးထပ်သွားပြီး မင်းမျက်နှာရဲ့ နောက်ကိုပဲမြင်ရတော့တာမို့.. ၊

"အယ်..နမ်းနေကြတာလားမသိဘူး၊ ရွာသားတွေတော့ ဂဲနဲ့ပေါက်ထုတ်တော့မှာပဲ.."

သိုက် အိမ်ထဲကိုဖျတ်ခနဲမျက်နှာမူကာ မြင်ကွင်းကိုကျောခိုင်းလိုက်မိသည်။ ပြီးတော့ ရင်ထဲမှာဘယ်လိုပူလောင်ပြင်းရခြင်းလို့ ပြောရမှန်းမသိလောက်အောင် တလှိုက်လှိုက်လောင်မြိုက်၏။

"ဟင်..သိုက်.."

"အယ်..မင်းသမီးငိုနေတယ်.."

ရှိစီနဲ့တိုးတိုးသာမကဘဲ သီတာလည်းမျက်လုံးအပြူးသားလေးဖြစ်နေခဲ့၏။ သူမသတင်းလာပေးလိုက်တာ ဒီလိုဖြစ်လာလိမ့်မည်လို့ နည်းနည်းလေးတောင် မတွေးမိခဲ့.. ၊

"ဘာဖြစ်သွားတာလဲသိုက်ရယ်..မသိရင် ပရိုဂျက်ကို သဝန်တိုပြီး အသည်းကွဲနေတာကျနေတာပဲ.."

"အယ်..အဲ့လိုကြီးများလားမသိဘူး.."

တိုးတိုးက ရင်ဘက်လေးဖိ၍ ရှိစီ့စကားကို ထောက်ခံရင်း.. ၊

"မင်းသမီး သူ့ဘွဲ့ကိုကြိတ်ကြေနေတာလားဟင်.."

"မသိဘူး..ငါငိုချင်တယ်.."

"ငိုချင်တယ်.."

"အရမ်းမုန်းဖို့ကောင်းတဲ့လူ..ငါဘာဖြစ်လို့ ဒီလိုလူကိုပဲ ခေါင်းထဲကထုတ်မရမှန်း မသိဘူး.."

"သိုက်ရယ်.."

"စပြီးကြွေရလောက်အောင်တော့ မဟုတ်ပါဘူးဟာ..အလိုလိုကာမှ အပြောအဆို နေပုံထိုင်ပုံက ဂွတီးဂွကျရယ်၊ နင်ဒီလိုဖြစ်နေမှန်းသိရင် အုပ်ဂိုလ်သွားပြီ..မြေပြင်နဲ့ဘယ်လောက်အကွာထိ လွတ်နေမလဲမသိဘူး.."

ရှိစီက ဘာကိုမှပြင်းပြင်းထန်ထန်ကန့်ကွက်ခဲ့တာတော့ မရှိပါ။ ဒါပေမယ့် တစ်ခုခုကို အစွန်းရောက်တာမျိုးလည်း သူမမကြိုက်တတ်ပေ။ ဘိုးတိုးကတော့ နဂိုတည်းက အသည်းပျော့သည့်သူ.. ၊

"ကိုယ်ကကြိုက်နေပြီဆိုရင်တော့ နာပြီမင်းသမီးရေ..အဲ့ဒီစိတ်ပျောက်သွားအောင် ပရိုဂျူဆာကြီးကို နည်းနည်းပေးကြည့်ပါလား.."

"အဲ့မယ်..ဘာ.."

ရှိစီ ဆတ်ဆတ်ခါထဖြစ်မှ ပျာပျာသလဲလက်ကာ၍.. ၊

"အခွင့်အရေးလေး ပိစိနောက်တောက်ပေးကြည့်ဖို့ပါ..ကိုယ်ကချစ်နေရတာထက် ကိုယ့်ကိုအချစ်ခံနေရတာ ပိုသက်သာတာပေါ့.."

"တော်စမ်းပါတိုးတိုးရယ်..အဲ့ဒီပရိုဂျူဆာကရော ဘယ်လောက်ဘောင် သင့်တော်ကောင်းမွန်နေလို့လဲ၊ သူကမှ ဟိုဂျပုထက်ဆယ်ဆ.."

"ဘာလဲ.."

"အမြီးကျက်အမြီးစား ခေါင်းကျက်ခေါင်းစားလေ.."

"ဘာပဲဖြစ်ဖြစ် တို့မင်းသမီးလည်း အစတုန်းက သူ့ကိုကြွေခဲ့ဖူးတာပဲ.."

"အခုဘယ်လိုမှခံစားလို့ မရတော့ဘူး.."

"ဟင်.."

သိုက်က စားပွဲမှာ ထိုင်ချလိုက်ပြီး တစ်ရှူးဘောက်စ်ထဲက ရသမျှဆွဲထုတ်ပြီး နှပ်ညှစ်သည်။ တိုးတိုးက အမှိုက်ခြင်းလေးပြေးယူပေး၏။ သုပ်ပြီး ခြင်းထဲပစ်ထည့်လိုက်ပြီးမှ.. ၊

"ငါသေချင်တယ်..သေကိုသေသင့်တာ၊ အဲ့ဒီဟာကြီးကိုပဲ မြင်နေတယ်..သူပြောသမျှခေါင်းထဲရောက်တယ်၊ သူလုပ်သမျှ ရင်ထဲရောက်

တယ်.."

"ဘာလုပ်လိုက်လို့လဲဟင်.."

"မသိဘူး..ရင်ထဲမှာ ပျောက်ကိုမပျောက်တော့ဘူး.."

သိပြီ။ တစ်ခုခုတော့ လုပ်လိုက်ပါပြီ။ သိုက်ရဲ့ငိုသံတွေကြောင့် မနေ့ရဲ့ပေမယ့် တိုးတိုးခေါင်းထဲမှာ မေးခွန်းတွေပလုံစီကုန်၏။ ပြီးတော့ မချင့်မရဲနှင့်.. ။

"မိန်းမတွေကိုက ဥပေက္ခာဆန်တဲ့ယောကျ်ားတွေကို အထင်ကြီးတာပါဟယ်..ဒီဂျပုကိုကြည့်ဦး ပုံမကျပန်းမကျ၊ စကားပြောတာ တင်တင်ဦးစီး.."

"ဒါပေမယ့် သူ့အရိပ်တွေကို ငါဘာဖြစ်လို့စွဲနေတာလဲ..အဲ့လိုလုံးဝဖြစ်စေချင်တာမဟုတ်ဘူး၊ ငါ့ကိုယ်ငါတောင် မသိခဲ့ဘူး..အဲ့ဒါကိုမြင်လိုက်မှ.."

မေးဆတ်ပြရင်း နောက်ထပ်တစ်ရှူးတွေဆွဲထုတ်နေလျက်.. ။

"ငါနဲ့ရဲဆက် ဘယ်လိုပုံစံတွဲနေနေ သူပြန်မတွဲဘူး..ငါ့ကိုသူနဲ့ဘေးစပ်ထားတဲ့ မိန်းမဆိုတာတောင် ခေါင်းထဲထည့်ရဲ့လားမသိဘူး.."

"မင်းသမီးအဲ့လို ခုန်ဆွခုန်ဆွဖြစ်အောင် တမင်ထွင်နေတာတွေပါ.."

"မဟုတ်ဘူး.."

ရိုစီက မျက်မှောင်လေးကုတ်စဉ်းစားရင်း ခေါင်းခါရင်းနှင့်.. ။

"ခံစားလွယ်တဲ့သူကသာ ပိုချစ်ရတာ..အဲ့ဒါငါယုံတယ်၊ ရန်တွေလုပ်ဒေါသတွေထွက်..အဲ့လိုစိတ်ပျက်စရာလူစားတွေက အရမ်းချစ်တတ်ပြီးသည်းခံပါ့ နားလည်တတ်ပါ့ဆိုတဲ့လူတွေက အသည်းမာတယ်..မင်းမျက်နှာက အဲ့လိုလူစားပဲ၊ ဒါကြောင့် ငါစိတ်တိုတာ..ဒီလိုလူကိုစပြီးချစ်မိရင် နင်ကောင်းဖို့ ဘာမှမရှိဘူး.."

"ချစ်ရင်လည်းချစ်ပါစေရိုစီရယ်..ချစ်လာတဲ့စိတ်ကို တားထားလို့ရမလား..ကဲ.."

တိုးတိုးက ဒါမျိုးဆို ဆထက်ထမ်းပိုး စာနာတတ်သူဖြစ်ကာ.. ။

"ပရိုဂျဲဆာလို လူစားမျိုးမဟုတ်ဘူးဆိုရင် တို့မင်းသမီးနဲ့စေ့စပ်ထားတာကို သူအလေးအနက်ထားမှာပဲ..တစ်နေ့တော့ မေတ္တာရောင်ပြန်ဟပ်မှာပါ.."

"အောင်မလေး...ဒီလိုလူ၀ွစာကို မေတ္တာရောင်ပြန်ဟပ်ဖို့ စောင့်စားနေစရာလား သိုက်လိုမင်းသမီးက.."

"စောင့်စားနေစရာမို့လို့ ခုပဲငိုနေရပြီလေ..ငါကအကောင်းနဲ့အားပေးနေတဲ့ဥစ္စာ.."

"ကဲ..တော်ကြပါတော့.."

"အမလေး.."

သိုက်ကပြောရင်း နှပ်ညစ်ပြီး ထင်ရာလွဲပေါက်ပစ်၏။ တိုးတိုးကျောကော့ပြေးရင်း ရှဲ့မဲ့နေကာ.. ။

"သွားပြီ..ငါ့ကျောကုန်း.."

"မပါပါဘူး...အကြည်ရောင်တစ်စက်လေးပဲ.."

"ဖြစ်ရလေ..လုပ်ပါဦးရိုစီ၊ ငါ့ကျော.."

"နေဦး..တစ်ရှူးကုန်တဲ့ကိစ္စ အရင်လုပ်ပေးရမှာ၊ မဟုတ်ရင် နောက်ဘစ်ခါငါ့မျက်နှာပဲ.."

"ဟုတ်တယ်..မြန်မြန်ရှာ.."

နှစ်ယောက်သားဖြစ်ပျက်နေပုံကိုကြည့်ကာ သိုက်မျက်ရည်တွေသုတ်ပြစ်ပြီး စားပွဲကိုဖျန်းခနဲပုတ်၏။

"မငိုတော့ဘူးဟေ့..လာပြန်ထိုင်.."

နှစ်ယောက်စလုံး ပြန်လှည့်ကြည့်ကြပြီး.. ။

"သေချာလား.."

"တော်တော်သူငယ်ချင်းကောင်းပီသကြတယ်..ဒီမှာရင်ဖွင့်တာတောင်နားထောင်မပေးနိုင်ကြဘူး၊ နှပ်ချေးစင်မှာကြောက်နေကြတာ.."

ရိုစီက နေရာမှာဆောင့်ခနဲလာပြန်ထိုင်ကာ.. ။

"သူငယ်ချင်းကောင်းပီသကြောင်းပြဖို့တော့ နှပ်ချေးအစင်မခံနိုင်ဘူးဆရာမ..ဆက်ငိုချင်ငို၊ နှပ်ထွက်လာရင် ပြန်ရှဲ့ထား..ဒီတစ်ခါလုံးလုံးသည်းမခံဘူး.."

"သိပြီ..အဲ့လိုစိတ်ထားလေးတွေ.."

ပြောရင်း တကယ်ငိုသံပါလာတော့ ရိုစီမျက်လုံးပြူးနှင့် ဖျတ်ခနဲလှည့်ကြည့်သည်။

"ငါနှပ်စင်မခံနိုင်ဘူးဆိုလို့ ငိုချင်သွားတာလား.."

"ဟုတ်တယ်..ဟိုပုဂ္ဂိုလ်လည်းအဲ့လိုပဲလေ၊ ငါ့ကိုကျတော့ ဘာဖြစ်ခြ
အကျောတင်မခံဘူး...ဒီကဒင်ဆို သူကဒေါင်ချင်တယ်၊ တခြားမိန်းမတွေ
ကျတော့ အဲ့မှာမတွေ့ဘူးလား...အိစီကလီတွေလုပ်လို့.."

တိုးတိုး စိတ်မကောင်းဖြစ်သွားပြန်ကာ.. ၊

"အဲ့တော့လည်း သူကဒင်ခနဲဆို ဒေါင်ခနဲပြန်မလုပ်နဲ့ပေါ့မင်းသ
ရယ်..ချိတ်ချိတ်ချင်းမှ ချိတ်မိတာပါ၊ သူတင်းရင် ကိုယ်ကလျှော့လိုက်
..အဲ့ဒါဆို ဒင်တွေဒေါင်တွေမမြည်တော့ဘူး၊ အလွန်ဆုံးမြည်ရင် ပလ
ပလပ်.."

"ရွံလိုက်တာတိုးတိုးမရယ်..တော်ပါတော့.."

"ဘာလဲ..ငါကစေတနာနဲ့.."

"တော်ပါတော့ဆိုမှ.."

ရိုစီနဲ့တိုးတိုး တွန်းထိုးစကားများနေကြသဖြင့် သိုက်လည်းမျက်ရည်
မြစ်ချောင်းမစီးလိုက်ရဘဲ.. ၊

"ငါဘာလုပ်ရမလဲဟင်.."

"ဘာမှမလုပ်နဲ့..ဘာလဲ နင်ကဒူးထောက်ပြီးတော့များ ချစ်ခွင့်ပန်ချင်
သေးလို့လား.."

"အဲ့လိုတော့ ဘယ်ဟုတ်မလဲ..ဒါပေမယ့်.."

"သူကနင့်ကိုချစ်ရိပ်ချစ်ယောင်လေးတောင် မပြခဲ့ဖူးဘူးလား.."

"ဟင်.."

"ဒီလိုလေ..အမှုအရာနဲ့မဟုတ်ရင်တောင် မျက်လုံးထဲမှာ.."

"ငါ့ကိုနမ်းဖူးတယ်.."

"အယ်.."

တိုးတိုးကော့ခနဲဖြစ်သွားသည်။ ရိုစီအသံတိတ် မျက်လုံးပြူး၏။

"ချစ်တယ်လို့မပြောဘဲနဲ့..ဟုတ်လား.."

"အင်း.."

"နင်ကဘာလို့ခံရတာလဲ.."

"ခံချင်လို့ပေါ့ဟယ်..ကြွေနေပါတယ်ဆိုမှ.."

တိုးတိုးက ဝင်ဖြေရင်း ကိုယ်ချင်းတွေစာနေခဲ့လျက်.. ၊

"ပြောစမ်းပါ..ဘယ်လိုနမ်းလိုက်တာလဲ၊ အောင်မလေး...လူသဘာပုတ

း၊ တို့သူဌေးကရုပ်ကအချော.."

"ကဲ တော်ပါတော့..သူ့အသံချည်းပဲ၊ ဘယ်လောက်ထိခါနေလဲဆို
ာမပြောချင်တော့ဘူး.."

"ပြောလည်းဂရုမစိုက်ပါဘူး...တိုးတိုးတို့ကပေါ်တင်ခါတာ ခါခွင့်ရှိ
ဲ့ခါတာ.."

"ဟုတ်ပါပြီတိုးတိုးရယ်..သူများကြားတော့မှာပဲ.."

"အယ်..သူများကြားမယ်ဆိုမှသတိရတယ်၊ ခုန သီတာအားလုံးကြား
ားတယ်သိလား...အပြင်မှာလျှောက်ပြောနေရင် ပရိဂ္ဂူဆာကြီးသိသွား
ှာပဲ.."

"ဟုတ်တယ်.."

ရိုစီလည်း ချက်ချင်းထရပ်မိကာ.. ၊

"ဟုတ်တယ်..အဲ့ဒါပြန့်သွားရင် ဟိုဂျပုမာန်တွေတက်ပြီး ကောင်း
ာင်မှာ တစ်ဝါဆိုလိမ့်မယ်.."

"ငါလည်းလိုက်မယ်..လူဖြန့်ရှာမှ အချိန်မီပါးစပ်ပိတ်ခိုင်းရမှာ.."

နှစ်ယောက်သား အလုအယက်ထွက်သွားကြလျှင် သိုက်နေရာမှထ
ကာ ပြတင်းပေါက်ဆီပြေးကြည့်မိ၏။ ကွပျစ်ပေါ်မှာ ဘယ်သူမှမရှိတော့
ပါ။ စူးစူးနဲ့မင်းမျက်နှာ ဒီလိုရင်းနှီးတာသိရက်နဲ့ အန်တီအေးဘာလို့ဒီထိ
ခေါ်လာခဲ့တာလဲ နားမလည်နိုင်။ ပြီးတော့ မနက်အစောကြီးရောက်လာ
ကြပေမယ့် ဘာကိုလာနှုတ်ဆက်တုန်းက တစ်ခါပဲသူမနဲ့မျက်နှာချင်း
ဆိုင်မိပြီး နှုတ်ဆက်သွားသည်။ ရန်ကုန်မှာရင်းနှီးခဲ့သည့် အန်တီအေးရဲ့
ပုံစံနဲ့ဘာမှမဆိုင်သလို အေးစက်စက်ဖြစ်သွားတာ ကိုယ်ပဲစိတ်ထင်တာ
လို့ တွက်ခဲ့တာပါ။ ဒါပေမယ့် သေချာတွေးမိတော့ ရင်ထဲမှာလေးလာမိ
၏။ ရှူတင်ရှိရာကို လိုက်လာတတ်တာရှိပေမယ့် နယ်ဝေးသွားရင်တော့
လိုက်ဖူးဘူးဆိုတာ အန်တီအေးကိုယ်တိုင်ပဲပြောခဲ့ဖူးသည်။ အခုလိုက်
လာတာ ဘယ်လိုအကြောင်းကြောင့်လဲ..။ မျက်ရည်ကြောင့် တင်းကပ်ကပ်
ကြီးဖြစ်နေသည့် ပါးပြင်ကို လက်ဖဝါးနဲ့ဖိသပ်ဖျက်ချမိရင်း သိုက်အပြင်
သွက်ခဲ့၏။ သို့သော် အိမ်ရှေ့မှာရှိနေသည့် ရဲဆက်နဲ့တည့်တည့်တိုးကာ..၊

"ညနေ ကိုယ်ပြန်တော့မယ်.."

"ဟင်.."

ဒီလိုကျတော့လည်း ကိုယ့်ဘက်ကဥ်ပေ့ဝတ်မကျေသလို ဖြစ်ခဲ့တာ
ကြောင့် စိတ်မကောင်းဖြစ်သွားမိ၏။

"ပြီးတော့မှာပဲဟာ..ခုကျမှ ဘာထူးလို့လဲ.."

"ပြန်မှကောင်းတော့မှာလား.လို့ပါ..မင်းကရော ကိုယ့်ကိုနေစေချင်
သေးလို့လား.."

"အဲ့လိုလည်း.."

"ကိုယ်နားလည်ပါတယ်..အဖြူရောင်လည်းပြန်သွားရတယ်ဆိုတော့
ကိုယ်လည်း သူများမောင်းမထုတ်ခင် ပြန်ရမယ်လေ.."

သူက မချိတရိပြုံးလျက်.. ။

"မင်းသားမဖြစ်ရရင်တောင် ဗီလိန်တော့မလုပ်ချင်ဘူး.."

"ဩော်..ဒေါ်အေးချမ်းမေ၊ လာဗျာ..ထိုင်ပါ.."

ဦးမြညိုအသံကြောင့် ရဲဆက်နဲ့ကွယ်နေသည့် ခြံဝင်းဆီကို သိုက်ခြေ
လှမ်းရွှေ့ကြည့်လိုက်သည်။ ဒေါ်အေးချမ်းမေက ကျွတ်ကျွတ်အိတ်အိ
ရောင်လေးနှစ်လုံးကို ပူးလျက်ဆွဲထားကာ တစ်ယောက်တည်းစင်လာ
တာဖြစ်၏။ ဦးမြညိုရဲ့နှုတ်ဆက်စကားကို မတုံ့ပြန်ဘဲ သိုက်နဲ့ရဲဆက်ကို
သာ စူးစိုက်၍.. ။

"မနက်ကလေ ဦးညိုတို့ကိုလက်ဆောင်ပေးပြီး ကိုယ့်ချွေးမလောင်း
အတွက်တော့ ဟိုဘက်ကူးလာမှပဲပေးမယ်ပေါ့..အဟွန်း ရောက်မလာတာ
နဲ့ ကိုယ်ပဲထလာခဲ့ရတာ.."

သိုက် ထိတ်ခနဲဖြစ်သွားသည်။ ဦးမြညိုနဲ့အိမ်သားတွေကလည်း သူ
မတို့ကိုလှည့်ကြည့်ကြပြီး မျက်နှာတွေမကောင်း.. ။

"အန်တီ..ဟိုလေ သိုက်က.."

"ရပါတယ်သမီးရယ်..ရွာရောက်ကတည်းက အန်တီလည်းကြားခဲ့
ပါတယ်.."

"ဗျာ..ဘာတွေကြားတာတုံးဒေါ်အေးချမ်းမေက.."

ဦးမြညိုက ပြောချင်လာရင် စိတ်ထဲမထားတတ်သူဖြစ်ကာ အခြေအ
နေကို ရိပ်မိသွားဟန်တူ၏။ ဒေါ်အေးချမ်းမေက ဘာမှမထူးခြားသည့်အ
ပြုံးနှင့် သိုက်တို့နားကိုရောက်လာပြီး.. ။

"ဘာမှမဟုတ်ပါဘူး...ကလေးတွေ အဆင်မပြေကြဘူးဆိုတာတွေ

ဒါ သူတို့ဖြစ်နေကျတွေပါ.."

ဒေါ်အေးချမ်းမေမျက်ဝန်းတွေမှာ နွေးထွေးမှုတွေပျောက်ဆုံးနေသလို
ပြီးတော့ သူမမသွားမိရခြင်းအကြောင်းက မသွားရသေးတာပဲဖြစ်
တမင်တကာမပါသည့်အမှတ်တမဲ့တစ်ခုသာဖြစ်သည်။ ဒါဘယ်
ကတောင် အပြစ်ကြီးသွားလို့လဲ..။ လက်ဆောင်ကိုပေးပြီး အပြုံးနဲ့
သွက်သွားပေမယ့် သိုက်ရင်ထဲမှာ နင့်သည်းစွာကျန်ခဲ့လေသည်။
အရင်အချိန်ဆိုရင်တော့ ဒီအဖြစ်ကြောင့် သူမအပြုံးပျက်မှာမဟုတ်သော်
သည်.. ။

ငါဘာဖြစ်တာလဲ..။ ချောက်ချားကျန်ရစ်သည့်ကိုယ့်ရင်ထဲက အ
ကိုတောင် အံ့သြလို့မကုန်။ အချစ်သည်လေပြည်လေညှင်းလိုရောက်
တတ်သည်လား.. မုန်တိုင်းတစ်ခုလိုလား. ဒါမှမဟုတ် ကိုယ်ကလိုက်
ဆိုကာမှ အချစ်က ခြေလေးချောင်းနဲ့ကဆုန်ပေါက်ပြေးလေသလား..၊
ကံဆိုးသူတွေသာ အချစ်နဲ့တွေ့ကြသည်ဆိုတာမှန်လျှင် သူမကံဆိုး
မှောင်ကျပြီထင်၏။

♥♥♥♥♥

"အမေချစ်တာနဲ့ ကျွန်တော်ကစ့ေစပ်ခဲ့တာလေ..အခုနောက်ဆုတ်ဖို့ ြင်ဆင်လာပြန်ပြီ၊ အဲ့ဒါကရော အမေမချစ်တော့လို့ပဲလား.."

"မင်းမျက်နှာ.."

"မေးကြည့်တာပါ.."

"အဲ့ဒါမေးတာမဟုတ်ဘူး..မိဘကိုစောဒကတက်နေတာ၊ အတိုက်အ ုပ်တာ.."

"ကျွတ်.."

ဆက်တင်လုပ်နေကြသည့် အဖွဲ့တွေကို ဟိုဟာတင် ဒီဟာချနဲ့ညွှန် ကြားနေရင်း အမေ့ကိုလှည့်ပြောနေရသဖြင့် စိတ်ကလည်းအလုပ်ထဲမှာ ခဝ်က် ကျန်တဲ့တစ်ဝက်ကဟိုရောက်ဒီရောက်.. ၊

"ကိုမင်း..စူးစူးဘယ်လိုနေလဲ.."

နက်ဖြာရောင်ပိုးချိတ်လေးနှင့် ရှေးခေတ်ပုံစံပြင်ထားသည့် စူးစူးက အများကြားထဲမှာ ရှေ့လှည့်နောက်လှည့်ကိုယ်ဟန်ပြနေ၏။ မင်းမျက် ခဲ့စိတ်ရှုပ်ခြင်းတွေက သူမဆီတန်းခနဲရောက်လျက်.. ၊

"မင်းကိုဓာတ်ပုံပဲထည့်မှာလေ.."

"အင်းလေ.."

"ခုနရိုက်ထားပြီးပြီ..ဘာလိုသေးလို့လဲ.."

"ကိုမင်းကလည်း ပြန်ပြောပြတာလေးဖြစ်ဖြစ် တစ်ခန်းလောက်.."

"မရဘူး.."

"တွေ့လား.."

စူးစူးက ဒေါ်အေးချမ်းမေဘက်လှည့်တိုင်သလိုပြော၍ နှုတ်ခမ်းလေး ကာ.. ၊

"စူးစူးပြောသားပဲ..အဲ့ဒီကိုမင်းဆိုတဲ့လူကြီးက ဒါပြောပြီးရင်ဒါပဲ၊ ယ်တော့မှ ပြင်ဆင်လိုက်လျောတာမရှိဘူး..ကိုမင်းကိုလုံးဝတင်းသွား ..."

တင်းတာကိုလည်း ပြောသွားသေးသည်။ မြန်မာဝတ်စုံဝတ်ထားပြီး ခဲ့'မ'လျှောက်သွားပုံက မြေပြင်သာရှိ့လို ပျော့နေခဲ့ရင် ခြေရာတစ်ထွာ ာက် နစ်ကျန်ခဲ့မှာသေချာ၏။

"အမေ့ကိုလည်း ကျွန်တော်အံ့သြနေပြီ.."

အခန်း(၅၆)

"ဘယ်သူပြောတာလဲဆိုတော့ အဖြူရောင်ပြောတာပဲ.."

ဒေါ်အေးချမ်းမေမျက်နှာက တင်းသည်ပြေသည်မဟုတ်ဘဲ တည်ငြိ ခြင်းထက်အနည်းငယ်ပိုလျက်နှင့် သားမျက်နှာကိုစေ့စေ့ကြည့်ကာ.. ၊

"စေတနာနဲ့ပြောပြတဲ့လူကို ဖော်ကောင်မလုပ်သင့်ပေမယ့် မင်းက ငြင်းဖို့ပြင်ဆင်ထားတော့ ပြောရတာပေါ့..ဒါကြောင့်ကြားကြားချင်း အေး ထလိုက်လာတာ.."

"အမေ့ကိုယ်အမေ ဆယ့်ခြောက်နှစ်သမီးလေးမှတ်လို့အမေရာ..ခန် ကနီးတာမဟုတ်ဘူး.."

"ဝေးလည်းမဝေးဘူးလေ..ဝေးနေရင်လည်း ဒီသတင်းတွေကြားရ တော့ အမေစိတ်အေးနေနိုင်မှာမဟုတ်ဘူး..မိန်းကလေးတစ်ယောက် ဂုဏ်သိက္ခာလေးနဲ့ သန့်သန့်စင်စင်ရှိနေရင် ကျန်တာဘယ်လောက်ဆိုး ပါစေ.."

"သိုက်ကရုပ်ရှင်မင်းသမီးပဲအမေရယ်..သူ့ပတ်ဝန်းကျင်ကိုက.."

"ရုပ်ရှင်မင်းသမီးတွေထဲမှာပဲ ဘယ်မင်းသမီးနဲ့မှမတူလို့ အမေ ချစ်ခဲ့တာ.."

စူးစူးမရှိတော့ကာမှ ဒါကိုပြန်စလိုက်မိကာ.. ၊

"အမေချစ်နေတော့လည်း ဒီသားကိုတောင် ကိုယ့်သားမဟုတ်တော့
သလိုမျိုး..ခုထဖြစ်တော့လည်း ချက်ချင်း.."

"အမေပြောပြီးပြီလေ..တခြားဘယ်လိုနေရာမှာပဲဆိုးဆိုး ခွင့်လွှတ်ထို့
ရတယ်၊ ဒီလိုပွေတာရှုပ်တာကို လုံးဝ.."

"ကျွန်တော့်ရှေ့မှာ ရှိနေကြတာအမေ..အမေကအဝေးကနေ သူများ
ပြောလို့ကြားခဲ့တာ၊ ကျွန်တော်တို့က ဒီမှာအတူရှိနေကြတာ.."

"အတူတူရှိတာကဘာလဲ..လှမ်းခေါ်တာတောင် မကြားရတဲ့အိမ်မှာ
ရှိကြတာလား.."

"ကြားရပါတယ်..ဟိုဘက်အိမ်က ရေခွက်လွတ်ကျတာတောင် ကြား
နေရတာ.."

"မင်းမျက်နှာ.."

"အမေမသိလို့ရှင်းပြတာ.."

"ငါကသိတယ်..မသိတာက မင်း၊ ဟဲ့..ဘယ်ကိုလဲ မအေစကားပြော
နေတာကို.."

မင်းမျက်နှာခြေလှမ်းပြင်လိုက်တာနှင့် ဒေါ်အေးချမ်းမေက လက်ကို
ဆွဲထားပြီးဖြစ်ကာ.. ၊

"လူတွေပြောတာနည်းသေးတယ်..အလုပ်နဲ့ပတ်သက်ရင် ဘာကိုမှ
ဂရုမစိုက်ချင်တာ.."

"မဟုတ်ပါဘူးအမေရာ..ဘယ်မှမသွားဘူး၊ ဒီမှာရှုတင်တည်နေတာ
မြင်သားနဲ့.."

ပြောနေရင်း အသံဖမ်းသည့်မိုက်ရှည်ကြီး နည်းနည်းကြောင်နေသည်
ဆိုပြီး လာပေးသွားသဖြင့် နေရာမှာပဲထိုင်ချလိုက်ပြီး ဖြုတ်ချနှိုက်ချတ်နေ
လျှင်.. ၊

"အမေမေးတာကို ဖြေစမ်းပါ..အဲ့ဒီပရိုဂျူဆာဆိုတဲ့ မင်းသားလိုရှုပ်
ရည်နဲ့တစ်ယောက်က မင်းနဲ့ငယ်သူငယ်ချင်းဆိုတာ.."

"အဲ့လိုမဟုတ်ပါဘူး..ဟိုတုန်းတည်းက သိခဲ့ကြတာမျိုးပဲ.."

"သူကဘာမှမဆိုင်ဘဲ ဒီထိလိုက်လာပြီး မင်းနဲ့စေ့စပ်ထားတဲ့မိန်းက
လေးကို ပိုးပန်းနေတာ မင်းမှာဂုဏ်ရှိနေသလား.."

"အဲ့ဒါကြောင့် မင်းတို့ကင်းကင်းနေကြလို့ သွားပြောလို့ရမလား.."

"အေး..ခုတော့ပေါ်ပြီမို့လား၊ သူတို့အဲ့လောက်ထိ ရင်းနှီးနေထိုင်နေ
ကြတာ အမေတို့ကမျက်နှာဘယ်သွားထားရမလဲ.."

"ရန်ကုန်မှာနေတာ အဝေးကြီးကို.."

"ဘာပြောလိုက်တယ်.."

"ရန်ကုန်ကနေတောင် မျက်နှာထားစရာမရှိဘူးဖြစ်နေတာ..ဘာလို့
ဒီထိလိုက်လာတာလဲလို့.."

"ကြည့်စမ်း..မင်း.."

"တွေးကြည့်တာပါ.."

"မင်းတော့နော် မင်းမျက်နှာ..ငယ်ငယ်ကလို ပုဆိုးလှန်ပြီး မရှိက်ရဲ
ကုးမထင်နဲ့၊ ငါစိတ်တိုလာပြီ.."

ကျွန်တော်ကပိုဆိုးတာပေါ့လို့ ပြောလိုက်ချင်၏။ ဒီအိမ်ကြီးကို သုံး
ရှင့်ရဖို့အတွက် ပိုင်ရှင်ကိုအရက်တွေတိုက်ရ ပေးရကျွေးရနှင့် သုံးလေး
ရက်လောက်ကြိုပြီး လုံးပမ်းထားရသည်။ ဒီနေ့ရိုက်မယ့်ဆင်းန်ကလည်း
အရေးကြီးသည့်ဆင်းန်။ အမေဆူနေတာနဲ့ ဘယ်လိုမှကို အာရုံစိုက်လို့မရ
ဖြစ်နေတာ အတော်စိတ်ပျက်လာမိသည်။

"ရွှေကျီး အဲ့ဒီပန်းချီကားက သစ်နေသေးတယ်..နည်းနည်းထပ်လုပ်
ပြီး.."

ဟိုလှမ်းပြောရ ဒီလှမ်းပြောရတွေကို မျက်ခြေပြတ်လို့မဖြစ်တာက
တစ်မျိုး.. ၊

"ဟာ..ငတိုးဟော့ကောင် ပင့်ကူမျှင်တွေ အဲ့လောက်မချနဲ့လေ၊ မင့်ဟာ
ပ်ချည်တွေကျနေတာပဲ.."

အားမလိုအားမရဖြစ်ပြီး ထသွားဖို့ဖင်ကြွလိုက်မိသည်။ ပြီးမှပြန်ထိုင်
ကာ.. ၊

"လှမောင်ရေ..မီးဗန်းနှစ်ခုကနီးတယ်၊ ဟိုဘက်ထောင့်မှာတစ်ခုသွား
ထား.."

"တစ်လောကလုံးက တာဝန်တွေမင်းချည်းပဲ ယူနေရတာလားကိုမင်း
ရေ.."

ဒေါ်အေးချမ်းမေ အလွန့်အလွန်စိတ်မရှည်ခြင်းသို့ရောက်ကာ.. ၊

"ခေါင်းဆောင်လုပ်နေပြီး မင့်မှာငယ်သားထက်တောင် အလုပ်ရှုပ်နေသေးတယ်.."

"ခေါင်းဆောင်ဆိုတာလည်း အားလုံးထက်ပိုတဲ့အရည်အချင်းရှိသူ ခေါင်းဆောင်ဖြစ်ရတာပဲအမေ..ကိုယ်သိနေတာကို သူတို့မသိဘဲလုပ်သွားရင် ပြောပြရတာပေါ့၊ အမေပြန်နားလိုက်ပါလား...ကျွန်တော်နေ့လည်စာစားပြီးရင် အမေနဲ့အေးဆေးစကားပြောမှာပါ.."

"မနားဘူး...ငါ့ကိုနှင်ထုတ်ဖို့မစဉ်းစားနဲ့၊ နေစမ်းပါဦး...သိုက်နဲ့အတူကောင်လေး တရားလွန်ရင်းနှီးနေကြတာ မင်းသိရက်နဲ့ ဘယ်လိုစိတ်ကြည့်နေနိုင်တာလဲ..အဲ့ဒါကိုစိတ်ဝင်စားဆုံးပဲ၊ အခု စေ့စပ်ပွဲကိုဖျက်သိမ်းဖို့ပြောတော့လည်း ခေါင်းတခါခါနဲ့.."

"အမေရယ်..ချစ်ချစ်မချစ်ချစ် စေ့စပ်တာကိုလက်ခံခဲ့တယ်..အဲ့ဒါကကိစ္စမရှိပေမယ့် စေ့စပ်ပြီးမှဖျက်တာက အရှုံးအဆင်ဆိုးတယ်လေ၊ ပြီးတော့ သိုက်ကတစ်နိုင်ငံလုံးသိတဲ့ မင်းသမီး.."

"အဲ့ဒါကိုသူကဂရုစိုက်ရမှာလေ..မင်းကဘာလဲ၊ ဘာဖြစ်ချင်တာလဲ..နားကိုမလည်တော့ဘူး.."

"ဒါဆို အမေလည်းနားမလည် ကျွန်တော်လည်းနားမလည်..အေးနဲ့ကျွန်တော် ဘဲလန့်စ်.."

"ဘာ.."

"အမေစူးစူးကိုခေါ်ပြီး ရောက်လာတည်းက ကျွန်တော်နားမလည်တာ.."

"ဒါကရှင်းပါတယ်.."

"ကျွန်တော်ကရှုပ်နေတုန်းပဲ.."

ဒေါ်အေးချမ်းမေထိုင်ရာကနေ မတ်တပ်ထရပ်လိုက်ပြီးမှ မင်းမျက်နှာကို ငုံ့ကြည့်ကာ.. ၊

"မင်းဘာမှခေါင်းရှုပ်စရာမလိုတော့အောင် ငါစေ့စပ်ပေးခဲ့တဲ့ပွဲကိုပဲပြန်ဖျက်မယ်.."

"ဟာ..အဲ့ဒါတော့ မလုပ်နဲ့လေ.."

"လုပ်ရမယ်..ဒီခရီးမှာ နာမည်ပျက်တွေနဲ့လုံးထွေးပါလာပြီး ကိုယ်သားကိုလည်း မေတ္တာမရှိတာသေချာနေတဲ့မိန်းကလေးကို.."

"ကျွန်တော်ကလည်း ဘာသိဘာသာနေခဲ့လို့ပါ.."

"ဘာဖြစ်လို့ အဲ့လိုနေခဲ့သလဲ..မင်းကိုယ်တိုင်လည်း စိတ်မဝင်စားခဲ့ဘူးမို့လား၊ ငါတို့ကလူကြီးချင်းသဘောတူလို့ စေ့စပ်ပေးခဲ့ပေမယ့် ကြာင်တော့ မင်းတို့နှီးစပ်လာမယ်ပဲထင်ခဲ့တာ..ခုပိုဆိုးကုန်ပြီ၊ အိမ်ထောင်တစ်ခုကို ဝတ္တရားသက်သက်နဲ့ တည်ဆောက်ဖို့တော့ မစဉ်းစားနဲ့.."

"အမေ.."

ပြောပြီးတာနဲ့ လှည့်ထွက်သွားတော့ မင်းမျက်နှာလက်ထဲမှာ ကိုင်းသမျှကို ချုပ်လိုက်ပြီး ကမန်းကတန်းထလိုက်ခဲ့ရ၏။ အနားမှာကပ်ဆုံနေတော့လည်း နားငြီးလို့ ထွက်သွားတော့လည်း သူပဲဝင်ရှုပ်လည်လေသည်။

"သိုက်နဲ့ရဲဆက်က ဘာမှမဟုတ်ဘူး...ကျွန်တော်သိတယ်.."

"ဘာလဲ..ဘာကိုသိတာလဲ၊ ကြားရတဲ့သတင်းတွေက ဒီရွာကိုစဝင်သာတည်းက နားနဲ့မဆုံဘူး.."

"ရန်ကုန်မှာတည်းက အဖြူရောင်ပြောတာတွေ အမေ့နားနဲ့အပြည့်သူလာတာကိုး.."

စိတ်တွေလည်း ညစ်ရပါသည်။ ဒီမှာရန်ဖြစ်လို့ မတည့်စကားပြောဘဲသူကို သူမပြောတဲ့အတိုင်း ဘာဖြစ်လို့ယုံကြည်နေရတာလဲ.. ၊

"ရဲဆက်အကြောင်း ကျွန်တော်သိလို့ပြောတာ..သူ့လိုလူအတွက် မရဘာဘာမှမရှိဘူး၊ ရနေတာတွေကိုလည်း တန်ဖိုးထားတတ်တဲ့လူမဟုတ်ဘူး...ယောကျ်ားချင်း ကျွန်တော်သိတာပေါ့၊ သိုက်ကစည်းကမ်းရှိပါတယ်"

ဒေါ်အေးချမ်းမေမျက်မှောင်ကြီးကုတ်ပြီး ငြိမ်ကျသွားခဲ့သည်။ ခဏခံ့ကြည့်နေပြီးမှ.. ၊

"မင်းက ဘာဖြစ်ချင်တာလဲသား...မင်းကိုဘယ်လိုနားလည်ရမလဲ၊ သိုက်ကိုချစ်နေတာလား..."

"မချစ်ပါဘူး.."

"ဒါဆိုလည်း.."

"ကဲ..တော်ပါပြီအမေရာ၊ ဟိုမှာ ကျွန်တော့်ကိုစောင့်နေကြပြီ..နှစ်ဆင်းနဲ့လောက်ရိုက်ပြီးမှ ဆက်ပြောပါ၊ အမေမပြန်ချင်သေးရင်လည်း ခုမှာခဏပဲထိုင်စောင့်ပေး...အခုအမေစကားပြောနေသလောက်တောင် မ

ကြည့်ချင်လို့ကြည့်တာ ဟုတ်ရဲ့လား၊တော့မသိပေမယ့် ပေါက်ကြီးသိမသာခေါင်းကုတ်ရင်း လှည့်ထွက်ခဲ့ရသည်။ ဒေါ်အေးချမ်းမေလည်း ကားပြောဖို့ မသင့်တော့ဘူးထင်လိုက်ကာ အပြင်ထွက်ဖို့ခြေလှမ်းပြင်၏။ ထိုစဉ် သိုက်ပြန်ရောက်လာ၏။ သို့သော် ဒေါ်အေးချမ်းမေမျက်နှာညို့ခနဲမှောင်ကျသွားသည်။ သိုက်ပြန်လာတာက ရဲဆက်နဲ့အတူဖြစ်နေခဲ့လို့က သူမရဲ့မျက်နှာလေးက ငိုထားမှန်းသိသာစွာ ရဲတွတ်နေ၏။

အဝင်ဝတံခါးကို ကျောခိုင်းထားသည့် မင်းမျက်နှာမျက်နှာရှေ့က မော်နီတာစခရင်နှမှာလည်း ပခုံးချင်းထပ်ရပ်နေသည့် သိုက်နဲ့ရဲဆက်ရဲ့ပုံပဲက ထင်ဟပ်နေခဲ့လျှင်။ ဒေါ်သကထောင်းခနဲထဖြစ်သည်။ ပိုဆိုးသွားသည်က အမေ့ရဲ့မေးခွန်း.. ၊

"သမီးတို့ဘယ်ကပြန်လာကြတာလဲ.."

ဖြေသံက ရုတ်တရက်မပါ.. ၊

"ဘာမှလည်းမလိမ်းခြယ်ထားဘူး..ငိုရမယ့်အခန်းရိုက်ဖို့ ပြင်ဆင်နေတာလား.."

ထိုမေးခွန်းသည် ရင်ဘက်ရဲ့ဘယ်နေရာကို တည့်တည့်ပစ်ခွင်းသွားသည်မသိဘဲ ကိုယ့်ကိုယ်ကိုထိန်းချုပ်ဖို့ ပြင်ဆင်ချိန်မရလိုက်ဘဲ.. ၊

"ဘုန်း..ခွမ်း.."

"ဟာ.."

ကျော်အောင်တို့ လန့်ဖျန့်လှည့်ကြည့်ကြသည်။ တိုက်ရိုက်မေးခွန်းဘွေးရင်း ကိုယ့်သံသယတွေကို ချုပ်တီးဖို့ကြိုးစားခဲ့သည့် ဒေါ်အေးချမ်းမေလည်း အထိတ်တလန့်ဖြစ်သွား၏။ မင်းမျက်နှာသည် ပြင်ဆင်ဖို့ကိုင်တွယ်နေသည့် မော်နီတာနဲ့ဘေးကမီးဘန်းတွေပါ စုသိမ်းရိုက်ထုတ်ပစ်လိုက်ပြီး နေရာမှထ၏။ ပြီးတော့ သိုက်ရဲ့လက်လေးကို ဆတ်ခနဲဆောင့်ဆွဲပြီး ခေါ်ထုတ်သွားလျှင်.. ၊

"မင်းမျက်နှာ.."

ရဲဆက်က ကမန်းကတန်းဖြစ်သွားပြီး သိုက်ရဲ့လက်လေးတစ်ဖက်ကို ပြေးဆွဲလိုက်၏။ မင်းမျက်နှာခြေလှမ်းရပ်သွားပြီး ပြန်လှည့်၍.. ၊

"ခွပ်.."

ဆွဲထားသည့်လက်ကို ဆောင့်ဖြုတ်ပစ်လိုက်ပြီး မျက်နှာကိုတည့်

ကြာဘူး.."

အမေ့ကိုပြောပြီး ဒီဘက်လှည့်လိုက်တော့ အောင်တိုးကလက်ခါခြေရင်း သူ့ဆီလျှောက်လာကာ.. ၊

"မင်းသမီးမရှိဘူး.."

"ဟာ..အစောကြီးသူရောက်လာတာပါ.."

အလုပ်လုပ်နေရင်း ကျော်အောင်ကလှမ်းပြောလျှင် ကင်မရာမန်းတစ်ယောက်ကပါ ဝင်၍.. ၊

"ဟုတ်တယ်..ပြန်ထွက်သွားတာလည်းကြာပြီ၊ ဟိုပရိုဂျူဆာပြန်ဆို့လိုက်ပို့နေတာဖြစ်မယ်.."

ဒေါ်အေးချမ်းမေမျက်နှာပျက်သွားသည်။ မင်းမျက်နှာ မိခင်ဖြစ်သူဆီ မျက်လုံးရောက်မိမလို ဖြစ်သွားပြီးမှ ပြန်လွှဲကာ.. ၊

"တစ်ယောက်လိုက်ခေါ်ကွာ.."

ဘာမှမဖြစ်သလိုပြောလိုက်ပြီး မော်နီတာရှေ့မှာ ဝင်ထိုင်လိုက်သည်၊ ဒါပေမယ့် သူ့မျက်ခုံးတန်းတွေ စုကျုံ့နေပုံအရ ရာသီဥတုမကောင်းတော့မှန်း ကျော်အောင်နဲ့ပေါက်ကြီးတို့သိကာ မျက်လုံးချင်းစကားပြော၍ တိတ်တိတ်ဆိတ်ဆိတ်ဖြစ်သွားကြသည်။ ပြီးမှ.. ၊

"အဲ့ဒီအလုံးကကြောင်နေတာမို့လား..ဟိုမှာဒေါသကုမ္ဘာရထိုင်နေပြီနော်.."

"ဟင်..အဲ ဟုတ်တယ်.."

နှစ်ယောက်သားမျက်ရိပ်ပြ စကားပြောကြရင်း ပေါက်ကြီးကအနားတိုးသွားကာ.. ၊

"မျက်နှာ..အဲ့ဒါငါစစ်ကြည့်နေတဲ့အလုံးလေ၊ မင်းထိုင်ရမယ့်မော်နီတာက နောက်ခန်းထဲမှာ အတွင်းခန်းအရင်ဆုံးရိုက်မှာဆိုလို့.."

ပြောချင်တာက မင်းပဲပြောထားပြီး မေ့နေတာလားဆိုတဲ့စကား။ မင်းမျက်နှာက မော့ကြည့်ပြီး ခေါင်းညိတ်သည်။ ထမလိုပြင်ပြီးမှ မထတော့ဘဲ.. ၊

"ဒီကောင်ဘာဖြစ်လို့လဲ.."

"ဘာမှတော့မဖြစ်ဘူး..လွတ်လွတ်နေတာ စိတ်မရှည်လို့.."

"ငါကြည့်လိုက်မယ်.."

တည့်ထိုးပစ်လိုက်လျှင် ရဲဆက်မျက်နှာရောလူပါ ယိမ်းယိုင်လန်ထွက်သွား
၏။ ပြီးတော့ စူးရဲသည့်မျက်ဝန်းတို့သည် ရဲဆက်ရဲ့မျက်နှာကိုစိုက်ကြည့်
ရင်း လက်ညှိုးထိုး၍..၊

"မှတ်ထား...အဲ့ဒါစည်းမှန်းကမ်းမှန်းသိအောင် ပညာပေးတာလို့ဆေ
တယ်.."

သွေးကျလာသည့် နှာခေါင်းကို လက်နဲ့အုပ်ထားလျက် ရဲဆက်ဘာမှ
ပြန်မပြောနိုင်..၊

"ခြံစည်းရိုးကာထားမှ ကိုယ့်အိမ်ရာကိုသိတာ တရိစ္ဆာန်ပဲ..လူမှန်း
လူစည်းဘီလူးစည်းဆိုတာ သိရတယ်၊ မင်းမိဘမဆုံးမခဲ့လို့ဆိုရင် အခုပြန်
မေးလိုက် အချိန်မီသေးတယ်.."

ဆုံးအောင်ပြောပြီးမှ သိုက်လက်ကိုဆွဲ၍ လှည့်ထွက်လာခဲ့သည်၊
ခြေလှမ်းတွေက ပြေးနေတာထက်ပိုကျဲနေသဖြင့် သိုက်ခလုတ်တိုက်မိ
တတ် ယိမ်းထိုးပါလာခဲ့ရရင်း..၊

"အ.."

ခြေလှမ်းရပ်၍ မျက်နှာချင်းဆိုင်ပခုံးနှစ်ဖက်ကို ဆွဲလှည့်ခံလိုက်ရ
တော့ နာကျင်သွားကာ..၊

"ရှင်ဘယ်လိုလုပ်နေတာလဲ..လွတ်.."

"အဲ့ဒါ မင်းကိုငါမေးရမှာရွှေသိုက်..ငါ့မျက်နှာကိုကြည့်ပြီးပြော၊ မင်း
ဘာဖြစ်ချင်တာလဲ..ဘယ်လိုအချိုးချိုးနေတာလဲ၊ မင်းလုပ်ချင်တာတစ်ခု
ခုကို ဒီကပြီးသွားမှ လုပ်လို့မရဘူးလား..မင်းတစ်ယောက်တည်းကြောင့်
အားလုံးအခက်အခဲတွေဖြစ်နေကြတာကို ပျော်နေတာလား..အဲ့လိုဖြစ်
အောင် တမင်တကာလုပ်နေတာလား.."

"ဟုတ်တယ်..ရှင်ထင်တာတွေပြည့်စုံနေပြီ၊ ကျွန်မဖြေဖို့မလိုတော့
ဘူး.."

"မင်းဘာတွေလုပ်နေမှန်း မသိလို့ပြောနေရတာ..မင်းရဲ့နည်းမျိုးစုံနဲ့
တိုက်ခိုက်မှုတွေ မပြီးသေးဘူးလား၊ မင်းမျက်နှာပါးစပ်ပိတ်နေတာ သိပ်
တုံးလို့လို့ မထင်နဲ့..ပြောချင်စိတ်ကိုမရှိလို့.."

"ဒါဆိုလည်း စိတ်ဝင်စားတာတစ်ခုခု ပြောကြည့်စမ်းပါ.."

"မင်းကငါစိတ်ဝင်စားအောင် လုပ်နေတာလား.."

သိုက်မျက်နှာလေး တင်းခနဲဖြစ်သွားသည်။ အနာပေါ်တုတ်ကျသွား
သည့် နာကျင်မှုက ခံရခက်လေသည်။

"မင်းကို ဒီထက်အများကြီး မျှော်လင့်ထားတာ..ငါမင်းကိုစေ့စပ်ခဲ့
လည်း မင်းရဲ့အနုပညာလမ်းကြောင်း ပိုထင်ရှားအောင်လုပ်ပေးချင်
စေတွေကြောင့်ပဲ..အားလုံးမင်းအတွက်ပဲ၊ မင်းကတော့ ဘာမှမဟုတ်
ခြင်းမပါလား.."

ရင်ထဲကို မီးကင်ထားသည့်သံချွန်တစ်ချောင်း စိုက်ဝင်သွားသလို
နာကျင်သွားခဲ့သည်။ အများကြီးမျှော်လင့်ထားတယ်ဆိုတာဘာလဲ..၊
ဘက်က သရုပ်ဆောင်ပညာတွေ တိုးတက်လာဖို့လား..။ အကယ်ဒမီ
တစ်ခုပြီးတစ်ခု ဆွတ်ခူးနိုင်ဖို့လား..။ သိုက်ရင်ထဲမှာ မေးခွန်းတိုင်း
ခါးဆီးနေခဲ့သည်။ စကားတစ်ခုပြောပြီဆို အဆုံးထိမရောက်သေးဘဲ
ခနဲပြန်မေးတတ်သည့် သူ့အကျင့်ကြောင့် ကိုယ့်စကားကလိုရင်း
သည်း မရောက်ခဲ့ရပါ။ သူပြောချင်တာကျတော့ ရေပက်မဝင်အောင် ပြော
သွားတာ စွပ်စွဲတာတွေရော စော်ကားတာတွေရော သူမဘာလုပ်ခဲ့မိသ
..။ ဘာကြောင့် သူချည်းပဲစော်ကားခွင့်ရှိနေတာလဲ..။ ဒေါသအေးချမ်း
ရဲ့ပြောင်းလဲသွားသည့်မျက်ဝန်းတွေကို သတိရလိုက်တော့ သားအမိ
ယောက်စလုံး၏ တစ်ဖက်သတ်စွဲဆိုချက်တွေက နာကျည်းဖွယ်တွေ
သာရကာ..၊

"ကျွန်မအတွက်ဆိုရင် မလိုဘူး..လိုနေရင်လည်း အဲ့ဒါရှင့်ဆီကမဖြစ်
ဘူး၊ ဖြစ်နေခဲ့ရင်တောင် အသက်ထက်အရေးကြီးနေပေ့စေ..ဘယ်
တော့မှမယူဘူး.."

သိုက် သူ့လက်ကိုအတင်းဆောင့်ဖြုတ်ချသည်။ သူကမလွတ်ဘဲ ဖိ
ထားကာ..၊

"မယူချင်ရင်ရတယ်..သရုပ်ပျက်ဖို့မလိုဘူး၊ မင်းမျက်နှာလိုကောင်ကို
ခစိုက်ဘူးဆိုတာပြဖို့အတွက် ရဲဆက်နဲ့တွဲပြတဲ့အထိ မင်းလုပ်နေတာ
ကောင်းလား..မင်းမှာ မိန်းမဆိုတဲ့ဂုဏ်သိက္ခာတစ်ပြားသားမှမရှိတော့
အဲ့ဒါရောသိရဲ့လား.."

"ရှိရှိမရှိရှိ..အခုသူနဲ့အတည်တွဲဖို့ ဆုံးဖြတ်ပြီးပြီ၊ ရှင်နဲ့စေ့စပ်ထား
မထားထား တစ်လောကလုံးဘယ်လိုထင်ထင် ဘယ်လိုမြင်မြင် ရွေ

သိုက်ဆိုတာ အဲ့လိုမိန်းမပဲ..သရုပ်ပျက်တယ် သိက္ခာမဲ့တယ် စည်းကမ်း
မသိဘူး..အိုခေ.."

ပြောနေရင်း သူ့ကိုစေ့စေ့ကြည့်၍ အားရှိသမျှလက်ကိုခါချပစ်လိုက်
သည်။ မျက်ရည်မကျခင် ပြေးထွက်ချင်သော်လည်း မင်းမျက်နှာက ဇာတ်
ခနဲပြန်ဆွဲပစ်ကာ.. ၊

"နေဦး..မင်းနဲ့ငါ.."

"အို..ဂရုမစိုက်ဘူးဆိုမှ၊ လွှတ်နော်.."

"ရတယ်..မပြောတော့ဘူး၊ မင်းကြိုက်သလိုလုပ်..ဒါပေမယ့် ဒီရွာက
ကိစ္စတွေပြီးတဲ့အထိ ပုံမှန်အတိုင်းနေပေး.."

ပြောပြီးတာနဲ့ ကိုင်ထားသည့်လက်ကိုလွှတ်ပေးလိုက်သည်။ သူ
ကိုကျောခိုင်းရပ်လိုက်ရင်း မျက်လုံးတွေမှိတ်ထားမိတာ ဘယ်လောက်ကြာ
သွားသည်မသိ.. ၊

"မျက်နှာ ရှုတင်ဖျက်လိုက်မလား.."

"အေး.."

နောက်ကနေ ပေါက်ကြီးလာမေးမှ ခါးထောက်ဖြတ်လိုက်ရင်း တံ
ခွန်းပဲ ဖြေဖြစ်သည်။ ပြီးတော့ ပေါက်ကြီးရှိနေသေးလား ထွက်သွား
လားလည်းမသိ။ လှည့်လည်းမကြည့်မိပေ။ တစ်ခါမှမခံစားခဲ့ဘူးသည့်
ပူလောင်ခြင်းက ရင်ဘက်ကြီးကနေ တစ်ကိုယ်လုံးကိုဖြန့်ကျက်ဆုပ်ဆွဲ
ထားသည့်နယ်။ ကိုယ့်အတွက် အမြဲတမ်းအရေးကြီးနေခဲ့သည့် အရာရာ
တွေက ဘာမှမဟုတ်တော့ဘဲ ဘာမှမဟုတ်ခဲ့ဘူးထင်ခဲ့သမျှအားလုံးဟာ
မီးတောက်မီးလျှံတွေ ထဖြစ်လာကြသည်။ တောမီးထက်မြန်၍ မိုးကြီး
ထက်ပြင်းသည်။ လောင်မြိုက်နေပေမယ့် ဘယ်လိုငြိမ်းသက်ရမှန်းလည်း
မသိ.. ၊

"တောက်.."

ညနေခင်း၏အလင်းရောင်က ညစ်ထေးခြင်းသို့ကူးပြောင်းလာခဲ့
လျက် သူ့စိတ်တွေလည်း နောက်ကျိရှုပ်ထွေးနေလေသည်။ သိုက်ကိုသူ
ချစ်မိနေသည်လား.. တစ်ခါမှဒီလိုပြန်တွေးမကြည့်ခဲ့သည်မို့ ရေရာတာ
လည်း ဘာမှမရှိ။ သူမနဲ့ပတ်သက်မိခြင်း၏နောက်မှာ သူသာသည်းခံမှု
သိပ်ခြင်းများစွာနှင့် ခံနိုင်ရည်ရှိနေခဲ့သည်။ ဒါတမင် ခံနိုင်ရည်မွေးခဲ့

ကာလား..သူမလုပ်သမျှ အပြစ်မမြင်ခဲ့တာလား.. ၊

"မင်းဘယ်အပြုံးပျက်မလဲ..မင်းတို့ချင်း ဘတစ်ပြန် ကျားတစ်ပြန်
ကိုက်နေကြတာကိုး.." လို့ ကျော်အောင်တို့ပြောခဲ့ဖူးသည်။ ဘာပဲဖြစ်ဖြစ်
သူ့စိတ်ထဲမှာ အရာအားလုံးက ပေါ့ပါးခြင်းနဲ့ ခရီးနှင်နေတာတွေပါ။ ဒါ
ဘဲဘာကြောင့်လဲ..။ တွေးနေလေ ရင်ထဲမှာပူလောင်မှုကြီးမားလေ၊ အဖြေ
ကမရလေ တက်တခေါက်ခေါက်ဖြစ်လာမိလေ။ ဒီရွာကိုရောက်လာကာမှ
သိုက်နဲ့ပို့တွဲသည်။ သူ့ရွာမို့ သူ့လူတွေက နားလည်နေတယ်ထင်လို့လား
ရဲ့ဆက်ကိုတကယ်ရည်ရွယ်ထားလို့လား..။ သူဘာမှမတွေးမိခဲ့ပါ။ ရှု
ဘင်မှာ ကိုယ့်ပါးကိုအားပါးတရ လွဲရိုက်ခဲ့တုန်းကလည်း ကိုယ်ဟာသ
ဘာထားကြီးလွန်းလို့ မဟုတ်ပေမယ့် သူမကိုမုန်းတီးခြင်းမဖြစ်ခဲ့တာ
သည်း အသေအချာပင်.. ၊

သိုက်နဲ့သူ့ရဲ့ဆက်ဆံရေးကို တစ်ခုချင်းပြန်တွေးရင်း ပေါ်လာသမျှ
သည် စိတ်ပျက်ဖွယ်တွေသာ ဖြစ်နေခဲ့လျက် ရင်ခွင်ရာသီသည်လည်း
အပျက်သဘောသို့ ဦးတည်ရွေ့လျားနေခဲ့ရင်း.. ၊

♥♥♥♥♥

"ဘယ်မှာလဲ..ဟိုရုပ်ရှင်သူဌေးက ကျုပ်..ကျုပ်ကိုပေးစရာရှိတာမပေးဘဲနဲ့ ထွက်ပြေးတာလား...အေ့ ဒါမျိုးမရဘူးနော်၊ ကျုပ်အိမ်ကြီးကို ချိတ်ပိတ်ပစ်လိုက်မှာ ဘာမှတ်လို့လဲ..အေ့.."

ဦးမြည့် မျက်မှောင်ကုတ်သွားကာ ခြံရှေ့ထိထွက်လာ၏။ ထိုအခါကျမှ ခေါင်းရင်းဘက်က မာလကာပင်အောက်မှာ သိုက်ကိုတွေ့သွားခဲ့သည်။ သို့သော် အုန်းမြိုင်ကအော်ကြီးဟစ်ကျယ်နှင့်.. ၊

"သူကျုပ်ကို ပိုက်ဆံပေးဖို့ကျန်သေးတယ်..အဲ့ဒါတောင်းမလို့ အေ့.. ဘယ်မှ ရှာမတွေ့လို့၊ ဘယ်မှာလဲ..အခု ခုအထဲမှာရှိလား၊ ခေါ်လိုက်စမ်း ပါ..အုန်းမြိုင် အမြဲအကြွေးတောင်းခံခဲ့ရတာ၊ ဒီတစ်ခါကြွေးရှင်ဖြစ်ရပြီ.. ဟီး ဟီး ဟား ဟား...ပေး...ငါ့ပိုက်ဆံပေးသူဌေး.."

"ဝုတ် ဝုတ် ဝုတ်.."

"အံမာ..သီချင်းဆိုနေတုန်းက စည်းဝါးလိုက်မပေးဘဲနဲ့ ခုမှ..ဟွန်း ဒီမှာကြည့်ထား ကြွေးရှင်အုန်းမြိုင်..အုန်းမြိုင်ကြွေးရှင်..ဝုတ် ဝုတ် ဝုတ်.."

ခွေးနှစ်ကောင်ရှေ့မှာ လေးဘက်ထောက်ဝပ်လိုက်ပြီး ဟောင်ပြလိုက်တော့ ခွေးနှစ်ကောင်ကဟောင်ရင်း နောက်ဆုတ်ပြေးလေသည်။ အုန်းမြိုင် သဘောတွေကျနေလျက်.. ၊

"မှတ်ထား...အဲ့ဒါကြွေးရှင်ပဲ၊ အုန်းမြိုင်ကြွေးရှင်..ခွေးတွေခင် ဟား ဟား.."

"အုန်းမြိုင်.."

"ဘာတုံး.."

"သူဌေးကဒီမှာမဟုတ်ဘူး.."

"ဘယ်မှာနေတာတုံး.."

"မင်းထစမ်းပါကွာ..အရက်မူးလာရင် လူစိတ်ပျောက်တယ်ဆိုတာ ငါးကိုမြင်မှ သဘောပေါက်တယ်၊ အရှင်လတ်လတ် ဘဝပြောင်းတဲ့ကောင်.."

"ဦးညီရောပြောင်းချင်တိုင်းပြောင်းလို့ရသလား.."

"ဟာ..ဒီကောင်တော့.."

"အုန်းမြိုင်သူဌေးဖြစ်သွားရင် ခွေးလိုဟောင်တာကြည့်စမ်း...ဟောင်

အခန်း(၅၇)

"အရင်မိန်းမကိုရွေ..ဒီရွေ၊ ဟီး ဟီး...အေ့ နောက်မိန်းမကိုရွေ..ဒီရွေ.. အရက်ပုလင်းပိုက်ရင်း ဒယိမ်းဒယိုင်အော်ဟစ်လာသည့် အုန်းမြိုင်ရဲ့အသံက ညနေခင်းမှာတောင် ခွေးတစီစီ။ သိုက်တစ်ယောက်တည်း ခြံဝင်းထဲက မာလကာပင်အောက်မှာ တောင့်မတ်စွာရပ်နေရင်း မျက်ဝန်းတွေလည်း ငြိမ်သက်နေခဲ့သည်။ နှုတ်ခမ်းသားလေးတွေလည်း တင်းတင်းစေ့နေ၏။ မျက်ဝန်းမှာ မျက်ရည်တို့ဝေ့သီနေကာ အတော်ကြီးကြာမှ မျက်ရည်စက်တို့ ပြိုကျ၏။ မျက်တောင်ခတ်ခြင်းသည် တစ်ချက်နဲ့တစ်ချက် ဝေးကွာမှ ဖြစ်တတ်သည်ရှိကာ တစ်ကိုယ်လုံးသည် ကျောက်ဆစ်ရုပ်လေးချထားသည့်နယ်.. ၊

"ဟေး...ဘာလုပ်နေတာလဲအုန်းမြိုင်၊ နားငြီးလိုက်တာကွာ..သွားမှာဖြင့်သွားတာ မဟုတ်ဘူး.."

ဦးမြည့်က အလုပ်လုပ်နေရင်း လှမ်းအော်လိုက်လျှင် ခြံရှေ့လမ်းပေါ်မှာ သီးချင်းဆိုရင် လိမ့်တွန့်နေသည့် အုန်းမြိုင်ကလှည့်ကြည့်၏။

"သွားမှာမဟုတ်ဘူး..ဒီကိုလာကာ၊ အေ့.."

"ဘာ.."

တတ်ရန်ကော ဒီလူကြီးပညာစုံရန်ကော တရိစ္ဆာန်ရယ်လူရယ်မခွဲခြားဘဲ စာနာတတ်ရန်ကောနဲ့ ဟီး ဟီး...လူတွေအဲ့လိုဖြစ်ကြမှာလို့ ဟား ဟား...

ထိုစဉ် နွားကျောင်းသည့်ချာတိတ်လေးက အနားရောက်လာကာ အုန်းမြိုင်လက်ကိုဝင်တွဲလိုက်ပြီး.. ။

"လာ..ဘကြီးအုန်းကို ကျွန်တော်လိုက်ပို့မယ်.."

"ဖယ်စမ်းပါ...ဘာတုံးမင်းက.."

လက်ကို လွှဲရှောင်ပြီး ကောင်လေးကိုပြူးပြကြည့်၍.. ။

"အုန်းမြိုင်က ကြွေးရှင်ဖြစ်သွားပြီ..ရုပ်ရှင်သူဌေးဆီမှာ နှစ်သောင်းရဖို့ရှိသေးတယ်၊ နှစ်သောင်းနော်..နှစ်သောင်းကြီးများတောင်၊ ဟား ဟား ရုပ်ရှင်ရိုက်ပြီးတဲ့အထိ မစောင့်နိုင်ဘူး...ခုရမှဖြစ်မှာ.."

လက်နှစ်ချောင်းထောင်ပြီး ကိုယ့်လက်ကိုကြည့်ကာ ဝမ်းသာအားရ ကြီးရယ်နေသေးသည်။

"အုန်းမြိုင်.."

"ဘာတုံးဆို.."

"မင်းအစ်ကိုတွေလွတ်နေပြီလို့ ကြားတယ်နော်..သတိလည်းထားဦး"

"ဘာလဲ..ဘာကိုသတိထားရမှာလဲ၊ သွားပါ..အလကားထောင်ထွက်တွေ.."

"အေး...မင်းကိုဓားကြိမ်းကြိမ်းနေတယ်ကြားလို့ သတိပေးတာ၊ ပိုက်ဆံလေးမြင်ရတာနဲ့ ကိုယ့်ဘေးကိုယ်မေ့မနေနဲ့..သွားတော့ သွားတော့.."

အုန်းမြိုင်က လက်ခါခြေခါနှင့် ဒယိမ်းဒယိုင်ထွက်သွားကာ.. ။

"သူဌေးဘယ်မှာလဲ..သူဌေး ကြွေးရှင်လာနေပြီ၊ ပုန်းထားစမ်း.."

ဦးမြည့် အိမ်ထဲပြန်ဝင်ဖို့လှည့်ကြည့်လိုက်တော့လည်း သိုက်ကရှိ နေသေး၏။ ဒီမိန်းကလေး ဘာဖြစ်နေတာလဲ..။ အဆင်မပြေဖြစ်နေကြသည့် ကိစ္စတချို့ကိုသိပေမယ့် သူမကသူငယ်ချင်းတွေနဲ့ အသွားမပျက် အစားမပျက်ပါ။ ထိုစဉ် ယောကျ်ားရုပ်အကျီဖားဖားကြီးနှင့် အလှလျှောက်လာသည့် တိုးတိုးကိုလက်ယပ်ခေါ်လိုက်ပြီး.. ။

"မိတိုးဆိုတာ လာစမ်းဒီကို.."

"တိုးတိုးပါဘာဘာရဲ့..အဟွန်း ဘာခိုင်းမလို့လဲဟင်.."

"ရွေသိုက်ကဘာဖြစ်နေတာလဲ.."

ပြောလိုက်ကာမှ တိုးတိုးကလှည့်ကြည့်လိုက်ပြီး တအံ့တသြ.. ။

"အယ်..သူ့ကိုလိုက်ရှာနေတာကြည့်ဦး.."

"သြော်..အကောင်သေးနေတော့ မမြင်ဘူးပေါ့.."

"မဟုတ်ပါဘူးဘဘရယ်..ပရိုဂျူဆာပြန်သွားတာနဲ့ သူပျောက်သွားတော့ အဲ့..ဟို.."

ပူပူနွေးနွေးဖြစ်ထားတာတွေကို ဘယ်လိုပြောရမှန်းလည်းမသိတော့ပေ။ ဦးမြည့်က မျက်မှောင်ကုတ်ကြီးနှင့် စိုက်ကြည့်လျက်.. ။

"ပြန်သွားပြီပေါ့..အဲ့ဒီတစ်ယောက်က.."

"ဟုတ်.."

"သင်းက ဒါကိုလွမ်းနေတာလား.."

"ဟယ်..မဟုတ်ရပါဘူးဘဘရယ်၊ မင်းသမီးအကြောင်း တိုးတိုးသိဘာပေါ့..သူကြိုက်နေတာသူဌေး..အဲ ကိုမင်းမျက်နှာပါ.."

ဦးမြည့် မဲ့မဲ့ကြီးဖြစ်သွားပြန်သည်။ ပြီးတော့ ခေါင်းတစ်ချက်ပွတ်၍ လှည့်ဝင်သွားရင်း.. ။

"ရှုပ်နေတာပဲ.."

လို့လည်း ညည်းသွားသေးသည်။ တိုးတိုးက သိုက်ရှိနေတဲ့ဆီ ကဆုန်ပေါက်ပြေးသွားကာ.. ။

"မင်းသမီးရယ် ဘယ်လိုကြီးလုပ်နေတာတုံး..ဒုက္ခပါပဲ၊ ငါကသူတို့ကိုရှာတယ်..သူတို့အကြောင်း ငါ့ကိုချည်းတွေ့တိုင်းမေးနေကြတယ်၊ ဘယ်လို ရှင်းပြရမှန်းမသိတော့ဘူး.."

သိုက်ရဲ့မျက်ဝန်းလေးတွေ သူ့စကားကြောင့် လှုပ်ခတ်လာသည်။ ဦးတော့ မျက်နှာလေးပါ လှည့်ကြည့်လာလျက်.. ။

"ဘယ်သူတွေက မေးနေတာလဲ.."

"ဘယ်သူရှိရမလဲ..ရွာထိပ်ဆွက်တော့ အန်တီအေးကမေးတယ်၊ ဟိုးက်တွေတုန်းက ဘယ်လိုနေနေကြသလဲတဲ့..သူဌေးနဲ့မင်းသမီးနည်းနည်းလေးတောင် အဆင်မပြေဘူးလားတဲ့.."

သိုက်မျက်နှာတစ်ခုလုံး သွေးမရှိတော့သလို ဖြူဖျော့နေခဲ့လျက်..။

"ရဲဆက်နဲ့ဘယ်လိုနေကြသလဲလို့ရော မမေးလိုက်ဘူးလား.."

"အန်တီအေးက အဲ့ဒါကိုမမေးပါဘူး...မင်းသမီးဘဘကတော့ မေး

တယ်၊ အဲ့တစ်ယောက်ပြန်သွားလို့ လွမ်းနေတာလားတဲ့..မင်းသမီးကို ဘာလုမ်းကြည့်နေတာမသိဘူးလား..”

သိုက်ဘာမှပြန်မဖြေဘဲ ရှေ့ပြန်လှည့်သွားလျှင် တိုးတိုးက သိုက်လက်မောင်းကို အားမလိုအားမရဆွဲလှုပ်လိုက်ရင်း.. ၊

“အလိုလိုကမှ လူတွေကပြောချင်ရတဲ့အထဲ ကိုယ့်ဘာကတောင် အဲ့လိုထင်နေတာ မကောင်းတော့ဘူးလေ..ပရိဂ္ဂူဆာပြန်သွားကာမှ မင်းသမီးက ဒီလောက်ငေးငိုင်တွေးငေးပြီးတော့..”

“ငါသေချင်တယ်..သိလား..”

“ဟင်..”

တိုးတိုးရဲ့ ပခုံးတစ်ဖက်မှာ မျက်နှာလေးမှောက်ချပြီး ငိုပစ်လိုက်မိသည်။ တိုးတိုးက မိန်းကလေးစိတ်လုံးလုံးဖြစ်နေသည့်ပြင် အသည်းယော့တတ်သူမို့ သူ့ရှေ့မှာ တစ်ယောက်ယောက်ငိုကြွေးနေပြီဆို သူကမျက်ရည်နှစ်ဆလောက် ပြိုကျတတ်လေသည်။

“ဘာဖြစ်လို့လဲမင်းသမီးရယ်..မငိုစမ်းပါနဲ့၊ နှင်ကငိုနေ ငါကငိုပြီဆိုရုပ်လို့မရတော့ဘူး...ဟင့် ဟီး..”

နှစ်ယောက်သား ငိုအားတွေလျော့ကျလာကာမှ သိုက်ကကိုယ်ကို မတ်မတ်ပြန်ရပ်လိုက်ပြီး.. ၊

“တိတ်တော့..”

“ပြောသားပဲ..မရပါဘူးဆို..ဟီး ဟင့်..”

မျက်ရည်သုတ်နေရင်း တတောက်တောက်ကျနေတာကို သိုက်က ဘာမှမပြောတော့ဘဲ ငိုင်ငိုင်လေးကြည့်နေခဲ့၏။ အတော်ကြာမှ.. ၊

“ဘာဖြစ်လို့လဲပြော..ဒီနေ့ရှုတင်ဖျက်လိုက်တယ်ဆိုလို့ ငါတို့ဝမ်းသာအားရလိုက်လာကြတာ..ရှိစီလည်း မင်းသမီးကိုပတ်ရှာနေရင်း ဘယ်ရောက်သွားလဲမသိဘူး..”

“ငါနဲ့မင်းမျက်နှာ ပြဿနာတက်ကြတာ..”

“ဟယ်..”

ရုတ်တရက်ဖြစ်သွားခဲ့တာမို့ ဘယ်သူမှမသိလိုက်သည့်ထဲမှာ တိုးတိုးလည်းပါ၏။ သိုက်မျက်ရည်တွေ လည်နေခဲ့လျက်.. ၊

“သူနဲ့ငါနဲ့ပြီးသွားပြီ..”

“ဟုတ်လား...ဘာတွေဖြစ်လို့လဲမင်းသမီးရယ်၊ တိုးတိုးတို့က သိပ်ကြည့်မရပေမယ့် မင်းသမီးကချစ်နေကာမှတော့ မကွဲစေချင်ပါဘူး..ပြောခဲ့ပါ၊ ဘာတွေဖြစ်ကြတာလဲ..”

ဘယ်လိုဖြစ်ကြတယ်ဆိုတာကို ပြောရမယ်ဆို နောက်ထပ်မျက်ရည်ကျရဦးမှာမို့ မပြောချင်တော့ပေ။ သို့သော်.. ၊

“တကယ်က ငါသူ့ကြောင့် ငိုနေရတာ မနေ့ညတည်းက..”

“ဟုတ်တယ်လေ..”

“ရှုတင်ရှိတယ်ဆိုတော့ ငါသူ့ကိုရင်မဆိုင်ချင်လို့ လျှောက်ထွက်နေတာ..”

“အင်း...အဲ့ဒါနဲ့ ပရိဂ္ဂူဆာက ဘယ်လိုပါလာတာလဲ..”

မျက်လုံးထဲမှာ ရဲဆက်မျက်နှာကိုမြင်ယောင်လာသည်။ တကယ်တမ်း ရဲဆက်ကပြန်ချင်တာမဟုတ်ဘဲ သိုက်ကိုစည်းရုံးဖို့ကြိုးစားနေတာသာဖြစ်ကာ.. ၊

“ပြန်မလို့ခြေလှမ်းပြင်လိုက်တိုင်း မင်းဆီကိုပဲနောက်ပြန်ဆွဲနေတယ်သိုက်ရာ..မင်းတို့ချင်းလည်း အဆင်ပြေတာမဟုတ်ဘဲနဲ့ ကိုယ်တို့ချင်းကနှစ်သူတွေပါ၊ မင်းကိုသူ့ထက် ကိုယ်တင်ပေးလို့ရတယ်..သူလုပ်ပေးမှာထွက် အများကြီးလုပ်ပေးမယ်..”

အချစ်ရယ် အိမ်ထောင်ရေးရယ် နိုင်ငံကျော်ဖို့ရယ် ရွေးသိုက်ဆိုတဲ့မိန်းအတွက် သူတို့ဘာကိုပေးချင်နေကြတာလဲ..။ အချစ်က သူမနဲ့မသက်ဆိုင်ဘူးလား..။ ဘယ်လိုချစ်ခင် ယုယပါ့မယ်ဆိုတဲ့ကြင်နာမှုမျိုးတွေကသူမနဲ့ မထိုက်တန်လို့လား.. ၊

“သိုက်က အဲ့လောက်ထိနိုင်ငံကျော်ဖြစ်ချင်တဲ့ပုံ ပေါက်နေသလား”

သို့ သူမပြန်မေးခဲ့မိသည်။ ပြီးတော့ ထပြန်လာခဲ့သည်။ မင်းမျက်နှာပြောခဲ့တာတွေရော ရဲဆက်ပြောလာပုံတွေရော ဒီယောက်ျားနှစ်ယောက်မျက်လုံးထဲမှာ သူမကဘယ်လိုအရာဝင်တဲ့ မိန်းမမျိုးလဲ..။ မျက်လုံးထဲကနေငါဘက်ထဲထိ ဝင်ရောက်ခွင့်မရှိတဲ့ မိန်းမဖြစ်နေခဲ့သလား..။ ပြောပြနေကာတွေကို နားထောင်ရင်း တိုးတိုးမျက်နှာမှာ သိုက်လိုပဲကြေကွဲခံစားနေသည့်အရိပ်တွေ ပြည့်နှက်လာခဲ့လျက်.. ၊

“သူ့ကိုအဖွဲ့နဲ့ အတူတူပြန်ပါလားလို့တားလိုက်တာကိုက မင်းသမီး

မှားတာပဲ..အာကြောင့် အရမ်းမျော်လင့်သွားတာပဲ၊ သူ့ကိုယ်သူသူငေးထက် အများကြီးသာတယ်လို့တွက်နေတဲ့လူလေ..စိတ်ဓာတ်ကဖြင့် လောက်ကိုက်နေတာ..”

သိုက်မျက်နှာလေးက ဒဏ်ရာဗလပွန့်ခြေကုန်လက်ပမ်းကျနေသည့် စစ်ရှုံးသမားတစ်ယောက်လိုရှိနေကာ တိုးတိုးပြောတာကိုငြင်းလည်းမငြင်း ထောက်လည်းမထောက်ခံဘဲ.. ၊

“ငါ့ကိုပြောလိုက်တာ ရစရာမရှိဘူး..”

“ယူတတ်ရင်ရပါတယ်မင်းသမီးရယ်..”

“တိုးတိုး..”

“သြော်..မင်းသမီးတို့က တစ်ယောက်နဲ့တစ်ယောက် အကောင်းမမြင်တာ၊ ချစ်တဲ့မျက်လုံးနဲ့ကြည့်ရင် လှတယ်လေ..အဲ့ဒါပြောတာ..”

မျက်ရည်သုတ်ရင်း ပြောနေသဖြင့် စိတ်ဆိုးရလည်းခက်.. ၊

“လာမနောက်နဲ့..ငါအရမ်းခံစားနေရတာသိလား၊ တစ်ခါတည်း သေခန်းပြတ်ဖြစ်သွားမယ်..”

“အင်းပါ အင်းပါ..လုံးဝမနောက်ဘူး..”

သိုက်က မျက်ရည်တွေဝဲလာတာကို မျက်တောင်ခတ်နေရင်း ထိန်းချုပ်နေခဲ့လျက်.. ၊

“သူနဲ့ငါပြီးပြီ..”

“ဟမ်..”

ဘာပြီးတာလဲဆိုသည့် မေးခွန်းခုန်ပေါက်မထွက်ခင် ပါးစပ်ပိတ်ခြင်းကို မြန်မြန်ဆန်ဆန်လုပ်လိုက်ရကာ.. ၊

“ဘာတွေထပ်ဖြစ်ကြတာလဲမင်းသမီးရယ်..ရှုတင်အိမ်ကို ခဏလေးပဲခွဲထွက်သွားတာ၊ အကြီးကြီးကို ပြောင်းလဲကုန်တာပါလား..”

“ဟုတ်တယ်..ငါ့ကိုရစရာမရှိအောင်ပြောလွန်းလို့၊ ငါစိန်ခေါ်ပစ်လိုက်တယ်..”

သွားပြီပေါ့.. ၊

“ငါ့ကိုရဲဆက်နဲ့တွဲချင်လည်း ဒီရွာကပြန်မှတွဲတဲ့..”

“အံ့မာ..”

“ဒီရွာကကိစ္စတွေပြီးတဲ့အထိ ကောင်းကောင်းနေတဲ့..”

“ကျွန်မကဘာတွေလုပ်နေလို့လဲလို့ မေးလိုက်ပါလား..”

“မေးစရာမလိုဘူး..သူငါ့ကိုပြောလိုက်တာ စုံစိနေတာပဲ၊ စေ့စပ်ခဲ့တာသည်း ငါအောင်မြင်အောင်လုပ်ပေးချင်လို့တဲ့..”

“သူ့အတွက်မင်းသမီးတစ်လက် မွေးပြီးသားဖြစ်အောင်လုပ်တာ ရှင်းရှင်းလေး..”

သိုက်ခေါင်းလေးညိတ်၍ငံ့လိုက်တော့ မျက်ရည်နှစ်စက်လက်ခနဲကြွဆင်းသွားသည်။

“သူ့အမေရှေ့မှာ ငါ့ကိုဒေါသထွက်ပြီး ကြည့်နေတဲ့မော်နီတာတွေဘေးကမီးဘန်းတွေကိုပါ ရိုက်ခွဲပစ်လိုက်တာ..”

“ဟင်..”

“ငါအရမ်းရှက်တာပဲတိုးတိုးရယ်..သူ့လိုလူကို ငါရင်ခုန်မိတာ ငါရူးဘာ..ငါကအရူးမ..”

တိုးတိုးက အံ့သြသလိုငေးကြည့်နေပြီးမှ.. ၊

“ဒီလောက်ဥစ္စာခြောက်ပြီး ကင်းကင်းတုန်အောင်နမျောတဲ့လူက ဒီလောက်တောင်ဖျက်စီးပြီး ရိုက်ခွဲပစ်တယ်ဟုတ်လား..အဲ့ဒါ အဲ့ဒီလိုဒေါသချိုးကတော့ လုံးဝမရိုးသားတဲ့ဒေါသပဲ..”

တိုးတိုးကပြောရင်း သိုက်ရဲ့လက်လေးကို ဆုပ်ကိုင်လိုက်ကာ.. ၊

“နှင့်ကိုသူချစ်နေပြီသိုက်..လုံးဝသေချာတယ်..”

“ဒေါ်လေးရေ..”

တိုးတိုးရဲ့စကားကို မဖြစ်နိုင်ဘူးပြောမည့်အာရုံက သီတာလှမ်းခေါ်လိုက်သဖြင့် လှည့်ကြည့်လိုက်မိလျှင် ဒေါ်အေးချမ်းမေသည် အဖြူအညိုရောသော ခြည်တဘက်ကိုပခုံးကနေ သိုင်းပတ်ထားကာ လက်ကောက်ဝတ်ကို တစ်ဖက်ကပြန်ကိုင်လျက် ခပ်မိန့်မိန့်ရပ်နေ၏။ သီတာက လက်ယပ်ခေါ်နေတာ ခုကျမှ အပြင်ကဝင်လာသည့်ရှိစီနဲ့ရွာသူတစ်ယောက်ကလည်း လမ်းခုလတ်မှာရပ်၍ ဟိုဘက်ကြည့် ဒီဘက်ကြည့်နှင့်.. ၊

“အခြေအနေကတော့ မကောင်းဘူးထင်တယ်..အန်တီအေးမျက်နှာကြီး တင်းနေတာပဲ..”

တိုးတိုးကကပ်ပြောရင်း အားပေးသလိုလက်ကိုဆုပ်ကိုင်ထား၏။ သိုက်က လက်ကိုရုန်းလိုက်ပြီး ပင့်သက်ရှိုက်၍.. ၊

"ငါကလည်း အခြေအနေကောင်းဖို့ ဆုတောင်းမယ်သူမဟုတ်ဘူး... မနေနဲ့.."

"ဒါပေမယ့် တရားလွန်တော့ မပေါက်ကွဲနဲ့နော်မင်းသမီး.."

တရရကပ်ပြောပြီး တိုးတိုးကထပ်ချပ်မကွာ လိုက်လာ၏။ ဒေါ်အေးချမ်းမေက သိုက်ကိုအနားရောက်တဲ့အထိ စူးစိုက်ကြည့်နေခဲ့လျက်..။

"ခြေလှမ်းတွေကို ရပ်တန့်ထားမလား ရှေ့ဆက်သွားမလား လိုသင့်ရုတ်သိမ်းလို့ရတယ်..ပြောပြီးတဲ့ စကားတစ်ခွန်းကိုတော့ နှုတ်သိမ်းလို့မရဘူးသမီး၊ အန်တီဒီထိလာရတာ သမီးနဲ့ကိုမင်းတို့ပြောခဲ့တဲ့စကားတွေအတွက် ဆုံးဖြတ်ချက်လာပေးတာ.."

နိဒါန်းမပါသည့် လိုရင်းစကားကမီးစတစ်စလို ထိုးခွင်းဝင်ရောက်လာခဲ့ပြီး..။

"သမီးဘက်က စကားလွန်သွားတာလား..တကယ့်စိတ်ရင်းနဲ့လားဆိုတာ၊ ဒါပေမယ့် သမီးတို့ချင်းရှေ့ဆက်လို့မရနိုင်တော့ဘူးဆိုတာတော့ အန်တီပြောနိုင်တယ်.."

ပြော၍ သူမကိုငေးကြည့်နေသည့် သိုက်ရဲ့မျက်ဝန်းလေးတွေကို ပြန်စိုက်ကြည့်ကာ..။

"လတ်ကိုတော့ သမီးကိုယ်တိုင်ပဲပြောလိုက်ပါ..ဒါမှမဟုတ် အန်တီကိုယ်တိုင်ပြောသင့်သလားပဲ၊ ဒါကအရေးမကြီးပါဘူး..သမီးလည်း ကိုယ့်စိတ်ကြိုက်ရွေးချယ်ခဲ့တာဆိုတော့ စေ့စပ်ပွဲဖျက်သိမ်းကြောင်းကိုလည်း သမီးဘက်ကပဲ ကျေညာလိုက်ပါ..အန်တီတို့ကျေညာရင် သမီးနစ်နာသွားမလားလို့.."

ပြောပြီးတော့လည်း နှုတ်ဆက်စကားမပါဘဲ လှည့်ထွက်သွားခဲ့သည်။ သို့သော် ခြေသုံးလှမ်းလောက်မှာ ရပ်တန့်သွားပြီး သိုက်ကိုပြန်ငဲ့ကြည့်၍..။

"အန်တီတို့က ဖျက်သိမ်းပေးစေချင်တယ်ဆိုလည်း ဖြစ်တယ်နော်.. သမီးအဆင်မပြေရင် ပြောတာ.."

"သိုက်အဆင်ပြေပါတယ်..ဒါပေမယ့် အန်တီတို့ဘက်ကဖျက်သိမ်းလိုက်ပါ.."

ကိုယ့်စကားပြီး၍ လှည့်ပြန်မလို့ကျောခိုင်းလိုက်ပြီးမှ ဒေါ်အေးချမ်းမေ တို့ခနဲဖြစ်သွားသည်။ ပြန်လှည့်ကြည့်လိုက်တော့ သိုက်ကသူ့ကို ကျောခိုင်းသွားပြီဖြစ်၏။ ထို့ကြောင့် ပင့်သက်ရှိုက်ရင်း သူမပြန်လှည့်ခဲ့မိသည်။ အားလုံးသည် တိတ်ဆိတ်စွာပြီးဆုံးခြင်းသို့ ဦးတည်ခဲ့ပြီးမှ..။

"မီး...မီး မီးရှို့တော့မယ်ဗျို့၊ ဦးစံငြိမ်းတို့ ဘကြီးညိုတို့ လေးသီးစားညီအစ်ကိုတွေ သောင်းကျန်းကုန်ပြီ.."

"ဟဲ့..ဘယ်မှာလဲ၊ ဘယ်သူပြောတာတုံး.."

"ဖိုးခွေး ဘယ်ကကြားလာတာလဲ..လေးသီးစားတွေပြန်လာကြပြီလား.."

အော်ပြီး ပြေးလာကြသည့် ဆယ့်ခြောက်နှစ်သားလောက်လူငယ်လေးက ဒူးလောက်ဘောင်းဘီပွပွနှင့် ပုဆိုးကို ကွင်းသိုင်းလွယ်ထားပြီး သမ်းအတိုင်း တစ်ချက်မှမရပ်နားဘဲပြေးလျက်..။

"ဟုတ်တယ်..လေးသီးစားအိမ်က ဦးအုန်းမြိုင်ကိုမတွေ့လို့ အိမ်ကိုဆွဖျက်ပြီး အကုန်ရိုက်ချိုးနေတာ အခုမီးရှို့ပြီထင်တယ်..ဦးစံငြိမ်းကို သွားပြောမလို့ကျုပ်.."

အော်ပြေးသွားတာ လူလည်းပျောက်။ အသံလည်းပျောက်ဖြစ်သွားသည်။ သို့သော် ကြားသမျှလူတွေ အိမ်ထဲကနေ ပြေးထွက်လာကြကာ..၊

"ရွာနောက်ပိုင်းကိုပြေးကြဟေ့..ဟုတ်သည်ရှိမဟုတ်သည်ရှိ ဒီလူမိုက်ဘွေက ထင်ရာလုပ်မှာ.."

ပြောပြေးပြေးကြသည့် စကားသံတွေကြားပြီး ဒေါ်အေးချမ်းမေသားဖြစ်သူ ထိုအိမ်ကြီးထဲမှာမှန်း တွေးမိသွားပြီး..။

"အောင်မလေး..ဒုက္ခပဲ၊ လုပ်ကြပါဦးရှင်..အဲ့ဒီအိမ်ထဲမှာ ကျွန်မသားကျွန်မသားလေးအရက်တွေသောက်ပြီး မှောက်နေမှာ.."

ဒေါ်အေးချမ်းမေတအားအော်လိုက်သည့်အသံသည် သိုက်တစ်ကိုယ်လုံးတောင့်တင်းသွားစေလျက်..။

"ကျော်အောင်တို့ မောင်ပေါက်တို့ ဟဲ့..ဘယ်ရောက်ကုန်ကြပြီလဲ၊ လုပ်ကြပါဦး..ဟိုအိမ်မှာ ငါ့သား.."

ဒေါ်အေးချမ်းမေ ကိုယ်တစ်ပတ်လည်အောင် လှည့်အော်နေရင်း သိုက်နဲ့မျက်လုံးချင်းဆုံသွားလျှင်..။

"သိုက်ရေ..လုပ်ပါဦးသမီးရယ်..သားလေး.."

မှောင်ရိပ်သမ်းနေပြီဖြစ်သော ညနေတာကုန်ဆုံးခဲ့သည့်အချိန်တွင် ပို၍မည်းညစ်သော မီးခိုးလုံးကြီးတွေ တလိပ်လိပ်တက်လာတာကို ဒေါ်အေးချမ်းမေလှမ်းမြင်သွားကာ.. ၊

"အမလေး..ဟို ဟိုမှာ.."

"အန်တီအေး.."

သိုက်ပြေးလာပေမယ့် မြေပြင်ပေါ်မှာ ခွေခနဲပုံကျသွားသည့် ဒေါ်အေးချမ်းမေကို အချိန်မီမဆွဲလိုက်နိုင်မီ မီးကိုလှမ်းမြင်လိုက်သဖြင့် တစ်ရွာလုံးအုတ်အော်သောင်းတင်းဖြစ်ကုန်ကြသဖြင့် တစ်ကွဲတစ်ပြားစီဖြစ်နေကြသည့် ရုပ်ရှင်အဖွဲ့တွေကိုလည်း ရုတ်တရက်ဘယ်မှာမှမတွေ.. ၊

"တိုးတိုးရေ..အန်တီ့ကိုအိမ်ထဲသွင်းဖို့လုပ်ကြပါဦး.."

သူမတယုတယထူပေးမနေနိုင်တော့ဘဲ ရွာအနောက်ပိုင်းကအိမ်ကြီးဆီ ဦးတည်ပြေးလာမိ၏။ နေ့လည်ကကိစ္စကြောင့် သူအရက်သောက်နေတာလား..။ ဘာကြောင့်လဲ..။ အန်တီကရော ဘာဖြစ်လို့အရက်သောက်တာကို မတားတာလဲ..။ အရက်သောက်နေလည်း မီးပူလာရင်တော့ မနိုးဘဲနေမလား..။ ပြောနေရင်း အတွေးတွေများနေသဖြင့် ခြေခေါက်လဲထေသည်။ အရှိန်ကမသေးသောကြောင့် ကလေးလေးတွေလဲသလို အွတ်ခနဲပါမြည်၏။

"သိုက်.."

နောက်ကခေါ်သံကို ဖျတ်ခနဲလှည့်ကြည့်လိုက်တော့ ရဲဆက်.. ၊

"ရှင်.."

"ကိုယ်ဒီနားမှာတင် ကားပျက်လို့ပြန်လှည့်လာခဲ့တာ.."

ဒါဖြစ်နိုင်လို့လား..။ သိုက်ရဲ့မျက်လုံးမှာ သံသယအရိပ်တွေ သိသာစွာဖြတ်ပြေး၏။ ထိုစဉ် မီးခိုးတွေကြောင့်ရော ညအမှောင်ကပါကြီးစိုးလာပြီဖြစ်ရာ အိမ်ကြီးဆီက ပြာလဲ့လဲ့စိမ်းဖန့်ဖန့်မီးညွှန့်တွေက အလင်းရောင်ဖြစ်လာ၏။

"ထနိုင်ရဲ့လား..ဘယ်ထိသွားသေးလဲ.."

သူတွဲထူပေးတဲ့အတိုင်း ထရပ်လိုက်ပြီးမှ ပြေးလွှားနေကြသည့်လူတွေ ပြန်ငဲ့ကြည့်သွားသည့်မျက်လုံးတွေကြောင့် သူ့လက်တွေကိုဖယ်ချပစ်လိုက်၏။ ပြီးတော့ ဆက်ပြေးခဲ့မိသည်။ သူမခြေတစ်ဖက်ထော့ကာ

ကောင်းကောင်းမပြေးနိုင်ဘဲရှိကာ ရဲဆက်ကဘေးမှာအတူကပ်ပါလာသုက်.. ၊

"သိုက်ရယ်..ကိုယ့်ကိုတွဲပါ၊ မင်းကိုကိုယ်ကမိတ်ဆွေလိုပဲ.."

"ဟင့်အင်း..ရတယ်.."

မင်းမျက်နှာရှေ့ကျမှ ကိုယ့်ကျောနဲ့ကပ်ပြီး ရပ်ထားတာကိုသတိရမိသည်။ ဒီလူ့မှာရှိးသားတဲ့စိတ်မရှိနိုင်ပေ။ ကိုယ့်ကိုတကယ်မြတ်နိုးတာလား မင်းမျက်နှာကိုနိုင်ချင်တာလား..။ ဘာအကြောင်းနဲ့ဖြစ်ဖြစ် ရဲဆက်ရဲ့စိတ်ဓာတ်ကို မယုံကြည်နဲ့ဆိုသည့်အဖြေပဲထွက်၏။ လူတွေပြေးလွှားရောက်သွားကြပေမယ့် ပြေးကြည့်တာနဲ့ပဲတူနေကာ ဂေါ်ဇီလာကိုဂဲနဲ့ပါက်နေသလို ရေပုံးလေးတွေနဲ့ပက်ကြ ဖုတ်တွေပြေးကျုံးပြီးပက်ကြနှင့် ဘာမှလည်း အရာမထင်.. ၊

"ဟိုမှာ..ဟိုမှာ ဘယ်သူထွက်လာတာလဲ.."

ပြောသံကြောင့် အမောတကောရောက်သွားသည့်သိုက်အတင်းတိုးပြီး ကြည့်မိသည်။ ထွက်လာတာက ဦးအုန်းမြိုင်ဖြစ်နေလျက်.. ၊

"ပက်ကြပါဟ..သင်္ကြန်ရေပက်နေတယ်မှတ်နေကြသလား၊ ဒီလောက်ပျဉ်ထောင်အိမ်ကြီးမီးလောင်နေတာကို မီးကင်းမီးလောင်သလို လုပ်နေကြတယ်.."

သူကပဲ အော်ဟစ်ကြိမ်းမောင်းနေခဲ့လျက်.. ၊

"ငါဟိုလေးကောင်ကို သွားဖမ်းမယ်..ငါ့အိမ်ကိုမီးနဲ့ရှို့တယ်၊ ငါ့ကိုလည်း ဝိုင်းထိုးကြတယ်..မအေပေးမျိုးတွေ၊ မိမရှိဖမရှိတွေမို့လို့ မိမဆုံးမမဆုံးမဖြစ်နေတာ..နှမပေးမအေပေးတွေ.."

"ဦးအုန်းမြိုင်.."

အရက်မူးထားခဲ့မှန်းလည်းသိသည်။ လက်ထဲမှာလည်း ဓားကိုင်ထားသည့် အုန်းမြိုင်ကို သိုက်မကြောက်မလန့်ခေါ်ရင်း ရှေ့ကပြေးတားထားလိုက်ကာ.. ၊

"အထဲမှာ ရုပ်ရှင်အဖွဲ့တွေရှိသေးလား..ဘယ်သူတွေရှိလဲဟင်.."

"မရှိဘူး.."

"တစ်ယောက်ရှိတယ်တဲ့..အဲ့ဒါမြင်ခဲ့လားဟင်.."

"ရှိရင်ခုလောက်ဆို ရေနံတုတ်မီးစွဲသလိုဖြစ်ပြီ..စဉ်းစားမနေနဲ့.."

"ဖြန်း.."

အသက်ထက်အရေးကြီးနေသည့် စိတ်ဓာတ်ကြောင့် ဘာမှမမြင်နိုင်။ ဆက်ရဲ့ပါးကို ဖြန်းခနဲရိုက်ချပစ်လိုက်ပြီး အိမ်ကြီးထဲကို သိုက်ပြေးဝင်သည်။

"ဟာ..ရွှေသိုက်၊ မင်းသမီးဝင်သွားပြီ.."

"လိုက်ဆွဲထားပါဟာ.."

"မရတော့ဘူး..အထဲရောက်သွားပြီ၊ သေမှာပဲ.."

မီးတောက်တွေ ဟူးဟူးရှားရှားအားကောင်းနေတာကိုကြည့်ကာ မင်းနှက်နှာနေရာမှာတင် ရပ်နေလိုက်သည်။ ကျောအောင်ကပြေးရင်း ရှေ့ကိုလှမ်းသွားတာမို့ အရှိန်ကိုမနည်းထိန်းလိုက်ရကာ.. ၊

"ဘာဖြစ်တာလဲ.."

"ထားလိုက်တော့.."

သူလူတွေထဲ မတိုးတော့ဘဲ အေးဆေးပဲရပ်ကြည့်နေခဲ့လျက်.. ၊

"ဆက်တင်ဆင်ထားတာတွေက အတွင်းပိုင်းမှာချည်းပဲ..ခုလောက်ဆို မီးဝါးသွားပြီ၊ ဘာမှမထူးတော့ဘူး.."

"မင်းကလည်း မင်းမျက်နှာမဟုတ်တော့သလိုပဲ..အနားတိုးကြည့်ရမှာပေါ့ကွ၊ ယောကျ်ားတွေအများကြီးရှိနေတာကို ရသလောက်ပြေးဆွဲရမှာပေါ့.."

"နေပေ့စေတော့.."

ဒီကောင်ရူးနေပြီလားဆိုသည့်အကြည့်နှင့် ကျောအောင်မောလည်းမောနေကာ.. ၊

"ဟိုဘက်ကနေ ဒီထိပြေးလာပြီးမှ အနားတော့သွားကြည့်မှဖြစ်မယ်ဟ့ကောင်.."

ပြောပြီး သူဘာသာလှည့်ပြေးကာ လူတွေကြားထဲဝင်မိလျှင်.. ၊

"ဟင်.."

"ဒီလောက်မိုက်တာသေမှာပဲ.."

"မင်းသမီးဆိုတော့ ရုပ်ရှင်ရိုက်တာလည်း ဖြစ်နိုင်တာပဲ..သူတို့တွေဒီသူ ဒီမှာရိုက်မှာလေ.."

"ဟာ..အိမ်ပဲပြာကျတော့မှာကို.."

မဟုတ်ဘူး..ဘယ်သူမှမရှိတော့ဘူး..၊ သိုက်ရင်တွေတုန်ကာ တရားမှတ်သလို ရေရွတ်နေမိသည်။

"ဟေ့..မီးတွေစင်နေတယ်၊ နောက်ဆုတ်နေကြ..လူငယ်တွေ ရွာဘက်က ကာပြီးရေပက်၊ ဖျက်ချကြ.."

"အနောက်ဖက်ကိုကူးသွားရင်လည်း တောမီးဖြစ်သွားမှာလူကြီးရဲ့-ဝိုင်းထားကြဟေ့.."

မီးတောက်ကအားကြီးလာသည်။ နောက်ဖေးကစလောင်တာဖြစ်ပုံရကာ လေနောက်လိုက်သည့်မီးညွှန့်က မီးဖွားတွေပစ်ချပြီး မီးစကျရာလိုက်လောင်၏။ သိုက်ကမီးတောက်ကြီးကိုကြည့်ရင်း တစ်ကိုယ်လုံးတုန်ယင်နေ၏။

"သူမရှိဘူး..သူထွက်ပြေးသွားပြီ၊ ဦးအုန်းမြိုင်ကမရှိဘူးလို့ပြောခဲ့တာ မရှိပါစေနဲ့.."

"မျက်နှာ..မျက်နှာအထဲမှာ၊ ဒီကောင်သွားပြီ.."

ဟင်.. ၊

လှည့်ကြည့်လိုက်တော့ ပေါက်ကြီးမျက်လုံးကြီးအပြူးနှင့် အော်နေတာဖြစ်ကာ.. ၊

"လုပ်ကြပါဦးဗျာ..သူတစ်ယောက်တည်းနေချင်တယ်ဆိုပြီး အရက်သောက်ကျန်ခဲ့တာဗျ၊ ကျွန်တော့်သူငယ်ချင်းကို ထုတ်ပေးကြပါ.."

ယောကျ်ားမတန်မယ့် မျက်ရည်တွေကျရင်း အော်နေတာကို ငေးနေရင်း သိုက်သတိဝင်လာသည်။ ဒါကကိုယ့်ရွာ..။ ကိုယ့်မျက်စိရှေ့မှာ သားအမိနှစ်ယောက်စလုံး ပဋ္ဌာမြေလူးမဖြစ်စေရ.. ၊

"သိုက်ဘာလုပ်မလို့လဲ.."

"ကျွန်မကိုလွှတ်.."

ရေဆွတ်ထားသည့်စောင်ကြီးပိုက်ကာ ဘာမှမလုပ်နိုင်ဘဲ ချိတုံချတုံဖြစ်နေသည့် လူကြီးတစ်ယောက်ဆီက သိုက်ဆတ်ခနဲဆွဲယူလိုက်၏။ ရဲဆက် တအံ့တသြဖြစ်သွားပြီး သိုက်ရဲ့လက်ကိုလည်း ဖိဆွဲထားကာ..

"မင်းရူးနေလား..အဓိပ္ပာယ်မရှိ.."

"ရှင်..ဖယ်.."

"မသွားရဘူး.."

"ဒါလည်း မီးရှို့ပြီးပြန်လျော်ပေးမှာနေမှာပေါ့.."

လူတွေပြောစကားအရ အထဲကိုသိုက်ဝင်သွားတာလား..။ ကျော်အောင်ပါးစပ်အဟောင်းသားဖြစ်နေစဉ်.. ၊

"ဘာဖြစ်လို့လဲ..အိမ်ထဲမှာရွှေသိုက်ရှိနေတာလား.."

မင်းမျက်နှာရဲ့ အလောသုံးဆယ်မေးသံပေါ်လာ၏။

"ဟုတ်တယ်.ခုလေးတင် ပြေးဝင်သွားတာ.."

"မျက်နှာ..မင်းကဒီမှာလား၊ အထဲမှာမင်းရှိတယ်ထင်လို့..ငါ.."

ပေါက်ကြီးအူယားဖားယားပြေးလာပြီး လက်မောင်းကိုကိုင်လှုပ်နေ၏။ မင်းမျက်နှာဘာကိုမှ ဂရုမစိုက်နိုင်တော့ဘဲ ပေါက်ကြီးလက်ကိုဖြုတ်ချပစ်လိုက်လျှင်.. ၊

"သား.."

ဒေါ်အေးချမ်းမေနှင့် တိုးတိုးတို့အားလုံး သူ့ဘေးကိုရောက်လာကြ၏။

"ခဏလေးအမေ..အထဲမှာသိုက်ပိတ်မိနေပြီ.."

"ဟင်.."

"အမလေး...ငါတို့မင်းသမီးလား၊ ဘုရားကယ်တော်မူပါ.."

"သား...သားမသွားနဲ့လေ၊ မီးတွေ သားလေ.."

ဒေါ်အေးချမ်းမေဆွဲထားသည့်လက်တွေကို ဖြုတ်ချခဲ့ပြီး မင်းမျက်နှာမီးတောက်တွေနဲ့အိမ်ကြီးထဲကို ပြေးဝင်သွားလေသည်။ ကျော်အောင်ဘာမှကိုမပြောနိုင်တော့ဘဲ ပါးစပ်ကြီးပွင့်ဟလျက်။ ခုနပြောတော့ ဒီလူတွေရဲ့နောက်မှာရပ်နေပြီး 'နေပစေတော့'တဲ့.. ၊

"ငါ့တူမဝင်သွားတယ်ဆို ဟေ့..လုပ်ကြစမ်း၊ ဒီအိမ်နောက်မှာ မိုးကန်ကြီးရှိတယ်..ဖောက်ချ.."

"ဟုတ်တယ်..အဲ့နောက်မှာကန်ကြီးရှိတယ်၊ အဲ့ဒီမိုးကန်ကြီးကိုဖောက်ချရအောင် လာဟေ့..ငါတို့ကန်ကိုန္နတ်ခမ်းဖဲ့ချလိုက်မယ်.."

"အေးဟ..မိုးရေတွေရှိမှာ၊ ငါတို့မွေ့နေတယ်.."

မိုးတွင်းမှာရေခဲပြီး တစ်နှစ်ပတ်လုံးအတွက် လှောင်ထားဖို့ပိုက်ဆံရှိသူတွေက အိမ်နောက်မှာ စင်ထိုး၍ရေကာတာလိုဆောက်ထားကြသည်။ တချို့ကျတော့ အိမ်နောက်မြေလွတ်မှာ ကန်တူးကြ၏။ ဒါကိုမိုးကန်လို့

ခေါ်ကြတာဖြစ်သည်။ လူတွေအကြောကောင်းရသွားပေမယ့် ကန်ဆီကိုတော့သွားနေရသဖြင့် အထဲရောက်သွားသည့် လူနှစ်ယောက်အတွက်စာခံသာ။ မီးတောက်မရှိသေးသည့် အခန်းတွေမှာ မီးခိုးတွေလိုက်အူနေကာ မီးနီးသည့်ထရံဘက်ခြမ်းတွေက ခြစ်ခြစ်တောက်ပူနေ၏။

"မင်းမျက်နှာ..ဘယ်မှာလဲ၊ ဒီလောက်တောင်လူမှန်းမသိသောက်ရသားဟင်..ကျွန်မကိုအသံပေးဦးလေ၊ မင်းမျက်နှာ မင်းမျက်နှာလို့..အဟင့်"

ကိုယ်မှာလည်းအသားတွေ ပူခြစ်နေကာ အခန်းတစ်ခုထဲမှာလည်း ခဲ့ရှိ အလုပ်စားပွဲဆိုတာလည်း ဘယ်မှာထိုင်လုပ်နေမှန်းမသိ။ မီးထဲပါသွားပြီလားမသိ။ သိုက်ချုံးပွဲချင့်လေသည်။

"မင်းမျက်နှာ..အဟွတ် အဟွတ်.."

ငိုချလိုက်ကာမှခေါ်တော့ အသံကကျယ်ကျယ်မထွက်နိုင်တော့ပေ။ သို့ပြင် မီးခိုးမွှန်ကာမျက်လုံးတွေပါ ပြာဝေလာခဲ့လျက်.. ၊

"မင်းမျက်နှာ..ဘယ်မှာလဲ၊ မင်း အဟွတ်..အဟွတ်.."

"ဒုန်း... ဝုန်း ဒုန်း..."

အပေါ်ထပ်တက်ဖို့ မီးညွှန့်ယိမ်းလာတာကိုစောင့်ပြီး ခြေလှမ်းပြင်းထန်စဉ် ထုတ်တန်းပြုတ်ကျလာသဖြင့် သိုက်နားနှစ်ဖက်ကိုအုပ်၍ ငုတ်ငုတ် လေးထိုင်ချလိုက်မိ၏။ ကိုယ်ပေါ်ထုတ်တန်းပြုတ်ကျပြီး လူကိုမီးငါးတော့မည်လို့ သေချာပေါက်တွက်၍ မျက်လုံးတွေပါ မှိတ်ထားမိသော်လည်း..၊

"ဗျစ်..ဗျစ်.."

ဟင်.. ၊ လူပေါ်ကိုဘာမှကျမလာဘဲ တဗျစ်ဗျစ်မြည်သံကြီးကို ဒီးကပ်စွာ ကြားလိုက်ရသဖြင့် မော့ကြည့်လိုက်မိလျှင်.. ၊ ဘုရား...ဘုရား...။ အပေါ်ထပ်ကြမ်းခင်းတစ်ခြမ်း ရဲရဲနီလျက် သူမခေါင်းပေါ်မှာ.. ၊

"သိုက်..မင်းဘယ်မှာလဲ.."

ဟင်..မင်းမျက်နှာ.. ၊

"သိုက်.."

"မင်းမျက်နှာ..ကျွန်မ အဟွတ် အဟွတ်..ဒီမှာလို့၊ ကျွန်မ အဟွတ် အဟွတ်.."

သိုက်အသံကိုကြားပြီး လူကိုမတွေ့။ မင်းမျက်နှာ အသံကြားတဲ့ဆီ

မှန်းဆရင်း မီးခိုးတွေကိုအကျိုချွတ်၍ ဖုတ်ခါထုတ်ပစ်ပြီး ဝင်လာခဲ့လျှင်

"ဟာ သိုက်..မင်း မင်းနောက်ကိုပြန်လှည့်ပြေးခဲ့၊ အပေါ်မှာပြိုကုန်တော့မယ်..ကျ အဟွတ် အဟွတ်.."

"မင်းမျက်နှာ.."

သိုက်ဖျတ်ခနဲလှည့်ကြည့်သည်။ အပေါ်ကကျလာမှာကို ကြောက်ရွံ့မဟုတ်ဘဲ မင်းမျက်နှာဆီဝမ်းသာအားရ လှည့်ပြေးတာဖြစ်သည်။ ဒါလေးမယ့် ကြမ်းခင်းတစ်ခြမ်းလုံး ပြိုကျဝါးမြိုခံရမည့်ဘေးကနေ အတိအဂ်လွတ်မြောက်သွားလေသည်။

"မင်းမျက်နှာ..ရှင်ဘာမှမဖြစ်ဘူးနော်.."

ရင်ခွင်ထဲကိုအင့်နဲမြည်သွားတဲ့အထိ ပစ်စလက်ခတ်ပြေးဝင်၏။ ပြီးတော့ ခါးကိုဖက်ထားကာ.. ၊

"ရှင်ဘယ်သွားခိုနေတာလဲ..ဒီလောက်ခေါ်နေတာကို.."

"နောက်မှပြော.."

မင်းမျက်နှာ သိုက်ရဲ့လက်ကိုဆွဲကာ မီးနည်းသည့်ဘက်ကိုရှာရင်း လူသာတစ်ပတ်လည်သွားသည်။ ဖြတ်ကူးလာသည့်ဝင်ပေါက်ကိုတောင် ရှာမတွေ့တော့ဘဲဖြစ်သွားခဲ့၏။

"သွားပြီ.."

"ဒုန်း.."

"အား.."

တဖြုတ်ဖြုတ်ကွာကျနေသော ထရံပျဉ်ချပ်တွေ ထုတ်တန်းတွေက မီးတွေတရဲရဲနှင့်ဖြစ်လျက် လူပေါ်တည့်တည့်မကျပေမယ့် ကိုယ့်ပတ်ဝန်းကျင်မှာ လက်နှက်တရွယ်ရွယ်နှင့် ခြောက်လှန့်နေသည့်နယ်။ သိုက် သူ့ခါးကိုဖက်ထားရင်း ပူလာလေရင်ခွင်ထဲတိုးဝင်လေနှင့်.. ၊

"ကျွန်မတို့သေတော့မှာလားဟင်.."

"ဟုတ်တယ်သေတော့မှာ..အရူးထပြီး မီးထဲပြေးဝင်ချင်ဦး..ခင်ဗျား.."

"အဲ့ဒါရှင့်ကြောင့်လေ..ရှင်မူးရူးပြီးမှောက်.."

"အုန်း.."

"အမလေး.."

မီးတုတ်တန်းကြီးတစ်ချောင်း သိုက်ခေါင်းပေါ်ကနေ ပြုတ်ကျလာသဖြင့် သူမကိုယ်လေးကိုဖက်၍ ကျောလှည့်ခံပေးလိုက်လျှင်.. ၊

"အား.."

"ဟင်..မီးဖွားတွေစင်ကုန်ပြီ.."

သိုက်ကမန်းကတန်းရုန်းထွက်ကာ သူလွှားခြုံပေးထားသည့် အင်္ကျီကိုဆွဲ၍ သူ့တစ်ကိုယ်လုံးကို အသည်းအသန်ရိုက်ပုတ်ပေးမိသည်။

"ဒီကိုလာ.."

သူမကိုစိတ်ပူပြီး မင်းမျက်နှာက ရင်ခွင်ထဲပြန်ဆွဲသွင်းလိုက်ကာ..၊

"ငါဒီဘက်ကဝင်ခဲ့တာ..ဒီတိုင်းတော့ မီးသွေးအဖြစ်ခံပြီး မသေနိုင်ဘူး၊ မီးထဲကိုထိုးထွက်မယ်.."

"အင်း.."

ပြောပြီးတာနှင့် အင်္ကျီကိုဖြန့်ကာ သိုက်ရဲ့မျက်နှာနဲ့ဆံပင်တွေပေါ်လွှားခြုံပေးလိုက်ပြီး ဖျတ်ခနဲတွေးမိလိုက်တာက သူမကိုသူ့အသက်ထက်ပို၍ပူပန်မိခြင်း.. ၊

"ကောင်းတာပေါ့..အတူတူဖက်ပြီးသေရတာ နည်းတဲ့ကုသိုလ်မဟုတ်ဘူး.."

"ဟင်.."

သိုက်က အုပ်ကွယ်ထားသည့်အင်္ကျီကိုဖွတ်ဖယ်ပြီး သူ့ကိုမော့ကြည့်သည်။ တဖျင်းဖျင်းပူလောင်နေသည့် မီးတောက်တွေကြားမှာ မျက်လုံးချင်းဆုံမိရင်း မီးအပူကြောင့် နှစ်ယောက်စလုံးရဲ့မျက်လုံးတွေထဲမှာ မျက်ရည်တွေအတူတူ ပြိုကျနေခဲ့လျက်.. ၊

"ဟေး..ဒီဘက်ကထွက်ခဲ့ဟ.."

"ဝေါ.."

"ဗြုန်း..ဒိုင်း ဝုန်း.."

"လာဟော့..ဒီဘက်က.."

"ရွှေသိုက်ရေ.."

"ရွှေသိုက်ရှိနေသေးလား..ရေစီးဘက်ကိုထွက်ခဲ့ဟ.."

စကားသံတွေရော ရေအလုံးလိုက်စီးလာသံတွေပါ ရုတ်တရက်တဝုန်းဝုန်း မြည်ဟီးသွားကာ.. ၊

♥♥♥♥♥

အခန်း(၅၈)

"ဒီကောင်တွေအပြေးကောင်းတယ်..ခုထိ မိသံမကြားသေးဘူး၊ တို့ရွာထိပ်မှာရဲကင်းရှိတယ်လေ..ရွာကြီးကစခန်းကိုဖုန်းဆက်ပြီး ရဲတွေချက်ချင်းရောက်လာတာ.."

ရွာသားတွေက ရွာကကိစ္စတွေပြောနေကြကာ ဒေါ်တင်တင်လတ်ကတော့ ခရီးရောက်မဆိုက်ပေမယ့် သမီးရဲ့ကျန်းမာရေးအတွက်ပဲ ပူပန်နေခဲ့လျက်.. ၊

"အုန်းရေသောက်ရုံနဲ့ရပါ့မလားကိုညီရယ်..အသားတွေလည်း မီးပွားစင်တဲ့ဒဏ်ရာတွေနဲ့ မျက်နှာချောင်သွားလိုက်တာလည်း မျက်ကွင်းတွေကို ညိုလို့."

"အန်တီလေးကလည်း အသက်မသေတာပဲဝမ်းသာရမှာကို.."

"ဒါတော့ဒါပေါ့အေ.."

ဒေါ်တင်တင်လတ် မျက်ရည်တွေကျလျက် သိုက်လက်ဖျားလေးတွေကို ဆုပ်နယ်ပေးရင်း အသံတွေလည်းတုန်နေရှာ၏။ ညကသတင်းကြားတည်းက ချက်ချင်းထွက်လာခဲ့တာဖြစ်သည်။ ဒေါ်အေးချမ်းမေသည် ဒေါ်တင်တင်လတ်ထိုင်နေသည့်ဘေးမှာလာရပ်ပြီး.. ၊

"လတ်.."

ဒေါ်တင်တင်လတ်က မော့ကြည့်ပြီး မျက်ရည်သုတ်သည်။ သို့သော်ဖော်ရွေခြင်းကင်းမဲ့လျက်.. ၊

"ထိုင်လေ..အေး.."

"ငါတောင်းပန်ပါတယ်.."

ပြောပြီးမှ ခပ်ဖြည်းဖြည်းထိုင်ကာ.. ၊

"ငါတကယ်မှားသွားတယ်.."

"သိုက်.."

လူကြီးချင်း ပြောစရာရှိကြပြီကိုတွေးက ကျောအောင်တို့က အဝေးကနေ ရှိစီတို့ကိုမျက်ရိပ်ပြသည်။ ရှိစီတို့က သိုက်ရဲ့လက်ကိုခပ်ဖိဖိဆွဲ၍..

"နေကောင်းတယ်ဆို ပိန္နဲပင်အောက်မှာ သွားထိုင်မယ်လေ..အန်တီကိုစကားပြောပါစေပေါ့.."

သိုက်လည်းမနေချင်ပါ။ ဒါပေမယ့် ဒေါ်အေးချမ်းမေ ဒီထိလာပြီးဆုံးဖြတ်ချက်တွေချသည့်အချိန်မှာ အန်တီလေးက ဘာမှမသိလို့နေခဲ့တာလား...။ 'ငါ့တူမကလည်းလွန်ပါတယ် နင့်သဘောပါပဲ'ဆိုပြီး တမင်ဆုံးဖြတ်ခွင့်ပေးလိုက်တာလား...။ ဒါကိုတော့ သိချင်မိ၏။

"လိုက်သွားသမီး...လေကောင်းလေသန့်ရတာပေါ့.."

သိုက်တွေဝေနေတုန်း သူမဝတ်ထားသည့်အနွေးထည်လေးကို ပြေပြစ်အောင်ဆွဲချုပြုပြင်ပေးပြီး ဒေါ်တင်တင်လတ်ကပါ တိုက်တွန်း၏။ သိုက်တို့ထွက်သွားကာမှ လူကြီးနှစ်ယောက်၏ဟန်ဆောင်အမူအရာတွေပြုတ်ကွာကျလျက် လှိုဒ့ုက်သည့်အပြုံးတို့သည်.. ၊

"ငါတော်လွန်းလို့တော့မဟုတ်ဘူးလတ်ရေ..လုပ်နေရင်း ကိုယ်ကျိုးနည်းတော့မလို့ရယ်၊ ကံကြမ္မာကိုက အဲ့လိုအတို့အထောင်လုပ်ပေးလာတာ.."

"ဒါမျိုးတော့ လုပ်ပါလေ့စေ.."

လူကြီးတွေရဲ့အပြုံးကိုမသိဘဲ သိုက်မျက်နှာလေးက ငိုင်တွေနေ၏။ မင်းမျက်နှာအတွက် သူမသေမှာမကြောက်လောက်အောင် စိတ်ပူခဲ့သည်။ သူလည်း ကိုယ့်အတွက်မီးထဲပြေးဝင်လာခဲ့သည်။ ဒါပေမယ့် ပြီးသွားတော့လည်း တစိမ်းတွေပါပဲလား.. ၊

"ငါ့မျက်လုံးတွေစပ်နေသေးတယ်တိုးတိုး.."

"ဟုတ်လို့လားမင်းသမီးရယ်..ကိုယ့်ဘာသာဟိုတစ်ယောက်ကို ခ တွေ့ရလို့ ငိုချင်နေတာများလား.."

"မဟုတ်ပါဘူး..မျက်လုံးထဲမှာ မီးခိုးတွေဝင်ထားတာ အများကြီးပဲ ကို.."

ပြောနေရင်း မျက်လုံးတွေမှိတ်ပစ်ရင်း လက်ကိုင်ပဝါလေးနဲ့ မျက်ရည်တွေကို တို့သုတ်နေမိသည်။ ပြီးတော့ အပြင်မှာနေလိုစိတ်မရှိသည့် အဖြစ်ကို အကြောင်းပြကောင်းရသွားလျက်.. ၊

"ငါအပြင်မှာ မနေချင်တော့ဘူး.."

လို့ပြော၍ နောက်ပြန်လှည့်လိုက်လျှင် သူမရှေ့မှာရပ်နေသည့်တစ် ယောက်နှင့် ရင်ဘက်ချင်းတိုက်မိမတတ်ဖြစ်သွား၏။ ထိုသူသည်မင်းမျက် နှာဖြစ်နေလျက်.. ၊

"နေမကောင်းဘူးလား.."

"ရှင်.."

သိုက် ဝမ်းသာသွားတာလား..ရင်ခုန်သွားတာလားမသိ။ မျက်နှာ ပြင်မှာပါ ရှိန်းခနဲပူထူသွားသည်။ မင်းမျက်နှာဆိုတဲ့လူ သူမကိုအဲ့လောက် ထိ လွမ်းမိုးနိုင်ခဲ့တာလား..။ အကယ်၍ သူနဲ့သာလွဲခဲ့ရမယ်ဆို သူမဘယ် လိုဖြစ်မလဲ.. ၊

"ရှင်ရော.."

"ကိုယ်လား.."

သူကခေါင်းကိုင်မလို ဂုတ်ပွတ်မလိုလက်ပြင်ပြီးမှ ပြန်ချပြီးပြုံးကာ

"ဘာမှမဖြစ်ဘူး..မင်းဒဏ်ရာရတယ်မို့လား.."

"အင်း.."

သိုက်က ပလာစတာကပ်ထားသည့် လည်ဂုတ်လေးပေါ် လက်ပြန် စမ်းလိုက်ပြီး.. ၊

"နည်းနည်းလေးပါ..ဘာနဲ့ထိသွားလဲတောင်မသိဘူး၊ ပွန်းသွားတာ ပြီးတော့ လက်တံတောင်ဆစ်လေးကိုပါထောင်၍ အပေါ်ထပ်အကို့ ထဲရောက်နေတာမြင်မှ လက်ပြန်ချကာ.. ၊

"တံတောင်ဆစ်မှာရော..နည်းနည်းလေးစီပဲ.."

ဖြေနေပြီး မျက်နှာလေးပြန်မော့မလာသဖြင့် မင်းမျက်နှာကစိုက် ကြည့်ကာ.. ၊

"နည်းနည်းလေးဆိုပြီး နာနေတာလား.."

"ဟင့်အင်း.."

"ငိုနေတာလားလို့.."

"မဟုတ်ပါဘူးဆိုမှ.."

ခေါင်းခါလိုက်မှ မျက်ရည်စက်လေးစင်သွားတာကို ဖုံးဖိမရဖြစ်ကာ..

"မဟုတ်ဘူး..အဲ့ဒါငိုချင်တာမဟုတ်ဘူး.."

"မျက်ရည်တွေသိပ်ပေါနေတာပေါ့.."

"ရှင်နော်.."

ဆတ်ခနဲမော့လာတော့ မင်းမျက်နှာကရယ်ကာ.. ၊

"ကိုယ်တို့ရန်ဖြစ်ကြဦးမှာလား.."

"ရှင့်ပေါမှာပဲ မူတည်တယ်.."

"ဩော်..ဩော် ကိုယ်ကပဲရန်လိုနေတာပေါ့.."

"မသိဘူး.."

"မင်းကိုယ့်ကိုရွဲ့ပြောသွားတုန်းက ကိုယ်ဘယ်လောက်ထိပျာသွား သလဲသိလား.."

သိုက်က သူ့မျက်နှာကိုကြည့်နေပြီး ဘာမှမဖြေ။ မင်းမျက်နှာက သိုက်ရဲ့လက်ဖဝါးလေးတစ်ဖက်ကို ဆွဲယူလိုက်ပြီး သူ့လက်နှစ်ဖက်ထဲ မှာ ဖိဆုပ်ထားလိုက်ရင်း.. ၊

"ကိုယ့်မှာဘာမှမရှိတော့သလိုပဲ.."

သိုက်ရင်တွေတဒိတ်ဒိတ်ဆောင့်ခုန်လာကာ သူကိုင်ထားသည့်လက် ကို ပြန်ရုန်းနေမိသည်။ လက်ဖျားတွေအေးစက်လာတော့မှာကို ကိုယ့်ဘာ သာသိနေလို့ဖြစ်ကာ.. ၊

"မင်းလည်းကိုယ့်လိုပဲမို့လား.."

သိုက်ဘာဖြေရမှန်းမသိဘဲဖြစ်လာကာ.. ၊

"ရှင် ရှင်အဲ့ဒီအိမ်ထဲမှာ အရက်သောက်နေတာမဟုတ်ဘူးပေါ့.."

မဆီမဆိုင်ပြန်မေးပေမယ့် သူကရယ်လိုက်ရင်း.. ၊

"ဟုတ်တယ်..ဘယ်တော့မှသောက်ဖို့စိတ်မကူးခဲ့တဲ့အရက်ကိုသောက်

မလို့၊ နောက်ပြီး အမေနဲ့စူးစူးကိုယ့်နားက ထွက်သွားအောင်လို့..အမေ မကြိုက်မှန်းသိရက်နဲ့ ပုလင်းထောင်ပြလိုက်တာ..”

သူ့ဘာသာပြောနေရင်း သိုက်ရဲ့လက်လေးကိုလည်း မလွတ်တမ်းဆုပ်ထား၍.. ၊

“ပြီးတော့ မသောက်ချင်တော့ဘူး..မင်းနဲ့စကားပြောချင်စိတ်တွေပဲ ဖြစ်လာတယ်၊ အဲ့ဒါနဲ့ အမေတို့ထွက်သွားပြီး သိပ်မကြာဘူး..ကိုယ်ထွက်လာတာ..”

“ဟိုလူကြီးအဲ့ဒီထဲဘယ်လိုရောက်လာတာလဲဟင်..”

“ကိုယ့်ကိုကြွေးလိုက်တောင်းတာပေါ့..ဇာတ်ကားရိုက်ပြီးရင် အကြေးမယ်ပြောထားတာကို ခုပေးပါတဲ့..အဲ့ဒါနဲ့ သူ့ကိုအရက်ပုလင်းနဲ့ထားခဲ့ပြီး ထွက်လာခဲ့တာ..”

သိုက်က စိုးရိမ်မပြေသည့်မျက်ဝန်းလေးတွေနှင့် စိတ်ဝင်တစားနားထောင်နေ၏။ သူက စိုက်ကြည့်နေပြီး.. ၊

“မင်းကိုယ့်ကိုဘယ်လိုထင်လဲ..”

ဟင်..။ ဒီစကားပြန်ရောက်လာပြန်ပြီ.. ၊

“ကိုယ်စဉ်းစားကြည့်တာလေ..မင်းကိုယ့်ကိုတစ်စက်မှ အကောင်းမမြင်ခဲ့ဘူး၊ တစ်ခါမှစကားကောင်း မပြောခဲ့ဘူး..”

“ရှင်ကရော..”

“ကိုယ်ကလျှော့ဖို့ကြိုးစားပါတယ်..”

“ရလို့လား..”

“မင်းလိုပဲလေ..”

သိုက်က မျက်စောင်းရွယ်တော့ မေးဖျားလေးကိုသူက ခပ်ဆတ်ဆတ်ပုတ်လိုက်ကာ.. ၊

“မင်းနဲ့ကိုယ်အားလုံးတူနေလို့ မင်းကကိုယ့်အတွက် မီးထဲပြေးဝင်တယ်..ကိုယ်လည်းမင်းကြောင့် ပြေးဝင်လာခဲ့တယ်၊ ဘယ်မှာကွဲပြားတာရှိလို့လဲ..ပြော..”

သိုက်ကလက်ကိုရုန်းနေရင်း.. ၊

“ကျွန်မသိပ်နေမကောင်းသေးဘူး..ဝင်တော့မယ်..”

“ကိုယ့်ကိုမှီထား..”

အပြောနဲ့အတူ သိုက်ကိုယ်လေးကို ရင်ခွင်ထဲဆွဲဖက်ထားလိုက်သည်။ ရိုးသလိုအေးသလိုနဲ့ လုပ်လိုက်ရင်ဒီလိုပဲ ဆိုးဆိုးဆတ်ဆတ်နဲ့ပါ။ ချစ်သူလည်းမဟုတ် ဘာလည်းမဟုတ်ဘဲ တစ်ကိုယ်လုံးကို သိမ်းပိုက်ယူဖက်ထားလျက်.. ၊

“တွေ့လား..မိန်းမနဲ့ယောကျ်ားဆိုတာ ယောကျ်ားကအရုပ်ပုပေမယ့် ဘုန်းရိပ်ကံရိပ်ကမနေဘူး..”

“ဘယ်လို..”

“အရုပ်သာပုတာ ယောကျ်ားတို့ဘုန်းလက်ရုံးတဲ့..”

သိုက်က မျက်နှာလေးကွယ်ထားရင်း ရယ်ကာ.. ၊

“လက်ရုံးဖုန်းဆိုတာ မကြားဖူးဘူး..ဘယ်လိုမော်ဒယ်လ်မျိုးလဲ..”

“အရမ်းဘားရှင်းမြင့်တာ..အကုန်လုံးလုပ်လို့ရတယ်၊ သိချင်ရင် မော့လိုက်လေ..”

“ဟေး...ဟိုကောင်လေးနဲ့ကောင်မလေး အုန်းရေနဲ့ရေချိုးရမယ်၊ စိမ်ထားပြီးပြီ..လာကြ..”

မင်းမျက်နှာရုံ့မဲ့သွားကာ.. ၊

“ကျွတ်..အဲ့ဒါတွေပဲ..”တဲ့.. ၊

ဘာမှန်းတော့ မသိ.. ၊

♥♥♥♥♥

ဒေါ်အေးချမ်းမေက မျက်နှာငယ်လေးနဲ့လှည့်ကြည့်ပြီးမှ သားဘက်ပြန်လှည့်၍.. ၊

"အေးလေ..ပြန်ကြတာပေါ့၊ တို့နှစ်ယောက်ကားအတူတူစီးမယ်မို့သားဟင်.."

ဒေါ်တင်တင်လတ်က မျက်နှာလေးချီပြီး မသိမသာလွှဲပစ်၏။ မင်းမျက်နှာ ကိုယ့်အမေကိုအားပေးသလို တစ်ချက်ကြည့်ပြီး လှည့်ထွက်လာခဲ့သည်။ နောက်မှာ ပါးစပ်တွေပိတ်ပြီး ရယ်နေကြတာကိုမသိတော့ဘဲ..၊

"ဟေ့.. ဟေ့ ဘာဖြစ်တာလဲ နေဦး.."

ကားတွေတန်းစီထားပြီးပြီ။ သိုက်တို့ကလွဲလျှင် အားလုံးလည်းကားနားမှာ လူစုပြီးဖြစ်ကြကာ အရက်မူးနေသော အုန်းမြိုင်ဆိုတဲ့လူကြီးသားကိုးယို့ကားယားဖြစ်နေခဲ့လျက်.. ၊

"ငါ့ကိုပေးဖို့ပိုက်ဆံ မပေးဘဲ ထွက်သွားလို့ကတော့ ဟွန်း.."

"နေပါဦး..ခင်ဗျားကိုပေးခဲ့တဲ့ စရံသုံးသောင်းတောင် ကျွန်တော်ကဆုံးသေးတယ်၊ ခင်ဗျားအိမ်မှာ ဘာမှမရှိက်လိုက်ရဘဲနဲ့ ဘာကိုပေးရမှာလဲ.."

"ဟေ့အေး..ရိုက်ရတယ်လို့ပဲမှတ်တယ်ငါကတော့၊ ပေးကွာ..ပေးကွာ ငါ့အိမ်လည်း မီးလောင်သွားတယ်ဆိုတော့ ပိုပေးရမယ်..သုံးသောင်း.."

"ဘာ.."

ထိုစဉ် သိုက်တို့အပြင်ထွက်လာကြကာ ဘာဖြစ်နေကြမှန်းမသိသောကြောင့် စူးစမ်းရင်း အနားရောက်လာကြ၏။ မင်းမျက်နှာဒေါသထွက်သွားကာ အော်လိုက်မိပြီးမှ သိုက်ရှေ့မှာကပ်ဖိုးကပ်ဖဲ့တွေ ထပ်မပြောချင်တော့သဖြင့် နဖူးကိုလက်နဲ့ခြစ်ရင်း စိတ်ကိုထိန်းရင်းဖြင့်.. ၊

"ဦးအုန်းမြိုင် ခင်ဗျားမူးနေသေးရင် ပြန်အိပ်လိုက်ဗျာ..မတည့်အောင်လာပြောမနေနဲ့.."

"အဲ့မာ..ငါမူးနေတာမဟုတ်ဘူး၊ အမူးဖြေဖို့လိုနေတာ..မင်းတို့စဉ်းစားကြည့်စမ်း.."

ပြောပြီး ရှိသမျှလူတွေကို လူစုံအောင်လိုက်လှည့်ကြည့်ကာ.. ၊

"မင်းတို့ပဲစဉ်းစားကြည့်လေ..ငါကဆင်းရဲသား၊ အရက်ဖိုးတောင်မရှိလို့ အိမ်ငှားခဲ့တာလေ..ဒီမှာ သူဌေးဆိုတဲ့ကောင်က ကလိန်ကကျစ်လုပ်

"ရုပ်ရှင်တစ်ကားလုံးလည်းပြီးပြီ..ပြန်လို့လည်းရနေပြီပဲ၊ ငါတို့ငြင်းခေါ်သွားကြတယ်ဆိုလည်း သဘာဝကျပါတယ်အေးရယ်..မြင်နေသားနဲ့စကားမပြောဘဲနေရတာ ငါမနေတတ်တော့ဘူး.."

ဒေါ်အေးချမ်းမေက ရယ်နေကာ.. ၊

"အေးပါ..ငါလည်းနင့်ကိုအတော်လေး တောင်းပန်ထားပြီးပြီလို့ စကားပစ်ထားပါတယ်.."

"ငါလည်း နင့်ကိုစိတ်မဆိုးပါဘူးလို့ သမီးရှေ့မှာပြောနေတာပဲ.."

"ခစ်..ခစ်.."

လူကြီးနှစ်ယောက်က မိန်းမငယ်လေးတွေလို ခေါင်းချင်းဆိုင်ပြီးကြိတ်ရယ်ကြ၏။

"အားလုံးပြင်ပြီးပြီနော်.."

အဲ.. ၊ စကားသံရုတ်တရက်ပေါ်လာတော့ ဒေါ်အေးချမ်းမေတို့ ထိတ်ထိတ်ပျာပျာဖြစ်သွား၏။ မင်းမျက်နှာက အမေနှစ်ယောက်ကိုကြည့်၍..

"အမေတို့နဲ့လည်မှပြန်ရင် နေပူမှာစိုးလို့ ခုထွက်လိုက်ရင်ကောင်းမလားလို့.."

နေတာကောင်းလား..”

“ဦးကြီးကလည်းဗျာ..ကျွန်တော်တို့က ဦးကြီးအိမ်ကိုမှ မသုံးရသေးတာ..”

“အဲမာ..မင်းတို့က ငါ့ကိုအုပ်စုနဲ့ဝိုင်းဖြဲချင်တာလား..”

ကျော်အောင်ကဝင်ပြောတော့ ကားကိုမှီရပ်နေရာကနေ မတ်မတ်ပြင်ရပ်သည်။ မျက်နှာသည် အရှုံးအပေါ်စုံစ်ကနေ ဒေါသတကြီးထဖြစ်ကာ..

“မသုံးရသေးတာမပြောနဲ့..ငါ့အိမ်ထဲမှာထားတဲ့ မင်းတို့ပစ္စည်းတွေတောင် မီးထဲပါကုန်တာလေ..”

“ဟုတ်တယ်..အဲ့ဒါတွေအတွက်တောင် ရှင့်ဆီမှာအလျော်ပြန်တောင်းရဦးမှာ..ဘာလို့သဘာဝမကျတာတွေ လာပြောနေတာလဲ..”

သိုက်ကဝင်ပြောပြီး ကားဖုန်သုတ်နေသည့် ဒါရိုင်ဘာကိုမေးဆတ်၍.. ၊

“ပြီးရင်သွားကြမယ်..အန်တီလေးတို့ရော..”

မင်းမျက်နှာကိုလှည့်မေးတော့ အိမ်ပေါ်ကိုလက်ပြထိုးပြရင်း.. ၊

“ပြောခဲ့တယ်..လာလိမ့်မယ်..”

“အဲမာ..အဲမာ ညီညွတ်နေကြတာ၊ မြို့ကသူဌေးလူလိမ်တွေ မင်းသမီးဆိုပြီး ကလိန်ကကျစ်..ဒီကားတွေ ငါ့ပိုက်ဆံမပေးဘဲ လုံးဝထွက်လို့မရဘူးကွ..”

ဦးအုန်းမြိုင်က ကားကိုဆွဲထားမည့်ပုံဖြစ်နေကာ ကားစက်နှိုး၍ ဘက်ခ်မှန်တွေ ပွင့်နေတာကိုမြင်လျှင်.. ၊

“မသွားရဘူး...လုံးဝမရဘူး..”

ခေါက်ထားသည့်မှန်က တအိအိပြန်ပွင့်သွားလျှင် မှန်ကိုအသည်းအသန်လှမ်းဆွဲ၏။ မင်းမျက်နှာကလည်း အရင်လိုပြဿနာတွေမဖြစ်တော့အောင် ဆုံးဖြတ်ထားခဲ့တာကြောင့် ပိုက်ဆံအိတ်ထုတ်ပြီး အုန်းမောင်ဆီလျှောက်သွား၏။ ဒါပေမယ့် အချိန်မမီလိုက်ဘဲ.. ၊

“ဟာ..”

“ဂျွတ်..”

“ဟယ်..”

အုန်းမြိုင်သည် မှန်ကိုအသည်းအသန်လှမ်းဆွဲသဖြင့် အရှိန်လွန်ပြီး

လဲသွား၏။ မှန်က သူ့လက်ထဲမှာ ဖက်လျက်သားပါသွားရာ.. ၊

“ခင်ဗျားဗျာ..”

မင်းမျက်နှာစိတ်ပျက်လက်ပျက်ညည်း၍ မျက်လုံးတွေမှိတ်ရင်းကျွတ်ခနဲစုတ်သတ်၏။ ထိုစဉ်.. ၊

“တော်တော်လိုချင်တယ်ဟုတ်လား..”

“ဒုတ်..”

“အား...”

ဆက်တိုက်လို့ပြောရလား ဆင့်ကဲဖြစ်စဉ်မျိုးလားဆိုတာမသိ။ မင်းမျက်နှာမျက်လုံးဖွင့်လိုက်ချိန်တွင် သိုက်လက်ထဲမှာ မီးခွက်ကိုင်လျက်ခေါင်းကိုကိုင်၍ တဆွဆွခုန်ပြီးအော်နေသည့် အုန်းမြိုင်ရဲ့လက်ကြားထဲမှာ သွေးတွေ။ ရှိနေကြသည့် လူတွေ ဟင်ခနဲဟာခနဲဖြစ်သွားကြကာ ခုတ်ချည်းတိတ်ကျသွား၏။ မင်းမျက်နှာက သိုက်ကိုလှမ်းကြည့်၏။ သိုက်ကပြန်ကြည့်ရင်း မီးခွက်ကိုဘောနက်ပေါ်လှမ်းတင်လိုက်သည်။ ဘင်းနေသည့်မျက်နှာလေးက တစ်ချက်မှလျော့မသွား.. ၊

“သေပြီ..ငါ့ခေါင်းကွဲသွားပြီ၊ လျော်ပေးစမ်း...လျော်လိုက်တော့ခု၊ အောင်မလေး ဘယ်နှစ်ချက်တောင်ချုပ်ရမလဲမသိဘူး...အား နာလိုက်တာ၊ သုပ်ကြပါဦး..”

“လုပ်ပေးမယ်..ဘယ်နှစ်ချက်ချုပ်ရမလဲ၊ ကျွန်မချုပ်တတ်တယ်..တိုးဘိုးနဲ့သက်ဇော်ထွန်း အဲ့လူကြီးကိုဆွဲခေါ်လာခဲ့..”

“ဟာ..မလုပ်ပါနဲ့၊ ဟေ့အေး..”

ဦးအုန်းမြိုင်က ခေါင်းကိုအုပ်ရင်း ကားနောက်ကိုဆုတ်ပြေးသည်။ တိုးတိုးတို့လည်း တွန့်သွားကြ၏။ မင်းမျက်နှာက သိုက်လက်လေးတစ်ဖက်ကို သူ့နားပါလာအောင် ဖိဆွဲလိုက်ပြီး.. ၊

“မင်းတော်လောက်ပြီ မထင်ဘူးလား..”

“ဘာကိုတော်ရမှာလဲ..မတရားလောဘတွေကြီးပြီး ငွေညစ်နေတာသူတွေကိုအချဉ်မှတ်နေလား..”

သိုက်ကိုပဲ ဆွဲမရတားမရဖြစ်နေကာ.. ၊

“သူများကားမီးခွက်ကိုလည်း ချိုးပစ်ပြီးပြီ..သွေးစသွေးနလေးထွက်လာတာပြပြီး ငွေလိုချင်နေတယ်၊ လာစမ်းပါ..အဲ့ဒီခေါင်းကို အချက်နှစ်

ဆယ်လောက်ဆွဲချုပ်ပစ်မယ်၊ ဟဲ့..ခေါ်လာခဲ့ဆိုမှ.."

"သိုက်..မင်းနော်.."

"ဖယ်ပါ..လူကို.."

"တောက်..ငါမပြောချင်တော့ဘူး.."

"အန်တီအေးတို့ဘာလုပ်တာလဲ..တစ်ပြားမှမပေးနဲ့၊ အဲ့လိုလောဘကြီးတာမျိုးကို တအားမုန်းတယ်..ဖယ်ပါဆို ရှင်နော်.."

သွေးတွေလည်း အများကြီးဆက်ထွက်မနေပါ..လူနာကလည်း ပိုက်ဆံရတာနဲ့ တစ်ချိုးလည်းပြေးသွားသည်။ ဒါပေမယ့် သိုက်နဲ့မင်းမျက်နှာရဲ့ရန်ပွဲက မပြီးနိုင်.. ၊

"မင်းဘာလဲ..ငါ့ကိုပြန်ချိုးတာလား၊ ဒါမှမဟုတ် ရွဲ့တာလား.."

သိုက်ကဆတ်ခနဲလှည့်ကြည့်ကာ.. ၊

"ဘယ်လိုထင်လဲ ပြောကြည့်လိုက်.."

"ရွဲ့တယ်ထင်တာပဲ.."

"ထင်တဲ့အတိုင်းပဲ..ဖယ်.."

လက်ကိုဆောင့်ခါရုန်းပစ်ပြီး သိုက်ကလှည့်ထွက်သွားသည်။ မင်းမျက်နှာ ဒေါသဇလပွနှင့် ကျန်ခဲ့လျက်... ၊

"နားရင်းအုပ်ပစ်ဖို့ကောင်းတဲ့မိန်းမ.."

"ဒုန်း.."

ကားဘီးကို လွဲကန်လိုက်တာ ခြေထောက်ပါကျင်သွားသေးသည်၊ ဘယ်နှယ့် ကိုယ်ကဒီအကျင့်တွေကို စွန့်လွှတ်ပါ့မယ်ဆိုကာမှ.. ၊

♥♥♥♥♥

အခန်း(၆၀)

"ဘာလို့လဲ..ရှင်က.."

တံခါးဖွင့်ပြီးဝင်ထိုင်လိုက်တော့ သိုက်ကလှည့်ကြည့်ပြီး ရန်လုပ်သည်။ အနီရဲရဲလက်ရှည်လည်ဟိုက်လေးနှင့် နူတ်ခမ်းနီရဲရဲဆိုးထားသည့်မျက်ရဲ့မျက်နှာက ရန်လိုနေတော့ အတော်ကြီးစွာတဲ့ရုပ်လေးပေါက်နေသလိုပင်.. ၊

"ဂျိမ်း.."

တံခါးဆွဲပိတ်လိုက်ရင်း ပြုံးမိကာ.. ၊

"ဒီအရုပ်တွေမင်းဘက်ဆွဲထား..ယားကျိကျိနဲ့မနေတတ်ဘူး.."

ပြောပြီး ဝက်ဝံရုပ်ကြီးကို သူမဘက်တိုးလိုက်၏။ သိုက်ကလှည့်ကြည့်ပြီး သူ့ဘက်ပြန်တိုးကာ.. ၊

"ရှင့်ကိုမေးနေတယ်..ဘာကိစ္စဒီကားပေါ်ရောက်လာတာလဲဆိုတာ.."

"မင်းမမြင်ဘူးလား...ကားတွေအကုန် မင်းတို့ရွာကဆွေမျိုးတွေ လူဝီးနေကြတာ.."

"အဲ့ဒါ အန်တီအေးခေါ်လာတာပဲ..မင်းဆွေမျိုးတွေဆိုတဲ့ အလုံးကို ပြာကောင်းတိုင်း ပြောမနေနဲ့.."

"စကားကိုယဉ်ယဉ်ကျေးကျေးပြော.."

"အစတည်းက ရိုင်းတတ်တယ်.."

သိုက်က ဆောင့်အောင့်ပြီး တစ်ဖက်ကိုထပ်တိုးထိုင်သည်။ ကားမောင်းနေသည့် ဒါရိုင်ဘာက ပြုံးစိစိနှင့် မျက်နှာဟိုလွှဲဒီလွှဲ။ ထိုစဉ် သိုက်ဟိုဘက်ကပ်လိုက်ကာမှ ရဲဆက်ရဲ့ကားက ဟွန်းသံပေးပြီး ဖြတ်ကျော်တက်သွားရာ.. ၊

"မှန်လေးဘာလေးချွတ်စိတ် မဖြစ်ဘူးလား.."

သိုက်ကလည်း ရဲဆက်ကိုမျက်လုံးချင်ဆုံပြီး လှမ်းနှုတ်ဆက်လိုက်တာမို့ မျက်နှာပူသွားခြင်းနှင့်အတူ စိတ်ကလည်းတိုကာ မှန်ချသည့်ခလုတ်ပေါ် လက်တင်လိုက်လျှင်.. ၊

"တကယ်လုပ်လို့တော့မရဘူး.."

ခလုတ်ပေါ်တင်ထားသည့် လက်ကိုရော သိုက်ရဲ့ကိုယ်လေးကို နောက်ကနေသိမ်းဖက်ထားလိုက်ကာ.. ၊

"ရန်မဖြစ်တော့ဘူးလို့ ပြောထားတာလည်းမရဘူး.."

"အဲ့ဒါရှင်ပဲစတာလေ.."

"စဉ်းစားပြီးမှပြော.."

"မင်းမျက်နှာ ရှင်ကခုကျမှ ဆရာကြီးလိုလို.."

"တစ်တစ်ခွခွကြီးခေါ်လိုက်တာကွာ..သူများတွေက မင်းကိုရိုင်းလိုက်တာလို့ ပြောကြလိမ့်မယ်.."

"ပြောပေ့စေ.."

စကားပြောနေရင်း သိုက်ကရုန်းနေလျှင် မင်းမျက်နှာကလည်း အတင်းအကျပ်ဖက်ထားကာ.. ၊

"ကိုယ့်ကိုတစ်ခုခုခေါ်ဖို့စဉ်းစားထား.."

"ဒီမှာ ရှင်ကျွန်မကို ဒေါသထွက်တက်ခေါက်ပြီး ကားဘီးတွေဘာတွေကို ခြေထောက်နဲ့ကန်လိုက်နဲ့ အားလုံးရှေ့မှာ ပေါက်ကွဲပြထားတာနော်..အဲ့ဒီအကျင့်ကို မသိသလိုလိုနဲ့ အရှုးကွက်လာမနင်းနဲ့၊ ရှင့်ကိုလုံးဝ မကျေနပ်ဘူး.."

"အဲ့လိုလား.."

"ဟုတ်တယ်.."

မင်းမျက်နှာက သိုက်ရဲ့ပခုံးစွန်းမှာ မေးတင်ပြီး မျက်နှာလေးကို ငုံကြည့်၏။ သိုက်က ပခုံးလေးကျုံ့သွားလျက်.. ၊

"ဖယ်နော်.."

ဒေါသမရှိတော့ဘဲ ရင်ခုန်သံတွေမြန်လာတော့လည်း ဖုံးလို့မရ ဖိလို့မရ.. ၊

"ရှေ့မှာလူရှိတယ်နော်မင်းမျက်နှာ..ရှင် အဲ့လိုကြီး.."

"ကိုယ်ဘာလုပ်လို့လဲ.."

"မသိဘူး..ရှက်တယ် လွှတ်.."

"ရွာမှာလိုအဖြစ်မျိုး ထပ်မဖြစ်ချင်တော့ဘူးကွာ..ရွဲ့တာတွေ ချိတ်တာတွေမပါကြေး.."

"ရှင်မပါရင် ဒီကအေးဆေးပဲ.."

"ဟာ..ဒီလိုတော့ တစ်ဖက်သတ်မပြောနဲ့လေ၊ အခုဟိုလူကြီးကို ရိုက်ချလိုက်တဲ့ကိစ္စက.."

"ရိုက်သင့်လို့ရိုက်တာ.."

"ရိုက်သင့်တယ်လို့ ဘာလို့ထင်ရတာလဲပြောစမ်းပါ..သူကအချိန်ပြည့်မူးနေတဲ့လူ၊ ကိုယ်လိုလူကတောင် ပေးဖို့သင့်တယ်ထင်လို့ ပေးဖို့ဆုံးဖြတ်လိုက်တာ.."

"လုံးဝမပေးသင့်ဘူးလို့ ကျွန်မကထင်တယ်လေ..ဒါကြောင့်ရှင်းသင့်တဲ့အတိုင်း ရှင်းလိုက်တယ်..ကဲ.."

"ကျွတ်.."

ဖက်ထားသည့်လက်တွေ ပြေကျသွားခဲ့ပြီး ကျွတ်ခနဲရုန်းမဲ့သွားတော့ သိုက်တကယ်ကိုခံရခက်သွားသည်။ သူကလျှော့ဖို့ပေါ့ဖို့စဉ်းစားပါပြီဆိုတိုင်း ကိုယ်ကလျှော့သင့်သင့် မသင့်သင့် သူ့နောက်ကလိုက်ပြီး လျှော့ပေးနေရမလား..လုံးဝပဲ။ သူဖက်ထားခဲ့သည့် လက်မောင်းလေးတွေကို ရွံရှာသလို ဖိသပ်ပွတ်ချပြီး တစ်ဖက်ကိုပြန်တိုးလိုက်မိသည်။ မင်းမျက်နှာကလည့်ကြည့်ကာ.. ၊

"တစ်ချိန်မဟုတ်တစ်ချိန် မင်းနဲ့ငါအဲ့လိုပြဿနာတွေ ဖြစ်ရဦးမှာပဲ"

"သေချာတာပေါ့.."

"ဒီတိုင်းပဲ သူသပ်သပ်ကိုယ်သပ်သပ် မာနတွေပြိုင်ဖြစ်နေမှာ.."

"ဟွန်း.."

"ရန်ကုန်ပြန်ရောက်တာနဲ့ လက်ထပ်မယ်.."

ဟင်..။ သူစိန်ခေါ်လာရင် ဘာမခတ်ဖို့ကြေကွဲရိပ်ဆင်လာသည့်ကိုယ့်ရင်ထဲကို မျိုသိပ်ဖုံးဖိဖို့ ပြင်ဆင်နေတုန်း မထင်မှတ်သည့်စကားကြောင့် လှည့်ကြည့်လိုက်မိသည်။ ထိုအခါ မင်းမျက်နှာက သူမမျက်နှာအောမှာ နီးကပ်စွာရှိနေပြီးဖြစ်လျက် ခါးလေးကိုသိမ်းဖက်ထားလိုက်ပြီး

"လက်ထပ်ပြီးမှ မင်းကိုဆုံးမမယ်လို့.."

"ဘာ.."

သိုက်ရဲ့နှုတ်ခမ်းလေးတွေမှာ သူ့အနမ်းတွေနှုးညံ့စွာကျလာခဲ့လျှင် ဘာမှလည်း ဆက်မပြောဖြစ်တော့ဘဲ.. ၊

"ဟာ.."

"ဒုန်း.."

လမ်းပေါ်ကချိုင့်ကိုမရှောင်နိုင်တော့သည့် ဒါရိုင်ဘာအဖြစ်ကြောင့် ကားကအရှိန်နှင့်ဆောင့်ခုန်သွား၏။ သို့သော် မင်းမျက်နှာအပြစ်မတင်နိုင်ဘဲ ကြိတ်ရယ်၏။ သိုက်ကသူ့နှာခေါင်းချွန်ချွန်ကို လိမ်ဆွဲပစ်ကာ.. ၊

"ရှင့်ကြောင့်.."

♥♥♥♥♥

လရောင်ကျူးရှင်